# ဝံဂြဝိပဿနာ

ရခိုင်တိုင်း ဗုဒ္ဓ သာသနာပြု

ရွှေကျင် နိကာယ သာသနာ့ဗဟိုဌာနချုပ်ဝန်း

အရှင်ပညိန္ဒြိယ ထေရ်

နည်းပေးညွှန်ကြားအပ်သော

# စံပြဝိပဿနာ

၁၃၃၂-ခု အတိုးနှုန်း ၅-ကျပ်

သင့်ဘဝ စာပုံနှိပ်တိုက်
၁၇-မလွကုန်းလမ်း၊ ကျောက်မြောင်း
ရန်ကုန်မြို့။



စံပြကျောင်းဆရာ
အရှင်ပညိန္ဒြိယပုံတော်

စံပြကျမ်းလာ **မာတိကာ** ခေါင်းစဉ်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အချီနိဒါန်းနှင့်ကျမ်းဆရာ ပဏာမ | ၁-မှ ၁၃ ထိ |
| **၁-ဗုဒ္ဓသာသနာကို ပြဆိုရာအခဏ်း** | |
| ဗုဒ္ဓသာသနာ | ၁၄ |
| သာသနာနှစ်မျိုး | ၁၅ |
| သိက္ခာသုံးပါး | ၁၇ |
| ပရမတ်, ပညတ် | ၁၈ |
| အရပ်စကားနှင့်နှိုးနှောချက် | ၁၉ |
| အမှန်ဆုံးသာသနာ | ၂၁ |
| ဥပစာနှင့်မူချ | ၂၂ |
| အနီးကပ်ဆုံး ဥပမာ | ၂၃ |
| ဒေသနာတော်သုံးမျိုး | ၂၃ |
| အရိယာမဂ်ဉာဏ် | ၂၅ |
| သာသနာတည်တန့်ရေးမူလ | ၂၆ |
| သာသနာကွယ်ကြောင်းငါးပါး | ၂၇ |
| ဘုရားမှ သာသနာတည်နိုင် | ၃၃ |
| သာသနာလည်းသခါရ | ၃၄ |
| **၂-ကမ္မဋ္ဌာန်းကို ပြဆိုရာအခဏ်း** | |
| ကမ္မဋ္ဌာန်းအဓိပ္ပါယ် | ၃၇ |
| သမထ ကမ္မဋ္ဌာန်း | ၃၉ |
| ဝိပဿနာကမ္မဋ္ဌာန်း | ၄၀ |
| ကမ္မဋ္ဌာန်းမထိုင်မီအစီအရင် | ၄၂ |
| ကမ္မဋ္ဌာန်းစီးဖြန်းရန်နည်းလမ်း | ၄၄ |
| ယောဂီသူမြတ်တို့၏ အကျိုးငါးပါး | ၄၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၃ – ဝိပဿနာကို ပြဆိုရာအခဏ်း | |
| ဝိပဿနာပညာ | ၅၀ |
| ဝိပဿနာဟူသည်ကား | ၅၆ |
| ဝိပဿနာလုပ်ငန်းစဉ် | ၅၈ |
| နတ်သားအမေး | ၅၉ |
| မြတ်စွာဘုရားအဖြေ | ၆၀ |
| အဋ္ဌကထာဆရာအဓိပ္ပါယ် | ၆၃ |
| ဘိက္ခုရဟန်းမြန်မာပြန် | ၆၅ |
| ဘိက္ခဝေ-အသုံးအနှုန်းများ | ၆၆ |
| ပုဏ္ဏားကြီးအမေး | ၆၇ |
| ဘိက္ခု, ရဟန်းအမျိုးအစား | ၆၉ |
| သီလဝိသုဒ္ဓိ (သီလလုံခြုံမှု) | ၇၁ |
| ပါတိမောက္ခသံဝရသီလ | ၇၂ |
| မေထုန်ငယ်ခုနစ်ပါး | ၇၄ |
| ပြယုဂ်-အညတြမထေရ်ဝတ္ထု | ၇၅ |
| ဣန္ဒြိယသံဝရသီလ | ၇၆ |
| ပြယုဂ်-မဟာမိတ္တထေရ်ဝတ္ထု | ၇၇ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဟူသည်ကား | ၈၀ |
| ဒါရုစိယပရိဗိုဇ်ဝတ္ထု | ၈၀ |
| အာဇီဝပါရိသုဒ္ဓိသီလ | ၈၃ |
| ပြယုဂ်-အရှင်သာရိပုတြာထေရ်ဝတ္ထု | ၈၅ |
| ပစ္စယသန္နိဿိတသီလ | ၈၈ |
| ပြယုဂ်-သံဃရက္ခိတထေရ်တူ ကိုရင် | ၉၁ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အထူးသိမှတ်ရန်အချက်များ | ၉၂ |
| သာဓကယုတ္တိ | ၉၃ |
| ဗုဒ္ဓနဲ့တံငါ | ၉၇ |
| သက်သတ်, သက်လွတ်စားခြင်း | ၉၇ |
| အမွမ်းတင်ဓူတင်နှစ်ပါး | ၁၀၄ |
| သမာဓိ(တည်ကြည်မှု) | ၁၀၈ |
| ကန်းမလင်, ကိုရင်ကလေး | ၁၁၀ |
| ဝိပဿနာအလုပ်မှစိတ်ချရ | ၁၁၂ |
| စိတ္တဝိသုဒ္ဓိကိုပြဆိုခြင်း | ၁၁၃ |
| ဈာန်မဂ်ဖိုလ်အန္တရာယ်များ | ၁၁၄ |
| ပလိဗောဓကြီးဆယ်ပါး | ၁၂၁ |
| ပလိဗောဓငယ်ငါးပါး | ၁၂၅ |
| အသပ္ပါယ ခုနစ်ပါး | ၁၂၆ |
| မာတိကာ ဒကာမဝတ္ထု | ၁၂၈ |
| သပ္ပါယခုနစ်ပါး | ၁၃၀ |
| ကမ္မဋ္ဌာန်းဆရာ အင်္ဂါခုနစ်ပါး | ၁၃၂ |
| ပုဂ္ဂိုလ်လေးမျိုးနှင့်ယှဉ်ပြချက် | ၁၃၄ |
| ကမ္မဋ္ဌာန်းထိုင်ရန် ကျောင်းကိုပြခြင်း | ၁၃၆ |
| စာတတ်သူနဲ့မတတ်သူ | ၁၄၀ |
| ပဓာနိယင်္ဂတရားငါးပါး | ၁၄၄ |
| အပရိဟာနိယတရားခုနစ်ပါး | ၁၅၆ |
| ပြယုဂ်-ဦးပေါဠိလဝတ္ထု | ၁၅၉ |
| ပညာဉာဏ်-ဟုတ်တိုင်းမှန်စွာသိမြင်မှု | ၁၆၄ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မောဟနဲ့ ပညာအသိနှစ်မျိုး | ၁၆၈ |
| ပြယုဂ်-ခမောင်ရွှေဖိုးအဖေဝတ္ထု | ၁၇၁ |
| သံသရာဆိုတာဘာလဲ | ၁၇၃ |
| အဝိဇ္ဇာကြောင့်သံသရာလည်ပုံ | ၁၇၇ |
| သံသရာစက်ကျိုးပြတ်ပုံ | ၁၇၈ |
| ဆိုလိုရင်းစာတွက် | ၁၈၁ |
| အဓိပ္ပါယ်အချုပ်သဘော | ၁၈၄ |
| ရုပ်နာမ်ဖြစ်ကြောင်း | ၁၈၆ |
| ၄–ရုပ်နာမ်လောကကို ပြဆိုရာအခဏ်း | |
| ရုပ်နှစ်ဆဲ့ရှစ်ပါးသရုပ် | ၁၈၈ |
| နာမ်ငါးဆဲ့သုံးပါးသရုပ် | ၁၉၀ |
| သတ္တလောကနဲ့ သြကာသလောက | ၁၉၃ |
| လောကဓာတ်လေးမျိုးအဓိပ္ပါယ် | ၂၀၀ |
| ဘုရားတဆူနဲ့တဆူအကြားကာလ | ၂၀၄ |
| စကြဝဠာအခြေအနေ | ၂၀၆ |
| ကမ္ဘာနဲ့ဘုရားဝေဖန်ချက် | ၂၁၀ |
| ရုပ်နဲ့နာမ်ကိုဓာတ်ခွဲလေ့လာချက် | ၂၁၃ |
| ရုပ်ဓာတ်နာမ်ဓာတ်နှစ်ပါးသာ | ၂၃၇ |
| အရှင်ဂေါဓိကမထေရ်ဝတ္ထု | ၂၃၉ |
| ရုပ်နာမ်နှစ်ပါးလက္ခဏာ | ၂၄၂ |
| ဝိပဿနာအလုပ် နာမ်နဲ့ ရုပ် | ၂၄၉ |
| ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီး | ၂၅၁ |
| တောထွက်ရဟန်းကြီးဝတ္ထု | ၂၅၂ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၅-သတိပဋ္ဌာန်ကိုအကျယ်ပြဆိုရာအခဏ်း | |
| သတိပဋ္ဌာန်လမ်းစအမြွက် | ၂၅၆ |
| ကျေးသားငယ်ကမ္မဋ္ဌာန်းထင် | ၂၆၀ |
| သတိပဋ္ဌာန်လေးပါးအပြားကိုဝေဖန်ခြင်း | ၂၆၂ |
| အသိသုံးမျိုးကိုပြဆိုချက် | ၂၆၇ |
| ပစ္စုပ္ပန်ရုပ်နာမ်ကိုသာရှုမှတ်ရန် | ၂၇၀ |
| ဥပမာ ဥပမေယျနှိုင်းယှဉ်ပြချက် | ၂၇၄ |
| သတိတရား၏အဓိပ္ပါယ် | ၂၈၁ |
| ခန္ဓာသဘောမှန်ကိုသိမြင်ရန် | ၂၈၂ |
| ပရမတ်ကိုထိခိုက်မှုဝိပဿနာ | ၂၈၄ |
| သာသနာတွင်း,သာသနာပကုသိုလ် | ၂၈၈ |
| ဇာလင်္ဂနေလုံခြုံအောင်သတိနဲ့ပိတ်ဆို့ရပုံ | ၂၉၉ |
| စောင့်ရှောက်ရန်ဘုရားဟောပုံ | ၃၀၆ |
| ထေရိကာအမျိုးသမီးဝတ္ထု | ၃၀၉ |
| မျက်စိကိုပယ်စွန့်ကြ | ၃၁၀ |
| မဂ္ဂင်၏သဘောကိုပြဆိုခြင်း | ၃၁၆ |
| စိတ်တချက်၌မဂ္ဂင်ရှစ်ပါးပါဝင်ပုံ | ၃၂၃ |
| သာမဏေ(ရဟန်း)နတ်သားဝတ္ထု | ၃၂၄ |
| ၆- ဝိသုဒ္ဓိ-၇တန်,ဉာဏ်၁၀ပါးကိုပြဆိုရာအခဏ်း | |
| ဒိဋ္ဌိဝိသုဒ္ဓိကိုပြဆိုခြင်း | ၃၃၀ |
| သက္ကာယဒိဋ္ဌိအဓိပ္ပါယ် | ၃၃၅ |
| သက္ကာယဒိဋ္ဌိနှစ်ဆယ် | ၃၃၇ |
| ဒိဋ္ဌိသုံးမျိုးကိုသိမှတ်ရန် | ၃၃၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဂါဟတရေးသုံးပါးကိုပြဆိုခြင်း | ၃၄၁ |
| ဦးကပိလ မထေရ်ဝတ္ထု | ၃၄၂ |
| ကင်္ခါဝိတရဏာဝိသုဒ္ဓိကိုပြဆိုခြင်း | ၃၄၄ |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် သမ္မသနဉာဏ် | ၃၄၇ |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ဥဒယဗ္ဗယဉာဏ် | ၃၅၁ |
| အန္တရာယ်ဖြစ်ပုံ အရှင်မဟာနာဂမထေရ် | ၃၅၄ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်ဥဒယဗ္ဗယ, ဘင်ဉာဏ်နှစ်ပါး | ၃၅၈ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဘယဉာဏ် | ၃၆၁ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် အာဒီနဝဉာဏ် | ၃၆၄ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဉာဏ်သုံးပါး | ၃၆၇ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် သင်္ခါရုပေက္ခာဉာဏ် | ၃၇၀ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် အနုလောမဉာဏ် | ၃၇၄ |
| လောကီဝိသုဒ္ဓိ၆ပါးနှင့်အောက်ဉာဏ်များ | ၃၇၇ |
| ဝိပဿနာဉာဏ်စဉ်တက်ပုံနှင့်ဥပမာ | ၃၇၇ |
| ဉာဏဒဿနဝိသုဒ္ဓိနှင့်မဂ်ဉာဏ်လေးပါး | ၃၈၀ |
| ခဏခြောက်ပါးနှင့်လက္ခဏာရေးသုံးပါး | ၃၈၂ |
| လက္ခဏာရေးသုံးပါးမဂ်ဝင်ပုံ | ၃၈၇ |
| သောတာပန်သဘောအဓိပ္ပါယ် | ၃၉၄ |
| ရုပ်နာမ်အားလုံး မစွဲလမ်းသင့် | ၃၉၉ |
| မဂ်ရအောင်ဝိပဿနာဖြင့်တက် | ၄၀၁ |
| အဆင့်ဆင့်တက်၍ရဟန္တာဖြစ်ပုံ | ၄၀၂ |


**၇- အသင်္ခတနိဗ္ဗာန်ဘုံကိုပြဆိုရာအခဏ်း**


| | |
| --- | --- |
| နိဗ္ဗာန်ဘုံကိုပြဆိုခြင်း | ၄၀၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| လောကအဆုံးသွားသူ ရောဟိတနတ်သား | ၄၁၁ |
| တရားရှာ-ကိုယ်မှာ | ၄၁၄ |
| နိဗ္ဗာန်၏သဘောလက္ခဏာ | ၄၁၆ |
| ရုပ်နာမ်ခန္ဓာပူလောင်ပုံ | ၄၁၇ |
| အသင်္ခတဓာတ်မြတ်နိဗ္ဗာန် | ၄၁၉ |
| နိဗ္ဗာန်ကိုမြင်နိုင်ခြင်း | ၄၂၀ |
| နိဗ္ဗာန်ချမ်းသာခံစားပုံ | ၄၂၃ |
| ပေါက်ရောက်ရန်အချိန် | ၄၂၄ |
| ပါရမီပြည့်မပြည့်သိရန် | ၄၂၅ |
| ဘုရားတည်ရှိနေပုံပြဆိုခြင်း | ၄၂၈ |
| တိုက်တွန်းခြင်းဥယျောဇဉ်ဂါထာ | ၄၂၉ |
| ဝိပဿနာရေစက်ချ | ၄၃၁ |
| အထူးတောင်းပန်စာ၊အဘိပတ္ထနာဂါထာ | ၄၃၃ |
| စံပြဆရာ၏ကျမ်းစာနိဂုမ်းချုပ် | ၄၃၄ |


ဟောန္တိ စေတ္ထ-

သာသနံ၊ကမ္မဋ္ဌာနံစ, သတိဘေဒံ, ဝိပဿနံ။
လောကံ,ဉာဏံ,နိဗ္ဗာနန္တိ၊သတ္တကဏ္ဍေဟိ ဘာသိတံ။

စံပြကျမ်းဆရာ

# ကျမ်းဦးပလ္လင်

## အချီနိဒါန်းနှင့် ကျမ်းဆရာပဏာမ

**ပရမတ် ပညတ်**

ဗုဒ္ဓဒေသနာတော်သည် ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန်အားဖြင့် ရှစ်သောင်း လေးထောင် အပြားရှိ၏။ ထိုတရားအစုကို အားလုံးချုံး၍ ပေါင်းရုံးလိုက်လျှင် ပရမတ်ပညတ်ဟူ၍ တရားနှစ်မျိုး နှစ်စားသာရ၏။ အကျဉ်းအားဖြင့် ပရမတ်သည်, စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူ၍ လေးမျိုးပြား၍၊ ပညတ်ကား- သဒ္ဒ, အတ္ထဟူ၍ နှစ်မျိုး ပြား လေသည်။ ထိုတွင် ပရမတ်သည် အဟုတ်ရှိ, ကကယ်ရှိတရား၊ ပညတ်ကား- အဟုတ်မရှိ, တကယ်မရှိသော တရားတည်း။

ထင်ရှားဆိုရသော် ရုပ် နာမ် ခန္ဓာ ပရမတ်တရားဟူသည် အမှန်ရှိ၍ ပုဂ္ဂိုလ်သတ္တာ, ငါသူတပါး,ယောကျ်ားမိန်းမ ပညတ်တရားမျိုးကား အမှန်မရှိ၊ သို့အတွက် အရှိပရမတ်ကို မရှိပညတ်က ဖုံးလွှမ်းကာကွယ် ထားသည်အတွက် ပရမတ်ကို အသိရခက်သည်၊ ပညတ်ပေါ်လျှင် ပရမတ်ငုပ်သည်၊ ပရမတ်ပေါ်လျှင် ပညတ်ပျောက်သည်။ ဥပမာ-မိုးတိမ်အုပ်လျှင် လရောင်ချုပ်၊ လရောင်မြင်လျှင် မိုးတိမ်စင်သကဲ့သို့ မှတ်လေ။ ထိုမရှိပညတ်ကား- အရှိပရမတ်နှင့်ကင်း၍ မဖြစ်၊ ပရမတ်ကိုမှီ၍ ဖြစ်နေလေတော့၊ သူ့ကိုလည်း လုံးဝပစ်ပယ်လို့ မဖြစ်နိုင်ဘူး၊ စင်စစ်မှာ ပရမတ်,

ပညတ်ကွဲပြားအောင် ခွဲခြားသိမြင်ရန် ဝိပဿနာ ပညာဉာဏ်သည်သာလျှင် လိုရင်းအချုပ်အချာပဓာနဖြစ်လေသည်။

**မသိရုပ် သိနာမ်**

ထိုပရမတ်ကို တခါ အကျဉ်းချုံးလိုက်ပြန်သော် ရုပ်, နာမ် နှစ်ပါးသာ ထွက်သည်၊ စိတ်နှင့် စေတသိက်ကို အာရုံကို သိတတ်, အာရုံသို့ ညွတ်ဘတ်သောကြောင့် နာမ်ဟုခေါ်သည်၊ ထိုနာမ်သည် ငါးဆယ့်သုံးပါးရှိ၏၊ ရုပက္ခန္ဓာကို ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုခေါ်သည်၊ ထိုရုပ်သည် နှစ်ဆယ့်ရှစ်ပါးရှိ၏၊ တနည်းအားဖြင့် အရပ်စကားနှင့် မသိတာရုပ်, သိတာနာမ်ဟုသော်လည်း အတိုကလေးနှင့်သိမှတ်ထားကြ။ နိဗ္ဗာန်ကား နာမ်မည်သော်လည်း ဖြစ်ခြင်း, ပျက်ခြင်း (ဥပါဒ်ဘင်) မရှိသောကြောင့်-ထိုနာမ် ငါးဆယ့်သုံးပါးထဲ၌ မပါဝင်။ သို့တစေလည်း ဗုဒ္ဓဘာသာခေါ် ပိဋကတ်သုံးပုံကြီး၌ အဆီအနှစ်ကို ညှစ်ထုတ်ယူသော်၊ ရုပ်ဓာတ် ၂၈ ပါး၊ နိဗ္ဗာန်နှင့်တကွ နာမ်ဓာတ် ၅၄ ပါးဟူ၍ ဓာတ်ဆီဓာတ်နှစ် တရားစစ် ၈၂ ပါး ရသည်ဟု သိမှတ်ထားကြလေ။

**ပရမတ်ထိမှ ဝိပဿနာ**

ဝိပဿနာတရားအားထုတ်ခြင်း မည်သည် ပရမတ်ရုပ်နာမ်ကို အမှန်သိမြင်သော ပညာဉာဏ်ဖြစ်ပေါ်လာအောင် ပြုလုပ်မှုပင်ဖြစ်၍ စင်စစ် စိတ်ဖြင့်သာလျှင် ပြုလုပ်ရသော အမှုမျိုးပေတည်း။ ယခုယောဂီသူမွန်သူမြတ်တို့ လက်တွေ့ လေ့လာ သုံးသပ်နေကြတဲ့ ရုပ် နာမ် ခန္ဓာတို့ကို ထိရောက်ပိုင်နိုင်စွာ ဟုတ်တိုင်းမှန်ရာ သိနိုင်ရန်အတွက် အဆိုပါ-ပရမတ်ကို ခွတ်ခွဲလေ့လာရန်လည်း လိုပေလိမ့်မည်၊ ပရမတ်ကို ထိခိုက်မှ ဝိပဿနာဟု ဆိုရသည်၊ ပရမတ်၌လည်း သဘောမျှကိုသာယူရ၏၊ ကိုယ်အမူအရာ စသည်မှတပါး, သရုပ်သဏ္ဍာအဆို

များကို ကြံစည်၍နေလျှင် ပရမတ် ရုပ်နာမ်ကို အဟုတ် အမှန် မိနိုင်မည်မဟုတ်၊ "တရားရှာကိုယ်မှာ" ဟူသော စကားကို ကြပ်ကြပ်ကြီး သတိပြုကြလေ။

**အနတ္တနဲ့ အတ္တ**

ပရမတ်တရားဟူသည် "အတက္ကာဝစရော"ဒေသနာတော်အရ၊ ပုဂ္ဂိုလ်သတ္တဝါတို့က ကြံစည်ပြုလုပ်၍ ဖြစ်နိုင်သော အရာမျိုးမဟုတ်၊ မိမိသဘော အတိုင်း အကြောင်းအားလျော်စွာသာလျှင် ဖြစ်ပျက်နေကြသော အနတ္တသဘောတို့ပေတည်း။ ပုဂ္ဂိုလ်က ကြံစည်၍ရနေပါလျှင် အနတ္တမဆိုသင့်၊ အတ္တဟူ၍သာ ဆိုရန်ရှိလေသည်။ အနတ္တနဲ့ အတ္တတို့သည် ရေနှင့်မီးကဲ့သို့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်တရားတို့တည်း၊ အတ္တဟူသည်၊ ကိုယ်- သို့မဟုတ် ငါဟုအနက်ထွက်သဖြင့် ခန္ဓာငါးပါးကို ရ၏။ ထိုခန္ဓာငါးပါးကိုပင်၊ ကိုဝ်- ငါဟု စွဲယူမှုကို အတ္တဒိဋ္ဌိခေါ်လေသည်။ထိုအတ္တဒိဋ္ဌိသည်(အနမတဂ္ဂသံသရာ)အတိတ်ဘဝကို အသာဖယ်ထား၊ ယခုလက်ရှိလက်ငင်း ပစ္စုပ္ပန်တဘဝ တသက်တာမျှကို ပြောရမည်ဆိုလျှင်၊ ပဋိသန္ဓေ တည်စ ကပင် အတူကပ်ငြိပါလာ၍ ပြင်ပသို့ရောက်သည် (ဝမ်းကကျွတ်သည်) တပြိုင်နက်၊ ငါ့ဟာ, ငါ့ဥစ္စာ, ငါ့မယား, ငါ့သား-စသည်ဖြင့် အတ္တနိယတွေ ပေါက်ပွားကာ, အမျှင်တန်းလျက် မဆုံးတမ်းဖြစ်နေတော့သည်။ နောင်အနာဂတ်ကိုလည်း နိဗ္ဗာန်မရသေးသမျှ, မည်မျှထိ ခရီးဆက်ဦးမည်ကို မည်သူမျှ မသိနိုင်ချေ၊ သို့အတွက် နိဗ္ဗာန်ကိုမရသေးသမျှ, သံသရာ အစနဲ့အဆုံးကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့်ပင် မထင်နိုင်, မမြင်နိုင်ဟု အနမတဂ္ဂ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

**အဝိဇ္ဇာနဲ့ ဝိဇ္ဇာ** ဤကဲ့သို့ အသိမှား၊ အယူမှား၊ အမြင်မှား ဖြစ်နေခြင်းမှာလည်း သံသရာဗိုလ်ချုပ်ကြီး အဝိဇ္ဇာလက်ချက်ပင် ဖြစ်၏။ သို့နှင့် အဝိဇ္ဇာကို သံသရာဦးခေါင်း ခေါ်၏။ ရုပ်နာမ်ဖြစ်ကြောင်းမှာလည်း သူဘဲ ဦးစီးခေါင်းဆောင်ဖြစ်၏။ ဒီဦးခေါင်း ပြုတ်ကျမှသာ၊ ရုပ် နာမ်သံသရာ ဇာတ်သိမ်းရလေသည်၊ ယောဂီများ သိရန်မှာ- သံသရာ၌ ဇာတ်လိုက် လူစွမ်းကောင်းနှစ်ဦးရှိ၏။ အဝိဇ္ဇာမောဟနှင့်ဝိဇ္ဇာအမောဟတို့တည်း။ တဏှာလောဘသည် မူလတရားဆိုသော်လည်း အဝိဇ္ဇာ၏ နောက်လိုက်တပည့်သာဖြစ်၏၊ အဆိုပါ-သူတို့နှစ်ဦးဟာ၊ သံသရာတခွင်တွင် လူတွင်ကျယ်များလုပ်ပြီး ထင်သလို ချယ်လယ် နေကြ၏၊ သို့ရာတွင် အဝိဇ္ဇာမောဟကို ဝိဇ္ဇာပညာက တိုက်မနိုင်။ ကြုံးစားပမ်းစားတိုက်ပါမှ-ဘုရားတဆူတဆူတွင်၊ ၂၄ သင်္ချေ၊ ကုဋေ ၆၀၊ ဗိုလ်ခြေ ၁ သိန်းမျှ အကျွတ်တရားရနိုင်ကြ၏၊ အနုတ္တ လက္ခဏာဝိဇ္ဇာဉာဏ်စခန်းသို့ ကြွမြန်းနိုင်ကြ၏၊ ပဉ္စဦးထွက်-ပဥ္စဝဂ္ဂီငါးဦးတို့လည်း အနတ္တလက္ခဏာသုတ်ဖြင့် အတ္တစွဲ သုံး ပါး ကို ဟောမှဝိဇ္ဇာလမ်းပွင့်ကာ-အားလုံးအာသဝကင်းကွာ ရဟန္တာ ဖြစ်သွားကြ၏၊ ဤမျှထိ အတ္တစွဲဟာ-တာသွားသည်ဟု မှတ်ကြလေ။

**ကမ္မဋ္ဌာန်းဆရာ အကောင်းလို** စစ်စစ်မှာ - ကလျာဏမိတ္တခေါ် ကမ္မဋ္ဌာန်းဆရာအကောင်းလို၏၊ စာတတ်ရန်မလို၊ စာမတတ်သူများသာ၊တတ်သူများထက် တရားထူးရလွယ်၏၊ ဝိသာခါကျောင်းအမ ၇ နှစ်အရွယ်ကပင် သောတာပန်ဖြစ်၏၊ မာတိကာ ဒကာမလည်း ကောဋ္ဌာသစီးဖြန်း၍ လောကီအဘိညာဏ်နှင့်တကွ အနာဂါမ် တည်၏။ ထေရိကာ အမျိုးသမီးလည်း ဆီထောပတ်ချက်ပြီး ဟင်းခတ်ရင်း ဟင်းအိုး

မီးလောင်သည်ကိုမြင်၍ သံဝေဂရှုကာ အနိစ္စသညာကိုပွားလေရာ၊ မီးဖိုချောင်ထဲ၌ပင် အနာဂါမ်တည်ပြီး၊ နောက် ရဟန္တာထိ ဖြစ်သွား၏။ ရှင်သံကိစ္စ ရှင်သုခသာမဏေများလည်း- ၇ နှစ် အရွယ်ကပင် ရဟန္တာဖြစ်ကြ၏။ စာပေသင်ကြား တတ်မြောက်မှု မရှိပေ။ ဤသို့စာမတတ်ဘဲ မဂ်ဖိုလ်ရသူ အလွန်များပြား၏၊ သာဝတ္ထိမြို့မှာ လူဦးရေ ၇ ကုဋေရှိရာ အရိယာ ၅ ကုဋေရှိ၍ ထိုအထဲတွင် အနာဂါမ်ချည်း၊ ၃ သိန်း ၅ သောင်း ၇-ထောင် ပါဝင်သည်ဟု ဓမ္မပဒအဋ္ဌကထာ၌လာ၏၊ နာတိကာမည်သော ရွာငယ်၌ပင် အနာဂါမ် ငါးကျိပ်ကျော်၊သကဒါဂါမ် ကိုးကျိပ်ကျော်၊ သောတာပန် ငါးရာကျော်ရှိသည်ဟုဆို၏၊ သို့အတွက် ငယ်သည်,ကြီးသည်မဟူ၊ ဥပါဒ်ဌီဘင် အစဉ်နှင်လျက်ရှိသော ရုပ်နာမ်လောကတွင်၊ အနိစ္စသညာ မရဏာသတိကို အမြဲနှလုံးသွင်း ဆင်ခြင်ကာ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ဝယ် လူဖြစ်ကျိုးနပ်အောင်, အရအမိ- ဝိပဿနာတရားများကို ကြိုးစားအားထုတ်ရန် သင့်လှပေသည်။ မည်သူမဆို အားထုတ်နိုင်၏။လိုအပ်သော အကြောင်းအင်္ဂါများ ပြည့်စုံလုံလောက်လျှင် ယခုဘဝ၌ပင် တရားထူးများကို ရရှိနိုင်၏။ သာသနာခေတ်လည်းရှိသည်။

**ဘုရားသခင် ရည်ရွယ်ချက်**

ဗုဒ္ဓ၏ရည်မှန်းချက်အဓိကမှာ ဗုဒ္ဓေါ ဗောဓေယျံ, မုတ္တော မောစေယျံ, တိဏ္ဏော တာရေယျံ-ကြုံးဝါးသံအရ သံသရာမှ လွတ်မြောက်ရေးပင်ဖြစ်ရာ၊ စာပေတတ်ကျွမ်းရုံမျှ အာသီသထားတော်မမူဘဲ၊ ပရိယတ်တတ်ကျွမ်းသလောက်-ပတိပတ်ကိုလည်း ဖြည့်ကျင့်၍ ပတိဝေဓဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်ရောက်ဘို့ရန် ရည်သန်တော်မူခဲ့ပေသည်၊ ပရိယတ်လောကနှင့် ရောင့်ရဲတင်းတိမ် ဂုဏ်

သိရ် မမောက်ကြနဲ့ - ဆိုလိုသတည်း။ စာသင်၍ ကျမ်းဂန်တတ်မြောက်စေဦး၊ ပိဋကတ်သုံးပုံဆောင် ဓမ္မကထိက ဂိုဏ်းဝင် ဦးပေါဋ္ဌိလ, ဦးကပိလ ဘိက္ခုများကဲ့သို့ အလဂဒ္ဒူပမာ- စာသင်နည်းများကို မလိုလားအပ်၊ "ကိုယ်မှာမတတ်-စာမှာတတ်, ဂါဟာကိုက်တတ်သည်" စကားများကို ဆင်ခြင် စဉ်းစားသတိထားရာသည်၊ "မိုးနှင့်သရက်, အိုးနှင့်ကြွက်" ဥပမာဖြင့် ပုဂ္ဂိုလ်လေးမျိုးကို စံပြဝိပဿနာကျမ်း၌ အများသိရန် ရှင်းလင်းညွှန်ပြထား၏။

သို့အတွက် ကမ္မဋ္ဌာန်း ဆရာ ဟူ သည် အ သက် သိက္ခာ ဘုန်းကံကြီးမား၍ ဂုဏ်သတင်း ပျံ့နှံ့ကျော်စောခြင်း, ပရိယတ်ကျမ်းဂန်တို့ကို မှောက်,လှန် ပြန်နိုင်အောင် တတ်မြောက် ခြင်းစသောဂုဏ်များသည် လိုရင်းမဟုတ်ပေ၊ ဝိပဿနာကျင့်စဉ် လမ်းကို ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားပြသနိုင်ခြင်းသည်သာ လိုရင်းပဓာနဖြစ်လေသည်။ပိဋကတ်သုံးပုံဆောင်ဦးပေါဋ္ဌိလ-၇-နှစ်ရွယ်သာမဏေထံ-ကမ္မဋ္ဌာန်းနည်းခံပုံနှင့် လောကီဈာန်အဘိညာဏ်ရဦးမဟာနာဂထေရ်,တပည့်ဦး ဓမ္မဒိန္နထံ ဝိပဿနာနည်းယူပုံတို့မှာ စိတ်ဝင်စားဖွယ်ရာ သာသနာ၌ စာတင် ကျန်ရစ်ခဲ့ သည် ကား အများသိပင်ဖြစ်၏။

**သက်သတ်, သက်လွတ်** ၎င်းပြင် သက်သတ်, သက်လွတ် စား ခြင်း ဖြင့်လည်း အချို့ကျင့်ကြံအားထုတ်ကြကုန်၏။၎င်းမှာ၊ တရားထူးသိမြင်ရေးနှင့် မသက်ဆိုင်လှချေ၊ သန္တုဋ္ဌိ သလ္လေခဓုတတရားများနှင့်သာသက်ဆိုင်လေတော့သည်။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်သော သန္တုဋ္ဌိကိုသာ အသင့်လျော်ဆုံးဟု ဆရာမြတ်တို့ဆိုကုန်၏၊ ဒေဝဒတ် ဆုငါးပါးကိုတောင်းရာတွင် သားငါးမစားဘို့ တပါးပါဝင်လေရာ ၎င်းကို ဘုရားခွင့်ပြု

တော်မမူဘဲ၊ဒိဋ္ဌ သုတ ပရိယတ္တိတ အစွန်းသုံးပါးမှလွတ်လျှင်၊ စားချင်သူစား,မစားချင်သူနေ-ဟူ၍သာ အမိန့်ချမှတ်လိုက်သည်။ သို့အတွက် ဝိပဿနာတရား အားထုတ်သူများ ထိုက်စွနှင့် အငြင်းမပွား၊ ယုံမှားသံသယမရှိသင့်ပေရာ၊ စံပြကျမ်းဝယ် ထိုပြဿနာကိုသိလိုသူများအတွက် အချက်ကျကျ အကျယ်ဝေဖန်ထား၏။

**အသိဉာဏ် ပညာ** ရုပ်နာမ်ခန္ဓာတို့၏ ခဏမစဲ,တသဲသဲ ဖြစ်ပေါ်နေသည်ကို စိတ်တည်ကြည် စွဲမြဲ၍ ရှုမှတ်နေလျှင် အစဉ်အတိုင်း ဖြစ်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်လာ၏၊ ဤသို့သိမြင်မှုကိုပင်- ဉာဏ်ဟုဆိုရလေသည်။ ဉာဏ် ၁၆-ပါးရှိရာ- အစ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဝိပဿနာဉာဏ်၏ အခြေခံဖြစ်၍ အရေးကြီး၏၊ ဤဉာဏ်နှစ်ပါးသည် ပရမတ်ရုပ်နာမ်တို့ကို ဟုတ်မှန်သောအတိုင်း သိမြင်သောကြောင့် ယထာဘူတဉာဏ်မည်၏။ ဝိပဿနာရှုရာ၌ ဤဉာဏ်နှစ်ပါးသည် လိုရင်းတည်း။ ၎င်းဉာဏ်နှစ်ပါး ပိုင်လျှင် အထက်ဉာဏ်တို့၌ လွယ်ကူတော့သည်၊ နေရာမကျလျှင် ယောင်ယောင်ဝါးဝါးဖြစ်နေ၍ အချိုးအစား မကျနိုင်ပေ၊ စံပြဝိပဿနာကျမ်း ဉာဏ်အခန်း၌ ဆန်းပြားပြတ်သားစွာ တင်ပြထား၏။

**ဝိပဿနာ ကမ္မဋ္ဌာန်း** သို့ဖြစ် ၍ ပရမတ် ဖြစ် သော ရုပ်နာမ် ခန္ဓာကို လွတ်၍သိမြင်မှုမျိုးသည် ပညာသိမဟုတ်,မောဟသိသာ ဖြစ်၏။ မောဟသိမျိုးမည်သည် ပရမတ်ကိုမထိခိုက်,ပညတ်မျှသာဖြစ်၏။ ထိုပညတ်မကွာ၍ ရုပ်နာမ်ခန္ဓာဖြစ်နေမှုကိုပင် လွန်စွာကြီးလေးသော ဒုက္ခဝန်ပိုး, ဝန်ထုပ်ကြီးဘိစီးနေသည်ဟု ဆိုရလေသည်။ ရုပ်နာမ် နှစ်ပါးကို သဘော

အတိုင်း ဉာဏ်၌အမှန်သိလာအောင်, အားထုတ်မှုကို ဝိပဿနာကမ္မဋ္ဌာန်းဆို၏။ ဉာဏ်၌ အမှန် သိလာလျှင် တသ်နှစ်သက်ခြင်း တဏှာလောဘ သမုဒယမဖြစ်နိုင်၊ တဏှာလောဘ သမုဒယမဖြစ်လျှင် နောင်အသစ်တဖန် ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး ချုပ်ဆုံး၏၊ ထိုရုပ်နာမ်ခန္ဓာချုပ်ဆုံးခြင်းကိုပင်၊ အေးငြိမ်းသောနိဗ္ဗာန်ဟု ဆိုရလေသည်၊ စံပြကျမ်းဝယ် စံနစ်တကျဖော်ပြထား၏။

စင်စစ်မှာ- ယောဂီပုဂ္ဂိုလ်များ ရုပ်နာမ်သဘောကို ရှုမှတ်ရာ၌-

**အစိုးမရ အနတ္တ**

အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးတို့သည် သဘောအတိုင်း အလိုလိုပေါ်လွင်၍ဉာဏ်၌ ထင်မြင်လာမှုကိုသာ လိုအပ်သည်၊ ပုဂ္ဂိုလ်က ကြံစည်၍ ထင်မြင်မှုသည် ပညတ်ထင်မျိုးဖြစ်၍ သူ့သဘောအတိုင်း ထင်မြင်လာမှု ပရမတ်အစစ်ဖြစ်လေသည်။ ထို့ကြောင့် "ဖြစ်အောင်လည်းမပြုနှင့်၊ ပျက်အောင်လည်းမပြုနှင့်၊ ဖြစ်အောင်ပြုကလောဘ၊ ပျက်အောင်ပြုက ဒေါသ၊ အဖြစ်အပျက်ကို မသိကမောဟ" ဟု ဆိုရိုးစကားရှိလေသည်။ ပရမတ်သဘောမျိုးသည် ပုဂ္ဂိုလ်တို့ ကြံစည်သလို မလိုက်၊ မိမိတို့သဘောအတိုင်း ဖြစ်ချင်သလိုဖြစ်၍ ပျက်ချင်သလို ပျက်ကြသဖြင့် ထင်ချင်သလို ထင်လာတတ်၏၊ သို့အတွက် ပရမတ်တရားမျိုးကို ပုဂ္ဂိုလ်တို့အလိုသို့မလိုက်၊ ပုဂ္ဂိုလ်တို့အစိုးမရသော အနတ္တသဘောမျိုးဟု ဗုဒ္ဓဟောတော်မူ၏။

**ဝိပဿနာပညာ ဘုရားပွင့်မှ**

ဆက်ဦးအံ့၊ လူ့နတ်တို့ ချမ်းသာကိုရစေတတ်သော ဒါနမှုသီလမှုမျိုး၊ ရူပ အရူပ ဗြဟ္မာတို့၏ချမ်းသာကို ရစေတတ်သော သမထ

ဘာဝနာမှုမျိုး၊ လောကီစျာန်အဘိညာဏ် သမာပတ်ကိုရစေတတ်သော ဘာဝနာမှုမျိုးတို့သည်၊ လောကဌ် ဘုရားမပွင့်သောအခါတို့၌လည်း ထင်ရှားရှိကုန်၏။ အားထုတ်လျှင် ရနိုင်၏။အမြဲတည်ရှိသော မေ့တာကုသိုလ်မျိုးတို့ဖြစ်ကုန်၏။ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာပညာသည်မူကား၊ လောက၌ဘုရားပွင့်မှ ဖြစ်ထွန်းပေါ်ပေါက်နိုင်၏။ ထိုပညာတခုအတွက်နှင့်သာ လောက၌ ဘုရားပွင့်တော်မူရ၏။ အနတ္တလက္ခဏာကို ဘုရားပွင့်သော ကာလ၌သာ ထင်မြင်နိုင်ကောင်းသည်။ သမထဘာဝနာအကျိုး ချမ်းသာမျိုးသည် အားကိုးမရ၊ စိတ်မချရဘဲ၊ တခဏအတွင်းပင်လျှင် ပျက်စီးယိုယွင်းတတ်၏၊ ထိုကြောင့် ဝိပဿနာပညာ တခုသာ အခါကောင်းတုန်း၊အရေးကြီးစွာ အားထုတ်ကြစေရန် ဝိပဿနာထိပ်ခေါင်တင်၍ရှင်တော်မြတ်ဘုရားက မြွက်ကြားတော်မူခဲ့၏။

**ဝိပဿနာခေတ် ရိပ်သာဖွင့်**

ယခုကာလ မဂ်ဖိုလ်နိဗ္ဗာန်ကိုလို၍ ဘာဝနာအလုပ်ကို အားထုတ်သူ အလွန်ပေါ၏၊ ပညာပေး စာအုပ် စာတန်းများလည်း ပလူပျံနေကြ၏၊ ရိပ်သာဖွင့်၍ သင်တန်းတက်ကာ သင်ခဏ်းစာယူနေကြသူများလည်း မရှား၊ လုပ်နည်း လုပ်ထုံး များလည်း နည်းမျိုးစုံပါဘိ၏၊ ရုပ်နာမ်တရားကို ကောင်းစွာနားလည်၍ လုပ်သူများလည်းရှိ၏၊ နားမလည်ဘဲ ထင်မိထင်ရာ စမ်းတဝါးဝါး လုပ်နေသူများလည်း မနည်းလှချေ၊ သမထအလုပ်ဖြစ်စေ၊ ဝိပဿနာအလုပ်ဖြစ်စေ၊ စွဲစွဲမြဲမြဲအားထုတ်၍ ပြုလုပ်နိုင်လျှင် နီဝရဏတရားကို ခွာနိုင်၏၊ စိတ်တည်ကြည်မှု အထူးသို့ရောက်နိုင်၏၊ ကိုယ်ရောင် ကိုယ်ဝါများလည်း ဖြစ်ပေါ်လာကြ၏၊ နီဝရဏကွာမှုအကျိုးဆက်များပင်တည်း။ သမထသတ္တိကြောင့် မြေလျှိုးမိုးပျံ

ချွန်အဘိဉာဏ်သမာပတ်များကို ရရှိနိုင်၏၊ အထက်ဆုံး ဘဝဂ် ပြဟ္မာ့ပြည်ထိ ရောက်နိုင်၏၊ ဝိပဿနာသတ္တိဖြင့် မဂ်ဉာဏ် ဖိုလ် ဉာဏ် နိဗ္ဗာန်ထိရောက် ခရီးပေါက်နိုင်၏။ လုပ်ရပ်များကို သတ္တုချ လျက် စံပြကျမ်းဝယ် ညွှန်ပြထားသည်။

**ကျမ်းပြုဆရာ ရည်သန်ချက်**

ဤသို့ ပရမာဏူမှုတမျှသိမ်မွေ့ လှ၍နက်နဲ သိမြင်နိုင်ခဲသော လူလွန်တို့၏ တရားထူးများကို ယခုခေတ်ပြုလုပ်နေကြသော ဒါနသီလ ဘာဝနာမှု မျိုးနဲ့ အံကိုက်မကိုက် ချိန်ထိုးကြည့်ရန်နှင့် ရိပ်သာစခန်းမှိုဝိပဿနာယောဂီသူမြတ်များအားထုတ်လေ့လာနိုင်ကြရန် - အထူး ရည်သန်ချက်ဖြင့် ရခိုင်တိုင်း ရွှေကျင်နိကာယ သာသနာ့တာဝန်ခံ နိုင်ငံသာသနာပြု မြောက်ဦးမြို့နယ် မောင်းဆွဲရွာ သာသနာ့ ဝန်ဆောင်ကျောင်း နာယကဆရာတော် အရှင်ပညိန္ဒြိယသည် ဗုဒ္ဓဒေသနာတော်ကို မှုတည်၍ များလှစွာသော ဆိုင်ရာ ကျမ်း စာများကိုလည်း မှီငြမ်းပြုလျက်၊ မြန်မာနိုင်ငံရိပ်သာစခန်းများ သို့လည်း မဆွကပင် သွားရောက်စုံစမ်းလေ့လာခဲ့ပြီးနောက် သုံး နှစ်ပတ်လုံး ဝိပဿနာထဲစွဲမြဲစွာ စိတ်ဝင်စားပြီးခါ၊ သာတူညီမျှ မြန်မာ့ဆိုရှယ်လစ်ခေတ်ဝယ်, ဤမည်သော **စံပြဝိပဿနာကျမ်း** ကို ကြိုးပမ်းရေးသားလာခဲ့ရာ၊ ယခုအခါ ဘယာငြိမ်းချမ်း ဆုံး ခန်းတိုင်မြောက် အပြီးသို့ ချောမော အောင်မြင်စွာ ရောက်ရှိ သွားပြီဖြစ်ကြောင်း။

ထိုကျမ်းစာကို လေ့လာ သုံးသပ်ခြင်းဖြင့် အဝိဇ္ဇာမှောင် ဖုံးလွှမ်းနေသူများ, ဝိဇ္ဇာဉာဏ်အလင်းသို့ ရောက်နိုင်သည်၊ အယူ လွဲ အစွဲသန်သူများလည်း သမ္မာဒိဋ္ဌိအကောင်းစားဖြစ်နိုင်သည်၊ အကျင့်စာရိတ္တ ယိမ်းယိုင် ပျက်ကွက် နေသူများလည်း မှန်ကန်

တိမတ်၊ တည်ရပ်ကျောင်းမှုနိုင်သည်၊ ဆင်းရဲနွမ်းပါးသူ ဒလိဒ္ဒတို့လည်း လူတန်းစားဘဝသို့ တက်လှမ်းနိုင်သည်။ ရုပ်နာမ်ခန္ဓာကမ္မဋ္ဌာန်းဆရာများလည်း ဝိပဿနာဉာဏ် အမြင်သန်နိုင်သည်။ သံသရာဝဋ္ဋဒုက္ခမှထွက်မြောက်လိုသူများလည်း မဂ်သိဖိုလ်ရောက်၊ နိဗ္ဗာန်ထိ ပေါက်မြောက်နိုင်သည်။

ထိုကြောင့် ဝိပဿနာဟင်းလေးအိုးပမာ အရသာအတိပြည့်စုံလှသည့် ထိုကျမ်းစာအုပ်ကို လှဲနေလှေအောင်း၊ မြင်းဇောင်းမကျန်၊ လူမှန်သမျှ၊ လက်ကမလွှတ်၊ တသက်ပတ်လုံး၊ သားစဉ်မြေးဆက်၊ မပျက်မကွက် ဆက်လက်အမြဲ၊ သုံးစွဲနိုင်ကြပါစေကုန်သောဝ်။

စံပြကျမ်းဆရာ
(၃၀-၅-၆၉)

# ပဏာမနှင့် ပဋိညာဉ်

နမော ဝိပဿနာဒေသကဿ ဘဂဝတော၊
ဇယတွာယံ

ဝိယာစိက္ခံ ဇယံ ဗုဒ္ဓံ၊
ပတ္ထိတံ သာဓူဟိ ဝိပ-
ဿနံ ဝန္ဒိယ ယောဂိဘိ၊
နာနာ ကဿံ ဝိပဿနံ။

အဟံ-ငါးပါးခန္ဓာ,ရုပ်နာမ်ငါသည်၊ သာဓူဟိ-ကိုယ်စိတ်ပျော့ပျောင်း,သူတော်ကောင်းများဖြစ်ကြပေကုန်သော၊ ယောဂိဘိ-အနုတ္တလက္ခဏာ, ဘာဝနာကမ္မဋ္ဌာန်း, ထွက်ရပ်လမ်းကို, ကြိုးပမ်းစွာလျှ, ယောဂါဝစရပုဂ္ဂိုလ်တို့သည်၊ ဝါ-ဝိပဿနာ, စခန်းသာဥ်, ရိပ်သာပျော်မှီး, ယောဂီပုဂ္ဂိုလ်ကြီးတို့သည်၊ ပတ္ထိတံ-အမြဲမပြတ်,လိုလားတောင့်တအပ်သော၊ဝိပဿနံ-ရုပ်နာမ်ပရမတ်,ဖြစ်ပျက်ရပ်ကို, ရှုမှတ်ခြင်းရာ, ဝိပဿနာပညာကို၊ ဝိယာစိက္ခံ-ဂမ္ဘီရလေးဖြာ,ဒေသနာနည်းလမ်း, အံ့မခန်းတို့ဖြင့်, ဆန်းပြားထူးထွေ, ဟောညွှန်ကြားတော်မူပေထသော၊ ဇယံ-ငါးပါးမာရ်ဟုန်,ရန်သူပုန်ကို,ဘုန်းဂုဏ် ခြောက်ဆင့်,အောင်ချွန်းဝင့်၍,လွှယ်လင့်တကူ, အောင်ပွဲ ယူတော်မူခဲ့သော၊ ဗုဒ္ဓံ-ဗုဇ္ဈတိတိဗုဒ္ဓေါ, ဗျုပ္ပတ်ဟောလာ,အမည်သာဘိ,သစ္စာသိမြင်,ထိပ်ခေါင်တင် အရှင်မြတ်ဘုရားကို၊ ဝန္ဒိယ -အနန္တရာယ်ပျောက်ကင်း, ကျမ်းပြီးခြင်း အကျိုးငှာ, သဒ္ဓါမြတ်နိုး,ရိုကျိုးကြည်နူး,ရှိခိုးဦး၍၊ ဝိပဿနံ-မဂ်ဖိုလ်နိဗ္ဗာန်, ရောက်စေရန်ဟု,ပုံစံသာခက, မှတ်ပုံပြ၍, ကာလအလိုက်, အား

သစ်ကြိုးပမ်း, စံပြဝိပဿနာကျမ်းကို၊ နာနာ-စနစ်စံပြ, ရှေးနှင့်မြသို့, ကဏ္ဍသီးခြား, သတ်မှတ်ထားလျက်၊ ကာသံ့ကရိယာမိ-င့်ညွှာသနား,မေတ္တာထား၍, ရေးသားပြုပြင်, စီရင်ပေတော့အံ့။

**မှတ်ချက်။** ။ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ တံထွာဓမ္မတာကျမ်းစာ၏ အဦးအစ၌ အန္တရာယ်ပျောက်ကင်း,ကျမ်းပြီးခြင်းအကျိုးငှာ ကျမ်းစာအားလျော်စွာ ပဏ္ဏာမပြုရာတွင် ရှေးသုံးပါဒတို့ဖြင့် ရှိခိုးခြင်းပဏ္ဏာမကို ပြဆို၍ နောက်စတုတ္ထပါဒဖြင့် ပဋိညာဉ်ကို ပြဆိုအပ်ပေသည်။

သမိပဆရာသည် ပဒုမကျမ်းကိုပြုစီရင်သောအခါ ကျမ်းဦးအစ, ပဏ္ဏာမရှိခိုးခြင်းအစီအရင်ကို မပြုမိသည်အတွက်, ကျွဲသည် စောင်းရန်းဖြင့် ချောင်းမြောင်းလာ၍ ထိုဆရာကို ကိုက်သတ် ဆွဲယူသွားဘူးကြောင်း, ထုံးဟောင်းသာဓက လာရှိပေသည်။

သို့အတွက်မည်သူမဆို အလုပ်အကိုင်ကြီးများကို ပြုလုပ်သောအခါ၊ မိမိတို့သက်ဆိုင်ရာတို့အား, ပူဇော်ပသ, ရိုသေလေးစားမှုသည်၊ လောကီလောကုတ္တရာ နှစ်ဌာနလုံး၌ပင်၊ ကောင်းမြတ်သော မင်္ဂလာတရပ်ဖြစ်၍ လိုအပ်သောအကျိုးကို ပြီးစေနိုင်သကဲ့သို့၊ ထို့အတူ-ဝိပဿနာခစန်းမှီ- ယောဂီသူမွန်သူမြတ်တို့အားလည်း ဝိပဿနာလုပ်ငန်းအတွက် ပဏ္ဏာမနှင့် ကမ္မဋ္ဌာန်းအစီအရင်ကို ဤစံပြကျမ်းတနေရာတွင် ကြိုတင်ညွှန်ကြား ဖော်ပြထားအပ်ပေသတည်း။

ပဏ္ဏာမနှင့် ပဋိညာဉ်ပြီး၏။

# ဗုဒ္ဓသာသနာတော်ကို ပြဆိုရာအခဏ်း

ဗုဒ္ဓ
သာသနာ

အနမတဂ္ဂ သံသရာမှစ၍ ယနေ့တိုင်အောင် သံသရာ ရေယဉ်ကြောမှာ မြုပ်ချည်တခါ, ပေါ်ချည်တလှည့်နှင့် အားနွဲ့ခါ ဖြစ်ချင်ရာဖြစ်နေတဲ့သဘောဖြင့် မျောပါးနေကြရှာသော ဒုက္ခိတများစွာ ဝေနေယျ သတ္တာတို့ကို မဟာကရုဏာဓမ္မဖြင့် သနားကြင်နာလှသည့် ကမ္ဘာ့ကျေးဇူးရှင် သဗ္ဗညု ဘုရားသခင် ကိုယ်တော်မြတ်သည် "ဗုဒ္ဓေါ ဗောဓေယျံ,မုတ္တော မောစေယျံ, တိဏ္ဏောတာရေယျံ" ဟု ပါရမီဖြည့်ကျင့်စဉ်အခါက- ထက်သန်စွာ ကြုံးဝါးတော်မူသည် အတိုင်း၊ ရွှေသွားခေါင်းဆောင် အနေ့, ပုရေစရ သမ္မာသမ္ဗုဒ္ဓ ခေါ်ပြား ဘုရားအဖြစ်သို့ဆိုက်ရောက်တော်မူလာသည့်အခါမှာ ဝေနေယျကြာသတ္တာတို့ကို မဟာကရုဏာတရားဖြင့် သနားကြင်နာတော်မူကာ လေးဆဲ့ငါးဝါပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပြသဆုံးမလျက် ကိုယ်တော်နှင့်အတူ သစ္စာလေးပါးကို သိမြင်စေတော်မူပြီး၊ ကိုယ်တော်နှင့်အတူ ပါအောင်ဆွဲဆောင်ခေါ်ငင်, ကမ်းသို့တင်ကာ သံသရာမှ လွတ်မြောက်စေတော်မူပြီး သံသရာတဖက်ကမ်းသို့ တက်လှမ်းစေတော်မူပြီ။

ဤသို့ဆိုခဲ့သောအတိုင်း သက်တော်ထင်ရှား ရှိစဉ်မှာ-အကျိုးပြီးစီးသွားအောင် အမျိုးမျိုးသော နည်းများဖြင့် တရားပြသဆိုဆုံးမခြင်းပြု၍ အားရတင်းတိမ်တော်မမူနိုင်ဘဲ ပရိနိဗ္ဗာန်ဝင်စံပြီးသော်၊ နောက်တော်သို့ လိုက်ပါခဲ့နိုင်ကြစေရန် စိတ်တော်ရည်သန်ပြီးလျှင် နည်းအဖြာဖြာ ဒေသနာ အရပ်ရပ်ဖြင့် သတ်မှတ်ပြီးခါ၊သာသနာတော်မြတ်ကြီးကိုသာသနာ့ဝန်ဆောင်များလက်ထဲမှာ လွှဲအပ်ခါ တည်ထားတော်မူခဲ့လေသတည်း။

**မှတ်ချက်။** ။မိလိန္ဒပဥှာနှင့် အဋ္ဌကထာကြီးတို့၌ ဘုရားလက်ထက်တော်က ၁၄-သချေ်မျှသာ ကျွတ်တန်းသို့ဝင်ကြသေးသည်ဟု အခိုင်အမာ တိုက်ရိုက် အဆိုရှိသဖြင့် ၂၄-သချေ်တွင် သချေ် တဆယ်ကျော် ကြွင်းကျန်သေးသည် ဖြစ်ရာ၏၊ ထိုသချေ် တဆယ်ကျော် အရေအတွက်သည် ဤသာသနာတော် တွင်း၌ ကျွတ်ဆဲ့ကျွတ်လတံ့သော ပုဂ္ဂိုလ်တို့အဘို့ဖြစ်၍၊ ယခု အခါ-တရားကို အားထုတ်ဆဲ့ အားထုတ်လတံ့သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ယုံကြည်သော စိတ်ထားဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ပါလျှင် အမှန်ပင်တရားထူးကို ရရှိနိုင်ပေသည်။

သဗ္ဗပါပဿအကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ၊ တေံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ-ကြွင်းမဲ့ဥဿုံ့အလုံးစုံသော အကုသိုလ်တရားကို၊ အကရဏံ-ကိုယ်နှုတ်နှလုံး, သုံးပါးလုံးဖြင့်, မပြုကျင့်ရခြင်းသည်ငှင်း၊ ကုသလဿ-သန့်ရှင်းကြည်လင်,ဖြူစင်အကျိုး, ကောင်းမှုကုသိုလ် အမျိုးမျိုးကို၊ ဥပသမ္ပဒါ-စိတ်ဝယ်အသင့်, မဖင့်အနေ့, ပြည့်စုံစေရခြင်းသည်ငှင်း၊ သစိတ္တပရိယောဒါပနံ - သဘောအကြိုက်,မိမိစိတ်ကို,မညစ်ကြည်လင်, ဖြူစင်စေခြင်းသည်ငှင်း၊အတ္တိ၊ မလွဲကေန်,အမှန်ပင်ရှိပါပေ၏၊တေံ-ဆိုခဲ့ပြီးငြား,ဤတရားသုံးပါးသည်၊ ဗုဒ္ဓါနံ-သစ္စာလေးပါး, ပိုင်းခြားသိမြင်, ဘုရားရှင်တို့၏၊ သာသနံ-နည်းညွှန်လမ်းပြ,အဆုံးအမတော်ပါပေတည်း။

## (ဗုဒ္ဓဘာသိတဂါထာမြန်မာပြန်ဆိုချက်)

**သာသနာ နှစ်မျိုး** အလုံးစုံသော ဘုရားရှင်တို့၏ အစဉ်မပြတ် ဟောကြားဆုံးမတော်မူအပ်သော တရားတော်အပေါင်းကို "သာသီယတေ အနေနာတိ သာသနံ၊ သာသနံ

တိဋ္ဌတိ ဧတ္ထာတိ သာသနံ”အရသာသနာဟုခေါ်ဆိုသည်၊ ထိုသာသနာသည်(က)ဆုံးမတတ်သော ရှင်တော်မြတ်ဘုရား၏ ဆုံးမကြောင်းဖြစ်သော သတ္ထုသာသနာ၊ (ခ) အဆုံးအမကို လိုက်နာတတ်သူ သာဝက ပုဂ္ဂိုလ်များအား အကျိုးပြီးစေနိုင်သော ဓမ္မသာသနာဟူ၍ နှစ်ပါးရှိလေရာ၊ ဓမ္မ ဝိနယအားဖြင့် နှစ်ပါး၊ သို့မဟုတ်-ဝိနည်း, သုတ္တန်,အဘိဓမ္မာအားဖြင့်သုံးပါး၊ ယင်းဒေသနာတော်များသည်၊“သာသတီတိသတ္ထာ၊သာသိယတေ အနေနာတိ သာသနံ၊ သတ္ထုစ သော သာသနဉ္စာတိ သတ္ထုသာသနံ”ဟူသော ဝစနတ္ထအရအားဖြင့် သတ္ထုသာသနာအမည်ရလေသည်။

၎င်းသတ္ထုသာသနာခေါ် ပိဋကတ်သုံးပုံထဲမှာ ဆုံးမတတ်သောပုဂ္ဂိုလ်၏ ဆုံးမကြောင်းဖြစ်သော ဝိနည်းဒေသနာတော်ကို နီတတ္ထ (တိုက်ရိုက်)နည်းဖြင့် သတ္ထုသာသနာဟု ယူသင့်သည်၊ အကြောင်းမှာ“ဝိနယေ ဌိတေ သာသနံ ဌိတံ၊ဝိနယော နာမ သာသနဿ အာယု”အဋ္ဌကထာရှင် စကားအရ၊ ဝိနည်းတည်က-သာသနာတည်၍ ဝိနည်းသည် သာသနာအသက်ဟု မိန့်ဆိုချက်ကြောင့်ပင် ဖြစ်လေသည်၊ ဝိနည်းဒေသနာကို ဝိနယဟုဆို၍၊ သုတ္တန်ဒေသနာ,အဘိဓမ္မာဒေသနာတို့ကို ဓမ္မဆိုသည်၊ ယင်းဓမ္မခေါ် သုတ္တန်အဘိဓမ္မာဒေသနာ နှစ်ဖြာတွင်၊ သုတ္တန် ဒေသနာတော်ကို ပုဂ္ဂလာဓိဋ္ဌာန်နည်းဖြင့် ဟောတော်မူ၏၊ အဘိဓမ္မာ ဒေသနာတော်ကိုကား ဓမ္မာဓိဋ္ဌာန်နည်းဖြင့် ဟောတော်မူရကား၊ ယင်းနှစ်ဖြာသောဓမ္မမည်ခေါ်ဒေသနာတော်ကိုနေယျတ္ထ (သွယ်ဝိုက်)နည်းဖြင့် သတ္ထုသာသနာဟု ဆိုလိုပေသည်။

ဂန္ထဓူရ, ဝိပဿနာဓူရအားဖြင့် နှစ်ပါး၊ သို့မဟုတ်-ပရိယတ်,ပဋိပတ်,ပဋိဝေဓအားဖြင့် သုံးပါး၊ ယင်းသို့ ဓူရနှစ်ဖြာ, သာသနာသုံးရပ်သည် “ဒမီယတီတိ ဒမ္မော၊ သာသိယတေ နိပ္ဖာ

ဒိယတေတိသာသနံ၊ ဒမ္မော စ သောသာသနဥ္စာတိဒမ္မသာသနံ” ဟူသော-ဝစနတ္ထအရအားဖြင့် ဒမ္မသာသနာ အမည်ရလေသည်။ ဆုံးမသင့်, ဆုံးမထိုက်သော ပုဂ္ဂိုလ်ကို ဒမ္မဟုဆို၍ ဒမ္မခေါ်ဆို၊ ၎င်းပုဂ္ဂိုလ်တို့၏ အမူအရာ, ၎င်းတို့အား အကျိုးပြီးစေ နိုင်သော သာသနာကို ဒမ္မသာသနာဟုဆိုလိုသတည်း။

**သိက္ခာ သုံးပါး** အဆုံးအမကို သာသနာခေါ်သည်ဟုအောက်ကဆိုခဲ့ပြီ၊ သို့ရာတွင်-ထိုသာသနာဟူသောအမည်သည် ဒေသနာဘိ ပညတ္တိ - အရ ပညတ်မျှသာ ဖြစ်၍ အ မာ ခံ အထည်ကိုယ် ပရမတ် အနေဖြင့်လည်း ယထာဘူတကျအောင် သိထားရန်လိုပေလိမ့်မည်၊ပရမတ်တရားကို အကျယ်ဝေဖန်ရာ၌ သာသနာဆိုတဲ့တရားဟာ- တိုက်ရိုက်မပါလေတော့၊ သာသနာသရုပ်ကို အဟုတ်သိရန်မလွယ်ကူချေ၊ “စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ”အဋ္ဌကထာရှင်၏စကားအရ၊ သစ္စာလေးပါး ပရမတ္ထတရားမှ လွတ်သောတရားလို့ မရှိဘူး၊ “မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စဝိနိဿဋ္ဌာ”ဟူသော လက်သန်း သင်္ဂြိုဟ်စကားလည်း ဥပစာအားဖြင့် မလွတ်ဘူးဟုမှတ်၊ အားလုံးမှာ အကောင်အထည်, ဝတ္ထုသဘော,တရားကောင်နှင့်ချည်း ဖြစ်ကြလေသည်။ဒီအကောင် အထည်,တရားကိုယ်ကိုမှ, ပရမတ်အစစ်, အနှစ်သာရ အမာခံ အမြုတေဟု ခေါ်ရလေသည်၊ ကျမ်းစာအလိုက် ဝိပဿနာဆန်ဆန် ပြောရမည်ဆိုလျှင် စင်စစ်မှာ ပညတ်နဲ့ ပရမတ်ကို ခွဲခြားသိမြင်ရေးပင် ဖြစ်လေသည်။

သို့အတွက် သာသနာအရကို ပရမတ္ထအားဖြင့် သီလ သမာဓိပညာ သိက္ခာသုံးပါးကို ကောက်ယူအပ်၏။ မှန်၏၊ ဖဿဝေဒနာ စသော အခြားပရမတ္ထတရားတွေရှိပေမဲ့ ဤသိက္ခာသုံး

ပါးသည်သာ ဝေနေယျသတ္တဝါတို့ကို ဆုံးမရာဆုံးမကြောင်းဖြစ်သည်အတွက် သစ္စာလေးပါး တရားထူး သိမြင်ရေးကိစ္စ အရင်းခံမူလ တရား ဖြစ်၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အရိယာမဂ် သိမြင်ရေးလုပ်ငန်းစဉ်ကို ဝိသုဒ္ဓိ ၇-ပါးဖြင့် ညွှန်ပြထားရာ၊ လိုရင်းမှာ-သီလ သမာဓိ ပညာ တရားသုံးပါးပင်ဖြစ်၏။ ကိုယ်ကျင့်သီလ,စိတ်တည်ကြည်မှု,သမာဓိ အသိဉာဏ်ပညာ-ပြည့်စုံရမည်ဟုဆိုလိုသည်။

ငင်းပြင် သတိပဋ္ဌာနသစ္စပဗ္ဗ၌လာသော မဂ္ဂင်ရှစ်ပါး, ဓမ္မစက္ကပဝတ္တနသုတ်၌ မဇ္ဈိမပဋိပဒါကို ပြဆိုသော မဂ္ဂင်ရှစ်ပါးတို့သည်လည်း သီလ သမာဓိ ပညာ သိက္ခာသုံးပါးပင်ဖြစ်၏။ ၎င်းတရားစုကို သိက္ခိတဗ္ဗာတိသိက္ခာအရ- တခြားသီလ စသည်ထက်သာလွန်သည်အတွက်- အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာဟု ခေါ်ဆိုရလေသည်။ ထိုမှတပါး သီလသာသနာ, သမာဓိသာသနာ, ပညာသာသနာ, ဟူ၍လည်း ခေါ်ဆိုသေးသည်။

ထိုအတူ ဝိသာခသုတ်၌ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓဟု ခန္ဓာဖွဲ့၍ သုံးပါးပင်လာရှိပြန်၏။သီလအစု သမာဓိအစု ပညာအစုဟု ဆိုလိုသည်။ ထိုသို့လာသော ပါဠိတော် အရပ်ရပ်တို့၌ လိုရင်းအကျဉ်းချုပ်မှာ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးနှင့်ပြည့်စုံမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ဆိုလိုသတည်း။တရားကိုယ်အားဖြင့် သီလဟူသည် ဝိရတီစေတနာ,သမာဓိဟူသည် ဧကဂ္ဂတာစေတသိက်, ပညာဟူသည် ပညိန္ဒြေ ခေါ် အမောဟ စေတသိက်ဟု အတိအကျ သိမှတ်ကြလေ။

ပရမတ် ညတ်

ဤနေရာ၌ အရပ်သားများ နားလည်အောင် ဥပမာဖြင့် ထင်ရှားအောင် ပြဆိုဦးအံ့။ လောက၌ သမုတိသစ္စာအနေနဲ့ လူဟုခေါ်ဆိုနေကြသည်။ နို့ပေမဲ့

စင်စစ်မှာ ပရမတ်အားဖြင့် လူရယ်လို့မရှိဘူး၊ ဝိပဿနာ လိုက်စားသူတိုင်း အကုန်သိနိုင်ကြ၏၊ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးသာ ရှိလေသည်။ ဒါကိုပင် ဥပစာအားဖြင့် တင်စားပြီး လူဟုခေါ်ဆို သမုတ်ခြင်းဖြစ်သည်။ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးချင်း တူပေမဲ့ ခွေး ဝက် ကြက် ငှက် တိရစ္ဆာန်တို့ထက် အသိဉာဏ်ပညာတရားက ပိုမိုလွန်ကဲနေသည်အတွက် ဒီသတ္တဝါတွေကိုသာ လူဟုကမ္ဘာဦးသူ ပညာရှိများက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။အကယ်၍ ထိုအသိဉာဏ်ပညာသာ ယုတ်လျော့ခဲ့ပါမူကား နွားနှင့် အလားတူသည်ဟု သောစကားကို အားလုံးအသိပင်ဖြစ်တော့သည်။

ခန္ဓာငါးပါး, ရုပ်နာမ် နှစ်ပါးက ပရမတ်, အဟုတ်ရှိ တကယ်ရှိ တရား၊ လူဆိုတာက ပညတ်၊အဟုတ်မရှိ,တကယ်မရှိသော တရားဟု ကွဲပြားအောင် ခွဲခြားသိမှတ်ထားကြရမည်။ ထို့အတူပင် သာသနာဆိုတာလည်း ပညတ်၊အဟုတ်မရှိ,တကယ်မရှိတရား၊ သီလ သမာဓိ ပညာကတော့ ပရမတ်၊ အဟုတ်ရှိ,တကယ်ရှိသော တရားဘဲဖြစ်သည်။ ဤသို့ဆိုလျှင် သာသနာ့အရ- ဝတ္ထုသဘောမှာ ထင်ရှားသိသာပြီဖြစ်၍ အရပ်သားများပါလက်ခံနိုင်လောက်ပေပြီ။

**အရပ်စကားနဲ့ နှိုးနှော့ချက်** အများသိ အရပ်စကားအရ ထပ်မံရှင်းပြရမည်ဆိုလျှင် ဆုံးမသွန်သင်မှုကို သာသနာဟုခေါ်သည်။ ထိုသာသနာသည် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓအားဖြင့် သုံးပါးရှိ၏။ ပရိယတ္တိ သာသနာ ဆိုတာက ပိဋကတ်သုံးပုံကိုခေါ်ဆိုလေသည်။ ပဋိပတ္တိသာသနာက ဝိသုဒ္ဓိ ခုနစ်ပါး အကျင့်မြတ်ကိုခေါ်သည်၊ ပဋိဝေဓ သာသနာဆိုတာကတော့ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး ထိုးထွင်း သိမြင်ရေးကိုဆိုသည်။ ယင်းဆိုခဲ့သည့် သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့်

စပ်ဟပ်ကြည့်မည်ဆိုလျှင် ပိဋကတ် သုံးပုံ ပရိယတ္တိ သာသနာ၌ ဝိနည်းငါးကျမ်းက သီလ၊ သုတ်သုံးကျမ်းက သမာဓိ၊ အဘိဓမ္မာ ခုနစ်ကျမ်းက ပညာတဲဖြစ်လေသည်။

ပတိပတ္တိသာသနာ ဝိသုဒ္ဓိခုနစ်ပါး၌လည်း၊ သီလဝိသုဒ္ဓိက သီလ၊ စိတ္တဝိသုဒ္ဓိက သမာဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ-စသော ကျန် ငါးပါးက ပညာတဲဖြစ်သည်။ မဂ္ဂင်ရှစ်ပါး ပတိဝေဓ သာသနာ၌လည်း၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသုံးပါးက သီလ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သုံးပါးက သမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ နှစ်ပါးကတော့ ပညာတဲ ဖြစ်သည်။ ဒီလိုဆိုလျှင် အများသိနားလည် ထားကြသည့် ပရိယတ္တိ ပတိပတ္တိ ပတိဝေဓ သာသနာသုံးရပ်လည်းအောက်ကဆိုခဲ့သည့်အရင်းခံ၊ သီလသမာဓိ ပညာသိက္ခာသုံးပါးဆိုတာ ထင်ရှားပေါ်လွင်နေလေပြီ၊ ဘယ်ရှုဒေါင့်ကနေပြီး စပ်ဟပ်ကြည့်ကြည့် ဒီသိက္ခာ သုံးပါးအတွင်းသက်ဝင်သွားကြလေသည်။

ထိုကြောင့် ဒီသိက္ခာသုံးပါးကိုသာ၊ အရိယာမဂ်သိမြင်ရေး ကိစ္စမှာ အနီးကပ်ဆုံး၊ အရေးပါအရာအရောက်ဆုံး ဖြစ်သည်အတွက် သာသနာဟုခေါ်ဆိုခြင်းသည် ထိရောက်၍ဂုဏ်ကျအံကိုက်စိသားကျဖြစ်နေ၏။သာသနာကို အသက်တမျှ ဆည်းကပ် ကိုးကွယ်နေကြသူ ဒကာဒကာမ များလည်း အမာခံအထည်ကိုယ်အရေစစ် အနှစ်သာရ သီလ သမာဓိ ပညာသိက္ခာသုံးပါးကို သာသနာခေါ်တယ်လို့ သားစဉ် မြေးဆက် အ သက် ထက်ဆုံး မြဲမြံ တည် တန့်အောင် မှတ်ပုံတင်ပြီးထားကြရန် ညွှန်ကြားလိုက်ရပေသည်။

မှတ်ချက်။ ။အချို့လူများသည်ကျောင်းကန် တိုက်တာ တည်ဆောက်လျက် ပစ္စည်း လေးပါးဖြင့် ကူညီ ထောက် ပံ့ ကာ သာသနာကို စောင့်ရှောက် ပြုစုနေကြပေမင့်၊ သာသနာ၏အခြေ

အမြစ်ကို အတိအကျမသိဘဲ, မိရိုးဖလာ ဒါးမဦးချ ပြုမြဲပြုရာ ကိုးကွယ် ဆည်းကပ်နေကြသူသာ များ လေ သည်။ အချို့လည်း ဆိုခဲ့သည့်- ပညတ်ဒေသနာကို ကြားဘူးနားဝ ရှိကာမျှဖြင့် ကြေနပ်လျက်ရှိကြလေသည်။သာသနာတော်တွင်းမှာနေလျက်၊သာသနာကိုမသိရဘဲ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို အမှားအယွင်းမရှိအောင် ပြုလုပ်ရန်အရေးမှာ သာ၍ပင် အလှမ်း ဝေး ကွာ လှသေး၏။ ဗုဒ္ဓပူဇါဒိ- နဝမခေတ်ဝယ် လူဖြစ် ကျိုး နပ်ဘို့ လို သေးသည်၊ ဤမျှသော စကားဖြင့် ကိုးကွယ် ဆည်းကပ်ရန် နည်းညွှန်လမ်းပြ-ဆရာသမားဟာ-မည်မျှထိ အရေးကြီးကြောင်းကို သိသာနိုင်လေသည်။ သို့အတွက်- သာသနာမှ ပေါက် ပွား လာ သော ဝိပဿနာကမ္မဋ္ဌာန်းကို မရေးသားမီ, မူလအရင်းခံ သာ သနာ ကိုလည်း တိကျမှန်ကန်စွာ သိထားရန် လိုအပ်သဖြင့် ဤစံပြကျမ်း၌ဦးစားပေးကာ ရှေ့မှ တင်ပြလိုက်ရ၏။

**အမှန်ဆုံး သာသနာ** အရပ်သားများ နားလည်နိုင်ရုံ-သာသနာ၏ သရုပ်သဘောကို သာမညအားဖြင့် အောက်ကဖော်ပြခဲ့ပြီ၊ သို့ရာတွင် ဝိသေသအနုပိုင်းကိုလည်း တစေ့တစောင်းကြည့်ရှုရန် လိုပေလိမ့်ဦးမည်၊ပရမတ်ဆန်ဆန် စာသံပေသံနဲ့ အတိအကျ ယတိပြတ်ပြောရမည်ဆိုလျှင်၊ အမှန်ဆုံးမှာ မဂ်ဉာဏ်ကိုသာ, သာသနာဲဟုခေါ်သည်မှတ်၊ မဂ်ကစိတ်, ဉာဏ်ကစေတသိက်ဖြစ်လေတော့ မဂ်စိတ်၌ ယှဉ်သော ပညာစေတသိက်ဟု ဆိုလိုရင်းဖြစ်သည်၊ ဤကဲ့သို့-မဂ်နှင့်ဉာဏ်ကိုလည်း ခွဲခြားသိမြင်ရေးက လိုသေး၏။ အဆိုပါ သိက္ခာသုံးပါးတို့သည် လောကီသောဘန စိတ်တို့၌လည်း ယှဉ် နေ သဖြင့် ဒီအထဲမှာ မဂ်ဉာဏ်လည်း ပါဝင်နေလေတော့, ရောယှက်နေသည်အတွက်၊ သာမညအားဖြင့် ပထမဖော်ပြခဲ့သည်၊ မဂ်ဉာဏ်ကို အမှန်ဆုံး သာသနာဟု ဆို

လိုက်ခြင်းကတော့ အရေစစ် အနှစ်သာရအတိ, ပကတိ သဘော အတိုင်းဘဲ ဖြစ်လေသည်။

ဆိုလိုရင်းကတော့-လွတ်လပ်ရေးဘခင်,ဘုရားရှင်တော်မြတ်သည်၊ သာသနာတော်ကို တည်ထောင်ခဲ့ခြင်း၏ အရင်းခံ အဓိကရည်ရွယ်ချက်မှာ အောက်ကဆိုခဲ့သည်အတိုင်း သတ္တာတွေ သစ္စာလေးတန် မဂ်ဉာဏ်ကိုသိမြင်ရေးအတွက်ဘဲလို့ သဘောပေါက်နားလည်ဘို့ အရေးပင်ဖြစ်လေသည်။အချုပ်ကား-သာသနာအရ၊ သီလသမာဓိပညာ သိက္ခာသုံးပါးကို သာမညယူ၍ မဂ်ဉာဏ်ကို ဝိသေသအားဖြင့် မှတ်ယူကြဟူလို။ ထိုသုံးပါးတို့တွင် သီလ သာသနာသည် အတိမ်ဆုံး၊ ပညာသာသနာတော်သည် အနက်ဆုံးတည်း၊ ထိုတရားသုံးပါးသည် တပါးကိုတပါး အမှီပြုနေသည်အတွက် သုံးပါးလုံး ပြည့်စုံမှ ဆိုခဲ့သည်အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ရောက်နိုင်သည်ဟု ဆိုလိုသတည်း။

**ဥပစာနှံ့ မှချ**

ယခုကာလ ဒကာဒကာမများ ဆွမ်း သင်္ကန်း ကျောင်း ဆေးပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်းနေမှုများကိုလည်း သင်္ကန်းသာသနာ, ဆွမ်းသာသနာ, ကျောင်းသာသနာ,ဆေးသာသနာ ဟူ၍ပင် ဆိုရပေသည်၊ သို့ရာတွင် ဒါတွေက ဆိုခဲ့သည့် အရိယာမဂ်စခန်းသို့ ရောက်ရန် အခြေခံပရိကံမျှသာဖြစ်၍ ဥပစာသာသနာလို့သာ မှတ်ကြရမည်၊ မုချသာသနာမဟုတ်ဘူး၊ စင်စစ်မှာ၊ အပစယဂါမိနော၀မ္မ-ဒေသနာတော်အရ၊ နိဗ္ဗာန်ရောက်ကြောင်း ဟုပင်မဆိုနိုင်သေး၊ ပရမတ်ဆန်ဆန်ပြောရမည်ဆိုလျှင် မဂ္ဂဝီထိအရိယာမဂ်ဖြစ်စဉ်မှာ၊မဂ်ရှေ့အဘို့က ပရိကံ ဥပစာအနုလုံ ဂေါတြဘူခေါ် စိတ်အစဉ်ကို မဂ်သို့ရောက်ကြောင်း အခြေခံဖြစ်သည်အတွက်-ကာရဏူပစာအားဖြင့် သာသ

နာခေါ်သည်၊ မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်ကိုလည်း မဂ်၏အကျိုးဖြစ်နေလေတော့၊ ဖလူပစာရအားဖြင့် သာသနာဟု ခေါ်ဆိုရပြန်သည်၊ အလယ်မဂ်ဉာဏ်ကိုသာ- မုချအားဖြင့် သာသနာဟုခေါ်ဆိုရလေသည်။ မုချဆိုတာက အမှန်တရား။ ဥပစာဆိုတဲ့ စကားကတော့- တင်စားပြီးပြောဆိုနေကြသည့် စကားဘဲ ဖြစ်လေသည်။

**အနီးကပ်ဆုံး ဥပမာ** မုချ-ဥပစာကို အရပ်သားများ နားလည်အောင် အနီးကပ်ဆုံးဥပမာဖြင့် ထင်စွာညွှန်ပြပါဦးမည်၊ ရွာဆူတယ်၊ ကျောင်းစာအံတယ်လို့ ပြောရိုးပြောစဉ် စကားများရှိကြတယ် မဟုတ်လား၊ အမှန်မှာ- ရွာကမဆူ-ရွာနေလူထုက ဆူညံကြခြင်းသာ ဖြစ်တယ်၊ ကျောင်းစာမအံ၊ ကျောင်းနေသံဃာများက, စာအံနေကြခြင်းသာဖြစ်တယ်၊ ဤအတူပင်၊ သက်မဲ့ဝတ္ထုတခုကို သက်ရှိဝတ္ထု၌ တင်စားပြီး ဥပစာအားဖြင့် ပြောဆိုကြခြင်းမျိုးသာ ဖြစ်သည်၊ အလားတူ- ယုံချိုလိပ်မွေး, မိန်းမမြုံသား, ရေသဖန်းပွင့်- ဆို သော အ ရာ များ၌လည်း သိလေ၊ ဤသို့ပြဆိုခြင်းဖြင့် မုချနှဲ့ ဥပစာသဘောကို လူပြိန်းများပါ နားလည်သင့်လေပြီ၊ ယခုလည်းနည်းတူပင် မဂ်ဉာဏ်ကို မုချသာသနာဟု သိမှတ်ကြပြီး၊ ဆိုခဲ့သည့်အတိုင်း အကြွင်းတရားများကို ဥပစာသာသနာဟုသာ သန္နိဋ္ဌာန်ကျသိမှတ်ကြပေတော့။

**ဒေသနာတော် သုံးမျိုး** ပိဋကတ်သုံးသွယ်, နိကာယ်ငါးဖြာတည်းဟူသော ဘုရားသာသနာတော်ကြီး၌ ဟောပုံ ဟောနည်း ဗုဒ္ဓဒေသနာတော်သည် ၁-တိုက်ရိုက်ဟောနည်း၊ ၂-သွယ်ဝိုက်၍ဟောနည်း၊ ၃-ရည်မှတ်၍ဟောနည်းဟု သုံးမျိုး

သုံးစွဲရှိ၏။ ထိုသို့တည်ရှိပုံကို အောက်ပါ မိလိန္ဒပဉှာပါဠိတော်ဖြင့် သိမှတ်အပ်၏။

ပရိယာယဘာသိတံအတ္ထိ၊အတ္ထိသန္ဓာယဘာသိတံ၊
သဘာဝဘာသိတံအတ္ထိ၊ ဓမ္မရာဇဿ သာသနေ။

ဓမ္မရာဇဿ-လေးသစ္စာပိုင်ကြွေး တရားမင်းဘုရား၏၊ သာသနေ-နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ်တည်းဟူသောသာသနာတော်ကြီး၌၊ ပရိယာယဘာသိတံ-ဝေဝုစ်စကားလှယ် ပရိယာယ်ဒေသနာတော်မည်သည်၊ အတ္ထိ-လူသိရှင်ကြား ထင်ရှားပကတိ အမှန်ပင်ရှိပါပေ၏၊ သန္ဓာယဘာသိတံ- တမျိုးရည်ရွယ် သန္ဓာယ်ဒေသနာတော်မည်သည်လည်း၊ အတ္ထိ- လူသိရှင်ကြား ထင်ရှားပကတိ အမှန်ပင်ရှိပါပေ၏၊ သဘာဝဘာသိတံ-အငြင်းမပွား တိုက်ရိုက် ဟောကြားသည့် သဘာဝဒေသနာတော် မည်သည်လည်း၊အတ္ထိ-လူသိရှင်ကြား ထင်ရှားပကတိ အမှန်ပင်ရှိပါပေ၏။

ဤဂါထာဖြင့် ဗုဒ္ဓသာသနာတော်၌ အကျဉ်းချုပ် ဒေသနာတော်သုံးရပ် ဟောကြားပုံကို သက်သေအဖြစ် သာဓကထူလိုက်သော- အရှင်နာဂသိန်၏ ညွှန်ကြားချက်ပင်ဖြစ်၏၊ ကစ္စည်းသဒ္ဒါကျမ်းတို့၌ကား ဥပစာဆယ်ပါး နည်းလေးဆယ်တို့ဖြင့် ဝေဝေဆာအောင်-အကျယ်ဝေဖန်ထား၏။မည်သို့ပင်ဖြစ်စေ၊ စင်စစ်မှာ-မုချဒေသနာ, ဥပစာဒေသနာ နှစ်မျိုးသာရ၏။ အထက်ပါ ဒေသနာ၌လည်း ပရိယာယ်နှင့်သန္ဓာယ်ဒေသနာတော်မှာ အမည်အားဖြင့် ကွဲပြားနေစေကာမူ- သဘောအားဖြင့်ကား တင်စား ဟောကြားတော်မူသော ဒေသနာတော်တို့ပင်ဖြစ်၍ ဥပစာ ဒေသနာဟုပင် မှတ်ယူအပ်၏။ သို့အတွက် အရင်းခံမှာ- ဆိုခဲ့သည့်အတိုင်း-မုချ-တိုက်ရိုက်နည်း၊ ဥပစာ-တင်စားနည်းဟူ၍ နှစ်မျိုး

သာဖြစ်၍၊ ဤသို့ဒေသနာတော်လာရှိချက်များကိုလည်း ယထာဘူတ သိရှိရန် အကောက်ဉာဏ်များလည်းလိုသေးသည်။အမေမှာ-မှာတိုင်း၊ လေ့နံထားထစ်၊ တထစ်ကျချည်း မမှတ်သင့်၊ မယူသင့်ပေရာ။

**သာသနာ မဂ်ဉာဏ်**

သို့အတွက်၊ သာသာဓာတ်၊ ယုပစ္စည်းဖြင့် ရုပ်ပြီးသော ဤအရိယာမဂ်ဉာဏ်ခေါ် သာသနာသည်၊ အပြောရလွယ်သလောက်၊ အသိရခက်၍၊ နက်နဲ၍၊ သိမ်မွေ့လှ၍၊ မြင်နိုင်ခဲ၍၊ ဘုရားရှင်ကိုယ်တော်တိုင်ပင် ပရမာဏုမြူနှင့်နှိုင်းယှဉ်ပြီး အောက်ပါအတိုင်း ဟောကြားတော်မူပေသည်။

ပင္ဒိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံဒုဒ္ဒသံအဏုံ။
ရာဂရတ္တာ နဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋ္ဌာ။

ပဋိသောတဂါမိံ-အယဉ်၏ အဆန့်၊နိဗ္ဗာန်သို့ ရောက်စေတတ်ထသော၊ နိပုဏံ-သဘောအတွေ့အားဖြင့်၊ သိမ်မွေ့စွာထသော၊ဂမ္ဘီရံ-သိရန်ခက်ခဲ၊နက်နဲစွာထသော၊ဒုဒ္ဒသံ-ဉာဏ်မျက်စိထဲ၊ မြင်နိုင်ခဲထသော၊ အဏုံ-ပရမာဏုမြူ၊ အလားတူသောတရားကို၊ ရာဂရတ္တာ-ရာဂဖြင့် တသ်မက်၊ဒေါသဖြင့် နှိပ်စက်နေကုန်သော သတ္တဝါတို့သည်၊တမောခန္ဓေန-အဝိဇ္ဇာတည်းဟူသော မောဟအစုဖြင့်၊ အာဝုဋ္ဌာ-မမြင်စတမ်း၊ တကာယ်တန်း ဖုံးလွှမ်း ထားအပ် ကုန်

အသွင်ထူးပြီး ဉာဏ်တော်စကျွ မှာ, ထင်မြင်လာသော အဋ္ဌ ရိယ, အမွှေတဂါထာပင်ဖြစ်လေသည်။

**သာသနာတည်ရေး အရင်းမူလ**

"သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ" ကျမ်းဂန်အရ အဆိုပါ သာသနာတော်၏ အရှည်တည်တန့်ရေးမှာ ပရိယတ္တိသာလျှင် လိုရင်းဖြစ်တော့သည်၊ ထိုစကားသည် မှန်၏၊ ပရိယတ္တိမရှိက ပဋိပတ္တိသာသနာတော် မတည်ရပ်နိုင်၊ ပဋိပတ္တိ မတည်က ပဋိဝေဓသာသနာတော် မဂ်ဖိုလ် သိမြင်ရေး ကိစ္စမှာ ဝေးလှတော့သည်။ သို့အတွက် ရှေးဆရာမြတ်တို့သည် အောက်ပါ ဂါထာကို မိန့်ဆိုကြကုန်၏။

သစ္စာဓိဂမံ တဒ္ဒူ၊ ပဋိပတ္တိသိတံ မတံ၊
ပဋိပတ္တိ စ သာ ကာမံ၊ ပရိယတ္တိပရာယဏံ။

အဓိပ္ပာယ်မှာ သစ္စာလေးတန် အမှန်သိမြင်ရေး, ပဋိဝေဓကိစ္စမည်သည်, ကျင့်ဝတ်ပဋိပတ်၌မှီ၏။ ထိုကျင့်ဝတ် ပဋိပတ်သည်လည်း၊ စင်စစ် ပရိယတ်သာလျှင် လည်းလျှောင်းမှီခိုရာရှိ၏။ သို့အတွက် ကန်ဘောင်ကန်ရိုး နှင့် တူသော, ပရိယတ္တိ သာသနာတည်တန့်မှ ရေနှင့်တူသော ပဋိပတ္တိသာသနာ တည်နိုင်သည်၊ ရေနှင့်တူသော ပဋိပတ္တိသာသနာတည်နေပြီးမှ ကြာနှင့် တူသော ပဋိဝေဓ သာသနာတည်နိုင်သည်- ဟု အစဉ် အဆက် ရေးသား ဟောပြောလာကြကုန်သည်၊ ယခုလက်ရှိအခြေ အနေသို့ ရောက်ရှိလာခြင်းမှာလည်း ပရိယတ္တိ စာသင်တိုက်များ တည်ထောင်ကာ၊ စာပေပရိယတ္တိ ကို စွမ်းစွမ်း တမန် သင်အံ လေ့လာ ချပို့နေကြသော ဂဏဝါစက- သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်များ၊ အသိဉာဏ် အလင်းရောင် ပေးနေကြသော ပညာ

တတ် ကျမ်းပြုပုဂ္ဂိုလ်များ တို့၏ စွမ်းရည်သတ္တိကြောင့် ဖြစ်သည်မှာ အထင်အရှား မျက်မြင်ပင်ဖြစ်လေသည်။

ထိုကြောင့်–သာသနာတော် မြင့်ရှည်စွာ တည်တန့်ရေးကို အလိုရှိကြကုန်သော ဒကာ ဒကာမအပေါင်းတို့သည် စိတ်ကူးမလွဲစေဘဲ ပရိယတ္တိစာသင်တိုက် များကို သတိတမန် ဉာဏ်မြေကတုတ် ဝီရိယချွန်းအုပ်လျက် အစွမ်းကုန် ချီးမြှောက် အားပေးအပ်၏၊စာချစာသင် အရှင်မြတ်များကလည်း အင္ဂုသာလိနီအင္ဂုကထာလာ မြွေဖမ်းခြင်းလျှင် ဥပမာရှိသော အလဂဒ္ဒူပမာစာသင်နည်းမျိုးသို့ မကျရောက်စေဘဲ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းလျှင် အကျိုးရှိသော နိဿရဏတ္ထ မူမှန် စာသင်နည်းမျိုး ဖြစ်အောင်, ဖြောင့်စင်း ဖြူစင်သော စိတ်ထားဖြင့် သာသနာ ပြုကြကုန်လျက် တဘက်ကလည်း ရိပ်သာဖွင့်ကာ ပတိပတ္တိ သာသနာဝိပဿနာတရား များ ကိုပါ တဆက်တည်း မနေမနား စွဲမြဲစွာကြိုးစားအားထုတ်ကြရန် လေးနက်စွာ ညွှန်ကြားလိုက်ပေသည်။

**မှတ်ချက်**။ ။ကျမ်းစာတို့၌ကား– နာမည်ကျော်ကြားလာဘ်ပေါ်များအောင် စာသင်ခြင်းထက်၊ဘာမျှမလုပ်ဘဲအိပ်နေခြင်းက တော်သေး၏ဟု မဇ္ဈိမပဏ္ဏာသ အလဂဒ္ဒူပမာသုတ် အဋ္ဌကထာ၌ မိန့်တော်မူသည်။ စာမေးပွဲ စာပြန်ပွဲ အောင်မှု တခုကိုသာ အဓိကထား၍ ကြိုးစားသူများ သတိပြုရန်တည်း။

**သာသနာတော် ကွယ်ကြောင်းငါးပါး**

သာသနာတည်ကြောင်းကို ပြလျှင် သာသနာ ကွယ်ကြောင်း ကိုလည်း ချန်လှပ်ထားရန် မသင့်သဖြင့် အင်္ဂုတ္တိုရ် ပါဠိတော်လာ သာသနာ ကွယ်ကြောင်း တရားများကို ဤနေရာ၌ အချက်ကျသဖြင့် ဖော်ပြ လိုက် ပေသည်။ ဆိုခဲ့သော ပရိယတ်

ပတိပတ် ပတိဝေဓသဒ္ဓမ္မ ခေါ် သာသနာတော်၏ ကွယ်ဘို့ရာ အကြောင်း ငါးပါးရှိ၏၊ ငါးပါးဟူသည်ကား—

၁။ ရဟန်းများ တရားမနာခြင်း။

၂။ ပိဋကတ်တရားတော်များကို လေး လေး စား စား မသင်ယူခြင်း။

၃။ သင်ယူပါသော်လည်း လေးလေးစားစား နှုတ်ရ ဆောင်မထားခြင်း။

၄။ ဆောင် ထား သော်လည်း တရား အဓိပ္ပာယ် တို့ကို မစည်းစား မကြံစည်ခြင်း။

၅။ အဓိပ္ပာယ်ကို စည်းစားကြံစည်၍ သိပါသော်လည်း သိသည့်အတိုင်း တရားနှင့်လျော်အောင် မကျင့်ခြင်း ဤ ငါးမျိုးတည်း။

အဓိပ္ပာယ်မှာ—ဤသာသနာကွယ်ကြောင်း ငါးပါးတွင်- ၁-"တရားမနာ" ဟူရာ၌ ဆိုင်ရာကျောင်းတိုက်ကို အုပ်စိုးသော ဆရာတော်များ၏ ပါဠိတော်မှ ထုတ်ဖော်ပြသော တရားမျိုးကို မနာကြခြင်းပင်တည်း၊ ယခုကာလ၌ကား ထိုသို့ လေးနက်သော တရားတော်ကို ဟောပြသော ပုဂ္ဂိုလ်ပင် ရှားပါးလေပြီ။ ၂-"စာ ပေ မသင်ခြင်း" ဟူရာ၌ သဒ္ဒါသင်္ဂြိုဟ်တို့လို စာမျိုးကို သင်ရုံမျှ ဖြင့် အချိန်ကုန်၍ ဗုဒ္ဓရှင်တော်မြတ်၏ လေးနက်သော သုတ္တန် များကို မသင်ကြလျှင် သင်ယူရာပင် မရောက်သေးချေ။ ၃-"နှုတ်ရ မဆောင်ခြင်း" ဟူရာ၌ ပေထက်အက္ခရာမတင်ရသေးမီ အချိန်၌ နှုတ်ရမကျက်လျှင် ကောန် ပိဋကတ်တော်များ ကွယ်ပဘွယ်ရှိ၏။ ယခုနေ အချိန်အခါ မှာကား စာအုပ်များ ရှိနေပြီ ဖြစ်၍ နှုတ်ရ မဆောင်သော်လည်း သာသနာတော် မကွယ်နိုင်ခြင်း ဖြစ်သည်။ ၄-"အနက်အဓိပ္ပာယ်ကိုမသိခြင်း" ဟူရာ၌ ပါဠိတော်၏ အနက်

ကို အဋ္ဌကထာ အဆိုဖြင့် နားလည်ခြင်း၊ အဋ္ဌကထာ အဆို ကို ဋီကာဖြင့် သိနိုင်ခြင်းတည်း၊ ထိုသို့ သိရှိနားလည်အောင် ပါဠိအဋ္ဌကထာဋီကာ ဟူသမျှ၌ အနက်ဉာဏ်ကြီးဘို့ အရေးကြီးလှ ပေသည်။ သဒ္ဒါသင်္ဂြိုဟ်စသော ယခုခေတ်စာမေးပွဲများဖြင့် အချိန်မကုန်သင့်ကြပေ။ ၅-"တရားတော် နှင့် လျော်အောင် မကျင့်ခြင်း" ဟူရာ၌ ဝိနည်းတရားတော်နှင့်လျော်အောင် နေထိုင်ခြင်း၊ သုတ္တန်အဘိဓမ္မာနှင့်လျော်အောင် စိတ်ကိုဆုံးမ၍ တရားအားထုတ်ခြင်းများတည်း၊ ယခုအခါ ပြဆိုခဲ့သော ငါးပါးလုံး၌ပင် ကြိုးစားမှုနည်းပါးလှပြီဖြစ်သောကြောင့် ဤနည်းအတိုင်းသာလျှင် ကြာရှည်နေပါမူ သာသနာတော်ကွယ်ဘို့အရေးသည် ငါးထောင်တိုင်အောင် နေ့းတော့မည်မဟုတ်ပါ။

**နောက်တနည်း ငါးပါး ကား** ၎င်းပြင် သာသနာကွယ်ပဘို့ရာ နောက်ထပ်အကြောင်းအရာငါးမျိုးရှိသေး၏ဟု ရဟန်းတို့အား ဟောတော်မူ၏။ ငါးပါးဟူသော်ကား—

၁။ ပိဋကတ်ပါဠိတော်များကို မသင်ခြင်း။

၂။ သင်ပါသော်လည်း, ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို သူတပါးအား အကျယ်မဟောခြင်း။

၃။ ထိုသင်တပ်ပြီးသော ပိဋကတ်တော်ကိုအကျယ်ပြောပြ၍မပို့ချခြင်း။

၄။ ထိုသင်အပ်ပြီးသော ပိဋကတ်တော် ကို အကျယ်အားဖြင့် မရွတ်ဆို မအံခြင်း။

၅။ ထို သင် အပ် ပြီး သော ပိဋကတ်တော် ၏ အနက်

အဓိပ္ပာယ်ကို မကြံစည်, မစည်းစားခြင်း-ဤငါးပါး တည်း။

**မှတ်ချက်။** ။ဤငါးပါးကား စာပေပိဋကတ်တော်ကွယ် မှုနှင့်ဆိုင်သော အကြောင်းများတည်း၊ စာပေပိဋကတ်ကွယ်လျှင် အကျင့်ပတိပတ်လည်း ကွယ်တော့မည်သာ၊ ပတိပတ် ကွယ်ပါမူ ကျင့်ပြီးမှသိရမည့် ပတိဝေဓသာသနာတော် ကွယ်တော့မည်မှာ ပြောဘွယ်ရာမရှိပြီ၊ ထိုကြောင့် စာချ ဓမ္မာစရိယတို့သည် သဒ္ဒါ သင်္ဂြိုဟ်တို့ကဲ့သို့ အောက်တန်းစားစာတွေမှာ အချိန်ကုန် မခံစေဘဲ၊ သဒ္ဒါပညာ မြန်စွာတိုးပွားစေမည့် အထက်တန်းပိဋက ပါဠိ အဋ္ဌကထာများကိုသာ အရေးတကြီးပို့ချသင့်ကြပေသည်။

ပါဠိတော်များကိုမသင်ရဘဲ အောက်တန်းစာကို မည်မျှ လောက် သင်ကြားစေကာမူ ဗုဒ္ဓနှုတ်ထွက် ပိဋကတ်တရားတော် များကား-ကေန်ကွယ်ပပါလိမ့်မည်။ "အကျယ်မဟော, အကျယ် မချ"ဟူရာ၌ လည်း ထိုပါဠိတော်၏ အနက် အဓိပ္ပာယ် ကို အဋ္ဌ ကထာ ဖွင့်ပြသကဲ့သို့ အကျယ်မဖွင့်ခြင်းကိုသာ ဆိုလို ပါသည်။ အနုသန္ဓေကျမ်းရိုးတက်တွေနှဲ့ ဝေဝေဆာဆာ သဒ္ဒါရေး စိစစ် ချက်များကို ဆိုလိုရင်းမဟုတ်ပါ။

**နောက်တနည်း ငါးပါးကား** ၎င်းပြင်-သာသနာကွယ်ပျောက်ဘို့ရာ နောက် ထပ် အကြောင်းအရာ ငါးမျိုး ရှိသေး၏ ဟု ရဟန်းတို့အား ဟောတော်မူ၏။ ငါးပါး ဟူ သော်ကား—

၁။ အက္ခရာပုဒ်ပါဌ်များ မှားမှားယွင်းယွင်းနှင့်ပိဋကတ် ကို ဘာင်ယူခြင်း။

[အက္ခရာပုဒ်မှားလျှင် အနက်အဓိပ္ပာယ် အယူအဆလည်း

များတော့မည်သာ၊ အနက်အဓိပ္ပာယ် အယူအဆများလျှင် ဘုရားအဆုံးအမတော်များ ပျောက်ကွယ်သွားဘွယ်ရှိ၏-ဟူလို]

၂။ ရဟန်းတို့၏ပြောဆိုဆုံးမခက်ခြင်း။

၃။ စာချနိုင်လောက်သောပုဂ္ဂိုလ်တို့က စာမချခြင်း။

[ထိုပုဂ္ဂိုလ်များ ကွယ်လွန်သွားကြသောအခါ ထိုပုဂ္ဂိုလ်များ တတ်သိထားသော တရားတော်များ အဆက်ပြတ်၍ သာသနာတော် ကွယ်ကြောင်း တမျိုးဖြစ်ရတော့၏-ဟူလို]

၄။ ပစ္စည်း လာဘ် ပေါများခြင်း ကို အလိုရှိကြ သဖြင့် အလျော့ဘက်သို့ လိုက်ကာ, သာသနာ ဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်းဆောင်လုပ်လျက် သာသနာတိုးတက်မှု၌ကား ဆန္ဒဝီရိယလျှော့ချထားခြင်း။

၅။ သံဃာကွဲပြားခြင်း, ဤငါးပါးတည်း။ [ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်]

**မှတ်ချက်။** ။၂-နံပါတ်အရပြောဆိုဆုံးမခက်ခြင်းကိုယခုအခါ တိုက်တာ, ကျောင်းတိုင်းများမှာလို တွေ့ကြရ၏။ စာချရာ၌ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ မသင့်သောအချက်များကိုမပြောဝံ့အောင် ရှိနေကြလေပြီ။ ၃-နံပါတ်အရ နဂိုရ်ကစာချဝါသနာပါသော ဆရာတော်များပင် တပည့်တို့၏ အပြောခက်, အဆိုခက်မှု၊ မိမိတို့ငယ်စဉ်က ကြိုးစားခဲ့သလို မကြိုးစားကြမှု ကြောင့် စာမချလိုတော့ဘဲ၊ အေးဆေးစွာနေလိုဆန္ဒများ ပေါ်ပေါက်နေကြသဖြင့် စာချပုဂ္ဂိုလ်များလည်း နည်းသည်ထက် နည်းပါးလာလေပြီ။

၄-နံပါတ်အရ-လာဘ်လာဘပေါများအောင် လိုက်စားသူတွေ များနေရုံမက ထိုသူတို့ကပင် အလျော့အတင်း နှစ်မျိုးဝယ်, အလျော့ဘက်ကို လိုက်ကာ, သာသနာ ဆုတ်ယုတ်ရေး၌

အားပေး ခေါင်းဆောင် လုပ်နေသူ များ မရှားတော့ချေ။ ၅-နံပါတ်အရ သံဃဘေဒကံထိုက်သော သံဃာကွဲပြားမှုမျိုးမဟုတ်သော်လည်း၊ တဖက်နှင့်တဖက် မကြေနပ်သော ကွဲပြားမှု မျိုးကား အရပ်တိုင်းလိုလိုရှိနေကြ၏။ တဖက်နှင့်တဖက် မကြားကောင်းမနာသာ ပြောဆိုစွပ်စွဲကြကာ၊ ဆိုင်ရာ ဒကာ ဒကာမတို့ကိုလည်း မိမိတို့ဖက်သားဖြစ်အောင် သွေးဆောင်ကြသဖြင့် ဒကာ ဒကာမတို့မှာလည်း "ဆန်စင်ရာကျည်ပွေ့လိုက်" သကဲ့သို့ ရိုက်ကြ နှက်ကြ ရိုးတက်ကြနှင့် အကုသိုလ် များကြလေပြီ၊ သာသနာ နှင့်စပ်၍ အစိုးရကိုယ်တိုင်မပူပြင်လျှင် မကွယ်သော်လည်း အကျိုးနည်းဘို့ကိစ္စတွေ ဒိဋ္ဌလက်ငင်းကြုံတွေ့နေကြပါပြီ။

[အောက်ပါလင်္ကာများကို အင်္ဂုတ္တိုရ်ပါဠိတော် အတိုင်း မန္တလေးမြို့ ရွှေကျင်နိကာယ သမုတိသာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်ကြီး စီစဉ်ထားသည်။ နှုတ်ငုံရအောင် ဆောင်ထားကြပါ]

(က) အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့တရားမနာ၊[၁] စာပေမသင်၊[၂] နှုတ်တွင်မဆောင်၊[၃] သိအောင်မမှတ်၊[၄] ပတိပတ်ကွာ၊[၅] ဤငါးဖြာတည်း။

(ခ) နှောင်လာထို့ပြင်၊ စာပေပယ်လျှော့၊[၁] ကျယ်မဟောကြ၊[၂] ကျယ်မချနှင့်၊[၃] ကျယ်စွာမအံ၊[၄] မကြံမစည်၊[၅] ဤငါးလီတည်း။

(ဂ) ဝါတနည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊[၁] ဆုံးမမယူ၊[၂] စာချသူရှား၊[၃] လာဘ်များအောင်ကြံ၊[၄] ခိုက်ရန်ကွဲပြား၊[၅] ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

သာသနာကွယ်ကြောင်းတရားများပြီး၏။

**သဗ္ဗညုဗုဒ္ဓမှ သာသနာတည်နိုင်**

အဆိုပါသာသနာကို သိကြား ဗြဟ္မာ သူရာ ဂန္ဓဗ္ဗ နရသနင်း စကြာမန္ဓာတ်မင်းတို့လည်း မဖန်ဆင်းနိုင်၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ ပဋိသမ္ဘိဒါ ပတ္တဆဋ္ဌာဘိညာ-အရှင်များလည်း မတည်ထောင်နိုင်၊စင်စစ်မှာ ဘုန်းခြောက်ပါးသခင် သဗ္ဗညု့ဘုရားရှင် တို့သာ တည်ထားနိုင်လေသည်။ [သဗ္ဗညု့ဗုဒ္ဓ ပစ္စေကဗုဒ္ဓ စတုသစ္စဗုဒ္ဓ သုတဗုဒ္ဓ ဟူ၍ ဗုဒ္ဓ ၄-ဆူရှိပုံကိုလည်း သိမှတ်နားလည်ထားကြပါ] ထို သဗ္ဗညု့ဘုရားရှင်တို့ပင်သော်လည်း၊ သာမည လုံ့လစွမ်းပကားဖြင့် တည်ထားနိုင်သည်မဟုတ်၊ ဖြစ်လေရာရာ ဘဝများစွာသံသရာတို့၌ မိမိအသက်ကိုသမန်းမြက်ခြောက်သစ်ရွက်လောက်မျှမအောက်မေ့ဘဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း- ကာလပတ်လုံး ပါရမီ ဆယ်ပါး,အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူပြီးမှ တည်ထားနိုင်သည်အတွက် တခုတခုသော သိက္ခာပုဒ်တော်သည်လည်းထိုမျှပင် တန်ဘိုးရှိလေသည်။ ထိုမျှထိ အဘိုးအနဂ္ဃ ထိုက်လှစွာသော သိက္ခာပုဒ်တော်များသည် ကေသရာဇာခြင်္သေ့မင်း၏ အဆီသည် မြေအိုးမြေခွက်များ၌မတည်၊ အဘိုးတသိန်းမကထိုက်သော သိင်္ဂီရွှေခွက်၌သာတည်နိုင်သကဲ့သို့ အလဇ္ဇီသူယုတ်မာတို့၌ မတည်နိုင်မူ၍ လဇ္ဇီသူမွန် သီလဝန် ပုဂ္ဂိုလ်များ၌သာ တည်ရပ်နိုင်လေသည်။

ထိုစကားမှန်၏၊လူသိရှင်ကြားအများသိ ကုဋေ ၉ ထောင်ကျော်(၉၁၀၀၅၀၃၆၀၀၀) အကျဉ်း အား ဖြင့် ၂၂၇ သွယ် မာတိကာ သိက္ခာပုဒ်များတွင် အချို့အချို့ သိက္ခာပုဒ်တော်များ ကွယ်ပျောက်နေခြင်းမှာ အားလုံးမျက်မြင်ပင်ဖြစ်၍ အထူးရေးသားဖော်ပြရန် မလိုတော့ချေ၊ သို့ရာတွင်လုံခြုံအောင် ထိန်းသိမ်း

စောင့်ရှောက်ကြပေသော လဇ္ဇီသူမွန် သီလဝန် အရှင်များလည်း ရှိနေကြပြန်သဖြင့်- ထိုပုဂ္ဂိုလ်တို့၌ကားသာသနာတော်မပြိုမပျက်, အသက်ဝင်ကာ ခိုင်မြဲတည်တန့်လျက်ရှိနေသည်ဟုပင် ဆိုရလေ သည်။

**သာသနာလည်း သင်္ခါရ**

သာသနာဆိုတဲ့ တရားလည်း သင်္ခါရသဘော အတိုင်းပင်ဖြစ်ရာ “သစ်ငုတ်မြင့်တုံ- မြက်မြင့်တုံ”ဆိုသကဲ့သို့ မြင့်ချည်တခါ,နိမ့်ချည်တလှည့် (ခေါက်ရှာငှက်) ပျံသကဲ့သို့ မှတ်ရာ၏၊ လဇ္ဇီသူမွန်သီလဝန်တို့ စွမ်းစွမ်းတမန် စိတ်ဓာတ် ထက်သန်စွာဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်နိုင်လျှင် စည်ပင်ထွန်းလင်း၍ အလဇ္ဇီသူယုတ်မာများ အခွင့်သာ, သာသလို ကြားဝင်နှောက်ယှက်လျှင် ဖရို ဖရဲ ပြိုကွဲ ပျက်စီးရလေတော့သည်၊ ထိုကြောင့်- “သာသနရက္ခကာကမ္မံနာမ ဟိ လဇ္ဇီနံယေဝ ဝိသယော၊ နောအလဇ္ဇီနံ”ဟု အဋ္ဌကထာ ဆရာ မြတ်များ မိန့်ဆိုကြကုန်၏။

သိမှတ်ရန်ကား- ယခုခေတ်ကာလ “အတုမြင်- အတတ်သင်”လျက်ရှိကြရာဝယ်၊ အကောင်းထက်,အဆိုးဖက်ကို အလေးပေးကာ အတုယူသူ များပြားလှ၏၊ မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ အများသဘောဟု ဆိုလေ့ရှိကြရာ၊ များ၍ မှန်ကန်လျှင် ဆိုဖွယ်မရှိသော်လည်း လွဲမှားနေလျှင် အကျိုးမရှိသည်အပြင်၊ အပြစ်ဖြစ်၍ လွန်စွာပင် နစ်နာဆုတ်ယုတ် ပျက်စီးရလေသည်၊ ထိုကြောင့်- များတိုင်းလည်း ကောင်းသည်ချည်းမမှတ်ရာ၊ အပြစ်မဲ့- အကျိုးရှိမှ ယုံကြည်လိုက်နာရန် သင့်လေသည်။

ထိုစကားသည်မှန်၏။လောက၌အကောင်းနှင့်အဆိုးဘယ် က များသလဲဟု သိဥ္စည်းဆရာကြီးက မေးရာ၊ အဆိုးများကြောင်း

ဖြင့် အရှင်သာရိပုတ္တရာ ဖြေကြားသကဲ့သို့၊ အကောင်းရှိလျှင် အဆိုးရှိစမြဲမှာ ဓမ္မတာသဘောတခုပင်ဖြစ်ရာ၊ ဘုရားရှင်လက်ထက်တော်၌ပင်၊ မဇ္ဈိမဒေသ၌ဆဗ္ဗဂ္ဂီခေါ် အလဇ္ဇီ သူ ယုတ် မာ များ အသိုက်အအုံဖွဲ့ကာ- ပရိသတ်များစွာတို့ဖြင့် ဆရာဒကာ လက်ပွန်းတတီး လုံးစည်းညီညာ တစင်ထောင်ကာ စခန်းသွား နေထိုင်လျက် ရှိကြလေသည်။ထိုပုဂ္ဂိုလ်တို့သည် တခြားသူ-မဟုတ် သဗ္ဗညုဗုဒ္ဓ၏ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ တပည့်ရင်းချာများပင် ဖြစ်ကြသည်။

ဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက်,သင်္ဂါယနာသုံးတန်တင်ခဲ့ရခြင်းအကြောင်းရင်းမှာလည်း အလဇ္ဇီပုဂ္ဂိုလ်များထကြွသောင်းကျန်းမှုများကြောင့်ပင်ဖြစ်ရာ၊ နောက်ဆုံး ပါတလိပုတ် ပြည်ရှင်ဘုရင်ဓမ္မာသောကမင်းနှင့် အရှင် မောဂ္ဂလိ ပုတ္တတိဿ မထေရ်တို့ အရေခြုံရဟန်းယောင်ခြောက်သိန်းကို လူထုတ်၍ သာသနာပြုခဲ့ပုံ, ပုဂံပြည် အနော်ရထာမင်းနှင့် အရှင်အရဟံတို့လည်း နည်းတူပင် သမထီးအရပ်၌ အလဇ္ဇီသူယုတ်မာ အရေခြုံ အရည်းကြီးများကို လူဝတ်လဲစေလျက် သာသနာပြုခဲ့ပုံတို့မှာ ယနေ့တိုင်သာသနာတွင် မှတ်တန်းဝင်ကာ စာတင်ကျန်ရစ်ခဲ့ခြင်းမှာ လွန်စွာပင် စိတ်ဝင်စားဘွယ်ကောင်းလှ၍ စံနမူနာယူလောက်ပါပေသည်။

သို့အတွက်"သာသနံနာမရာဇာနံ၊နိဿာယတိဋ္ဌတေဣဓ" သာသနဝံသလာ ဂါထာအရ၊ သာသနာဟူသည် ရေမြေ့ရှင်ဘုရင်မင်းကိုမှီ၍ တည်ရကား၊ ယခုနိမ့်ကျဆုတ်ယုတ်နေသည့်(ဗုဒ္ဓဝါဒနှင့်မဆန့်ကျင်သော)သာသနာရေးကိစ္စ မှန်သမျှကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သို့ ဦးဆောင်ချီတက်နေသော တော်လှန်ရေးကောင်စီ၏ပေါ်လစီအရ၊ အစိုးရပါ၊ ဆရာဒကာနှစ်ဘက်ကွပ်

ညှပ်လျက် စွမ်းစွမ်းတမန် စီမံဆောင်ရွက်ပြုလုပ်ကြမှသာ, အရင်းရှင်စနစ်ကို အမြစ်ပါမကျန် တော်လှန်ပစ်ရာလည်း ရောက်သောကြောင့် တိကျမှန်ကန်၍ သဘာဝကျသော- သာသနာအမှန်ကို အမှန်ပင် လက်တွေ့လက်ငင်း တွေ့မြင်ကြရပေလိမ့်အံ့သတည်း။

ဗုဒ္ဓသာသနာတော်ကို ပြဆိုရာအခန်း ပြီး၏။

## ကမ္မဋ္ဌာန်းကို ပြဆိုရာအခဏ်း

**ကမ္မဋ္ဌာန်း အဓိပ္ပါယ်**

ကမ္မဋ္ဌာန်းဟူသော ဝေါဟာရပညတ်သည် ကမ္မဋ္ဌာန ပါဠိနှစ်ရပ်မှ ဆင်းသက်လာသော အမည်သညာဖြစ်၍ ကမ္မ-အလုပ်,ဌာန-တည်ရာ၊ ဝါ-ဖြစ်ရာ၊ နှစ်ပုဒ်တွဲစပ်လျှင် အလုပ်တည်ရာ,ဖြစ်ရာဟု အနက်ထွက်သဖြင့်၊ ဘာဝနာ အလုပ်တည်ရာ, ဖြစ်ရာအာရုံဟု အဓိပ္ပါယ်ရရှိလေသည်၊ ထို-ဘာဝနာသည်လည်း,သမထ,ဝိပဿနာ-ဟုနှစ်မျိုးပြားသဖြင့်-ကမ္မ-အရ၊ ဈာန်သမာပတ်ကိုသာလျှင် ဖြစ်စေတတ်(ရစေတတ်)သော,သမာဓိ စေသသိက်ပြဓာန်းသော သမထဘာဝနာ၊ မဂ်ဖိုလ်ကိုသာ ဖြစ်စေတတ်(ရစေတတ်)သော,ပညာစေတသိက်ပြဓာန်းသော ဝိပဿနာ ဘာဝနာတို့ကိုရ၏။ ဌာနအရကား,ကသိုဏ်းပညတ် စသော ပစ္စည်းအာရုံ, တေဘူမကသင်္ခါရ ရုပ်နာမ်ဓမ္မအာရုံ-ကိုရ၏။

စိတ်တည်ကြည်မှု သမာဓိဖြစ်အောင် စီးဖြန်းပွားများမှု, အသိမှန် အမြင်မှန် ပညာဉာဏ်သိဖြစ်အောင် စီးဖြန်းပွားများမှုတို့ကို၊ "ဘာဝေတိ ဝဍ္ဎေတိ ဧတာယာတိ ဘာဝနာ" အရ၊ ဘာဝနာခေါ်သည်။ ဆိုလိုရင်းမှာ-သမထဘာဝနာကံ,ဝိပဿနာ ဘာဝနာကံ- နှစ်ပါးတို့၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သော ကြောင့် ကသိုဏ်း ပညတ် စသော အာရုံ၊ တေဘူမကသင်္ခါရ ရုပ်နာမ်ဓမ္မ အာရုံတရားသည် (ကမ္မဋ္ဌာန) ပုဒ်အရ- ကမ္မဋ္ဌာန်း မည်လေသတည်း။

ထို့ကြောင့်- ဝိဘာဝနီဋီကာစသည်၌- ကရီယတီတိ ကမ္မံ, ဌာတိ ဥပ္ပဇ္ဇတိ ဧတ္ထာတိ ဌာနံ,ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ"ဟု မိန့်ဆိုလေသည်၊ ယံ့-အကြင်ဘာဝနာ နှစ်တန်, ကောင်းမှုကံကို၊သပ္ပုရိသေဟိ-သူတော်ကောင်းတို့သည်၊ ကရီယတိ- ပြုအပ်၏၊ ဣတိတသ္မာ-

ထိုသို့ပြုအပ်သောသတ္တိကြောင့်၊တံ-ထိုဘာဝနာ နှစ်တန်, ကောင်း
မှုကံသည်၊ ကမ္မံ- ကမ္မမည်၏။ ဧတ္ထ- ဤကသိုဏ်း ပညတ်စသော
အာရုံ,တေဘူမကသင်္ခါရအာရုံတို့၌၊ကမ္မံ-ဘာဝနာကံသည်၊ ဌာတိ
ဥပ္ပဇ္ဇတိ-ဖြစ်တတ်၏၊ ဣတိတသ္မာ- ထိုသို့ဖြစ်ရာ ဖြစ်သော သတ္တိ
ကြောင့်၊တံ-ထိုကသိုဏ်း ပညတ်စသောအာရုံ, တေဘူမကသင်္ခါရ
အာရုံသည်၊ဌာနံ-ဌာနမည်၏။ကမ္မဿ-ဘာဝနာနှစ်တန်, ကောင်း
မှုကံ၏၊ ဌာနံ-ဖြစ်ရာ ဖြစ်ကြောင်းတည်း၊ ကမ္မဋ္ဌာနံ-ဘာဝနာနှစ်
တန်, ကောင်းမှုကံ၏ ဖြစ်ရာဖြစ်ကြောင်း။ ဝါ-ကမ္မဋ္ဌာန်းမည်၏။
(ဝိဘာဝနီ ဋီကာကျော်အနက်။)

မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ ဆရာကား-"ကမ္မမေဝ
ဝိသေသာဓိဂမဿဌာနံ ကမ္မဋ္ဌာနံ,ကမ္မေဝါ ဌာနံ ဘာဝနာရမ္ဘော
ကမ္မဋ္ဌာနံ"ဟုဝိဘင်းမူလဋီကာ၌ ဖွင့်ဆိုလေသည်။ ကမ္မမေဝ-ဘာ
ဝနာကံ နှစ်ပါးသည်ပင်လျှင်၊ ဝိသေသာဓိဂမဿ- ဈာန်မဂ်ဖိုလ်
အထူးကို ရခြင်း၏၊ ဌာနံ-အကြောင်းတည်း၊ ကမ္မဋ္ဌာနံ- နှစ်ပါး
သော ဘာဝနာကံသည်ပင်လျှင်၊ ဈာန်မဂ်ဖိုလ်အထူးကို ရခြင်း၏
အကြောင်း။ဝါ-တနည်းကား၊ကမ္မေ-နှစ်ပါးသော ဘာဝနာကံ၌၊
ဘာဝနာ ရမ္ဘော-ဘာဝနာကို အားထုတ်ခြင်းသည်၊ ဌာနံ-ဈာန်
သမာပတ်, မဂ်ဖိုလ် နိဗ္ဗာန် မြတ် ကို ရ ခြင်း အ ကြောင်း တည်း၊
ကမ္မဋ္ဌာနံ-ဘာဝနာကံ၌ အား ထုတ်ခြင်း သည် ဈာန်သမာပတ်,
မဂ်ဖိုလ် တ ရား မြတ် နိဗ္ဗာန်ဓာတ်ကို ရ ခြင်း အကြောင်း၊ ဝါ၊
ကမ္မဋ္ဌာန်းမည်၏။ (မူလဋီကာအနက်)

သတိပေးချက်- ဤမျှဖြင့် ကမ္မဋ္ဌာန်း အဓိပ္ပာယ်ကို ဘာ
ဝနာတရား လိုက်စားသူတိုင်း နားလည် လောက်ပြီ၊ သိမြင်နိုင်ခဲ့
သော ဘာဝနာ အလုပ်မျိုးသည် သိမ် မွေ့ နက် နဲ သော ဉာဏ်
ပညာ၏အရာသာဖြစ်၍ စိတ်တည်ကြည်စွာ လေ့လာ ဝင်စားဖန်

များလျှင် ဉာဏ်အမြင် သန့်ရှင်း၍ သဘော ပေါက်လာပါလိမ့်မည်။

**သမထ ကမ္မဋ္ဌာန်း** ကမ္မဋ္ဌာန်းသည်သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတို့တွင် ကသိုဏ်းစသော လေးဆယ်သော ကမ္မဋ္ဌာန်းသည် အဝိဇ္ဇာ နီဝရဏမှ တပါး, ကာမစ္ဆန္ဒအစရှိသော နီဝရဏငါးပါးတို့ကို ငြိမ်းအေး စေတတ်သောကြောင့် သမထကမ္မဋ္ဌာန်းမည်၏။ "နီဝရဏေသမေ တီတိသမထော"၊ ယောသဘာဝေါ-အကြင်သဘောတရားသည်၊ နီဝရဏေ-နီဝရဏတရားငါးပါးတို့ကို၊ သမေတိ,ဝူပသမေတိ-ငြိမ်း အေးစေတတ်၏။ ဣတိတသ္မာ-ထိုကြောင့်၊ သောသဘာဝေါ- ထို သဘောတရားသည်၊ သမထော-သမထမည်၏။ (သမာဓိစေတ သိက်ကို အရကောက်အပ်၏။)

အဓိပ္ပာယ်ကား- ဝိတက် အစရှိသော ဈာန်အင်္ဂါငါးပါး နှင့်တကွသော ကာမကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်သည် ဘာဝနာ သုံးတန်သို့ရောက်၍ နီဝရဏတရားတို့ကို ငြိမ်းအေး စေတတ်သော ကြောင့် သမထမည်၏ဟုဆိုရာ၌၊ ငြိမ်းဟန်ကား-ဝိတက်သည် ထိန မိဒ္ဓနီဝရဏကို၊ ဝိစာရသည် ဝိစိကိစ္ဆာကို၊ ပီတိသည် ဗျာပါဒကို၊ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စကို၊ သမာဓိသည် ကာမစ္ဆန္ဒ နီဝရဏကို ငြိမ်းအေးစေ၏။လောကူပမာအားဖြင့် အေးမြလှသောသီတာရေ စင်သည် အလျှံတပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကို အခိုးခါတ်နှင့်တကွ ငြိမ်းအေးစေသကဲ့သို့ မှတ်အပ်၏ဟူလို။

ဤသမထကမ္မဋ္ဌာန်းသည်လည်း,ပရိတ္တကမ္မဋ္ဌာန်း,မဟဂ္ဂတ ကမ္မဋ္ဌာန်းအားဖြင့် နှစ်ပါးပြား၏။ ထိုနှစ်ပါး တို့တွင် ဥပစာရ ဘာ ဝနာ သို့ မ ရောက် မီ, စီး ဖြန်း သော ကမ္မဋ္ဌာန်းသည် ပရိတ္တ ကမ္မဋ္ဌာန်းမည်၏။အပ္ပနာဘာဝနာသို့ ရောက်အောင်စီးဖြန်းသော

ကမ္မဋ္ဌာန်းသည် မဟဂ္ဂတ ကမ္မဋ္ဌာန်းမည်၏။ သမထ ကမ္မဋ္ဌာန်း, သမထတရား၏အာရုံဖြစ်သော ပထဝီကသိုဏ်း စသော လေးဆယ်သော သမထဘာဝနာသည် စျာန်အဘိညာဏ် သမာပတ်တို့ကို ရစေတတ်၏၊ ရူပအရူပဗြဟ္မာဘုံထိ ရောက်နိုင်၏၊ လောက၌ ဘုရားမပွင့်သောအခါတို့၌လည်း ထင်ရှားရှိကုန်၏၊အားထုတ်လျှင် ရနိုင်၏၊ အမြဲတည်ရှိသော ဓမ္မတာကုသိုလ်မျိုးတို့ဖြစ်ကုန်၏။

သမထဘာဝနာ၏အာရုံ ကမ္မဋ္ဌာန်းလေးဆယ် ဟူသည်ကား၊ အကျဉ်းအားဖြင့် ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, အနုဿတိဆယ်ပါး,အပ္ပမညာလေးပါး, သညာတပါး, ဝဝတ္ထာန်တပါး,အရူပလေးပါး-တို့တည်း၊ ထိုထက်အသေးစိတ်ကို ပြနေဖွယ်မလိုချေ၊ အလိုရှိလျှင် အ လွယ် ကူ ဆုံး သင်္ဂြိုဟ် ကမ္မဋ္ဌာန်း ပိုင်းက ယူပါလေ၊ အကြောင်းမှာ- ဤစံပြကျမ်း၌ အမည်အားလျော်စွာ ဝိပဿနာကိုသာ အဓိကထား၍ ရေးရန် ဖြစ်သောကြောင့်တည်း၊ သို့တစေလည်း မပြလျှင် မဖြစ်သော သက်ဆိုင်ရာ အချို့နေရာများ၌သာ အနည်းငယ်ခန့်မျှ ဖော်ပြပါလိမ့်မည်။

**ဝိပဿနာ ကမ္မဋ္ဌာန်း** တေဘူမကဥ္ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားစုသည်၊ အနိစ္စ စသော လက္ခဏာ သုံးပါးဖြင့် ရှုတတ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။ "အနိစ္စာဒိဝိဝိဓေကာရေန ပဿတီတိဝိပဿနာ"၊ ယာဓမ္မဇာတိ- အကြင်တရားသဘောသည်၊ သင်္ခါရေသု-ရုပ်နာမ်ဓမ္မသင်္ခါရတို့၌၊အနိစ္စာဒိဝိဝိဓေကာရေန-အနိစ္စအစရှိသော အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့်၊ ပဿတိ-ရှုမှတ်တတ်၏၊ ဣတိတသ္မာ- ထိုကြောင့်၊ သာဓမ္မဇာတိ- ထို သ ဘော တ ရား သည်၊ ဝိပဿနာ- ဝိပဿနာမည်၏။(ပညာစေတသိက်ကို အရကောက်အပ်၏။)

ဤဝိပဿနာသည်လည်း သင်္ခါရပရိဂ္ဂဟာနု ဝိပဿနာ, ဖလသမာပတ္တိဝိပဿနာ, နိရောဓသမာပတ္တိဝိပဿနာ-ဟူ၍သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင်-ရုပ်နာမ်ဓမ္မတို့ကို သိမ်းဆည်းသော သင်္ခါရပရိဂ္ဂဟာနု ဝိပဿနာသည် နုံ့သည်ဖြစ်စေ, ထက်သည်ဖြစ်စေ, မဂ်၏နီးစွာသော အကြောင်း ဖြစ်ကုန်၏။ ဖလသမာပတ္တိ ဝိပဿနာသည် ထက်မှသာလျှင် သင့်ကုန်၏၊ အဘယ်ကြောင့်ဟူမူ-မဂ္ဂဘာဝနာနှင့်တူသောကြောင့်တည်း။ နိရောဓသမာပတ္တိ ဝိပဿနာသည် မနုံ့မထက်, အလယ်ချက်တိတိ, ဖြစ်ခြင်းရှိမှသာလျှင် သင့်ကုန်၏။(ယုဂနဒ္ဓဝိပဿနာဟူ၍လည်း ဆိုအပ်၏။)

ယင်းသုံးပါးတို့တွင် သင်္ခါရပရိဂ္ဂဟာနု ဝိပဿနာသည် ကလာပ ဝိပဿနာ, အနုပဒ ဝိပဿနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပရမတ္ထဓမ္မဖြစ်သော ရုပ်နာမ်တရားတို့ကို အစိတ်အစိတ်အားဖြင့် ပွားများသော ဝိပဿနာသည် အနုပဒ ဝိပဿနာ မည်၏။ငင်းအနုပဒဝိပဿနာကို အလွန်ပညာကြီးတော်မူကုန်သော အရှင်သာရိပုတ္တရာမထေရ်ကြီး ပွားများတော်မူ၏။ ပရမတ္ထဓမ္မဖြစ်သော နာမ်ရုပ်တရားတို့ကို အစုအပေါင်း အားဖြင့် ပွားများသော ဝိပဿနာသည်၊ ကလာပ ဝိပဿနာမည်၏၊ ငင်းကလာပ ဝိပဿနာကို တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်တော်မူသော အရှင်မောဂ္ဂလာန် မထေရ်ကြီး ပွားများတော်မူ၏။

ဝိပဿနာကမ္မဋ္ဌာန်း၊ ပညာတရား၏ အာရုံ ဖြစ်သော တေဘူမကသင်္ခါရ၌ ရှုတတ်သော အနိစ္စ ဒုက္ခ အနတ္တသဘော ဟူသော ဝိပဿနာဘာဝနာသည် မဂ်ဖိုလ်ကိုသာလျှင်ရစေတတ်၏၊ နိဗ္ဗာန်ရောက်ကြောင်းဝိပဿနာပညာသည်မူကား၊လောကဥ္ဇ ဘုရားပွင့်မှ-ဖြစ်ထွန်းပေါ်ပေါက်နိုင်၏၊ ထိုပညာတခုအတွက်နှင့် သာ လောကဥ္ဇဘုရားပွင့်တော်မူရ၏။ အနတ္တလက္ခဏာကို ဘုရား

ပွင့်သောကာလ၌သာထင်ရှားနိုင်ကောင်း၏၊ထိုကြောင့်ဝိပဿနာ ပညာ အလုပ်တခုကိုသာ, အခါကောင်းအခွင့်သာတုံး အားထုတ်ကြရန် ဝိပဿနာ ထိပ်ခေါင်တင်ရှင်တော်မြတ် ဘုရား က အရေး ကြီးစွာမြွက်ကြားတော်မူခဲ့၏။

ဝိပဿနာ ပညာတေဘူမက သင်္ခါရအာရုံဟူသည် ဝိသုဒ္ဓိ ခုနစ်ပါး, လက္ခဏာရေးသုံးပါး,အနုပဿနာသုံးပါး, ဝိပဿနာ ဉာဏ် ဆယ်ပါး, ဝိမောက္ခသုံးပါး, ဝိမောက္ခမုခ သုံးပါး တို့ကို ဆိုလိုသည်။ အချုပ်မှာ "တေဘူမကသင်္ခါရာ အဝိပဿနူပဂ ါနာမ နတ္ထိ" ဟု အဋ္ဌကထာဆရာမြတ်တို့ ဆိုသောကြောင့် ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရတရားမည်သည် ဝိပဿနာတင်၍ မရှုမဆင်ခြင် မသုံးသပ်အပ်သော တရားမည်သည် မရှိ၊ သက်ရှိ သက်မဲ့ အလုံးစုံ ဝိပဿနာ၏ အာရုံချည်းဖြစ်သောကြောင့် အလွန်ပင် များပြား လှစွာ၏။ သို့ပေမဲ့ အကျဉ်းချုံးလိုက်လျှင် ဆိုခဲ့သည့်အတိုင်း ရုပ် နာမ် နှစ်ပါးသာရသည်ဟု မှတ်ကြလေ။

## ကမ္မဋ္ဌာန်းမထိုင်မီ အစီအရင်ကိုပြခြင်း

ကမ္မဋ္ဌာန်းတရား အားထုတ်လိုသူများအတွက် ပထမ ပြင် ဆင်ချက်ကို အောက်ကမှာကြားခဲ့သည်အတိုင်း ဤနေရာစခန်း ၌ အချက်ကျသဖြင့် သေချာစွာ ဖော်ပြလိုက်ပေသည်။ ယောဂီ သူတော်သူမြတ် များသည် ဥဇုကာယ-မိမိ ကိုယ်ကို ဖြောင့်မတ်စွာ ထိုင် ၍ ငြိမ်သက်သော ဣန္ဒြေ ဖြင့် ရှေးဦးစွာ မြတ်စွာဘုရား ကို အောက်ပါအတိုင်း အာရုံပြုအပ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(၃-ခေါက်ရွတ်)

အရဟတော-ပြဟ္မာနတ်လူ, သုံးဘုံသူတို့၏, ပူဇော်အထူး

ကို ခံတော်မူထိုက်ထသော၊သမ္မာသမ္ဗုဒ္ဓဿ-ဥ ယျငါးဖြာ, လေး သစ္စာကို, ဆရာမရှိ ကိုယ်တိုင် သိတော်မူထသော၊ တဿ ဘဂဝ တော-ဘုန်းတော်ကြီးမား, ထိုမြတ်စွာဘုရား အား၊ နမော-ရှိခိုး ပါ၏။ ဝါ-ဘယလာဘ, ကုလကြဉ်ရှောင်း, ဂုဏ်တော်ပေါင်းကို, အောက်မေ့သဖြင့်, အသင့်နှလုံး,ဆို,ပိတ်ဖုံးလျက်, သုံးလီစေတနာ သုံးဖြာဒွါရ, ပဏာမဖြင့်, ကြည်ဆွသဒ္ဓါ, ဦးနှိမ်ပါ၏။

(အနက်တခေါက်သာဆို)

သရဏဂုမ်သုံးပါး- ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
ဓမ္မံသရဏံ ဂစ္ဆာမိ၊
သံဃံသရဏံ ဂစ္ဆာမိ၊

(ဒုတိယမ္ပိ-တတိယမ္ပိ-တပ်၍ ၃-ခေါက်စီဆိုလေ)

ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ယုံမှားမဲ့ ဆည်းကပ်ပါ၏။

ဓမ္မံ-တရားတော်မြတ်ကို၊သရဏံ-ကိုးကွယ်ရာဟူ၍၊ဂစ္ဆာမိ-ယုံမှားမဲ့ ဆည်းကပ်ပါ၏။

သံဃံ- သံဃာတော်မြတ်ကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ယုံမှားမဲ့ ဆည်းကပ်ပါ၏။

## ကံတော့ပုံနည်း

**ပုံစံကား....**၊ ဩကာသ....ဩကာသ....ဩကာသ....။

ကာယဝစီ,မနောခါ်လျက်, သုံးလီစေတနာ, သုံးဖြာဒွါရ, ပဏာမဖြင့်, သဗ္ဗဒေါသ, ခပ်သိမ်းသောအပြစ်တို့မှ, ပြယ်ပျောက် ပါစေခြင်းအကျိုးငှာ၊ အာယတိ° သံဝရ, စိတ်က ထား လျက်, ဘုရားရတနာ,တရားရတနာ,သံဃာရတနာ, ရတနာမြတ် သုံးပါး,

(ဆရာသမား)တို့အား၊ ဘုရားတပည့်တော်, ကော်ရော်မြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးပူဇော်, ဖူးမျှော်မာန်လျှော့ ကံတော့ပါ၏။

ကံတော့ရသောအကျိုးအားကြောင့်, အပါယ်လေးပါး, ကပ်သုံးပါး,ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပ္ပတ္တိတရား လေးပါး, ဗျသနတရား ငါးပါးတို့မှ,ဘဝဆက်တိုင်း ကင်းလွတ်ကြရပါကုန်သည်ဖြစ်၍, သဒ္ဓါသီလ, သုတစာဂ, ပညာဟိရီ, ဩတ္တပ္ပတည်းဟူသော,သူတော်ကောင်း ဥစ္စာ,ရတနာခုနစ်ပါးနှင့်ပြည့်စုံသည့် တိဟိတ်ပဋိသဉ္စ်, ပင်ကိုယ်ဉာဏ်ရှိသော, အမျိုးကောင်းစင်စစ်,ဆက်တိုင်းဖြစ်လျက်, မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို,လျင်မြန်ဆောစွာ,ရောက်ရပါလိုကုန်၏အရှင်မြတ်ဘုရား။

**ကမ္မဋ္ဌာန်းစီးဖြန်းရန် နည်းလမ်း**

အထက်၌ ဆိုလတံ့သော အင်္ဂါငါးဖြာပြည့်စုံစွာသောကမ္မဋ္ဌာန်းစီးဖြန်းရာ,ဓမ္မာရုံကျောင်းသင်ခမ်းကို တွေ့ရှိသောအခါ ဝယ်,လက်သည်းဖြတ်ခြင်း,ဆံရိပ်ခြင်းအစရှိသောကြောင့်ကြငယ်တို့ကို ပယ်ပြီးလျှင် ဖြူစင်သော သီလတရားကို မိမိ ကိုယ် ဝယ် တည်စေငြား၍ ဘုရားလောင်း မဟာသုဒဿန စကြာမင်းကြီး အလားကဲ့သို့ ကမ္မဋ္ဌာန်းကျောင်းသို့တက်သွားသောအခါ လေ့ခါးသုံးထစ်၌ တည့်တည့် မတ်မတ်, မိမိကိုယ်ကို ဖြောင့်စွာ ရပ်လျက်,သုံးပါးသောဝိတက်, မှက်ခြင် တို့ကို ပယ်ဖျက်သုတ်သင်အပ်၏၊ သုတ်သင်ဟန်ကား—"တိဋ္ဌကာမဝိတက္က, တိဋ္ဌဗျာပါဒဝိတက္က, တိဋ္ဌဝိဟိံသဝိတက္က"-ကာမဝိတက္ကက-အလွန်နှိပ်စက်, ဟယ်ကာမဝိတက်၊ ဣမေဝ- ဤပထမလှေကားထစ်၌ပင်လျှင်၊ တိဋ္ဌ-ကျန်မသွေ့,နေရစ်ပေလော့၊ ဗျာပါဒဝိတက္က-အလွန်နှိပ်စက်, ဟယ်ဗျာပါဒဝိတက်၊ဣမေဝ-ဤဒုတိယလှေကားထစ်၌ပင်လျှင်၊တိဋ္ဌ-ကျန်မသွေ့,နေရစ်ပေလော့၊ ဝိဟိံသဝိတက္က-အလွန်နှိပ်စက်,ဟယ်ဝိဟိံ

သဝိတက်၊ ဣမေဝ-ဤတတိယလေ့ကားထစ်၌ပင်လျှင်၊တိဋ္ဌ-ကောန်မသေ့ နေရစ်ပေလော့။

ဤသို့ဝိတက်သုံးရပ်ကို ပယ်ဖြတ်ခြိမ်းမောင်း ဟန့်တားပြီးလျှင် စက္ခုသောတ ဃာနဇိဝှါ ကာယငါးဒွါရ၌ အာရုံငါးတန်မဝင်လာနိုင်ရန်ဖြစ်သော သင်ခမ်းကျောင်းသို့ဝင်အောင်း၍အသံတိတ်ဆိတ်ရာအရပ်၌ မျက်စိကိုမှိတ်လျက် မလှုပ်မရှက်သော ဣရိယာပုထ်ဖြင့် ငြိမ်သက်စွာနေပြီးလျှင် မိမိကိုယ်ကိုဘုရားအား စွန့်လှူအပ်၏။

စွန့်လှူပုံကား၊-ဣမာဟံဘဂဝါ အတ္တဘာဝံတုမှာကံ ပရိစ္စဇာမိ။ ။ဘဂဝါ-ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်နှင့်, ပြည့်စုံတော်မူငြား, မြတ်စွာဘုရား၊ အဟံ-ကမ္မဋ္ဌာန်းအားထုတ်,အကျွန်ုပ်သည်၊ ဣမံအတ္တဘာဝံ-ဤခန္ဓာကိုယ်,အတ္တဘောကို၊ တုမှာကံ-လူနတ်တို့၏ ထွဋ်ထား, အရှင်မြတ်ဘုရားတို့အား၊ ပရိစ္စဇာမိ-အပ်နှင်းကြည်ဖြူ စွန့်လှူပူဇော်ပါ၏။ ။ဤသို့အားဖြင့် အတ္တဘောကိုမြတ်စွာဘုရားအား စွန့်လှူပြီးလျှင် သုသံဝိဟိတ မေတ္တာငါးပါးကို ပို့သအပ်၏။

ပို့သဟန်ကား။(၁)ဣမသ္မိံဝိဟာရေသဗ္ဗေသဗြဟ္မာစာရိနောသုခိတာဟောန္တုအဗျာပဇ္ဇာ။ ။ဣမသ္မိံဝိဟာရေ- ငါတို့နေအောင်း,ဤမှာရုံကမ္မဋ္ဌာန်းကျောင်း၌၊ သဗ္ဗေ-ခပ်သိမ်းဉဿုံ, အလုံးစုံကုန်သော၊ သဗြဟ္မာစာရိနော-သီတင်းသုံးဘော်,သူတော်အများတို့သည်၊ သုခိတာ-ကိုယ်စိတ်နှစ်ဖြာ, ချမ်း သာ ခြင်း သို့ရောက်ကြကုန်သည်၊ အဗျာပဇ္ဇာ-အမျက်ဒေါသ,ဗျာပါဒမှကင်းကြကုန်သည်၊ ဟောန္တု-မုချမသွေ, ဖြစ်ကြပါစေကုန်သတည်း။

(၂) သီမဋ္ဌကဒေဝတာ သုခိတာဟောန္တု အဗျာပဇ္ဇာ။ ။သီမဋ္ဌကဒေဝတာ-ကျွန်ုပ်တို့နေအောင်းမှာရုံကျောင်း၏

အပိုင်းအခြားအတွင်း၌, တည်နေကုန်ငြား, နတ်အများတို့သည်၊ သုခိတာ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းသို့ရောက်ကြကုန်သည်၊ အဗျာပဇ္ဇာ-အ မျက် ဒေါ သ, ဗျာ ပါ ဒ မှ ကင်း ကြ ကုန် သည်၊ ဟောန္တု-မုချမသွေ, ဖြစ်ကြပါစေကုန်သတည်း။

(၃) ဣမသ္မိံ ဂေါစရဂါမေ ဣဿရဇနော သု ခိ တော ဟောတု အဗျာပဇ္ဇော။ ။ဣမသ္မိံဂေါစရဂါမေ-ကျွန်ုပ်တို့ ကျက်စားရာ, ဤရပ်ရွာ၌၊ ဣဿရဇနော-စိုးရပိုင်ချုပ်,မင်းလုပ်သောသူသည်၊ သုခိတော-ကိုယ်စိတ်နှစ်ဖြာ,ချမ်းသာသည်၊ အဗျာပဇ္ဇော-အမျက်ဒေါသ, ဗျာပါဒကင်းရသည်၊ ဟောတု-မုချမသွေ, ဖြစ်ပါစေသတည်း။

(၄) ဣမသ္မိံ ဂေါစရဂါမေ မနုဿာ သုခိတာ ဟောန္တု အဗျာပဇ္ဇာ။ ။ဣမသ္မိံဂေါစရဂါမေ- ကျွန်ုပ်တို့ ကျက်စားရာ, ဤရပ်ရွာဌာန၌၊မနုဿာ-ကြီးငယ်မဟူ, အပေါင်းလူတို့သည်၊သုခိတာ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းသို့ရောက်ကုန်သည်၊ အဗျာပဇ္ဇာ-အမျက်ဒေါသ, ဗျာပါဒမှ ကင်းကြကုန်သည်၊ ဟောန္တု-မုချ မသွေ, ဖြစ်ကြပါစေကုန်သတည်း။

(၅) သဗ္ဗဒိသာသု သဗ္ဗေသတ္တာ သုခိတာဟောန္တုအဗျာပဇ္ဇာ။ ။သဗ္ဗဒိသာသု-ထက်ဝန်းကျင်ပတ်ချာ, အရပ်ဆယ်မျက်နှာတို့၌၊ သဗ္ဗေသတ္တာ-ကြီးငယ်ပရိ, -သတ္တာဟူသမျှတို့သည်၊ သုခိတာ-ကိုယ်စိတ်နှစ်ဖြာ,ချမ်းသာခြင်းသို့ရောက်ကြကုန်သည်၊အဗျာပဇ္ဇာ-အမျက်ဒေါသ, ဗျာပါဒမှ ကင်းကြကုန်သည်၊ ဟောန္တု-မုချမသွေ, ဖြစ်ကြပါစေကုန်သတည်း။

ဤသို့မေတ္တာငါးပါးကို ပွားများအပ်၏။ ဤသို့မေတ္တာငါးဖြာကို ပွားများပြီးသည်ရှိသော်၊ မရဏာနုဿတိ မည်ဆန်း, ကမ္မဋ္ဌာန်းကို ပွား များ အပ် ပေ သည်။ ။ပွားများဟန်ကား—

မရဏံမေဘဝိဿတိ, ဇီဝိတိန္ဒြိယံဥပစ္ဆိဇ္ဇတိ, အဝဿံ မယာ မရိ
တဗ္ဗံ။ ။မေမမ-ငါဟုသမုတ်,အကျွန်ုပ်၏၊မရဏံ-ခန္ဓာပျက်ကြွေ,
သေရခြင်းသည်၊ ဘဝိဿတိ-ကေန်စင်စစ်, ဖြစ်ချေလတံ့၊ မေမမ-
ငါဟုသမုတ်,အကျွန်ုပ်၏၊ ဇီဝိတိန္ဒြိယံ-ရုပ်နာမ်နှစ်ထွေ၊ ဇီဝိတိန္ဒြေ
သည်၊ ဥပစ္ဆိဇ္ဇတိ-မုချဆတ်ဆတ်, ပြတ်ချေလတံ့၊ အဝဿံ-မချွတ်
ကေန်, အမှန်မုချ၊ မယာ-ငါဟုသမုတ်, အကျွန်ုပ်သည်၊ မရိတဗ္ဗံ-
သေရချေလိမ့်တကား။

ဤသို့အနေသနကိုပယ်ရှား, အဆင့်ဆင့် သံဝေဂကိုပွား, ဝီရိယတက်ကြွားသော, မရဏာနုဿတိ တရားကို ပွားများအပ်၏။ ။ဤမေတ္တာငါးပါး မရဏာနုဿတိများသည် ခပ်သိမ်းသော ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သောပုဂ္ဂိုလ်ဟူသမျှတို့သည် ရှေးဦးစွာကာလ၌ ခေတ္တခဏစီးဖြန်းခြင်းအမှုကို ပြု အပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။ ထိုကြောင့်—ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "သဗ္ဗတ္ထကမ္မဋ္ဌာနာနုယောဂေ ပထမံအတ္ထယိတဗ္ဗံဣစ္ဆိတဗ္ဗန္တိ သဗ္ဗတ္ထကံ" ဟုဝစနတ္ထကိုပြတော်မူ၏။ ။သဗ္ဗတ္ထကမ္မဋ္ဌာနာနုယောဂေ-ခပ်သိမ်းသော ကမ္မဋ္ဌာန်းကိုစီးဖြန်းခြင်း၌၊ ပထမံ-ရှေးဦးစွာ၊ အတ္ထယိတဗ္ဗံ,ဣစ္ဆိတဗ္ဗံ- အလိုရှိအပ်၏၊ ဣတိတသ္မာ-ထိုကြောင့်၊ သဗ္ဗတ္ထကံ-သဗ္ဗတ္ထကမည်၏၊ (ဝိသုဒ္ဓိမဂ်အနက်)

ဘုရားဟောဖော် ပါဠိတော်ဝယ်လာရှိသော၊ သုံးဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် စရိတ်အားလျော်စွာဖြစ်သော ကမ္မဋ္ဌာန်းတို့သည် အခါခပ်သိမ်းဆောင်အပ်သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်းမည်၏။ ။ထိုကြောင့်- အဘိဓမ္မာဝတာရဋီကာသစ်၌ "စရိယာနုကူလံ ပန ယံကိဉ္စိကမ္မဋ္ဌာနံ နိစ္စံ ပရိဟရိတဗ္ဗတ္တာ ပါရိဟာရိယကမ္မဋ္ဌာနံ နာမ" ဟု မိန့်တော်မူ၏။ ။စရိယာနုကူလံပန- စရိတ်ခြောက်ပါးအားလျော်စွာသော၊ ယံကိဉ္စိကမ္မဋ္ဌာနံ-

အလုံးစုံသော ကမ္မဋ္ဌာန်းသည်၊ နိစ္စ-အမြဲ၊ ပရိဟရိတဗ္ဗတ္တာ-ဆောင် အပ်သည် အဖြစ်ကြောင့်၊ ပါရိဟာရိယကမ္မဋ္ဌာနံ နာမ-ပါရိဟာ ရိယ ကမ္မဋ္ဌာန်းမည်၏။(ဋီကာအနက်)ဤသို့ပြားသော ကမ္မဋ္ဌာန်း နှစ်ပါးတို့တွင် ရှေးဦးစွာသဗ္ဗတ္ထက ကမ္မဋ္ဌာန်းကိုစီးဖြန်း၍နောက်မှ ပါရိဟာရိယကမ္မဋ္ဌာန်းကို စီးဖြန်းအပ်၏။ ။ဤကား- အစီ အရင် ပရိကံတည်း။

**ယောဂီသူမွန်တို့ အကျိုးငါးပါး**

"ပဋ္ဌမေအာနန္ဒအာနိသံသာ ပဋ္ဌယောဂါဝစ ရေ" ပါဠိတော်နှင့်အညီ၊ သမထ ဝိပဿနာ တရားကို အားထုတ်ခြင်း၌ အကျိုး ငါးပါးရှိ ၏။ ။ငါးပါးဟူသော်ကား—

၁။ သမထဝိပဿနာ ဘာဝနာတရားကို ကောင်းစွာ အားထုတ်သော ပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်အဖြစ်၌ အရှယ်သုံးပါးတို့တွင် တပါးပါး၌ပင် အရဟတ္တဖိုလ်ကို မျက် မှောက်ပြုရ၏။ ။ဤကား ပထမအကျိုး။

၂။ ယင်းသို့အရဟတ္တဖိုလ်သို့ မပြုရသည်ရှိသော် သေခါ နီးကာလ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ။ဤကား ဒုတိယအကျိုး။

၃။ ယင်းသို့ သေခါနီးကာလ အရဟတ္တဖိုလ်ကို မျက် မှောက်မပြုသည်ရှိသော်၊ စုတေ၍ နတ်ပြည်၌ နတ်သားဖြစ်သ ဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ။ဤကား-တတိယ အကျိုး။

၄။ ယင်းသို့ နတ်သားဖြစ်၍ နတ်ပြည်၌ မျက်မှောက် မပြုရသည်ရှိသော်၊ နောက်၌ ပွင့်တော်မူလတံ့သော ဘုရားရှင် တို့၏ မျက်မှောက်တော်၌ လျင်သော အဘိညာဏ်ရှိသော မဟာ

သာဝကဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ။ဤကား-စတုတ္ထအကျိုး။

၅။ ယင်းသို့ ဘုရားလက်ထက်တော်၌ မျက်မှောက်မပြုရသည်ရှိသော်၊ သာသနာပအခါ၌၊ အရှင်ပစ္စေကဗုဒ္ဓါဘုရားငယ်ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ။ဤကား-ပဥ္စမအကျိုးတည်း။

ချစ်သားအာနန္ဒာ၊ သမထဝိပဿနာ ဘာဝနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ အလိုအကြောင်းရင်းအားလျော်စွာ၊ ငါးပါးသောဌာနတို့၌ အရဟတ္တဖိုလ်သို့ရောက်ခြင်းရှိကုန်သည်ဖြစ်၍ သမထဝိပဿနာကို အားထုတ်ရခြင်းအကျိုးတို့သည် ငါးပါးတို့တည်း။ ယင်းသို့ဖြစ်၍ အရဟတ္တဖိုလ်ကို အလိုရှိကုန်ငြား အမျိုးကောင်းသမီး၊ အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်၏ နီးစွာသော အကြောင်းရင်းစစ်ဖြစ်သော သမထဝိပဿနာတရား၌ မနားမနေ ကြိုးစားအားထုတ်အပ်လှပေတော့သတည်း။

ဤကား-မှန်ကန်ဖြောင့်စင်းသော စိတ်ထားဖြင့် တရားအားထုတ်ရာ၌ ယောဂီသူမြတ်တို့ရအပ်သော အကျိုးတရား ငါးပါးပင်တည်း။

ကမ္မဋ္ဌာန်းကိုပြဆိုရာအခဏ်းပြီး၏။

## ဝိပဿနာကိုပြဆိုရာအခဏ်း

**အမှာ။** ။ဤစံပြဝိပဿနာကျမ်း၌ ဝိပဿနာ လုပ်ငန်းစဉ်များကိုမပြမီ၊ ဝိပဿနာဟူသော ဝေါဟာရ၏ သဘောအဓိပ္ပါယ်ကိုလည်း ရှေးဦးစွာသိရှိရန် လိုအပ်သဖြင့်၊စာရှုသူများအဘို့ တရားကိုယ်အရကောက်များပါ၊ ပြည့်စုံစွာ ဖော်ပြလိုက်ပေသည်၊ စေ့စေ့ငုငု-ဉာဏ်စက္ခုဖြင့်ကြည့်ရှုလေ့လာကြကုန်လော့။

**ဝိပဿနာ ပညာ** အနိစ္စာဒိဝသေန ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ၊ အနိစ္စာနုပဿနာဒိကာ ဘာဝနာ ပညာ။

အနိစ္စာဒိဝသေန- အနိစ္စစသည်၏ အစွမ်းအားဖြင့်၊ ဝိဝိဓာကာရေန-ထူးသောအခြင်းအရာအားဖြင့်၊ ပဿတိ-ရှုတတ်၏၊ ဣတိတသ္မာ-ထိုကြောင့်၊ ဝိပဿနာ-ဝိပဿနာမည်၏၊ အနိစ္စာနုပဿနာဒိကာ- အနိစ္စာနုပဿနာ အစရှိသော၊ ဘာဝနာပညာ-ဘာဝနာပညာကိုရ၏။ ။တနည်း-"ဝိဝိဓေနပဿနာဝိပဿနာ"၊ ဝိဝိဓေန-အထူးထူးအပြားပြားများသောအားဖြင့်ပဿနာ-ရှုခြင်းတည်း။ ဝိပဿနာ-အထူးထူး အပြားပြားရှုခြင်း။ ။ဤကား—ဝိပဿနာ-ပုဒ်၏ အဓိပ္ပါယ်ပြ, ဝစနတ္ထနှစ်ရပ်တည်း။ ဤသို့လာသောကျမ်းဂန်စကားဖြင့် ရုပ်နာမ်ခန္ဓာစသောများစွာသော ပရမတ္ထတရားတို့၌ များပြားသော အသိဉာဏ်ဖြင့် ရှုခြင်း ပညာကိုဝိပဿနာဟုခေါ်သည်ဟု အသေအချာမှတ်ကြလေ။ ။အနိစ္စာနုပဿနာ- စသော ဘာဝနာ ပညာကိုရ၏။ ။ဤကား—ဝိနှင့်ပဿနာခွဲခြား၍ နှစ်ပုဒ်အနက်ရကြံစည်ပုံ နည်းတည်း။

ဝိဣတိဥပသဂ္ဂေါ၊ပဿနာတိအတ္ထော၊(ပေဋကောပဒေသပါဠိတော်) ဝိဣတိသောသဒ္ဒေါ။ဝိ,ဟူသော ဤသဒ္ဒါသည်၊ ဥပသဂ္ဂေါ-အနက်မရ, ဥပသာရမျှသာတည်း။ ပဿနာ-ရှုခြင်း၊ ဝါ-

မှတ်ခြင်း၊ ဤတိအယံ-ဤသည်ကား၊ အတ္တော-ဝိပဿနာဟူသော ပုဒ်၏ အနက်သဘောတည်း။ ။ဤ ပါဠိ တော် စ ကား ဖြင့် ဝိပဿနာ-ဟူသောပုဒ်၌ ဝိ,သဒ္ဒါသည် အပိုသက်သက်,အနက်မရှိ၊ ပဿနာပုဒ်၏ အနက်တခုတည်းသာ ရှိသည်ကိုပြဆို၏၊အဓိပ္ပါယ် ကား-ရှုခြင်း, မှတ်ခြင်းမျှကိုသာ ဆိုလိုပေသတည်း။ ဥပေက္ခာ ဉာဏသမ္ပယုတ် စိတ်နှစ်ခု၌ရှိသော ပညာစေတသိက်ကို အရ ကောက်အပ်၏။ အချို့ကား—မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု ၌ရှိသော ပညာစေတသိက်ကို ကောက်ကြ၏၊ အကောက်ဆရာ ကား-ပညာသာမညကိုပင် ကောက်တော်မူ၏။ဥပေက္ခာ ပညာကို ယူမှ အတိအကျမှန်လိမ့်မည် သတိပြုကြလေ။

**မှတ်ချက်**။ ။ဝိပဿနာကို-ပညာဟုအများစုက သိမှတ် ထားကြ၏။ ထိုပညာစေတသိက်သည်၊ ၄၇-ပါးသောစိတ်၌ယှဉ် သောကြောင့် ဝိပဿနာပညာကို သာမန်လူများသိရန် မလွယ် ချေ။ ဥပေက္ခာပညာကိုခေါ်သည်ဟု ဆိုသည် တိုင်အောင်လည်း၊ ဆိုခဲ့သော ဋီကာရှင်စကားအတိုင်း အနိစ္စာနုပဿနာ ဘာဝနာ, ဥပေက္ခာပညာကိုသာ ဝိပဿနာ-ဉာဏ်အမှန်အကန်ဟု အတပ်ကျ သိမှတ်ကြကုန်ရာသည်။

အချုပ်မှာ-ဝိပဿနာဟူသည် ရုပ်နာမ်ခန္ဓာ စသော အမူ အရာကို ရှုခြင်း, မှတ်ခြင်းပင်ဖြစ်၏။ ဝိပဿနာအရာ၌ ပွားများ ခြင်း, စီးဖြန်းခြင်း, ရှုမှတ်ခြင်း စသော ခေါ်ဝေါ်ပြောဆိုမှုများ သည် လိုရင်းမဟုတ်ချေ၊ အသိဉာဏ်အမှန်ဖြစ်ပေါ်လာနိုင်ရန် ပြု လုပ်ရသော အမှုမျိုးတို့သာဖြစ်ကုန်၍ သိမှုတခုသာ လိုရင်း ဖြစ် လေသည်။ လောက၌ အသိနှင့်အမှတ်ကို အတူပြုလျက် အသိကိုပင် အမှတ်ဟုပြောဆိုရိုးစကားဖြစ်၍ အသုံးများ၏။ ဥပမာ-သတိပြု မိရဲ့လား,စည်းစားမိရဲ့လား,မှတ်မိရဲ့လား-ဟု မေးရာ၊ သတိပြုမိ

ပါ၏၊ စည်းစားမိပါ၏၊ မှတ်မိပါ၏-ဟုပြောဆိုခြင်းများသည် သိမှုကိုပင် ခေါ်ဆိုရလေသည်၊ သို့အတွက် လူများခေါ်ဝေါ်ခြင်း၌ ထင်ရှားသိလွယ်စေရန် ပွားများသည်, စီးဖြန်းသည် ဟူသော စကားများ၏ အစား ,ရှုမှတ်သည်ဟူသော စကားဖြင့် ရေးသားဖော်ပြလိုက်ပေသည်၊ အချုပ်မှာ-ကိုယ်အမူအရာ စသည်ကို မှတ်ခြင်းကို"ဝိပဿနာရှု"သည်ဟု ဆိုလိုသတည်း။

ဝိပဿနာအလုပ်ဟူသည် ရုပ်နာမ်အမူအရာတို့၏ အဖြစ်အပျက်ကို သိအောင် အားထုတ်ရသည်ဆိုသော်လည်း၊ ကြံစည်၍ ဖြစ်သည်ကို သိခြင်း, ကြံစည်၍ ပျက်သည်ကိုသိခြင်း- ဤသိခြင်းမျိုးကို ဝိပဿနာဟုမဆိုရ၊ အကြောင်းအစးလျော်စွာ မကြံစည်ဘဲ ဖြစ်ပေါ်လာသည်ကိုသိခြင်း,ပျက်သွားသည်ကိုသိခြင်း- ဤသိခြင်းမျိုးကိုသာ ဝိပဿနာဟု ဆိုရလေသည်၊ ပရမတ်ဖြစ်သောရုပ်နာမ်ခန္ဓာကိုလွှတ်၍ သိမှုမြင်မှုမျိုးသည် ပညာသိမဟုတ်၊ မောဟသိသာဖြစ်၏။ မောဟသိမျိုးသည် ပရမတ်ကို မထိခိုက်၊ ပညတ်မျှသာဖြစ်၏၊ ထိုပညတ်မကွာ၍ ရုပ်နာမ်ခန္ဓာဖြစ်နေမှုကိုပင် လွန်စွာကြီးလေးသော ဒုက္ခဝန်ပိုးကြီး ဘိစီးနေသည်ဟုဆိုရလေသည်။

သို့အတွက် ရုပ်နာမ် နှစ်ပါးကို သဘောအတိုင်း ဉာဏ်၌ အမှန်သိလာအောင် အားထုတ်မှုကို ဝိပဿနာကမ္မဋ္ဌာန်းဆိုလေသည်၊ ဉာဏ်၌အမှန်သိလာလျှင် တသ်နှစ်သက်ခြင်း တဏှာလောဘ၊ သမုဒယမဖြစ်နိုင်၊ တဏှာလောဘသမုဒယမဖြစ်လျှင် နောင်အသစ်တဖန် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ချုပ်ဆုံး၏။ထိုရုပ်နာမ်ခန္ဓာတို့ချုပ်ဆုံးမှုကြီးကိုပင် အေးငြိမ်းသော အသခ်တဓာတ် မြတ်နိဗ္ဗာန်ဟု ဆိုရလေသည်။

ဥပမာ- လယ်ကတွတ်ပေါက်၌ ငါးကိုစောင့်သော ဗျိုင်းသည် ငါးပေါ်လာအောင်လည်း မကြံစည်၊ ပေါ်လာသည်ကို

ပျောက်သွားအောင်လည်း လုံ့လမပြုဘဲ, ပေါ်လာသောငါးကို သာ မိအောင်ဖမ်းလေ၏။ ထိုအတူ-ဖြစ်ပေါ်လာသော ရုပ်နာမ် အမူအရာအတိုင်း သွားခြင်းစသည်ကို သွားတယ်စသည်ဖြင့် မှတ်၊ မြင်လျှင် မြင်တယ်စသည်ဖြင့်မှတ်၊ ဤသို့ရှုမှတ်လျှင် မှတ်သော အမူအရာ ပရမတ် ရုပ်နာမ်မျှကိုသာသိ၍ လောဘ ဒေါသ မောဟ တို့မဝင်နိုင်ဘဲ၊ အဖြစ်အပျက်ကိုသာ- သိသော ဝိပဿနာပညာ ဖြစ်၏။ထိုပဿနာပညာသည် ကာမာဝစရ ကုသိုလ်ဉာဏ်နှင့် ယှဉ် သော ဥပေက္ခာပေတည်း၊ ဝေဒနာသုံးပါးတို့တွင် သောမနဿ ဝေဒနာ,ဒေါမနဿဝေဒနာ-သို့ မဝင်ဘဲ၊ဥပေက္ခာဝေဒနာ တခု တည်း၌တည်အောင် အားထုတ်မှုကိုသာ ဝိပဿနာဉာဏ်ပညာဟု အသေအချာ မှတ်ယူအပ်ပေသည်။

(ဆောင်ပုဒ်လင်္ကာ) "ဖြစ်အောင်လည်း မပြုနှင့်, ပျက် အောင်လည်းမပြုနှင့်၊ ဖြစ်အောင်ပြုက လောဘ,ပျက်အောင်ပြုက ဒေါသ၊ ဖြစ်တိုင်းပျက်တိုင်းကို မသိက မောဟ" အဓိပ္ပာယ်ကား- ရှုမှတ်သောအခါ အမူအရာ ဖြစ်ပေါ်လာအောင်ပြုခြင်း, မိမိစိတ် က ဘယ်လိုဖြစ်အောင် ကြံစည်ခြင်းများ မရှိစေနှင့်၊ ဤကဲ့သို့ ဖြစ် ပေါ်လာအောင် လုံ့လပယောဂပြုခြင်း, ကြံစည်ခြင်း များသည် လောဘဖြစ်၏။ ဖြစ်ထွန်းပေါ်ပေါက်လာသော အမူအရာကို မိမိ စိတ်ဖြင့် ကြံဖန်၍ ပျက်စီးအောင် မပြုနှင့်၊ ဖြစ်ပေါ် လာသော အမူအရာကို ပျက်စီးအောင် ကြံစည် ပြု လုပ် ခြင်းသည် ဒေါသ ဖြစ်၏။အမူအရာစသည်တို့ဖြစ်ပျက်နေသည်ကို မသိလျှင် မောဟ ဖြစ်၏။ လုံ့လပယောဂ မပြုမလုပ်,မကြံစည်ဘဲ အလိုအလျောက် ပေါ်ပေါက်လာသောအမူအရာကိုသာ ရှုမှတ်ရမည်။ဤသို့ရှုမှတ် လျှင် အဖြစ်အပျက်သဘောများကိုဉာဏ်၌ထင်ထင်ရှားရှားသိမြင် လာပါလိမ့်မည်။

သိမှတ်ရန်အထူးကား၊ ဝိပဿနာ အလုပ်ကောင်းဟူသည် ပညတ်တရားနှင့် မရောမရှက် သက်သက်သော ပရမတ္ထ ဓမ္မတို့ကို သိမြင်၍ လက္ခဏာရေး သုံးပါးတို့ကို နေရာ တကျ ထင်မြင်မှုကိုဆို သတည်း၊လောကုတ္တရာ မဂ်စိတ် ဖိုလ်စိတ်မည်သည် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာနေရာအကျကြီးကျမှ ပေါ်ပေါက်နိုင်ချေသည်။ တချို့သောသူတို့ကား-ဆံပင် မွေးညှင်း အစရှိသော ၃၂ပါးသော ကောဋ္ဌာသတို့ကို ခွဲခြမ်း၍ ထင်မြင်နိုင်လျှင်- ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ မတွေ့ပြီ၊ အတ္တဇီဝဟူ၍ မတွေ့ပြီ၊ အနတ္တထင်မြင်ချက် နေရာကျ သည်ဟု မှတ်ထင်ကြကုန်၏။ဆံပင်မွေးညှင်း အစရှိသော ကောဋ္ဌာ သ တို့သည်လည်း ပညတ်မျိုးတို့သာတည်း။ ပုဂ္ဂလပညတ်, သတ္တ ပညတ်၏ အကိုင်းအခက် ပညတ်မျိုးတို့သာတည်း။ ထို ကြောင့် ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစရှိသော ၃၂-ပါး သော ကောဋ္ဌာသတို့ကို ဆင်ခြင်မှုသည် အနတ္တသို့မဆိုက်၊ အတ္တ ဘက်သို့သာ တည်လေတော့သည်။ ပထဝီပရမတ် ခေါင်ခွဲခဏ်း၌ ကြည့်ရှုလေ့လာပါလေ။

ယခုကာလ တရားထူးရလို၍ သာသနာ့ရိပ်သာကို ခိုလှုံပြီး ဘာဝနာအလုပ်ကို အားထုတ်ကြသူ အလွန်ပေါ၏။ သမထ ဝိပဿနာလုပ်နည်း,လုပ်ထုံးများလည်း နည်းမျိုး စုံလှဘိ၏။ ရုပ် နာမ် တရားကို ကောင်းစွာနားလည်၍ ရှုသူလည်းရှိ၏။နားမလည် ဘဲ ထင်မိထင်ရာ စမ်းတဝါးဝါး ရှုကြသူများလည်း ရှိ၏။သမထ ဖြစ်ဖြစ်, ဝိပဿနာဖြစ်ဖြစ် အစွဲအမြဲ အားထုတ်၍ လုပ်နိုင်လျှင် နီဝရဏတရားကိုခွါနိုင်၏။စိတ်၏တည်ကြည်ခြင်းအထူးသို့ ရောက် နိုင်၏။ကိုယ်ရောင် ကိုယ်ဝါများလည်း ဖြစ်ပေါ်လာကြ၏။ဤသို့ အထူးအထွေ ဖြစ်ပေါ်လာသည်ကို အချို့သော ပုဂ္ဂိုလ်များက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရပြီ၊ သောတာပန် ဖြစ်ပြီ-ဟု မှတ် ထင်

ကြ ကုန်၏။ မဟုတ်သေး၊ နိဝရဏ ကွာမှု အကျိုး ဆက်မျှ ပေ
တည်း။

သတိထားရန်မှာ၊ လောက၌ ကမ္မဋ္ဌာန်း နည်းဆန်းတွေ လည်း အလွန်ပေါများလှ၏။ အချို့ဆရာတို့သည် နတ်မှော်သွင်း သကဲ့သို့ ကမ္မဋ္ဌာန်းမှော်သွင်းပေးကြကုန်၏။ အချို့သော ဆရာ တို့သည် ဘီလူးမှော် သွင်းသကဲ့သို့ မှော်သွင်းပေးကြကုန်၏။အချို့ သောဆရာတို့သည် အနောက်နိုင်ငံမှ ရောက်လာသော စိတ်ညို့ အတတ်ကဲ့သို့ သူတပါးစိတ်ကို မိမိစိတ်ဖြင့် ဖိနှိပ်၍ခဏချင်း ထင် ချက် မြင်ချက်ရအောင်ပေးကြကုန်၏။ထိုအခါ-လောက၌ အချို့ သော ကသိနတ် ရှမ်းနတ် တလိုင်းနတ် တို့သည် ခဏချင်း ဝင် ရောက်လာကြကုန်၍ ကမ္မဋ္ဌာန်းယူသူတို့စိတ်၌ အထူးထူး အထွေ ထွေ ထင်အောင်ပြုကြကုန်၏။

အချို့သောသူတို့မှာ-အသုဘကောင်ကြီး ထင်လာကြ၏၊ အချို့သောသူတို့မှာ အရိုးစုကြီးထင်လာကြ၏၊ အချို့သော သူတို့မှာ မြတ်စွာဘုရား ရွှေရုပ်ပွားတော်ကြီး၊ အချို့သောသူတို့ မှာ ရဟန်းတော်ကြီးများ ထင်လာကြ၏။ အချို့သူတို့မှာ လှပ တင့်တယ်သော လူရုပ်ပုံ၊နတ်ရုပ်ပုံများ ထင်လာသည်ကို ကမ္မဋ္ဌာန်း ပေးဆရာတို့က ဝေဿဝဏ္ဏနတ်မင်းကြီး ဖြစ်သည်ဟု ပြောကြ ကုန်၏။ အချို့သောဆရာတို့က အရိမေတ္တေယျ မြတ်စွာဘုရား အလောင်းတော် နတ်မင်းကြီး ဖြစ်သည်ဟု ပြောဆိုကြကုန်၏။ အချို့ဆရာတို့က သိကြားမင်းကြီး, ဗြဟ္မာမင်းကြီး ဖြစ်သည်ဟု ပြောကြကုန်၏။လောက၌ လူတို့သည် ဘုရားရုပ်ပွားတော်,ဘုရား အသွင်တော်ကို မြင်ရသည်ဆိုလျှင်အလွန် မက်မောကြ၏၊ ထို့အ တူ-နတ်မင်းကြီး,သိကြားမင်းကြီး,ဗြဟ္မာမင်းကြီးဖြစ်သည်ဆိုလျှင် အလွန်မက်မောကြ၏။ အရိမေတ္တေယျ ဘုရား အလောင်း တော်

ဆိုလျှင်ကား တလောကလုံးပင် မက်မောတတ်ကြလေသည်။ သို့အတွက် ဝိပဿနာအလုပ်မှာလည်း အစစ်အတု ခွဲခြားသိရှိ သတိထားကြရန် တင်ပြလိုက်ရပေသည်။

**ဝိပဿနာ ဟူသည်ကား** ဤနေရာ၌အချက်ကျသဖြင့်၊ သီဟိုဠ်ကျွန်းသာသနာတော် ကောင်းစားစဉ်က စျာနလာဘီယောဂီသူတော်စင် အရှင်ဓမ္မသိရိထေရ် ရေး သား အပ်သောဝိပဿနာဂါထာကို သူတော်သီမျှား လေ့လာ နိုင်ရန်အတွက် ခုဒ္ဒသိက္ခာ ကျမ်းစာမှ ထုတ်နုတ် ဖော်ပြလိုက်ပေအံ့၊ ကောင်းကျိုးလိုလား အမျိုးသမီး အမျိုးသားတို့သည် လေးစားနာယူကာ မှတ်သားဆောင်ရွက် ကြပါစေကုန်သတည်း။

## ဝိပဿနာတိ

နာမရူပံ ပရိဂ္ဂယှ၊တတော တဿစ ပစ္စယံ။
ဟုတွာအဘာဝတောနိစ္စာ၊ဥဒယဗ္ဗယပီဠနာ။
ဒုက္ခာအဝသဝတ္တိတ္တာ၊အနတ္တာတိ တိလက္ခဏံ။
အာရောပေတွာနသင်္ခါရေ၊သမ္မသန္တော ပုနပ္ပုနံ။
ပါပုဏေယျာနုပုဗ္ဗေန၊သဗ္ဗသံယောဇနက္ခယံ။

**ဝိပဿနာတိ**- ဝိပဿနာဟူသည်ကား၊ နာမရူပံ-လောကီစိတ်စေတသိက်ဟူသော နာမ်၊ ရုပ်နှစ်ဆဲ့ ရှစ်ခုကို၊ဝါ-တေဘူမကသင်္ခါရဖြစ်သော နာမ်ရုပ်ကို၊ ပရိဂ္ဂယှ-လက္ခဏာရသ, ကိစ္စပြည့်မှု, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ဖြင့်,ဝေဖန်၍လျှင်,ဝန်းကျင်ပတ်ကုံး,သိမ်းယူကျုံး၍၊တတော-ထိုနောက်မှ၊ တဿစ- ထိုနာမ်ရုပ်၏လျှင်၊ ပစ္စယံ-အဝိဇ္ဇာ တဏှာ, ဥပါဒါန်ကံ, အာဟာရစသော အကြောင်းကို၊

ပရိဂ္ဂယှ- ဝန်းကျင်ပတ်ကုံး, သိမ်းယူကျုံး၍၊ ဟုတွာ- စက္ခုရုပ, စသည်အကြောင်း ညီညွတ်ရှောင်းက, ဖြစ်ကုန်ကြ၍၊ အဘာဝ တော-မီးငြိမ်းသောသွင်,မတင်ခဲ့ရကား၊ အနိစ္စာ- အမြဲ မရှိ ကုန်ဘိ တည်း၊ဥဒယဗ္ဗယပီဠနာ-ဖြစ်ပျက်တုံတုံ, သိပ်နှင်းခုံလျက်, နှိပ်စက် ခဲ့ရကား၊ ဒုက္ခာ-ကဲ့ရှုံဖွယ်ကြီးအချည်းနှီးသာ, မချမ်းသာဘဲ,ဆင်း ရဲကုန်ဘိတည်း။ အဝသဝတ္တိတ္တာ- အမြဲချမ်းသာ, တင့်တယ်စွာကို, ဖြစ်စေဆိုလည်း, အလိုသို့မလိုက်သည်၏အဖြစ်ကြောင့်၊ အနတ္တာ၊ မည်သူသည်မျှစိုးမရတည်း။ဣတိ-ဤသို့၊တိလက္ခဏံ-သင်္ခါရဟုမှတ် အပ်သော, လက္ခဏာ ယာဉ်သုံးပါး, သင်္ခါရကို မှတ်ကြောင်း လက္ခဏာယာဉ်သုံးပါးသို့၊ အာရောပေတွာ-ဉာဏ်လက်ယူငင်,ရှေးရှု တင်၍၊သင်္ခါရေ-တေဘူမကသင်္ခါရဥ္၊ဝါ-တို့ကို၊ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊သမ္မသန္တော-အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်လျက်၊ အနု ပုဗ္ဗေန- ဥဒယဗ္ဗယစသော ဉာဏ်အစဉ်ဖြင့်၊ ဝါ-ဆဗ္ဗိသုဒ္ဓိ အစဉ်ဖြင့်၊ ဝါ-မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်အစဉ်ဖြင့်၊သဗ္ဗသံယော ဇနက္ခယံ- ခပ်သိမ်းသောသံယောဇဉ်ကို ကုန်စေတတ်သော, အရ ဟတ္တမဂ်သို့၊ဝါ-ခပ်သိမ်းသောသံယောဇဉ်၏ ကုန်ရာအရဟတ္တဖိုလ် သို့၊ ပါပုဏေယျ- ရောက်ရာ၏။ ပါပုဏေယျ- အရဟတ္တဖိုလ်သို့ ရောက်၍၊ အနုပုဗ္ဗေန-အစဉ်အတိုင်းသော အနုပါဒါ ပရိနိဗ္ဗာန် ဖြင့်၊ပရိနိဗ္ဗာယေယျ-ပရိနိဗ္ဗာန်ပြုနိုင်စွမ်းရာ၏။ဤကား- ဝိပဿနာ ပင်မည်၏။

**မှတ်ချက်။** ။ဝိပဿနာ လုပ်ရပ်၌ ရုပ်နာမ်ဟု သာမညာ အားဖြင့်ဆိုသော်လည်း၊ ဤဂါထာ၏အရ၊လောကီဖြစ်သောစိတ် စေတသိက် ရုပ်တို့ကိုသာ ဆိုလိုသည်၊ တနည်းအားဖြင့်၊တေဘူမက သင်္ခါရဖြစ်သောရုပ်နာမ်ကိုသာမှတ်ယူကြလေ။ကာမ, ရူပ, အရူပ ကို တေဘူမက ဟုခေါ်သည်မှတ်။

**ဝိပဿနာ လုပ်ငန်းစဉ်**

ဝိပဿနာလုပ်ငန်း အစီအစဉ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ— စသည်ဖြင့်၊ ခုနစ်ပါးပြဆို၏။ "ဝိသေသေနသုဒ္ဓနံဝိသုဒ္ဓိ" အရ၊ ကိလေသာတည်းဟူသော အညစ် အကြေး တို့မှ အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော သဘောသည် ဝိသုဒ္ဓိမည်၏။ ထိုဝိသုဒ္ဓိသည် ခုနစ်ပါးပြားရကား၊ ယောဂီပုဂ္ဂိုလ် တို့သည် မိမိကိုယ်ကဲ့သို့-ဤသို့ ဥပမာပြုအပ်၏။ ပြုကြပုံမှာ-ဝိသုဒ္ဓိ ခုနစ်ပါးတို့တွင်၊ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ နှစ်ပါးကို နိဗ္ဗာန်သို့ သွားရာဝယ် ခြေထောက်သဖွယ် အရင်းမူလထား၍ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိလေးပါးတို့ကိုမူကား၊ ခန္ဓာကိုယ်ပမာ, လက်နှစ်ဖြာပမာ ထားကြ၍၊ ဉာဏဒဿနဝိသုဒ္ဓိ တည်းဟူသော ဦးခေါင်းကို တပ်စေရာ၏။

ဤသို့ဖြစ်ရကား-ကမ္မဋ္ဌာန်းမှီ-ယောဂီသူမွန်သူမြတ်တို့သည် ခန္ဓာအာယတနခေတ်, ပဋိစ္စသမုပ္ပါဒ်တည်းဟူသောမြေကြီးတို့၌သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိတည်းဟူသော ခြေထောက်ဖြင့် နင်းတော်မူကြ၍၊ ကိုယ်နှင့် တူသော ဝိသုဒ္ဓိနှစ်ပါး, လက်နှစ်ဘက်နှင့် တူသော ဝိသုဒ္ဓိနှစ်ပါး, ဦးခေါင်းနှင့်တူသော ဉာဏဒဿနဝိသုဒ္ဓိတရား, ပေါင်းငါးပါးတို့ကိုပြည့်စုံစေရ၏ဟု ဉာဏ်ဂဟေစွဲ၍ စိတ်နှလုံးထဲ အမြဲမှတ်ယူအပ်ပေတော့သည်။

လိုရင်းမှာ-ဆိုခဲ့သည့် သီလသမာဓိ ပညာသိက္ခာ တရားသုံးပါးပင်တည်း။ ကိုယ်ကျင့်သီလ, စိတ်တည်ကြည်ခြင်း သမာဓိ, အသိဉာဏ်ပညာတို့နှင့် ပြည့်စုံရမည်ဆိုလို၏၊ အဓိပ္ပါယ်အချုပ်မှာ-သီလ သမာဓိ ပညာသိက္ခာ သုံးပါးနှင့် ပြည့်စုံမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်နိုင်မည်၊ သီလ မစင်ကြယ်လျှင် သမာဓိ မဖြစ်၍

ပညာဟူသော ဝိပဿနာဉာဏ် မရင့်သန်သဖြင့်-နိဗ္ဗာန်သို့ မရောက်နိုင်ဟု ဆိုလိုပေသတည်း။

**နတ်သား၏ အမေး** အဆိုပါစကား ထင်ရှားပေါ်လွင်စေရန် ယခုဖော်ပြလတ္တံ့သော အမေးအဖြေကို လေ့လာ သုံးသပ်အပ်သည်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်-တနေ့သော ညဉ့်သန်းခေါင်အချိန်ဝယ်, နတ်သားတဦး ဘုရားရှေ့တော်မှောက် ရောက်လာပြီး၊ ပြဿနာတရပ်ကို အောက်ပါအတိုင်း မေးလျှောက်ထားသည်၊ လျှောက်ပုံကား- ဤသို့တည်း။

အန္တော ဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ၊
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ထိုဂါထာ၏ နိသျှသ္ဒဲ့ကား။ ။ဂေါတမ- ဂေါတမနွယ်ဖွား, ရှင်တော်မြတ်ဘုရား၊ အန္တော ဇဋာ-သပွတ်အူတမျှ, ရှုတ်ပွေလှသည့်,အတွင်းကအရှုတ်အထွေးရှင်း၊ဗဟိဇဋာ-စာဗူးဒေါင်းသိုက်မက, ရှုတ်ပွေလှသည့် အပြင်က အရှုတ်အထွေးရှင်း၊ ပဇာ-သူသူငါငါ,သတ္တာအပေါင်းတို့သည်၊ ဇဋာယ-အတွင်းအပြင်, စုံလင်ရစ်မှေး, ကိလေသာ အရှုတ်အထွေးဖြင့်၊ ဇဋိတာ- ဖြေရန်ခဲခက်, ရှုတ်ထွေးမြွေးယှက်၍ နေကြပါကုန်၏၊ တံတံ-ညစ်ပတ်ဆိုးယုတ်, ထိုထိုကိလေသာ အထွေးအရှုတ်ကို၊ ပုစ္ဆာမိ-သိလိုရေးနှင့် တပည့်တော် မေးလျှောက်ပါ၏၊ ကော-နတ်နှင့် လူဝယ်, အဘယ်မည်သောသူသည်၊ ဣမံဇဋံ- ညှိနံဆိုးယုတ်,ဤကိလေသာ အထွေးအရှုတ်ကို၊ဝိဇဋယေ-ပြေလည်အောင်ဖြေရှင်းနိုင်ပါအံ့နည်းဘုရား၊

နတ်သား၏-မေးလျှောက်ချက်စကားမှာ သပွတ်အူ စာဗူးဒေါင်းသိုက်မက- လွန်စွာရှုတ်ထွေးနေသည့် အတွင်း အပြင်၊ ကိလေသာ အညစ်အကြေးကို နတ်နှင့်လူဝယ် ဘယ်လို လူစားပုဂ္ဂိုလ်များဟာ၊ ဖြေရှင်း,ပြေပါ့မလဲ- ဆိုလိုရင်းဘဲဖြစ်တယ်။

**မြတ်စွာဘုရား အဖြေ**

ဒီလိုနတ်သားက မေးလျှောက်လိုက်တော့ မြတ်စွာဘုရားက ပုစ္ဆာပြဿနာကိုအောက်ပါအတိုင်း ပင် ရှင်းလင်းပြတ်သားစွာဖြေဆိုပြန်ကြားတော်မူလိုက်တယ်၊ ဖြေရှင်းပုံကား—ဤသို့တည်း။

သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။

ဂါထာ၏နိသျှသွားကား။ ။သပ္ပညော-တိဟိတ်ပဋိသန္ဓေ ပင်ကိုယ်ဉာဏ်ရှိသော၊ ဘိက္ခု-သံသရာဘေးကို မျှော်တွေးထောက်ရှုလေ့ရှိသော၊ ယောနရော-အမှတ်မထင်, အကြင်သတ္တဝါသည်၊ သီလေ-ကိုယ်ကျင့်သီလ, မြတ်ဓမ္မ၌၊ ပတိဋ္ဌာယ- မကျိုးမပေါက်, မပြောက်မကျား, မားမားမတ်မတ်, ရပ်တည်၍၊ အာတာပီ- ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန်ဝီရိယရှိသည်ဖြင့်း၊ နိပကော-တနေ့တခြား,ရင့်သန်သောဉာဏ်သတိရှိသည်ဖြင့်း၊ ဟုတ္တာ-ဖြစ်၍၊ စိတ္တဉ္စ-စိတ်တည်ကြည်မှု ဥပစာရသမာဓိကိုဖြင့်း၊ ပညဉ္စ-ဝိပဿနာပညာ, ဘာဝနာကိုဖြင့်း၊ ဘာဝယံ, ဘာဝယန္တော-မရပ်မနား လွန်ပွားများသည်၊ ဟောတိ-ဖြစ်၏၊ သောနရော-ဆိုခဲ့တိုငြား, အင်ခြောက်ပါးနှင့် ပြည့်စုံသောသူသည်။ ဣမံဇဋံ-ညှိနံဆိုးယုတ်, ဤကိလေသာ အထွေးအရှုပ်ကို၊ ဝိဇဋယေ-မုချကိန်းသေ, ဖြေရှင်းနိုင်ပေလိမ့်သတည်း။

ဘုရားရှင်၏ ဝိသဇ္ဇနာအဖြေမှာ- အကျဉ်းအားဖြင့်၊ ၁- တိဟိတ် ပဋိသန္ဓေနေရမယ်။ ၂- သီလနှင့် ပြည့်စုံ ရမယ်။ ၃- သမာဓိရှိရမယ်။ ၄- ဝိပဿနာပွားရမယ်။ ၅- ဝီရိယပြင်းထန်ရမယ်။ ၆- အရင့်အမာလည်းဖြစ်ရမယ်- ဤတရား ၆ ပါးနှင့် ပြည့်စုံသောသူသည် တဏှာတည်းဟူသော ကိလေသာ အရှုပ်ကို အငုတ်ပါမကျန် တော်လှန်ဖြေရှင်းနိုင်မယ်-ဟုဆိုလိုသတည်း။

အဓိပ္ပာယ်အကျယ်ကား- ၁-အချက်က,တိဟိတ်ပဋိသန္ဓေ နေရမယ်၊ ဒွိဟိတ်,အဟိတ်ပဋိသန္ဓေများဟာ, ဈာန်မဂ်ဖိုလ်တရားကိုတားမြစ်ထားတော့, ဝိပါကအန္တရာယ်လို့ခေါ်တယ်၊အန္တရာယ်ငါးပါးတွင်၊ ဒီ ဝိပါကအန္တရာယ်က အရေးအကြီးဆုံးဖြစ်တယ်၊ တခြားအန္တရာယ်များကို ပြုပြင်က ရနိုင်ကောင်းသေးတယ်၊ဇနက-ကံဆိုတဲ့တရားမျိုးဟာ-ကြေမုံပြင်ဝယ် အရိပ်ထင်သလို ပြုပြင်ရနိုင်သော တရားမျိုးမဟုတ်၊ ကံတရားက စီမံပြုပြင်သလိုဘဲ ခံကြရတယ်။ (အန္တရာယ်ငါးပါး နောက်ထင်ရှားလတံ့။)

တိဟိတ်ပဋိသန္ဓေ တဆဲ့သုံးခုတို့တွင် တပါးပါးနှင့် ပဋိသန္ဓေနေလျှင် လူနတ်ပြဟ္မာ မည်သူမဆို သပ္ပည ဖြစ်နိုင်တယ်၊ နရော-ဆိုပေမဲ့ လူလောက်ကို မမှတ်ရ၊ "နရောတိသတ္တော" ဖွင့်သော အဋ္ဌကထာကို ရှုလေ။ လူနဲ့နတ်များမှာ- မဟာဝိပါက် ဉာဏ်သမ္ပယုတ်စိတ် ၄ ခု တခုခုနဲ့နေရမယ်၊ အဓိပ္ပာယ်မှာ- ပဋိသန္ဓေတည်နေတဲ့အခါ ရုပ်အပြင် စေတသိက် ၃၃ ပါးလည်း ပါဝင်လေရာ၊ ၎င်းအထဲမှာ- အရင်းခံ ပညာစေတသိက် ပါနေသည်အတွက် ပဋိသန္ဓေပါ-ပညာဟု ဆိုလေသည်၊ အလောဘ အဒေါသ အမောဟ ဟိတ် ၃ပါးပါရှိသည်အတွက် တိဟိတ်ခေါ်သည်၊ ၎င်းဝမ်းတွင်းပါ- ပညာသည် အရိယာမဂ်ကို သိမြင်ရေးကိစ္စမှာ အရင်းခံမူလ အရေးကြီးဆုံးဖြစ်သည်။

၂။ အချက်က-အားလုံး သိကြတဲ့အတိုင်း၊ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံရမယ်၊ စတုပါရိသုဒ္ဓိ သီလကြီးလေးပါးကို မကျိုးမပေါက်, မပြောက်မကျားရအောင် သတိပြု၍ လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်းရမယ်။

၃။ အချက်က- စိတ်တည်ကြည်မှု ဥပစာရသမာဓိကိုပွားများရမယ်၊ မွေးကတည်းက လေလွင့်ပါလာသောစိတ်ကို သမာဓိ

ကွန်ရက်ဖြင့် မပျံ့မထွက်နိုင်အောင် အုပ်ထိန်းရမယ်၊ စိတ္တံ-ဟုဆိုပေမဲ့-စိတ္တဝိသုဒ္ဓိ၌ကဲ့သို့ စိတ်ကိုအဦးပြု၍ ဟောခြင်းသာ ဖြစ်တယ်၊ စင်စစ်မှာ သမာဓိဖြစ်အောင် သမထလုပ်ရမယ်။

၄။ အချက်က- ဝိပဿနာဘာဝနာကိုလည်း မနေမနား ကြိုးစား ပွားများရမယ်၊ ရုပ်နာမ်ခန္ဓာများကို လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာဉာဏ် အမြင်သန်အောင်အားထုတ်ရမယ်။

၅။ အချက်က- ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန် ဝီရိယလည်း ရှိရမယ်။ ယခုခေတ်ကာလ လူများလို "လက်ပံပင် ဇရက်ကျ" သကဲ့သို့ ဆူဆူညံညံ, စကားတပြောပြောနှင့် ဥပုသ်စောင့်,ပုတီးစိပ်သလို မဟုတ်မူ၍ သစ်တပင်ရင်း, ဝါးတပင်အောက် ဆိတ်ငြိမ်ရာအရပ်ဝယ်, အရိုးကြေကြေ, အရေခြောက်ခြောက် နောက်မဆုတ်တမ်း-ဆိုတဲ့ ဝီရိယအင်္ဂါလေးပါးဖြင့် ကိလေသာများ ပူထွက်ပြီး အနားမကပ် မသီနိုင်အောင် အားထုတ်ရမယ်။

၆။ အချက်က-တနေ့တခြား ရင့်ကျက်သော နေပက္ကပညာလည်း ရှိရမယ်၊ (နိပကော-ပါဠ်ဖြင့် ပါရိဟာရိကပညာကို ပြဆို၏၊ ပညာကို နေပက္ကဟုခေါ်သည်။)ပါရမီ နုသေးလျှင်လည်း မရနိုင်သေးဘူးပေါ့၊ ကဿပဘုရား သာသနာတော် နောက်ပိုင်းမှာ ရဟန်းငါးပါး တောင်ကလပ်တက်၍ မရမနေ တရား အားထုတ်ကြလေရာ၊တပါးရဟန္တာ,တပါးအနာဂါမ်ဖြစ်ပြီး၊ ကျန်သုံးပါးဟာမည်သည့် တရားထူးကိုမျှ မရဘဲ၊ ထိုနေရာ၌ပင် ပျံလွန်သွားကြတာလည်း ပါရမီနုလို့ဘဲ မှတ်ကြရမယ်၊ အရင့်အမာဖြစ်ဘို့လည်း လိုသေးတယ်။

ထို့ကြောင့်-ဤအကြောင်းတရားအင်္ဂါ၆-ပါးနှင့်ပြည့်စုံသူတို့မှ ဈာန်မဂ်ဖိုလ်တရားထူးများကို ရရှိနိုင်တယ်၊ ‘တဏှာတည်းဟူ

သောကိလေသာ အရှုပ်အထွေးကို ဖြေရှင်းနိုင်တယ်လို့၊ ဆိုခဲ့သည့် ဒေသနာတော်အရ အဓိပ္ပာယ်လာရှိသည်၊ (ဤဂါထာမှာ-ပထမပါဒ-အက္ခရာ သုံးလုံးလွန်သဖြင့် ဆန်းစစ်ရခက်၏။ ပထမပါဒ ဣန္ဒဝဇီရာနှင့်ကြွင်းသုံးပါဒ ပထျာဝတ္တရောသော ဥပဇာတိဂါထာဟု မိုင်းခိုင်ဆရာတော် ဆန်းစစ်ခြင်းသည်သင့်၏။)

သို့အတွက် အထက်ပါ တရား ၆-ပါးနှင့် ပြည့်စုံရမည့်အကြောင်းကို ဥပမာပြ၍ အဋ္ဌကထာသစ်ဆရာ ကမ္ဘာကျော်အရှင်မဟာဗုဒ္ဓဃောသသည် သူ၏လက်စွမ်းပြ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသ၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူ၏။

သော ဣမံ ဝိဇဋယေဇဋန္တိ သော ဣမိနာစ သီလေန ဣမိနာစ စိတ္တသီသေန နိဒ္ဒိဋ္ဌသမာဓိနာ ဣမာယစ တိဝိဓာယ ပညာယ ဣမိနာ စ အာတာပေနာတိ ဆဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု၊ သေယျထာပိ နာမ ပုရိသော ပထဝိယံ ပတိဋ္ဌာယ သုနိသိတံ သတ္ထံ ဥက္ခိပိတွာ မဟန္တံ ဝေဠုဂုမ္ဗံ ဝိဇဋေယျ၊ ဧဝမေဝ- သီလပထဝိယံ ပတိဋ္ဌာယ သမာဓိသိလာယံ သုနိသိတံ ဝိပဿနာပညာသတ္ထံ ဝီရိယဗလပဂ္ဂဟိတေန ပါရိဟာရိကပညာဟတ္ထေန ဥက္ခိပိတွာ သဗ္ဗမ္ပိ တံ အတ္တနော သန္တာနေ ပတိတံ တဏှာဇဋံ ဝိဇဋေယျ သဉ္ဆိန္ဒေယျ သမ္ပဒါလေယျ၊ မဂ္ဂက္ခဏေ ပနေသ တံ ဇဋံ ဝိဇဋေတိ နာမ၊ ဖလက္ခဏေ ဝိဇဋိတဇဋော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျော ဟောတိ၊ တေနာဟ ဘဂဝါ။ ။ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသကထာ။

**အဋ္ဌကထာဆရာ အဓိပ္ပာယ်**

အဋ္ဌကထာလာစကားမှာ အလွန်ပင်ထင်ရှားပေါ်လွင်နေ၍ ဝင်စွက်ရန်မလို၊ သို့တစေလည်း-ပါဠိစကားကို နားမလည်သူများ အတွက်-အနည်းငယ်ခန့် ရှင်းလင်း ဖော်ပြပါဦးမည်၊ အဆိုပါတရား

၆ပါးနှင့်ပြည့်စုံသော ဘိက္ခုသည် ဥပမာအားဖြင့် အင်္ဂါပြည့်စုံသော ယောကျ်ားသည် မြေပြင်၌ ရပ်တည်၍ ကောင်းစွာ သွေးအပ်သော ဓားကိုချီလျက် ကြီးစွာသော ဝါးခြုံကို ရှင်းလင်းခုတ်ထွင်သကဲ့သို့၊ ဤအတူသာလျှင် အထူးစင်ကြယ်သော သီလမြေပြင်ဝယ် တည့်မတ်စွာရပ်တည်၍ သမာဓိတည်းဟူသော ဓားသွေးကျောက်၌ ထက်မြက်စွာ သွေးအပ်သော ဝိပဿနာ ဉာဏ်သန်လျက်ကို ဝီရိယတည်းဟူသောအားသည် ချီးမြှောက်ထောက်ပံ့အပ်သော ပါရိဟာရိကပညာလက်ဖြင့် အချက်ကျကျ ကိုင်စွဲကာ မိမိသန္တာန်၌ ကျဆဲကျလတံ့သော တဏှာအရှုပ် အထွေး မှန်သမျှကို ဖြတ်တောက်ဖယ်ရှားရမည်ဟူ၏။

ထိုစကားသည် မှန်၏။ တဏှာနှင့် အဝိဇ္ဇာကို အရင်းခံ၍ ဝိညာဏ်နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်နေသော ကိုယ်ခန္ဓာဝယ် အထည်ကိုယ်အမာခံ အနှစ်အမတေဟု ခေါ်ဝေါ်ပြောဆိုရသော အတ္တလည်းမရှိ၊ မပျက်စီးဘဲ အမြဲချမ်းသာနေသောအရာလည်းမရှိ၊တင့်တယ်သောအရာလည်းမရှိ၊ "အားလုံးသောဝိညာဏ်နာမ် ရုပ် တို့သည် အနတ္တ အနိစ္စ ဒုက္ခ ဖြစ်၍ အမြဲ ပျက်စီး သေပျောက်နေသော အသုဘတွေချည်းပါတကား" ဟု စိတ်ပါလက်ပါ ဆင်ခြင်ဖြတ်တောက်ပါလျှင် အဘယ်မှာ နှစ်သက်မှုတဏှာနှင့် အဝိဇ္ဇာမပြတ်ဘဲနေနိုင်ပါတော့မည်နည်း၊ တဏှာနှင့်အဝိဇ္ဇာပြတ်လျှင် သင်္ခါရလည်း မဖြစ်, ကမ္မဘဝလည်း မဖြစ်တော့ ရကားနောက်ဘဝ၌ ဝိညာဏ်အဆက် မရှိတော့ဘဲ၊ သတ္တာ တယောက်အတွက် သံသရာအဆက်ပြတ်၍ အသင်္ခတ ဓာတ်သာ တည်ရလေတော့သည်။

**ဗုဒ္ဓအလိုတော်ကျ အဋ္ဌကထာအာဘော်**

အောက်က- သီလ သမာဓိ ပညာသိက္ခာ သုံးပါးနှင့်ပြည့်စုံမှမဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြောင်းကို တင်ပြခဲ့ရာ- အဋ္ဌကထာဆရာ၏“ ဆဟိသမန္တာဂတော ”ပါဠိဖြင့် မဆန့် ကျင်အောင်လည်း ညှိနှိုင်းရန်အတွေးအခေါ် ကလိုသေး၏၊မှန်၏၊ဤဂါထာဝယ်၊ပညာသုံးပါးလာရှိ၏၊၁-ဇာတိပညာ၊ ၂-ဝိပဿနာပညာ၊ ၃-ပါရိဟာရိကပညာတို့ပင်ဖြစ်ရာ၊သုံးပါးလုံးမှာ၊ပညာချည်းသာဖြစ်သဖြင့်သဘောတရားအရ ပညာစေတသိက် တခုသာရ၏၊ ၎င်းပြင် အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယရှိသူမှ ဖြည့်ကျင့် နိုင်သောကြောင့် အာတာပီခေါ် ဝီရိယကိုလည်း သီလထဲ၌ ထည့်သွင်း ရေတွက်ခဲ့လျှင်စင်စစ်မှာအဆိုပါ-သီလ,သမာဓိပညာသုံးပါးသာဖြစ်သဖြင့်၊ဆိုခဲ့သည့်အတိုင်း သိက္ခာသုံးပါးကိုပင်အဦးထား၍ ဟောတော်မူခြင်းဖြစ်သည်မှာထင်ရှားသဖြင့် အဋ္ဌကထာ၏စကားကိုလည်းလေးစားယုံကြည်စွာ နာယူမှတ်သားအပ်ပေသည်။

**ဘိက္ခု,ရဟန်း မြန်မာပြန်**

ဘိက္ခုပုဒ်ကိုလည်းရဟန်းဟု သာမန်မြန်မာပြန်ဆိုခြင်းထက်ယခုပေးလိုက်သော အနက်အတိုင်း မြန်မာပြန်ဆိုလျှင် သာပြီးသင့်လျော်၍ ယုတ္တိလည်းရသဘာဝလည်းကျ ပေလိမ့်မည်၊ ဘိက္ခု-ရဟန်းဟု မြန်မာပြန်ဆိုခြင်း၏အကြောင်းမှာ၊ဤမြန်မာနိုင်ငံ၌သာသနာတော်ကိုလက်မှန်ပထမ အစပျိုး အသက် သွင်းခဲ့သော အရှင် အရဟံကို အစွဲပြု၍ အမှတ်တရ အဖြစ် ပြန်ဆိုခြင်း ဖြစ်သည်ဟု သုတေသီ များက အဆိုရှိရာ၊ပဓာန ဥက္ကဋ္ဌနည်းဖြင့် သင့်လျော် လျောက် ပတ် သည်ပင်ဖြစ်သော်လည်း“သံသာရေဘယံဣက္ခတီတိဘိက္ခု ”ဟုဖွင့်ဆိုသော ၎င်းအဋ္ဌကထာလာစကားနှင့် မျှားမျှားမဟုတ်မိလေ၊ သို့အတွက်“သံ

သင့်၍ ကိလေသေ ဟာနတီတိ သံဃော " မဂ်ဖိုလ် တရားရရှိလျှင်၊လူဝတ်ကြောင် များလည်း သံဃာ စာရင်းဝင်သကဲ့သို့ "ဘိက္ခု-သံသရာဘေးကိုရှုလေ့ရှိသောသူသည်" ဟုအနက်သမ္ဗန်မြန်မာပြန်သော်ကား အလွန်ပင်သဘာဝကျယုတ္တိရကာ, အဓိပ္ပါယ်လည်းထင်ရှားပါလိမ့်မည်။

ဆိုလိုရင်းကား-သံသရာကိုဘေးဟု ရှုမြင်လေ့ရှိသူဖြစ်က၊ရဟန်းဖြစ်စေ,ရသေ့ ပုရိဗိုဇ်ဖြစ်စေ,ဘိုးသူတော် မယ်သီလဖြစ်စေ, လူဝတ်ကြောင်များပင် ဖြစ်စေ၊မည်သူမဆို ဘိက္ခုမည်လေတော့သည်၊သံသရာကိုဘေးဟုရှုမြင်လေ့မရှိပါလျှင်သင်္ကန်းဝတ်များပင်လည်း ဘိက္ခု မမည်ကြောင်းကိုကောင်းကောင်းကြီးသိစေလိုချက်ပင်တည်း။

**ဘိက္ခဝေ အသုံးများ**

ဗုဒ္ဓသည် တရားဟောတိုင်း ဘိက္ခဝေကို အသုံးများ၏၊ ဘုရားဖြစ်စ- ပွဲဦးထွက် ဓမ္မစကြာ ဒေသနာ တော်၌ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" ဟုလာရှိပေသည်၊ထိုဘိက္ခဝေသည် ဆိုခဲ့သော ဘိက္ခုသဒ္ဒါမှ ဆင်းသက်လာရင်းဖြစ်၍(ဘိက္ခု-ရဟန်း)ဟုအနက်ပြန်ဆိုကြသဖြင့် မြန်မာမိတ်သင်္ဂဟအများစုက ယခုကာလ သင်္ကန်းဝတ်ရဟန်းသာမန်လောက်သာ သိနှင့်ထားကြ၏၊ကလျာဏမိတ္တကို ရရှိကြသူ ဝိပဿနာယောဂီအချို့လောက်က ယထာဘူတ မှန်ကန်စွာ သိရှိရာ၏။အဆိုပါ- ပွဲဦးထွက် တရားသည် ပဉ္စဝဂ္ဂီ ရဟန်းများအား ရည်သန်ဟော တော် မူ ခြင်း ဖြစ် ၍ ထို စ ကား သင့် တန် စေ၊ ပရိသတ်လေးပါး,ရှစ်ပါးတရားပွဲများ၌ သင့်လျော်ပါမည်လော,ပြဿနာကိုလည်း အမြတ်ဆုံး ရဟန်းပရိသတ်ကို စွဲမှတ်၍ ဟောသောဥက္ကဋ္ဌဒေသနာ-ပဓာန နည်းဖြင့် အသင့်ပင်မှတ်ယူရမည်ဟု- သတ

ပဒိကပုဗ္ဗာ ဝိသဇ္ဇနာကျမ်းဝယ် ဖြေရှင်းထား၏။ လက်မှန်အစ, ဓမ္မစကြာတရားပွဲ၌ လူသားထဲက ငါးဦးသာပါရာ, တဦးတရက် စီ ကောဏ္ဍညကစ၍ အရိယာမဂ်ကိုရပြီး၊ လပြည့်ကျော် ငါးရက် နေ့, အနတ္တလက္ခဏာသုတ်ကိုဟောမှ, အတ္တစွဲကင်းကာ အားလုံး ရဟန္တာဖြစ်သွားကြသည်။ ထိုရဟန်းတို့အား ဘိက္ခုခေါ်ရခြင်း အကြောင်းရင်း အဓိပ္ပာယ်, အမျိုးအစား သဘာဝကိုလည်း ဘုရားအလိုတော်ကျ သိသာထင်ရှားအောင် ဤနေရာ၌ရှင်းလင်း ဖော်ပြဦးအံ့။

**ပုဏ္ဏားကြီး အမေး** တနေ့သောအခါ မြတ်စွာဘုရားသခင်သည်သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာ၊ ပဥ္စဂ္ဂပုဏ္ဏားကြီး အိမ်ရှေ့၌ ရပ်တော်မူ၍၊ ထက်ဝက်မျှ စားကြွင်းဖြစ် သော ထမင်းကိုလှူလေရာ၊ မြတ်စွာဘုရား အလှူခံတော်မူ၍ လှန် စွာဝမ်းမြောက်လှသဖြင့် အမေးပုစ္ဆာပြဿနာစကားကိုလျှောက် ထားလေ၏၊ အရှင်ဂေါတမ၊ အရှင်ဘုရားတို့သည် မိမိ၏တပည့် များကို ဘိက္ခု-ဟုခေါ်ဆိုကြပါကုန်၏၊ အဘယ်သို့သောသဘော အဓိပ္ပာယ်မျိုးဖြင့် ဘိက္ခုမည်ပါသနည်းဟု လျှောက်ထားရာ၊ မြတ်စွာဘုရားက ဘိက္ခုမည်ကြောင်းကို ပုဏ္ဏားကြီးအားအောက် ပါအတိုင်း မိန့်ဆိုတော်မူလိုက်၏။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ၊
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒပါဠိတော်ဘိက္ခုဝဂ်)

ဗြာဟ္မဏ- ပဥ္စဂ္ဂပုဏ္ဏားကြီး၊ ယဿ- အကြင်ပုဂ္ဂိုလ်အား၊ သဗ္ဗသော- ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ နာမရူပသ္မိံ-ပရ မတ္ထတရား, နာမ်ရုပ်နှစ်ပါး၌၊ မမာယိတံ-ငါ, ငါ့ဟာ, ငါ့ဉစ္စာဟု

ခင်မင်မြတ်နိုးခြင်းသည်၊ နတ္ထိ-မရှိ၊ အသတာ၁စ-ငြိကပ်တွယ်တာ၁, သာယာစုံမက်ခြင်း မရှိသည်ဖြစ်၍လည်း၊ နသော၁စတိ- ပျက်စီးသော်လည်း, ပင်ပမ်းညှိုးမှိန်, စိုးရိမ်ပူဆွေးခြင်းမရှိပေ၊ သောပုဂ္ဂလော- ထိုကဲ့သို့သဘောရှိသော ပုဂ္ဂိုလ်ကို၊ ဝေ-ကေနွေန- မုချကေန်,အမှန်စင်စစ်အားဖြင့်၊ ဘိက္ခုတိ-ဘိက္ခုဟူ၍၊ ဝါ-သံသရာဘေးကို, မျှော်တွေး ထောက်ရှုလေ့ ရှိသူဟူ၍၊ ဝါ-ယခုကာလ, မြန်မာ့ဝေါဟာရဖြင့် ရဟန်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။ ။(ဂါထာ၏ မြန်မာပြန် နိသျသွား)

အဓိပ္ပာယ်မှာ လွန်စွာပင် သိသာထင်ရှား၏၊ အောက်ကဆိုခဲ့သော စကားနှင့်လည်း အသံသာကွဲ၍ အဆံမှာ အတူတူပင်ဖြစ်၏၊ သက်န်းဝတ်များသာမက- လူဝတ်ကြောင်များလည်း သဘောပေါက်လောက်၏၊ ဒေသနာတော်၏ ဆိုလိုချက်ကား၊ ဤကမ္ဘာလောကကြီးအတွင်းဝယ်, ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးသာရှိ၏၊ ရုပ်နာမ်နှစ်ပါးသာဖြစ်သည်၊ ရုပ်နာမ်နှစ်ပါးသာပျက်သည်၊ (သံသရာဟူသည် ရုပ်နာမ်နှစ်ပါးကိုခေါ်သည်ဟုနားလည်ထားပါ) ထိုပရမတ္ထတရား ရုပ်နာမ်နှစ်ပါး၌ စိုးရိမ်ပူဆွေးခြင်းသောက၊ ငါ,ငါ့ဟာ,ငါ့ဥစ္စာဟု တဲသ်နှစ်သက်ခြင်းရာဂ- မဖြစ်နိုင်အောင် ကိုယ်အမှုအရာ စသည်ကို ဝိပဿနာ ဉာဏ်အမြင်မှန်ဖြင့် ရှုမှတ်ပါ-ဟု ဆိုလိုရင်းပေတည်း။ ။ဤသို့ခန္ဓာငါးပါး,ရုပ်နာမ်နှစ်ပါး ပရမတ္ထတရားကို ရုပ်မြဲတိုင်းသော ဈာရိယာပုထ်ဖြင့်ပင် ပေါကြားသော အဆုံး၌ ပုဏ္ဏားကြီး- လင်မယား နှစ်ဦးလုံးဟာ, အနာဂါမိဖိုလ်၌ တည်သွားကြကုန်၏။

မှတ်ချက်။ ။ဤပုဏ္ဏားကြီး လင်မယားတို့သည် ယခုလူများကဲ့သို့ ရာထောင်ချီ၍ လှူခြင်းလည်းမဟုတ်၊တရားသံ နဘံထိ၍နားညီးအောင် မပြတ်နာနေခြင်းလည်း မဟုတ်ပေ၊စင်စစ်မှာ စား

ကြွင်းထမင်းထက်ဝက်မျှကို တခါလှူ၍ တကြိမ်တခါ ဘိက္ခုတရားကိုနာကြားရုံမျှဖြင့် သုံးဆင့်မြောက် အနာဂါမိဖိုလ်၌ တည်သွားခြင်းပင် ဖြစ်လေသည်၊ ဘာကြောင့်လဲ- ဟုစဉ်းစား ဆင်ခြင်ရန် အတွေးအခေါ် လိုလေသည်၊ နောက်ပိုင်းဆိုင်ရာ အခဏ်း၌ကြည့်ရှုပါ။

**ဘိက္ခု့ရဟန်း အမျိုးအစား** လောက၌ ရဟန်းက ဥပသမ္ပန္န ရဟန်း, ပုရိဗိုဇ် ရဟန်း ဟူ၍ ဇာတ်အားဖြင့် နှစ်မျိုးနှစ်စားရှိ၏၊ ထိုနှစ်မျိုးတို့တွင်-ဝိနည်းကံလာဥပသမ္ပဒါရှစ်မျိုးဖြင့် ပဉ္စင်းအဖြစ်သို့ ရောက်သော ရဟန်းကို ဥပသမ္ပန္န ရဟန်းခေါ်သည်၊ဤကဲ့သို့ဥပသမ္ပန္နရှစ်ပါးတွင် တပါးပါးဖြင့် ပဉ္စင်းမပြုသော ရဟန်းကိုကား ပုရိဗိုဇ် ရဟန်း ဟုခေါ်သည်။

သဗ္ဗညူ ဗုဒ္ဓ့ပစ္စေကဗုဒ္ဓတို့သည်ပုရိဗိုဇ်ရဟန်းတို့သာတည်း၊ ပဉ္စအင်္ဂါယသာတိ-ဝိဂ္ဂိုဟ်အရ ပဉ္စင်းမဟုတ်၊ရှင်တော် မြတ်ဘုရား ပုရိဗိုဇ် ရဟန်းပြုပုံကို သုတ္တန်ပါတ် ပါဠိတော် ပဗ္ဗဇသုတ်ဖြင့်သိကြလေ၊ ဘုရားရှင်သို့ အတုလိုက်၍ ရဟန်း ပြုကြကုန်သော ပဉ္စဝဂ္ဂီ ရဟန်း တို့လည်း ဘုရားလို ပုရိဗိုဇ် ရဟန်း တို့သာတည်း၊ နောက်မှ ရဟန်းခံသည်၊ကောဏ္ဍညထေရ်ကားသောတာပန်ဖြစ်ပြီးမှရဟန်း ပြုသည်၊ အရှင် သာရိပုတ္တရာ, အရှင် မောဂ္ဂလာန် တို့ လည်း ပုရိဗိုဇ် ရဟန်းတို့တည်း၊ သောတာပန် ဖြစ် ပြီး မှ ရဟန်းခံသည်၊ အရှင် သဘိယ, အရှင်ပက္ကုသာတိ-တို့လည်း ပုရိဗိုဇ် ရဟန်းတို့ တည်း၊ ပုရိဗိုဇ်ရဟန်း အဖြစ်နှင့်ပင်, အောက်မဂ် အောက်ဖိုလ် တို့ကိုရ၍ သေပြီးလျှင်ဗြဟ္မာ့ပြည်သို့ ရောက်ကြလျက်,ရောက် လျှင် ရောက်ချင်း ရဟန္တာဖြစ်ကြလေသည်၊ အရှင်ဒါရုစိယ- ထေရ်ကား သင်္ကန်းကိုမဝတ်၊သစ်သားကိုလျှော်စီ၍ဝတ်သည်၊ ပုရိဗိုဇ်ရဟန်း

အဖြစ်နှင့်ပင်ရဟန္တာဖြစ်၍ပရိနိဗ္ဗာန်ဝင်စံတော်မူသည်၊ သို့အတွက် ဤကား အင်္ဂလိပ်ဘုန်းကြီး, တရုပ်ဘုန်းကြီး, ကုလားဘုန်းကြီး, ဂျပန်ဘုန်းကြီး, တိဘက်ဘုန်းကြီး စသည်ဖြင့် အဆင်မပြေကာမျှ- ဘာသာရေး ငန်းဘမ်း၍ အယမ်းလည်း အယူသေး, အထင်သေး မဖြစ်သင့်ရာ၊ ဗုဒ္ဓဘာသာမှာ- အကောင်းအဆိုးရှိသကဲ့သို့ တခြား သော ဘာသာတို့၌လည်း နည်းတူပင် ရှိလိမ့်မည်ဟု အသိဉာဏ် အမြင်မှန် သက်ရောက်ပါဟု ဆိုလိုသည်၊ စံပ, ဝက်ရိုက်မျိုးကား မလုပ်သင့်ချေ။

သာသနာပ အခါ၌ကား၊ မဟာဇနကမင်းကြီး, မဟာ ဗောဓိ ပရိဗိုဇ်- အစရှိသောရဟန်းတွေ, ဘုန်းကြီးတွေ ဟူသမျှ ပရိဗိုဇ် ရဟန်းချည်းတည်း၊ လောက၌သာသနာတွင်း, သာသနာပ- အခါခပ်သိမ်း ပရိဗိုဇ်ရဟန်း မဆိတ်ပြီ၊ ဘုရား လက်ထက်တော်က ဘုရားတပည့် မဟုတ်ဘဲ၊ ဘုရားကို ဘက်ပြိုင် ရန်မူ၍ နေသော အညတိတ္ထိယ ပရိဗိုဇ်ရဟန်းတွေလည်းအများကြီးရှိလေသည်- ဤ ဥပသမ္ပန္န, ပရိဗိုဇ် ရဟန်းနှစ်မျိုးတို့တွင် ဥပသမ္ပန္နရဟန်းကို ဝိနည်း ရဟန်းခေါ်၍ ပရိဗိုဇ် ရဟန်းများကိုကား သုတ္တန် ရဟန်းဟုခေါ် သည်၊ ထိုဝိနည်း, သုတ္တန် ရဟန်းနှစ်မျိုးလုံးကိုပင် ဘိက္ခုခေါ်သည် မှတ်။

သို့အတွက်- ဘိက္ခဝေ, ဘိက္ခုများအရ၌ ဆိုခဲ့သည့်အတိုင်း သံသရာကို ဘေးဟုရှုမြင်လေ့ရှိသူဖြစ်က၊ ရဟန်းသာမဏေဖြစ်စေ, ရသေ့, ပရိဗိုဇ်ဖြစ်စေ၊ ဘိုးသူတော်, မယ်သီလဖြစ်စေ, လူ ဝတ်ကြောင်များပင်ဖြစ်စေ, ပါဝင်ကြောင်းကို ကောင်းကောင်း ကြီးသဘောတရားရကာ- ပထ၂ာဉာဏ် အမြင်သန်ကြပါစေကုန် သတည်း။

**သီလ၏ လုံခြုံမှု** သံသရာမှ လွတ်မြောက်ရေးအခြေခံ, ဝိပဿနာလုပ်ငန်းဆိုင်ရာ၌ သီလ သမာဓိ ပညာသိက္ခာသုံးပါးသာ အရေးပါ, အရာရောက်ဆုံး ဖြစ်ကြောင်းကို အောက်၌ ရှင်းလင်း ဖော်ပြခဲ့ပြီဖြစ်၍ ယခုအခါ သိက္ခာသုံးပါးကို အသေးစိတ်လေ့လာရန် လိုအပ်သဖြင့် ရှေးဦးစွာ သီလသိက္ခာကို ပြဆိုပေအံ့။ "သီလတီတိသီလံ, ကာယဝစီကမ္မာနိသမာဒဟတိ, သမ္မာထပေတီတိအတ္ထော" ဋီကာရှင် စကားအရ၊ ကိုယ်အမူအရာ, နှုတ်အမူအရာတို့ကို လုံခြုံအောင် ကောင်းစွာထိန်းသိမ်းစောင့်ရှောက်မှုကို သီလဟုခေါ်သည်။ ထိုသီလသည် ကုသိုလ်တရားတို့၏ တည်ရာလက္ခဏာရှိ၏၊ အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းကိစ္စရသရှိ၏၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့၏ စင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏၊ ဒုစရိုက်ပြုရမည်မှ ရှက်ကြောက်ခြင်းလျှင် နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။ (သီလ၏သဘောလေးချက်) သီလ၏အရကား- မဟာကုသိုလ်စိတ်ရှစ်ခု၊ စေတသိက်အဋ္ဌတိံသရှ၏။

ထိုသီလသည် ရဟန်းသီလ, လူသီလဟု နှစ်မျိုး နှစ်စားပြားသဖြင့် ရဟန်းသီလကို ဤသို့သိအပ်သည်။ ရဟန်းသီလသည် အကျဉ်း (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေ-ကိုးထောင်ကျော် (၉၁၈၀၅၀၃၆၀၀၀) အရေအတွက်အားဖြင့် ကျယ်ဝန်းများပြားသော်လည်း လိုရင်းအချုပ်မှာ- စတုပါရိသုဒ္ဓိသီလခေါ် သီလ လေးပါးကိုသာ အကျဉ်းအားဖြင့် သိမှတ်အပ်ပေသည်။ ၎င်းလေးပါးတွင်လည်း ပါတိမောက္ခသံဝရသီလတခုသာ လိုရင်းအဓိကဖြစ်၏။ ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အာဇီဝပါရိသုဒ္ဓိသီလသုံးပါးသည် ဝိပဿနာတရားကို အားထုတ်ရာ၌ တပိုင်နက်, တချက်တည်း ပါဝင်လေတော့သည်။

ထိုတွင် ပါတိမောက္ခသံဝရသီလကို သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံစေရာသည်။ ဣန္ဒြိယသံဝရ သီလကို သတိပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့် စုံ စေ ရာ သည်။ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံစေရာသည်။ ပစ္စယသန္နိဿိတ သီလကို ပညာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပြည့်စုံ စေ ရာ သည်။ ဤသို့ သဒ္ဓါ သတိ ဝီရိယ ပညာ စေတသိက်လေးဖြာဖြင့် သီလကြီး လေးပါးကို ဖြည့်ကျင့် ကြ ၍ စတုပါရိသုဒ္ဓိသီလတရားကို ပြည့်စုံ စေအပ်တော့သည်။ ထို့ကြောင့်- သံယုတ်ပါဠိတော်၌ အောက်ပါအတိုင်း ဟောတော်မူ၏။

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ၊
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

သဒ္ဓါယ - သက်ဝင် ယုံကြည်ခြင်း, သဒ္ဓါတရားကြောင့်၊ ဩဃံ - ဩဃလေးဖြာ, သံသရာကို၊ တရတိ - လွန်မြောက်နိုင်၏၊ အပ္ပမာဒေန - ကုသိုလ်ကောင်းမှု, အစုစု၌, သ တိ မ ပေါ့, မမေ့ မလျော့ခြင်းကြောင့်၊ အဏ္ဏဝံ- ဘဝပြင်ကျယ်,မြစ်ပင်လယ်- သံသရာကို၊ တရတိ - ကူးမြောက်နိုင်ပေ၏၊ ဝီရိယေန - ထကြွ လုံ့လ, ဝီရိယတရားကြောင့်၊ ဒုက္ခံ-တမလွန်ပစ္စုပ္ပန်, နှစ်တန်သော ဆင်းရဲကို၊ အစ္စေတိ-လွန်မြောက်နိုင်၏၊ ပညာယ-အသိထက်သန်, ပညာဉာဏ်ကြောင့်၊ ပရိသုဇ္ဈတိ- ကိလေသာမှေး, တဏှာဘေးမှ, လွတ်ရေးလွတ်ဖွယ်, လွန်စင်ကြယ်၏။ (ဤကား-နိသျှသွားအနက်)

**ပါတိမောက္ခ သံဝရသီလ**

ပါတိမောက္ခသံဝရသီလကို စောင့်သုံးလိုသော ယောဂီ ပုဂ္ဂိုလ်သည် တော၌ ကျက် စား သော ကိကီ မည်သော ယစ်မ၊ ဝါ - တစ်တီတူးမသည်, မိမိအဥကို စောင့်ရှောက်သကဲ့သို့ရင်း၊ စာမရှိမည်ခြင်း, ထိုသည့်

သားသည် မိမိ၏ အမြီးဆံကို စောင့်ရှောက် သ ကဲ့ သို့ ၎င်း၊ သား တယောက်တည်းဘခင်သည် ချစ်လှစွာပြား, တယောက်သားကို စောင့်ရှောက်သကဲ့သို့၎င်း၊ မျက်စိ တ ဖက် သာ ရှိသော သူသည် တဖက်မျက်လုံးကို စောင့်သုံးသကဲ့သို့၎င်း၊ မိမိအသက်ကို ငဲ့ကွက်ခြင်းမရှိကြမူ၍ ဖြည့်ကျင့်အပ်ကုန်၏။ ထိုကြောင့် အံသီတိနိပါတ် မဟာသုတသောမဇာတ်၌ ဤသို့ ဟော၏။

ဓနံ စဇေ အင်္ဂ ရက္ခံ၊ အင်္ဂ စဇေယျ ဇီဝိတံ၊
သဗ္ဗမ္ပိ ရက္ခမာနော တု၊ သဗ္ဗံ စဇေယျ ပဏ္ဍိတော။

အင်္ဂ - ခြေလက်စသော,ကိုယ်အင်္ဂါကို၊ ရက္ခံ- စောင့်ရှောက်သောသူသည်၊ ဓနံ-ရွှေငွေစသော, ရတနာဥစ္စာကို၊ စဇေ-စွန့်ရဲရာ၏၊ ဇီဝိတံ - ရုပ်နာမ်နှစ်ချက်, ဇီဝသက်ကို၊ ရက္ခန္တော - စောင့်ရှောက်သောသူသည်၊ အင်္ဂ-ခြေလက်စသော,ကိုယ်အင်္ဂါကို၊ စဇေယျ-စွန့်ရဲရာ၏၊ သဗ္ဗမ္ပိ - သူတော်ကောင်းတရားကို၊ ရက္ခမာနော - စောင့်ရှောက်သော၊ ပဏ္ဍိတောတု - ကြောင်းကျိုးမြင်သိ, ပညာရှိသည်ကား၊ သဗ္ဗံ-အလုံးစုံဥစ္စာ, အင်္ဂါအသက်ကို၊ စဇေယျ-စွန့်ရဲရာ၏။ (နိသျအနက်)

ဤဒေသနာတော်ကို ရည်ရွယ်၍ ရှေးဆရာမြတ်တို့သည် "ပစ္စည်းနှင့် အင်္ဂါခြေလက်, တခုခုအန္တရာယ်တွေ့လျှင် အင်္ဂါခြေလက်အထိမခံနှင့် ပစ္စည်းအပျက်ခံ(၁) အင်္ဂါခြေလက်နှင့်အသက် တခုခု အန္တရာယ်တွေ့လျှင် အသက် အထိမခံနှင့် အင်္ဂါ ခြေ လက် အပျက်ခံ(၂) အသက်နှင့် သီလ တခုခု အန္တရာယ်တွေ့လျှင် သီလ အထိမခံနှင့် အသက်အပျက်ခံ(၃)"ဟု ဆိုစမှတ်ပြုကြကုန်၏။

ဤသို့ ဂါထာပါဠိ၌ လာရှိသည်နှင့်အညီ၊ ကိုယ်အသက်ကို မငဲ့ကွက်မူ၍ ဘုရားပညတ်သိက္ခာပုဒ်တော်မြတ်ကို ရိုသေချစ်အပ်

မြတ်နိုးလတ်၍ နိဗ္ဗာနဓာတ်သို့ ဝင်အောင် သီလဝိသုဒ္ဓိတရားကို စောင့်ရှောက်အပ်၏။ ။စောင့်ရှောက်ဟန်ကား- သီလတော်မြတ်ကို စောင့်သုံးရာ၌ သီလ၏ညစ်နွမ်းခြင်းသံကိလေသတို့ကို ပယ်ရှောင်၍ သီလ၏ဖြူစင်ခြင်းဝေါဒါနတို့ကိုသိရာ၏။ သီလ၏ညစ်နွမ်းခြင်းဟူသည် အစွန်း၌ဝတ်သောပုဆိုးကဲ့သို့ မိမိစောင့်သုံးသော သီလ၏အစသိက္ခာပုဒ်, အဆုံးသိက္ခာပုဒ်ပျက်ခြင်းဟုဆိုအပ်သော ကျိုးခြင်း၊ အလယ်၌ ပေါက်သော ပုဆိုးကဲ့သို့ အလယ်သိက္ခာပုဒ်ပျက်ခြင်းဟု ဆိုအပ်သော ပေါက်ခြင်း၊ နွားပြောက်ကဲ့သို့ သိက္ခာပုဒ်အစဉ်အားဖြင့် တစ်ခု နှစ်ခု သုံးခု လေးခု- စသည် ပျက်ခြင်းဟုဆိုအပ်သော ပြောက်ခြင်း၊ နွားကျားမကဲ့သို့ သိက္ခာပုဒ်တခုခြားပျက်ခြင်းဟုဆိုအပ်သော ကျားခြင်း၊ လာဘ်,အခြွေအရံ, အကျော်အစောကိုတောင့်တ၍ သီလကိုဆောက်တည်ခြင်း၊ မေထုန်ငယ် ခုနစ်ပါးနှင့် မကင်းခြင်း၊ ဤသို့ စောင့် သုံး ခြင်း ဟု ဆိုအပ်သော သီလတရားသည် ညစ်နွမ်းခြင်းသံကိလေသ ဖြစ်၏။ ဤသံကိလေသ(သီလညစ်နွမ်းခြင်း)ကို ပယ်ရှား၍ ကျင့်ကြံ အားထုတ်အပ်သောသိက္ခာပုဒ်များသည် သီလဝိသုဒ္ဓိအစစ်ကေန်ဖြစ်၍ ပါတိမောက္ခ သံဝရသီလ အမည်နာမကို ရတော့ သည် သာ လျှင် တည်း။

**မေထုန်ငယ် ခုနစ်ပါး** ဤနေရာ၌ မေထုန်ငယ်ခုနစ်ပါးကို ယောဂီသူမြတ်များသိရှိရန် ခွဲခြားပြဆိုပေအံ့။ ။မေထုန် ငယ် ခုနစ်ပါးဟူသည်ကား။ ၁- မာတုဂါမတို့နှင့်မေထုန်မှီဝဲခြင်း မေထုနကိစ္စကို မပြုသော်လည်း, မာတုဂါမတို့အား ကိုယ်လက်ဆံထုံး လက်ရိုးများကို သုံးသပ်သာယာခြင်း၊ ၂- မာတုဂါမတို့နှင့် ပြုံးရယ်ပျော်ပါး ကစားခြင်း၊ ၃- မာတုဂါမတို့ ပြောဆို ရွတ်အံသောအသံကို နာခံနှစ်သက်, စုံမက်သာယာခြင်း၊

၄- မာတုဂါမတို့ကို မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း၊ ၅- မိမိပြုဘူးသော မေထုန်, ကာမဂုဏ်ကိုအာရုံပြု၍သာယာခြင်း၊ ၆- သူတပါးပြုသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊ ၇-ခြောက်ထပ်နတ်ရွာ နတ်ချမ်းသာကို သာယာတောင့်တ၍ သီလကိုကျင့် ဆောက်တည်ခြင်း။— ဤသို့အားဖြင့် မေထုန်ငယ်ခုနစ်ပါးကို အင်္ဂုတ္တရပါဠိတော်ဝယ် ဇာဏုသောဏိ ပုဏ္ဏားကြီးအား ဟောတော်မူ၏။

**သက်သေပြယုဂ်**
**အညတြမထေရ်**

ဤပါတိမောက္ခ သံဝရသီလ အရာ၌ တောမီးလောင်သော မထေရ်တပါး ဝတ္ထုကိုသာဓကဆောင်အပ်၏၊ သီဟိုဠ်ကျွန်းဝယ်မထေရ်တပါးသည် မဟာဝတ္တနီ ဝိဇ္ဈာဋဝီတောအုပ်အတွင်း၌ ခိုးသား တို့သည် နွယ်ဖြင့်ချည်တုပ်အပ်ကုန်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံးဘူတဂါမ် သိက္ခာပုဒ်အတွက်ကြောင့် နွယ်ကိုမဖြတ်မူ၍ နေတော်မူသောအခါဝယ် တောမီးလောင်လတ်၍ လာလေလျှင် ကိုယ့်အသက်ကို သိက္ခာပုဒ် ပျက်မည်အတွက်လောက်မျှ မခင်မင်မူ၍ ဝိပဿနာဘာဝနာကို သုံးသပ်ပွားများလေလျှင် ဇီဝိတသမသီတိ ရဟန္တာဖြစ်လျက် အသခ်တဓာတ်နိဗ္ဗာန်မြတ်သို့ မီးတောက်ဟတ်သည်နှင့် တပြိုင်နက် ဝင်စံတော်မူရလေ၏။ ။ဤဝတ္ထု သက်သေကို ထောက်ထား၍ ကိုယ့်အသက်ကို ငဲ့ကွက်ခြင်းအမှုကိုလျစ်လျူရှု၍ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် ဖြည့်ကျင့် အပ်တော့သည်။ ။ထိုကြောင့်-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဤသို့မိန့်တော်မူ၏။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ- ပါတိမောက္ခသံဝရသီလကို၊ ဝိသောဓေန္တော-သုတ်သင်လိုလား, ယောဂီအများသည်၊ ဇီဝိတံအပိ-ရုပ်

နာမ်နှစ်ချက် ဇီဝသက်ကိုလည်း၊ ဇဟေဝေ- စွန့်ရဲ ရာသည်သာ လျှင်ကတည်း။ လောကနာထေန- လူအပေါင်းတို၏ ကိုးကွယ်ရာ အစစ်-ကေန်ဖြစ်ငြား, မြတ်စွာဘုရားသည်၊ ပညတ္တံ-ပညတ်တော် မူအပ်သော၊ သီလသံဝရံ-သီလတည်းဟူသောစောင့်စည်းခြင်းကို၊ န ဘိန္ဒေ-မဖျက်ဆီးကြရာ။ ။(အဋ္ဌကထာနိသျသွားအနက်)

**အမှာစကား။** ။ဝိသုဒ္ဓိမဂ်၌ ဤပြယုဂ်ပုံစံမျိုး များစွာ ပင်လာ၏၊ ယောဂီများ မှတ်သား နည်းယူရန်ညွှန်ကြားလိုက်ရ ပေသည်။

**ဣန္ဒြိယ သံဝရသီလ** ဣန္ဒြိယသံဝရ သီလကို ပြည့်စုံလိုသော ယောဂီသူမြတ်သည်၊ စက္ခုစသော ခြောက်ဒွါရ၌ ရူပါရုံ-စသော အာရုံ ခြောက်ပါး တရားတို့သည် ထင်လာ ခဲ့သည် ရှိသော်- စက္ခုဝိညာဏ် စသည်တို့ဖြင့် ဣဋ္ဌနိမိတ် ပဋိဃနိမိတ် သုဘနိမိတ် အစရှိသော, ကိလေသာဝတ္ထုဖြစ်၍ ဖြစ်သောအာရုံကိုမြင်၍ ထိုအာရုံသို့ လိုက်လျက်, ယုတ်မာသော အကုသိုလ်တို့ကို မနှစ်ခြိုက်ကြဘဲ,သတိတည်းဟူသော တံခါးရွက်ဖြင့် အမြဲမပြတ် ပိတ်ဆို့အပ်၏။ ဤသို့စက္ခုန္ဒြေကို သတိတည်းဟူသော တံခါးရွက် ဖြင့် ပိတ်နိုင်လျှင် စက္ခုန္ဒြေတို့ကို ပိတ်ဆို့ စောင့်ရှောက် ခြင်းသို့ ရောက်တော့သည်မှတ်။ ဤသို့ စက္ခုန္ဒြေစသည်တို့ကိုစောင့်ရှောက် ခြင်းသို့ ရောက်လျှင် ဒွါရခြောက်ပါး၌ ဖြစ်သောစိတ်တို့ကိုလည်း ထိန်းသိမ်းခြင်းသို့ရောက်တော့သည်အဖြစ်,ပြီးမြောက်ခြင်းစင်စစ်-ကေန်ဖြစ်ပေ၏။ ထိုသို့ဖြစ်ရကား- ဒွါရခြောက်ပါးကို ထိန်းလျှင် ထိုဒွါရ ခြောက်ပါး၌ ဖြစ်သောစိတ်တို့ကိုလည်း ထိန်းသည်မည် ပေသောအကြောင်းကို ရည်သန်တော်မူကြ၍ "တံခါးခြောက်ဝ ကို လုံပါစေ, ရှစ်ဆယ့်တပါး မျောက်ကြမ်းများကို ထွက်သွား

မေ့နှောက်ခြင်း ကင်းပါစေ”ဟု ပညာရှိ သုခမိန်တို့ မိန့်ဆိုတော်မူကြကုန်၏။

လောကူပမာအားဖြင့် မြို့တံခါးကို ပိတ်အပ်သည်ရှိသော် မြို့တွင်း၌ တည်သော အိမ်တံခါးကို မပိတ်အပ် ကုန်သော်လည်း ပိတ်သည်မည်သကဲ့သို့, စက္ခုစသော ဒွါရ ခြောက်ပါးတို့ကို သတိ တည်းဟူသော တံခါးရွက်ဖြင့် ပိတ်သော ယောဂီသူမြတ်အား ထိုခြောက်ဒွါရကိုမှီ၍ဖြစ်သော ဆစတ္တာလီသစိတ်, သတ္တသဋ္ဌိစိတ်တို့ကိုမပိတ်အပ်သော်လည်း ပိတ်သည်မည်သည် ဖြစ်၏ဟု ဥပမာ ·စကားရပ်တို့ကို တတ် အပ် သေချာ မှတ်ကုန်ရာ၏။ ဤသို့ ဒွါရ ခြောက် ပါး နှင့် တ ကွ ဒွါရ ခြောက်ပါး၌ ဖြစ်သော စိတ်တို့ကို အဘိဇ္ဈာစသောအကုသိုလ်တို့ မဝင်လာအောင် စောင့်ရှောက်နိုင်လျှင် ဣန္ဒြိယသံဝရသီလ လုံခြုံ တော့ သည် သာ တည်း။ ဤသို့ ဣန္ဒြိယသံဝရသီလ ပြည့်စုံပါလျှင်- ပါတိမောက္ခသံဝရသီလသည်လည်း လုံခြုံတော့သည်မှတ်၊ ဣန္ဒြိယသံဝရသီလ မပြည့် စုံ လျှင် ပါတိမောက္ခသံဝရသီလ သည်လည်း ပျက်တော့သည်သာလျှင် တည်း။

**သက်သေပြယုဂ်**
**မဟာမိတ္တထေရ်**

ဤ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် မဟာမိတ္တ မထေရ်မြတ်ကဲ့သို့ စောင့်ရှောက်အပ်ပေသည်၊ သီဟိုဠ်ကျွန်း စောရတကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်နေတော်မူသော မဟာမိတ္တ မထေရ်၏ အမိ ဒါယိကာမကြီးသည် သားမြတ်ရောဂါ (နို့နာ)စွဲကပ်သော အခါဝယ်, သမီးဖြစ်သော ဘိက္ခုနီမကိုပင့်ခေါ်၍ သင့်မောင်၏ အထံ၌- ဆေးဝါးများသွားတောင်းချေဟု စေခိုင်းလေသော် သမီးဖြစ်သော ဘိက္ခုနီမသည် မောင်တော်ဖြစ်သော မဟာမိတ္တ

မထေရ်ထံသွား၍ ဆေးဝါးကို လျှောက်ထားရာ၊ မဟာမိတ္တ မထေရ်မြတ်သည် ငါ့ကား ဆေးဝါးကို မဖော်တတ်ချေ၊ ငါ၏ သစ္စာစကားကိုပြောဆိုလျက်, အမိခန္ဓာကိုယ်ကို လက်ဖြင့်ဆုတ်နယ် သုံးသပ်လေလော-ဟုဆို၍၊ “ငါသည် အကြင်အခါမှစ၍ ရဟန်းပြု၏၊ ထိုရဟန်းပြုသည်အခါမှစ၍ တဏှာရာဂနှင့် ယှဉ်သောစိတ်ဖြင့် စက္ခုန္ဒြေကို ဖောက်ပြန်ဖျက်ဆီး၍ မိန်းမတို့၏ အဆင်း(ရူပါရုံ)ကို မကြည့်စဘူးသည်သာတည်း၊ဤသစ္စာစကားသည် မှန်သည်ဖြစ်ငြားအံ့၊ အမိဒါယိကာမကြီး၏ ရောဂါသည် ပျောက်ကင်းပါစေသတည်း”ဟု သစ္စာစကားကို ပေးလိုက်၏၊ ထိုသစ္စာစကားကိုနှမဘိက္ခုနီမ ယူဆောင်လျက်, အမိဒါယိကာ မကြီး၏ သားမြတ်ကို သုံးသပ်၍သစ္စာဆိုစေလျှင်, ထိုခဏ၌ ရေမြှုပ်ပမာ သားမြတ်နာသည် လျင်စွာ ကွယ်ပျောက် ခြင်းသို့ ရောက်လေတော့သည်။

ထိုမှတပါး-ကုရုဏ္ဍကလိုဏ်ကြီး၌ အနှစ်ခြောက်ဆယ် နေထိုင်လျက် ထိုလိုဏ်အမိုးရှိ- ဘုရားခုနစ်ဆူတောထွက်ခန်းကိုတခါမှ မော်မကြည့်ဘူးသော စိတ္တဂုတ္တမဟာထေရ်မြတ် ဝတ္ထုကိုလည်း နည်းတူပင် သိကြလေကုန်၊ ဤအရှင်မြတ်သည် လိုဏ်အမိုးကိုသာ မဟုတ်, လိုဏ်ဝရှိ ကံ့ကော်ပင်ကြီးကိုလည်း တခါမှမော်မကြည့်ဘူးတဲ့၊ နှစ်စဉ်မြေပေါ်သို့ ဝတ်ဆံကြွေကျကာမှ- ကံ့ကော်ပန်းပွင့်သည့်အဖြစ်ကို သိသတတ်၊ ပင်ကိုယ် အနေ အားဖြင့် လည်း စက္ခုန္ဒြေကို အမြဲချသောဟူ၏။ ။ဤအရှင်နှစ်ပါးတို့ စက္ခုန္ဒြေကိုစောင့်ရှောက်မှုသည် ဝိပဿနာအရာမျိုးမဟုတ်၊ဣန္ဒြိယသံဝရသီလသာတည်း။ (နောက်ထင်ရှားလတံ့) ဤမထေရ်မြတ်များ အလား၊ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် ကြိုးစားဖြည့်ကျင့်ကုန်ရာ၏။

မျက်စိနှင့် ရုပ်ဝတ္ထု ယင်းနှစ်ခုစပ်ယှက် တွေ့ထိမိက, ရာဂ တည်းဟူသောသားကို ဖွားမြင်တတ်ကြောင်းကို "စက္ခု ရူပေန သံဝါသာ၊ရာဂပုတ္တံ ဝိဇာယတိ"ဟူ၍ရင်း အပြစ်ပြု၍ ဟောထား ခဲ့ပေသည်။

အာဒိတ္တသုတ်၌လည်း "စက္ခုအာဒိတ္တံ, ကေနအာဒိတ္တံ, ရာဂဂ္ဂိနာအာဒိတ္တံ-"အစရှိသည်ဖြင့်ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီး သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီး ဟူ၍ တဆဲ့တစ် မီးရှိ၏။ ပကတိသော မီးသည် အမှိုက်ကိုလောင်သကဲ့သို့ ထိုတဆဲ့တစ်ပါးသော မီး သည်လည်း စက္ခုဆိုသော မျက်စိကိုလောင်၏။ မျက်စိသည် မီး ဇာဖြစ်၏။ မျက်စိသည် ရာဂမီး၏ ပွားစီးရာဖြစ်၏။ ဒေါသမီး၏ ပွားစီးရာဖြစ်၏၊ မောဟမီး၏ ပွားစီးရာဖြစ်၏။ ဇာတိမီးစသည် တို့၏ပွားစီးရာဌာနကြီးဖြစ်၏။ မျက်စိကိုငါဟူ၍ရင်း, ငါ၏ဥစ္စာ ဟူ၍ရင်း,ငါ၏ကိုယ်ဟူ၍ရင်း, စွဲလမ်းသော ရာဂသည် မျက်စိ၌ ပွားစီးသော ရာဂမီးမည်၏။ မျက်စိထိပါးသည်ဟု အမျက်ထွက် သော ဒေါသသည် မျက်စိ၌ပွားစီးသောဒေါသမီးမည်၏။မျက်စိ ကိုမြဲ၏ဟူသော အနေနှင့် နိစ္စမှုဝ တည်နေသော မောဟသည် မျက်စိ၌ ပွားစီးသော မောဟမီးမည်၏။

မျက်စိရှိနေသောကြောင့် အဆင်းသဏ္ဌာန်လျှင် အာရုံရှိ သော လိုချင်မှု,အမျက်ထွက်ရမှု,တွေဝေမှုတို့ နေ့စဉ်နှင့်အမျှ ဖြစ် ပွားရကုန်၏၊ ထိုလိုချင်မှု အမျက်ထွက်မှု တွေဝေမှုတို့ကြောင့် ယခုဘဝ နောင်ဘဝအဆက်ဆက်မှာ ဖြစ်လတံ့သောဘဝ, ဖြစ် လတံ့သော အိုခြင်း နာခြင်း သေခြင်း စသည်တို့လည်း နေ့စဉ် အတိုင်း ပွားများကုန်၏၊ ဤသို့ ပွားမှုသည်လည်း မျက်စိရှိသော ပုဂ္ဂိုလ်ကို မျက်စိ၏ပူပန်စေမှုပင်တည်း။

**ဒိဋ္ဌေဒိဋ္ဌမတ္တံ- ဟူသည်ကား-** ဒိဋ္ဌေဒိဋ္ဌမတ္တံ- ဒေသနာတော်သည် မြန်မာတနိုင်ငံ လုံးဝယ် အတော်ပင် ခေတ်စားနေ၏၊ ရိပ်သာမှ ယောဂီတိုင်း နှုတ်ဖျား၌ ခံတွင်း တွေ့လျက် နှုတ်တက်နေကြ၏၊ သီးခြား စာတအုပ်ပင် ပေါ်ထွက်လျက် ရှိနေလေပြီ၊ထိုဒေသနာတော်သည်၊ ယခင်ဆိုခဲ့သော "စက္ခု အာဒိတ္တံ" စသော ဒေသနာတော်နှင့်လည်း အဓိပ္ပါယ် သဘောများမှာ အတူတူပင်ဖြစ်၍ လွန်စွာ မှတ်သားဖွယ် ကောင်းလှပေသည်၊ ၎င်း ဒေသနာတော်မှာ အဂိဇ္ဇာနှင့် တဏှာ သတ်ခန်း အတွက် အထူး အရေးပါ အရာရောက်သော ထွက်ရပ် ဝိပဿနာ လုပ်ငန်း ဖြစ်၍ ဒေသနာတော်၏ဖြစ်ရင်းမူလဇာတ်ကြောင်းကိုလည်းသိရန်လိုအပ်သဖြင့် အချက်ကျစွာ ဤနေရာ၌ ဖေါ်ပြလိုက်ပေသည်၊ပါဠိတော်၏ မူရင်း အကြောင်းမှာ ဥဒါန်း ပါဠိတော် ဗောဓိဝဂ်ဒါရုစိယ ပုရိဗိုဇ်အား အကြောင်းပြု၍ ရှင်တော်ဘုရား ဟောကြားတော်မူခြင်းဖြစ်၍ "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ကိုမရေးသားမီ၊ ထိုအရှင်၏ ဇာတ်ကြောင်းဝတ္ထုမှာ၊ လွန်စွာပင် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် အကျယ်မပွား အကျဉ်းအားဖြင့် ဖေါ်ပြလိုက်ဦးအံ့။

**ဒါရုစိယ ပုရိဗိုဇ်** ရှေးကာလ ကဿပဘုရားရှင် လက်ထက်၊ ရဟန်း ငါးဦး တရား အားထုတ်ကြရာ၊ တမင် တဖိုလ်မျှပင် ရသည်မရှိသဖြင့် ထိုရဟန်းငါးဦးတို့ သဘောတူ ဆုံးဖြတ်ကြကာ, လူသူဝေးသော အရပ်ရှိ တောင်ကလပ်တခုအပေါ် သို့တက်ကြလေသည်၊ (အချို့စာ၌-ခုနစ်ဦးလည်းဆို၏) ထိုတောင်ထိပ်သို့ ရောက်ပြီးနောက်- တောင်ပေါ်တက်စဉ်က အသုံးပြုသော လှေကားကိုငါးဦးသဘောတူ ဆုံးဖြတ်၍၊တောင်အောက်သို့ပစ်ချလိုက်ကြသည်၊ လှေကားကို မဖြုတ်မီ, မိမိတို့ အသက်ကို စွန့်နိုင် မစွန့်နိုင်ကို တိကျစွာ စည်းစားကြ၍ အသက်ကိုသာ စွန့်မည်၊

တမဂ် တဖိုလ်မရလျှင် တောင်အောက်သို့ပြန်မဆင်းတော့ဟုအခိုင်အမာ ဆုံးဖြတ်ကြပြီးမှသာ၊ လှေကားကို ဖြုတ်ချလိုက်ကြခြင်းဖြစ်သည်၊ဤသို့အသက်ကို စွန့်မည်ဆုံးဖြတ်ပြီးကျင့်ကြရာ၊သုံးရက်မြောက်သော နေ့တွင် ရဟန်း တပါးသည် အာသဝ ကင်းကွာရဟန္တာ ဖြစ်သွားတော့၏။

ထိုအခါတွင်ရဟန္တာဖြစ်သူအရှင်က-ကျန်ရဟန်းလေးပါးအား အရှင်ဘုရားတို့အား တပည့်တော်ကောင်းကင်ခရီးမှစျာန်ပျံ၍ ဆွမ်းခံဆက်ကပ်ပါမည်ဟု ဆိုသည်၊ ထိုအခါကျန်ရဟန်းလေးပါးက တောင်ထိပ်ပေါ်သို့ မူလတက်စဉ်အခါ ရဟန္တာဖြစ်သူသည် ကျန်ရဟန်းများအားဆွမ်းခံကျွေးစတမ်းဆိုသည့်ကတိဝန်ခံချက်စကား မပါခဲ့ချေ၊ ထို့ကြောင့်- ဆွမ်းမစားရ၍သေသော်သေပေ စေ၊တရားကိုသာကျင့်မည်ဟု အခိုင်အမာငြင်းဆို၍ ဆက်လက်ကျင့်မြဲတိုင်း ကျင့်ကြလေသည်၊ ထိုသို့ကျင့်ကြရာ နောက်တနေ့တွင်-ရဟန်းတပါး အနာဂါမ်ဖြစ်သွားလေသည်၊ ထိုရဟန်းသည်လည်း ပထမ ရဟန်းနည်းတူပင် ကျန်ရဟန်း သုံးပါးအား [redacted]

သည် ထိုသုံးပါးထဲတွင် တပါးအပါအဝင်ဖြစ်လေသည်၊ တရားထူးများကိုရရှိရန် အားထုတ်သူ ယောဂီမှန်သမျှသည် အားထုတ်ကြိုးစားမှု အချည်းနှီးမဖြစ်, ဘဝတိုင်း ပါရမီအထုံပါလာမှုကို နားလည်သင့်ကြ၏၊ ကိုယ်နှုတ်စိတ်ခုတ် မြင့်မြတ်သောသူတို့၏ အလုပ်ကို ပရမာနံကမ္မံ ပါရမီအရ၊ ပါရမီဟုခေါ်၏၊ ထိုပါရမီသည် ဆုတောင်းနေရုံမျှဖြင့် ပြည့်ဝနိုင်သည်မဟုတ်၊ တရားတော်လာတိုင်း ဖြူစင်ကောင်းမြတ်သော စိတ်ထားဖြင့်ကြိုးစားကျင့်ကြံမှ ပြည့်ဝလာနိုင်ပေသည်။

ဆက်ဦးအံ့၊ ဆိုခဲ့သည့် ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ, သုတေသုတမတ္တံ ဘဝိဿတိ, မုတေမုတမတ္တံ ဘဝိဿတိ, ဝိညာတေဝိညာတမတ္တံဘဝိဿတိ-ဒေသနာတော်သည်၊ ထိုအရှင် ဒါရုစိယပုရဗိုဇ်အား ဟောတော်မူသော ပါဠိတော်ပင်ဖြစ်လေသည်။ ၎င်းပါဠိတော်၏ အဓိပ္ပာယ်မှာ-ဒိဋ္ဌေ-မြင်ရာတွင်၊ ဒိဋ္ဌမတ္တံ-မြင်သည်ဟူသမျှသာ၊ ဘဝိဿတိ-ဖြစ်ရာ၏၊ သုတေ-ကြားရာတွင်၊ သုတမတ္တံ-ကြားသည်ဟူသမျှသာ၊ ဘဝိဿတိ-ဖြစ်ရာ၏၊ မုတေ-(နှာ,လျှာ,ကိုယ် ကာယတို့၌ အနံ့ အရသာဝတ္ထု) တွေ့ထိရာတွင်၊ မုတမတ္တံ-တွေ့ထိသည်ဟူသမျှသာ၊ ဘဝိဿတိ-ဖြစ်ရာ၏၊ ဝိညာတေ- သိရာတွင်၊ ဝိညာတမတ္တံ-သိသည်ဟူသမျှသာ၊ ဘဝိဿတိ-ဖြစ်ရာ၏။ (ဤကား ပါဠိတော်အနက်)

ဤဒေသနာတော် တပုဒ်ဆုံးသောအခါဗာဟိယဒါရုစိယပုရဗိုဇ်သည်၊ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေတော့သည်၊ ဤကားတခုသောဘဝက-တောင်ကလပ်တွင်တက်၍ဝိပဿနာတရားကိုမရမနေ အသေခံကာ, ကြိုးစားအားထုတ်မှုကြောင့် ကြီးစွာအထောက်အပံ့ဖြစ်သည်ကို သတိပြုအပ်၏၊ ပါရမီ အထုံပါလာ

မှုကို နားလည်သဘောပေါက်ပါ။ (အောက်ကလည်းတရားအား ထုတ်သူများ ရရှိသည့် အကျိုးငါးပါးကို တနေရာ၌ညွှန်ပြခဲ့ပြီ) ရှင်တော်ဘုရား လေးဆယ့်ငါးဝါတိုင်, နိဗ္ဗာန်ရောက်ကြောင်း တရားကိုမူတည်၍ ဟောတော်မူရာဝယ်၊ တရားတိုတိုကလေးနဲ့ အသက်သာဆုံးဖြင့် ရဟန္တာအဖြစ်သို့ရောက်ရှိတော်မူသော အရှင်မှာ-ဗာဟိယဒါရုစိယပင် ဖြစ်လေသည်၊ သို့အတွက် ခိပ္ပါဘိည အရာတွင် ဧတဒဂ်ရတော်မူသည်၊ "ဒိဋ္ဌေဒိဋ္ဌမတ္တံ" တပုဒ်တည်းဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်ကို ထောက်သော် ထိုအရှင်မြတ်သည် ဥဃ္ဃဋိတညူ ပုဂ္ဂိုလ် ဖြစ်ကြောင်းကို သိအပ်ပေတော့သည်။

**အာဇီဝပါရိသုဒ္ဓိ သီလ** အာဇီဝပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်လိုသော ယောဂီသူမြတ်သည် ဒုစရိုက် ဒုရာဇီဝတို့ဖြင့် ရှာမှီး၍ရသော ပစ္စည်း, ချိန်စဉ်းလဲ တောင်းစဉ်းလဲ အသပြာစဉ်းလဲ ခွက်စဉ်းလဲတို့ဖြင့် ရအပ်သောပစ္စည်းတို့ကို ပယ်ရှား၍ တရားသဖြင့် လယ်လုပ်ကုန်သွယ် ရောင်းဝယ်ဖောက်ကား ကိစ္စများဖြင့် ရှာမှီးကြပါလျှင် အာဇီဝပါရိသုဒ္ဓိသီလ, အသက်မွေးစင်ကြယ်တော့သည်မှတ်၊အတိုချုပ်မှာ-မတရားသဖြင့် ရသည့် ပစ္စည်းကို ပယ်၍ တရားသဖြင့် ရအပ်သော ပစ္စည်းဖြင့် အသက်မွေးရမည် ဟူ၏။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများမှာ- အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော် မူအပ် ကုန် သော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို စောင့်ရှောက် ထိန်းသိမ်းခြင်း ကြောင့် ဖြစ်သော၊ ရဟန်းသာမဏေတို့ သီလသည် အာဇီဝပါရိ သုဒ္ဓိသီလမည်၏။ သိက္ခာပုဒ်ခြောက်ပါးအရ၊အကြင်ရဟန်းသည် ယုတ်မာသော အလိုဆိုးနှိပ်စက်သည်ဖြစ်၍ မိမိ၌ထင်ရှား မရှိဘဲ

လျက်၊ စျာနလာဘီ-အရိယာပုဂ္ဂိုလ်တို့၏ မြတ်သောစျာန်မဂ်ဖိုလ် တရားကို ငါရ၏-ဟု သူတပါးအားပြောကြား၏၊ ထိုရဟန်းသည် ပါရာဇိက အာပတ်သင့်၏၊ (သာမဏေများ၌လည်း ပါရာဇိက ရှိသည်သာ၊ ရှင်ပါရာဇိကသည် ရဟန်းပါရာဇိကထက် ကြောက်ဖွယ်ကောင်း၏။ ရဟန်းပါရာဇိကသင့်က ရှင်အဖြစ်၌ တည်နိုင်သေး၏၊ ရှင်ပါရာဇိကသင့်က- ရှင်ဘဝ၌ပင် ရပ်တည်ခွင့် မရနိုင်တော့ပြီဖြစ်၍ အထူးသတိပြုသင့်၏။) ထိုဥတ္တရိမနုဿဓမ္မအာပတ်သည်၊ အသက်မွေးခြင်း အာဇီဝအကြောင်းကြောင့် သင့်သော အာပတ်မည်၏။

အကြင်ရဟန်းသည် ဒကာ-ဒကာမတို့အား အောင်သွယ်ခြင်းသို့ရောက်၏၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏၊ ထိုသဉ္စရိတ္တအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။ ။အကြင်ရဟန်း တပါးသည် မိမိဒါယကာအား အကြင်ရဟန်းသည် သင်၏ကျောင်း၌နေ၏၊ ထိုရဟန်းသည် ရဟန္တာတည်း-ဟု သူတပါးကိုညွှန်းသကဲ့သို့ဆို၏၊ ထိုစကား၏အနက်ကို ဒါယကာသိလေသော်, ထိုဆိုသော ရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။ထိုအာပတ်သည်အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ် မည်၏။

အကြင်ရဟန်းသည် ထောပတ် ဆီဦးဆီဖျား တင်လဲ ငါးအမဲ နို့ ရည် နို့ ဓမ်း-ဟု ဆိုအပ်သော ကိုးပါးသော ဘောဇဉ်တို့နှင့်ရောနှောသော ပဏီတဘောဇဉ် တို့တွင် တ ပါး ပါး သော ဘောဇဉ်ကို မနာမဖျားဘဲ မိမိအကျိုးငှါ တောင်း၍စား၏။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။

အကြင်ရဟန်း မိန်းမသည် ထောပတ်စသော မွန်မြတ်

သော ဘောဇဉ်ကိုးပါးတို့တွင် တပါးပါးသောဘောဇဉ်ကို မနာ မဖျားဘဲ မိမိအကျိုးငှါတောင်း၍စားအံ့၊ ထို ရဟန်းမိန်းမအား ပါဋိဒေသနီ အာပတ်သင့်၏၊ ထိုအာပတ်သည် အာဇီဝ ဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။

အကြင်ရဟန်းသည် မနာမဖျားဘဲ မိမိအကျိုးငှါ ဟင်း ကိုဎင်း၊ ဆွမ်းကိုဎင်း တောင်း၍စားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာ ပတ်သင့်၏၊ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။ ။ဤသိက္ခာပုဒ် ခြောက်ပါးတို့တွင် တပါးပါးသော သိက္ခာပုဒ်ကို မလွန်ကျူးမူ၍ စောင့်ရှောက် သော ရဟန်း၏ သီလသည်လည်းအသက်မွေး စင်ကြယ်ခြင်း ဟူ သော အကြောင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

ဎင်းပြင်- မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူ အပ် သော ကုလဒူသက-ဂပါး,အနေသန ၂၁ပါး,အဂေါစရ ၆ပါး၊ ကုဟန-လပန စသော မိစ္ဆာဇီဝ ၁၅၂ပါး အစရှိသောအမူမှကင်း သောအားဖြင့် ရအပ်သော ပစ္စည်းဖြင့်သာ အသက်မွေးလေ့ရှိ သော ရဟန်း၏ သီလသည်လည်း အာဇီဝပါရိသုဒ္ဓိသီလပင်မည် ၏ဟု သိအပ်၏၊ ထိုတွင် ကုလဒူသက အနေသန အဂေါစရ သရုပ် အဓိပ္ပါယ်မှာ ဝိနည်း၌တိုက်ရိုက်ရှိလေပြီ၊ ကုဟန လပန စသော သရုပ်အဓိပ္ပာယ်ကိုကား၊ မဟာနိဒ္ဒေသပါဠိကိုလက်လှမ်းမမှီနိုင်သူ များမှာ ဤစံပြဝိပဿနာကျမ်းမှီရာ ဝိသုဒ္ဓိမဂ် မြန်မာပြန်ရှိပြီဖြစ် ၍ ကြည့်ရှုလေ့လာရန် မခဲယဉ်းတော့ပြီ။

**သက်သေပြယုဂ်**
**သာရိပုတြာထေရ်**

ဤအာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံအောင် အရှင်သာရိပုတြာမထေရ်ကြီးကဲ့သို့ ကျင့်ကြံ အားထုတ်အပ်၏။ ထိုအရှင်မြတ်သည် ဝိဝေ

ကကိုပွားလျက် အရှင်မောဂ္ဂလာန်နှင့် တောအုပ်တခု၌ နေတော်မူစဉ် အခါတပါး လေနာနှိပ်စက်သဖြင့် လျှောင်းလျက် နေတော်မူရာ၊ အရှင်မောဂ္ဂလာန်လာလတ်၍ အကြောင်းကိုမေးမြန်းသိရှိသဖြင့် ရှေးအခါက အဘယ်ဆေးဝါး အစာအာဟာရဖြင့် ပျောက်ဘူးသနည်းဟု ထပ်မံလျှောက်ထားလေသော် မယ်တော်တကာမကြီးပေးအပ်သော ထောပတ်ပျားသကာ စသည်ရောနှော၍ ရေမရောသော နို့ဃနာဆွမ်းဖြင့် ချမ်းသာဘူးသည်ဟု ပြန်ကြားသော စကားကို စကြံနိစ္စန်း၌နေသော ရုက္ခစိုးနတ်ကြားလေ၍ မထေရ်၏အလုပ်အကျွေးဒကာ၏ သားအကြီးအား ပူးဝင်လျက် နက်ဖြန်နံနက် နို့ဃနာချက်၍ အရှင်မောဂ္ဂလာန်အားလှူမှ လွတ်ပေတော့အံ့ဟု ပြောကြားသည့်အတိုင်း လှူဒါန်းပါမည်ဟု ပဋိညာဉ်ဝန်ခံကြ၍ နတ်ထွက်သွားပြီးနောက်၊ ဒုတိယနေ့အရှင်မောဂ္ဂလာန်အား နို့ဃနာဆွမ်း လှူဒါန်း ဆက်ကပ်ကြလေလျှင် သွားမည်ဟန်အပြုတွင် ဤဆွမ်းကိုအိမ်၌ပင် သုံးဆောင်တော်မူပါ၊ နောက်ထပ် လှူပါဦးမည်၊ လျှောက်ထားချက်အရ၊ ဘုဉ်းပေးတော်မူပြီး နောက်ထပ်ဆွမ်းကို လက်ခံကာ ကျောင်းသို့ပြန်ကြွပြီး နို့ဃနာဆွမ်းကို အရှင်သာရိပုတြာအား ဆက်ကပ်လေသည်။

ထိုအခါ အရှင်သာရိပုတြာသည်လည်း ဤနို့ဃနာဆွမ်းသည် အလွန်ပင်နှစ်သက်ဖွယ်ရှိလေစွ၊ အဘယ်သို့အကြောင်းခြင်းရာကြောင့် ဖြစ်ရလေသနည်းဟု တွေးတောဆင်ခြင်လိုက်သော်၊ ရုက္ခစိုးနတ် နှိုးဆော်အပ်သည့် အကြောင်းရင်းကို အတိအကျ သိမြင်တော်မူရကား၊ ငါ့ရှင်မောဂ္ဂလာန်၊ နို့ဃနာဆွမ်းသည် သုံးဆောင်ခြင်းငှါမထိုက်၊ ပစ်လိုက်ဟု မိန့်တော်မူလေလျှင်၊ တခွန်းတည်းသော စကားမျှဖြင့်ပင်၊ သပိတ်အနားရေးကို ကိုင်လျက်

မြေပေါ်၌သွန်မှောက်လိုက်၏၊ ထိုသို့သွန်မှောက်လိုက်သည်တပြိုင်နက် လေနာရောဂါလည်းကင်းပျောက်, ပျံလွန်သည်တိုင်အောင် တဖန်မပေါ်ပေါက်, အကြွင်းမဲ့ကွယ်ပျောက်၍အရှင်မောဂ္ဂလာန်အား၊ ဝစီဝိညတ်ကိုအမှီပြု၍ ဖြစ်ပေါ်လာသော နို့ဃနာဆွမ်းကို အသိမ်အနုမပြင်သို့ ထွက်ငြားသော်လည်း သုံးဆောင်ခြင်းငှါမသင့်လျော်ဟု မိန့်တော်မူပြီးလျှင်—

ဝစီ ဝိညတ္တိ ဝိပ္ဖာရာ၊ ဥပ္ပန္န မဓုပါယာသံ၊
သစေ ဘုတ္တော ဘဝေယျာဟံ၊ သာဇီဝေါ ဂရဟိတော မမ၊
ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိ စရေ၊
နေဝ ဘိန္ဒေယျ အာဇီဝံ၊စဇမာနောပိ ဇီဝိတံ။

ဟူသော ဂါထာကို ဝမ်းမြောက်ကြည်နူး ဥဒါန်း ကျူးရင့်တော်မူလေသည်။

အဟံ- ငါသည်၊ ဝစီဝိညတ္တိဝိပ္ဖာရာ- ရုက္ခစိုးနတ်ပျက်,နှုတ်ဝစီ မြွက်ခြင်း ကြောင့်၊ ဥပ္ပန္နံ- ဖြစ်ပေါ်လာသော၊ မဓုပါယာသံ- ချိုမြိန်လှစွာ,နို့ဃနာကို၊ ဘုတ္တော- သတိမထား, ဉာဏ်မသွားဘဲ, စားမိသည်၊ သစေဘဝေယျံ-အကယ်ဖြစ်ငြားအံ့၊မမ-ငါ၏၊ အာဇီဝေါ- သာသနာတော်၌ အသက်မွေးရခြင်းသည်၊ ဂရဟိတော-ကဲ့ရဲ့ရှုတ်ချ,စကားတင်းဆိုကြသည်၊အဿ- ဖြစ်ရတော့မည်၊မေ မမ- ငါ၏၊အန္တဂုဏံ- ရစ်ပတ်၍နေ အတွင်းအူခွေသည်၊နိက္ခမိတွာ-ထွက်၍၊ ဗဟိ-ပြင်ပ၌၊ယဒိပိစရေ-အကယ်သွားလာ လှည့်ပတ်စေကာမူ၊ ဇီဝိတံ- အသက်ကို၊ စဇမာနောပိ- စွန့်ရငြားသော်လည်း၊အာဇီဝံ- အာဇီဝပါရိသုဒ္ဓိသီလကို၊နေဝ ဘိန္ဒေယျံ- မဖျက်ဆီးအံ့တော့သည် သာတကား။

ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ, အကျဉ်းချုံး၍ ဖော်ပြလိုက်သော အရှင်သာရိပုတြာမထေရ်မြတ်၏ ဝတ္ထုသာဓကဒေသနာကို

သိရှိတော်မူကြသဖြင့် အာဇီဝပါရိသုဒ္ဓိသီလများကို ကြိုးစား၍ ဖြည့်ကျင့်တော်မူကြပါကုန်။

**ပစ္စယသန္နိဿိတ သီလ** "ဓမ္မေန ဥပ္ပန္န" တရားသဖြင့် ရသော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးဆောင်ရသောရဟန်း ရှင်လူတို့၏ သီလသည် ပစ္စယသန္နိဿိတသီလ မည်၏၊ ဤ၌ပစ္စယ-ဟူသည် အချုပ်အားဖြင့် အများသိ, ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို ခေါ်သည်မှတ်၊လူများ၌လည်း မိမိတို့နှင့် သက်ဆိုင်ရာကို မှတ်ကြလေ၊ ထိုပစ္စယသန္နိဿိတသီလ ဟုဆိုအပ်သော ပစ္စဝေက္ခဏာသည်လည်း မဟာပစ္စဝေက္ခဏာနည်း, စူဠပစ္စဝေက္ခဏာ နည်းအားဖြင့် နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင် ပဋိသင်္ခါယောနိသော- အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းသည် မဟာပစ္စဝေက္ခဏာနည်း မည်၏၊ သုဝိညေယျပစ္စဝေက္ခဏာလည်းမည်၏၊ ဓာတုမနသိကာရ,ပဋိကူလ မနသိကာရဖြင့် ဆင်ခြင်ခြင်းသည် စူဠပစ္စဝေက္ခဏာနည်း မည်၏၊ ဒုဝိညေယျ ပစ္စဝေက္ခဏာလည်းမည်၏။

ဤဆင်ခြင်ခြင်း ဟူသော ရဟန်းတော်တို့၏ ပစ္စဝေက္ခဏာ သည်လည်း ပဋိလာဘကာလ ပစ္စဝေက္ခဏာ, ပရိဘောဂကာလ ပစ္စဝေက္ခဏာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-သင်္ကန်း အစရှိသောပစ္စည်းတို့ကို, ရသစ်စကာလ၌ ဆင်ခြင်ခြင်းသည် ပဋိလာဘကာလ ပစ္စဝေက္ခဏာမည်၏၊ သုံးဆောင်ရာကာလ၌ ဆင်ခြင်ခြင်းသည်ကား--ပရိဘောဂကာလ ပစ္စဝေက္ခဏာမည်၏။

ဤ နှစ်ပါးသော ပစ္စဝေက္ခဏာတို့အပြင်,နှစ်ဌာန အရ၌ ဆင်ခြင်ဟန်ကား-၊ သီလစင်ကြယ်ခြင်း၌ ငဲ့လေ့ရှိသော ရဟန်း သည် ပစ္စည်းကို မသုံးဆောင်မီ, သုံးဆောင်ခါနီးကာလတို့၌ ပဋိ ကူလသညာအားဖြင့်လည်း သုံးဆောင် လတံ့သော ဝတ္ထုကို

စိမ့်စိမ့်ရှု၍ ဤသက်န်းနှင့် ဆွမ်းဘောဇန, ကျောင်းအိပ်ရာ သေနာသန,ဆေးဘေသဇ္ဇတို့သည်ကား-အဆင်းအနံ့ အစရှိသော ဂုဏ်ဝိသေသနှင့် ပြည့်စုံရကား,ရှုံဖွယ်အဟုတ်,စက်ဆုတ်စရာမရှိလေစွ၊ ဤခန္ဓာကိုယ်ကာယသို့ ရောက်လတ်ပါမူ,တွေ့ရှိပါမူကား, ထိုဖွယ် အဟုတ်, စက်ဆုတ်စရာသို့ မှန်စွာ ရောက်လတံ့-ဟူ၍ ပဋိကူလ သညာအားဖြင့် ဆင်ခြင်အပ်၏။

ဓာတ်လေးပါးဟုဆိုအပ်သော,ဓာတုမတ္တသညာအားဖြင့် ဆင်ခြင်ဟန်ကား-၊ ဤသင်္ကန်းနှင့်ဆွမ်းဘောဇန,ကျောင်းအိပ်ရာ သေနာသန, ဘေသဇ္ဇ ဟူသမျှတို့သည် ဓာတ် လေးပါး သမူဟ အပေါင်းမျှသာတည်း၊ ဤပစ္စည်းလေးပါးကို သုံးဆောင်သော ငါသည်လည်း ဓာတ်လေးပါးအပေါင်းမျှသာတည်း၊ဓာတ်လေး ပါး အပေါင်းမျှသာဖြစ်သော ငါ၏ကိုယ်ကို, ဓာတ်လေးပါး အ ပေါင်းမျှသာဖြစ်သော ဤပစ္စည်းလေးပါးတို့သည် ထောက်ပံ့ သောကြောင့် မြဲမြံကြံ့ခိုင် ယိမ်းယိုင်မရှိ တည်ရပေ၏ဟု နှလုံး ပိုက်၍ ဓာတုမတ္တ သညာအားဖြင့်လည်း ဆင်ခြင်အပ်၏။

ထိုပစ္စည်းလေးပါး တို့ တွင် ဆေးပစ္စည်း မှ တပါးသော ဆွမ်း သင်္ကန်း ကျောင်းဟုဆိုအပ်သော ပစ္စည်းသုံးပါးတို့၌ ပါတိ မောက္ခ သီလသောဓနေ ကို အလိုမရှိအပ်၊ ပစ္စယသန္နိဿိတ သီလ သောဓနေကိုသာ အလိုရှိအပ်သောကြောင့် သုံးဆောင်ဆဲ ကာလ မှ စ၍ ထိုနေ့ အဘို့၌ ပစ္ဆိမယာမ် တိုင်အောင်, အရုံ မတက်မီ အကြား၌ ပစ္စဝေက္ခနာသတိဖြင့် ဆင်ခြင်ခြင်းငှာ တတ်ကောင်း ၏။ ဂိလာနပစ္စယဆေးပစ္စည်းကား—ပစ္စယသန္နိဿိတသီလ, ပါတိ မောက္ခ သံဝရသီလ နှစ်ပါးကို အလိုရှိအပ်သောကြောင့် အကပ်ခံ စဉ် ကာလ၌ ပစ္စဝေက္ခနာသတိ ကင်းငြားသော်လည်း သုံးဆောင် ရာ ကာလ၌ ပစ္စဝေက္ခနာ သတိရှိသော ရဟန်းအား အာပတ်

မသင့်။ ဤကား-ပါတိမောက္ခ သံဝရသီလ အတွက်တည်း။ ထို ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "ပရိဘောဂေ ကရောန္တဿ အနာ ပတ္တိ" ဟု မိန့်တော်မူ၏။ ပရိဘောဂေ-ဆေးပစ္စည်းကိုသုံးဆောင် ရာ၌၊ ကရောန္တဿ-ပစ္စဝေက္ခနာ ဆင်ခြင်ခြင်း အမှုကို ပြု သော ရဟန်းအား၊ အနာပတ္တိ-ပါတိမောက္ခသံဝရသီလအတွက်ကြောင့် အာပတ်မသင့်၊ (သန္နိဓိဒုက္ကဋ်, ဝိကာလဒုက္ကဋ် မသင့်) အကပ်ခံ ရာ၌ သတိပြုမိ၍ သုံးဆောင်ရာ ကာလ၌ ပစ္စဝေက္ခနာ သတိ မပြုမိသော ရဟန်းအား သာလျှင် အာပတ်သင့်၏။ ထိုကြောင့် အဋ္ဌကထာ၌ "ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ" ဟု မိန့်တော်မူ၏။ (အနက်လွယ်ပြီ)

ထိုကြောင့် ရကား- ဆေးပစ္စည်း ကို သုံးဆောင် လိုသော ပုဂ္ဂိုလ်များသည် အကပ်ခံစဉ်ကာလ၌ အာဒိသုဒ္ဓိ၏ အစွမ်းအား ဖြင့် ဆင်ခြင်အပ်၏။ သုံးဆောင်ဆဲကာလ၌လည်း ပရိဘောဂ သုဒ္ဓိ၏ အစွမ်းအားဖြင့် ဆင်ခြင်အပ်၏။ ပါတိမောက္ခ သံဝရ သီလ မပျက်ကုန်၊ ဆေးပစ္စည်းကို သုံးဆောင်ပြီး၍ အရုဏ်မတက်မီ ကာလ ဆင်ခြင်မိမူကား, ပစ္စယသန္နိဿိတသီလ မပျက်ကုန် ဟူ၍ မှတ်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ ပစ္စယသန္နိဿိတ သီလ သည် အတိတ်ပစ္စဝေက္ခနာ ဖြင့် ပြီးသောကြောင့် တည်း။ ထို ကြောင့် ဝိမတိဋီကာ၌ "တဿ အတီတပစ္စဝေက္ခနာယ ဝိသုဇ္ဈန တော" ဟု မိန့်တော်မူ၏။

ထိုသို့ဖြစ်ရကား- ဝိနည်းအဋ္ဌကထာ အလာ, ပရိဘောဂ လေးဖြာတို့တွင် ဣဏပရိဘောဂ မဖြစ်စေရအောင် သတိဆောင် ၍ ပစ္စဝေက္ခနာအမှု ဆင်ခြင်ခါ ပြုအပ်၏။ သီလဝန္တ ရဟန်း၏ ပစ္စဝေက္ခနာမဆင်ခြင်ဘဲ, ပစ္စည်းလေးပါးကို သုံးဆောင်ခြင်း တို့ သည် ဣဏပရိဘောဂမည်၏၊ သူတပါး၏မြီကြွေးကြောင့် အစေ

ခံ ကျွန်အရာနှင့် နေရသောသူသည် မြီကြွေးကြောင့် မိမိလိုရာသို့ မသွားမလာရဘိသကဲ့သို့ ပစ္စဝေက္ခနာမဆင်ခြင်မိဘဲ ပစ္စည်း သုံးဆောင်မိသော ရဟန်းသည် သံသရာဝဋ္ဋဒုက္ခမှ ထွက်သွားခွင့်မရကုန်ဟု မှတ်၊ ထိုကြောင့်ရကား-ပစ္စဝေက္ခနာအမှုဆင်ခြင်ပြုလျက် ပစ္စယသန္နိဿိတသီလကို သံဃရက္ခိတမဟာထေရ်၏တူ သာမဏေအလားကဲ့သို့ ဖြည့်ကျင့်တော်မူအပ်ပေသည်။

**သက်သေပြယုဂ်**
**သံဃရက္ခိတ၏တူ**

သံဃရက္ခိတ မဟာထေရ်၏ တူ ဖြစ်သော, သာမဏေသည် အလွန်အေးမြိုးသော သလေးဆွမ်းကို ပစ္စဝေက္ခနာဆင်ခြင်၍ စားနေလေသော် ဦးရီးတော် သံဃရက္ခိတမထေရ်သည် ငါ့ ရှင်သာမဏေ, မဆင်မခြင်စားလျက်, လျှာများကို မလောင်စေလင့် ဟု သွန်သင်ပြသ ဆုံးမတော်မူ၏။ ဤသို့ ဦးရီးတော်မထေရ် ဆုံးမချက်များကို နားဝယ်ဆတ်ဆတ် ကြားလတ်၍ သတိ သံဝေဂ ဉာဏ်ပွားရကား တနေရာတည်း၌ပင် အာသဝကင်းကွာ ရဟန္တာ အရှင်ဖြစ်ရလေတော့သည်။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဤသို့မိန့်ဆိုတော်မူ၏။

ဥပဇ္ဈာယဿ ဝစော သုတွာ၊ သံဝေဂမလတ္ထံ တဒါ၊
ကောသနေ နိသိဒိတွာ၊ အရဟတ္တ မပါပုဏိံ။

ဥပဇ္ဈာယဿ-သံဃရက္ခိတ, နာမတွင်သီး, ဥပဇ္ဈာယ်ဆရာကြီး၏၊ ဝစော-သွန်သင်ပြသ, ဆုံးမတော်မူအပ်သော စကားကို၊ သုတွာ-ကြား၍၊ တဒါ-ထိုသို့နားဝယ်ဆတ်ဆတ်ကြားလတ်သော အခါ၌၊ သံဝေဂံ-သဟောတ္တပ္ပ မှန်, သံဝေဂဉာဏ်ကို၊ အလတ္ထံ-ရလေပြီ၊ ကောသနေ-တနေရာတည်း၌၊ နိသိဒိတွာ-ထိုင်၍၊ အရဟတ္တံ-အာသဝကင်းကွာ ရဟန္တာအဖြစ်သို့၊ အပါပုဏိံ- ရောက်လေပြီ။

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဝတ္ထုသာဓကစကားရပ်များကို ထောက်ထားသဖြင့် ပစ္စယသန္နိဿိတသီလ တရားကို ကြိုးစား၍ ဖြည့်ကျင့်တော်မူကြပါကုန်။ သီလဝိသုဒ္ဓိဝေဖန်ချက် ပြီး၏။

**အထူးသိမှတ်ရန် အချက်များ**

သာမဏေများ၏ သီလမှာ၊ လိင်္ဂထေနက, ထေယျသံဝါသက ၎င်းနှစ်ပါးကို လုံခြုံစေရမည်၊ ထိုနှစ်ပါးတို့တွင် ဥပဇ္ဈာယ် ဆရာမရှိဘဲ မိမိဘာသာအလျောက် သင်္ကန်းကောက်ဝတ်၍ ရဟန်းသာမဏေ ပြုလုပ်နေခြင်းကို လိင်္ဂထေနက (အသွင်သဏ္ဌာန်ခိုး) ခေါ်၏၊ သာမဏေဖြစ်ပါလျက်, ရဟန်းဟု ဝန်ခံ၍နေခြင်းကို ထေယျသံဝါသက (အပေါင်းအဖော်ခိုး) ခေါ်၏၊ အသွင်သဏ္ဌာန်ခိုး, အပေါင်းအဖော်ခိုးဟု ဆိုလိုသည်။ထိုနှစ်ပါးတို့တွင် လိင်္ဂထေနကမှာ-မင်း,ခိုးသူ စသော ဘေးရန် ကင်းရှင်းစေခြင်းငှာ ဖြောင့်စင်းသောစိတ်ဖြင့် အခိုက်အတန့် ပြုလုပ်ပါလျှင် ရနိုင်ပါသေးသည်။ ဤနှစ်ပါးလုံး လုံခြုံ၍ လိင်ဒဏ် သေခိယခန္ဓကဝတ်များ နှင့် ပြည့်စုံလျှင် ပါတိမောက္ခ သံဝရ သီလ စင်ကြယ်၏။ အကြွင်းမှာ-ရဟန်းသီလအတိုင်းပင်မှတ်၊ မထူးတော့ပြီ။

လူတို့၏သီလမှာဝိပဿနာ၏ရှေ့မဆွ၌ သန့်ရှင်းစင်ကြယ်စေရန် စီမံပြုလုပ်ဖွယ်ကိစ္စ အထူးမရှိလှတော့ပြီ၊ ဝိပဿနာနှင့် တွဲဖက်၍တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီး လေတော့၏။ ထို့ကြောင့်- ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့၌ ဝိသုဒ္ဓိအစဉ်ကို ဆိုခြင်းသည် လူတို့အတွက်နှင့် မုချဆိုသည်မဟုတ်၊ ရဟန်းသာမဏေတို့အတွက်နှင့်သာ ဆိုရသော အစဉ်ဟု မှတ်ယူအပ်၏။ သို့သော် သီလစင်ကြယ်မှုရှိပါမူကား ဆိုဖွယ်ရာမရှိပြီ၊ သို့အတွက် ရဟန်းသာမဏေများထက် လူဝတ်ကြောင်များက တရားထူးကို ရလွယ်သည်မှာထင်ရှားတော့၏။

အဘယ်ကြောင့် ဆိုသော်- လူတို့၏ဝိနည်းဖြစ်သော သီလသည် ဝိပဿနာ၏အခြေ,ပုဗ္ဗဘာဂဖြစ်သော ပရိကံအရာ၌ အမြဲမပြတ်လုံခြုံအောင် စောင့်ရှောက် အပ်သော ဂရုဓမ္မ သီလပင်ဖြစ်၏။ အာဇီဝဋ္ဌမက သီလဟူသည်လည်း ဂရုဓမ္မပဥ္စင် သီလ၌ အတွင်းဝင်၏။ ထိုပဥ္စင်သီလကိုလွန်ကျူး မှား ယွင်း ပြီး သော်လည်း တရားကို အားထုတ်ပါလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သောကြောင့်တည်း။ အောက်ပါဝတ္ထုသက်သေများကိုထောက်ထား၍ ယုံကြည်မှတ်သားအပ်၏။

**သာဓက ယုတ္တိ**

မြတ်စွာဘုရား လက်ထက်တော်၌ အများသိ ဒါးပြဗိုလ်ကြီးဖြစ်သော အင်္ဂုလိမာလသည် များစွာသော လူတို့၏အသက်ကိုသတ်ခြင်း, တိုက်ခိုက်လုယက်သော ဒုစရိုက်မကောင်းမှုတို့ကို ပြုလုပ်ခြင်း, ဤသို့သော အကုသိုလ်ကံမျှဖြင့် အားမရသေးဘဲ, မယ်တော်ကိုပင် သတ် ရန် အ လျင် အ မြန်လိုက်ဆဲတွင်၊ ဘုရားရှင်နှင့်တွေ့၍ တရားဟောသောအခါ၊ မဂ်ဖိုလ်ကို မျက်မှောက် ပြုရကြောင်း ကျမ်းဂန်၌ အထင်အရှားရှိနေသည်ကို စာပေလိုက်စားသူတိုင်းပင်သိကြသည်၊အင်္ဂုလိမာလသုတ်ဟူ၍ လူသိရှင်ကြား သားဖွားပရိတ်တသုတ် အထင်အရှား တည်ရှိ၏။ ဤဝတ္ထု၌ အင်္ဂုလိမာလခိုးသူကြီးသည် လွန်ကျူးပြီးသောသူ့အသက်သတ်ခြင်း, သူ့ဥစ္စာကိုလုယက်တိုက်ခိုက်ခြင်း-စသောအကုသိုလ် မကောင်းမှု ဒုစရိုက်တရားတို့ကို စင်ကြယ်အောင်သုတ်သင် ရှင်းလင်းခြင်းမပြုဘဲ,ဝိပဿနာနှင့် တွဲဘက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်းဟူသော အောင်ပွဲသို့ ဝင်နွှဲခါ ဇာတ်သိမ်း၍ အေးငြိမ်းရပေတော့သတည်း။

ထိုမှတပါး-ဘုရားရှင်လက်ထက်တော်မှာပင်, တောအရပ်သိဝင်၍ ခိုးမှုဖြင့်အသက်မွေးနေကြသော ခိုးသားငါးရာတို့သည်

သံကိစ္စသာမဏေငယ်တရားဟော၍ မင်္ဂဖိုလ်သို့ ရောက်ကြရာတို့၌လည်း ဓမ္မပဒ အဋ္ဌကထာတွင် အလွန်ပင်ထင်ရှားသိသာ၏။ ဤခိုးသားငါးရာတို့သည်လည်း သီလ အတွက်နှင့် ဆောင်ရွက်ဖွယ်ကိစ္စမရှိဘဲ ဝိပဿနာနှင့် တပါတည်း ပြီးစီးလေတော့သည်။ ဤကဲ့သို့ ကျွတ်လွတ်၍ တရားထူးရကြသော ခိုးသားဝတ္ထုတို့သည် ကျမ်းဂန်၌ များစွာပင်လာရှိပေသည်။ ထို့ကြောင့်-ဝိသုဒ္ဓိအစဉ်ကို ရဟန်းသာမဏေများနှင့်သာ စပ်ယှဉ်သည်ဟု-ယုံကြည်စွာ မှတ်ယူသင့်ပေသည်။

ဤကဲ့သို့သော ဝတ္ထုသွားများကို သတိမထားမိသော သူတို့မှာ၊ ဝိသုဒ္ဓိအစဉ်ကို ပုဂ္ဂိုလ်တိုင်း၌ပင် ဆိုင်သည်ဟု မှတ်ထင်၍ ကမ္မဋ္ဌာန်းတရား အားထုတ်သည်ဆိုလျှင် ကမ္မဋ္ဌာန်း နေနေသာသာ၊ သီလဝိသုဒ္ဓိကိုပင် လုပ်ကြည့်ပါဦး၊ သီလမစင်ကြယ်လျှင် ဘယ်ကမ္မဋ္ဌာန်းကိုမှ အားထုတ်လို့ မဖြစ်နိုင်၊ လေ့ကားသုံးထစ်ရှိရာ ပထမအထစ်နှင့် ဒုတိယအထစ်ကို မနင်းဘဲ၊ တတိယအထစ်ကို ကျော်နင်း၍ မဖြစ်ပါ-စသည်ဖြင့် ယုံကြည်လောက်အောင် ပြောတတ်ကြ၏။ ဥပမာပြ၍ ယုတ္တိရသော်လည်း သဘာဝကျမှ မှတ်ယူသင့်ပေသည်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ချိန်ဆ၍ကြည့်လေ။

ဤကဲ့သို့ဟောပြောသောစကားများသည် သီလမပြည့်စုံ၊ မစင်ကြယ်လျှင် တရားကိုအားမထုတ်ကောင်း၊ ဟူသောအဓိပ္ပာယ်ရ၏၊ ထိုအဓိပ္ပါယ်မျိုးကို ယုံမှား၍အလုပ်ပျက်သွားပါလျှင်“အဟံခေါ စုန္ဒ ကုသလေသု ဓမ္မေသု စိတ္တုပ္ပါဒမတ္တံ ပိဗဟုပကာရံဝဒါမိ” (သလ္လေခသုတ်) စုန္ဒ-ချစ်သားစုန္ဒ၊ ခေါ-စင်စစ်ကေန်၊ အမှန်မှချအားဖြင့်၊ ကုသလေသု ဓမ္မေသု-ကောင်းသော ကုသိုလ်တရားတို့၌၊ စိတ္တုပ္ပါဒမတ္တံပိ-ကြံစည်သောစိတ်ဖြစ်ရုံမျှသော်လည်း၊ ဗဟုပကာ

ရုံ-များစွာကျေးဇူးရှိ၏ဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟော တော်မူ၏။

ဤသို့စသော ဘုရားဟော ဒေသနာကို ထောက်ထား၍ တရားအန္တရာယ်ငြိတွယ်မည်ကို အလွန်ပင် ကြောက်ရွံ့ထိတ်လန့် ဘွယ်ကောင်းလှပေသည်။ ထိုကြောင့်- လက်ကြောင့်ကြေ, နှုတ်ကြောင့်သေ ဆိုသော ရှေးကစကားအလာကို နှိုင်းယှဉ်စဉ်းစား၍ မိမိ၌ အပြစ်များစေတတ်သော စကားကို မလွန်ကျူး မပြစ်မှား ရအောင် အထူးပင် သတိထားကြကုန်ရာသည်။

ကမ္ဘာကျော် လယ်တီဆရာတော်ကြီးအလိုအားဖြင့်လည်း ဝိပဿနာအလုပ်ဟာ, တံငါ မုဆိုးများပါ မကျန် ပြုလုပ်ထိုက် တယ်လို့ ဟောထားတာ,သာမညအသိနှင့် လူပြိန်းများ နားလည် ဘို့ မလွယ်ဘူး,အလွန်ခဲယဉ်းတယ်၊ဆရာတော်ကြီး အာဘော်မှာ- တံငါမုဆိုးများတရားအားထုတ်လို့ တကယ်အသိ တွေ့သွားမယ် ဆိုလျှင် မုချသီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိဟာ တပြိုင်နက်ဖြစ် နိုင်တဲ့အလုပ်မျိုးဘဲ၊ ဘာကြောင့်လဲဆိုတော့- ယခုအားထုတ်နေ ကြတဲ့ယောဂီများဟာ၊ မိမိခန္ဓာကိုယ်မှာ အာရုံ ပြုလိုက်သည် တပြိုင်နက်,ပရမတ်အစစ်,ဓာတ်အနှစ်ဖြစ်တဲ့ ရုပ်တရား နာမ်တရား တွေဟာ,တခဏမစဲ တဖွဲဖွဲအမြဲတန်းဖြစ်ပေါ်နေတာကို သိရှိနေ သမျှကာလပတ်လုံး,သီလရော,သမာဓိရော,ပညာရော, အမြဲတန်း ပါနေသောကြောင့်ဘဲဖြစ်တယ်။

ဖြစ်မှုပျက်မှုခေါ်သော ရုပ်နာမ်တို့၏ အသက်သည် ခရီး တာ ကြာလှသည်မဟုတ်၊နာမ်၏အသက်သည် မျက်စိတမှိတ်,လျှပ် တပြက်အတွင်း,ကုဋေတသိန်းမကဖြစ်တယ်လို့ ကျမ်းဂန်များ၌ အ ဆိုရှိတယ်၊ ရုပ်အသက်ကတော့,နာမ်သက်ဖြင့် စိတ္တက္ခဏာ ၁၇ ချက်, ခဏငယ်ငါးဆယ့်တချက်ခန့်အသက်ရှိနေလေတော့၊ နိစ္စဓုဝအမြဲ

တည်နေသော တရားမဟုတ်သောကြောင့် ဆရာတော်၏ ဟောတော်မူချက်ကိုလည်း လက်ခံရမည်ပင် ဖြစ်လေသည်။အချုပ်မှာ-ရဟန်းသာမဏေတို့မှာ သီလစင်ကြယ်မှတရားအားထုတ်လို့ ရနိုင်တယ်။လူများမှာတော့- သီလစင်ကြယ်သည် ဖြစ်စေ၊မစင်ကြယ်သည်ဖြစ်စေ၊တရားအားထုတ်၍ရနိုင်၏-ဟုဆိုလိုသတည်း။

အချို့ပုဂ္ဂိုလ်များသည် တံငါမုဆိုး ခိုးဝှက်ခြင်းစသော အမှုမျိုးနှင့် အသက်မွေးရသော သူတို့အား ပါဏာတိပါတ၊ အဒိန္နာဒါန-စသောအပြစ်စုတို့ကို ဆစ်ဆစ်ဖုဖု ဟောပြောခြင်း ပြုတတ်ကြ၏။ ဤကဲ့သို့ဟောပါလျှင်၊ကုသိုလ်လို၍ တရားနာလာရာ၊ဝမ်းမြောက်ဝမ်းသာစေတနာမဖြစ်နိုင်ဘဲ၊စိတ်နှလုံးမချမ်းသာခြင်း၊ဒေါသ၊အကုသိုလ်ကိုသာရရှိတတ်၏။ ထိုသူသည် မိမိအလုပ်ကိုမစွန့်နိုင်သည့်အပြင်၊ ကျောင်းသွားရန်၊ရဟန်းသံဃာ ဖူးမြော်ရန်၊ တရားနာသွားရန်ပင်၊ စိတ်မဖြစ်နိုင်ဘဲ၊ ကုသိုလ်လာဘ်နှင့်လွဲ၍ သံသရာတွင်ကြာရှည်စွာ ဆင်းရဲကိုခံရတတ်လေ၏။ ထိုကဲ့သို့သော သူမျိုးကို သံယောဇဉ်ဖြစ်ရန်၊ ထိုက်တန်သော ကုသိုလ်ဖြစ်ရန် တရားများနှင့် တဖြည်းဖြည်းဆွဲငင်၍ အကျွမ်းတဝင် ချစ်ခင်လာသောအခါ လိုရာသို့ပေါက်ရောက်အောင် ချီးမြှောက်သော တရားနည်းဖြင့် ဖိစီး ဟောသော် စိတ်မနော မဖောက်ပြန်ဘဲ အမှန်ပင်လိုက်နာကြပေလိမ့်မည်။

“ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပဟီယတိ”၊ ယဿ-အကြင်သူအား၊ ပါပံ-မကောင်းယုတ်မာသော၊ ယံကမ္မံ-အကြင်အမှုကို၊ ကတံ-ပြုမိ၏၊ တဿ-ထိုသူ၏၊ တံကမ္မံ- ထိုမကောင်းမှုကို၊ ကုသလေန-ကုသိုလ်စိတ်ဖြင့်၊ပဟီယတိ-ပယ်ဖျောက်၏။ ။ဤသို့ ဓမ္မပဒပါဠိတော် ဘုရားဟောဒေသနာအရမှာ- မကောင်းသော စိတ်ကို ကောင်းသောစိတ်က ပယ်နိုင်သည် ဆိုသဖြင့်စိတ်ကောင်း

ရှိလာအောင်,ဆွဲဆောင်ဟောပြောတတ်လျှင် ဟောပြတို့, မဟော
ပြောတတ်လျှင်, တိတ်တိတ်နေတာက·ကောင်းသေး၏မှတ်လေ။

**ဗုဒ္ဓနဲ့တံငါ သာဓက**

မြတ်စွာဘုရားသည် ငါးများနေသောတံငါသည်
တဦးနှင့် ဆုံမိရာ၊ အပြစ်မတင်ဘဲ, အကျိုးရှိသော
စကားကိုသာ အကျွမ်းဝင်အောင် ဆွဲငင်ဟော
ပြော၏၊ ပုဂ္ဂိုလ်ချင်းခင်မင်၍ မေတ္တာစိတ်ဝင်လာမှ- ဉာဏ်အမြင်
ဖောက်ပေးသဖြင့်မဂ်ဖိုလ်ကို မျက်မှောက်ပြုရသည်၊ ထိုကဲ့သို့အခါ
အခွင့် အဇ္ဈာသယနှင့် ထောက်ချင့်၍ ထိုက်သင့်သောတရားဓမ္မကို
သဘာဝကျနအောင်ဆွဲဆောင်ဟောကြားမှ မယွင်းမမှားနိုင်ဘဲ,
အကျိုးနှစ်ပါးပွားများကြပေလိမ့်မည်။ ။ဤတံငါသည် ဝတ္ထု
သည်လည်း ဆိုခဲ့သော အင်္ဂုလိမာလ,ခိုးသားငါးရာဝတ္ထုများကဲ့သို့
သိလွယ်စင်ကြယ်ဘဲမဂ်ဖိုလ်ရကြောင်းသာ၏၊ ဤဆိုခဲ့သော စကား
အစဉ်သည် လူနှင့်စပ်ဆိုင်သော သီလဝိသုဒ္ဓိအဖြစ်ကို သိရှိရန် ပြ
ဆိုခြင်းပေတည်း။ ။ဤကားသိမှတ်ရန် အထူးတည်း။

**သက်သတ် သက်လွတ်**

အရိယာမဂ်တရား သိမြင်ရေးနဲ့ ဝိပဿနာကို အား
ထုတ်ကြရာတွင်, အချို့ကသက်လွတ်စား၍ အချို့က
သက်သတ်စားပြီး ကျင့်ကြ၏၊ ထို သို့ဖြစ်ရာ ဝယ်
သူသာ,ငါသာ အငြင်းပွားကြသဖြင့် ကုသိုလ်အစား အကုသိုလ်
ဖြစ်ပွားမည်ကို လွန်စွာပင်စိုးရိမ် သနားသည့်အတွက် ကျမ်းဂန်
လာတိုင်း ယထာဘူတ တိကျစွာတင်ပြရန် တာဝန်ကျရောက်လာ
သောကြောင့် မကျဉ်းမကျယ်ရှင်းလင်းဖော်ပြလိုက်ပေသည်။

အနာဂတပဇ္ဇပ္ပါယ၊ အတီတဿာနုသောစနာ။
ဧတေန ဗာလာ သုဿန္တိ၊ နဠောဝ ဟရိတော လုတော။
တေမိယဇာတ်ပါဠိတော်။

အတီတံ နာနွာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
(ဓမ္မသင်္ဂဏိပါဠိ)

အနာဂတပဋိပဒါယ- အနာဂတ်ပစ္စည်းကို တောင့်တခြင်းကြောင့်၊ အတီတဿာနုသောစနာ- အတိတ်ပစ္စည်းကို အဖန်ဖန်စိုးရိမ်ခြင်းကြောင့်၊ ပစ္စုပ္ပန္နဿ ယာပနာ-ရဆဲပစ္စည်းဖြင့် မမျှခြင်းကြောင့်(ထည့်)၊ ဧတေန-ဤအကြောင်းသုံးပါးကြောင့်၊ဗာလာ-သူမိုက်တို့သည်၊ သုဿန္တိ-သွေ့ခြောက်ခြေလိမ့်ညှိုးပိန်ကုန်၏၊ ကိမိဝ- အ ဘယ်ကဲ့သို့ နည်း၊ လုတော- ရိတ် ဖြတ် အပ် သော၊ ဟရိတော-စိမ်းညိုသော၊ နဠော-ကျူသည်၊ သုဿတိဣဝ- သွေ့ခြောက်သကဲ့သို့တည်း။ ။(ပါဠိတော်အနက်)

အတီတံ-လွန်လေခဲ့ပြီးသောအစာအာဟာရကို၊နာနုသောစန္တော-အဖန်တလဲလဲ မစိုးရိမ်မူ၍၊ အနာဂတံ-လာလတ္တံ့သော အစာ အာဟာရ ကို၊ နပ္ပဋိပ္ပံ - နပ္ပဋိပ္ပန္တော - တဏှာလောဘ ဖြင့် အာသာငင်ငင် မတောင့်တမူ၍၊ ပစ္စုပ္ပန္နေန-ပစ္စုပ္ပန်ကာလ၌ ရဆဲဖြစ်သော အစာ အာဟာရ ဖြင့်၊ ယာပေန္တော- မျှတ အောင့်အဲ၍ ရောင့်ရဲသော ရဟန်းရှင်လူကို၊ သန္တုဋ္ဌောတိ-သန္တောသတရားဖြင့် ရောင့်ရဲခြင်းရှိသောသူ ဟူ၍၊ ပဝုစ္စတိ-ခေါ်ဝေါ်သမုတ်၍ ပြောဆိုအပ်၏။ (အဋ္ဌကထာအနက်)

ဤပါဠိတော် အဋ္ဌကထာပါဌ်ဖြင့် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့ကဲ့သို့ ငါးအမဲ ကိုင်း၊ သစ်သီးသစ်ရွက်ကိုင်း၊ အတိတ် အနာဂတ် ကာလ တို့၌ တောင့်တ၍ စားသောက်ရခြင်း ဟု ဆိုအပ်သော ပါပိစ္ဆာတရား၊ လောလုပ္ပတဏှာများကို မဖြစ်စေမူ၍၊ ပစ္စုပ္ပန်ကာလ ခါသမယ၌ ရရသမျှ

သော ငါးအမဲ, သစ်သီး သစ်ရွက် များကို သာလျှင် သုံးစား၍ တရားဓမ္မအားထုတ်ခြင်းများကို မဇ္ဈိမပဋိပဒါ သန္တုဋ္ဌိတရားဖြစ်၏-ဟု ပြတော်မူ၏။ ဤသို့ လာရှိသည်နှင့် လျော်စွာ-အာကိတ္တိ ရှင်ရသေ့, ကဏှရှင်ရသေ့ စသည်များစွာ၊ တေမိယ-အယောဃရ, ယုဓဉ္စယရသေ့ တို့သည်လည်း၊ အသစ်အဟောင်း, မတောင့်တ, ရရသမျှသော ပစ္စည်းဘောဇဉ်စသော အာဟာရ၊ သစ်သီး သစ်ရွက် သစ်ဥတို့ဖြင့် မျှတ အောင့်အဲ, ရောင့်ရဲကြရကား၊ သန္တုဋ္ဌိ တရားဖြစ်၏ ဟု ပါဠိတော်၌ ပြတော်မူ၏။

ငါးအမဲကို ပယ်ရှား, သစ်သီး သစ်ရွက် ကို စားမှ သာ သန္တုဋ္ဌိတရား ဖြစ်၏ ဟူ၍ရင်း,သစ်သီးသစ်ရွက် ပယ်ရှား,ငါးအမဲ ကိုစားသော်သန္တုဋ္ဌိတရား မဖြစ်ဟူ၍ရင်းမမှတ်အပ်ကုန်၊ အဘယ် ကြောင့်နည်း ဟူမူ-ငါးအမဲကိုပင် ဖြစ်စေ, သစ်သီး သစ်ရွက် ကိုပင် ဖြစ်စေ,အတိတ်အနာဂတ်တို့၌အာသာတဏှာဖြင့်မတောင့် တမူ၍ ရရသမျှဖြင့် မျှတခြင်းဟုဆိုအပ်သော သန္တုဋ္ဌိတရားအရ၊အလော ဘ စေတသိက်ကို တရားကိုယ်ကောက်အပ်၏ဟု အဋ္ဌကထာ ဆရာ မြတ်တို့ပြအပ်သောကြောင့်တည်း။ထိုကြောင့်ရကား၊ထိုထိုဇာတ် တော် နိပါတ်တော်တို့၌ ဘုရားအလောင်း သူတော်ကောင်း တို့ သည်, ငါးအမဲစားလျှင် သန္တုဋ္ဌိတရားမဖြစ်၍ သစ်သီး သစ်ရွက် ကို စားကြသည်မမှတ်လင့်၊ တော၌ဖြစ်၍ ရရသမျှသော သစ်သီး သစ်ရွက် သစ်ဥ တို့ကို သာလျှင် အစား များကြ လေသည်။ အမဲ ကိုပင် မတောင့်တဘဲ ရပါလျှင်, တေမိယ ရှင်ရသေ့ သုံးစား သေး၏။

ဘုရားအလောင်းတော်မြတ်ကြီးသော်မှ ဆွမ်း ဘောဇဉ် ကိုပင် ရှောင်ကြဉ်၍ သစ်ဥ သစ်ရွက် စားခြင်း စသည် များမှာ-

၆-နှစ်ပတ်လုံး လွဲချော်နေသဖြင့် ငြိုငြင်ပင်ပန်းစွာ ကျင့်တော်မူရ၍ ဆွမ်းဘောဇဉ်ကိုမှီဝဲမှ ဘုရားဖြစ်သည်ကို ထောက်ဆခြင်း, အရိယာဓမ္မဖြစ်သော မြင့်မြတ်သော တရားမျိုးမည်သည် တပါးသော ဒကာ ဒကာမတို့ကိုမဆိုထားဘိ, မိမိတို့အချင်းချင်းသီတင်းသုံးဘော်များပင်, မသိမမြင်အောင် ကျင့်ရခြင်း, သိမြင် ရိပ်မိသည်ထင်လျှင် အကျိုးစီးပွား များမည်ဖြစ်သော်လည်း, ဖျက်ဆီးပစ်ကြသော ရှေးအရှင်မြတ်တို့၏ ကျင့်ကြံပုံဝတ္တုများကို ထောက်ရှုခြင်း၊ အကယ်၍ မိမိတို့အကျင့်ကို သူတပါးရိပ်မိသိရှိသွားပါက မိမိတို့ စိတ်နှလုံးသွင်း မဖြောင့်စင်းပါလျှင် သီလဝိသုဒ္ဓိဖြစ်နိုင်ရန် ခဲယဉ်းသည်ကို ထောက်ဆခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူသော အတ္တကိလမထာနုယောဂသို့ ကျရောက်တတ်ခြင်း-စသည်များကြောင့် လွန်စွာပင် သတိထားသင့်လှပေသည်။

ထိုကြောင့်ရကား–ဘုရားရှင်ကိုယ်တော်မြတ်သည်,တောနေ ရဟန်း, ရွာနေ ရဟန်း မခွဲခြားမူ၍ သုံးပါးသော အစွန်းတို့မှ လွတ်သော ငါးအမဲကို သုံးစားအပ်၏ဟု ခွင့်ပြုတော်မူ၏။ ထိုကြောင့်-ပါရာဇိကဏ်ပါဠိတော်၌“တိကောဋိ ပရိသုဒ္ဓံ မစ္ဆမံသံ အနုညာတံ”ဟု မိန့်တော်မူ၏။ ။တိကောဋိ ပရိသုဒ္ဓံ-မိမိအလို့ငှါ ရည်သန်၍ သတ်အပ်သည်ဟု မမြင်,မကြား, ရွံ့ရှားခြင်း-ဟု ဆိုအပ်သော, အစွန်းသုံးပါးမှ စင်ကြယ်သော၊ မစ္ဆမံသံ-ငါးအမဲကို၊ အနုညာတံ-ခွင့်ပြုတော်မူ၏။ ဒေဝဒတ်ဆုငါးပါးတောင်းရာတွင်-သားငါးမစားဘို့ တပါးပါဝင်လေရာ၊ ၎င်းကိုဘုရားခွင့်ပြုတော်မမူဘဲ-ဒိဋ္ဌသုတပရိသင်္ကိတ-အစွန်းသုံးပါးမှလွတ်လျှင် စားချင်သူစား,မစားချင်သူနေ-ဟူ၍သာအမိန့်ချမှတ်လိုက်လေသည်၊ သို့အတွက်-ဝိပဿနာတရားအားထုတ်သူများ ထိုကိစ္စနှင့် အငြင်းမပွား-ယုံမှားခြင်း သံသယမရှိသင့်ပေရာ။

ဤနေရာ၌ အကယ်၍ သစ်သီးသစ်ရွက် (သက်လွတ်)ကို သာ ငါစား၏ဟု ကြံစည်၍ ဟင်းသီးဟင်းရွက်, ကြက်သွန်အာလူး, နို့ဆီဘူး,မုံ့သေတ္တာ, ကြာဆံထောပတ်, ဆီဆား ကြံသကာ-အဖြာဖြာတို့ကို မရလျှင်ရအောင်ရှာကြံ၍ စားသောက်ကြပါမူကား သန္တုဋ္ဌိတရားမဖြစ်၊ အကုသိုလ်လောလုပ္ပတဏှာသာဖြစ်၏၊ လိုရင်းမှာ ရသမျှနှင့်ရောင့်ရဲတင်းတိမ်မှုကိုသာ သန္တုဋ္ဌိတရားဖြစ်သည်ဟု နားလည်ထားကြရမည်၊ အဋ္ဌကထာလာ-ယထာလာဘသန္တောသ, ယထာဗလသန္တောသ, ယထာသာရုပ္ပသန္တောသ-သုံးပါးအပြကိုလည်း သေချာစေ့-နှလုံးပြုကြလေ၊ ထင်မိထင်ရာ, ကြက်ကဏ်းစွဲမပြုလင့်၊ အယူလွဲပြီး- အပါယ်ကို သွားတတ်သည်၊ အထူးသတိပြုလေ့လာရန် ညွှန်ကြားလိုက်ပေသည်။

အပ္ပေန အနဝဇ္ဇေန၊ သန္တုဋ္ဌော သုလဘေနစ။
မတ္တညူ သုဘရောဟုတွာ၊စရေ သဒ္ဓမ္မဂါရဝေါ။

သဒ္ဓမ္မဂါရဝေါ- သူတော်ကောင်းတရား၌ ရိုသေသောရဟန်းသည်၊ အပ္ပေန-နည်းသောပံသုကူသင်္ကန်း, ပိဏ္ဍိယာလောပဘောဇဉ်, သစ်ပင်ရင်းဟူသောကျောင်း, ဂေါမုတ်ထုံသောဆေးဟူသော, ပစ္စည်းလေးပါးဖြင့်၎င်း၊ အနဝဇ္ဇေန-အပြစ်မရှိသောပံသုကူစသည်ဖြင့်၎င်း၊ သုလဘေနစ-ရလွယ်သော ပံသုကူစသည်ဖြင့်၎င်း၊ သန္တုဋ္ဌော-သန္တောသ တဆဲ့နှစ်ပါးဖြင့် ရောင့်ရဲသည်၊ မတ္တညူ-ရှာခြင်းခံခြင်းသုံးဆောင်ခြင်းစွန့်ခြင်း၌ အတိုင်းအရှည်ကို သိလေ့ရှိသည်၊ သုဘရော- ဆိုးကောင်းယုတ်မြတ်, ရတတ်သမျှ, ယာပနကြောင့် မွေးမြူလွယ်သည်၊ ဝါ-အပ္ပါနဝဇ္ဇ-စသောဂုဏ်ဖြင့် တင့်တယ်ခြင်းရှိသည်၊ ဟုတွာ-ဖြစ်၍၊စရေ-ကျင့်ကြံအားထုတ်ရာ၏။

ဤကား-သက်သတ်, သက်လွတ်စားမှုကို ရှင်းလင်းဝေဖန်ချက်တည်း။

**ယခုခေတ်လူများ စည်းစားဝေဖန်ရန်**

ယခုအခါ ကမ္ဘာ့အခြေအနေမှာ- တနေ့တခြား ထူးပြားလှသဖြင့် အတွေးအခေါ်သစ်များလည်းလိုလာ၏။ ရုပ်နာမ်သံသရာဖြစ်မှုပျက်မှု လျင်မြန်သလောက်၊ ကမ္ဘာ့ပြဿနာမှာလည်း စက္ကန့်မိနစ်နှင့်အမျှ လွန်စွာပင် ပြောင်းလဲလျက်ရှိလေရာ၊ အလစ်ပေး၍မရသော ခေတ်ကာလဖြစ်လေသည်။ သဘာဝဓမ္မသည် မတွေးဝံ့အောင် ဆန်းကြယ်လှ၏၊ မဖြစ်နိုင်ဟုပြောရဲသောအရာပင်မရှိသလောက်ဖြစ်နေလေပြီ၊ ဘာသာရေးဘက်က, သာသနာအခြေအနေမှာလည်း တမူထူးကဲ, ပြောင်းလဲလာကာ, ဝိပဿနာခေတ်စားလာသည်နှင့်အမျှ ပရိယတ္တိဘက်က အရှိန်အဝါ လျော့နည်းလာကာ မြန်မာတနိုင်ငံလုံးပင်-ရိပ်သာစခန်းများဖွင့်ပြီးဝိပဿနာသင်တန်းတက်လျက် တရားအားထုတ်သူ အလွန်ပေါများလာ၏။

တချို့လည်း တောရပ်ဆောက်တည်ကာ သက်သတ်လွတ်စားပြီး ကျင့်ကြံအားထုတ်ကြ၏။ အချို့ကား- ဆရာလုပ်သူက, အခြေအနေအရ၊ အရိယာ အဆင့်အတန်းကို သတ်မှတ်လျက်၊ မိစ္ဆာဇီဝ(မကောင်းသောအသက်မွေးခြင်း)ဖြင့် စားလမ်းဖြောင့်ကာ-ဝမ်းစာရှာလျက်ရှိကြ၏။ မလိမ္မာသူအချို့တို့ကား အသိဉာဏ်နည်းသည့်အတွက်-မှုမမှန်သော ထိုပုဂ္ဂိုလ်များကိုပင် အထင်ကြီးလျက်ချီးမြှောက်အားပေးနေကြပြန်၏။စင်စစ်မှာ တောကျောင်းနေမှုသည် ဝိဝေကကိုရ၍ စိတ်ထားကောင်းမွန်သူတို့အဘို့ဆိုဖွယ်မရှိ၊ ကြည်ညိုပူဇော်ထိုက်ပြီး အကျိုးထူးလည်းရနိုင်လေသည်၊ ထိုသို့မဟုတ်မူ၍-စိတ်ထားရင်း မဖြောင့်စင်းလျှင် ဆရာဒကာ နှစ်ဦး

လုံး အထိနာမည်မှာ ဗေဒင်မေးနေစရာမလိုချေ။(အရေခြုံ ဝိပဿနာမျိုး မဖြစ်ပါစေနှင့်ဟု ဆိုလိုသတည်း)

ဘုရားလက်ထက် သူကြွယ်တယောက် ဘုရားထံမှောက်ရောက်လာ၍ သင်တို့အမျိုး၌ အလှူအဒါန်း ပေးကမ်းရဲ့လားဟု ဘုရားကမေးတော်မူရာ၊ သူကြွယ်က- လှူဒါန်း ပေးကမ်း ပါကြောင်း၊ သို့သော်- တောကျောင်းဘုန်းကြီးများ, မုတင်ဆောင်ဘုန်းကြီးများနှင့် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်, အရိယာ ဖြစ်အောင် ကျင့်နေသော ပုဂ္ဂိုလ်များကိုသာ လှူဒါန်းပါသည်ဟု လျှောက်လေရာ၊ အိမ်ရာတည်ထောင်သော လူ့ဘောင်မှာနေသူက "ဤဘုန်းကြီးကား ရဟန္တာ,သို့မဟုတ်- အရိယာဖြစ်ရန် ကျင့်ကြံနေသော မုတင်ဆောင် ယောဂီပုဂ္ဂိုလ်ဘဲ-"ဟု သိနိုင်ရန် ခဲယဉ်း၏။ တောကျောင်း နေသူတိုင်း, မုတင် ဆောင် သူတိုင်း (စိတ်ရင်းမကောင်းလျှင်)မချီးမွမ်းထိုက်၊ စိတ်ရင်းကောင်းနေလျှင် ရွာဦးကျောင်းနေသူ, မုတင်မဆောင်သူများကိုလည်း ချီးမွမ်းထိုက်၏။ ထို့ကြောင့်- သံဃာတော်ကိုသာ ရည်မှတ်၍ လှူဒါန်းမှုပြုလေ-ဟု သင်္ဂြုတ္တိုရ်၌ မိန့်တော်မူချက်ရှိ၏။

သို့အတွက်-သစ်ခေါက်ဆိုး ဖန် ရည် စွန်းကို ဝတ် ရုံ လျက်တောရပ်ဆောက်တည်ကာ, ပိဏ္ဍစာရိကမုတင်အကျင့်ဖြင့် သက်လွတ်စားနေတိုင်းကိုလည်း အ ထင် မကြီး ရာ၊ ဒါန နှင့် နိဗ္ဗာန် မရောက်၊ ဘာဝနာပွားမှ ရောက်နိုင်သည် ပြောဟောကာ၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့သည် အမြဲမရှိ အနိစ္စ,ဒုက္ခဆင်းရဲခြင်း, အစိုးမရ အနတ္တဟု ပါးစပ်က တတွတ်တွတ်ရွတ်ဆိုပုတီးစိတ်နေသူ တိုင်းကိုလည်းယောဂီသူမြတ်, ဝိပဿနာ အစစ်အမှန်ဟု တထစ်ချ မယူဆရာ၊ ယထာဘူတ အတိအကျ သိရှိအောင်, ကိုယ်ပိုင်ဉာဏ်

ဖြင့် အမှန်သိလေ့လာ စုံစမ်းပြီးမှသာ၊ ယုံကြည်ဆည်းကပ် အားပေးချီးမြှောက် ပူဇော်ရန် ညွှန်ကြားလိုက်ရပေသတည်း။

**အမှန်းတင် ရှုတင်နှစ်ပါး** ဤနေရာ၌ သဒ္ဒါတရား လွန်စွာ ကြီးမားလှသည့် သီလာစာရကုလပုတ္တ အမျိုးကောင်း သားသမီးများ ဖြည့်တင်း ကျင့်နိုင်ကြရန် ကောသနိက်မူတင်၊ ပတ္တပိုဏ်မူတင်နှစ်ပါးကို အမြွက်မျှ ရေးသားဖော်ပြလိုက်၏၊ "နာနာသနဘောဇနံ ပဋိက္ခိပါမိ, ကောသနိကင်္ဂံ သမာဒိယာမိ" နာနာသနဘောဇနံ - အထူးထူးသောနေရာ၌ ဘောဇဉ်အာဟာရများ စားသောက်ခြင်းကို၊ ပဋိက္ခိပါမိ - ပယ်လှန်ပါ၏၊ ကောသနိကင်္ဂံ - တနေရာတည်း၌ စားခြင်းဟုဆိုအပ်သော မူတင်အကျင့်ကို၊ သမာဒိယာမိ - ကောင်းစွာဆောက်တည်ပါ၏။ ။ ဤကား- ကောသနိက်မူတင်ဆောက်တည်ပုံတည်း။

၎င်းမူတင်ကို ခံယူဆောက်တည်သောအခါ၊ မိမိကရလျှင် ကိုယ်တိုင်, ဘုရားရုပ်ပွားစေတီများရှေ့မှာဖြစ်စေ, ရဟန်းတော်များရှေ့မှာဖြစ်စေ,အခြားနေရာမှာဖြစ်စေ၊ နှုတ်ကမြွက်ဆို၍၎င်း, စိတ်၌ နှလုံးသွင်း၍၎င်း, ဆောက်တည်နိုင်၏။ ။ခံယူဆောက်တည်ပုံနည်းကို ပါဠိအနက် နှစ်ချက်ပြထားရာ, ပါဠိသက်သက်ဖြစ်စေ, အနက်သက်သက်ဖြစ်စေ, ပါဠိအနက်တွဲ၍ နှစ်ချက်လုံးဖြစ်စေ, ဆောက်တည်နိုင်၏၊ ကိုယ် တိုင် မဆို တတ် လျှင် ရဟန်းသံဃာများထံ တောင်းခံဆောက်တည်ကြလေ။

ကောသနိက်မူတင်အဓိပ္ပာယ်မှာ တခုတည်းသောနေရာ၌နေ၍ တထပ်တည်း စားခြင်းကို ဆို၏၊ နေရာပြောင်းလဲစားလျှင် မူတင်ပျက်၏၊ ၎င်းမူတင်သည် ဥက္ကဋ္ဌမဇ္ဈိမမုဒုဟူ၍ အမြတ်အလတ်အညံ့-အားဖြင့် သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် စား သောက် ရန်

နေရာ၌ ထိုင်၍ အနည်းငယ်မျှ စားမိပြီးနောက်, သူတပါးတို့ ပေးသောအစာကိုမစားဘဲနေခြင်းသည်၊ ဥက္ကဋ္ဌဟူသောအမြတ်ဓုတင်မည်၏၊ စား၍မပြီး စားနေသောခဏ်၌မကုန်သေးမီ၊ သူတပါးတို့ ပေးသော အစာကို စားခြင်းသည် မဇ္ဈိမ ဟူသော အလတ်ဓုတင်မည်၏၊ စားပြီးမှ ပန်းကန်ခွက်လက်များ ဆေး ပြီး သော် လည်း နေရာမရွေ့မပြောင်းသေးမီ, သူတပါး ပေးသော အစာကို စားခြင်းသည် မုဒုဟူသော အညံ့ဓုတင်မည်၏၊ ထိုင်ရာကနေ၍ မှီသော နေရာ၌ ရေထားပြီးမှ- သာပြီးသင့်လျော်ပေသည်။ ။ကောသနိက်ဓုတင်ပြီး၏။

"ဒုတိယ ဘာဇနံ ပဋိက္ခိပါမိ, ပတ္တ ပိဏ္ဍိကင်္ဂံ သ မာ ဒိယာမိ" ဒုတိယဘာဇနံ- နှစ်ခုမြောက်သောခွက်ကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ ပတ္တပိဏ္ဍိကင်္ဂံ-တခွက်တည်းစားခြင်းဟု ဆိုအပ်သော ဓု တင် အ ကျင့် ကို၊ သမာဒိယာမိ- ကောင်း စွာ ဆောက် တည် ပါ၏။ ။ပတ္တပိဏ္ဍိကဓုတင်- ဆောက်တည်ပုံတည်း။

ပတ္တပိဏ္ဍိကဓုတင်၏ အဓိပ္ပာယ်မှာ - တခုတည်းသော ခွက်၌ စားခြင်းကိုဆို၏၊ နှစ်ခုမြောက်သောခွက်ကို သာယာလျှင် ဓုတင်ပျက်၏၊ ၎င်းဓုတင်သည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ,မုဒု ဟူ၍ အမြတ်အလတ် အညံ့အားဖြင့် သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် ငါးတုံး အမဲတုံး မုံ့တုံးများကို မခွဲ မဖဲ့ဘဲ စားခြင်းသည် ဥက္ကဋ္ဌဟူသော အမြတ်ဓုတင်မည်၏၊ လက်တဖက်နှင့်သာ ဖဲ့၍စားခြင်းသည် မဇ္ဈိမ ဟူသော အလတ်ဓုတင်မည်၏၊ လက်နှစ်ဖက်နှင့်ဖြစ်စေ, သွားနှင့် ကိုက်, လက်နှင့်ဆွဲဖဲ့၍ဖြစ်စေ, စားခြင်းသည် မုဒုဟူသော အညံ့ဓုတင်မည်၏၊ စားခွက်ထဲ၌ ပါရှိသော ဝတ္ထုများတွင် ကြံဖတ်မှ တပါးသော, အမှိုက် စပါးလုံး အရိုးများကို လက်နှင့်ကောက်၍ မပစ်ရ၊ ပစ်လိုလျှင် ပါးစပ်ထဲရောက်မှ ထွေး ပစ် လိုက် ရ သည်၊

လက်နှင့် ကောက်၍ ပစ်သော်, အရိုး အမှိုက်ထည့်ရန် ခွက်တခုကို သာယာသည်ဖြစ်၍ ဓုတင်ပျက်၏။

သတိပြုရန်မှာ။ ။ဤ ပတ္တပိဏ်ဓုတင်၌ အချို အချဉ် စသည်ပါ, အလုံးစုံကို ရောနယ်၍ စားရသည်ဟု အချို့ ထင်မှတ် ပြောဆို၍ စားတတ်ကြ၏၊ အချို့မှာ မစားနိုင်၍ ဓုတင်မဆောက် တည်ကြသဖြင့် ကုသိုလ်နှင့် လွဲချော်ရသည်၊ ဤကဲ့သို့ ရောနှော မွှေနှောက်၍ မျှတညီညွတ်သဖြင့် စားနိုင်လျှင် ကောင်းပါ၏၊ မစားနိုင်လျှင် ခွက်တခုတည်း၌ အမျိုးမျိုးသော ဟင်းလျာ မုံ့ ခဲဘွယ်များကို မရောနှောဘဲ, သီးသန့် ပုံထားပြီးစားလျှင် ဓုတင် မပျက် စားနိုင်၏၊ ပတ္တပိဏ်ဓုတင်သည် ရောနှော နယ်ဖတ် မွှေ နှောက်၍ စားသည်ကို မဆို၊ ခွက်တခုတည်း၌ စားသည် ကိုသာ ဆို၏၊ အထူးသတိပြုကြလေ။

ဓုတင်နှစ်ပါးအထူးမှာ- ကောသနိက်ဓုတင်သည် နေရာကို သာ ဆို၏၊ ခွက်ကိုမဆို၊ ထို့ကြောင့်- နေမလွှဲသေးလျှင် ပထမ နေရာမှ မလွှဲမပြောင်းဘဲ, ခွက်ပေါင်းတထောင်မက စားနိုင်၏၊ ပတ္တပိဏ်ဓုတင်သည် ခွက်ကိုသာဆို၏၊ ရောနှောစားခြင်း, နေရာ ပြောင်းခြင်းကို မဆို၊ ထို့ကြောင့်- နေမလွှဲသေးလျှင် ပထမခွက် တခုနှင့် ထည့်၍ နေရာရွှေ့ပြောင်းပြီး အကြိမ်ပေါင်း တထောင် မက စားနိုင်၏။ နှစ်ပါးလုံး ဆောက်တည်လျှင် ခွက်တခုတည်း၌ ထည့်၍ တနေရာတည်းတွင်, တထပ်သာ စားရလေသည်။

ဥင်းပြင်- ထောပတ်, တင်လဲစသော ဝတ္ထုများမှာ၊ အစာ အာဟာရစားစဉ်က ပါလာ၍ ဖယ်ထားသည်ဖြစ်စေ, နောက်မှ ရသည်ဖြစ်စေ, စားလိုလျှင် ထည့်လိုသောခွက်နှင့် ထည့်၍ စားလို သောနေရာမှာပင် စားနိုင်၏၊ ဆေးပစ္စည်းဖြစ်၍ ဓုတင်မပျက်ပေ၊ ဘိလပ်ရည်, မကျဲအဖျော်ရည်များကိုလည်း ထို့အတူပင် မှတ်ယူ

ကြလေ။ ။ဤကား- ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသော ဓုတင် အမြွက်မျှတည်း၊ ဤမျှဖြင့် မရောင့်ရဲလျှင် ဓုတင်္ဂနိဒ္ဒေသ၌ ကြည့်ရှုကြလေကုန်။

အထူးမှာ။ ။ဝိ ဘင်း နှင့် တ ကူ မဟာဝ ါ, စူဠ ဝ ါတို့၌ လာသော ပါတိမောက္ခသံဝရသီလ, အာဒိဗြဟ္မစရိယကသီလမျိုးသည် အထယ်ခံသီလမည်၏၊ ဝိပဿနာအရာ၌ ၎င်းသီလများသာ လိုရင်းတည်း၊ ဓုတင် စသော အာဘိသမာစာရိက သီလမျိုးသည်ကား အမွန်းတင်သီလမျိုးမည်၏၊ ဝိပဿနာအရာ၌ လိုရင်းမဟုတ်လှ၍ မပါသော်လည်း ပြီးစီးနိုင်၏၊ ၎င်းအမွန်းတင်သီလဟူသော ဓုတင်များပါနိုင်လျှင်"ရွှေပေါ်မြတင်"ဆိုသကဲ့သို့ လာလွန်ပိုမို၍ ပင် ကောင်းမြတ်လှပေ၏၊ အကျိုးအာနိသင်လည်း များစွာရှိပေသည်။ သို့အတွက် - ဝိပဿနာလုပ်ရပ်တွင် သန္တုဋ္ဌိ (ရသမျှဖြင့် ရောင့်ရဲတင်းတိမ်ခြင်း) သလ္လေခ(အသက်မွေးပေါ့ပါးခြင်း) ဓုတ (ဓုတင်ကိလေသာကို ခါထုတ်ခြင်း)-တရားသုံးပါးသာ, အရေးပါအရာရောက်ကြောင်းကို အောက်က ဆိုခဲ့ခြင်း ဖြစ် လေ သည်။ ထိုတွင်လည်း"အသန္တုဋ္ဌော ယတိ နေဝ, သန္တောသော နာလယာ ဟတော"ရသမျှဖြင့် မရောင့်ရဲ မတင်းတိမ်သူသည် ရဟန်းမဟုတ်၊ အလိုရမက် နှိပ်စက်သောသူသည် ရောင့်ရဲသူမမည်- ဆိုပြန်သဖြင့် သက်သတ်, သက်လွတ် စားရေး ကိစ္စထက်၊ ရရသမျှဖြင့် မျှ တ ရောင့်ရဲတင်းတိမ်ခြင်း သန္တုဋ္ဌိ သန္တောသတို့ကိုသာ ဘုရား အ လို တော်ကျ ဆရာမြတ်တို့ နှစ်သက်အလိုရှိအပ်ကြောင်းကို ရှင်းလင်းဖော်ပြလိုက်ရပေသတည်း။ ။ ဤကား - သီလ သမာဓိ ပညာ သိက္ခာ သုံးပါးအနက် သီလကို အကျယ် ဝေဖန်ရာ အခဏ်းတရပ်ပြီး၏၊ နည်းတူပင် သမာဓိပညာများကိုလည်း ဆက်လက်၍ အစဉ်အတိုင်း ဖော်ပြသွားလိမ့်မည်။

**သမာဓိ တည်ကြည်မှု**

"သမံ သမ္မာ စ ဧကတ္တ သမ္ပယုတ္တကေ အာဓေတီတိ သမာဓိ" ဟူသော ဝစနတ္ထနှင့်အညီ၊ ယောခမ္မော- အကြောင်တရားသည်၊ သမ္ပယုတ္တကေ- ယှဉ်ဖော် ယှဉ်ဖက် တရားတို့ကို၊ သမံစ-အညီအညွတ်ရင်း၊ သမ္မာစ-မဖောက်ပြန် ဖြောင့်မှန်စွာရင်း၊ ဧကတ္တ-ကသိုဏ်းစသော တခုတည်းသောအာရုံ၌၊အာခေတိ-ထားတတ်၏၊ ဣတိတသ္မာ-ထိုကြောင့်၊သောခမ္မော- ထိုတရားသည်၊သမာဓိ-သမာဓိမည်၏။ ။အာရုံတခုတည်းမှာ ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို အညီအမျှ ဖြောင့်မှန်စွာထား မှုကို သမာဓိဟု ခေါ်သည်မှတ်၊ တရားကိုယ်အားဖြင့်၊ ဧကဂ္ဂတာ စေတသိက်တည်း၊ထိုသမာဓိသည် စိတ်မပျံ့လွင့်ခြင်းလက္ခဏာရှိ၏၊ ပျံ့လွင့်သော- ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း ကိစ္စရသရှိ၏၊ သမထယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား မတုန်မလှုပ် စိတ်၏ငြိမ်သက်ခြင်းလျှင် ထင် သော အခြင်းအရာ ရှိ၏၊ စိတ်ချမ်းသာခြင်းလျှင် နီး စွာ သော အကြောင်းပဒဋ္ဌာန်ရှိ၏။(သမာဓိ၏သဘောလေးချက်)ဝိပဿနာ ကမ္မဋ္ဌာန်းကြိုးပမ်းအားထုတ်ရာ၌ သမာဓိ ဟူသည် အမူအရာ ပရ မတ်၌ စိတ်တည်ကြည်မှုပင်ဖြစ်၏။

ထိုစိတ်တည်ကြည်မှု ဖြစ်သော သမာဓိသည်လည်း သမထ နှင့်ယှဉ်သောသမာဓိ, ဝိပဿနာနှင့် ယှဉ်သောသမာဓိဟူ၍ နှစ်ပါး ပင်ရှိ၏၊ထိုနှစ်ပါးတွင်-သမထအာရုံဖြစ်သော ကမ္မဋ္ဌာန်းများရှိကြ လေရာ၊ တခုခုသော ကမ္မဋ္ဌာန်း၌ စွဲလမ်းအာရုံပြု၍ တည်ကြည်မှု သည် သမထနှင့်ယှဉ်သောသမာဓိမည်၏၊ဥပစာရသမာဓိ, အပ္ပနာ သမာဓိစသည်ဖြင့် အဆင့်ဆင့်ရှိ၏၊ ဤသမာဓိမျိုးနှင့် ယှဉ်သော ဝိပဿနာကို-သမထ ယာနိက ဝိပဿနာဟု ခေါ်၏၊ ဝိပဿနာ အာရုံနှင့် အတူတကွ ပါသော သမာဓိသည် ဝိပဿနာနှင့် ယှဉ် သော သမာဓိမည်၏၊ ၎င်းသမာဓိကို ခဏိက သမာဓိ ခေါ်၏၊

ဤသမာဓိမျိုးနှင့် ယှဉ်သော ဝိပဿနာကို ဝိပဿနာ ယာနိက သုဒ္ဓ ဝိပဿနာဟု ခေါ် ဆိုရလေသည်။

ထိုနှစ်ပါးတို့တွင်၊သမထနှင့် ယှဉ်သော သမာဓိ၏ အစွမ်း အားဖြင့် အလွန်ဆုံး အဘိညာဏ် ငါးပါး, သမာပတ်ရှစ်ပါးကိုရ နိုင်သည်၊ ဘဝင်ခေါ်သော နေဝသညာ နာသညာ ယတနဘုံ၌ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော ပြဟ္မာ ကြီးတွေဖြစ်နိုင်၏၊ထိုကဲ့သို့သောအဖြစ်မျိုးကို အဖန်ဖန်အားထုတ် ရကုန်၏၊ အားထုတ်၍ ရရှိသော်လည်း, ဘာဝနာအစွမ်းကုန်က, တဟုန်တည်း ပျက်စီးယိုယွင်း၍ အပါယ်လေးဘုံသို့ ဆင်းလာရပြန် ကုန်၏။ ။ထို့ကြောင့် (ယနေ့ ပြဟ္မာဖြစ်၍ တဝင်းဝင်း, နက်ဖြန် ဝက်စားကျင်းမှာ တရှုတ်ရှုတ်)ဟု ဆိုကြကုန်၏၊ (ဤစကားအရ- အချို့လူများသည် ပြဟ္မာသေလျှင် အပါယ်ဘုံသို့ တိုက်ရိုက်သွား သည်ဟု ယူဆဟောပြောကြ၏၊ အရူပဘုံကို မဆိုထားဘိ ရူပဘုံ ကပင် တိုက်ရိုက်မသွားနိုင်ပုံကို "ရူပါဝစရစုတိယာ- အဟေတု ရဟိတာသိယုံ" လက်သန်းသင်္ဂြိုဟ်က သက်သေခံနေပါသဖြင့် အ ဆင့်ဆင့် သွားရောက်နိုင်ပုံကို ဟောခြင်းသာ မှတ်ယူစေလို၏) မြတ်စွာဘုရားသည် ဤကဲ့သို့ အပါယ်နှင့်လမ်းမပြတ်ဘဲ, တဆက် တည်းနေသော ကုသိုလ်မျိုးတို့, အကျိုးမရှိကြောင်းကို ဓမ္မဟဒယ ဝိဘင်း၌ ဤသို့ မိန့်ကြားတော်မူ၏။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ ။

ပုညတေဇေန-ဒါနသီလ သမထ ဟူဆိုအပ်သော, ကုသိုလ် ရှိန်စော်, အာနုဘော်သည်၊ ဥက္ခိတ္တာ-ချီကော်မြှောက်တင်အပ် ကုန်သည်ဖြစ်၍၊ ဝါ-ဖြစ်သောကြောင့်၊ကာမရူပဂတိံ-လူ့ပြည်

နတ်ရပ် မြတ်သော ပြဟ္မာ့ပြည်သို့၊ ဂတာ- ရောက်နေကြသော သတ္တာတို့သည်ငင်း၊ ဘဝဂ္ဂန္တ-အထက်ဆုံး နေဝသညာ နာသညာ ယတနဘုံ ဘဝဂ်သို့၊ သမ္ပတ္တာပိ-ရောက်ကုန်ပြီးသော အရူပပြဟ္မာကြီးတို့သည်ငင်း၊ ပုန-တဖန်၊ ဒုဂ္ဂတိံ-ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်, အပါယ်လေးဘုံသို့၊ အာယန္တိ-ရောက်ကြပြန်ကုန်သေး၏။

(ပါဠိတော်၏ နိသျှသွားအနက်)

တနည်းအားဖြင့်လည်း လူနတ်တို့၏ ချမ်းသာကို ရစေတတ်သော ဒါနမှု သီလမှုမျိုး၊ ရူပပြဟ္မာတို့၏ ချမ်းသာကို ရစေတတ်သော သမထဘာဝနာမှုမျိုး၊ အထက်ဆုံး အရူပပြဟ္မာတို့၏ ချမ်းသာကို ရစေတတ်သော ဘာဝနာမှုမျိုး၊ ဈာန် အဘိညာဏ် သမာပတ်ကို ရစေတတ်သော ဘာဝနာမှုမျိုးတို့သည် လောက၌ ဘုရားမပွင့်သော အခါ တို့၌လည်း ထင်ရှား ရှိကုန်၏။ အားထုတ်လျှင်ရနိုင်၏။ အမြဲတည်ရှိသော ဓမ္မတာကုသိုလ်မျိုးတို့ ဖြစ်ကုန်၏။ နိဗ္ဗာန် ရောက်ကြောင်း ဝိပဿနာ ပညာသည် မူကား, လောက၌ ဘုရားပွင့်မှ ဖြစ်ထွန်း ပေါ်ပေါက်နိုင်၏။ ထို ပညာမှု တခုအတွက်နှင့်သာ, လောက၌ ဘုရားပွင့်တော်မူ ရ၏။ သမထဘာဝနာ၏ အကျိုးချမ်းသာမျိုးသည် အားမကိုးရ, စိတ်မချရဘဲ တခဏအတွင်း ပင်လျှင် ပျက်စီး ယိုယွင်း တတ်၏။ ထို့ကြောင့် ဝိပဿနာပညာ တခု ကိုသာ အခါကောင်းတုန်း အရေးကြီးစွာ အားထုတ်ကြရန် အတန်တန် ဟောမြွက်တော်မူခဲ့လေသည်။

**အကန်းမလင် ကိုရင်ကလေး** သက်သေပြယုဂ် မှာ သီဟိုဠ်ကျွန်း ၌ ဝိပဿနာ မပါ, သမထဘာဝနာ အလုပ်လောက်နှင့် အထမြောက်သော သာမဏေတပါး သည် မိုးပေါ်ပျံလျက်, မကြာမကြာ ဈာန်ကစားလေ၏။ ဆရာတော် မထေရ်

မြတ်က, မောင်ရင်ကလေး, တော်တော်ချာန်ကစား, ကန်းမနှင့် ညားနေမည် ဟု ဆိုးမတော်မူ၏။ ဆရာစကားကို နားမထောင်မူ၍ ချာန်ကစားမြဲ ကစား လေ သော် တနေ့သ၌ သူငယ်မ တ ယောက်သည် တောထဲ ရေကန်တွင် သီချင်းဆိုလျက် ကြာချိုး နေရာ ကောင်းကင်က ချာန်ကစားသော ကိုရင်ကလေး ကြား သဖြင့် အသင့်အတင့် နှလုံးမသွင်းနိုင်ဘဲ, တသ်မက်ခြင်း ပြင်းစွာ ဖြစ်ပေါ်လာ၏။ ထိုအခါ-သမထအရှိန်ကြောင့် ငြိမ်ဝပ်နေသော ကိလေသာတို့ ထကြွသောင်းကျန်းလာသဖြင့် သူငယ်မ၏ အသံ ဟူသောမြှားသည် ကိုရင်ကလေး၏ ရင်ဝ နှလုံး သို့ စူးဝင်လေရာ မြှားမှန်သောငှက်ကဲ့သို့ တွန့်တွန့်လူး ဆတ်ဆတ်ခုံ ချာန် အဟုန် ပျက်စီးသဖြင့် တရှိန်တည်းမရပ်မခံနိုင်ဘဲ, ဂျွမ်းပြန်လျက်ကျလာ လေသတည်း။

ထိုအခါ-သူငယ်မ, ပေးသော တံဘက်နှင့် လူထွက် လိုက် သွား၍ နှစ်ဦးသား သင့်မြတ်ရာ- ရက်ကန်းအတတ်ဖြင့် အသက် မွေးကြလျက်, တနေ့ သ၌ ခိုက်ရန်ဖြစ်ပွား စကားများ၍ လင် ယောကျ်ားက ဒုတ်နှင့်ပေါက်လိုက်ရာ, သူငယ်မ၏ မျက်လုံး ကို ထိုးဖောက်သဖြင့် ဟောက်တောက်ကန်း ဖြစ်ရလေ၏။ ဤကဲ့သို့ ဖြစ်လာမှ ရှင်လူထွက်သူ ခများမှာ(မောင်ရင်ကလေးချာန်ကစား ကန်းမနှင့်ညားမနေ်) ဟူသော ဆရာ၏ ဆုံးမတဲ့စကားကို ပြန် လှန် စဉ်းစားမိသဖြင့် မချိထန်သဲ ပုံကာလဲ၍ ငိုပွဲကြီး ဖြစ်ရ လေ တော့သည်။ (ဝတ္ထုသွားမှာ လိုရင်းကိုသာ အကျဉ်းချုံး၍ ဖော်ပြ လိုက်သည်၊ စိတ်ဝင်စားဖွယ်ရာ အလွန် ကောင်းလှ၏၊ အကျယ် ကို အလိုရှိမူ-ဝိဘင်းအဋ္ဌကထာ၌ ယူကြလေကုန်)

ဤကဲ့သို့ သမထအလုပ်ကိစ္စမျိုး သည် တဘဝ အတွက်မျှ စိတ်မချရဘဲ တခဏအတွင်းမှာပင်, ပျက်စီးခြင်းနှင့် မလွတ်မကင်း

လေသောကြောင့် လိုရင်းမဟုတ်ကြောင်းကို ကောင်းကောင်းကြီး သိနိုင်ရာ၏။ ထိုနည်းအတူ- သာသနာပ အခါတွင် ဈာန်အဘိညာဏ်ကိုရကြကုန်သော တာပသရသေ့ကြီး စသည်တို့၏ ပျက်စီးခြင်းအကြောင်း ဝတ္ထုတို့မှာလည်း ကျမ်းဂန်တို့၌လွန်စွာ ပင် ထင်ရှားများပြား၍ သိသာလှ ပေသည်။ ဗုဒ္ဓ သာသနာ၌ ထင်ရှား၍အများသိ အရှင်ဒေဝဒတ်လည်း လောကီဈာန်ရသူ တဦးပင်ဖြစ်ရာ ထိုအဘိညာဏ်တန်ခိုးဖြင့် ဘဝင်မြင့်ပြီး ဘုရားအား လုပ်ကြံခဲ့၏။ မအောင်မြင်သည့်အဆုံး ဈာန်လျှောကျလျက် နောက်ဆုံးမြေမျိုကာ ဘဝဇာတ်သိမ်းရလေသည်။

**ဝိပဿနာအလုပ်မှ-စိတ်ချရ** အလုံးစုံသော သတ္တဝါတို့သည် ကမ္ဘာပျက်သောအခါ၊ အထက်ဗြဟ္မာဘုံသို့ ရောက်ကြကုန်၏ဟု ကျမ်းဂန်များ၌ ဆိုသဖြင့် အနည်းဆုံး တကမ္ဘာမှာ တကြိမ်တခါ ဗြဟ္မာကြီးတွေ ဖြစ်ဘူးကြကုန်၏၊ ထိုသို့ဗြဟ္မာ ဖြစ်ရန်မှာလည်း မြေလျှိုး မိုးပျံ ဈာန်အဘိညာဏ် ရရှိမှ ဖြစ်နိုင်ကြသဖြင့် တကမ္ဘာတွင် တခါ ဈာန်ရ၍ တကြိမ်ဗြဟ္မာကြီး ဖြစ်ကြရ၏၊ ဤသို့ဖြစ်လျှင် အနမတဂ္ဂ သံသရာ၌ လွန်ခဲ့သော ကမ္ဘာပေါင်း မရေမတွက် နိုင်သောကြောင့် ဈာန်အဘိညာဏ်ရသောဘဝ ဗြဟ္မာကြီးတွေ ဖြစ်ခဲ့ကြသောဘဝတို့မှာမရေမတွက် နိုင်အောင် များပြားလှကုန်၏။

ထိုသို့ များပြားသော်လည်း သမထ ဘာဝနာ၏ အစွမ်းကြောင့်ရသော ဈာန်အဘိညာဏ်တို့သည်၊ ယခုအခါမှာ ရှာဖွေမရနိုင်အောင် ပျောက်ပျက် ကုန်ဆုံးကြလေပြီ၊ ၎င်းအလုပ်မျိုးကို ရှာကြံခြင်း,ရရှိခြင်း မဆိုင်းမရပ်ပါလျှင် ပျက်စီးကုန်ဆုံးခြင်းသဘောကလည်း အစမသတ် ပျက်စီးမည် မဟုတ်ပေ၍ မပျက်စီးနိုင်

သော ဝိပဿနာ အလုပ်ကိုသာ အားထုတ်ကြရန် အမှန်သင့်ကြောင်းဖြင့် ကျမ်းဂန်၌လာရှိပေသည်။

ပုဗ္ဗေ သိဒ္ဓေါပျနိစ္စတ္တာ၊ နဋ္ဌော ဒါနိ အသဒ္ဓိကော။
တသ္မာ အကုပ္ပသိဒ္ဓိံ ဝ၊ ဂဝေသထ ပဏ္ဍိတော နရော။

ပုဗ္ဗေ-ရှေးအတိတ်, ဘဝများစွာ, သံသရာက၊ သိဒ္ဓေါပိ-သမထတန်ခိုးဖြင့် မြေလျှိုးမိုးပျံ, ဈာန်အဘိညာဏ်, ကောင်းကင်ယံကျော်ဟိုး, သိဒ္ဓိမျိုးကို, စိုးစိုးပိုင်ပိုင်, နိုင်နိုင်နင်းနင်း,ပြိုင်ဘက်ကင်းအောင်, ပြီးခြင်းကြီးပြီးမြောက်ခဲ့ဘူးပါသော်လည်း၊ အသဒ္ဓိကော-မကြာမရှည်လောကီတန်ခိုး,သိဒ္ဓိမျိုးမည်သည်၊အနိစ္စတ္တာ-မမြဲသဘော, ရွှေလျော ပျက်စီးတတ်လေသောကြောင့်၊ ဒါနိ-ယခုပစ္စက္ခကာလ, ဤဘဝ၌၊နဋ္ဌော- ပျက်စီးကုန်ဆုံး၍ သွားခဲ့လေပြီ၊တသ္မာ- ထိုကြောင့်၊ ပဏ္ဍိတော- ပညာရှိသော၊ နရော-အမျိုးကောင်းသားသမီးသည်၊အကုပ္ပသိဒ္ဓိံ ဝ-ဘယ်အခါမှ- ပျက်စီးခြင်းမဖြစ်နိုင်သော, အနှစ်သေတ္တာ နိဗ္ဗာန်တည်းဟူသော သိဒ္ဓိကောင်းတခုကိုသာလျှင်၊ ဂဝေသထ- နေ့ညမယုတ်, အားထုတ်ရှာမှီး ကုန်ရာသတည်း။

မုံရွာ တောရ, ထာဝရ ယောဂီ, လယ်တီထေရ်ကျော်ကလည်း၊ လမ်းဖြောင့်တရား, တွေ့ပါသားနှင့်, အများမူးတိုင်း, နင်မရှုးနှင့်,ထူးသည့်အခါ,ဝိပဿနာကို,ခါခါပွားမှ, သွားမည်သံသရာ, အစဉ်ပါမည်, နင်သာလူသား, သတိထား-ဟုစပ်ဆိုထားခဲ့လေသည်။

**စိတ္တဝိသုဒ္ဓိကိုပြခြင်း**

နီဝရဏကို ပယ်ခွာသည်မှစ၍ ပရိကံ,ဥပစာ,အနုလုံဂေါတြဘူအဆုံးရှိသောသမာဓိသည်ဥပစာရသမာဓိမည်၏။ပထမဈာန်အစရှိသော သမာဓိသည် အပ္ပနာသမာဓိမည်၏။ ထိုနှစ်ပါးသော သမာဓိသည် ကာမစ္ဆန္ဒစသော

နီဝရဏ ခြောက်ပါးတို့မှ စင်ကြယ်ကြောင်း ဖြစ်သောကြောင့် ၎င်း၊စိတ်ကိုပဋ္ဌာနပြု၍ သမာဓိကိုပြအပ်သောကြောင့်၎င်း, စိတ္တဝိသုဒ္ဓိမည်၏ဟုမှတ်။ ။ထိုကြောင့်-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌“စိတ္တသီသေန ဟေတ္ထ သမာဓိ နိဒ္ဒိဋ္ဌော”ဟု မိန့်တော်မူ၏။ ။ဟိ-မှန်၏၊ ဧတ္ထ-ဤစိတ္တဝိသုဒ္ဓိအရာ၌၊စိတ္တသီသေန-စိတ်စင်ကြယ်ခြင်းကိုအဦး ပြုသဖြင့်၊ သမာဓိ-သမာဓိတရားကို၊နိဒ္ဒိဋ္ဌော-ညွှန်ပြတော်မူအပ်၏၊ (ဒေသနာသီသနည်းဟူလို) ဤအဋ္ဌကထာပါဠိဖြင့် နိဿယဖြစ်သောစိတ်ပြဋ္ဌာန်းသည်၏ အစွမ်းဖြင့် ညွှန်ပြအပ်သော ကြောင့် သမာဓိ ဝိသုဒ္ဓိ မဆိုမူ၍ စိတ္တဝိသုဒ္ဓိဟူ၍ ဆိုဟန်ကို ပြတော်မူ၏။

**စိတ္တဝိသုဒ္ဓိ ပွားဟန်ကား**

သီလဝိသုဒ္ဓိကို ဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်သည် ဤကိုယ်၌ လွှန်စွာထင်ရှား အများဆုံး မူလဖြစ်သော ကောဋ္ဌာသလေးခုကိုပုဂ္ဂိုလ်သတ္တ, ငါ သူတပါး,ယောကျ်ားမိန်းမ,ဟု ခေါ်စရာ အပေါင်းအစု မရှိစေရအောင်, အရိုးအကြော, အသားအရေ, အရေအသား, အကြောအရိုး-ဟု အဖန်တလဲလဲ စိတ်ခွဲဝေဖန် ဉာဏ်ကိုရှေ့ထားလျက်, ပွားများအားထုတ်လျှင်၊ လှည်းဘီးလှည်းသံ,ရံတိုင်ဝင်ရိုး-စသော အစိတ်ကို မြင်လေက လှည်းဟူသောသမူဟပညတ်ပျောက်သကဲ့သို့၊ ပုဂ္ဂိုလ်သတ္တ, ငါသူတပါး, ယောကျ်ားမိန်းမ ဟူသော သမူဟပညတ်ဒြဗ်ပျက်ပြား၍ လေးပါးသော ကောဋ္ဌာသအစုထင်လာရ၏။ ထိုသို့ထင်လာသောအခါ- ပထမစျာန်စသည်ကို ရတတ်၏-ဟူလို။ ။စိတ္တဝိသုဒ္ဓိအရ-သိမှတ်ဖွယ်အမြွက်တရပ်ဖြစ်၏။

**ဈာန် မဂ် ဖိုလ် အန္တရာယ်များ**

နတ်ရွာခြောက်ထပ်သို့ ရောက်စေရန် ၎င်း, မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်စေရန် ၎င်း ရည်သန် တောင့်တ၍ ဒါနသီလသမထ ဝိပဿနာတို့ကို အခါခါအားထုတ်ကြသော ရဟန်း ရှင်လူ ခပ်

သိမ်းသူ ဟူသမျှတို့အား, မရနိုင်, မရောက်နိုင်ရန် ခုခံ မြစ်တားတတ်သော ဘေးအန္တရာယ်တို့သည် ငါးပါး ရှိကုန်၏။ ၎င်းတို့ကား—၁-ကမ္မန္တရာယ်၊ ၂-ကိလေသန္တရာယ်၊ ၃-ဝိပါကန္တရာယ်၊ ၄-ဥပဝါဒန္တရာယ်၊ ၅-အာဏာဝီတိက္ကမန္တရာယ်တို့ ဖြစ် လေသည်။ ထိုအန္တရာယ်ငါးပါး အဓိပ္ပာယ်သဘောကို တရား အားထုတ်သူတိုင်း သိထားရန်လိုအပ်သဖြင့် အကျယ်အားဖြင့်ဝေဖန်ပြလိုက်ပေအံ့။

**ကမ္မန္တရာယ် ၁-အချက်**

ထိုငါးပါးတို့တွင် ၁-အမိကို သတ်သော မာတုဃာတကကံ၊ ၂-အဘကိုသတ်သော ပိတုဃာတကကံ၊ ၃-ရဟန္တာကို သတ်သော အရဟန္တဃာတကကံ၊ ၄-ဘုရားကိုသွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒကကံ၊ ၅-သံဃာချင်းကွဲပြားအောင် ဖျက်ဆီးသင်းခွဲသော သံဃဘေဒကကံ ဤငါးပါးသော ကံတို့သည် ကမ္မန္တရာယ်မည်၏။ ထိုငါးပါးအနက် တပါးပါးကို ပြစ်မှားကျူးလွန်သော သူသည် ယခုဘဝ၌ ဒါန သီလ သမထဝိပဿနာ တို့ကို မည်မျှပင် ပြုလုပ်အားထုတ်သော်လည်း နတ်ရွာ နိဗ္ဗာန် စျာန်မဂ်ဖိုလ်တရားများကို မရ, မရောက်နိုင်ဘဲ, သေသည်၏ အခြားမဲ့၌ ငရဲသို့သာကျရောက်လေတော့သည်။

**ကိလေသန္တရာယ် ၂-အချက်**

၁-ဤလောကကို ၎င်း, သတ္တဝါ တို့ကို ၎င်း, ထာဝရတည်သော ဘုရား, ဗြဟ္မာကြီးတို့ဖန်ဆင်း၏။ ဖန်ဆင်း၍သာဖြစ်ပေါ်လာ၏။ သေလျှင် ဝိညာဏ်တို့သည် ဘုရားထံသို့သာ သွားရကုန်၏။ ထို့ကြောင့် ရှေ့ဘဝလည်း မရှိ, နောက်ဘဝလည်း မရှိ, မိဘ တို့ကျေးဇူးလည်း မရှိဟူ၍ အကြောင်းကို မြစ်ပယ်၍ယူခြင်း သည် အဟေတုကဒိဋ္ဌိမည်၏။

၂-ဤလောက၌ ကုသိုလ်ကံ,အကုသိုလ်ကံမည်သည် မရှိ၊ ပြုပြီးသောခဏ၌ ပျောက်ပျက်၍သွားသည်သာတည်းဟု ကုသိုလ်ကံ, အကုသိုလ်ကံ တို့ကို မြစ်ပယ်၍ ယူခြင်းသည် အကြိယဒိဋ္ဌိမည်၏။

၃-ကုသိုလ်ကံ, အကုသိုလ်ကံမည်သည် ထင်ရှားရှိ၏။ ထိုအမှုကို ပြုသောသူသည် မသေမီသာလျှင် ပြစ်,ကျိုးကိုခံစားရ၏။ သေပြီးသည်နောက်ဘဝ၌ကား ခံ,စံရခြင်းမရှိတော့ပြီဟု အကျိုးကို မြစ်ပယ်၍ ယူခြင်းသည် နတ္ထိကဒိဋ္ဌိမည်၏။

ဤမိစ္ဆာဒိဋ္ဌိ အယူကြီးသုံးပါးတို့သည် အလွန်များသော ရာဂဒေါသ မောဟ မာန ဒိဋ္ဌိတည်းဟူသော ကိလေသာကြောင့်သာ ဖြစ်ပေါ်လာရသဖြင့် ကိလေသန္တရာယ်မည်၏။ ဤ အယူအကျင့် ရှိနေသူတို့သည် စျာန် မဂ် ဖိုလ် တရားကို မဆိုထားဘိ၊ လူ့ပြည် နတ်ရွာကိုမျှ မပေါ်လာနိုင်၊ သေသည်၏ အခြားမဲ့၌ ပထဝီဂေါပက ခေါ်သော မြေစောင့်သတ္တဝါ အဖြစ်, သံသရာ ဝဋ္ဋ သစ်ငုတ်ဖြစ်၍ အပါယ်ငရဲ၌သာလျှင် နစ်မြုပ်ရလေ တော့သည်။

မှတ်ချက်။ ။ဤ မိစ္ဆာဒိဋ္ဌိကြီး သုံးပါး ကို မြေစောင့် သံသရာဝဋ္ဋ သစ်ငုတ်ဖြစ်၍ ငရဲ၌ ခံနေရသော ဤစကြဝဠာ ပင် ပျက်စီးသွားသော်လည်း မပျက်တည်ရှိသော အခြား စကြဝဠာသို့ ပြောင်းရွှေ့ခံရပြန်သဖြင့် အလွန် မြဲမြံ ခိုင်ခန့် သော ကြောင့် နိယတမိစ္ဆာဒိဋ္ဌိဟူ၍ ခေါ်ဆိုပြန်၏။ သဿတဒိဋ္ဌိ,ဥစ္ဆေဒ ဒိဋ္ဌိ စသော ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိကြီးတို့သည်လည်း ဤ နိယတ မိစ္ဆာဒိဋ္ဌိကြီးသုံးပါးမှ ပွားစီးဖြစ်ပေါ်လာသော ဒိဋ္ဌိကြီးတို့ပင် ဖြစ်ကြောင်းကို ကောင်းစွာမှတ်ယူကြလေကုန်။

**ဝိပါကန္တရာယ် ၃–အချက်** ခွေး ဝက် ကြက် စသော အဟိတ်တိရစ္ဆာန်တို့သည်၎င်း၊ ပဋိသန္ဓေအခါ အမိဝမ်းတွင်းကပင် အင်္ဂါမစုံလင်၍ ကန်း, ပင်း, ဆွံ့စသော သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည်၎င်း၊ အင်္ဂါစုံလင်သော ဒွိဟိတ်ပုဂ္ဂိုလ်တို့သည်၎င်း၊ ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်သည်, ဈာန်မဂ်ဖိုလ်တရားကို ဆီးတား ပိတ်ပင်လေသောကြောင့် ဝိပါကန္တရာယ် မည်၏။ ၎င်းပုဂ္ဂိုလ်များသည် တရားကိုအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ်ကိုမရနိုင်၊ မဂ္ဂန္တရာယ်သာဖြစ်၏။ ဒါနသီလဘာဝနာ တရားများကို အားထုတ်သွားပါလျှင် သဂ္ဂန္တရာယ်ကား မဖြစ်၍ ဒုတိယဘဝမှာ လူကောင်း နတ်ကောင်းဖြစ်၍ မဂ်ဖိုလ် တရားကို ရနိုင်ပေရာသည်။

**ဥပဝါဒန္တရာယ် ၄–အချက်** လူ ရဟန်း အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့စွပ်စွဲဆဲရေး ပုတ်ခတ်ခြင်းသည် နတ်ရွာနိဗ္ဗာန်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ဆီးတား ကန့်ကွက်ပိတ်ပင်တတ်သောကြောင့် ဥပဝါဒန္တရာယ်မည်၏။ အရိယူပဝါဒန္တရာယ် ဟူ၍လည်း ခေါ်၏။ ထိုကံကို ပြစ်မှားလွန်ကျူးမိသော သူသည် မဂ်ဖိုလ်ကို မဆိုထားဘိ နတ်ရွာသုဂတိကိုပင် မရနိုင်တော့ပြီ။ သေသည်၏ အခြားမဲ့၌ အပါယ်ဘုံ သို့သာ သွားရလေ၏။

အရိယာသည် ဒဿနအရိယာ, အာစာရအရိယာ ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတို့တွင် သစ္စာလေးပါးကို လောကုတ္တရာမဂ်ဉာဏ်ဖြင့် တကြိမ်မျှ သိမြင် ပေါက်ရောက်ဘူးသော ရဟန်းသည် ဒဿနအရိယာမည်၏။ ထိုသစ္စာလေးပါးကို သိမြင်ပေါက်ရောက်ရန် ကျင့်ကြံနေသော ရဟန်းသည် အာစာရအရိယာမည်၏။ အယုတ်ဆုံးအားဖြင့် သောတာပန်ဖြစ်သော လူသည်လည်း

ဒဿနအရိယာဘ်ဝင်၏။ ထိုပုဂ္ဂိုလ်တို့ကို ပြစ်မှားမိသော သူသည် အလွန် အပြစ်ကြီးလေးသော အရိယူပဝါဒန္တရာယ် ထိုက်လေတော့သည်။

ပြစ်မှား စွပ်စွဲခြင်း သည်လည်း အန္တိမဝတ္ထုဖြင့် စွပ်စွဲခြင်း, ဂုဏ်အသရေ ပျက်စီးညိုးနွမ်းစေသဖြင့် စွပ်စွဲခြင်းဟူ၍ နှစ်မျိုးပင်ရှိပြန်၏။ ထိုနှစ်ပါးတို့တွင် ဤပုဂ္ဂိုလ်အား မြတ်သော ရဟန်းတရားမရှိ၊ ဤပုဂ္ဂိုလ်တို့သည် ရဟန်းပင်မဟုတ်ကုန်- ဟု ပြောဆိုခြင်းသည် အန္တိမဝတ္ထုဖြင့်စွပ်စွဲသည်မည်၏။ ဤပုဂ္ဂိုလ်တို့အား ဈာန်မဂ်ဖိုလ်တရားမရှိစသည်ဖြင့် ပြောဆိုခြင်းသည် ဂုဏ်အသရေကို ဖျက်ဆီးသည်မည်၏။ ဤကဲ့သို့ ကဲ့ရဲ့စွပ်စွဲ ဆဲရေးသော သူသည် အပြစ်ကိုသိ၍ ပြောဆိုမိသည်ဖြစ်စေ, အပြစ်ကိုမသိဘဲလျက် ပြောဆိုမိသည်ဖြစ်စေ, အရိယူပဝါဒန္တရာယ် ငြိတွယ်မြစ်တားသောကြောင့် နတ်ရွာ နိဗ္ဗာန် ဈာန် မဂ်ဖိုလ်တရားကို အားထုတ်သော်လည်း မရနိုင်, မရောက်နိုင်တော့ပြီ၊ သို့သော် လွန်ကျူးမိသော အပြစ်များကို နောင်မှသတိရ၍ ကောင်းမွန်သော ဂါရဝစိတ်ဖြင့်, အသက်ရှိသော် မျက်မှောက်, အသက်မရှိသော် သင်္ချိုင်းဟူသော သင်းချိုင်းရာသွား၍ တောင်းပန်ဝန်ချ, ပ,သ ပူဇော်ပြီး ဖူးမျှော်ကံတော့ပါလျှင် ထိုကံငြိမ်းပျောက်၍ နတ်ရွာ နိဗ္ဗာန်သို့ အမှန်ပင် ပေါက်ရောက်နိုင် သေး၏။

**အာဏာဝီတိက္ကမန္တရာယ် ၅-အချက်**

ဘုရား ပညတ် ထားသော ဝိနည်းသိက္ခာပုဒ်တော်များကိုစေတနာနှင့် တကွ ပြစ်မှား၍ လွန်ကျူး ကျော်နင်းလျက် ပါတိမောက္ခသံဝရသီလမှ ချွတ်ယွင်း စေခြင်းသည် အာဏာ ဝီတိက္ကမန္တရာယ်မည်၏။ ထိုကံ သည်လည်း ဈာန် မဂ်

ဖိုလ်တရားများကို တားမြစ်တတ်သော မဂ္ဂန္တရာယ်မူကားဖြစ်၏။ နတ်ရွာသုဂတိကို တားမြစ်တတ်သော သဂ္ဂန္တရာယ်ကားမဖြစ်။ ဤနေရာ၌သဂ္ဂန္တရာယ်မဖြစ်ဟု ဆိုသော်လည်း၊ ကဿပဘုရားရှင်လက်ထက်က အနှစ်နှစ်သောင်း ကာလပတ်လုံး သီလသိက္ခာလုံခြုံအောင် စောင့်ရှောက်သော ရဟန်းကောင်းဖြစ်ပါလျက်၊ မပြောပလောက်သော ပိန်းရွက်ကို စေတနာမရှိဘဲ လှေသွားဆဲအခါတွင် အမှတ်မဲ့ ကိုင်ဆွဲဖြတ်မိခဲ့လေရာ၊ သံသယမကင်းရှာသဖြင့်သေခါနီးအခါတွင် ၎င်းနိမိတ်ထင်လာ၍ စုတေ့သေလွန်သော အခါအပါယ်လေးရွာသို့လားပြီး၊ ဘုရားနှစ်ဆူတို့အကြား၌ ရှည်လျားသော ကာလပတ်လုံး၊ အပါယ်ဒုက္ခများကို ခံစားရ၍ဂေါတမဂေါတမဘုရားပွင့်တော်မူမှ- ဖူးမျှော်လျှောက်ထားပြီး တရားတော်ကိုကြားနာရသော ဧရကပတ္တ(ပိန်းရွက်) နဂါးဝတ္ထုကို ထောက်ထားပါလျှင် လွန်စွာပင် ကြောက်ရွံ့ဘွယ် ကောင်းလှပေတော့သည်။

၎င်းအန္တရာယ်သည် အနည်းငယ် မပြောပ လောက်သော တပဲလေးရွေးမျှ အဘိုးမတန်သည့် အပ်ချည်စသောဝတ္ထုများကို ပင် ဝိနည်းတော်နှင့် မအပ်မစပ်ဘဲ၊ မိမိတို့သုံးစွဲရှိနေပါလျက်၊ ဝိနည်းကံနှင့်ပြေငြိမ်းအောင်မပြုသေးမီ၊ တရားကိုအားထုတ် ကျင့်ကြံနေပါသော်လည်း၊ တိဟိတ်ပဋိသန္ဓေဉာဏ်နှင့် ပါရမီရင့်သန်စေကာမူ၊ ဝိနည်းပညတ်ကို လွန်ကျူးကျော်နင်း၍ရရှိထားသော ထိုအပ်ချည်ကလေးကပင်၊ ခုခံတားမြစ်နိုင်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မပေါက်မရောက်နိုင်၊ သို့အတွက်"အန္တရာယိကောဓမ္မော ဝုတ္တော ဘဂဝတာ"ဟုဆို၏၊ ကြီးမားသော သိက္ခာပုဒ်များမှာ ဆိုဖွယ်ရာ မရှိတော့ပြီ။

**သိစေလိုရင်း အချုပ်စကား** ၁-ပဋ္ဌာနန္တရိယကံ ငါးပါးမှ လွတ်ကင်းခဲ့လျှင်- ကမ္မန္တရာယ် ငြိတွယ်ရန်မရှိ၊ သန့်ရှင်း စင်ကြယ်၏။ ၂-ဗုဒ္ဓ ဘာသာ ဖြစ် သူ များ မှာ- ကိလေသန္တရာယ်ငြိတွယ်ရန်မရှိ, သန့်ရှင်းစင်ကြယ်၏။ ၃-ယခုဘဝ၌ခြေလက်အင်္ဂါ ပြည့်စုံသောသူများမှာ၊ ငါဒွိဟိတ်ဖြစ်၏ ဟူ၍ရင်း, ဒွိဟိတ်ဖြစ်လေသလော ဟူ၍ရင်း, ဝိပါကန္တရာယ်အတွက်၊ စိုးရိမ်ဖွယ်, ထင်မြင်ဖွယ်, သို့လော,သို့လောဟု တွေးတောစည်းစား၍ယုံမှားသံသယစိတ် ဒွိဟဖြစ်ရန်အကြောင်းမရှိ၊တရားကိုအားမထုတ်မီက ပိုင်းခြားသိနိုင်သော, သဘောမျိုးလည်းမဟုတ်၊အကယ်စင်စစ် ဒွိဟိတ်ဖြစ်၍ သောတာပန်ကြီးအဖြစ်သို့ ယခုဘဝ၌ မရောက်ရစေကာမူ-နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်- စသောအောက်ဉာဏ်များသို့ရောက်၍ စူဠသောတာပန်ဖြစ်ပြီး, ဒုတိယဘဝမှာ မုချကေန်အမှန်စင်စစ် မဟာသောတာပန် ဖြစ်ရမည်မှာ မလွဲနိုင်ပေ။

ဆင်မျောက် စသော တိရစ္ဆာန်များ ဒါနပြုခြင်း, ဗျိုင်းနဂါး စသောတိရစ္ဆာန်များ သီလစောင့်ခြင်း, ဘိက္ခုနီမမွေးထားသော ကျေးသားငယ်သည် အဋ္ဌိကကမ္မဋ္ဌာန်းထင်မြင်ခြင်း-စသည်ဖြင့် ကျမ်းဂန်များ၌လာသောကြောင့်၊ ပဏ္ဍုက်,ဥဘတောဗျည်း, မျက်စိကန်း, နားပင်း-စသော လူရှင်ရဟန်းများမှာ သာ၍ပင်, ဒါနသီလသမထဝိပဿနာ အလုပ်များကို အားထုတ်ရန် သင့်လှပေသဖြင့် ဝိပါကန္တရာယ်အတွက် စိုးရိမ်ဖွယ်မရှိ၊ စမ်းသတ်၍ ပြုလုပ်ကြည့်ရာ၏။

၄။ အရိယာသူတော်ကောင်းများအား, မတော် တဆ အမှတ်မဲ့-ပြစ်မှားမိသော်လည်း, ကံတော့တောင်းပန်လျှင်ပြေငြိမ်းပျောက်ပျက်နိုင်သဖြင့် အရိယူပဝါဒန္တရာယ်ငြိတွယ်ရန်မရှိ, သန့်

ရှင်းစင်ကြယ်၏။ ။၅-ဝိနည်းပညတ် သိက္ခာပုဒ်တော် များကို လွန်ကျူးခြင်းအပြစ်သည် လူများမှာမရှိ၍ လွတ်ကင်း၏။ရဟန်း သာမဏေတို့မှာ ရှိသော်လည်း, ဝိနည်းကံအတိုင်း ပြုပြင်သုတ်သင် ပါက-အလွယ်နှင့်ပင် ပြေငြိမ်းလွတ်ကင်းနိုင်သဖြင့် အာဏာဝီတိက္ကမန္တရာယ် ငြိတွယ်ရန်မရှိ- သန့်ရှင်းစင်ကြယ်၏။ ။ထိုကြောင့်- သာသနာတော်မြတ်နှင့် တွေ့ကြုံကျိုးနပ်ရလေအောင်၊အန္တရာယ် ငါးရပ်ကို စိတ်၌မျှ မဥပါဒ်ဘဲ၊ မပြတ်သောလုံ့လဖြင့် ပရမတ် ရုပ်နာမ်ဓမ္မ၏၊ သဘာဝဖြစ်ပျက်မှု၌ ဉာဏ်စက္ခုအား ထင်ရှားသိ မြင်စေရန် ဝိပဿနာတရားကို မနားမနေကြိုးစား အားထုတ်အပ် လှပေတော့သည်။ ။အန္တရာယ်ငါးပါးဝေဖန်ချက်ပြီး၏။

**ပလိဗောဓကြီး ဆယ်ပါး**

ပလိဗောဓဟူသည်မှာ, ကမ္မဋ္ဌာန်း ဝိပဿနာကို အားထုတ်နေဆဲအခါ၊ ဖြစ်ပေါ်လာတတ်သော ပူပန်စရာ,စိုးရိမ်စရာ,ကြောင့်ကြစရာမျိုးကိုဆို၏၊ ထိုပူပန် စိုးရိမ်ကြောင့်ကြစရာဖြစ်သောပလိဗောဓကို တရားအား ထုတ်ရာ၌ ဝင်ရောက် နှောင့်ယှက်ခြင်း မရှိစေခြင်းငှာ ရှေးဦးစွာ ပင်, ပယ်ရှင်း၍ ပြတ်ကင်းအောင် ပြုလုပ်ထားရမည် ဆိုလိုသည်၊ "အာဝါသောစကုလံလာဘော"စသောဂါထာအရ၊ ထိုပူပန်စိုး ရိမ်ကြောင့်ကြစရာဖြစ်သော ပလိဗောဓကြီးတို့သည် ဆယ်ပါးရှိ ကုန်၏။ ထိုဆယ်ပါးသော ပလိဗောဓကြီးတို့ကား—

၁။ ကျောင်းနေရာ အရိပ်အာဝါသအတွက် ဆောင်ရွက်ရန် မပြီးစီးကြွင်းကျန်နေ၍ ကြောင့်ကြနေခြင်းသည် အာဝါသ ပလိဗောဓ။

၂။ အလုပ်အကျွေးအစေအပါး, ဒကာဒကာမအတွက်, စိတ်လက်မချ သောကမကင်း၍ ကြောင့်ကြနေခြင်းသည် ကုလပလိဗောဓ။

၃။ ရရှိပြီးသော ပစ္စည်းဥစ္စာ၊ ရလတံ့သော ပစ္စည်းတို့အတွက် ငဲ့ကွက်ထင်လင်းကြောင့်ကြနေခြင်းသည် လာဘ ပလိဗောဓ။

၄။ နှစ်သက်ချစ်ခင် မေတ္တာဝင်၍ ကျွမ်းကျင်သော မိတ်သင်္ဂဟဖြစ်သဖြင့် အတူတကွ စားသောက်နေထိုင် လုပ်ကိုင်သွားလာဘူးသော သီတင်းသုံးဖော် စသော အပေါင်းအသင်းများအတွက် ငဲ့ကွက်ကြောင့်ကြ၍နေခြင်းသည် ဂဏပလိဗောဓ။

၅။ ထိုထိုဝေယျာဝစ္စ အမှုငယ်၊ အမှုသစ် ရေလှူ ပန်းလှူ စသော ဝတ်နိဗဒ်များအတွက်၊ ဝိတက်ရှုပ်ထွေး၊ စိတ်မအေးသဖြင့် တရေးရေးကြံစည်တွေးဆ၍ ကြောင့်ကြနေခြင်းသည် ကမ္မပလိဗောဓ။

၆။ အဝေးအနီး ကိစ္စကြီးငယ်၊ အသွယ်သွယ် ကြောင့်မပြောင့်စိတ်ထား၊ လမ်းခရီးများသွားလာရန်၊မကောင်းရှင်းသဖြင့်-ကြောင့်ကြ၍ နေခြင်းသည် အဒ္ဓါန ပလိဗောဓ။

၇။ ဆရာတပည့်၊မိဘဘိုးဘွား၊ညီသားအကို၊ထိုထိုမောင်နှမ သားချင်းစသော ဆွေမျိုးများ အတွက် စိတ်လက် မအေးဘဲ တွေးတော ကြံဆ၍ ကြောင့်ကြနေခြင်းသည် ဉာတိပလိဗောဓ။

၈။ အနာ ရောဂါ ဝေဒနာ တို့ကြောင့် နေထိုင် စားသောက် မကောင်းခြင်း စသည်များအတွက်၊ စိတ်လက်ညှိုးနွမ်း၊ မချမ်းမသာ ဖြစ်၍ ကြောင့်ကြနေခြင်းသည် အာဗာဓပလိဗောဓ။

၉။ စာပေကျမ်းဂန် သင်အံ ပို့ချခြင်း၊ ကြည့်ရှုကြံစည်ခြင်း၊ရေးသားပြုစုခြင်း၊ဟောပြောသင်ကြားနေခြင်း၊ဘုရားပုထိုးရှိခိုးနေခြင်း၊ရွတ်ဖတ်သရဇ္ဈာယ်နေခြင်း၊စာပေးစာယူပြုလုပ်ခြင်း စသည်များအတွက် ငဲ့ကွက် ကြောင့်ကြနေခြင်းသည် ဂန္ထပလိဗောဓ။

၁၀။ ပုထုဇဉ် ပုဂ္ဂိုလ်တို့၌ ရရှိထားသော စျာန်အဘိညာဏ်တို့ဖြင့် မိုးပျံမြေလျှိုး, အမျိုးမျိုးဖန်ဆင်းခြင်းစသောတန်ခိုး ဣဒ္ဓိပါဒ်အတွက် ငဲ့ကွက် ကြောင့်ကြ နေခြင်းသည် ဣဒ္ဓိပလိဗောဓ....မည်၏။

ဤဆယ်ပါးသော ပလိဗောဓကြီး တို့ကို တရားအားထုတ်နေသည့်အတွင်း၌ စိမ်ပြုပြင်ခြင်း မရှိရအောင် ကြိုတင်ပယ်ရှင်းထားရမည်၊ ၎င်းဆယ်ပါးအနက် နောက်ဆုံး ဣဒ္ဓိပလိဗောဓမှာ ယခုခေတ်အခါ၌ ဖြစ်မြောက်ရန်ခဲယဉ်းသည်တကြောင်း၊ အကယ်၍ ဖြစ်မြောက်ခဲ့သော်လည်း, ဘုရားလက်ထက်တော်၌ပင်, ဝိပဿနာဘက်သို့ ပါဝင်အောင် ဆွဲငင်ပြုပြင်ရန် ငြိုငြင်ခက်ခဲလှသည်ကို ထောက်ဆ၍ ယခုခေတ်ကာလ၌ ဝိပဿနာ ပညာဘက်သို့ လိုက်ပါနိုင်ရန် မထင်မမြင်သည် တကြောင်း၊ ၎င်းပလိဗောဓသည်ကြွင်းကိုးပါးတို့ထက် ထင်ရှား သိသာလှသည် တကြောင်း၊ ဤသို့သော အကြောင်းများကြောင့် စိစစ်ဖွယ် မရှိတော့ပြီ။

ကြွင်းကိုးပါးတို့တွင်လည်း, အာဝါသ, ကမ္မ, အာဗာဓ, ဂန္ထ ဤလေးပါးသော ပလိဗောဓကြီးတို့သည်, မိမိတဦးတည်းနှင့်သာ များစွာ ဆက်ဆံသဖြင့် နောက်က ပြဆိုခဲ့သော အဓိပ္ပါယ်ကို အစဉ်မှီး၍ ပယ်ဖြတ် ရှင်းလင်းရန် နည်းလမ်း များမှာ, ထင်ရှား သိသာလောက်ပေ၏၊ ကျန် ကုလ, လာဘ, ဂဏ, အဒ္ဓါန, ဉာတိ ဟူသောပလိဗောဓ ငါးပါးမှာမူ-ရဟန်းတော်တို့အား၊ အနီးအဝေး, ဒကာ ဒကာမ, သီတင်း သုံးဖော် ဆွေမျိုးတို့ ပင့်ဖိတ် လှူဒါန်း၍ သွားရခြင်း, လာရောက်၍လက်ခံရခြင်း, လူတို့အားလည်း ထို့ အတူ ဖိတ်မန်ခြင်းပြု၍ သွားရခြင်း၊ လာရောက်သည်ဖြစ်၍ ဧည့်ခံရခြင်း များရှိတတ်သဖြင့် သူတပါးတို့နှင့် ဆက်ဆံရသည်များ၍ အနည်းငယ်ခဲယဉ်းစွာ ဖြစ်တတ်၏။

ထိုကြောင့် ထိုသူတို့နှင့် ဝေးကွာသောအရပ်များ၌သာ၍ သင့်လျော်ပေသည်၊ ၎င်းအရပ်မျိုးကို မရနိုင်ခဲ့သော်၊ တပါးသူတို့ လာသော်လည်း မတွေ့မဆုံနိုင်ရန်၊ စာများရောက်လာသော်လည်း မိမိကိုမပေးရန်၊ ဆိုခဲ့သော မိဘဘိုးဘွားစသည်တို့နှင့် စပ်သော အကောင်းအဆိုး အမျိုးမျိုးသော အကြောင်းတို့ကို မကြားမသိနိုင်စေရန် နေရာကျအောင် စီမံ၍ ထားရ၏၊ ဆရာထံမှာနေထိုင်အားထုတ်လျှင် ဆရာက ပြုလုပ်ပေးလိမ့်မည်၊ ဆရာမရှိလျှင် အတူအားထုတ်နေသော အပေါင်းအဖော်တို့ကို မှာထားရမည်၊ ယခုလိုမှာထား၍ ပြောရသောသူသည် အကြောင်းနှင့် တွေ့လို၍ လာသောသူအား စိတ် ကြေနပ်အောင် လှည့်ပတ်ပြောဆို တတ်ပါမှ မတွေ့မမြင် မကြားမသိရရှိနိုင်သည်၊ဘယ်လောက်ပင်ရင်းနှီးသောသူတို့၏ အလွန်အရေးကြီးသောကိစ္စ ဖြစ်စေကာမူ ဤအခါမှာ မကြားမသိရမှ ပလိဗောဓကင်းသည်၊ အစီအမံ မလုံခြုံလျှင် ကင်းရှင်းရန်ခဲယဉ်းသော နေရာဖြစ်၍ အထူးသတိပြုရသော အချက်စုပေတည်း။

တရားကို အတူတကွ အားထုတ် နေသော အပေါင်းအဖေါ်မှာ မိဘ ဘိုးဘွား စသည် ဖြစ်သော်လည်း ပလိဗောဓအရာ မဟုတ်ပေ၊ ထိုကဲ့သို့ တရားကို အားထုတ်နေရာ၌ အတူနေ အတူလုပ် မဟုတ်ခဲ့လျှင် မိဘ ဘိုးဘွား စသောသူတို့၏ ကောင်းဆိုးစသော အကြောင်းများကို ကြားသိရန် မဆိုထားဘိ၊တွေ့မြင်ခြင်းမျှပင် မရှိ လွတ်ကင်းမှ ပလိဗောဓ ရှင်းလင်းနိုင်ပေသည်။ ဤသို့ပလိဗောဓဖြတ်ရခြင်းသည် ကမ္မဋ္ဌာန်းကိုအားထုတ်နေသော အခါ၌သာ ပြုလုပ်ရသည်၊ တပါးသော အခါတို့၌ကား ဖြတ်ပယ်ရသည်မဟုတ်ပေ၊ ဤကား- ပလိဗောဓ (ကြောင့်ကြ) ကြီးဆယ်ပါးကို အမြွက်မျှ ပြဆိုချက်ပေတည်း။

**ပလိဗောဓငယ် ငါးပါးကား** ခုဒ္ဒက ပလိဗောဓ ပဉ္စွဒံ ကတွာ- စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ကြောင့်ကြငယ် ပလိဗောဓငါးပါးလည်းလာရှိသေး၏။ ။၎င်းငါးပါးတို့ကား—

၁။ ရှည်သော ဆံပင် မုတ်ဆိတ် လက်သဲ ခြေသဲ တို့ကို ပယ်အပ်၏။

၂။ ဆွေးမြေ့ စုတ်ပြတ်သော သင်္ကန်း အဝတ် စသည်များကို ခိုင်မြဲအောင် ဖါထေး စပ်ချုပ်ခြင်းကို ပြုအပ်၏။

၃။ ဟောင်းနွမ်း ညစ်ပေသော သင်္ကန်း အဝတ် စသည်များကို ဖွတ်လျှော် ထပ်ဆိုး လိပ်နယ် ခြင်းကို ပြုအပ်၏။

၄။ အညစ် အကြေး တင်သော သပိတ်များ ရှိလျှင်၊စင်ကြယ်အောင် မီးဖုတ်ခြင်း စသည်ကို ပြုအပ်၏။

၅။ အိပ်ရာ ခုတင် အင်းပျဉ် ညောင်စောင်း စသည်တို့ကို ပြုပြင်အပ်၏။

လူများမှာလည်း ခေါင်းဆေးလျှော်ခြင်းစသော အထက်ကဆိုခဲ့သည့် စပ်ဆိုင်ရာ ကြောင့်ကြဖွယ် အမှုငယ်များကို ပြုပြင်ထားအပ်၏၊ ဤဆိုခဲ့ပြီးသော ကြောင့်ကြငယ်တို့ကို ကမ္မဋ္ဌာန်း အလုပ်သို့မဝင်မီ စီမံပြုပြင်ထား၍ နောင်တဆဲ့ ငါးရက်,တလစသည် ရှိမှ ထပ်မံ ပြုပြင်ရသော်လည်း,ဝိပဿနာ အလုပ် မပျက်ရအောင်, ကမ္မဋ္ဌာန်းနှင့်တွဲဖက်၍ သွားနိုင်လောက်ပြီ၊ဤပလိဗောဓငယ်များမှာ ကမ္မဋ္ဌာန်း အာရုံကို နှလုံး သွင်း၍ လိုက်စဉ်ကို မရိပ်မိသေးမီ၊ ၅-ရက်,၇-ရက်,၁၀-ရက်စသည်ဖြင့် နေ့ရက်နုအတွင်းမှာ ကြောင့်ကြခြင်း မရှိစေရန်သာ, ရှေးဦးစွာ ပြုလုပ်ထားရသည်၊ ဝိပဿနာ

ရှုမှတ်သော လိုက်စဉ်ကို ရိပ်မိသောအခါ မခဲယဉ်းပေ။ သို့သော်- အချို့မှာ ၂-ရက်, ၃-ရက်နှင့်ပင် သဘော ကျတတ်ပါ၏၊ အချို့မှာ ၅-ရက်, ၇-ရက်, ၁၀-ရက် လခွဲ တလခန့်ရှိမှ သဘော ကျတတ်ပေသည်၊ တလထက် ပိုလွန်သူကား နည်းပါးလှပေ၏၊ စမ်းသတ်အားထုတ်ကြည့်လျှင် ထင်ရှား သိသာပေလိမ့်မည်။

ပလိဗောဓကြီးမှာ ကမ္မဋ္ဌာန်း အလုပ်မှ မထွက်သေးမီ အတွင်း၌ လွတ်ကင်းမှ သင့်လျော်သည်၊ လိုရင်းအချုပ်မှာ ဝိပဿနာ အလုပ်ကို အားထုတ်နေသည့်အတွင်း၊ ၎င်းအလုပ်ကိစ္စမှတပါး အခြားသောအလုပ် ကိစ္စများကို အာရုံမပြုဘဲ, တခုတည်းသာ, သဲသဲမဲမဲ စွဲမြဲလွယ်၍ တွင်ကျယ်ခြင်းငှါသာလျှင်ပြုလုပ်ထားရန်ဖြစ်လေသည်။ ။ဤကား- ကြောင့်ကြငယ်, ပလိဗောဓ ငါးပါး၏ အဓိပ္ပါယ် လိုရင်းဖြစ်သော အကျဉ်းစကားစုပေတည်း၊ ပလိဗောဓ အကြီး,အငယ်တို့ကို သိရှိရန် ပြဆိုချက်ပြီး၏။

**အသပ္ပါယ ခုနစ်ပါး** အသပ္ပါယ ဟူသည်,ဝိပဿနာ တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ် များနှင့် မလျောက်ပတ်သော နေရာ အဆောက်အဦး- စသည်ကိုဆို၏။ “အာဝါသော ဂေါစရော ဘဿံ” စသော ဂါထာအရ ထို မလျောက်ပတ် သော အသပ္ပါယတို့သည် ခုနစ်ပါး ရှိကုန်၏။ ၎င်းအသပ္ပါယခုနစ်ပါးတို့ကား—

၁။ အကြီး အငယ်, အနိမ့် အမြင့်, ပရိသတ်နှင့် အနီး အဝေး,အုတ်တိုက်,သစ်ဝါး,အုတ်ကြွတ် သွပ် သက်ငယ်,ဓနိမိုး- ဤသို့စသော အဆောက်အဦးတို့တွင်၊ သဘောမကျသော အဆောက်အဦးမျိုးသည် ဝိပဿနာအာရုံနှင့် ဆန့်ကျင်ဘက် ဖြစ်အောင်, စိတ်ဝိတက် ပြန့်ပွားတတ်သောကြောင့် အသပ္ပာယ အာဝါသ မည်၏။

၂။ ဆွမ်းခံသွားရာ လမ်းခရီး, မြို့ရွာ ရပ်ကွက် တို့တွင် ဝိပဿနာ၏ အန္တရာယ်များ၍ ပျက်ပြား လွယ်တတ်သော လမ်း ခရီး မြို့ရွာ ရပ်ကွက်မျိုးသည် အသပ္ပါယ ဂေါစရမည်၏။

၃။ ဝိပဿနာအလုပ်ရှိသောသူ့ သမထနှင့် စပ်သည်ကို ပြောဆိုရခြင်းစသော စကားမျိုးသည် အသပ္ပါယဘဿမည်၏။ ဤဘဿဟူသောအရာ၌ မလျော်ကပ်သော စကားကို ရှောင် ကြဉ်ရမည်ဟုဆို၏။ မဟာသတိပဋ္ဌာနသုတ်, သမ္ပဇညပဗ္ဗ-၌ ဘာ သိတေ-အရ၊ ပြောဆိုသည်ကိုသိရမည်ဆို၏။ ဤသို့ဆိုသော်လည်း ဝိပဿနာလုပ်ငန်းကို အဟုတ်အဟတ် အားထုတ်နေဆဲ အခါတွင် စကားပြောဆိုခြင်းကို လုံးလုံးရှောင်ကြဉ်မှသင့်ပေသည်။အဘယ် ကြောင့် ဆိုသော်၊ ဝိပဿနာတရား အားထုတ်သော အခါမှာ- တရား ဟောပြောခြင်းများသည်ပင် ပလိဗောဓကြီး ဆယ်ပါး၌ ပါဝင်လေသောကြောင့်တည်း။

၄။ စရိုက်နှလုံးသွင်း သဘောဆန္ဒချင်း မတူသောသူတို့ နှင့် အတူတကွ နီးကပ်ဆက်ဆံ၍ ပေါင်းသင်း နေထိုင်ရခြင်းမျိုး သည် အသပ္ပါယပုဂ္ဂလ မည်၏။

၅။ အချိုအချဉ်, အစပ်အငန်, အဖန်အခါး, စသော အာဟာရတို့တွင် အလိုမရှိသော အာဟာရမျိုးသည် အသပ္ပါယ ဘောဇန မည်၏။

၆။ ပူသောအရပ်, အေးသောအရပ် စသည်တို့တွင် မညီ မညွတ် မမျှတသော အရပ်ဒေသမျိုးသည် အသပ္ပါယဥတုမည်၏။

၇။ လျောင်း, ထိုင်, ရပ်, သွား-လေးပါးသော ဣရိယာ ပုထ်တို့တွင် စိတ်ကြည်လင်စွာနှင့် ကာလရှည်ကြာ မနေနိုင်သော ဣရိယာပုထ်မျိုးသည် အသပ္ပါယ ဣရိယာပထမည်၏။ ဤကား- အသပ္ပါယ(မလျော်ကပ်)ခုနစ်ပါးတို့တည်း။

ဆိုလိုရင်းမှာ-ကမ္မဋ္ဌာန်း အားထုတ်သောသူ၏ စရိုက်နှင့် မတိုက်ဆိုင်၍ ရောင့်ရဲတင်းတိမ်ခြင်း မဖြစ်သည်ကို အသပ္ပါယဟု မှတ်လေ။ ဤကဲ့သို့-အာသာမပြေ, စိတ်မကြေနပ် ရှိနေသောသူ အား၊ တရားအလုပ် ဆုတ်ယုတ်ဖင့်နွှေး, လေးကန်၍နေတတ်လေ သည်ကို၊ ထိုခုနစ်ပါးသော အသပ္ပါယတို့တွင်၊ဘောဇဉ်အာဟာရ မမျှတ-မလျော်ကပတ်၍ တရားလမ်း, တန့်ရပ် ရှည်ကြာနေသော အကြောင်းများကို အောက်ပါ-ဖော်ပြထားသော,ဝတ္ထုသာဓက သွားကို ထောက်ရှု၍ ကောင်းမွန် စွာ သိ ရှိ နား လည် သင့် ပေ သည်။

**သာဓက မာတိကာဝတ္ထု၊** ဘုရားလက်ထက်, ကောသလမင်းပိုင်နက်နယ်မြေ တခုသော တောင်ခြေတွင် မာတိကာမည်သော ရွာ၌-မာတိကာမည်သော ဥပါသိကာမကြီးတဦး ရှိလေ၏။ ထိုရွာကို ဂေါစရဂါမ်ပြု၍ ၎င်းရွာ တောင်ခြေ တော တန်းတွင် ရဟန်းခြောက်ကျိပ် သီတင်းသုံးပြီး, ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ်သော ဒွတ္တိံသ ကမ္မဋ္ဌာန်းကို ကြိုး ပမ်း အား ထုတ် လျက်,ဆွမ်းစားဇရပ်မှ-ထွက်ကြသော်၊ အပေါင်းအဖော် မရှိဘဲ, သစ်ပင်ရင်း,စမ်းမြောင်, တောင်ကြား စသည်တို့၌ တပါးစီသာ နေကြကုန်၏။ ထိုအခါ-မာတိကာ-ဥပါသိကာမကြီးသည် ပစ္စည်း လေးပါးဖြင့် ထောက်ပံ့ လှူဒါန်း၍ ခြောက်ကျိပ်သော ရဟန်းတို့ အား ခစားမပြတ်,ဆည်းကပ် ကိုးကွယ်နေ၏။

တနေ့သ၌ ညနေပိုင်းအချိန် ကျောင်းသို့လာရာ, တပါးစီ သာနေသော ရဟန်း များ ကို တွေ့မြင်လေသော် အချင်းချင်း မသင့်မတင့် ဖြစ်ကြသည်ထင်၍ လျှောက်ထားသောအခါ ရဟန်း တရားကိုအားထုတ်နေကြကြောင်း အမိန့်ရှိသဖြင့်၊လူဖြစ်သောသူ များလည်း အားထုတ်ရနိုင်ပါက- အလိုရှိပါသည်ဟု လျှောက်

ထားသည်အတွက် ဒွတ္တိံသကမ္မဋ္ဌာန်းကိုပင်, သင်ကြားပေးလိုက်၍ ၎င်းတရားကို မပြတ်အားထုတ်၍နေလေ၏။ ဤသို့အားထုတ်နေရာ၊ မာတိကာဥပါသိကာမကြီးသည် မကြာမီပင် အနာဂါမ်တည်၍ အဘိညာဏ် သမာပတ်များနှင့်တကွ ပြည့်စုံသဖြင့်, ရဟန်းခြောက်ကျိပ်တို့၏ စိတ်ကို အဘိညာဏ်ဖြင့်ကြည့်ရှုလေလျှင် ပုထုဇဉ်ချည်းပင်ဖြစ်နေကြောင်းကိုသိမြင်၍ ရှေးဦးစွာ အားထုတ်ကြပါလျက်, ဘယ်အတွက်မဂ်ဖိုလ်ကိုမရနိုင်ကြသနည်းဟုအကြောင်းကိုဆင်ခြင်ပြန်သော်၊ အချိုအချဉ် စသောအာဟာရတို့တွင် အလိုရှိသော အရသာကို မမှီဝဲရသဖြင့် ရှောင့်ရဲတင်းတိမ်ခြင်း မရှိကြ၍ အာသာမပြေသောကြောင့်၊ ရက်,လတာရှည် နေသည်ကို သိရှိတွေ့မြင်လေ၏။

ထိုအခါ- မာတိကာဥပါသိကာမကြီးသည် ရဟန်းတို့၏ စိတ်အကြံကို သိရန်အဘိညာဏ်ကို မကြာမကြာဝင်စား၍ အလိုရှိသော အစာအာဟာရများကိုသာ- လှူဒါန်း ဆက်ကပ်လေ၏။ ဤသို့တကာမကြီးပြုစုသော အလိုရှိရာ အစာအာဟာရများကို မှီဝဲသုံးဆောင်၍ တရားကိုအားထုတ်ကြသဖြင့်မကြာမီပင်,ရဟန်းကိစ္စပြီးမြောက်လျက် အားလုံးရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဤသာဓကဝတ္ထုသွားများကိုထောက်ထား၍တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြုစု လုပ်ကျွေးသော သူတို့အား အပ်စပ်လျှင် ပြောထားရ၏။ အပ်စပ်လျက်,အားနာဘက်၍ မပြောခဲ့သော်၊ ပြုစုလုပ်ကျွေးသောသူတို့က ပုဂ္ဂိုလ်စရိုက်နှစ်ခြိုက်သော အစာအာဟာရများကို သိအောင်ကြံဖန်၍ စီမံပြုပြင်ပေးရလေသည်။ "ဥတုဘောဇနံပိ ဥပနိဿယပစ္စယေန ပစ္စယော" ဟူ

သော ပဋ္ဌာန်းဒေသနာတော်၌ ဘောဇနံ ဟူသည်မှာ လည်း လျော်ကပ်ပတ်သော ဘောဇဉ်ကိုပင် ဆိုလိုသည်၊ ထိုလျော်ကပ်ပတ် သော ဘောဇဉ်သည် အရဟတ္တဖိုလ်အား ပကတူပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုနိုင်ပေသည်။ ပဋ္ဌာန်းဒေသနာကို လက်လှမ်းမမှီ လျှင် သင်္ဂြိုဟ်ပစ္စည်းပိုင်း ဥပနိဿယပစ္စည်းအခဏ်းကိုကြည့်ရှုလေ့ လာပါ၊ သို့အတွက် ဆိုခဲ့သည်- သက်သတ်, သက်လွတ်စားခြင်း ဟာ၊ လိုရင်းမဟုတ်ကြောင်းကို ကောင်းစွာပင် သိနိုင်လေသည်။

စင်စစ်မှာ-လိမ္မာပါးယားသော အလုပ်အကျွေးကောင်း များလိုလှ၏။ ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာ ဝိပဿနာ စခန်းများကို သွားရောက်လေ့လာ နမူနာယူသင့်၏။ ဆင်ကန်း တောတိုး-ကိုးရိုးကားယား စိတ်ထင်တိုင်း မလုပ်သင့်ချေ၊ ဤအ ချက်ကို တရားအားထုတ်သူ့ပြုစုလုပ်ကျွေးသူတို့ သတိဖြစ်ခဲတတ် သဖြင့် အခွင့်ရလျှင် နေရာတကျ ပြုလုပ်စေခြင်းငှာ မာတိကာ ဝတ္ထုကို အမြွက်မျှ တင်ပြလိုက်ပေသည်။ ဤကား, အသပ္ပါယ (မလျော်ကပ်ပတ်) ခုနစ်ပါးဝေဖန်ချက်တည်း။

**သပ္ပါယ ခုနစ်ပါး**

သပ္ပါယဟူသည်လည်း, ဆိုခဲ့ပြီးသော အသပ္ပါယမှ ဆန့်ကျင်ဘက်ပင်ဖြစ်သဖြင့် အသီးအခြား မလာမရှိ ချေ။ ထိုကြောင့်- "သပ္ပါယေသတ္တသေဝေတ" ဟူ သည်နှင့်အညီ၊ ဝိပဿနာ အားထုတ်သော ယောဂီပုဂ္ဂိုလ်နှင့် မလျော်ကပ်ပတ်သောနေရာ, အဆောက်အဦစသော ခုနစ်ပါးကို ပယ်ရှား၍ လျော်ကပ်ပတ်သောနေရာ အဆောက်အဦစသောခုနစ် ပါးကို မှီဝဲအသုံးပြုအပ်၏။ လိုရင်းမှာ ၎င်းခုနစ်ပါးကို မှီဝဲ၍ တရားအားထုတ်ရာ၌ ဝိပဿနာဉာဏ်ဆုတ်ယုတ်လျှင် အသပ္ပါယ ဖြစ်၏။ ဝိပဿနာဉာဏ် ရင့်သန်ကြီးပွားက သပ္ပါယ ဖြစ်၏။ အလုပ်တွင်သည်, မတွင်သည်သာလျှင် လိုရင်းပမာနပေတည်း။

အထူးမှာ–သပ္ပါယ ခုနစ်ပါးတွင် "ဘဿ" ဟူသော ပုဒ်အရ-လျောက်ပတ်သော စကားကိုဆိုရသည်ဟု အဓိပ္ပါယ်ရှိသော်လည်း အလိုအလျောက် ပြောဆိုနေရန်မဟုတ်၊ ၎င်းအလုပ်၌-စိတ်ဖြစ်ပုံ,ဉာဏ်ထင်မြင်ပုံများကို ဆရာကမေးသောအခါ ပြောကြားခြင်း၊ မိမိ၏စိတ်ဉာဏ်၌ အာရုံထူးလာ၍ မေးမြန်းခြင်းစသောမလွဲသာ၍ ပြောဆိုရသောအခါ၊ဝိပဿနာအလုပ် မလွတ်စေဘဲပြောကြားရမည်ကိုသာ "ဘဿသပ္ပါယ" ဟုဆို၏။ ဆိုလတံ့သော ဆယ်ပါးသော ကထာဝတ္ထုကိုမှီသောစကားသည်လည်း သပ္ပါယဘဿမည်၏။ တပါးသောအခါများ၌မူ ရတနာသုံးပါးနှင့်စပ်သော စကားပင်သော်လည်း အသပ္ပါယဖြစ်၍ အချင်းခပ်သိမ်းရှောင်ကြဉ်ရမည်။ မသင့်မလျောက်ပတ်သည်ကိုသာ ရှောင်ရှား၍ လျောက်ပတ်သည်များကို အားထားမှီဝဲရလေသည်။

၎င်းပြင် သပ္ပါယဘဿနှင့်စပ်၍ ဆယ်ပါးသော ကထာဝတ္ထုကိုလည်း သိရန်လိုအပ်သဖြင့် ဤနေရာဝယ် ဖော်ပြရန် သင့်လှပေ၏။ ဆယ်ပါးသော ကထာဝတ္ထုဟူသည်ကား။ ။၁–အလိုနည်းခြင်းနှင့်စပ်သော အပ္ပိစ္ဆတာစကား။ ၂-ရောင့်ရဲလွယ်ခြင်းနှင့်စပ်သော သန္တုဋ္ဌိစကား။ ၃-ကာယဝိဝေက စသော ဆိတ်ငြိမ်ခြင်းနှင့်စပ်သော ပဝိဝေကစကား။ ၄-ကာမဂုဏ်နှင့် မရောမယှက်သော အသံသဂ္ဂစကား။ ၅-လုံ့လအားထုတ်ခြင်း နှင့် စပ်သော ဝီရိယာရမ္ဘစကား။ ၆-သီလနှင့် စပ်သော သီလကထာ စကား။ ၇-သမာဓိနှင့်စပ်သော သမာဓိကထာစကား။ ၈-ပညာနှင့် စပ်သော ပညာကထာစကား။ ၉-အရဟတ္တဖိုလ်နှင့်စပ်သော ဝိမုတ္တိကထာစကား။ ၁၀-ပစ္စဝေက္ခနာဉာဏ်နှင့်စပ်သော ဝိမုတ္တိဉာဏဒဿနကထာစကား တို့တည်း။ ဤကထာ ဆယ်ပါး သည်ကား သပ္ပါယကထာ မည်၏။ ဤသပ္ပါယ ကထာ ကိုလည်း အတိုင်း

အရှည်ကိုသိလျက် ပြောကြားအပ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "တံပိမတ္တာယဘာသိတဗ္ဗံ" ဟု အရှင်ဗုဒ္ဓဃောသ ထေရ်ကျော်, မိန့်ဆိုတော်မူလေသည်။

သတိပြုရန်။ ။လူများမှာလည်း ဆိုင်ရာကိုထည့်သွင်း၍ ယူကြပါလေ။ အဓိပ္ပာယ်မှာ မထူးလှပေ။ သိမှတ်ရန်ကား-ပါဠိတော် စသည်တို့၌ ဘိက္ခဝေ, ဘိက္ခု ပါရှိသော်လည်း အောက်ကဖော်ပြခဲ့သည့် အတိုင်း ရဟန်း ကို သာ ဟော သည် မ မှတ် နှင့်၊ ဝိပဿနာကမ္မဋ္ဌာန်းအရာမှာ သာမဏေ, ရသေ့, ပရိဗိုဇ်, ဘိုးသူတော်, မယ်သီလတို့နှင့် လူဝတ်ကြောင်များကိုလည်း ဟောသည်ဖြစ်၍ ၎င်းသာမဏေ စသည် တို့လည်း ဘိက္ခုပင်မည်သည် ဟု မှတ်ကြလေ၊၎င်းပြင် သံသာရဋ္ဌိပတ္တာစိဝရဓာရဏောဆိုသဖြင့် ရဟန်းနှင့်သာဆိုင်သည်မမှတ်နှင့်၊ ဥက္ကဋ္ဌ ပဓာနနည်း အားဖြင့် ရဟန်းအသုံး အဆောင် ကိုသာ ပြသည်၊ ဆိုခဲ့သော, ဘိက္ခဝေ, ဘိက္ခုသဒ္ဒါများ၊ သာမဏေ စသည်ကို ဟောသကဲ့သို့ အသုံးအဆောင်နေရာ များ ၌လည်း မိမိဆိုင်ရာအသုံးအဆောင် များကို မိမိတို့အပြောအဆို အခေါ်အဝေါ် နှင့် နေသားတကျ သုံးစွဲ ရှုမှတ်ရလေသည်။ ဤကား သတိ ထား ရန် အချက် များ ပေတည်း။

ဤကား သပ္ပါယ(လျောက်ပတ်) ခုနစ်ပါး တို့တည်း။

ဤတွင် အသပ္ပါယ, သပ္ပါယ နှစ်ရပ်ကိုပြဆိုချက် ပြီး၏။

**ကမ္မဋ္ဌာန်းဆရာ အင်္ဂါ၇-ပါး**

ပိယဂရုဘာဝနီယ- စသော ခုနစ်ပါး သော ကလျာဏ မိတ္တ အင်္ဂါ တို့ မည် သည် သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါး၊ ဒါနဝေယျာဝစ္စ, အတ္ထစရိယ, သမာနတ္တတာ ဟူသော သင်္ဂဟတရားလေးပါး၊ ဤ ခုနစ်ပါးသော တရားတို့နှင့် ပြည့်စုံသော သူ၌သာ

လျှင် ရှိနိုင်ကုန်၏။ မပြည့်စုံသောသူ၌မရှိနိုင်၊ ဤသိက္ခာ, သင်္ဂဟ တရား တို့နှင့် ပြည့်စုံသော သူသည် ပိယဂရုဘာဝနီယ- စသော ကလျာဏမိတ္တအင်္ဂါနှင့်ပြည့်စုံလျက် မိမိသို ဆည်းကပ် မှီဝဲ လာကုန်သော အလုံးစုံသောသူတို့၏ ရဟန်းကိစ္စကို ပြီးဆုံးအောင်ပြု၍ ပေးအပ်သော ကလျာဏမိတ္တကောင်းကြီးဖြစ်၏။

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စာဋ္ဌာနေ နိယောဇယေ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ပိယော-သီလဖြူစင်၍, ချစ်ခင်အပ်သည့် ဂုဏ်ရှင်း၊ ဂရု-သမာဓိမတ္တိုင်, ကျောက်တိုင်အတူ, အလေးမူအပ်သည့် ဂုဏ်ရှင်း၊ ဘာဝနီယော-ပညာဉာဏ် အလိုက် ချီးမွမ်းထိုက်သည့် ဂုဏ်ရှင်း၊ ဝတ္တာစ-ကဲ့ရဲ့ပြစ်တင်, ဆိုဆုံးမချင်တတ်သည့် ဂုဏ်ရှင်း၊ ဝစနက္ခမော-သီတင်းသုံးဘော်, ဆုံးမသော်လည်း, မာန်မဟော် မစောင်း, ကောင်းကောင်းသီးခံခြင်းဂုဏ်ရှင်း၊ ဂမ္ဘီရဉ္စကထံ-ဗဟုသုတဂုဏ်, လွန်ပြည့်စုံသဖြင့်, သစ္စာလေးရပ်, ပဋိစ္စသမုပ္ပာဒ် စသည်နှင့် စပ်သော, နက်နဲသော တရားစကားကို၊ ကတ္တာ-ဟော ပြော တတ်သည်ရှင်း၊ ဟောတတ်-ဖြစ်၏။ အဋ္ဌာနေ-အကျိုးစီးပွား, မရှိရာများ၌၊ နော စနိယောဇယေ-တရံတခါတွင်မျှ, မယှဉ်စေတတ်။ ။

(အဋ္ဌကထာ၏ နိသျသွားအနက်။)

ဤသို့အဋ္ဌကထာလာ ကလျာဏမိတ္တ အင်္ဂါ ၇-ပါး နှင့် ပြည့်စုံသော ရဟန်း ရှင် လူ မှသာလျှင် ကမ္မဋ္ဌာန်းဆရာ ပြုလုပ်အပ်သည်ဟူလို။ ကျမ်းဂန် အထူးတတ်မြောက်ရန် မလို။ လောကပကာသနဂုဏ်များသည် လိုရင်းမဟုတ်၊ သို့ရာတွင် ထိုအင်္ဂါများနှင့် ပြည့်စုံ၍ ကျမ်းဂန်တတ်မြောက်သူဖြစ်ပါမူကား ဆိုဖွယ်မရှိ၊

စင်စစ်မှာဆိုခဲ့သည့်အတိုင်း ဝိပဿနာကျင့်စဉ်လမ်းကို ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြား ပြသနိုင်ခြင်းသည်သာ လိုရင်းပဓာန ဖြစ်သည်ဟု မှတ်ယူကြလေ။

**ပုဂ္ဂိုလ်လေးမျိုး နှိုင်းယှဉ်ပြချက်**

ဤနေရာ၌ အချက်ကျသဖြင့် မိုးနှင့် သရက်၊ အိုးနှင့်ကြွက် ဥပမာဖြင့် ဟောတော်မူအပ်သော ပုဂ္ဂိုလ်လေးမျိုး ကိုလည်း သိရန် လိုအပ်သဖြင့် အောက်ကညွှန်ထားခဲ့သည် အတိုင်း, ပုဂ္ဂလ ပညတ်ပါဠိတော်မှ ထုတ်ဖော်၍ပြလိုက်ပေဦးအံ့။ ။လောက၌ ၁-တွင်းကိုသာဖောက်၍ မအောင်းသောကြွက်တမျိုး။ ၂-အောင်းရုံသာ အောင်း၍ တွင်းမဖောက်သော ကြွက်တမျိုး။ ၃-တွင်းကိုလည်း မဖောက်, အောင်းလည်းမအောင်းသော ကြွက်တမျိုး။ ၄-တွင်းကိုလည်းဖောက်, အောင်းလည်း အောင်းသော ကြွက်တမျိုး။ ဤသို့ ကြွက်လေးမျိုးကိုဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်းကို ဘုရားဟောကြားတော်မူ၏။

ထို့အတူပင်လျှင် ၁-ချုံးသာချုံး၍ မရွာသောမိုးတမျိုး။ ၂-ရွာရုံသာ ရွာ၍ မချုံးသော မိုးတမျိုး။ ၃-ချုံးလည်း မချုံး ရွာလည်းမရွာသော မိုးတမျိုး။ ၄-ချုံးလည်းချုံး ရွာလည်း ရွာသော မိုးတမျိုး။ ဤသို့မိုးလေးမျိုးကို ဥပမာပြု၍ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း ကိုလည်း ဘုရား ဟောကြားတော် မူသေး၏။ (သရက်လေးမျိုး, အိုးလေးမျိုးတို့မှာလည်း အထက်နည်းကိုမှီ၍ သိကြလေ၊ အဆိုပါ ဥပမာနှစ်မျိုး၏ ဥပမေယျမှာလည်း ထင်ရှား သိသာလှသဖြင့် စပ်ယှဉ်၍မပြတော့ပြီ။)

၎င်းပြင် အထက်ကပြခဲ့သော ဥပမာစကားတို့၏ဥပမေယျ ထင်ရှားစေခြင်းငှာ ၁-ဗဟုဿုတ အကြား အမြင်သာ များ၍ အကျင့်တရား မရှိသော သုတယောက်။ ၂-ဗဟုဿုတ အကြား

အမြင်ပင် မရှိသော်လည်း အကျင့်တရားရှိသူ တယောက်။ ၃-ဗဟုဿုတ အကြား အမြင်လည်း မရှိ၊ အကျင့် တရား လည်း မရှိသူ တယောက်။ ၄-ဗဟုဿုတ အကြားအမြင်လည်း များ, အကျင့် တရားလည်းရှိသော သူတယောက် ဤပုဂ္ဂိုလ်လေးယောက်တို့၏ အကျိုးအပြစ်များကို မြတ်စွာဘုရား ဟောကြားဆုံးမတော်မူ၏။

အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊ တဿ သမ္ပဇ္ဇတေ သုတံ။

ယော-အကြင်သူ သည်၊ အပ္ပဿုတော-အကြား အမြင် နည်းပါးသည်၊ စေဟောတိ-အကယ်၍ ဖြစ်စေဦးတော့၊ သီလေသု-သီလစသော အကျင့်တရား တို့၌၊ သုသမာဟိတော- ကောင်းစွာလုံရန် ကျင့်ကြံသည် ဖြစ်အံ့၊ နံ-ထိုသူကို၊ သီလတော- သီလကြောင့်၊ပသံသန္တိ-ချီးမွမ်းကြကုန်၏၊တဿ-ထိုသူအား၊ သုတံ-အကြားအမြင်သည်၊သမ္ပဇ္ဇတေ-ပြည့်စုံသည်လည်း မည်၏။

ပုဂ္ဂိုလ်လေးမျိုးအတွက် လေးဂါထာ လာရှိရာ၊ ကျမ်းကျယ်အံ့စိုး၍ တဂါထာသာ တင်ပြလိုက်သည်၊ အလိုရှိက-ဝိသုဒ္ဓိမဂ်မှာယူလေ။

အဓိပ္ပါယ်ကား၊—ပထမပုဂ္ဂိုလ်သည် အကြားအမြင်များသော်လည်း အကျင့်တရားမရှိ၍ ကဲ့ရဲ့အပ်၏၊ထိုကြောင့်အကြားအမြင်လည်း ပြည့်စုံသည်မမည်။ ဒုတိယပုဂ္ဂိုလ်မှာ-အကြားအမြင် မရှိသော်လည်း-အကျင့်တရားရှိ၍ ချီးမွမ်းအပ်၏၊ အကြားအမြင်လည်း ပြည့်စုံသည်မည်၏၊တတိယပုဂ္ဂိုလ်သည် နှစ်ပါးစုံကဲ့ရဲ့အပ်၏။ စတုတ္ထပုဂ္ဂိုလ်မှာမူကား- နှစ်ပါးစုံ ချီးမွမ်းအပ်၏၊— ဤသို့စသည်ဖြင့် ကျယ်ဝန်းစွာ အဓိပ္ပာယ်လာ၏။ ။ကြွင်းသော ပထမ တတိယ စတုတ္ထ ပုဂ္ဂိုလ် သုံးယောက်တို့အား ဟောကြား

အပ်သော ဒေသနာမှာ ပြဆိုခဲ့သော အဓိပ္ပာယ်အတိုင်းပင် မှတ်ယူကြလေ။

**ကမ္မဋ္ဌာန်း ထိုင်ရန်ကျောင်းကိုပြခြင်း**

ဤပြဆိုအပ်ပြီးသော အင်္ဂါ ၇-ပါးနှင့်ပြည့်စုံသော ကလျာဏမိတ္တဆရာသည်၊ပေးအပ်သော ကမ္မဋ္ဌာန်းကိုယူ၍ ဆရာကျောင်း၌ပင်, သင့်တင့်လျောက်ပတ်သည်ဖြစ်အံ့၊ ထိုကျောင်း၌ပင် နေ၍ ကမ္မဋ္ဌာန်းကို ကြိုးပမ်းစီးဖြန်းအပ်၏၊ ထိုဆရာကျောင်း၌ သပ္ပါယ မဖြစ်လျှင် ဆရာကိုပန်ကြား၍ တဂါဝုတ်,ယူဇနာခွဲမျှ ကွာဝေးသော, သင့်လျော်ရာအရပ်သို့သွား၍ တဆဲ့ရှစ်ရပ်သောကျောင်း၏ အပြစ်မှ လွတ်ကင်း, ငါးပါးသော ကျောင်းအင်္ဂါနှင့် ပြည့်စုံခြင်းရှိသော,ကျောင်းမြတ်သို့ချဉ်းကပ်၍- လက်သဲလှီးခြင်းစသော ပလိဗောဓငယ်ငါးပါးကို ဖြတ်လျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏-ဟု ဟူရာ၌၊ တဆဲ့ရှစ်ရပ်သော ကျောင်းအပြစ် ဟူသော်ကား—

**မမှီဝဲအပ်သော ကျောင်း**

၁။ ကျောင်းကြီးလွန်းသည်လည်း တပါး။
၂။ ကျောင်းသစ်သည်လည်းတပါး။
၃။ ဆွေးမြေ့ပျက်စီးသော ကျောင်းဟောင်းလည်း တပါး။
၄။ ဆွမ်းခံ သွားရာလမ်းနှင့် နီးသော ကျောင်းလည်း တပါး။
၅။ ရေတွင်းရေကန်ထုံးအိုင်နီးသည်လည်းတပါး။
၆။ ဟင်းရွက်တော-နီးသော ကျောင်းလည်းတပါး။
၇။ ပန်းတော,နီးသော ကျောင်းလည်းတပါး။
၈။ သစ်သီးတော,နီးသောကျောင်းလည်းတပါး။

၉။ သူခပ်သိမ်းတို့မပြတ်စည်းဝေးသော ကျောင်းလည်း တပါး။
၁၀။ မြို့ပါးနီးသောကျောင်းလည်းတပါး။
၁၁။ ထင်း,ဝါးတောကို မှီသော ကျောင်းလည်းတပါး။
၁၂။ လယ်တောနီးသော ကျောင်းလည်းတပါး။
၁၃။ ရန်သူရဟန်းနေသော ကျောင်း။
၁၄။ ရေဆိပ်ကို မှီသောကျောင်း။
၁၅။ တိုင်းစွန်ပြည်နားကိုမှီသောကျောင်း။
၁၆။ မင်းဘေးနီးစပ်သော တိုင်းနှစ်ပါးတို့၏ အစပ်၌နေ သောကျောင်း။
၁၇။ မာတုဂါမ, ယက္ခဘေးဘျမ်း, လွန်စွာပြွမ်းသော ကျောင်း။
၁၈။ ကလျာဏ မိတ်ဆွေကောင်း, မရအပ်သော ကျောင်း။

ဤသို့အားဖြင့် တဆဲ့ရှစ်ရပ်သောကျောင်းတို့သည်ကား၊ ဘာဝနာနှင့် မသင့်လျော်ရကား၊ သားရဲဘီလူးပြွမ်းသော ဘေး ဘျမ်းရှိသော ခရီးလမ်းကဲ့သို့ ကမ္မဋ္ဌာန်းကိုစီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်တို့သည့် ဝေးစွာရှောင်ကွင်းရာ၏ဟု အဋ္ဌကထာ၌မိန့်တော် မူ၏။

**မှီဝဲအပ်သော ကျောင်း** "ကထဥ္စ ဘိက္ခဝေ သေနာသနံ ပဉ္စင်္ဂသမန္နာဂတံ ဟောတိ" စသည်ဖြင့်၊ တရားအားထုတ်သော ကျောင်းနေရာ အဆောက်အဦ၌ အင်္ဂါငါးပါး နှင့်ပြည့်စုံညီညွတ်ရမည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆို၏။ ။ ငါးပါးအင်္ဂါဟူသော်ကား–

၁။ ဆွမ်းခံရွာ မဝေးလွန်း မနီးလွန်းရှိခြင်း။

၂။ နေ့အခါ လူအဝင်အထွက်, ပရိသတ် မရောယှက် မထူမ်များ မရောပြွမ်း၍ ညအခါ ငယ်သော စကားပြောသံ, ကျယ်လောင်သော ကြွေးကြော်သံ မရှိ၊ နည်းပါးခြင်း။

၃။ မှက် ခြင် လေ နေ ပူ မြွေ ကင်း သစ် ကျား စသော ဘေးရန် နည်းပါးခြင်း။

၄။ ပစ္စည်းလေးပါးအတွက် မခက်ခဲ မငြိုငြင်ဘဲ ရောင့်ရဲမျှတနိုင်ရန် ရလွယ်ခြင်း။

၅။ ရုပ်နာမ်ဓမ္မ ပရမတ္ထ သဘာဝကို ကျနအောင်ဝေဖန်ခွဲခြမ်း၍ ဟောပြောပြသခြင်းငှာစွမ်းနိုင်သောဆရာရှိခြင်း။

ဤငါးပါးပင် ဖြစ်လေသည်။

အကျဉ်းမှတ်ရန်လင်္ကာ။ ။မဝေးမနီး, လူလည်းမရော, မပေါ မှက်ခြင်, လေးအင်ပစ္စည်း, ရလွယ်မှီး, မိတ်နီးကျောင်းငါးအင်။

မှတ်ချက်။ ။ထိုငါးပါးတို့တွင် ပထမ, ဒုတိယအင်္ဂါနှစ်ပါးမှာ-သမထအလုပ်နှင့်ပြည့်စုံမှ ဖြစ်နိုင်၏။ ဝိပဿနာ အလုပ်မှာ မြို့ရွာအတွင်း, လူပရိသတ်အကြားဖြစ်သော အိမ်ကျောင်း သင်ခန်းများမှာပင် အားထုတ်ရနိုင်သောကြောင့် မပြည့်စုံ သော်လည်း ဖြစ်နိုင်၏၊ သို့သော်- ပြည့်စုံပါလျှင်ကား, သာ၍ပင် သင့်လျော်၏၊ တတိယ, စတုတ္ထအင်္ဂါနှစ်ပါးမှာလည်း မခဲယဉ်းလှပေ၊ ဆရာအတွက် ဖြစ်သော ပဉ္စမအင်္ဂါ သာလျှင် လိုရင်း ဖြစ်လေသည်၊ (ဗုဒ္ဓ လက်ထက်တော်က- ဇေတဝန်, ဝေဠုဝန် စသော ကျောင်း များသည် အ ဆို ပါ- အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းများပင်ဖြစ်လေသည်။)

နံပါတ်-၅ အစီပွာယ်

ကမ္မဋ္ဌာန်းဆရာဟူသည် ရဟန္တာရှိခဲ့သော် ထိုရဟန္တာထံမှ အားထုတ်ရ၏။ ရဟန္တာကိုမရခဲ့သော် အနာဂါမ်, ၎င်းကိုမရခဲ့သော် သကဒါဂါမ်, ၎င်းကို မရခဲ့သော်သောတာပန်,၎င်းကိုမရခဲ့သော်ဆိုခဲ့သည့်အတိုင်း ဝိပဿနာလမ်းကို ဟုတ်မှန်သော ယထာဘူတ သဘာဝကို ကျနအောင်ညွှန်ပြနိုင်သော ပညာရှိထံ အားထုတ်ရ၏။ အောက်အောက်ဖြစ်သော ပုဂ္ဂိုလ်သည် အထက်အထက်ဖြစ်သော ပုဂ္ဂိုလ်ထံမှာလည်း အားထုတ်နိုင်၏။ ဤ ဆိုအပ်ခဲ့ပြီးသောပုဂ္ဂိုလ်များကို မရနိုင်ပါက ကျမ်းဂန်များကို ကြည့်ရှုလေ့လာ၍ မှန်ကန်သောနည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ရလေသည်။

လောက၌ အရပ်တပါးသို့ များစွာ သွားလာ ပေါက်ရောက်ဘူးသော ဒေသန္တရ ဗဟုဿုတပုဂ္ဂိုလ် ဖြစ်စေကာမူ ကိုယ်တိုင် တခါတခေါက်မှ မရောက်ဘူးသေးသော လမ်းခရီး ဖြစ်ခဲ့လျှင် မေးမြန်းလာသော သူတို့အား သိသာထင်ရှားအောင် ပိုင်းခြား၍ ပြောကြားခြင်းငှာ များစွာ ခဲယဉ်းတတ် ပေ၏။ အရပ်တပါးသို့ အရောက်အပေါက်နည်းပါးသူ ဖြစ်သော်လည်း တခါတခေါက် ကိုယ်တိုင်သွားရောက်ဘူးသော လမ်းခရီးများ၌ မေးမြန်းသော သူတို့အား သိသာထင်ရှားအောင် ပိုင်းခြား၍ ပြောခြင်းငှာ လွန်စွာပင်လွယ်ကူလေရာ၏။

ဤ ဥပမာ ကဲ့သို့ပင် ပရိယတ် ကျမ်းဂန်၌ ကျွမ်းကျင်၍ ဉာဏ်အမြင်စူးရှသော ဗဟုဿုတ ဂန္ထန္တရ ပုဂ္ဂိုလ်ကြီးပင် ဖြစ်စေကာမူ မိမိဉာဏ်၌ မထင်မြင်, မပေါက်ရောက်၊ နည်းလမ်းလောက်မျှကိုပင် မရဘူးသော ဝိပဿနာလုပ်ငန်းများကို မေးမြန်းခဲ့ပါလျှင် စမ်းတဝါးဝါး, ဉာဏ်ယောင်မှား၍ ရှေ့နောက် စကားမညီညွတ်ဘဲ ပရမတ်သဘောမှ လွတ်သော ပညတ်စကား မျှကို

သာ ပြောကြားမိတတ်လေသည်။ ပရိယတ်ကျမ်းဂန်ကို သင်အံလေ့ကျက်ခြင်း မရှိသော်လည်း မိမိဉာဏ်တွင် ထင်မြင် ပေါက်ရောက် နည်းလမ်းလောက်မျှကိုပင် ကြားနာရဘူးသော သူသည် ဝိပဿနာလုပ်ငန်းကို မေးမြန်းပါမူ ခွဲခြမ်း စိတ်ဖြာ၍ သေချာ ရှင်းလင်းစွာ သဘာဝဓမ္မကို ကျနအောင် ဟောပြောခြင်း ငှာ စွမ်းနိုင်လေ၏။

ထို့ကြောင့် အထက်ဆုံးဖြစ်သောရဟန္တာကိုမရမှ အောက်အောက်ဖြစ်သော ပုဂ္ဂိုလ်တို့နှင့် ကျမ်းဂန်သို့ သက်ရောက်အောင် ညွှန်ပြရပေသည်။ လူများ မှာလည်း အင်္ဂါ ငါးပါး ပြည့်စုံရန် နည်းလမ်း၌ ရဟန်းများနှင့် မထူးလှပေ။ဆိုင်ရာကိစ္စများကိုပြုလုပ်ရန် လွယ်ကူတော့သည်။ ။ဤကား-မှီဝဲ အပ်သော ကျောင်း အင်္ဂါငါးပါးကိုပြဆိုခြင်းတည်း။

**စာတတ်သူနဲ့ စာ မတတ်သူ**

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလား၍ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ပရိယတ္တိစာပေပညာကို သင်ကြား တတ်မြောက်၍ ဗဟုသုတများသော ယောဂီပုဂ္ဂိုလ်၊ ပရိယတ္တိစာပေ ပညာကို သင်ကြား တတ်မြောက်ခြင်းမရှိ၍ ဗဟုသုတနည်းပါးသော ယောဂီပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ကမ္မဋ္ဌာန်းခွင်သို့ ဝင်၍ အချိန်ကာလ တူမျှစွာ အားထုတ်ပါလျှင် ပညာဉာဏ်နည်းပါးသောသူသည် ပညာဉာဏ်ကြီးမားသော သူထက် မဂ်ဖိုလ်ကို အရလျင်မြန်၍ ပညာဉာဏ်ကြီးမား, ဗဟုသုတများပြားသော သူမှာ ပညာဉာဏ်နည်းပါးသောသူ အောက်, မဂ်ဖိုလ်ကို အရနောက်ကျ နှုန်နှေး၍ ရှည်ဝေးကြာမြင့်တတ်လေသည်။

ယုံကြည်ရန်သာဓကမှာ- အဂ္ဂသာဝက နှစ်ပါးတို့၏ ဝတ္ထုသွားဖြင့်ပင် ထင်ရှားသိသာ၏။ သိသာပုံမှာ- အရှင်သာရိပုတ္တရာ

မှာ ပညာဉာဏ်ကြီးမား၍ ဗဟုသုတ အကြား အမြင် များပြား ပြည့်စုံသော်လည်း ၁၅ရက်ကြာမှ ရဟန္တာဖြစ်၏။ အရှင်မောဂ္ဂလာန်မှာမူကား ပညာဉာဏ်ဗဟုသုတနည်းပါးစေကာ ၇ ရက်မျှဖြင့် ရဟန္တာဖြစ်သွား၏။ ထိုအရှင်မြတ် နှစ်ပါး တရားထူးရ၍ ရဟန်းကိစ္စပြီးဆုံးရာ၌ ဉာဏ်ပညာကြီးသူသာ ရှေ့ဦးစွာ ဖြစ်သင့်သည်ဟု ထင်မြင်ဘွယ်ရှိသော်လည်း အရှင်သာရိပုတ္တရာမှာ ဉာဏ်ပညာ ကြီးမားလှသောကြောင့် နောက်ကျသည်ဟု ဖြေဆိုထား၏။ ဤသို့ မဂ်ဖိုလ်အလုပ် ထမြောက်ရာ၌ ရှေ့ရောက်, နောက်ရောက်, အမြန်အနှေး ဖြစ်ပုံသဘောများကိုသာ ပြလိုရင်း ဖြစ်၍ ပညာကြီးမား, ကျေးဇူးများ, မများနှင့် မသက်ဆိုင်လှချေ။

ဤနေရာ၌ အဋ္ဌကထာရှင် ဥပမာပေးပုံမှာ- ရှင်ဘုရင်နှင့် ဆင်းရဲသား နှစ်ဦး ခရီးထွက်ရာဝယ် ဆင်းရဲသားမှာ ပြုလုပ်ရန်ကိစ္စ နည်းပါးသဖြင့် ခရီးထွက်လွယ်ကူ၍ ရှင်ဘုရင်မှာ မင်းခမ်းမင်းနားတို့ဖြင့် ပြင်ဆင်မှုများလှသောကြောင့် နှေးငံ့နှေးကြန့်ကြာ အချိန်မြင့်မှ ထွက်မြောက်နိုင်သည်ဟု ဖော်ပြထားလေသည်။ ထိုနည်းတူစွာ အရှင်မောဂ္ဂလာန်မှာ ဆင်းရဲသား ကဲ့သို့ ပညာနည်းပါးသဖြင့် ကြံစည်တွေးဆရန် မများလှသောကြောင့် လျင်မြန်စွာထမြောက်၍ အလုပ်ကိစ္စ ပေါက်ရောက် လွယ်ကူ၏။ အရှင်သာရိပုတ္တရာမှာ မူကား ရှင်ဘုရင် ကဲ့သို့ ပညာ ကြီးမားသဖြင့် ဉာဏ်အမြင်၌ နည်းလမ်းကျယ်ဝန်းစွာ များပြားလှသောကြောင့် နှေးငံ့နှေး ရှည်ကြာလျက် အလုပ်ကိစ္စ ပြီးမြောက်ပေါက်ရောက်ရန် နောက်ကျလေ၏ဟု လာရှိပေသည်။

တနည်း အသင့်ယုတ္တိမှာ လူနှစ်ယောက် အတူခရီးသွားကြရာ တယောက်မှာ ခရီးလမ်းရှိ ရွာတို့၌ အသိ မိတ်ဆွေ မရှိ၊ တယောက်၌ကား ရှိ၏။ ထိုနှစ်ယောက်တွင် မရှိသူမှာ ထွက်ဝင်

နားနေရန်ကိစ္စမရှိ၍ ခရီးတွင်ပြီး လိုရာခရီးသို့ အမြန်ရောက်၏။ ကျန်တယောက်မှာကား လမ်းခရီး၌ အသိမိတ်ဆွေများ အတွက် နှုတ်ဆက် ဝင်ထွက် နားနေခြင်းကိစ္စများသောကြောင့် အလိုရှိရာ မြို့ရွာသို့ အချိန်လွန်မှရောက်ရလေသည်။ ထို့အတူ ပညာ နည်းပါးသူသည် ဆရာပြောသည်အတိုင်း ဆင်ခြင် စည်းစားနေခြင်း မရှိဘဲ စွဲမြဲစွာအားထုတ်သွားသဖြင့် အလျင်အမြန်ပေါက်ရောက်နိုင်လေသည်။ ပညာကြီးမားသူ မှာကား, ဆရာ ပြောသည် အတိုင်း မနေဘဲ ဉာဏ်အမြင်၌ နည်းလမ်းကျယ်ဝန်း များပြားလှသောကြောင့် နေ့ရက်ရှည်စွာကာလကြာမြင့်မှ မဂ်ဖိုလ်သို့ပေါက်ရောက်ရလေသည်။

ထို့ပြင် ပရိယတ် ကျမ်းဂန် မတတ်ဘဲ ပဋိပတ် ဖြင့်သာ တရားပေါက်ရောက်သောသူသည် လူအ, အိပ်မက်သည်နှင့်တူ၏၊ ပရိယတ်ကျမ်းဂန် တတ်မြောက်၍ တရားပေါက်ရောက်သူ သည် လူကောင်းအိပ်မက်သည်နှင့်တူ၏။ လူအသည် အိပ်မက်၌ တွေ့မြင်သည်ကို မိမိကားသိ၏၊ သူတပါးကိုမူကား မပြောကြား တတ်ပေ။ ထို့အတူ ပရိယတ်ကို မသင်ကြားရဘဲ မဂ်ဖိုလ်သို့ ရောက်သောသူသည် မိမိဉာဏ်၌ကား သိမြင်၏။ သူတပါးနားလည်ရန် ပညတ်တင်၍မူကား မပြော မဟောတတ်ပေ၊ လူကောင်း သည် အိပ်မက်၌ တွေ့မြင်သည်ကို မိမိလည်းသိ၏ သူတပါးတို့အားလည်း ပြောကြားတတ်၏၊ ထိုအတူ ပရိယတ် သင်ကြား၍ မဂ်ဖိုလ်ပေါက်ရောက်သောသူသည် မိမိဉာဏ်၌လည်း သိမြင်၏။ သူတပါးတို့အားလည်း နားလည်စေရန် ပညတ်တင်၍ ဟောပြော တတ်လေသည်။ တနည်းလည်းစာပေကျမ်းဂန်မတတ်မြောက်ဘဲမဂ်ဖိုလ်သို့ ပေါက်ရောက်သူသည် ပစ္စေက ဗုဒ္ဓနှင့်တူ၏၊စာပေကျမ်းဂန်တတ်မြောက်

၍ မဂ်ဖိုလ်သို့ ပေါက်ရောက်သော သူသည်ကား သဗ္ဗညုဗုဒ္ဓနှင့်တူ၏၊ ဥပမေယျမှာ နောက်ကအတိုင်း စပ်ယှဉ်ယူလေ။

ဆိုခဲ့သည့် ဥပမာ၌ ယောဂီ ပုဂ္ဂိုလ် နှစ်ဦးသည် ခရီးသွားနှစ်ယောက်နှင့် တူ၏၊ ပရိယတ် ကျမ်းဂန် ပညာ နည်းပါးခြင်း, များပြားခြင်းသည် လမ်းခရီး၌ အသိမိတ်ဆွေ မရှိခြင်း, ရှိခြင်းနှင့် တူ၏၊ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်းသည်ခရီးသွားနှင့်တူ၏၊ အသိဉာဏ်၌ အမြင်နည်းခြင်း,များခြင်းသည်၊လမ်းခရီး၌နှုတ်ဆက်နားနေမှုမရှိခြင်း, ရှိခြင်းနှင့်တူ၏၊ မဂ်ဖိုလ်သို့ ရှေ့ရောက်ခြင်း, နောက်ရောက်ခြင်းသည် အလိုရှိသော မြို့ရွာသို့ စောစော ရောက်ခြင်း,အချိန်လွန်မှရောက်ခြင်းနှင့်တူ၏၊ ဤအတူ- အထက်တွင်ပြခဲ့သောဥပမာကိုလည်း ဥပမေယျဆောင်၍ သိကြပါလေ။

အထူးသိရန်မှာ ယခုဘော်ပြခဲ့သော အဋ္ဌကထာစကားနှင့် ဥပမာများကို ယေဘုယျအားဖြင့်သာမှတ်အပ်၏၊အပွကအားဖြင့် မူကား,ပညာဉာဏ် ကြီးမားသောသူတို့က ရှေ့ဦးစွာ တရားပေါက်ရောက်ခြင်းသည် အနည်းငယ်ရှိပေသေးသည်၊ ထိုစကားသည် မှန်၏၊ မြတ်စွာဘုရား ရှင်လက်ထက်တော်ကဇ၍ ယခုအခါသို့တိုင်အောင်မဂ်ဖိုလ်သို့ ပေါက်ရောက်ကြသော ရဟန်းရှင်လူတို့သည် စာပေပညာမတတ်သောသူတို့သာအလွန်များပြားကုန်၏၊ စာပေပညာ တတ်သော သူတို့မှာမူကား နည်းပါးလှကုန်၏၊ တထောင်တွင် တယောက်မျှမရှိနိုင်ပေရာ။အားထုတ်စမ်းကြည့်ပါလျှင်ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်သိရှိပါလိမ့်မည်။

သာဝတ္ထိမြို့မှာ လူဦးရေ ၇-ကုဋေရှိရာ အရိယာ ၅-ကုဋေရှိသည်၊ပုထုဇဉ်ကား ၂-ကုဋေမျှသာ၊ အရိယာ ၅-ကုဋေမှာလည်း အနာဂါမ်ချည်း ၃-သိန်း, ၅-သောင်း, ၇-ထောင် ရှိလေသည်၊လူဝတ်ကြောင်တို့သာတည်း၊ နာတိကာ- မည်သောရွာငယ်၌ ပင်,

အနာဂါမ် ၅-ကျိပ်ကျော် သကဒါဂါမ် ၉-ကျိပ်ကျော် သောတာပန် ၅ ရာကျော်ရှိ၏ ဟု ဟောကြားတော်မူ၏၊ ရာဇဂြိုဟ် ပြည်မှာ လူဦးရေ ၁၈-ကုဋေရှိရာ အရိယာ သက်သက် ၃-သိန်း ၅-သောင်း ရှိ၏၊ လူဝတ်ကြောင်များပင်တည်း၊ ထိုတွင် ၂-သိန်း ၄-သောင်း တို့မှာ သောတာပန်, သကဒါဂါမ်များဖြစ်ကုန်၏၊ကလျာဏပုထုဇဉ်တို့မှာ သင်္ချေသင်္ချာ လွန်မင်းစွာများပြားကုန်၏ဟု ဇနဝသဘသုတ်၌လာရှိ၏၊ ထိုမှတပါး ကာသိတိုင်း, ဝဇ္ဇီတိုင်း စသောတိုင်းကြီး ပြည်ကြီးများ၌လည်း အလွန်များပြားစွာ အကျွတ်တရား ရကြသည် ဟု ဘုရားဟောကြားတော်မူ၏။

ထိုကြောင့် – ယခုအခါ စာပေ ပညာ မတတ်သော သူတို့သည် အထက်ပါ ဖော်ပြခဲ့သော ဝတ္ထု သာဓက များနှင့် ဥပမာ ဥပမေယျ တို့ကို ယုံကြည်စွာ စိတ်ချ၍ နှစ်သက် အားရ ရွှင်လန်းကြလျက်ဗုဒ္ဓုပ္ပါဒနဝမခေတ်ဝယ်လူဖြစ်ကျိုးနပ်အောင်ဝိပဿနာကမ္မဋ္ဌာန်း တရားကို မနားမနေ အရအမိ များများကြီး အားထုတ်သင့်လှပေတော့သည်။ ။ဤကား စာတတ်သူ, စာမတတ်သူနှစ်ဦးတို့ ထူးခြားပုံကို ပြဆိုချက်ပေတည်း။

**ပဓာနိယင်္ဂ တရားငါးပါး**

ဝိပဿနာအလုပ် အားထုတ်ကြသောပုဂ္ဂိုလ်များမှာပဓာန(လိုရင်း)ငါးချက်နှင့် ပြည့်စုံမှ အရိယာဝိဇ္ဇာလမ်း ပေါက်အောင် အားထုတ် နိုင်ကြပေလိမ့်မည်၊ ၎င်းကို ပဥ္စင်္ဂုတ္တရ ပါဠိတော်၌ ပဓာနိယင်္ဂ တရားငါးပါး ခေါ်၏၊ ၎င်းငါးပါးတို့ကား၊ ၁-ဘုရား၌ယုံကြည်ခြင်း၊ ၂-ကျန်းမာခြင်း၊ ၃-စိတ်နှလုံးဖြောင့်စင်းခြင်း၊ ၄-ဝီရိယထက်သန်ခြင်း၊ ၅-ရုပ်နာမ် ခန္ဓာတို့၏ ခဏအစဉ်အတိုင်း အဆင့်ဆင့် ဖြစ်ပွါး ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးရှခြင်း တို့တည်း။ ဒီငါးချက်ဟာ ဝိပဿနာလုပ်ရာမှာ အရေးအကြီးဆုံး, လိုရင်းအကျဆုံး ဖြစ်တဲ့အတွက် ပဓာန

ငါးချက်လိုခေါ်သည်၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရိယာ ဝိဇ္ဇာလမ်းကို မျက်မှောက်သော ဘဝ၌ပင် ပေါက်ရောက် ထမြောက်နိုင်လေသည်၊ ၎င်းငါးပါး၏ အဓိပ္ပါယ်အကျယ်ကို ယခုဆိုလတံ့သည်အတိုင်း သိမှတ်အပ်ကုန်၏။

**၁-ဘုရား၌ ယုံကြည်ခြင်း** သဒ္ဓေါဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ (ပဉ္စင်္ဂုတ္တရပါဠိတော်)သဒ္ဓေါ-ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်၊ဟောတိ- ဖြစ်၏၊တထာဂတဿ- မြတ်စွာဘုရား၏၊ဗောဓိံ- အဟုတ်အမှန် ထိုးထွင်းသိမြင်သော သဗ္ဗညုတဉာဏ်တော်ကို၊သဒ္ဒဟတိ-ယုံကြည်၏။ ။၁-နံပါတ် ပထမ အင်္ဂါအဓိပ္ပာယ်မှာ ဘုရား တရား သံဃာ ဟူသော ရတနာ သုံးပါး၏ ကျေးဇူးဂုဏ်ကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံရမည် ဆို၏၊ ၎င်းအင်္ဂါ၌ ရတနာသုံးပါး ဟုဆိုသဖြင့် မိမိဆည်းကပ်သော ကမ္မဋ္ဌာန်း ဆရာနှင့် မိမိ အားထုတ်သော တရားသည်လည်း ပါဝင်လေတော့၏၊ တရားအားထုတ်ရာ၌ ဤအချက်သည်လိုရင်းပေတည်း၊အဘယ်ကြောင့်ဆိုသော်၊လောက၌ ကာယသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုး အင်းအိုင် ခါးလှဲလက်ဖွဲ့ စသော အတတ်မျိုး, ဂါထာမန္တရား ဆေးဝါး စသော အတတ်မျိုးများ၌ပင်လျှင်,ယုံကြည်သောစိတ်မရှိပါမူ,ပြီးစီးထမြောက်လိုသောစိတ်ဓာတ် ပျော့ညံ့နေ၍ အားထုတ်သော လုံ့လပယောဂလည်း မထက်သန်သဖြင့်မှန်ကန်သောနည်းအတိုင်း,အစီအမံကျေးငင်းသော်လည်း အကျိုးမပြီးစီးဘဲ, အချည်းနှီး ဖြစ်တတ်လေသည်။

ထို့အတူမိမိအားထုတ်သောတရားနည်းလမ်းကိုမယုံကြည်ပါလျှင် ညွှန်ပြသောဆရာက ယထာဘူတ သဘာဝ ကျနစ်ဖြောင့်မှန်သောတရားနည်းလမ်းကိုပင်,ပြနိုင်စေကာမူလုံ့လပယောဂနှင့်

စိတ်ခေတ် ညံ့ဖျင်း, ဝိစိကိစ္ဆာ မကင်းရှင်းသဖြင့် အောင်မြင်ထမြောက်ပေါက်ရောက်ခြင်း မဖြစ်နိုင်ပေ၊ ကျမ်းဂန်များ၌ ရတနာသုံးပါးယုံကြည်မှုကို ပြဆိုရာ မယုံကြည်သောသူများမှာ တရားကိုပင် အားထုတ်မည်မဟုတ်ပေ။ ရတနာသုံးပါးကိုယုံကြည်၍ တရားအားထုတ်သော်လည်း ကမ္မဋ္ဌာန်း ဆရာနှင့် မိမိ အားထုတ်သော ကမ္မဋ္ဌာန်းတရားနည်းလမ်းများကိုပင် မယုံကြည်ရှိတတ်လေသည်။

ရတနာသုံးပါးကို ယုံကြည်သော သရဏဂုံမှုသည် ကိုယ်တိုင်"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ" စသည်ဖြင့် ခံယူဆောက်တည်သည် ဖြစ်စေ, ဗေဒါ မင်းသား ပဋိသန္ဓေနေစဉ် မိခင်ဖြစ်သူက ဝမ်းထဲ၌ရှိသော သူငယ် အတွက်ဟု မှန်းဆ၍ အပိုအမို ခံယူဆောက်တည်သည်ဖြစ်စေ, ပြီးစီး နိုင်သဖြင့် ဤအယူကို မစွန့်သမျှ မိရိုးဖလာ ဓမ္မတာ သဘော ကဲ့သို့ ဖြစ်၍ ပျက်စီးခြင်းမရှိ၊ နောက်ထပ် ခံယူဆောက်တည်ခြင်းမရှိသော်လည်းအမြဲတည်ရှိလေသည်။ (အကျယ်ဗုဒ္ဓဘာသာဂုဏ်ရည်၌ကျနိုပ်ရေးသားခဲ့ဘူးပြီ,ကြည့်ရှုကြလေ)

ဤကဲ့သို့ သရဏဂုံတည်သော ဗုဒ္ဓဘာသာဖြစ်၍ ရဟန်းသာမဏေပြုလုပ်ခြင်း, ကျောင်းဒကာ ကျောင်းအမ ပြုလုပ်ခြင်း၊ စသည်ဖြစ်ပါသော်လည်း, ကမ္မဋ္ဌာန်းအရာ၌မူ-အချို့မှာအားထုတ်ရပုံအစီအစဉ်နည်းလမ်းများကို ကြားသောအခါ၊ မိမိရှေ့ကကြားဘူး မှတ်ဘူးနည်းယူ၍ သဘောကျဘူးသည်များနှင့် ခြားနားနေလျှင် တရားလမ်းကပင် ဟုတ်မှန်သော်လည်း၊ ဝိတက်အကြံအစည်များ ဝင်ရောက်နှောင့်ယှက်၍ သို့လော, သို့လောတွေးတော ယုံမှားခြင်း, ဝိစိကိစ္ဆာဘက်သို့ ယိုင်လဲကာသွားတတ်၏။ အချို့မှာ အားထုတ်၍ အတော်အတန် ကမ္မဋ္ဌာန်းအာရုံကို အမြင်သန်သော အခါ၌ပင်, တမျိုးတမည်ကို ဆင်ခြင်ကြံစည်၍ စိတ်မတည်တန့်နိုင်ဘဲ၊ ချော်လွဲမှားယွင်းသော အတွေးအထင်တို့ဝင်ရောက်ဖျက်

ဆီးသဖြင့် တရားနည်းလမ်း၌ ယုံမှားသံသယ စိတ်ဒွိဟ ဖြစ်လာတတ်၏။

ဤသို့ဖြစ်သော်လည်း ရတနာ သုံးပါးအား ယုံကြည်မှု သရဏဂုမ်မှာ မပျက်စီးဘဲ ပြည့်စုံလျက်ပင်,တည်ရှိလေသည်၊ရတနာသုံးပါးကို ယုံကြည်၍ဆည်းကပ်သူဖြစ်လျက်, ကမ္မဋ္ဌာန်းဆရာနှင့်အားထုတ်သော တရားကို ယုံကြည်ပါမှ,ရတနာသုံးပါးကို ယုံကြည်ရမည်ဆိုသော ကျမ်းစကားသည်လည်း, တပါတည်းပါဝင်ပြီးစီးလေတော့သည်။ ထို့ကြောင့် ပထမအင်္ဂါအရ- တရားအားထုတ်သောအရာ၌ ကမ္မဋ္ဌာန်းဆရာနှင့်မိမိအားထုတ်သောတရားကို ယုံကြည်မှုသည် အရေးတကြီး လိုရင်းဖြစ်သည်ဟု ဆိုခဲ့ပေသည်။ ဤအချက်စုကို သတိပြုစည်းစားဆင်ခြင်ပါလျှင်၊ များစွာပင်-ပေါ်လွင် ထင်ရှား၍လာပေလိမ့်မည်၊ ယခုအခါထိုမျှထိ အရေးကြီးလှသော သဒ္ဓါတရားကို ဗုဒ္ဓဘာသာဝင်သူတိုင်း မှန်ကန်စွာ သိရှိထားရန် လိုအပ်သဖြင့်- ဤနေရာ၌အသေးစိတ်, ဆက်လက်ဖော်ပြလိုက်ပေအံ့။

**သဒ္ဓါတရား လေးမျိုး** ဧင်းပြင်-ထိုသဒ္ဓါတရားကလည်း ၁-အဓိဂမသဒ္ဓါ၊ ၂-အာဂမသဒ္ဓါ၊ ၃-ဩကပ္ပနသဒ္ဓါ၊ ၄-ပသန္နသဒ္ဓါ-ဟူ၍ လေးမျိုးရှိ၏၊ ထိုတွင် ၁-နံပါတ် သဒ္ဓါတရားမျိုးကို ပုဂ္ဂိုလ်တိုင်းမရနိုင်၊ ဘုရား ပစ္စေကဗုဒ္ဓါ-စသော အရိယာပုဂ္ဂိုလ်မျိုးမှ ရနိုင်သည်၊ ထိုသဒ္ဓါရရှိသော ပုဂ္ဂိုလ်မျိုးက နိဗ္ဗာန်ထိအောင် ဘယ်အခါမှ မပျက်တော့ဘူး။ ၂-နံပါတ်သဒ္ဓါတရားမျိုးကလည်း ပုဂ္ဂိုလ်တိုင်းမရနိုင်ဘူး၊နိယတဗျာဒိတ်ရပြီးသော ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း, ရဟန္တာ အလောင်းများသာ ရနိုင်သည်၊ ဖြစ်လေရာရာ ဘဝတိုင်းမှာပင်, ဘယ်တော့မှ မပျက်တော့ဘူး၊ အယုတ်ဆုံး တိရစ္ဆာန်ဘဝ ရောက်နေစေကာင်, သဒ္ဓါ

ယုံကြည်ခြင်း မပျက်တော့ဘူး၊ ၃-နံပါတ်နှင့် ၄-နံပါတ် သဒ္ဓါတရားကတော့- ပုထုဇန်ပုဂ္ဂိုလ်များ ရနိုင်သော သဒ္ဓါတရားဘဲဖြစ်တယ်၊ ထူးခြားပုံကတော့- သမ္ပယုတ်နှင့်ဝိပ္ပယုတ်ဘဲကွာခြားတယ်၊ ဩကပ္ပနသဒ္ဓါက သမ္ပယုတ်သဒ္ဓါ ဉာဏ်နှင့်ယှဉ်တယ်၊ ပသန္နသဒ္ဓါက ဝိပ္ပယုတ်သဒ္ဓါ၊ ဉာဏ်နှင့်မယှဉ်ဘူး။ ဩကပ္ပနသဒ္ဓါက ယခုဘဝမှာ မပျက်နိုင်တော့ဘူး၊ မြဲတယ်၊ ပသန္နသဒ္ဓါက မမြဲဘူး၊ ဖွဲ့ပုံပေါ်မှာ စိုက်ထားသည့် ဒုတ်နှင့်တူတယ်၊ ခွေးတိုးလဲ၊ လူတိုးလဲ၊ မခိုင်ဘူး၊ ပသန္နသဒ္ဓါက ဗုဒ္ဓဘာသာမှန်ရင် လူတိုင်းလိုဘဲရှိတယ်၊ ဩကပ္ပနသဒ္ဓါကတော့ လူတိုင်းမှာမရှိဘူး၊ ယခုဘုရားသာသနာမှာ ဩကပ္ပနသဒ္ဓါမျိုးရမှ လူဖြစ်ကျိုးနပ်မယ်၊ သို့အတွက် ဩကပ္ပန သဒ္ဓါမျိုးရအောင် ကြိုးစားရမယ်။ ယခုလို မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း၊ ကိုယ်တိုင်သိသော ပုဂ္ဂိုလ်ဟာ၊ ဘယ်သူကလာဖျက်ဖျက်၊ မပျက်တော့ဘူး၊ ဒါကိုပင် ဉာဏ်နှင့် ယှဉ်သည်အတွက် ဩကပ္ပန၊ သမ္ပယုတ်သဒ္ဓါ ခေါ်သည် မှတ်ကြလေ။ ။
ဤကား-ပထမ အင်္ဂါ၏ အဓိပ္ပါယ်တည်း။

**၂- ကိုယ်ခန္ဓာ ကျန်းမာခြင်း**

အပ္ပာဗာဓော ဟောတိ၊ အပ္ပာတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ၊ (အင်္ဂုတ္တိုရ်)အပ္ပာဗာဓော- အနာကင်းသည်၊ အပ္ပါတင်္ကော-ရောဂါကင်းသည်၊ ဟောတိ-ဖြစ်၏၊ နာတိသီတာယ- အလွန်မအေးလွန်းသော၊ နစ္စုဏှာယ-အလွန်မပူလွန်းသော၊ မဇ္ဈိမာယ- အခါခပ်သိမ်း မျှတညီညွတ်သော၊ ပဓာနက္ခမာယ- ဝိပဿနာကမ္မဋ္ဌာန်းထွက်ရပ်လမ်းကို၊ ကြိုးပမ်းအားထုတ်၊ တွင်တွင်လုပ်ခြင်းငှါ ခန့်ကျန်းသန်မာနိုင်သော၊ သမဝေပါကိနိယာ- မျိုမျိုသမျှ အာဟာရတို့ကို၊ အညီအညွတ် ကြေညက်စေခြင်းငှါ စွမ်းနိုင်သော၊ ဂဟ

ဏိယာ-ပါစကခေါတ်မီးနှင့်၊ သမန္တာဂတော-ပြည့်စုံ၏။ ။၂-နံပါတ် ဒုတိယအင်္ဂါအဓိပ္ပာယ်မှာ၊ ကျမ္မာခြင်းဟူသည်အားလုံးသိကြသည်အတိုင်း၊ အနာရောဂါဝေဒနာကပ်ရောက်သူမှာ တရားကို အားမထုတ်နိုင်၊ ရောဂါဝေဒနာ လွတ်ကင်း၍ တရားအားထုတ်မှုပေါက်ရောက်နိုင်ကြောင်းမှာ့ ထင်ရှားလှသဖြင့်အဓိပ္ပာယ်လွယ်ကူပါ၏။ သို့သော်-ယခုဝိပ္ပတ္တိ ခေတ်ကာလအတွင်း၌ ဤကျမ္မာခြင်း ဒုတိယအင်္ဂါနှင့်ပြည့်စုံနိုင်ခဲတယ်၊ ယခုလူများ ပကတိဝမ်းမီးသည်၊ ကောက်ရိုးမီးပမာ့ လောင်ကျွမ်း တောက်လောင်လွယ်သည့်အတွက်- မကျမ္မာမှု အိုမှု နာမှု သေမှုကလည်း လွယ်တယ်၊ အရပ်ဒေသကိုရွေးရ့အစာအာဟာရကိုရွေးရ့ရေမြေ ဥတုကိုရွေးရ့ လုံ့လပယောဂမှုကို တိုင်းထွာရ့ ညှာတာကြရတယ်၊ ဤပါစကခေါတ်မီး မညီမျှ မပြည့်စုံသည် အတွက်ကြောင့်၊ ရူပကာယခန္ဓာ မကြည်လင်ခြင်း့ များရတယ်၊ရူပကာယခန္ဓာမကြည်လင်သည်အတွက်- စိတ်မကြည့် ဉာဏ်မကြည်ရှိကြတယ်၊ မဇ္ဈိမခေါတ်မီးနှင့် ပြည့်စုံသောသူမှသာ၊ အရပ်ဒေသ့ ရွေးချယ်ဖွယ်မရှိ၊ အစားအစာကို ရွေးချယ်စရာမလို၊ ဥတုရေမြေတို့ကို ရွေးချယ်စရာမလိုဘူး၊ မအီမသာရောဂါ ဥပဒ် ဖြစ်လောက်အောင် ထကြွသောင်းကျန်းမှု့ ယုတ်ညံ့နှောင့်ယှက်မှု မရှိဘူး၊ အခါခပ်သိမ်းညီညွတ်မျှတပြီး့ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင်စောင့်ရှောက်သော ပါစကခေါတ်မီးပေတည်း။

ဇင်းခေါတ်မီးမျိုးကို သမ္ပတ္တိခေတ်ကာလနှင့်တွေ့ကြုံသောအခါမှသာ ရကောင်းတယ်၊ ဝိပ္ပတ္တိခေတ်ကာလမျိုးမှာ အလွန်ရခဲတယ်၊ ရွေးဘုန်းရွေးကံရှိလို့ ဆေးဝါးခေတ်စာ အကောင်းအမွန်ရှိမှသာ ညီညွတ်နိုင်မယ်။ ။"သက္ကတော ဇရာယ ပဋိကမ္မံ ကာတုံ (နေတ္တိပါဠိ) အိုခြင်းတရားကို မအိုရအောင် ကြံဆောင်တားမြစ်

မှုကို ပြုစွမ်းနိုင်ကောင်း၏-ဟူသော ပါဠိတော်၌မအိုအောင်တတ်နိုင်လျှင် မနာရအောင် တတ်နိုင်ကောင်း၏ ဟူသော အနက်သည် တချက်တည်း ပါနေတော့၏။ "ရသာယနဘေသဇ္ဇံ ပန သုစိရံပိ ကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကောတိယေဝ" (မဟာဋီကာ)ရသာယန ဆေးမျိုးကား အနှစ်တရာတမ်းမှာ၊ ငါးရာတထောင်မက, နှစ်ကာလပတ်လုံးလည်း အသက်ကို တည်စေခြင်းငှါ စွမ်းနိုင်ကောင်း၏။ ဤရသာယနဆေးမျိုးကို ယခုခေတ်အသက်ရှည်စေတတ်သော အာယုဝဍ္ဎနဓာတ်ဆေးမျိုးဟု မြန်မာတို့ခေါ်ဆိုကြတယ်၊ ရှေးဘုန်းရှေးကံပင် နည်းသော်လည်းဉာဏ်စွမ်းဝီရိယစွမ်းရှိလှ၍ ဤရသာယနဆေးမျိုးနှင့် မိမိရုပကာယခန္ဓာကိုယ်ရုပ်ပြောင်းသွားအောင်, တတ်စွမ်းနိုင်ပါမူကား-တရာတမ်း၌ပင်၊ ငါးရာတထောင်မကနေရသော သဘောနည်းလမ်း အမှန်ဖြစ်တယ်။

အဘိဝါဒနသီလိဿ, နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဤဂါထာကား-အာယုဝဍ္ဎနသတိုးသားအားဘုရားသခင်ဟောတော်မူသော အာယုဝဍ္ဎန (သက်ရှည်)ဆေးတော်ကြီး ဖြစ်လေသည်။ ဤဆေးတော်ကြီးကို အမြဲမှီဝဲရမယ်၊ ပူဇော်ထိုက်သူ, ရိုသေထိုက်သူ-ရတနာသုံးပါး ဆရာမိဘ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ ပုဂ္ဂိုလ်တို့အား၊ အမြဲလေးစားရိုသေသော ပုဂ္ဂိုလ်များ၊ဘေးရန်ကင်းရှင်းအသက်ရှည်ခြင်းဖြင့်-တရားတော်ကိုလေးစားစွာအားထုတ်နိုင်ကြမယ်။ ကိုယ်စိတ်နှစ်ဖြာ-မချမ်းသာက-အားမထုတ်နိုင်၊ စင်စစ်မှာတရားအားထုတ်မှသာမဟုတ်၊ အားမထုတ်သူများလည်း "အရောဂျံ ပရမံ လာဘံ" အရလိုက်နာကြိုးစားအပ်တော့သည်၊ယခုအခါ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်းသည် လွန်စွာပင်သဘာဝကျ၍

သင့်လျော်လှပေသည်။ ထိုကြောင့် ကျမ္မာခြင်း ပဓာနနှင့်လည်း ပြည့်စုံရန်လိုပေသည်။ ။ဤကား- ဒုတိယအင်္ဂါ၏ အဓိပ္ပာယ်တည်း။

**၃-စိတ်နှလုံး ဖြောင့်စင်းခြင်း** အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝီကတ္တာ သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မစာရီသု။ (အင်္ဂုတ္တိုရ်)အသဌော-မကောက်ကျစ် မစဉ်းလဲသည်၊ အမာယာဝီ မလိမ်လည်, မလှည့်ပတ် သည်၊ ဟောတိ- ဖြစ်၏။ သတ္ထရိဝါ- မြတ်စွာဘုရား၌၎င်း၊ ဝိညူသု-တရားကျွမ်းဂန့်,သဘောဉာဏ်၌, မိမိထက် အမြင်သန်ကုန်သော၊ သဗြဟ္မစာရီသုဝါ-အတူနေ သီတင်းသုံးဘော်တို့၌၎င်း၊ အတ္တာနံ-မိမိကိုယ်ကို၊ အာဝီကတ္တာ-ထင်စွာပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။ ၃-နံပါတ် တတိယအင်္ဂါအဓိပ္ပါယ်မှာ-စိတ်နှလုံးဖြောင့်စင်းခြင်းဟူသည် မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာ, အတူ တရားအားထုတ်သောအပေါင်းအဖော်တို့၌ လိမ်လည် လှည့် ပတ် ခြင်း, ကောက်ကျစ်စဉ်းလဲခြင်းမရှိဘဲ, ဖြောင့်မတ်ဖြူစင်သော စိတ်သဘောထားရှိစေရမည်ဆို၏။ ကမ္မဋ္ဌာန်းအားထုတ်သောသူသည် မိမိတို့ဉာဏ်၌ ထင်မြင် တွေ့ရှိ သည် အတိုင်း အဖြောင့် အမှန် ပြော ကြား မှု၊ ကမ္မဋ္ဌာန်းဆရာပြုလုပ်သောပုဂ္ဂိုလ်က-ဒေသနာနှင့်တိုက်ဆိုင်ကြည့်ရှု၍ ကိုက်ညီသော် ဘယ်ဉာဏ် ဘယ်အခြေ ရောက်ရှိကြောင်းကို ဆင်ခြင်၍ သိမြင်နိုင်၏။

ဤကဲ့သို့ သိမြင်မှ အာရုံ၏ ထင်ပုံ၊ ရှုပ်ထွေးသည်, သန့်ရှင်းသည် စိတ်ဖြစ်ပုံ၌ သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့်ဝီရိယတို့၏ညီမျှသည်, ဆုတ်ယုတ်သည်,ပိုလွန်သည်များကို ချင့်ချိန်၍ ယုတ်လျော့ပျော့ညံ့ ထိုင်းမှိုင်းလေးကန်သည်ကို, တက်ကြွရှင်လန်းလာစေရန်

လွန်ကဲပိုမိုနေသည်ကို ဆုတ်နစ်၍ ညီညွတ်မျှတသွားစေရန် ညီမျှနေသောဉာဏ်ကို အထက်သို့ တက်သွားစေရန် ဖြောင့်မှန်အောင် ပြုပြင်၍ နည်းလမ်းကို ညွှန်ပြဟောပြော တတ်လေသည်။ အချို့မှာ-မထင်ဘဲ အထင်၊ မမြင်ဘဲ အမြင်လုပ်၍ ပြောတတ်၏။ အချို့မှာ ကြားနာမှတ်သားဘူးသည်ကိုပင် ဉာဏ်အမြင်ပြုလုပ်၍ ပြောဆိုတတ်ကြလေသည်။ မိမိစိတ်သန္တာန်၌ရှိသော မကောင်းသော အကြံအစည် ဝါသနာ စရိုက်၊ ကောင်းသော အကြံအစည် ဝါသနာစရိုက်တို့ကို မထိမ်မချန် ဖြောင့်မတ်စွာ လင်းရမည်၊ မသိဘဲနှင့် အသိလုပ်ချင်မှု၊ မမြင်ဘဲနှင့် အမြင်လုပ်ချင်မှု၊ အနည်းငယ်ခန့် သိသည်မြင်သည်ကို အများလုပ်ချင်မှု၊ အသိဉာဏ်မပါဘဲကို အပါလုပ်ချင်မှု- ဒီလိုကောက်ကျစ်စဉ်းလဲမှု အနည်းငယ်မျှ မပါစေရဘဲ၊ ဖြောင့်စင်းဖြူစင်သောစိတ်နှလုံးရှိရမည်ဟုဆိုလိုသည်။ ဤကား တတိယ အင်္ဂါ၏အဓိပ္ပါယ်တည်း။

**၄-ဝီရိယ ထက်သန်ခြင်း**

အာရဒ္ဓဝီရိယော ဝိဟရတိ၊ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု၊ (အင်္ဂုတ္တိုရ်)အကုသလာနံဓမ္မာနံ- ယုတ်မာသော အကုသိုလ်တရားတို့ကို၊ ပဟာနာယ-ပယ်ဖျောက်ခြင်းငှာ၊ ကုသလာနံ ဓမ္မာနံ-စင်ကြယ်ကောင်းမြတ်သော ကုသိုလ်တရားတို့ကို၊ ဥပသမ္ပဒါယ-ပြည့်စုံစေခြင်းငှာ၊ အာရဒ္ဓဝီရိယော- အမြဲမပြတ်အားထုတ်အပ်သော၊ ဝီရိယရှိသည်၊ ဟောတိ-ဖြစ်၏၊ ထာမဝါ-ထက်သန်သော စိတ်စွမ်းကိုယ်စွမ်းရှိ၏။ ဒဠှပရက္ကမော-အပြင်းအထန်အလွန်သန်သောလုံ့လရှိ၏။ ကုသလေသုဓမ္မေသု-ကောင်းမွန် ဖြူစင်သော ဝိပဿနာတရားတို့၌၊ အနိက္ခိတ္တဓုရော-အခါခပ်သိမ်း မချသောဝန်ရှိ၏။ ၄-နံပါတ်စတုတ္ထအင်္ဂါအဓိပ္ပါယ်မှာ- ဝီရိယ ထက်သန်ခြင်း

ဟူသည်မှာ၊ စတုပါရိသုဒ္ဓိခေါ် သီလလေးပါးကို သန့်ရှင်းစင်ကြယ်စေ၍ နည်းလမ်း ဖြောင့်မှန်သော တရားကို သမ္မပ္ပဓာန်ဝီရိယလေးပါးဖြင့် မနေမနား ကြိုးစား အားထုတ်ရမည် ဆို၏။ ၇-ရက်အားထုတ်လျှင် မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်သော ပါရမီပြည့်စုံ၍ ပုဗ္ဗကမ္မအမူ လုံလောက်သော်လည်း ဝီရိယအားလျော်စွာ ၁၅ ရက်,တလ တနှစ် စသည်ဖြင့် ကာလကြာမြင့်၍ နေတတ်၏။ မပေါက်မရောက်ဘဲသော်လည်း ရှိတတ်လေ၏။ ထို့ကြောင့်- ဝိပဿနာဉာဏ် အမြင်သန့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရသမျှကာလပတ်လုံး တွန့်တိုဆုတ်နစ်ခြင်းမရှိဘဲ,လွန်ကဲ ထက်သန်သောစိတ်ကိုထားလျက် မပေါ့မလျော့သော လုံ့လ ဝီရိယဖြင့်ပြည့်စုံညီညွတ်စေရမည်- ဟု ဆိုလိုသည်။ ဤကား- စတုတ္ထ အင်္ဂါ၏အဓိပ္ပါယ်တည်း။

**၅-ဉာဏ်ပညာ ရှိရခြင်း**

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယဂါမိနိယာ။ (ပဉ္စင်္ဂုတ္တရ ပါဠိတော်)။

ဥဒယတ္ထဂါမိနိယာ- နှစ်ပါးသော ရုပ်နာမ်တို့၏ ပစ္စုပ္ပန်အဖြစ်အပျက်ကို ပိုင်းခြားခြင်းငှာ၊ ပညဝါ- ပညာရှိသည်၊ ဟောတိ-ဖြစ်၏။ သမ္မာ-မဖောက်မပြန် အမှန်၊ ဒုက္ခက္ခယဂါမိနိယာ-ဆင်းရဲ၏ ကုန်ခြင်း,နိဗ္ဗာန်ကို ပိုင်းခြားခြင်းငှာ၊ ဝါ-နိဗ္ဗာန်သို့ ရောက်ခြင်းငှာ၊ နိဗ္ဗေဓိကာယ-ဖောက်ထွင်းနိုင်ထသော၊အရိယာယ-အရိယာအားသာ ဖြစ်ခြင်းငှာ ထိုက်သော၊ပညာယ-ဉာဏ်ပညာအထူးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏။ ၅-နံပါတ် ပဉ္စမအင်္ဂါအဓိပ္ပါယ်မှာ- ဉာဏ်၏စူးရှခြင်း ဟူသည်၊ ဆိုခဲ့ပြီးသောအင်္ဂါတို့နှင့်ပြည့်စုံ၍ တရားကို အားထုတ်သော အခါ၊ ဟုတ်မှန်တိုင်းသော ပရမတ္ထသဘာဝ ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက် နေသည်ကို

ဉာဏ်၌ ပိုင်ပိုင်နိုင်နိုင်, ထိုးထွင်း၍ ထင်ထင်လင်းလင်းကွဲပြားသန့်ရှင်းအောင် သိမြင်စေရမည်ဆို၏။

ဆိုင်ရာ ပါဠိတော်အလိုမှာ ပဓာန အင်္ဂါ၊ပါး အနက်ယခုပြဆိုမည့် ပဉ္စမပညာ ပဓာနမှာ-ယောဂီများအတွက် လိုရင်းဘဲဖြစ်တယ်။ ဒီပညာမျိုးနှင့် မညီညွတ်လျှင် ဘယ်နည်းနှင့်မျှ ဝိပဿနာဉာဏ်အစစ်ကို မရနိုင်ဘူး၊ အတုအယောင်မျှဘဲ ဖြစ်မယ်၊ ကျမ်းဂန်အစိပ္ပါယ်နှင့် မိမိကိုယ်တွေ့ကိုက်ကြည့်။ ပညာ၀ါ ဟောတိ-အရ ဘယ်ပညာမျိုးလဲ၊ လောက၌ သုံးစွဲနေကြတဲ့, လောကီဘက်ဆိုင်ရာ၊ အိုင်–အေ၊ ဘီ-အေ စသည့် ပညာမျိုးတွေကလည်း အနန္တဘဲ၊ ဒီ-သိပ္ပံပညာမျိုးတွေဟာ-ပညာအစစ် အမှန်မဟုတ်ဘူးနော်၊ အနတ္တလက္ခဏာ ဝိဇ္ဇာဉာဏ်ထွက်ရပ်ပေါက်, ပညာအစစ်က ပညိန္ဒြိယေန-အနိစ္စအစရှိသော အစွမ်းဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ထိုသို့ သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသည်၏ အဖြစ်ကြောင့် ပညိန္ဒြေအမည်ရှိသော အမောဟဝိဇ္ဇာဉာဏ်တဲ့၊ဒါမှ-ပညာအစစ်ဖြစ်တယ်၊ ဒီအနိစ္စလက္ခဏာဖြစ်တဲ့ ပညာကို ဘယ်ကရမလဲ၊သေသေချာချာကြည့် "ဥဒယဗ္ဗယဂါမိနိယာ–မိမိခန္ဓာ သုတပါးခန္ဓာတို့၌ ရုပ်တရား နာမ်တရားတို့သည် ခဏမစဲ တသဲသဲ ဖြစ်ပေါ်၍နေမှု၊ ခဏမစဲ, တသဲသဲချုပ်ကွယ်၍နေမှုကို အမှီလိုက်နိုင်စွာ ထသော" ပစ္စုပ္ပန်သက်သက် မိမိခန္ဓာအတွင်းမှာ ရှိတဲ့- ရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ်တွေဟာ၊ခဏမစဲအမြဲတန်းဖြစ်ပျက်ပြီးနေတာကို ကိုယ်တိုင် မတွေ့သမျှ ဘယ်နည်းနှင့်မျှ အနိစ္စဆိုတဲ့ တရားကို မသိဘူးဆိုတာ- တထစ်ချသာ မှတ်သားဘို့ဘဲ။

မိမိကိုယ်မှာ တကယ်ဖြစ်ပျက်နေတဲ့ ဥဒယဗ္ဗယကို သိနေလျှင် သက်ရှိသက်မဲ့အလုံးစုံ ရုပ်တုံးရုပ်ခဲဟူသမျှ မိမိကဲ့သို့ ဖြစ်ပျက်နေတယ်ဆိုတာ မှချသိနိုင်တယ်၊ ဒီလိုကိုယ်တိုင်မသိဘဲ, ဥဒယဗ္ဗယ

ဉာဏ်ကိုမရဘူး၊ ဥဒယဗ္ဗယဉာဏ်ကိုမရဘဲနှင့် အနိစ္စသိပါတယ်ဆိုတာ, ဘယ်နည်းနှင့်မျှမဟုတ်နိုင်ဘူး၊ ဒီလိုဥဒယဗ္ဗယဉာဏ်မှသာလျှင် ပညာအစစ်ဖြစ်တယ်၊ ကောင်းပြီ-ဒီလိုပညာမျိုးကို ဘယ်လိုပုဂ္ဂိုလ်မှရမလဲဆိုလျှင် ပါဠိတော်အလိုက-အရိယာယတဲ့၊ အရိယာမျိုးမှရမယ်၊ ဒါကြောင့် "အရိယာယ-ပုထုဇဉ်သာမန် လူသာမန်နတ် သာမန်တို့နှင့် မတန်မရာ, မှန်မြတ်စွာထသော"တဲ့၊ ကိုင်းသေသေချာချာ စည်းစားကြည့်၊ ဖြစ်ပျက်, ဖြစ်ပျက်နေတဲ့ရုပ်ခတ်, နာမ်ခတ်တို့ကို ပုထုဇဉ် လူနတ်ဗြဟ္မာ သာမန်ပုဂ္ဂိုလ်မမြင်နိုင်တဲ့ ခတ်တရားတွေ အလွန်သိမ်မွေ့တာ,မလွယ်ဘူး၊ဒီလိုရုပ်ခတ်နာမ်ခတ်တွေ ဖြစ်ပျက်, ဖြစ်ပျက်နေတာ, ဘယ်လိုထိအောင်,သိရမလဲဆိုလျှင် နိဗ္ဗေဓိကာယ-တဲ့၊ ဒါ- ဥပမာပြတာ၊ မြန်မာလိုဆိုလျှင် ကျောက်အတိပြီးသော, တောင်အထွဋ်တောင်အထုတို့ကို မှုန့်မှုန့်ညက်ညက်,ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သောဝရဇိန် မိုးကြိုးအလားကဲ့သို့တဲ့၊ဝရဇိန်လက်နက်ဟာ,ကျောက်တောင်ကြီးကို ပစ်ချလိုက်လျှင် မှုန့်မှုန့်ညက်ညက် ကြွေသွားတာလိုယောဂီပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဟာ, ဦးခေါင်းကအစ, ခြေဖျားတိုင်အောင်၊ အာရုံပြုလိုက်လျှင် တကိုယ်လုံး ဘယ်နေရာမှာမှ, ခိုင်မြဲတာမရှိဘဲ၊ ခဏမစဲ ဖြစ်ပျက်, ဖြစ်ပျက်နေတာကို တွေ့ရမယ်တဲ့။

ဒီလိုတွေ့လျှင် ဘာဖြစ်မလဲ၊ စိတ်သာချပေတော့၊ ပါဠိတော်က သမ္မာတဲ့။ သမ္မာဆိုတာ အဓိပ္ပာယ်က, မချွတ်မယွင်းအမှန်တဲ့။ ဘာမချွတ်မယွင်းလဲဆိုလျှင်၊ မြေကြီး လက်ဝါးနှင့်ပုတ်လွဲ,လွဲမသာ၊ မချအမှန်မလွဲဘူးဟုဆိုတာ၊ ဘယ်လိုဟာ-မလွဲရမှာလဲဆိုလျှင်၊ "ဒုက္ခက္ခယဂါမိနိယာ-တဲ့။ ဒီဒုက္ခက္ခယဂါနိယာ-ဆိုတာက- ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်း ဖြောင့်ဖြောင့်,

မထောင့်မကွေ့ ချမ်းမြေ့ပိုင်ပိုင်, ဆိုက်ရောက်စေနိုင်ထသော” လို့ဆိုတယ်၊ ဒါဘာလဲ- လောကမှာ ဒုက္ခဆိုတဲ့ တရားအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်ဆိုတဲ့အမြိုက်တရားကိုကြေန်မလွဲဘဲရတော့ မယ်လို့ဆိုတာ၊ ဒါကြောင့်- “ပညာယ- ဉာဏ်ပညာအထူးနှင့် သမန္နာဂတော-ပြည့်စုံ၏”။ ။ယောဂီပုဂ္ဂိုလ်မှန်သမျှ ဤပဓာန ငါးချက်နှင့် ညီညွတ်မှ-ဝိပဿနာအစစ်လို့ဆိုတာ, မြဲမြဲစွဲစွဲ မှတ်သားထားကြရမယ်။ ။ပါဠိတော်လာရင်းအဓိပ္ပာယ်မှာအလွန် ခက်ခဲ သိမ်မွေ့လှသဖြင့် သိရှိနားလည်စေရန် အရပ်စကားနှင့် ဖော်ပြလိုက်ခြင်းဖြစ်သည်၊ ခက်ခဲနက်နဲသောအရာဖြစ်၍ အထူးကြံစည်လေ့လာမှုကိုပြုကြပါလေ။

ဆိုလိုရင်းအချုပ်မှာ-ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ထမြောက် ပေါက်ရောက်အောင် အားထုတ်နိုင်ရန် ပြည့်စုံရမည်ဖြစ်သောကြောင့်၊ ဤအင်္ဂါငါးပါးကို ပဓာနိယင်္ဂတရားခေါ်၏၊ ၎င်းငါးပါးနှင့်ပြည့်စုံလျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်ပေါက်ရောက်နိုင်သည်။ မပြည့်စုံက မပေါက်ရောက်နိုင်ဆိုလိုသည်။ ။ဤကား-ပဥ္စင်္ဂ၏ အဓိပ္ပာယ်တည်း။

**အပရိဟာနိယ တရား-၇ ပါး** အပရိဟာနိယတရားဟူသည်ကား၊ အား ထုတ်နေဆဲဖြစ်သော ဝိပဿနာတရား၏ မဆုတ်မယုတ် မပျက်စီးနိုင်ဘဲ, ခိုင်မြဲ ကြီး ပွား စေ တတ်သော တရားစုကိုဆိုပေ၏။ ထိုတရား ခုနစ်ပါးကား-

၁။ ဗုဒ္ဓဂါရဝတာ- မြတ်စွာဘုရား၌ရိုသေခြင်း၊

၂။ ဓမ္မဂါရဝတာ-တရားတော်မြတ်၌ရိုသေခြင်း၊

၃။ သံဃဂါရဝတာ-ရဟန်းသံဃာ, ဆရာသမား၌ ရိုသေခြင်း၊

၄။ သိက္ခာဂါရဝတာ- အကျင့်သီလ,သိက္ခာတရား၌ ရိုသေခြင်း၊

၅။ သမာဓိဂါရဝတာ- စိတ်မပျံ့လွင့်, တည်ကြည်ငြိမ်သက်ခြင်း၌ ရိုသေခြင်း၊

၆။ ကလျာဏမိတ္တတာ- ပရမတ္ထသဘာဝကိုကျနအောင်ခွဲခြမ်း၍ ဝိပဿနာနည်းလမ်းကို မှန်ကန်စွာ ဟောပြော ညွှန်ပြနိုင်သော ဆရာသမားကောင်း, အပေါင်းအဖော်ရှိခြင်း၊

၇။ သောဝစဿတာ-ထိုသို့နည်းပြ၍ ဆုံးမသောစကားကို မပယ်ရှား, မငြင်းဆန်ဘဲ, လိုက်နာမှတ်သားရန်လွယ်ကူခြင်း။

ဤ ၇-ပါးသော တရားနှင့်ပြည့်စုံ ညီညွတ်ခဲ့ပါလျှင် ဝိပဿနာအလုပ် မဆုတ်ယုတ်, မပျက်ပြားဘဲ, ကြီးပွားတိုးတက်နိုင်လေသောကြောင့် ၎င်း-၇ ပါးကို အပရိဟာနိယတရားဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားဟောကြားတော်မူ၏။ထို၇-ပါးတွင်, ဗုဒ္ဓဂါရဝတာ-စသော ရှေ့တရားငါးပါးတို့၏အဓိပ္ပာယ်မှာ၊ပဓာနိယင်္ဂတရား၌ ပြဆိုခဲ့သောနည်းနှင့် များစွာမထူးခြား၍ ထင်ရှားသိလွယ်လောက်သဖြင့် စိစစ်ဖွယ်မရှိတော့ပြီ၊ ၆-နှင့် ၇- နံပါတ်နောက် နှစ်ပါးကိုသာ ဖော်ပြပေအံ့၊ ထိုနှစ်ပါးတို့ ယထာဘူတသဘာဝကို ကျနမှန်ကန်စွာ ဝေဖန်ခွဲခြမ်းခြင်းငှာ စွမ်းနိုင်သောပုဂ္ဂိုလ်များကို ကလျာဏမိတ္တဆို၏။ ဝိပဿနာအလုပ်၌ အရေးအကြီးဆုံးပေတည်း။

"ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော"- ယထာဘူတံ-မဖောက်မပြန်,ဟုတ်မှန်တိုင်းသော, ပရမတ္ထသဘာဝ, ရုပ်နာမ်နှစ်ခုတို့၏ခဏမစဲအမြဲအားဖြင့် ဖြစ်ပျက်၍နေမှုကို၊ဉာဏာ

ယ-ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် အမှန်ထိုးထွင်း သိမြင် ထင်လင်း၍လာစေခြင်းငှာ၊ သတ္တာ-ဝိပဿနာလုပ်ငန်းကို၊ ဟုတ်မှန်စွာ နည်းလမ်းပြတတ်သော၊ ဆရာကောင်း၊ ဆရာမြတ်ကို၊ ပရိယေသိတဗ္ဗော- ထက်ဝန်းကျင်အရပ်တို့၌ တွေ့ရှိအောင် လှည့်ပတ်၍ မပြတ်မလပ် အထပ်ထပ်ရှာမှီးအပ်၏။

ဤသို့လာရှိသော ဒေသနာတော်နှင့်အညီ၊ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသူမြတ်သည် ဟုတ်တိုင်းမှန်စွာ ဝိပဿနာအရာ၌ သေချာရှင်းလင်းအောင် ဟောပြနည်းပေးခြင်းငှာ စွမ်းနိုင်သောဆရာကို ယူဇနာတရာမက-ဝေးကွာသော အရပ်၌ သော်လည်း သွားရောက်စုံစမ်း၍ မရ၊ ရအောင် ရှာရမည်ဆို၏။ ဤအချက်၌ ဆရာဟူသည် အောက်ကဆိုခဲ့သည့်အတိုင်း၊ အသက်သိက္ခာကြီးခြင်း၊ လောက၌ ပရိသတ်ဘုန်း၊ ပစ္စည်းလာဘ်လာဘ ဘုန်းတို့ကြီးမားခြင်း၊ ဂုဏ်သတင်းထင်ရှား၍ အမည်ကျော်ကြား ပျံ့နှံ့ခြင်း၊ ပရိယတ် ကျမ်းဂန်များကို မှောက်လိုမှောက်၊ လှန်လို လှန်၊ ပြန်လိုပြန်၊ နိုင်အောင် ကျွမ်းကျင်တတ်မြောက်၍ ဗဟုသုတ ဂန္ထန္တရ ပိဋကတ္တယပါရဂူဖြစ်ခြင်း၊ စသောဂုဏ်များသည် လိုရင်း မဟုတ်ပေ၊ စင်စစ်မှာ ဝိပဿနာကျင့်စဉ်လမ်းကို ဖြောင့်မတ်မှန်ကန်စွာ ညွှန်ကြားပြသနိုင်ခြင်းသည်သာ လိုရင်းပဓာန ဖြစ်လေသည်။

ဤကား- ကလျာဏ မိတ္တ၏ အဓိပ္ပာယ်ကို ပြဆိုချက်ပေတည်း။

သောဝစဿတာ-ဟူသည်ကား၊ ကလျာဏမိတ္တ ဖြစ်သော ကမ္မဋ္ဌာန်းဆရာတို့၏ ဆုံးမစကားကို မြေဝယ်မကျ ခန့်ညားရိုသေစွာ စိတ်ကိုထား၍ တခွန်းတည်းသောစကားဖြင့် မပယ်မရှားဘဲ၊ မှတ်သားလိုက်နာရမည်ဆို၏။ ဤကဲ့သို့-လွယ်ကူစွာ နာယူနိုင်

သော စိတ်သဘောမရှိပါမူ၊ တလူလူထောင်လွှားနေသော မာန တရားအားကြီးနေ၍ ငြိမ်ဝပ်ပိပြား,တည်ကြည်ခြင်းများမဖြစ်နိုင် ပေ၊ဂုဏ်းအရာမျိုးကို အချို့သောကမ္မဋ္ဌာန်းဆရာတို့သည်၊ ထိုသော ဝစဿတာဂုဏ်နှင့်ညီ,မညီကို ထောက်လှမ်းစုံစမ်းခြင်းပြုတတ်လေ သည်။

လိုက်နာရန်လွယ်ကူပုံမှာ- ကမ္မဋ္ဌာန်းဆရာက, မလှုပ်မရှား ဘဲ,တနေ့လုံးရပ်နေရမည်ဆိုလျှင်ရပ်နေနိုင်ရလိမ့်မည်၊နေပူကြဲကြဲ ကြီး၌တနေ့လုံးထိုင်နေရမည်ဆိုလျှင်,ထိုင်နေနိုင်ရလိမ့်မည်၊မိုးကြီး ရွာဆဲ၌ မနေမနားဘဲ, တနေ့လုံးသွားလာနေရမည်၊ တနေ့လုံး ·အိပ်နေရမည် ဆိုခဲ့လျှင်လည်း, မငြီး မငြူဘဲ လွယ်လွယ်ကူကူ နားထောင်ပြုလုပ်နိုင်ရလိမ့်မည်။ အချုပ်အားဖြင့်- အသက်သေ ရမည့်အရာကိုပင်, ခိုင်းစေသော်လည်း, တခွန်းတည်းသောစကား ဖြင့် မငြင်းမဆန်ဘဲ၊ အသက်ကိုစွန့်ပြီး မကြောက်မရွံ့မူ၍ ရဲဝံ့စွာ ပြုလုပ်နိုင်စေရမည်-ဟုဆိုလိုသည်။ ။ဤကား-သောဝစဿတာ ၏ အဓိပ္ပာယ်ကို ပြဆိုချက်ပေတည်း။ ။

**ဦးပေါ်ဦလဝဏ္ဏ၊ ပြယုဂ်**

ငါတို့ဂေါတမဘုရား သာ သနာ တော် ဝယ်, လူသိများသော ဦးပေါ်ဦလရဟန်းအကြောင်း ကိုကြားဘူးသူလည်းကြားဘူးကြပေလိမ့်မည်။ ဤနေရာမျိုးဝယ် ဦးပေါ်ဦလကို ခြွင်းချန်ထား၍ စကားပြည့်စုံ နိုင်တော့မည်မဟုတ်ချေ၊ဒီ-ဦးပေါ်ဦလဟာ-ယံဝါတံဝါ,နွယ်နွယ် ရရ, ရဟန်းမဟုတ်ဘူး၊ ဝိပဿီဘုရားကစ၍ ငါတို့ဂေါတမဘုရား တိုင်အောင် ဘုရား ၇-ဆူတို့၏ ရွှေမျက်နှာတော်ကို ကိုယ်တိုင် ကိုယ်ကြပ် ဖူးမျှော်ခဲ့ရတယ်၊ ဘုရား ၇-ဆူတို့၏ သာသနာတော် ဝယ်, ရဟန်းပြုလျက် သာသနာ့တာဝန်ကို သယ်ပိုးရွက်ဆောင်ခဲ့ တယ်၊ ရဟန်းငါးရာကျော်ကို နေ့စဉ်စာပေပို့ချနေသော, ပိဋ္ဌ

ကတ်သုံးပုံဆောင် ဂဏာစရိယ ဂဏပါမောက္ခကြီး တဆူလည်းဖြစ်တယ်၊ ပုထုဇဉ်များသာမက, အရိယာသံဃာများပါ သူ့ထံ တပည့်ခံပြီး စာပေသင်ကြားကြရတယ်၊ ဒါနဲ့, ဦးပေါဋ္ဌိလဟာ ဘဝင်မြင့်ပြီး, ငါ-တကော, ကောလျက်၊ မာနတန်ခွန် ထူကာ-မိုးမမြင်, လေမမြင်, ဂါဟကိုက်နေတာပေါ့၊ဒီလိုနဲ့ ဘဲ-ဘုရား၆ဆူ လွန်လာပြီး, ငါတို့ဂေါတမဘုရား သာသနာ၌လည်းနည်းတူပင်-ဆိုခဲ့သော ဂုဏ်မျိုးနဲ့ ရရှိနေထိုင်လာခဲ့ဘူးရာ၊ ဝိပဿနာအလုပ်ကို ယခုထက်တိုင် အားထုတ်ကျင့်ကြံရန် စိတ်ကူးမျှမရှိလေ၊ထိုအခါ မြတ်စွာဘုရားက, ပေါဋ္ဌိလမထေရ်အား"တုစ္ဆ,မောဃ" အချည်းနှီးသော စကားကို အခါခပ်သိမ်း မိန့်တော်မူသဖြင့် ထိတ်လန့်သော သံဝေဂဖြစ်ပွား၍ ရဟန်းတရားကို အားထုတ်ရန်, တပါးတည်းထွက်သွားရာ၊ ယူဇနာ ၁၂၀ ဝေးကွာသော ရဟန်းသုံးကျိပ်တို့ နေထိုင်သည့် တောကျောင်းတခုသို့ ရောက်ရှိလေ၏။ ထိုအခါ-ပေါဋ္ဌိလမထေရ်သည် သံဃာ့မထေရ်ကြီးထံ ရှိသေစွာချဉ်းကပ်လျက်—

ဘန္တေ အဝဿယော မေ ဟောထ။ ။ဘန္တေ-အရှင်မြတ်ဘုရား၊ တုမှေ-အရှင်မြတ်ဘုရားတို့သည်၊ မေ-ဘုရားတပည့်တော်၏၊ အဝဿယော-အားထားကိုးကွယ်ရာသည်၊ ဟောထ-ဖြစ်တော်မူပါကုန်အရှင်ဘုရား။ဤသို့လေးနက်စွာလျှောက်ထားလေ၏။ထိုအခါ မထေရ်ကြီးက- ငါ့ရှင် သင်သည် ပိဋကတ်သုံးပုံ ဆောင်သော ဓမ္မကထိကကြီးဖြစ်ပါ၏။ ငါတို့ပင်လျှင် သင့်ကိုမှီ၍ တစုံတခုသော သိဖွယ်ရာဖြစ်သင့်ပေ၏၊ အဘယ်ကြောင့်ဤစကားမျိုးကို လျှောက်ဘိသနည်းဟု မိန့်ကြားတော်မူလိုက်၏။ ပေါဋ္ဌိလမထေရ်သည် ဤသို့မပြုပါလင့် အရှင်ဘုရား၊ တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ၊မဂ်ဖိုလ်ရကြောင်း ဝိပဿနာနည်းလမ်းကို

ပေးသနားတော်မူပါ-ဟု ထပ်မံလျှောက်ထားပြန်လေ၏၊ထိုအခါ-သံဃာ့မထေရ်ကြီးက, မထေရ်ငယ်ထံသို့ လွှတ်လိုက်၏၊ငင်းမထေရ်ငယ်အား လျှောက်ထားပြန်သော်, အောက် မထေရ် ငယ် ထံ သို့ လွှတ်လိုက်ပြန်၏။ ဤကဲ့သို့အဆင့်ဆင့်လွှတ်လိုက်ရာ၊ အပ်ချုပ်နေသော, အငယ်ဆုံး ၇-နှစ်အရွယ် သာမဏေငယ်ကလေး ထံ သို့ ရောက်သွားလေ၏။ ပေါဋ္ဌိလမထေရ်သည် သာမဏေငယ်ကလေး ထံ၌ ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုး၍—

အဝဿယော ဟောဟိ သပ္ပုရိသ။ ။သပ္ပုရိသ- သူတော်ကောင်း သာမဏေ၊ တွံ- သင်သူတော်ကောင်းသည်၊ မေ-အကျွန်ုပ်၏၊ အဝဿယော-မှဂ်ဖိုလ်လားရာ, ဝိပဿနာတရား၌ အားထားရာသည်၊ ဟောဟိ-ဖြစ်တော်မူပါလော၊ ဤသို့တောင်းပန်လေ၏၊ ထိုအခါ-သာမဏေငယ်က- အဘယ်ကြောင့် ဤသို့ သောစကားကို ဆိုပါသနည်းဆရာ၊ အလွန်ထူးကဲသော အံ့ဖွယ်သရဲရှိပေ၏၊ အရှင်ဘုရားတို့သည် အသက်သိက္ခာလွန်စွာကြီးမား၍ ပရိယတ္တိ၌မူ အလွန်ဗဟုဿုတရှိကြပါကုန်၏၊ တပည့်တော်ကပင်, အရှင်ဘုရားများထံ၌ တစုံတခုသောအကြောင်းများကိုမှတ်သား သိလွယ်ရန် ဖြစ်သင့်ရာသည်တကား-ဟု ပြောကြား၍ပေါဋ္ဌိလမထေရ်၏ တောင်းပန်စကားကို ပယ်ရှားလိုက်လေ၏။

ထိုအခါ- ပေါဋ္ဌိလမထေရ်ကြီးသည်၊ မနေနိုင်, မထိုင်နိုင်ဖြစ်လျက်၊မိမိ၌ရှိသော ဂုဏ်တွေကို မငဲ့ကွက်,မကြောက်မရှက်ဘဲ၊ သာမဏေငယ်၏ ခြေကိုဖက်၍ အကျွန်ုပ်ကို မဖျက်ဆီးပါနှင့်၊ အကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါဟု-အလွန်ရိုသေစွာ-မိမိစိတ်ကို နှိမ့်ချ၍ အောက်ကျ နောက်ကျခံပြီး, ခယဝပ်တွားရှိခိုးလျက် အမျိုးမျိုးတောင်းပန်ရပြန်လေသည်။ ဤကဲ့သို့ကလျာဏမိတ္တာဖြစ်သောပုဂ္ဂိုလ်၌ အူလှိုက်,သဲလှိုက် နှစ်ခြိုက်ကျိုးနွံစွာ ဆည်းကပ်

သောအခါမှ၊ သာမဏေငယ်က၊ အရှင်ဘုရား ဆိုဆုံးမသောစကား ကို မပယ်ရှားဘဲ, အကယ်၍ မှတ်သားလိုက်နာနိုင်ငြားအံ့၊ အရှင်ဘုရားတို့၏ ကိုးကွယ်ရာဖြစ်နိုင်ပါသည်ဟု-ခိုင်မာမြဲမြံလေအောင် ချုပ်နှောင်ကြပ်တည်းသောစကားကို ပြောကြားလေ၏။ ဤသို့ ပြောကြားသောအခါ၊ ပေါဋ္ဌိလမထေရ်ကြီးသည် တခွန်းတည်း သောစကားဖြင့်ပင်လျှင် မပယ်ရှားဘဲ,စွဲမြဲမှတ်ယူပါမည် သူတော်ကောင်း၊ မီးပုံကြီးအတွင်းသို့ ခုန်ဆင်းရမည်ဟုအကယ်၍စေခိုင်းပါမူ, ခဏ ချက်ချင်းပင်- ခုန်ဆင်းပါမည်ဟု ယုံကြည်ရန်-ပဋိညာဏ်မှုဖြင့် ဝန်ခံခြင်းပြုရလေသည်။

ထိုအခါ-သာမဏေငယ်က, ကျောင်းနှင့်မနီးမဝေးတွင်ရှိသော ရေအိုင်ကြီးကိုပြပြီးလျှင်၊ ယခုသင်္ကန်းကို ဝတ်ထားသောအတိုင်း ဤရေအိုင်ကြီးအတွင်းသို့ ခုန်ဆင်းလေဟုစေခိုင်းလိုက်ရာ၊ ချက်ချင်းထသွား၍ ခုန်ဆင်းမည်ပြုသောအခါ၊ ယခုပြန်ခဲ့ပါဟု ခေါ်ပြန်လေလျှင် တခွန်းတည်းသောစကားဖြင့်ပင် လျှင်စွာတန့်ပြန်လာလေ၏။ ဤကဲ့သို့-သောဝစဿတာဂုဏ်နှင့်ပြည့်စုံ၏ဟု ယုံကြည်သောအခါ၊ ဥပမာစကားဖြင့် ဝိပဿနာတရားလမ်းများကို ညွှန်ကြားနည်းပေးလေ၏။

နည်းပေးပုံမှာ- အရှင်ဘုရား တောင်ပို့တခု၌ ဂယ်ပေါက်ခြောက်ခုရှိရာ၊ တခုသောအပေါက်ဖြင့် ဖွတ်သည်ဝင်သွားလေ၏၊ ထိုဖွတ်ကို အလိုရှိသောသူသည်၊ ငါးခုသော အပေါက်တို့ကို လုံအောင်ပိတ်၍၊ တခုသောအပေါက်ဖြင့်သာလျှင်ဘမ်းယူရလေ၏။ ထို့အတူ-အရှင်ဘုရားတို့သည် ခြောက်ခုသောဒွါရတို့တွင်- ငါးခုသော ဒွါရတို့ကို လုံခြုံအောင် ပိတ်ဆို့၍ မနောဒွါရတခု၌ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှုကို ပြုပါလေကုန်ဟု- နည်းပေးလမ်းပြလိုက်၏။ ပေါဋ္ဌိလမထေရ်ကြီးက၊ ငါ့ရှင်-သိပြီဆိုပြီး ထို

နည်းကိုမှီ၍ အားထုတ်လေရာ မကြာမီပင်၊ ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ဤပေါင်ဒ္ဓိလမထေရ်ကြီးသည်၊ ကလျာဏမိတ္တ ဖြစ်သော ကမ္မဋ္ဌာန်းဆရာကို ရနိုင်ရန် မိမိဥ္စရှိသော လောကီဂုဏ်တွေကို မငဲ့ ကွက်ဘဲ ယူဇနာ- ၁၂၀ ကွာဝေးသော အရပ်သို့ တပါးတည်း ထွက်သွား၍ ၇-နှစ်သားမျှရှိသော, သာမဏေငယ်ကလေးအား, ပြားပြားဝပ်လျက် ဆည်းကပ်ခစားပြီး, အနည်းနည်းတောင်းပန် ရပုံ၊ သောဝစဿတာဂုဏ်နှင့် ပြည့်စုံစေရန် မီးပုံကြီးအတွင်းသို့ ခုန်ဆင်းရမည်ဆိုလျှင် ချက်ချင်းပင်ဆင်းပါမည်ဟု-အသက်ကို စွန့် စား၍ ပြောကြားဝန်ခံပြီးလျှင် ရေအိုင်ကြီးအတွင်းသို့ပင်ခုန်ဆင်း မည်ပြုခြင်း၊ ပြန်လာရန် ခေါ်သော် ရှေ့သို့အနည်းငယ်မျှ မပို မလွန်စေဘဲ, ချက်ချင်းပင် ပြန်လာနိုင်ခြင်း-စသော, သာမဏေ ငယ်ကလေး၏ စကားကို မိုးကြိုးသွားကျမည်လောက်မက, မတိမ်း မယိမ်း, မချွတ်မယွင်းစေဘဲ, ခိုင်မြဲစွာနာယူလွယ်ခြင်းများပြုလုပ် နိုင်လေသည်။ ပရိယတ်ကျမ်းဂန် တတ်မြောက်၍ ခေါင်းမာသူ များအတွက် နည်းယူမှတ်သားလောက်သည့် သင်ခန်းစာတရပ် ဖြစ်သည်။

ထိုအတူ-မဂ်ဖိုလ်တရား, ဝိပဿနာနည်းလမ်းများကို လို လားကြသော ယောဂီပုဂ္ဂိုလ်တို့သည်၊ ကလျာဏမိတ္တ-သောဝစ ဿတာ-ဂုဏ်တို့နှင့် ပြည့်စုံစေရန် ဦးပေါင်ဒ္ဓိလမထေရ်ကြီး၏ အပြု အမူနှင့် စိတ်သဘောထားရှိပုံများကို များများကြီး နည်းယူသင့် လှပေသည်။ ဤကား-သိသာရုံ အမြွက်မျှသာဖြစ်၏၊ အကျယ်ကို ဓမ္မပဒ အဋ္ဌကထာ၌ ရှုလေ။

မှတ်ချက်။ ။မြတ်စွာဘုရားသည် စာပေတတ်မြောက် ရုံသာ အာသီသထားတော်မမူဘဲ၊ ပရိယတ်တတ်ကျွမ်းသလောက်

ပတိပတ်လုပ်ငန်းကိုလည်း ဖြည့်ကျင့်ကြိုးကုတ်၍ ပတိဝေဓဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်ရောက်ဘို့ရန် ရည်သန်တော်မူခဲ့လေသည်။ သာသနာ တည်ထားခဲ့ခြင်း အကြောင်းရင်းမှာလည်း- ဒိ,သတ္တာတွေ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန် အတွက်ပင်ဖြစ်ရာယုံကြည်လေးစားစွာဆည်းကပ်ကိုးကွယ်သူများအတွက် အကယ်၍ ပါရမီနုသေးသဖြင့်၊ ဤဘဝတွင် တမဂ်တဖိုလ်မရနိုင်စေကာမူ၊ များစွာပင် သက်သာရာရရှိ၍ နောင်ဘဝ၌ပါရမီပြည့်ဝလျက်၊ ဤသာသနာတော်အတွင်း၌ပင်, မုချကျွတ်တန်းဝင်နိုင်လေသည်။ ကျမ်းပြုဆရာတဦးက မိမိပြုသော ကျမ်းနိဂုမ်းတွင် မြန်မာသာသနာကို "ခြိမ်း သာ ခြိမ်း ၍ မ ရွာ သော မိုး နှင့် တူကြောင်း"ကို အချက်ကျကျပင် ရေးသားဝေဖန်ထားလေသည်။ စာပေကျမ်းဂန်သာ တတ်မြောက်၍ မကျင့်ကြံ,မကြိုးကုတ်ဟူ၏။ မြန်မာပြည် သာသနာရေးဝန်ကြီးကလည်း ဓမ္မာစရိယလက်မှတ်ဆက်ကပ်ပွဲ အခန်းအနားတခုတွင် ဓမ္မာစရိယလက်မှတ်တခု ရရုံမျှဖြင့် ရဟန်းကိစ္စတုံးပြီဟုစိတ်သဘောပေါက်,ဂုဏ်သိရ်မောက်မနေကြဘဲ၊ ဝိပဿနာမူရ ပတိပတ္တိသာသနာကိုလည်း ဆက်လက်ဖြည့်ကျင့်သွားကြရန် ညွှန်ကြား လျှောက်ထား လိုက်လေသည်။ ဤစကားများဖြင့် ဦးပေါ်ဦလကို နမူနာထားပြီး အောက်ကဆိုခဲ့သည့်အတိုင်း ပတိပတ်သာသနာကိုပါ တဘက်ကဖြည့်ကျင့်သွားရန် ညွှန်ကြားရင်း ဖြစ်ပေသတည်း။ ။ဤကား-အပရိဟာနိယ-၇-ပါးကို အကျယ်ဝေဖန်ချက်ဖြစ်၏။ဤတွင် သမာဓိကိုအကျယ်ဝေဖန်ရာ အခဏ်းတရပ်ပြီး၏။

**ပညာဉာဏ် ဟုတ်မှန်စွာသိမှု**

သီလသမာဓိ ပညာသိက္ခာသုံးပါးပြည့်စုံမှ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ကြောင်းကို အောက်က ရေးသားဖော်ပြခဲ့ရာတွင် သီလနှင့် သမာဓိဆိုင်ရာ

များကို အကျယ်ဝေဖန်ပြဆိုပြီး၍ ယခုအခါ အဓိကလိုရင်းအကျဆုံး ပညာစခန်းကို ပြပေအံ့။ ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ-ဟူသော ဝစနတ္ထနှင့် အညီ၊ အနိစ္စ စသည်၏အစွမ်းဖြင့် အပြားအားဖြင့် ထိုးထွင်း၍ သိသည်၏အဖြစ်ကြောင့် ပညာဟုဆို၏။ ထိုပညာသည် ပထဝီ- ဖဿစသည်တို့၏ ကက္ခဠ ဖုသန စသောမိမိသဘော,အနိစ္စတာ-အစရှိသော သာမညသဘောတို့ကို ထိုးထွင်းသိမြင်ခြင်း လက္ခဏာရှိ၏။ ယင်းသဘောနှစ်ပါးကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကြီးကို ဖျက်ဆီးခြင်းကိစ္စရသရှိ၏။ ယင်းသဘောနှစ်ပါး၌ မတွေဝေခြင်းလျှင် ဝိပဿနာယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ကောင်းစွာ စိတ်တည်ကြည်ခြင်း သမာဓိလျှင် နီးစွာသောအကြောင်းရှိ၏။ သမာဓိသည် အလုံးစုံသော ပညာတို့၏ ပဒဋ္ဌာန်မည်၏။ ဤကား လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခေါ် ပညာသိက္ခာ၏ သဘောလေးချက်တို့ပေတည်း။

ထိုပညာကိုပင် "ဇာနာတိ ယထာသဘာဝံ ပဋိဝိဇ္ဈတီတိ ဉာဏံ"အရ၊ ရုပ်နာမ်ခန္ဓာတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေသည်ကို စိတ်တည်စွဲမြဲ၍ ရှုမှတ်နေလျှင် အစဉ်အတိုင်း ဖြစ်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်လာ၏။ ဤသို့ သိမြင်မှုကို ဉာဏ်ဟုဆိုပေသည်။ ထိုဟုတ်တိုင်းမှန်စွာ သိမြင်လာသောဉာဏ် ဟူသည်ကား- တဆဲ့ခြောက်ပါး အပြားရှိ၏၊ ၎င်းတို့ကား—

၁· နာမရူပပရိစ္ဆေဒဉာဏ်၊ ၂- ပစ္စယပရိဂ္ဂဟဉာဏ်၊ ၃- သမ္မသနဉာဏ်၊ ၄-ဥဒယဗ္ဗယဉာဏ်၊ ၅-ဘင်္ဂဉာဏ်၊ ၆-ဘယဉာဏ်၊ ၇-အာဒီနဝဉာဏ်၊ ၈-နိဗ္ဗိန္ဒာဉာဏ်၊ ၉-မုဉ္စိတုကမျတာဉာဏ်၊ ၁၀-ပဋိသင်္ခါဉာဏ်၊ ၁၁-သင်္ခါရုပေက္ခာဉာဏ်၊ ၁၂-အနုလောမဉာဏ်၊

၁၃- ဂေါတြဘူဉာဏ်၊ ၁၄-မဂ်ဉာဏ်၊ ၁၅-ဖိုလ်ဉာဏ်၊ ၁၆-ပစ္စဝေက္ခဏာဉာဏ် တို့တည်း။ ထိုတွင် အစဉာဏ် နှစ်ပါးမှာ, ဝိပဿနာဉာဏ်၏ အခြေပါဒဖြစ်၏။ အဆုံးဉာဏ် လေးပါးမှာ လောကုတ္တရာဉာဏ်ဖြစ်၏။ သမ္မသနဉာဏ်အစ, အနုလောမဉာဏ် အဆုံး,ဤဆယ်ပါးမှာ ဝိပဿနာဉာဏ်ဖြစ်၏။ ထိုဉာဏ် ဆယ်ပါး အဓိပ္ပာယ်,ဆိုင်ရာ ဝိသုဒ္ဓိများနှင့် တွဲဖက်၍ နောက်မှ ထင်ရှား လတံ့။

ဤဉာဏ်တို့တွင် နောက်ကပြဆိုခဲ့သော,ဝိပဿနာ ရှုမှတ်ပုံ နည်းအတိုင်း အားထုတ် သဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါ, ငါသူတပါး, ယောကျာ်း မိန်းမ,လူနတ်ဗြဟ္မာ-ဟူသော,မှတ်သိစွဲလမ်းခြင်းများ ကင်းပျောက်၍ ပရမတ်ရုပ်နာမ် နှစ်ပါးကိုသာ, ပိုင်းခြားသိမြင် သောဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။ထိုနာမ်ရုပ် နှစ်ပါး တို့၏ အကြောင်းကို သိမြင်သောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။ ဤဉာဏ်နှစ်ပါးသည် ပရမတ်ဖြစ်သော ရုပ်နာမ်တို့ကို ဟုတ်မှန်သော အတိုင်း သိမြင်သောကြောင့် ယထာဘူတဉာဏ် မည်၏။

ဝိပဿနာအရာ၌ ဤဉာဏ်နှစ်ပါးသည် လိုရင်းပေတည်း။ ၎င်းဉာဏ် နှစ်ပါး ပိုင်လျှင် အထက်ဉာဏ်တို့၌ လွယ်ကူလေတော့ သည်။ဤဉာဏ်နှစ်ပါးနေရာမကျလျှင် အထက်ဉာဏ်များ၌ယောင် ယောင်ဝါးဝါးဖြစ်နေ၍ အချိုးအစားမကျနိုင်ပေ၊ ၎င်းယထာ ဘူတဉာဏ်၏ နယ်စခန်းသို့ ရောက်လျှင်ပင်, အပါယ်လေးပါးမှ လွတ်မြောက်၍ ကြောက်ရွံ့ရန် ဘေး ခပင်းတို့ ကင်း ရှင်း လေ တော့၏။ ၎င်းပုဂ္ဂိုလ်ကို စူဠသောတာပန် (သောတာပန်အထွေး) ဟု ခေါ်လေသည်။ ယခုဘဝ၌ အထက်ဉာဏ်များကိုပင်, မရနိုင် စေကာမူ၊ သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့လား၍အထက်

ဉာဏ်နှင့် မဂ်ဖိုလ်တရားများကို အလွယ်တကူ ရနိုင်လေတော့သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ" ဟု မိန့်တော်မူ၏။ ဣမိနာပနဉာဏေန-ပရမတ်ရုပ်နာမ်ကိုအဟုတ်အမှန်သိသော, ဤယထာဘူတဉာဏ်နှင့်၊ သမန္နာဂတော-ပြည့်စုံသော၊ ဝိပဿကော-ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော- ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော- ရအပ်သော ထောက်တည်မှီခိုရာ ရှိသည်ဖြစ်၍၊ နိယတဂတိကော- မြင့်မြတ်သော ဘုံဘဝ၌ မြဲသောလားခြင်းဂတိရှိသည်ဖြစ်၍၊ စူဠသောတာပန္နော နာမ-သောတာပန်အငယ်,သောတာပန်အထွေးမည်သည်၊ ဟောတိ-မုချမသွေ,ဖြစ်ရလေတော့သတည်း။

(အဋ္ဌကထာနိသျသွားအနက်)

ဤဒေသနာတော်အရ သံသရာဘေး ဒုက္ခကို ကြောက်ရွံ့ထိတ်လန့်ကြကုန်သော သပ္ပုရိသအပေါင်း အမျိုးကောင်း သားသမီးတို့သည်၊ ကမ္ဘာအဆက်ဆက်, ဘဝအဆက်ဆက် အနမတဂ္ဂ သံသရာတခွင်တွင်၊အစဉ်ထာဝရ ပါလာကြသော၊ ပုဂ္ဂိုလ်သတ္တဝါ, ငါသူတပါး,ယောကျ်ား မိန်းမ လေလော- စသည်ဖြင့် သို့လော, သို့လော-တွေးတောယုံမှားခြင်းဝိစိကိစ္ဆာများကိုစွန့်ပစ်ပယ်ရှား၍ နှစ်ပါးသော ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန် ပညာဉာဏ်ဖြင့် ဝေဖန် ပိုင်းခြားလျက်- ထင်ရှားစွာ ထိုးထွင်းသိမြင်နိုင်ကြစေရန် အဖန်ဖန် အထပ်ထပ်,မရပ်မနားဘဲ၊ ဝိပဿနာတရားကို ကြိုးစားအားထုတ်သင့်လှပေတော့သည်။

**မောဟ, ပညာ အသိနှစ်မျိုး**

အသိနှစ်မျိုးဟူသည်ကား မောဟနှင့်ယှဉ်၍ သိခြင်း၊ ပညာနှင့်ယှဉ်၍သိခြင်း မျိုးကို ဆို၏။ ထိုအသိနှစ်မျိုးတို့၏ ထူးခြားကွဲပြားပုံကို သိရန်မှာ အောက်၌ဖော်ပြထားသော အဓိပ္ပာယ်သဘောများနှင့်မှတ်သားသိရှိအပ်ပေသည်။ ပဋိစ္စသမုပ္ပါဒ်၌ ဝီထိ သဘော နှင့် စပ်သော စကားများမှာ ပရမတ်ရုပ်နာမ်တို့၏ အဖြစ်အပျက် လျင်မြန်ပုံကို ကျမ်းဂန်တို့၌လာရှိသောအတိုင်း သဘာဝဓမ္မဖြစ်စဉ်ကို သိမြင်ရန် ပြဆိုလိုက်၏။ သဘာဝအစဉ်မှာမူ မျက်စိတမှိတ်၌ အကြိမ်ပေါင်း ကုဋေတသိန်း ဖြစ်နိုင်၏။ တကြိမ် လှမ်းခြင်း, တကြိမ်ကွေးခြင်း, တကြိမ်ဆန့်ခြင်း တို့သည် မျက်စိတမှိတ်ခန့် ကာလထက် များစွာ ပိုလွန်သည်မှာ အများပင် သိမြင်ထင်ရှားပါ၏။ သို့သော် အမှတ်အသားလွယ်စေရန် အညီအမျှပင် မှန်းဆထားပါလေ။

ဝိပဿနာအလုပ်သည် နာမ်ရုပ်တို့၏ဖြစ်ပျက်တိုင်းသိရ၏။ တခါကွေးသော ကာလ၌ နာမ်ရုပ် ဖြင်ပေါ်သည်မှာ အကြိမ်ပေါင်း ကုဋေတသိန်းရှိ၏။ ဝိပဿနာ ရှုမှတ်ရာ၌ကား တကြိမ်ကွေးလျှင် တခါသာမှတ် ဟု ဆိုသဖြင့် တခါသာ သိနိုင်ရာ၏။ ထို့ကြောင့် ရှေ့စကား, နောက်စကားလည်းမညီ၊ နာမ်ရုပ်တို့၏ဖြစ်ပေါ်လာတိုင်းလည်း အဘယ်သို့ သိမြင်နိုင်ပါမည်နည်း ဟု တွေးတောရန်အချက်ရှိပေသည်။

ရှင်းလင်းစွာ မှတ်သားရန်မှာ မျက်စိတမှိတ်ခန့် ကာလ၌ ကုဋေ တသိန်းဆိုသည်မှာ ပရမတ်တရား တို့၏ သဘာဝဖြစ်စဉ်ကို ပြသည်မှတ်။ ၎င်းအစဉ် သည် ယောဂီပုဂ္ဂိုလ် တို့ ရှုမှတ်ရန် မဟုတ်၊ မြတ်စွာဘုရား တို့၏ ဉာဏ်တော်၌သာ ထင်မြင်နိုင်ရန် ဖြစ်၏။ ယောဂီပုဂ္ဂိုလ်မှာ မျက်စိတမှိတ်, လက်တခါကွေး,တခါ

ဆန့်၍ တချက်သာမှတ်၊ ဤသို့တချက်မှတ်သော်လည်း ၂ ချက်, ၃ ချက်, ၄ ချက်, ၅ ချက်, စသည်ဖြင့် သိလာတတ်၏။ တခါကွေး တချက်မှတ်ဟု ဆိုသည်မှာ အလုပ်ဝင်စ၍ မှတ်ပုံလိုက်စဉ်လွယ်စေရန်ဖြစ်သည်။ လိုက်စဉ်အချိုးကျ၍ ရှင်းလင်းပေါ်လွင်လာသောအခါ မှတ်ရန်အချက်တွေကို မြင်လာလိမ့်မည်။ထိုအခါ အခွင့်သာသမျှကိုပင် ရှုမှတ်ရလေသည်။

ဤအရာ၌ ရုပ်နာမ်တို့ အဖြစ်မှန်, လျင်မြန် သလောက် ယောဂီ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ အထင်အမြင် မပေါ်သော်လည်း မိုးရွာသောအခါ ရေစီးဖောင်း, ရေပွက် တို့၏ အဖြစ်အပျက် လျင်မြန်သလောက်မျှ ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်ရောက်နိုင်လျှင်ပင် အလုပ်ကိစ္စ၌ ပြီးမြောက်နိုင်လေတော့သည် ဟု မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူ၏။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(ဓမ္မ ပဒ ပါဠိတော်)

ပုဗ္ဗုဠကံ-လျင်စွာ ဖြစ်ပျက်, ရေစီးဖောင်း ရေပွက် ကို၊ ပဿေယထာ-မျက်စိနှင့်ပင် ကြည့်ရှုတွေ့မြင်ရသကဲ့သို့ရင်း၊ မရီစိကံ-လိမ်လည်၍ ပြတတ်သော အခိုး တံလျှပ် ကို၊ ပဿေယထာ-မျက်စိနှင့်ပင်ကြည့်ရှုတွေ့မြင်ရသကဲ့သို့ရင်း၊ဧဝံ-ဤအတူ၊လောကံ-နာမ်ရုပ်ဓမ္မ, သင်္ခါရတရားအပေါင်းအစု ပါသော လောက ကို၊ အဝေက္ခန္တံ-ဉာဏ်မျက်စိတွင်, ထင်မြင်သိရှိ၍ နေသောသူကို၊ မစ္စုရာဇာ-သေမင်းသည်၊ နပဿတိ-မမြင်နိုင်။ (ပါဠိတော် အနက်နိသျှသွား)

ဤဒေသနာတော်၏အနက်အဓိပ္ပာယ်မှာ ရုပ်နာမ်သင်္ခါရ

တရားတို့ကို ရေပွက်တံလျှပ်နှင့်တူစွာ ဥပမာပြု၍ ရှုမှတ်ရန်အလို ငှာ ပြတော်မူသည် မဟုတ်၊ ရေပွက် တို့ အဖြစ် အပျက် မြန် သလောက် ရုပ်နာမ်တို့အဖြစ်အပျက်လျင်မြန်သည်ကို ဉာဏ်အမြင် ပေါက်ရန် တံလျှပ်တို့ ခိုင်မာခြင်းသဘော မရှိသကဲ့သို့ ရုပ်နာမ် တို့၏ ခိုင်မြဲခြင်းမရှိသည်ကို အသိဉာဏ် ပေါက်လျှင်ပင် ကိစ္စပြီး မြောက် နိုင်ပုံကို ပြတော်မူလိုရင်း ဖြစ်၏။ ထိုကြောင့် အထက် တွင် ဖော်ပြခဲ့သော သဘောများသည် မိမိထင်မြင်ချက် မျှသာ မဟုတ်၊ ဤဒေသနာတော်၏ အဓိပ္ပာယ်သွားနှင့် တသားတည်း ညီညွတ်သဖြင့် ယုံကြည်ရန် သင့်လှပေတော့သည်။ သိပုံ နှစ်မျိုး တွင် မောဟယှဉ်သော စိတ်တို့၏ သိပုံမှာ အာရုံတခုနှင့် တွေ့ဆုံ လျှင် အဆုံးမသတ်, မရပ်မနားဘဲ အထပ်ထပ် ကြံစည်တွေးတော ၍ နေ၏။ ပညာနှင့်ယှဉ်သော စိတ်တို့၏ သိပုံမှာ အာရုံ တခု နှင့် တွေ့ဆုံရာ၊ ထိုအာရုံ၌ တန့်ရပ်၍မနေဘဲ, အမျိုးမျိုးသော အာရုံ တို့ကို လျင်မြန်စွာပြောင်းလဲ၍ သိမြင်နိုင်လေ၏။

ဥပမာကား-ဉာဏ်သိမျိုးသည် မျက်စိဖြင့် အဆင်းကို မြင် ရာ၌ မြင်ခါမျှဖြစ်၍ ထိုအဆင်းအာရုံကိုကြံစည်ခြင်းမပြုဘဲ၊ မြင် တယ်ဟု မှတ်၍ သိလျှင်အာရုံတမျိုးသို့ လျင်မြန်စွာ ပြောင်းလဲ၏။ မောဟသိမျိုးမှာမူကား မျက်စိဖြင့် ဣဋ္ဌာရုံဖြစ်သော မာတုဂါမ ၏ အဆင်းကိုမြင်သောအခါ မြင်တယ်ဟု မမှတ်သဖြင့် မြင်ခါမျှ မသိ၍ လက် ခြေ အင်္ဂါ နှုတ်ခမ်း သွား မေး စသော သဏ္ဌာန် ဒြဗ် ပညတ်တွေ ပေါ်လာ၏။ ထိုအခါ မှတ်၍သိသောဉာဏ် မပေါ် သေးလျှင် ဆံပင်မှ စ၍ ခြေဖျား တိုင်အောင် အမူအရာ အင်္ဂါ ကြီးငယ်တို့ကို အသွယ်သွယ် စိတ်၌ ချီးမွမ်းသုံးသပ်၍နေ၏။ထိုသို့ ရောက်ရာအာရုံကိုမမှတ်၍ အသိဉာဏ် မဖြစ်သေးလျှင် မူလ မြင် သော မာတုဂါမ ၏ တကိုယ်လုံးကို သုံးသပ်ရုံတွင် မနေဘဲ ထို

မာတုဂါမ၏ အမိအဘစသော တဆွေလုံး တမျိုးလုံးကိုပင် သိမ်းရုံး၍ အာရုံပြုတတ်လေ၏။ဤအစဉ်အတိုင်းအာရုံပြု သုံးသပ်နေသည်အတွင်း၌ ရောက်ရာအာရုံကို မှတ်၍ သိလိုက်လျှင် ထိုအာရုံအစဉ် ပြတ်စဲ၍ တမျိုးသို့ ပြောင်းလဲလေ၏။ ရောက်ရာအာရုံတခုခုကိုမမှတ်၍ အသိဉာဏ်မပေါ်လျှင် ကြံစည်တွေးတောသော အာရုံ၏အစဉ်သည် တန့်ရပ်ခြင်းမရှိဘဲ အမြဲပင်သိမ်းရုံး၍ မီးခိုးမဆုံး, မီးမဆုံး ဆိုသကဲ့သို့ ဖြစ်နေလေတော့၏။ စမ်းကြည့်လျှင် သိသာပါလိမ့်မည်။

**မောင်ရွှေမိုးအဖေ ပြယုဂ်**

ယခု ပြဆိုခဲ့သော မောဟသိ, ပညာသိ နှစ်ပါးတို့၏ ထင်ရှားသိသာပုံ အဓိပ္ပာယ်များကို မှတ်သားရန် သာဓကမှာ ဘုရားသက်တော်ထင်ရှားရှိစဉ်အခါ ဦးရီးတော်ဖြစ်သော တိဿမထေရ်ကြီး ဆွမ်းဘုဉ်းပေးနေရာတွင် သံဃရက္ခိတမည်သော တူတပည့်ရဟန်းငယ် တပါးသည် ယပ်ခတ်၍ပေးနေရင်းပင် လူထွက်ရန် စိတ်ကူး ကြံစည်လေ၏။ ကြံစည်ပုံမှာ- ငါ့မှာ ပိတ် လေးတောင်ရှိ၏၊ ၎င်းပိတ်ကိုရောင်းလျှင် ပိုက်ဆံတမတ်ရ၏၊ ဤပိုက်ဆံတမတ်ဖြင့် ကြက်မကြီးတကောင်ဝယ်၊ ၎င်းကြက်မက ဥဆယ်လုံးပေါက်၍ ကြက်မဆယ်ကောင်ဖြစ်၏၊ကြက်မတကောင်လျှင် ဥဆယ်လုံးပေါက်ပြန်၍ ကြက်မအကောင်တရာ ရ၏၊ ဤကြက်တရာ ကိုတကောင်လျှင်တမတ်နှင့်ရောင်းသော် ငွေ ၂၅ ကျပ်မျှရ၏၊ ၎င်းငွေနှင့် နွားမကြီးတကောင်ဝယ် သုံးနှစ် လည်လျှင် နွားတခြံဖြစ်၏။

ထိုနွားတို့တွင်- အချို့ကိုရောင်းပြီး, မယားတယောက်ယူ၊ မကြာမီ,သားကလေးမွေးဖွားသဖြင့် ကောင်းသောနွားနှင့်လှည်းစီး၍ ဆရာဦးရီးတော်ဖြစ်သော တိဿမထေရ်ကြီးထံသို့ ကံတော့

ရန်လာရာ၊ လျင်မြန်စွာ နွားကပြေး၍ ခလေးလှည်းပေါ်ကစင် ကျသွားသဖြင့် မိန်းမကို စိတ်ဆိုးသဖြင့်၊ နွားမောင်းသောဒုတ် နှင့် တအားလွှဲပြီး ရိုက်လိုက်ရာ၊ ဆရာဦးရိုး၏ဦးခေါင်းကို ယပ် စောင်းခုတ်မိလေသည်။ ထိုအခါ-မထေရ်ကြီးက, ရဟန်းငယ်၏ စိတ်အစဉ်ကို ဆင်ခြင်လေရာ၊ ကြံစည်ပုံအစဉ်ကို သိမြင်တော်မူသ ဖြင့်၊ အပြစ်ရှိသော သင်၏မယားကို မရိုက်ဘဲ၊ အပြစ်မရှိသော ငါမထေရ်အို၏ခေါင်းကို အဘယ်ကြောင့် ရိုက်ဘိသနည်း မောင် ရွှေဖိုးအဖေဟု မိန့်တော်မူလေရာ၊ ရဟန်းငယ်မှာ- လွန်စွာပင်ရှက် လှ၍ တောရာသို့ ထွက်ပြေးလေသတည်း။

မောဟစိတ်မျိုးသည် ဤရဟန်းငယ်ကဲ့သို့ပင်, ကြံစည် သောအာရုံမဆုံးလျှင် စိတ်အစဉ်မပြတ်ဘဲ, ဆက်စပ်၍သာ သွား လေတတ်သည်၊ ၎င်းရဟန်းငယ်၏ ကြံစည်သောအာရုံသည် ဆရာ ၏မဏိ(ဦးခေါင်း)တော်ကို ယပ်စောင်းနှင့် ခုတ်မိသောကြောင့် သာလျှင် စိတ်အစဉ် တန့်ရပ်ပြတ်စဲ၍ သွားရလေသည်။ ဆရာဦး ခေါင်းကို မရိုက်မိလျှင်ဘယ်အာရုံကိုဆိုက်အောင်သွား၍၊ဘယ်မျှ အချိန်ကြာဦးမည်ဟူ၍ပင် မသိနိုင်ဖြစ်လေသည်။ ဤမျှလောက် ကြံစည်နေသော အာရုံပြုသည့် စိတ်အစဉ်အတွင်း၌ တခုခုသော အာရုံရောက်ရာကို မှတ်၍သိပါလျှင်၊ ထိုနေရာတွင် အစဉ်ပြတ်၍ ၎င်း၊အာရုံမှတပါး အခြားအာရုံသို့ပြောင်းရ၏။

ပြောင်းသွားပုံကား- မူလကြံစည်သည်မှစ၍ ကြက်မကို ဝယ်သောအာရုံ၌ ဝယ်တယ်ဟုမှတ်လိုက်လျှင် ဝယ်တာကိုအမှန် သိ၏၊ ဤသို့သိလျှင် ကြက်ကိုရောင်းခြင်း, နွားကိုဝယ်ခြင်း- စ သော အာရုံစိတ်အစဉ်သို့ မလိုက်ဘဲ၊တပါးသောအာရုံသို့ပြောင်း လွှဲကြံစည်မည် ဖြစ်ပေသည်။မယုံလျှင်စမ်းသပ်ကြည့်ရှုကြပါလေ၊ အောက်က ဆိုခဲ့သော, ဒိဋ္ဌေဒိဋ္ဌမတ္တံ-ဟူသည်ကား၊ ဒေသနာ

တော်မှာလည်း ဤသဘောတရားပင် ဖြစ်လေသည်၊ ဣန္ဒြိယသံဝရသီလအကျဉ်း၌ ပြန်ကြည့်လေ။ ဤကား-အသိနှစ်ပါးထူးခြားဟန်ကို မှတ်သားရန် သာဓကနှင့်အမြွက်မျှ ပြဆိုခြင်းပေတည်း။

**သံသရာဆိုတာ ဘာလဲ**

ဝိညာဏ် နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်ရခြင်းကို သံသရာဟု ခေါ်၏၊ တယောက်အတွက်ဆိုလျှင် ထိုသူ၏ ဝိညာဏ် နာမ်ရုပ်တို့ ဆက်ကာ ဆက်ကာ မပြတ်ဖြစ်ခြင်းကို၊ ထိုသူအတွက် သံသရာဟု ခေါ်၏၊ တယောက်အတွက် သံသရာအခြေအမြစ်ကို ရှာလျှင် ရှေးဘဝ၌ အဝိဇ္ဇာကိုတွေ့ရ၍ ဤဘဝ၌ နောက်ဆက်၍ဖြစ်ဘို့ရာ တဏှာကိုတွေ့ရ၏။ မှန်၏။ ရှေးဘဝ အဝိဇ္ဇာမဖြစ်ခဲ့လျှင် ကံသင်္ခါရပင် မဖြစ်တော့ရကား၊ ဤဘဝ၌ ဝိညာဏ်နာမ်ရုပ်တို့ စုပေါင်းလျက်, သတ္တဝါဟု ထင်မြင်ရသော အကောင်အထည် ပေါ်လာမည်မဟုတ်၊ ဤဘဝ၌ဝေဒနာကြောင့် တဏှာမဖြစ်ဘဲ၊ သဒ္ဓါ စသော တရားကောင်းတွေဖြစ်နေလျှင် ဥပါဒါန်နှင့် ကမ္မဘဝ မဖြစ်တော့ရကား (ရဟန္တာဖြစ်လောက်အောင် တဏှာကုန်သူတို့အတွက်) နောက်ဘဝ ဆက်ဘွယ်မရှိ၊ ဝေဒနာကြောင့် တဏှာသည် ဖြစ်သောကြောင့်သာ နောက်ဘဝကိုဆက်ရပြန်လေသည်၊ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာသည် သံသရာစက်၏ အခြေအမြစ် (မူလ)ဟု သိရလေသည်။

ထိုသံသရာကို ကျမ်းဂန်များ၌ နာမ်ရုပ်ဟူ၍၎င်း၊ ခန္ဓာဟူ၍၎င်း၊ အာယတနဟူ၍၎င်း၊ ဓာတ်ဟူ၍၎င်း၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍၎င်း၊ အမျိုးမျိုးခေါ်ဆိုကြ၏။ ထိုတရားတို့သည် အချုပ်အားဖြင့် အမှန်ကိုမသိသောမောဟအဝိဇ္ဇာပေတည်း။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြင့် လွန်ခဲ့ပြီးသော အတိတ်

ဘဝရှိနေကြောင်းကိုပြ၍ သင်္ခါရပစ္စယာဝိညာဏံ-မှစ၍ ဥပါဒါန ပစ္စယာဘဝေါ-ဖြင့် ကမ္မဘဝထိအောင်, ယခုဘဝ၌ဖြစ်ပျက်ပုံကို ပြတော်မူ၏။ မှန်၏။ ရှေးဘဝ၌ သင်္ခါရကြောင့် ယခုဘဝ၌'စိတ် ဝိညာဏ်, စေတသိက်နှင့် ရုပ်ခန္ဓာဖြစ်ရသဖြင့် သတ္တဝါတယောက် အကောင်အထည်ဖော်လာ၏။ ထိုနာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရလျှင်၊ယခုဘဝ၌ မြင်မှု ကြားမှု နံမှု အရသာခံမှု တွေ့ထိမှု စိတ် သိမှုတွေ ဖြစ်ပေါ်ကာ, လူမှုရေးရာတွေ အကုန်အစင် ဖြစ်နေနိုင် လေပြီ။ ထိုအခါ-ဖဿဝေဒနာတဏှာ ဥပါဒါန်ဖြစ်သဖြင့်နောင် ဘဝ၌ ဆက်၍ဖြစ်ဘို့ရာ ကမ္မဘဝဟုခေါ်သော ကံသင်္ခါရတရား တွေ ဖြစ်ရပြန်လေသည်။ ထိုကံသင်္ခါရဖြစ်လာကဘည်းက-အဝိဇ္ဇာ လည်း အရင်းခံပြီး ဖြစ်နေပြန်၏။ ထိုကမ္မဘဝကြောင့် နောက် ဘဝ၌ ပဋိသန္ဓေဝိညာဏ်အသစ်ဟူသော ဥပပတ္တိဘဝ ဖြစ်ပြန်ရ ကား, ဇာတိ ဇရာ မရဏတွေဆက်၍ ပွားပြန်တော့သည်။

ဤဆိုအပ်ခဲ့သည့်နည်းအရ ဝေဖန် စည်းစားလိုက်လျှင် သတ္တဝါဟုရင်း၊ ငါ,သူတပါး,ယောကျ်ားမိန်းမဟူ၍ရင်း, ခေါ်ဆို နေကြခြင်းသည် ဝေါဟာရပညတ်နာမည်မျှသာဖြစ်၏။ စင်စစ် မှာ သတ္တဝါမရှိ,သူငါစသည်မရှိ၊ ရုပ်နာမ်တရားတို့ သူ့သဘာဝ အတိုင်း ဆိုင်ရာကိစ္စကို ရွက်ဆောင်နေကြခြင်းသာဖြစ်လေသည်။ စီမံဖန်ဆင်း၍ ပေးနိုင်သူလည်းမရှိ၊အနတ္တခဏ်း၌ပြခဲ့သော အတ္တ လည်းမရှိ၊ အဝိဇ္ဇာနှင့်သင်္ခါရ စသည်တို့လည်း မည်သည့်ကမ္ဘာက စ၍ ဖြစ်ခဲ့ကြသည်ဟု အစမရှိလေရကား, မိမိလည်း အစမရှိပင် ဖြစ်ရတော့သည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာကို အစတည် ဟောခြင်းမှာ၊လူအစ-အဝိဇ္ဇာကစဖြစ်၍ဟောခြင်းမဟုတ်ပါ၊ရှေး ဘဝအကြောင်းကို ပြလို၍သာ ဟောတော်မူခြင်းဖြစ်သည်။

သတ္တဝါဟူသမျှတို့မှာ- အစဟူ၍ မရှိ ကြကုန်၊ ဘယ်မျှ

လောက်ကြာခဲ့လျှင် သတ္တဝါတကောဇ်မျှ အကြွင်းအကျန်မရှိ ကုန်ဆုံးသော အဆုံးစွန်ကြီးဟူ၍လည်း မရှိကြကုန်၊ မင်္ဂညာဏ်ကိုရ၍ ပရိနိဗ္ဗာန်စံယူကြကုန်သော သတ္တဝါ အချို့မျှသာ အဆုံး ရှိကြကုန်၏။ ထိုကြောင့်-သတ္တဝါတို့ ဖြစ်ရာအစ, ကုန်ရာအဆုံးများကို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့်ပင်, မသိနိုင်, မမြင်နိုင်ဟု အနမတဂ္ဂဒေသနာကို ဟောကြားတော်မူ၏။

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။)

ဘိက္ခဝေ- သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးထောက်ရှု-အိုဘိက္ခုတို့။ အယံသံသာရော-ရုပ်နာမ်ခန္ဓာ,သတ္တဝါတို့၏ဖြစ်စဉ်တည်းဟူသော ဤသံသရာကြီးသည်ကား၊အနမတဂ္ဂေါ-မသိအပ်,မသိနိုင်သောအစရှိ၏။ဝါ၊အစမရှိ၊အဝိဇ္ဇာနီဝရဏာနံ-အဝိဇ္ဇာနီဝရဏသည် ဆို့ပိတ်ဖုံးလွှမ်းအပ်ကုန်လျက်၊ တဏှာသံယောဇနာနံ-တဏှာသံယောဇဉ်ကြိုးတို့ဖြင့်နှောင်ဖွဲ့အပ်ကုန်သည်ဖြစ်၍၊ သန္ဓာဝတံ-ဤလူ့ဘဝမှသည်, ထိုတပါးသောဘဝသို့၊ ထိုတပါးသော ဘဝမှသည်, ဤလူ့ဘဝသို့ တပြောင်းပြန်ပြန် ပြေးသွား၍ နေကြကုန်သော၊ သံသရတံ-ဤလူ့ဘဝမှသည်, ထိုတပါးသော ဘဝသို့၊ ထိုတပါးသောဘဝမှ သည် ဤလူ့ဘဝသို့, တပြောင်းပြန်ပြန်, ကျင်လည်၍ နေကြကုန်သော၊ သတ္တာနံ- သတ္တဝါတို့၏၊ ပုဗ္ဗကောဋိ-ရှေးအစွန်းသည်၊ နပညာယတိ- မထင်။ ဝါ၊ မမြင်။

(ပါဠိတော် မြန်မာပြန်အနက်)

ဗုဒ္ဓဘာသာအလိုမှာ၊ ကမ္ဘာသည်လည်း အစဆုံးကြီးဟူ၍လည်းမရှိ၊ အဆုံးစွန်ကြီးဟူ၍လည်း မရှိ၊ ဖြစ်ချည်, ပျက်ချည် အလည်လည်သာ နေ၏။ ထိုသို့ နေရာတွင် တခု တခု သော

ကမ္ဘာ၌မူကား-အစ,အဆုံး အသီးသီးရှိကြ၏။ ကမ္ဘာကို ပြုစုပျိုး ထောင်မှု,ပျက်မှုတို့မှာ ဥတုဟူသောတေဇောဓာတ်ကြီး၏ တန်ခိုး သတ္တိပင်ဖြစ်၏။ ဆိုခဲ့သော သတ္တဝါအနန္တတို့သည် အောက်ဘုံ တခွင်မှာ ကမ္ဘာပျက်၍ နေသောအခါတို့၌ ကမ္ဘာပျက်ခြင်းမှ လွတ်ကင်းရာအထက်ဘုံတခွင်တို့၌ရောက်၍နေကြကုန်၏။အောက် ဘုံတခွင်မှာ ကမ္ဘာတည်ထောင်၍လာသောအခါ၊ မိမိတို့ ကံပစ်ချ ရာအောက်ဘုံတခွင်သို့ရောက်လာကြကုန်၏။ထိုသတ္တဝါအပေါင်း တို့သည်အောက်၌မဟာအဝီစိငရဲကြီး၊ အထက်၌ဘဝဂ်ခေါ်သော နေဝသညာ နာသညာယတနဘုံ၊ ဤသုံးဆဲ့တဘုံအတွင်း၌စုန်ချည် ဆန်ချည် ကျင်လည်၍နေရကုန်၏။ ခပ်သိမ်းသောသတ္တဝါတို့သည် သဒ္ဒါဝါသ ၅-ဘုံကို ချန်လှပ်၍ ဘယ်ဘုံကိုမျှ မရောက်ဘူးဟူ၍ မရှိကြကုန်၊ ကိုယ်တိုင်သိကြကုန်၏။ ကမ္ဘာပျက်သောအခါ၊ ခပ် သိမ်းသောသတ္တဝါတို့သည် ကမ္ဘာတိုင်း ကမ္ဘာတိုင်း ဗြဟ္မာပြည်မှာ ချည်း ဖြစ်ကြကုန်၏။ ယခုအခါ- အပါယ်လေးဘုံ၌ ရှိနေကြရ ကုန်သော သတ္တဝါတို့သည် အထက်ဗြဟ္မာဘုံမှ အဆင့်ဆင့်လျော ကျ၍လာကြကုန်သော သတ္တဝါတို့ချည်းပေတည်း။ ဤသို့ အား ဖြင့် အနမတဂ္ဂကမ္ဘာတခွင် ဩကာသပြင်ဝယ်, သတ္တလောက ခေါ် ရုပ်နာမ်ခန္ဓာ သံသရာဆက်ကာ, ဆက်ကာ ကျင်လည်၍ သွားပုံတည်း။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဘောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

(အဋ္ဌကထာပါဌ်)

ခန္ဓာနံ-ခန္ဓာငါးပါး, သဠာယတန နာမ်တရားတို့၏ ပဋိ ပါဋိစ-အစဉ်သည်၎င်း၊ ဓာတု အာယတနာနံ- ဓာတ် အာယတန တရားတို့၏၊ ပဋိပါဋိစ-အစဉ်သည်၎င်း၊ အဗ္ဘောစ္ဆိန္နံ- အဆက်

မပြတ်,အထပ်ထပ်အဖန်ဖန်၊ဝတ္တမာနာ-အဝိဇ္ဇာကြောင့် ရှည်ကြာကာလ,ဖြစ်ပျက်မြင်, ရှည်,ကျင်လည်၍နေရသည်ကို၊ သံသာရောတိ-မပြတ်ဖြစ်လာ, သံသရာဟူ၍၊ ပဝုစ္စတိ- သမုတ်ပညတ် ခေါ်ဆိုအပ်၏။

**အဝိဇ္ဇာကြောင့် သံသရာလည်ပုံ**

အဝိဇ္ဇာပစ္စယာ- ယခုပစ္စုပ္ပန်ဘဝ၌ ခဏခဏ ဖြစ်၍နေသော သဘာဝဓမ္မ ပရမတ္ထရုပ်နာမ်ကို ဝိပဿနာဉာဏ်ပညာဖြင့် အဟုတ်အမှန်,ဝိဇ္ဇာဉာဏ် အလင်းရောက်, မသိမမြင်ခြင်းကြောင့်၊ သင်္ခါရာ- နောင်အနာဂတ်ဘဝ၌ များလှစွာသော ပဋိသန္ဓေဝိညာဏ် အပါယ်လေးပါးဟူသော, ဘဝကိုဖြစ်စေတတ်ကုန်သော အကုသိုလ်စေတနာတို့သည်၊ သမ္ဘဝန္တိ-အသစ်အသစ်, အဆင့်ဆင့် ဖြစ်ပေါ်၍ လာကြလေကုန်၏။

ပဋိစ္စသမုပ္ပါဒ်-အနုလုံပါဠိလျှောက် အစိပ္ပါယ်မှာ-အဝိဇ္ဇာဖြစ်ပေါ်လာသောကြောင့် သင်္ခါရဖြစ်ရသည်၊ သင်္ခါရဖြစ်ပေါ်လာသောကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့်ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့်ဇာတိဖြစ်၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-မီး ဖြစ်ပေါ်လာပြီး၊ ဆင်းရဲဒုက္ခအစုကြီး, ဆင်းရဲဒုက္ခကောင်ကြီးတွေ ဖြစ်ပေါ်နေရသည် ဟူ၍ ဟောတော်မူ၏။

ဤပဋိစ္စသမုပ္ပါဒ် တရားတော်၌ အောက်က ဆိုခဲ့သည့်အတိုင်း၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြင့် လွန်ခဲ့သော အတိတ်ဘဝရှိနေကြောင်းကိုပြ၍ သင်္ခါရပစ္စယာ ဝိညာဏံ-မှစ၍ ဥပါဒါန ပစ္စ

ယာဘဝေါ-၌၊ကမ္မဘဝ ထိအောင် ယခုဘဝ၌ဖြစ်ပျက်ပုံကိုပြတော်မူ၏၊ မှန်၏၊ ရှေးဘဝ၌ သင်္ခါရကြောင့် ယခုဘဝ၌ စိတ်ဝိညာဏ်, စေတသိက်နှင့် ရုပ်ခန္ဓာ ဖြစ်ရသဖြင့် သတ္တာ တဦး တယောက် အကောင်အထည်ပေါ်လာ၏။ ထိုနာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရလျှင် ယခုဘဝ၌ မြင်မှု ကြားမှု နံမှု အရသာခံစားမှု တွေ့ထိမှု စိတ်သိမှုတွေ ဖြစ်ပေါ်လာကာ၊ လူမှုရေးရာတွေ အကုန်အစင် ဖြစ်နေနိုင်လေပြီ၊ ထိုအခါ- ဖဿဝေဒနာမှစ၍ ဥပါဒါန် ဖြစ်သဖြင့် နောက်ဘဝ၌ဆက်၍ ဖြစ်ဘို့ရာ,ကမ္မဘဝဟု ခေါ်သော ကံသင်္ခါရတရားတွေ ဖြစ်ရပြန်လေသည်။ ထိုကံသင်္ခါရ ဖြစ်လာကတည်းက အဝိဇ္ဇာလည်း အရင်းခံပြီးဖြစ်နေပြန်၏။ ထိုကမ္မဘဝကြောင့်- နောင်ဘဝ၌ ပဋိသန္ဓေဝိညာဏ်အသစ်ဟူသော ဥပပတ္တိဘဝ ဖြစ်ပြန်ရကား- ဇာတိဇရာမရဏတွေ ဆက်၍ ပွားပြန်တော့သည်။ ဤကား-အဝိဇ္ဇာမောဟကြောင့် သံသရာတခွင်,ကျင်လည်ပုံပင်တည်း၊ (အောက်ကလည်းရေးခဲ့ပြီ။)

**သံသရာစက် ကျိုးပြတ်ပုံ**

သံသရာစက်, ကျိုးပျက်ပုံသဘောမှာကား၊ ကွေးခြင်းအမူအရာဟူသော နာမ်ရုပ်တချက် ဖြစ်ပေါ်လာသော ဝီထိစိတ်တကြိမ်ဖြစ်ရာ၌ ကွေးတယ်ဟု မှတ်လျှင် ကွေးသည်ဟုသိ၏။ သိခြင်းဟူသည် ဝိဇ္ဇာခေါ် ဝိပဿနာဉာဏ်မည်၏။ ထိုဝိပဿနာဉာဏ် အသိပညာပါသော ဝီထိစိတ်အကြိမ်၌ မောဟအဝိဇ္ဇာမဖြစ်၊ မောဟအဝိဇ္ဇာမဖြစ်လျှင် ဤဝီထိစိတ်အကြိမ်၌ပါသော ဇောစိတ်အတွက် အပါယ်သို့လားရန်ဖြစ်သောဘဝတို့သည် ချုပ်ငြိမ်းကွယ်ပျောက်ကုန်၏။ဤသို့အမောဟဉာဏ်ပညာပါလျှင် မောဟအဝိဇ္ဇာမဖြစ်နိုင်သဖြင့် နောင်,အနာဂတ်ကာလ၌ အပါယ်လားရန် ဘဝကင်းပြတ်သော သဘောမျိုးကို သံသရာစက် ပျက်သည်,ပြတ်သည်ဟု ခေါ်ဆိုရလေသည်။

"အဝိဇ္ဇာယ တွေဝ, အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော" အဝိဇ္ဇာယတွေဝ-ယခုပစ္စုပ္ပန် ဘဝ၌ ခဏခဏဖြစ်၍ နေသော-သဘာဝဓမ္မ, ပရမတ္ထရုပ်နာမ်ကို ဝိပဿနာပညာဖြင့် အဟုတ်အမှန်, ဝိဇ္ဇာဉာဏ်အလင်းရောက်,မသိမမြင်ခြင်းဟူသော, မောဟအမိုက်မှောင်၏သာလျှင်၊ အ, သေသ ဝိရာဂ နိရောဓာ-အကြွင်းမရှိ,အသိဉာဏ်အလင်းပါသော, ဝိထိစိတ်ဖြင့်, မဖြစ်ပေါ်လာဘဲ ချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော-နောင်အနာဂတ်ကာလ၌, များလှစွာသော,ပဋိသန္ဓေ ဝိညာဏ်, အပါယ်လေးပါးဟူသော, ဘဝတို့ကို ဖြစ်စေတတ်ကုန်သော- အကုသိုလ်စေတနာ သင်္ခါရတို့၏ အဆင့်ဆင့် ကုန်ဆုံး ချုပ်ငြိမ်း ခြင်း သည်၊ သမ္ဘဝတိ၊ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဌ်လျှောက် အဓိပ္ပါယ်မှာ-အဝိဇ္ဇာ မဖြစ်လျှင် သင်္ခါရမဖြစ်၊သင်္ခါရမဖြစ်လျှင် ဝိညာဏ်မဖြစ်၊ဝိညာဏ် မဖြစ်လျှင် နာမ်ရုပ်မဖြစ်၊ နာမ်ရုပ်မဖြစ်လျှင် သဠာယတနမဖြစ်၊ သဠာယတနမဖြစ်လျှင် ဖဿမဖြစ်၊ ဖဿမဖြစ်လျှင် ဝေဒနာမဖြစ်၊ ဝေဒနာမဖြစ်လျှင် တဏှာမဖြစ်၊ တဏှာမဖြစ်လျှင် ဥပါဒါန် မဖြစ်၊ ဥပါဒါန်မဖြစ်လျှင် ဘဝမဖြစ်၊ ဘဝမဖြစ်လျှင် ဇာတိ မဖြစ်၊ ဇာတိမဖြစ်လျှင် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-မီးတွေ မဖြစ်ပေါ်ဘဲ၊ အမြဲမုချ ဒုက္ခဇာတ်သိမ်း အေးငြိမ်းရသည်ဟူ၍ ဟောတော်မူ၏။

ဝိညာဏ်နာမ်ရုပ်တို့ ဆက်ကာ, ဆက်ကာ ဖြစ်ရခြင်းကို သံသရာဟုခေါ်၏။ တယောက်အတွက်ဆိုလျှင် ထိုသူ၏ ဝိညာဏ် နာမ်ရုပ်သို့ ဆက်ကာ, ဆက်ကာ ဖြစ်ခြင်းတို့ကို ထိုသူအတွက် သံသရာခေါ်၏။ တယောက်အတွက်သံသရာအခြေအမြစ်ကိုရှာလျှင် ရှေးဘဝ၌ အဝိဇ္ဇာကိုတွေ့ရ၍ ဤဘဝ၌ နောက်ဆက် ဖြစ်ဘို့ရာ

တဏှာကို တွေ့ရ၏-ဟု အောက်ကလည်း ရေးခဲ့ပြီ၊ ပဋိစ္စသမုပ္ပါဒ် ဟူသည် ဆိုခဲ့သည့်အတိုင်း သံသရာကိုပင်ခေါ်သဖြင့် သူ့အခက်အား မှာလည်း ထပ်မံတင်ပြရခြင်းဖြစ်လေ၏။ ထိုစကားသည် မှန်၏။ ရှေးဘဝ၌ အဝိဇ္ဇာမဖြစ်ခဲ့လျှင် ကံသင်္ခါရပင်မဖြစ်ခဲ့ရကား၊ ဤဘဝ၌ ဝိညာဏ်နာမ်ရုပ်တို့ စုပေါင်းလျက်, သတ္တဝါဟု ထင်မြင်ရသော အကောင်အထည် ပေါ်လာမည်မဟုတ်၊ ဤဘဝ၌ ဝေဒနာကြောင့် တဏှာမဖြစ်ဘဲ, သဒ္ဓါစသော တရားကောင်းတွေ ဖြစ်နေလျှင် ဥပါဒါန်နှင့် ကမ္မဘဝမဖြစ်တော့ရကား,နောက်ဘဝ ဆက်ဖွယ်မရှိ၊ ဝေဒနာကြောင့် တဏှာစသည် ဖြစ်သောကြောင့်သာ, နောက်ဘဝကို ဆက်ရပြန်လေသည်၊ ထိုကြောင့် အဝိဇ္ဇာ နှင့်တဏှာသည် သံသရာစက်၏ အခြေအမြစ်ဟု သိရ၏။ "အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ ဝေဒိတဗ္ဗာနိ" ဟူသော လက်သန်း အဋ္ဌကထာကို ထောက်လေ၊ အဝိဇ္ဇာသည် ပဋိစ္စသမုပ္ပါဒ် ရှေ့ အစွန်း၏ မူလမည်၏။ တဏှာသည်ပဋိစ္စသမုပ္ပါဒ်နောက်အစွန်း၏ မူလမည်၏ဟူ၍လည်း ခွဲခြမ်းစိတ်ဖြာ၍ သိမှတ်ကြလေကုန်။

ထိုကြောင့် ဤသံသရာ စက်ရဟတ် အဆက် မပြတ် လည်နေရသောအကြောင်းရင်းမူလ, ရေသောက်မြစ် အဝိဇ္ဇာနှင့် တဏှာကို တဒင်္ဂဝိက္ခမ္ဘန ပဟာန်တို့ဖြင့် အဆင့်ဆင့် ထုချေ၍ သမုစ္ဆေဒပဟာန် အရဟတ္တ မဂ်ဉာဏ် သန်လျက်ဖြင့် အကြွင်းမဲ့ ခုတ်စင်း, ချုပ်ကင်းအောင် ပြုနိုင်က၊ ဝဋ္ဋဒုက္ခသံသရာ စက်ရဟတ် အဆက်ပြတ်၍ တချက်တည်းရပ်လေတော့၏။ တဏှာနှင့် အဝိဇ္ဇာ ပြတ်လျှင် သင်္ခါရလည်းမဖြစ်, ကမ္မဘဝလည်းမဖြစ်တော့ရကား, နောင်ဘဝ၌ ဝိညာဏ်အဆက် မရှိတော့ဘဲသတ္တဝါတဦးတယောက် အတွက်မှာ သံသရာအဆက်ပြတ် အသင်္ခတဓာတ်သာ,တည်ရလေ တော့သည်။ ထိုကြောင့်—

တေသမေဝ စ မူလာနိ၊ နိရောဓေန နိရုဇ္ဈတိ။
ဇရာမရဏမုစ္ဆာယ၊ ပီဠိတာန မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။

ဟု ကမ္မာကျော်အရှင်အနုရုဒ္ဓါထေရ်ဆရာက မိန့်ဆိုတော်မူ၏။

စ-သံသရာစက်-ပြတ်ပုံကို ဆိုဦးအံ့။ တေသမေဝ မူလာနံ-ထိုအဝိဇ္ဇာနှင့်တဏှာ နှစ်ပါး, မူလတရားတို့၏ သာလျှင်၊ နိရောဓေန-အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့်, ညက်ညက်ခုတ်စင်း, ချုပ်ငြိမ်းခြင်းကြောင့်၊ ဝဋ္ဋ-ဆင်းရဲကြီးလှ, တေဘူမက ဝဋ္ဋဒုက္ခသည်၊ နိရုဇ္ဈတိ- ဘဝဇာတ်သိမ်း, ရုပ်ငြိမ်း ချုပ်ရလေ၏။ ဇရာမရဏမုစ္ဆာယ-အိုခြင်း သေခြင်း တွေဝေ မိန်းမောခြင်းဖြင့်၊ ဝါ-အိုခြင်း သေခြင်း တွေဝေမိန်းမောခြင်းသည်၊ အဘိဏှသော-မပြတ်မလပ်, အထပ်ထပ်၊ ပီဠိတာနံ- နှိပ်စက် အပ်ကုန်သော လူနတ် ဗြဟ္မာ သတ္တာတို့အား၊ အာသဝါနံ- အာသဝတရားတို့၏၊ သမုပ္ပါဒါ-ခန္ဓာအတွင်း, ဖြစ်ပေါ်နေခြင်းကြောင့်၊ အဝိဇ္ဇာစ-မောဟပ်တ်ကာ,အဝိဇ္ဇာသည်လည်း၊ ပဝတ္တတိ-ဖြစ်ရလေ၏။

(ဂါထာမြန်မာပြန် နိသျှသွားတည်း)

ဤဂါထာ၌"တေသမေဝ စ မူလာနံ, နိရောဓေနနိရုဇ္ဈတိ" ဟူသော ရှေ့နှစ်ပါဒဖြင့် သံသရာစက်, ပြတ်ပုံရပ်ပုံကို ပြဆို၍ နောက်လေးပါဒဖြင့် သံသရာစက်လည်ရခြင်း၏ အကြောင်းရင်း မူလကိုပြဆို၏။ ထိုကြောင့်- သံသရာ စက်ရဟတ်လည်ပုံ, ရပ်ပုံကို အနုလုံ ပဋိလုံရောယှက်၍ လိုရင်းအချက်ကျကျ, အကျဉ်းချုပ် ပြဆိုလိုက်ပေဦးအံ့။

**ဆိုလိုရင်း အတွက်** ထိုဂါထာလာ- အဓိပ္ပါယ်ကောက်နုတ်ချက်ကား ဤသို့တည်း၊ မသိ, ဝိဇ္ဇာ၊ သိ, ဝိဇ္ဇာ၊ မသိ လျှင် လိုချင်၊ သိလျှင်မလိုချင်၊လိုချင်လျှင်ဖြစ်၊ မလိုချင်လျှင်

မဖြစ်၊ ဖြစ်လျှင် ပျက်ရ၊မဖြစ်လျှင်မပျက်ရ၊ပျက်လျှင်ဒုက္ခ၊ မပျက်လျှင် သုခ- ငြိမ်းအေးရ၊ မသိအစ-သိကအဆုံး ကိစ္စတုံးသည်- သုံးဘုံလူနတ်သဘောတည်း။ဤလင်္ကာကို အမြဲနှုတ်ရှုသွင်း၍ ဆောင်မှတ်လေ့လာထားပါ။

မသိ အဝိဇ္ဇာ၊ သိ ဝိဇ္ဇာ- ဆိုရာ၌ ဤကား အကြောင်းတရား, ဤကား အကျိုးတရားဟု မသိတာ အဝိဇ္ဇာ။ဤကား- ရုပ်, ဤကား-နာမ်ဟု မသိတာ အဝိဇ္ဇာ၊ အကျဉ်းအားဖြင့် သိစရာရှိသမျှ မသိတာကို အဝိဇ္ဇာဆိုသည်။

ဤကား အကြောင်းတရား, ဤကား- အကျိုး တရားဟု သိတာ- ဝိဇ္ဇာ၊ ဤကား-ရုပ်, ဤကား-နာမ်ဟု သိတာ- ဝိဇ္ဇာ၊ အကျဉ်းအားဖြင့် သိစရာရှိသမျှအကြွင်းအကျန်မရှိ အကုန်သိတာကို ဝိဇ္ဇာဆိုသည်။ အဝိဇ္ဇာကား-မောဟစေတသိက်, ဝိဇ္ဇာကား-အမောဟ ပညိန္ဒြေစေတသိက်တည်း။

မသိလျှင် လိုချင်,သိလျှင်မလိုချင်-ဆိုရာ၌ ရုပ်နာမ် တို့၏ ဖြစ်မှု-ပျက်မှုကို သိစရာရှိသမျှ မသိကြသောကြောင့် လူအဖြစ်, နတ်အဖြစ်, ဗြဟ္မာအဖြစ်ကို လိုချင်ကြသည်၊ လိုချင်တာ-တဏှာ လောဘဘဲ၊ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်လျှင်, သိလျှင်၊ လူအဖြစ်, နတ်အဖြစ်, ဗြဟ္မာအဖြစ်ကို ကြောက်စရာကြီးထင်၍ မလိုချင်၊ မလိုချင်တာဟာ- အလောဘစေတသိက်ဘဲ။

လိုချင်လျှင်ဖြစ်, မလိုချင်လျှင် မဖြစ်-ဆိုရာ၌ လူဖြစ်လို, နတ်ဖြစ်လို,ဗြဟ္မာဖြစ်လိုသောကြောင့် ဖြစ်ကြရသည်၊ဘာဖြစ်လဲ, ရုပ်နာမ်ဖြစ်၊လူမဖြစ်လို,နတ်မဖြစ်လို,ဗြဟ္မာမဖြင်လိုလျှင် မဖြစ်ကြရ၊ ဘာမဖြစ်လဲ, ရုပ်နာမ်မဖြစ်၊ ရုပ်နာမ်မဖြစ်တာ-နိဗ္ဗာန်ဘဲ၊ ဖြစ်လျှင် ပျက်ရ, မဖြစ်လျှင်,မပျက်ရ-ဆိုရာ၌ ရုပ်နာမ်ဖြစ်လျှင် ပျက်ရမြဲ၊ ရုပ်နာမ်မဖြစ်လျှင် ပျက်စရာမရှိ၍ မပျက်ရ,အမြဲနိဗ္ဗာန်ဘဲ။

ပျက်လျှင်ဒုက္ခ,မပျက်လျှင်သုခ-ဆိုရာ၌၊ ပျက်လျှင်ဆင်းရဲဒုက္ခ ရောက်ရ၏၊ မပျက်လျှင်, အစဉ်ချမ်းသာရ၏။ ဤချမ်းသာကို နိဗ္ဗာန်ချမ်းသာဟုဆိုသည်။ (ကင်းတယ်, ကုန်တယ်, ချုပ်တယ်,ငြိမ်းတယ်ဆိုတာနှင့် မဖြစ်ဆိုတာ, သဘောမှာ အတူတူမှတ်ကြ။)

မသိအစ,သိကအဆုံး-ဆိုရာ၌၊ သံသရာစက်ရဟတ်, ပဋိစ္စသမုပ္ပါဒ်၌ မသိအဝိဇ္ဇာအရင်းမူလ, အာဒိအစဖြစ်သောကြောင့်၊ သိ-ဆိုတဲ့ ဝိဇ္ဇာဉာဏ်အလင်း ဖြစ်ပေါ် လာလျှင်၊ မသိ အဝိဇ္ဇာ မှောင် ချုပ်ငြိမ်းကင်းပျောက်၍ ဟင်းလင်းဟာလာ,သိစရာရှိသမျှ တဖက်ကမ်းရောက်, အဆုံးတိုင် ထွင်းပေါက်၍ သိလေတော့သည်။

အဝိဇ္ဇာကား-အမှောင်, ဝိဇ္ဇာကား အလင်းရောင်၊ ဉာဏ်ရောင်အလင်းရလျှင် အဝိဇ္ဇာမှောင် ကင်းပျောက်စမြဲတည်း။ သိစရာရှိသမျှအကုန်အစင် သိမြင်လျှင်၊ နောက် တဖန် သံသရာ၌ ပြုဘွယ်ကိစ္စမရှိဆုံးလေ၏။ ရပ်လေ၏၊ သံသရာစက်ပြတ်လေ၏။ ထို့ကြောင့်- သိက-အဆုံး ကိစ္စတုံးသည်, သုံးဘုံ လူနတ် သဘောတည်း-ဟု စပ်ဆိုလိုက်ပေသည်။

ဤဒေသနာတော်အရ၊ ပြဆိုခဲ့သော အဓိပ္ပါယ်များဖြင့် သံသရာစက်ရဟတ် အစဉ်မပြတ်ဖြစ်၍ လည်ပုံ,ပျက်စီးသွားပုံများကို ပိုင်းခြား၍ သိကြပါလေ၊ ကျမ်းဂန်များ၌ မူလအစွန်း အစပ်အလွှာ အဂ္ဂါ စသည်ဖြင့်လာရာ၊ သဘာဝ ဓမ္မတို့၏ အစဉ်ကို ပညတ်တင်၍ ထင်မြင်ရန်ပြဆိုသော ဒေသနာနည်းမျှသာဖြစ်၏။ ယောဂီပုဂ္ဂိုလ် ဝိပဿနာအလုပ်၌ အသုံးပြုရန် ပြဆိုသောနည်းမဟုတ်ပေ၊သို့တစေလည်း အချို့နေရာများမှာ သရုပ်သကျာများကို ထည့်သွင်းဖော်ပြလိုက်ခြင်းမှာ သုတေသီများအတွက် သိမှတ်

လေ့လာနိုင်စေရန်ငှါ၊ အသိဉာဏ်အလွန်နည်းသူ မန္ဒပုဂ္ဂိုလ်များ သိမှတ်စေခြင်းအကျိုးငှာရင်း, ရည်သန်ချက်များဖြစ်ပေသည်။

**အဝိဇ္ဇာယ် အချုပ်သဘော**

မသိသောမောဟနှင့်ယှဉ်၍ဝိထိစိတ်တကြိမ်ဖြစ်သည်ကို သံသရာစက်ရဟတ်, တချက်လည်သည်ဟုဆို၏။ ပဋိစ္စသမုပ္ပါဒ်ဟူသည် နောင်ဖြစ်ရန်ဘဝအတွက်, မပျက်နိုင်အောင် တံဆိပ်ဖြင့်ရိုက်နှိပ်၍ မှတ်ပုံတင်ထားခြင်းပေတည်း၊ သိသောပညာနှင့်ယှဉ်၍ ဝိထိစိတ်တကြိမ်ဖြစ်သည်ကို သံသရာစက်ရဟတ်တခုပျက်သည်ဟု ဆို၏။ နောင်ဖြစ်ရန်ခန္ဓာဘဝ မရှိခြင်းပေတည်း။

လိုရင်းမှာ- မသိသော စိတ်အကြိမ်သည်၊ဘဝတိုးပွားလာရန် အမှောင်လမ်းဖြစ်၏။သိသောစိတ်အကြိမ်သည်ဘဝ ချုပ်ငြိမ်းရန် အလင်းလမ်းဖြစ်၏။ ဤအဝိဇ္ဇာယ် သဘောမျိုးကိုပင် ရည်၍ "မသိလျှင်တွယ်-သိလျှင်ပြယ်၏၊ မသိလျှင်ဘေး-သိလျှင်အေး၏" ဟု ရွှေကျင်ဂိုဏ်းဦးစီးနာယက ဒီပဲရင်းဆရာတော်ကြီး ရေးသားတော်မူလေသည်၊ အလုပ်ကိစ္စ၌ပါဝင်ပြီးစီးသော, သဘောမျှကို သာယူရမည်၊ သရုပ်သဏ္ဍာကိုပြသော ဒေသနာနည်းကို မလိုက်နှင့်။ ဒေသနာနည်းဖြစ်သော ပညတ်ကို လိုက်နေလျှင် သဘာဝပရမတ်ကို မထိခိုက်နိုင်၊ ပရမတ်သို့ မထိခိုက်သမျှ ဝိပဿနာဝိဇ္ဇာ ဉာဏ်စခန်းသို့ မရောက်နိုင်ချေ။ ဝိပဿနာ လုပ်ငန်း ဟူသည် ဆိုခဲ့သည့်အတိုင်း, ပရမတ်ရုပ်နာမ်တို့ကို အသိမှန်ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာအောင်ပြုလုပ်ခြင်းပင်ဖြစ်ပေ၏။ ။ဤအချက်များကို ယောဂီပုဂ္ဂိုလ်တိုင်း-ဉာဏ်ပိုင်အောင် လေ့လာ စဉ်းစားကြပါလေ။

မောဟသည် အမိုက်မှောင်နှင့်တူ၏။ အမောဟသည် ဆီမီးရောင်နှင့်တူ၏၊ မီးရောင်လာလျှင် အမှောင်ပျောက်၍ မီးရောင်

ပျောက်လျှင် အမှောင်ရောက်မြဲဖြစ်၏။ ထို့အတူ- အသိဉာဏ် အလင်းရောင်ဖြစ်ပေါ်လျှင် မသိသောမောဟအဝိဇ္ဇာမှောင် ချုပ် ပျောက်၍ အသိဉာဏ်အမှန်အလင်း မဖြစ်ပေါ်လျှင် မသိသော အဝိဇ္ဇာမှောင် ရောက်လာ၏။ ထို့ကြောင့်- ဝီထိအစဉ်၌ ပါသော, ကွေးခြင်း ဆန့်ခြင်းစသော နာမ်ရုပ်ဖြစ်ပေါ်သည်ကိုသူ့သဘော အတိုင်း အမှန်သိသော အလင်းရောင် ဝိဇ္ဇာဉာဏ်ဖြစ်အောင်၊ကွေး လျှင်ကွေးတယ်, ဆန့်လျှင်ဆန့်တယ်- စသည်ဖြင့် ဖြစ်ပေါ်လာ သော အမူအရာအလုံးစုံကို အကုန်အစင်ပင် မှတ်ရလေသည်။

သို့ဖြစ်၍ အဝိဇ္ဇာမှောင်ကြီး ကင်းပပြီး ဝိဇ္ဇာဉာဏ်အလင်း ရောင်ကိုရအောင် ကြံဆောင်ကြိုးကုတ် ဝိပဿနာအလုပ်ကို အား ထုတ်ကြရမည်၊ ဝိပဿနာကိုအားထုတ်ခိုက်, တဒင်္ဂဉာဏ်အလင်း ရောင်ရလျှင်ဘဲ, စူဠသောတာပန် ဟူသော အမည် တမျိုး ပြောင်း လဲလျက်၊ အန္ဓဗာလ ပုထုဇဉ်အဖြစ်မှ လွတ်ထွက်၍၊ ကလျာဏ ပုထုဇဉ် အရေအတွက်တွင် စာရင်းဝင်လေ၏။ ထိုထက်လွန်ကျူး အထူးအားထုတ်နိုင်ပါက ပါရမီပြည့်ဝလျှင် ဤဘဝတွင်အဝိဇ္ဇာ မှောင် ပယ်ရှင်း၍ ဝိဇ္ဇာဉာဏ်ရောင် အလင်းဖြင့် တလင်းထဲလင်း, တကြည်ထဲကြည်ပြီး သံသရာစက်ရဟတ် အလည်ရပ်၍ကိစ္စအပြီး သတ်နိုင်၏။

ဆောင်မှတ်ရန် ရစနာဂါထာကား-

စက္က မာဗန္ဓ မိစ္စေဝံ၊ ပုဗ္ဗာ ပရ ပဝတ္တနံ၊
အဝိဇ္ဇုပ္ပါဒံ ဘမတိ၊ ဝိဇ္ဇုပ္ပါဒေဝ တိဋ္ဌတိ။

ဣစ္စေဝံ- ယခင်ပြဆို အပ်ခဲ့ပြီးသော နည်းဖြင့်၊ ပုဗ္ဗာပရပ ဝတ္တနံ-ရှေ့နောက်မပြတ်,ကြောင်းကျိုးစပ်၍, ဝဋ္ဋမပြတ်ကင်း,ဖြစ် ခြင်းရှိသော၊ အာဗန္ဓံ-မရပ်မတည်, မပြတ်လည်ထသော၊ စက္ကံ-

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည်၊ အဝိဇ္ဇာပုပ္ပါဒံ-အဝိဇ္ဇာမှောင်ကြီးဖြစ်နေသမျှ ကာလပတ်လုံး၊ ဘမတိ-မဲရပ်မတည်, ပတ်ပတ်လည်နေလေ၏။ ဝိဇ္ဇုပ္ပါဒေဝ-ဝိဇ္ဇာဉာဏ်ရောင်, ထွန်းပြောင်လင်းကာ, ဖြစ်ပေါ်လာသော်သာလျှင်၊ ဝါ-ဝိဇ္ဇာဉာဏ်အလင်း, ထွန်းလင်းပြောင်စွာ ဖြစ်ပေါ်လာမှသာလျှင်၊ တိဋ္ဌတိ-ပုံဘွယ်ကိစ္စ,ဟူသမျှပြီး, တခါတည်းပြတ်, ရပ်ရလေတော့သတည်း။

**ရုပ်နာမ်ဖြစ်ခြင်း အကြောင်း**

ထိုသို့သံသရာလည်ရာ၌ သုဒ္ဓါဝါသ ဘုံမှာ, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ် ဟူသော အရိယာပုဂ္ဂိုလ် သုံးယောက်သာ ရသောကြောင့်၊ ကြွင်းနှစ်ဆဲ့ခြောက်ဘုံ၌သာ ပုထုဇဉ်များ ကျင်လည်ရသည်၊ အတိတ်ဘဝကရုပ်နာမ်သည်သေပြီးနောက် ပစ္စုပ္ပန်ဘဝသို့မပါ၊ ပစ္စုပ္ပန်ဘဝမှဖြစ်သော ရုပ်နာမ်သည်လည်း အနာဂတ်ကာလသို့ ပြောင်းရွှေလိုက်ပါ၍ မသွား။

> န ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌတိ၊ နဋ္ဌတောဂန္တွာတိ အဓိပ္ပါယော န ဟိ ပုရိမဘဝပရိယာပန္နော ကောစိဓမ္မော ဘဝန္တရံ သင်္ကမတိ၊နာပိ ပုရိမဘဝ ပရိယာပန္န ဟေတူဟိ ဝိနာ ဥပ္ပဇ္ဇတိ၊ ပဋိဃောသ ပဒီပမုဒ္ဒါဝိယ၊ (ဋီကာ)

အကျဉ်းအားဖြင့် အဝိဇ္ဇာတဏှာ ဥပဒါန်ကံ- ဟူသော ဇနက အကြောင်းတို့ကြောင့်၊ ရုပ်နာမ်ဟူသော အကျိုးတရားနှစ်ပါး ဘုံသုံးပါးမှာ လှည့်လည်ဖြစ်ပေါ်နေသည်ဟု မှတ်ကြလေ၊ ဤနေရာဝယ်၊ ဒိဋ္ဌိနှစ်မျိုးမဖြစ်ရအောင် သတိထားရန်အရေးကြီး၏။ ဘဝဟောင်းက ဝိဉာဏ်ကောင်သည်၊ ဘဝအသစ် ပြောင်းရွှေ၍ဖြစ်၏ဟု ယူဆလျှင်-ဝိဉာဏ်သည် မပျက်မစဲခိုင်မြဲဟုဟူသော သဿတဒိဋ္ဌိဖြစ်ရာ၏။ ဘဝဟောင်းက ရုပ်နာမ်ဟူသမျှ လုံးဝ

အဆက်အသွယ်မရှိဘဲပြတ်စဲကြ၏၊ "ဤဘဝဤကိုယ်-နောက်ဘဝ နောက်ကိုယ်သာတည်း" ဟုယူဆပြန်လျှင်လည်း သတ္တာဟူသမျှ သေလျှင်ပြီးတာဘဲ့ ပြတ်တာဘဲ-ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ ၏။ ထို့ကြောင့်- ထိုဒိဋ္ဌိနှစ်မျိုး မဖြစ်ရအောင် ပဲ့တင်သံ- စသော ဥပမာတို့နှင့် နှိုင်းယှဉ်၍ စည်းစားဆင်ခြင်ရာ၏။ဆိုလိုရင်းမှာ-ရှေး ဘဝက ရုပ်နာမ်ဟာ့ ဘဝတပါးသို့ ပြောင်းရွှေ၍ မလိုက်၊ ရှေး ဘဝက အကြောင်းတရားနှင့် ကင်း၍လည်း ဘဝသစ်၌မဖြစ်ဟု ဆိုလိုသတည်း။ ခဲရပ်ဖြစ်၍ ကြပ်ကြပ်ဝေဖန်လေ့လာပါလေ။

ဥပမာလာစကား အဓိပ္ပာယ်၊ တောတောင် အတွင်း၌ "ဟေး"ဟုဟစ်အော်သောအခါ၊တောထဲကလည်းပြန်၍"ဟေး" ဟု အသံတခုထွက်ပေါ်လာ၏။ ထိုအသံကို ပါဠိလို"ပဋိဃောသ" မြန်မာလို "ပဲ့တင်သံ"ဟုခေါ်၏။ထိုအသံသည် အစပထမအော် လိုက်သော လူ့အသံလည်းမဟုတ်၊ လူ့အသံနှင့်ကင်း၍လည်း ထိုပဲ့ တင်သံ မဖြစ်နိုင်။ဆီမီးတခုမှ မီးကူးယူရာ၌ မူလဆီမီးသည် နောက် ဆီမီးခွက်သို့ပြောင်း၍ မသွား၊ မူလဆီမီးနှင့်ကင်း၍လည်း နောက် ဆီမီးအသစ် မဖြစ်နိုင်၊ တံဆိပ်ခပ်နှိပ်ရာ၌လည်း မူလရင်းတံဆိပ် သည် စက္ကူပေါ်သို့ ပြောင်းရွှေ့ကပ်ပါသွားသည် မဟုတ်၊ မူလ ရင်းတံဆိပ်နှင့်လည်းကင်း၍ မဖြစ်နိုင်။ ဒါတွေကို ကျမ်းဂန်တို့၌၊ ပဋိဃောသ ပဒီပမုဒ္ဒါဝိယ့ဟုဆိုသတည်း၊ အထက်ပါဋ္ဌိကာပါဠိ ကို ပြန်ကြည့်လေ။

စင်စစ်မှာ- ဆိုခဲ့သော ဥပမာများအတိုင်း၊ ရှေးဘဝ ဝိညာဏ်အဟောင်းသည့် နောက်ဘဝသို့ ပြောင်းရွှေ့ ဖြစ်သည် မဟုတ်၊ ရှေးဘဝသင်္ခါရတို့နှင့်ကင်း၍လည်း ဘဝသစ်၌ ဝိညာဏ် အသစ် မဖြစ်နိုင်၊ ရှေးသင်္ခါရကြောင့်သာ- ဝိညာဏ်အသစ် ဖြစ်ရ သည်ဟူသော ဝါဒကို မှတ်သားထိုက်လှ ပေသည်။ သဘောကျ

လျှင်-သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူမှလွတ်၏၊အမှောင်လက်ဝဲလမ်း ဆရာများ အလင်းလက်ျာလမ်းသို့ လိုက်မိအောင် အထူးသတိ ဆောင်သင့်လှပေသည်။ (အထက်-ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုရာအခဏ်း၌ အကျယ်ပြပါဦးမည်)

## ရုပ်နာမ်လောကကို ပြဆိုရာအခဏ်း

အမှာစကား- ဒေသနာတိပညတ္တိ-အရ၊ ဒေသနာဟူသည် ပညတ်မျှသာဖြစ်၏။သို့အတွက်-ဝိပဿနာယောဂီသူမြတ်တို့အား၊ သရုပ်သဘောဒေသနာ အဆိုအမိန့်များသို့ မလိုက်ရဟုအောက်က မှာကြားရေးသားခဲ့၏။သို့သော်-ဝိပဿနာဟူသည်ရုပ်နာမ်အလုပ် ဖြစ်၍ ဝိပဿနာခေတ်မှာ ရုပ်နာမ်တရားများကို မသိလျှင်မဖြစ် နိုင်တော့ပါဟု သူတော်အချို့တို့က, ဤကျမ်းစာကို ပြုစုနေဆဲ တွင် လျှောက်ထားတောင်းပန်ကြသဖြင့် အချက်ကျစွာပင်ဤနေ ရာ၌ ရုပ်နာမ်တို့၏ သရုပ်သဘောသဘောများကို လေ့လာနိုင်ကြ စေရန် စနစ်တကျ တင်ပြလိုက်ပေသည်။

**ရုပ် ၂၈ ပါး သရုပ်** ထိုရုပ်သည်။ ၁-မဟာဘုတ်၄ခု၊ ၂-ဥပါဒါရုပ် ၂၄ ခုဟူ၍ အရင်းခံ နှစ်မျိုးပြား၏။ ကြီးသည် ဖြစ်၍ ထင်စွာ ဖြစ်ခြင်းကြောင့် မဟာဘုတ်ခေါ်သည်။ ထိုမဟာဘုတ်ကိုစွဲမှီ၍ ဖြစ်ခြင်းကြောင့် ဥပါဒါရုပ် ခေါ်သည်ဟု မှတ်။ ၎င်းရုပ်နှစ်မျိုးကိုပင် တဆဲ့တပါးသောအပြားတို့ဖြင့် ရေ တွက်ထားသည်။ ရေတွက်ပုံမှာ- ၁-ဘူတရုပ်၊ ၂-ပသာဒရုပ်၊ ၃-ဝိသယရုပ်၊ ၄-ဘာဝရုပ်၊ ၅-ဟဒယရုပ်၊ ၆-ဇီဝိတရုပ်၊ ၇-အာ ဟာရရုပ်၊ ၈-ပရိစ္ဆေဒရုပ်၊ ၉-ဝိညတ်ရုပ်၊ ၁၀-ဝိကာရရုပ်၊ ၁၁-လက္ခဏာရုပ် တို့တည်း။

ဘူတရုပ်လေးပါး။ ။၁-ပထဝီမြေ၊ ၂-အာပေါရေ၊

၃-တေဇောဓာတ်၊ ၄-ဝါယောလေ၊ ဤရုပ်လေးပါးတို့သည် အစဉ်အတိုင်း၊ကထိနတ္တ-ခက်တရော်ရှိသည်၏အဖြစ်၊ဒဝတ္တ-ပျော်ခြင်းအိသည်၏အဖြစ်၊ဥဏှတ္တ-ပူသည်၏အဖြစ်၊ဝိတ္ထမ္ဘနတ္တ-ခိုင်းစေသည်၏အဖြစ် အသီးသီးလက္ခဏာရှိကုန်၏။

ပသာဒရုပ်ငါးပါး။ ။၁-စက္ခု မျက်စိ၊ ၂-သောတ နား၊ ၃-ဃာန နှာခေါင်း၊ ၄-ဇိဝှါ လျှာ၊ ၅-ကာယကိုယ်ခန္ဓာ။

ဝိသယရုပ်ခုနစ်ပါး။ ။၁-ရူပ အဆင်း၊ ၂-သဒ္ဒ အသံ၊ ၃-ဂန္ဓ အနံ့၊ ၄-ရသ အရသာ၊ ၅-ဖောဋ္ဌဗ္ဗ အတွေ့အထိ၊(ပထဝီ တေဇော ဝါယော ဘုတ် ၃-ပါးကို ဖောဋ္ဌဗ္ဗာရုံဟု မှတ်)

အမှာ။ ။ဂေါစရရုပ်နှင့် ဝိသယရုပ်တို့မှာ အတူတူဟု သိလေ။ ဘာဝရုပ်နှစ်ပါး။ ။၁-မိန်းမအဖြစ်၊ ၂-ယောကျ်ားအဖြစ်။

ဟဒယရုပ်တပါး။ ။ဟဒယဝတ္ထု(စိတ်နှလုံး မှီရာ)။

ဇီဝိတရုပ်တစ်ပါး။ ။ဇီဝိတိန္ဒြေ(ရုပ်အသက်)။

အာဟာရရုပ်တစ်ပါး။ ။ကဗဠီကာရာဟာရ(ရသဩဇာဓာတ်)။

အမှာ။ ။ဤဆိုခဲ့သော ရုပ် ၁၈ ပါးကို ရုပ်အစစ်ဟု ခေါ်သည်။ ၎င်းရုပ်တို့ကို အရာဌာနအားလျော်စွာ သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မာသနရုပ်-ဟူ၍လည်း ခေါ်သေးသည်။

ပရိစ္ဆေဒရုပ်တစ်ပါး။ ။အာကာသဓာတ်။

ဝိညတ်ရုပ်နှစ်ပါး။ ။၁-ကာယဝိညတ်၊ ၂-ဝစီဝိညတ်။

ဝိကာရရုပ်ငါးပါး။ ။နိပ္ဖန္နရုပ်၏ ၁-လဟုတာ, ပေါ့သောအဖြစ်၊ ၂-မုဒုတာ, နူးညံ့သောအဖြစ်၊ ၃-ကမ္မညတာ,

အမှု၌ကောင်းသော အဖြစ်၊ ၄- ကာယဝိညတ်, ကိုယ်အမူအရာ၊ ၅-ဝစီဝိညတ်,နှုတ်အမူအရာ။

လက္ခဏာရုပ်လေးပါး။ ။စက္ခုစသောရုပ်၏ ၁-ဥပစယ,ဖြစ်ဆဲ၊ ၂-သန္တတိ,ဖြစ်စဉ်၊ ၃-ဇရတာ, ရင့်သောအဖြစ်၊ ၄-အနိစ္စတာ, ပျက်သော အဖြစ်။

အထူးကား။ ။၎င်းလေးပါးတို့တွင်- ဥပစယနှင့်သန္တတိကို ဇာတိဥပါဒ်ရုပ်မှတ်၊ ဇရတာ ကိုဌီရုပ်ဟုမှတ်၊ အနိစ္စတာကို ဘင်ရုပ်ဟု ခွဲခြား သိမှတ်ကြလေ။

အမှာ။ ။ဤဆိုခဲ့သော ရုပ် ၁၀-ပါးကို ရုပ်အတုခေါ်သည်မှတ်၊ ၎င်းရုပ်တို့ကို ရုပ်စစ်မှ ပြန်သောအားဖြင့် အသဘာဝရုပ်-စသည်ဖြင့် ခေါ်သေးသည်ဟုလည်း ရှေးနည်းကိုမှီ၍ သိကြလေ၊ သို့ဖြစ်၍ ပရမတ္ထတရားမှာပင်လည်း၊ အစစ်, အတု ရှိသေးသည်၊ သိရှိနားလည်ရန် တင်ပြလိုက်ခြင်းဖြစ်သည်။

အကျဉ်းမှတ်လိုလျှင်၊ ဘူတရုပ် ၄ ခု၊ ပသာဒရုပ် ၅ ခု၊ ဝိသယရုပ် ၇ခု၊ ဘာဝရုပ် ၂ခု၊ ဟဒယရုပ် ၁ခု၊ ဇီဝိတရုပ် ၁ခု၊ အာဟာရရုပ်၁ခု၊ ပရိစ္ဆေဒရုပ် ၁ခု၊ ဝိညတ်ရုပ် ၂ခု၊ ဝိကာရရုပ် ၅ခု၊ လက္ခဏာရုပ် ၄ ခု ဟု ရေတွက်လေ။ အထူးမှာ ရုပ် ၅ခု ပိုနေလိမ့်မည်။ နှစ်ခါပါနေသောရုပ်ကို အဂ္ဂမာဏဂမာဏ နည်းဖြင့် တခါသာယူလေ၊ သို့မှ ရုပ် ၂၈ ခု ဖြစ်လိမ့်မည်။

**နာမ် ၅၃ ပါး သရုပ်**

စိတ်နှင့် စေတသိက်ကို အာရုံကိုသိတတ်, အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်ဟုခေါ်သည်။

ထိုနာမ်သည် စိတ်အားလုံးကို လက္ခဏာတူ ၁-ခု ယူ၍ လက္ခဏာကွဲ စေတသိက် ၅၂ ပါးကို ၅၂ခုပင်ယူ၍ နာမ် ၅၃ပါးဖြစ်ရသည်ဟု လိုရင်းကို ရှေဦးစွာ သိမှတ်ထားကြကုန်ရာသည်။ မှန်၏၊ ထိုစိတ်ကို ဘုမ္မိဘေဒနည်းအရ၊ ကာမစိတ်,ရူပစိတ်,

အရူပစိတ်, လောကုတ္တရာစိတ်ဟူ၍၎င်း၊ ဇာတိဘေဒ နည်းအရ၊ အကုသိုလ်စိတ်, ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်ဟူ၍၎င်း၊ တခုယုတ်ကိုးဆယ်,အကျယ် ၁၂၁ ပါးဟူ၍၎င်း ကျမ်းဂန်များ၌ ပြဆိုထား၏။ ၎င်းပြင် ကိစ္စသင်္ဂဟအရ ဝီထိ စိတ်အားဖြင့်လည်း အမည်အမျိုးမျိုး သရုပ်သင်္ချာများကို ဖော်ပြလျက်ရှိ၏။ ထိုသို့ ဖြစ်ရာ၌ တစုံအခု-အကြောင်းကိစ္စ,အခိုက်အတန့်ကိုစွဲ၍စွဲ၍အမည် အမျိုးမျိုးခေါ်ဆိုခြင်းသာဖြစ်၍ သရုပ်သင်္ချာမှာလည်းများပြား ရလေသည်။ စင်စစ်မှာကား-ဆိုခဲ့သည့်အတိုင်း အာရုံကို သိခြင်း လက္ခဏာ သဘော တခုသာရှိ၍ နာမ် ၅၃ ပါးထဲတွင် ၁-ပါးသာ ပါဝင်ခွင့်ရလေသည်။

ထိုတွင် စေတသိက် ၅၂ ပါးအနက်၊ အကောင်းနာမ်က ၂၅ ပါး၊အဆိုးနာမ်က ၁၄ ပါး၊ အကောင်း အဆိုး နှစ်ဘက်ရ နာမ်က ၁၃ ပါး ပါဝင်၏။ အကောင်းအဆိုးဟူသည် ပရမတ္ထ၏ သဘောရင်းမဟုတ်ပေ၊အကျိုးပေးကိုရည်၍ တင်စား၍ပြောခြင်း သာဟု သိမှတ်ကြရမည်။စိတ်မှာကား-ကြည်လင်သောရေ၌-ဆေး စက်ကျသကဲ့သို့ စေတသိက်ကိုလိုက်၍ အကောင်းအဆိုး(ကုသိုလ်, အကုသိုလ်)စသည်ဖြစ်ရလေတော့သည်။ စင်စစ်မှာ- စေတသိက် နာမ်တရားသည် ဆေးနှင့် ဥပမာတူသည်။ စိတ်နာမ်တရားသည် ရေနှင့် ဥပမာတူ၏။ ဆေးကိုလိုက်၍ ရေအရောင် ဖြစ်ပေါ်လာ သကဲ့သို့ မှတ်ကြရမည်။

**စေတသိက် ၅၂-ပါး** အညသမာန်းရာသီ၌ ၁-ဖဿ၊ ၂-ဝေဒနာ၊ ၃-သညာ၊ ၄-စေတနာ၊ ၅-ဧကဂ္ဂတာ၊ ၆-ဇီဝိတိန္ဒြေ၊ ၇-မနသိကာရ-အားဖြင့် သဗ္ဗစိတ္တသာဓာ ရဏစေတသိက် ၇-ပါး၊ ၁-ဝိတက္က၊ ၂-ဝိစာရ၊ ၃-အဓိမောက္ခ၊

၄-ဝီရိယ၊ ၅-ပီတိ၊ ၆-ဆန္ဒအားဖြင့် ပကိဏ်းစေတသိက် ၆-ပါး နှစ်ရပ်ကိုပေါင်းသော် ၁၃ ပါး တရာသီဖြစ်၏။

အကုသလ ရာသီ၌ ၁-မောဟ၊ ၂-အဟိရိက၊ ၃-အနောတ္တပ္ပ၊ ၄-ဥဒ္ဓစ္စ၊ ၅-လောဘ၊ ၆-ဒိဋ္ဌိ၊ ၇-မာန၊ ၈-ဒေါသ၊ ၉-ဣဿာ၊ ၁၀-မစ္ဆရိယ၊ ၁၁-ကုက္ကုစ္စ၊ ၁၂-ထိန၊ ၁၃-မိဒ္ဓ၊ ၁၄-ဝိစိကိစ္ဆာအားဖြင့် အကုသိုလ် စေတသိက် ၁၄ ပါးတရာသီ ဖြစ်၏။

သောဘနရာသီ၌ ၁-သဒ္ဓါ၊ ၂-သတိ၊ ၃-ဟိရီ၊ ၄-ဩတ္တပ္ပ၊ ၅-အလောဘ၊ ၆-အဒေါသ၊ ၇-တတြမဇ္ဈတ္တတာ၊ ၈-ကာယပဿဒ္ဓိ၊ ၉-စိတ္တပဿဒ္ဓိ၊ ၁၀-ကာယလဟုတာ၊ ၁၁-စိတ္တလဟုတာ၊ ၁၂-ကာယမုဒုတာ၊ ၁၃-စိတ္တမုဒုတာ၊ ၁၄-ကာယကမ္မညတာ၊ ၁၅-စိတ္တကမ္မညတာ၊ ၁၆-ကာယပါဂုညတာ၊ ၁၇-စိတ္တပါဂုညတာ၊ ၁၈-ကာယုဇုကတာ၊ ၁၉-စိတ္တုဇုကတာ-အားဖြင့် သောဘနသာဓာရဏ စေတသိက် ၁၉ပါးတရပ်။

၁-သမ္မာဝါစာ၊ ၂-သမ္မာကမ္မန္တ၊ ၃-သမ္မာအာဇီဝ-အား ဖြင့် ဝိရတီ စေတသိက် ၃ ပါး တရပ်။

၁-ကရုဏာ၊ ၂-မုဒိတာအားဖြင့် အပ္ပမညာ စေတသိက် ၂-ပါးတရပ်၊ ပညိန္ဒြေအမည်ရှိသော အမောဟစေတသိက် ၁-ပါး တရပ်၊ ဤသို့အားဖြင့် ၄ရပ်ပေါင်းသော် သောဘန စေတသိက် ၂၅ ပါး တရာသီ ဖြစ်၏။ သုံးရာသီပေါင်းလျှင် စေတသိက် ၅၂ ပါးဖြစ်သတည်း။

အထူးသိရန်မှာ အထက်ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာ လေး ပါးဆိုလတ့ံ စကားနှင့်မညီပါတကား၊ စောဒနာလျှင် အဒေါသ ဖြင့် မေတ္တာကို တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုယူလျှင်ညီညွတ် ပါလိမ့်မည်။

သတိပြုရန်အမှာစကား။ ။နာမ်ရုပ်တရားတို့ကို ပြဆိုရာတွင် ပရမတ္ထတရားလေးပါးအနက်၊ စိတ်နှင့် စေတသိက်များသာ ကုန်သေး၍ နိဗ္ဗာန်တရားတခု ကျန်နေသေးရာ၊ နာမရူပဒုက်-နာမံ အရဟောထားချက်၌ နာမ်မည်ကြောင်းမှာ ထင်ရှားလှ၏၊ ထိုသို့ နိဗ္ဗာန်သည်နာမ်မည်သော်လည်းဖြစ်ခြင်း,ပျက်ခြင်း(ဥပါဒ်-ဘင်) မရှိရကား၊ထိုနာမ်-၅၃-ပါးထဲ၌ မပါဝင်ဟု မှတ်ကြ၊တနည်း-ဌီဟု ဆိုလိုသည်၊ သို့ရာတွင် ရုပ်နာမ် သရုပ်ခွဲရာ၌ကား, နာမ်ဘက်က ထား၍ ရေတွက်ကြရမည်၊သို့အတွက် ဆိုခဲ့သည့် ရုပ်- ၂၈ ပါးနှင့်၊ နာမ်-၅၃ ပါးကို အရိယာတက်လမ်း ဝိပဿနာစခန်း၌ ရုပ်နာမ် ခေါ်သည်ဟု သားစဉ်မြေးဆက်, တသက်ပတ်လုံး အသက်ဆုံး အောင် သိမှတ်ထားကြလေ။

ရုပ်နာမ်ဟုသာမညဆိုသော်လည်း,တေဘူမက သင်္ခါရဖြစ်သော နာမ်ရုပ်၊ ဝါ၊လောကီစိတ်စေတသိက်ဟူသောနာမ်,ရုပ်-၂၈ ခု ကိုသာ ဆိုသည်ဟု ဝိသေသ အဓိပ္ပါယ်ကိုလည်းခွဲခြမ်းစိတ်ဖြာ၍ ဉာဏ်သက်ဝင်ကြလေဦး၊ ကျမ်းဂန် တတ်သူပင်ဖြစ်စေကာ- သတိ မမူ ဂူကို မမြင် ဖြစ်တတ်သည်၊ စေတသိက်တို့၏ အသေးစိတ် သဘော လက္ခဏာများကို သင်္ဂြိုဟ်စေတသိက်ကို လေ့လာပြီး သိ ကြပါလေ။

**သတ္တလောက**
**ဩကာသလောက**

ဤနေရာ၌ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်မှု သင်္ခါရ လောကကိုပြဆိုလျှင်ဩကာသလောကခေါ် ဘုံ-၃၁-နှင့် သတ္တလောကခေါ် ပုဂ္ဂိုလ်-၁၂-ယောက်၊ဝါ၊ ၂၁၄-ယောက်ကိုလည်း ခြွင်းချန်ထားခဲ့၍ မဖြစ်နိုင် ပေ၊ အမှန်ပင်သိရန်လိုအပ်သည်၊ လေးကျွန်းတမြင့်မိုရ် ဘုံ-၃၁ ကို စကြာဝဠာလောကဓာတ် တခုခေါ်သည်၊ စင်စစ်မှာ ထိုကဲ့သို့-ဘုံ အနန္တ, စကြာဝဠာအနန္တပင် ရှိလေသည်၊ သတ္တလောက ပုဂ္ဂိုလ်-

၁၂-ယောက်ဟူသည်မှာ၊ပုထုဇဉ်၄-ယောက်၊အရိယာ ၈-ယောက်ကိုခေါ်သည်ဟု သာမန်အားဖြင့် မှတ်ထားကြဦး၊ မဂ္ဂဋ္ဌာန် ၄-ယောက်,ဖလဋ္ဌာန် ၄-ယောက်ကို အရိယာ ၈-ယောက်ဆိုသည်။

ပုထုဇဉ် ၄-ယောက်ကား—၁-ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ ၂-သုဂတိအဟိတ် ပုဂ္ဂိုလ်၊ ၃-ဒွိဟိတ် ပုဂ္ဂိုလ်၊ ၄- တိဟိတ် ပုဂ္ဂိုလ် တို့တည်း။

မဂ္ဂဋ္ဌာန် ၄-ယောက်ကား— ၁-သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ ၂-သကဒါဂါမိ မဂ္ဂဋ္ဌာန်၊ ၃-အနာဂါမိ မဂ္ဂဋ္ဌာန်၊ ၄-အရဟတ္တ မဂ္ဂဋ္ဌာန် တို့တည်း။

ဖလဋ္ဌာန် ၄-ယောက်ကား- ၁-သောတာပတ္တိ ဖလဋ္ဌာန်၊ ၂-သကဒါဂါမိ ဖလဋ္ဌာန်၊ ၃-အနာဂါမိ ဖလဋ္ဌာန်၊ ၄-အရဟတ္တ ဖလဋ္ဌာန် တို့တည်း။

မှတ်ရန်။ ။သောတာပတ္တိ မဂ္ဂဋ္ဌာန်နှင့် သောတာပတ္တိ ဖလဋ္ဌာန် ၂-ယောက်တတွဲကို တစုံဟုခေါ်သည်၊ ကျန် ၃-စုံမှာလည်း နည်းမှီး၍ သိသာပါပြီ၊ ၎င်းကိုပင်"စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ"ဟုဆိုလေသည်။

အထူးသိရန်မှာ။ ။ပုဂ္ဂိုလ် ၁၃-ယောက်ရှိ၏၊ အဓိပ္ပာယ်သဘာဝ လုံးဝ ကွဲပြားခြားနားသော အသညသတ်သုဂတိ အဟိတ် ပုဂ္ဂိုလ်ကို လူနှင့် စာတုမဟာရာဇ်ဘုံတို့၌ ရှိသော သုဂတိ အဟိတ် ပုဂ္ဂိုလ်နှင့် သုဂတိ အဟိတ်သာမန်ဖြင့် အမည်တူသည့် အတွက် ပေါင်းပြီး ပြထားသဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ဖြစ်နေ၏၊ တနည်းလည်း တိဟိတ် ပုထုဇဉ် အနေနှင့် တိုက်ရိုက်ယူလျှင် အသင့်ပင်ဖြစ်၏၊ ၂၁၄-ယောက် သရုပ်မှာ ဘုံနှင့်တွဲ၍ နောက်မှ ပြပါလိမ့်မည်။

ထိုပုဂ္ဂိုလ် ၁၂-ယောက်တွင်ရဟန္တာပုဂ္ဂိုလ်သည် သေသာသေ၍ မရှင်၊ရှင်သာရှင်၍ မသေသောပုဂ္ဂိုလ်မည်သည်မရှိ၊ပုထုဇဉ် ၄-ယောက်နှင့် အောက်ဖလဋ္ဌာန် ၃-ယောက်တို့မှာ သေလည်းသေ ရှင်လည်းရှင် နှစ်မျိုးလုံးရ၏၊ မဂ္ဂဋ္ဌာန် ၄-ယောက်ကား-သေလည်း မသေ ရှင်လည်းမရှင် နှစ်ပါးလုံးပင်မရမှတ်၊သို့အတွက် လောက၌ မသေသော ပုဂ္ဂိုလ်မည်သည် မရှိဟု ပြောဆိုရိုးစကားရှိကြပေမဲ့၊ မဂ္ဂဋ္ဌာန် ၄-ယောက်ဟာ မည်သည့်အခါမှ သေရိုးထုံးစံမရှိ၊ မသေရုံသာမဟုတ် ရှင်လည်းမရှင်၊ဤ၌ မရှင်သည်ဟူသည်မှာ ပဋိသန္ဓေမနေမှုကိုခေါ်သည်၊ ဤကား အဆိုပါပုဂ္ဂိုလ် ၁၂-ယောက်ကို စက်လှည့်ပြပုံပင်တည်း။

သြကာသ လောကခေါ် ၃၁-ဘုံဟူသည်ကား- ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံကို ခေါ်သည်ဟု သာမန် အားဖြင့်ရှေးဦးစွာ မှတ်ထားကြဦး၊ ထိုတွင် ကာမ ၁၁-ဘုံ ဟူသည်, အပါယ် ၄-ဘုံ၊ လူ့ ဘုံ၊ နတ်ပြည် ၆-ထပ်တို့ကိုခေါ်သည်။

အပါယ် ၄-ဘုံကား—၁-ငရဲ၊ ၂-တိရစ္ဆာန်၊ ၃-ပြိတ္တာ၊ ၄-အသူရကာယ်တို့တည်း၊ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသည်။ တဘုံလျှင် ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ၁-ယောက်စီရ၍ ၄-ဘုံ၌ ၄-ယောက်ရသည်မှတ်၊အသက်တန်းအပိုင်းအခြားမရှိ ကံသာလျှင်ပမာဏဟု သိမှတ်ထားကြလေ။

လူ့ဘုံဟူသည် ၁-ပုဗ္ဗဝိဒေဟ၊ ၂-အပရဂေါယာ၊ ၃-ဥတ္တရကုရု၊ ၄-ဇမ္ဗူဒီပါကျွန်းကြီး လေးကျွန်းကို ခေါ်သည်။ ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁-ခု၊မဟာဝိပါက်စိတ် ၈-ခု၊ ဤ၉-ခုသော စိတ်တို့ဖြင့် ယထာရဟ ပဋိသန္ဓေနေကြသည်၊ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ကြဉ်သော ကျန် ပုဂ္ဂိုလ် ၁၁ ယောက်ရ၏။အသက်အပိုင်းအခြားမရှိဟု သင်္ဂြိုဟ်၌ဆိုသော်လည်း

ဇမ္ဗုဒီပါတကျွန်းမှာသာ မရှိ၊ ကြွင်း ၃ကျွန်းမှာ ခုနစ်ရာ, ငါးရာ, တထောင်စီအစဉ်အတိုင်း ရှိကြသည်။ သို့အတွက် "တေသု စတူသု အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဉ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ" သင်္ဂဟပါဌ်လာ မနုဿာနံ-အရကို ဇမ္ဗုဒီပါကျွန်းနေလူများကိုသာ မှတ်ရမည် ဟု အဖေဂ္ဂုသာရဋီကာဆရာ ဆို၏။

ထိုစကားသည် မှန်၏။ ဇမ္ဗုဒီပါကျွန်း၌သာ ရံခါအသခေျ်ယျတန်း၊ ရံခါ ဆယ်နှစ်တန်းဖြစ်၍ အတက် အဆုတ် ရှိသည်။ တခြားကျွန်းများ၌ကား ထိုသို့မရှိလေ၊ သဗ္ဗညုဗုဒ္ဓတို့ မည်သည်လည်း ဒီ,ဇမ္ဗုဒီပါကျွန်းအလယ်ဗဟိုချက်မ၊ ဘုမ္မိနက်သန်, နိုင်ငံအိန္ဒိယ, မဇ္ဈိမဒေသဟု သတ်မှတ်ထားသည့်, အလျားယူဇနာ သုံးရာ၊အနံယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်း ယူဇနာကိုးရာ, အတွင်း၌သာ ပွင့်တော်မူမြဲဓမ္မတာဖြစ်သည်။ ပစ္စေကဗုဒ္ဓ, သာဝကများလည်း ၎င်းအရပ်မှာသာ အဖြစ်များကြ လေသည်။ သို့အတွက် မိမိတို့နေထိုင်ရာအရပ်သည် ရပ်ပြစ်ရှစ်ပါး အပါအဝင် ပစ္စန္တအရပ်မှ အလွတ်ပါတကားဟု သိမှတ်ရန်တင်ပြလိုက်သည်။

ထိုမဇ္ဈိမဒေသကို သက္ကတအဘိဓာန်တို့၌ မြောက်ဘက်ကို ဟိမဝန္တာတောင်, တောင်ဘက်ကိုဝိဥ္ဈျာတောင်, အရှေ့ဘက်ကို ပယာဂဆိပ်ခေါ် အလာဟာဘတ်မြို့, အနောက်ဘက်ကို ကုရုတိုင်းခေါ် ပန်ဂျပ်နယ်တို့ဖြင့် ပိုင်းခြားအပ်၏။ ဘုရားဒေသနာတော်၌ကား-အရှေ့ဘက် ဂဇင်္ဂလ နိဂုမ်း၏ အနောက်ဘက်ရှိသစ်ပင်ကြီး၊ အရှေ့ဘက်၌ သလ္လဝတီမြစ်, တောင်ဘက်၌ သေတကဏ္ဏိနိဂုမ်း, အနောက်ဘက်၌ ထုဏပုဏ္ဏားရွာ၊ မြောက်ဘက်၌ ဥသိရဒ္ဓဇတောင်, ငါးဌာနတို့ဖြင့် ပိုင်းခြား သတ်မှတ်ထား၏၊ သို့အတွက်

အိန္ဒိယပြည်ကြီး၌လည်း ထိုဆိုခဲ့သည့် ပြင်ပဒေသများသည် ပစ္စန္တအရပ်ချည်းသာဖြစ်ကြကုန်၏။

နတ်ပြည် ၆-ထပ်ကား ၁-စာတုမဟာရာဇ်၊ ၂-တာဝတိံသာ၊ ၃-ယာမာ၊ ၄-တုသိတာ၊ ၅-နိမ္မာနရတိ၊ ၆-ပရနိမ္မိတဝသဝတ္တီ-ဘုံတို့တည်း၊ ၎င်းတွင် လူ့ဘုံကိုထည့်လျှင် ကာမသုဂတိ ၇-ဘုံခေါ်သည်။ နောက် အပါယ် ၄-ဘုံကိုထည့်လျှင် ကာမ ၁၁ ဘုံဖြစ်လေသည်။စာတုမဟာရာဇ်ဘုံ၌ ပဋိသန္ဓေစိတ်နှင့်ပုဂ္ဂိုလ်အရမှာ လူ့ပြည်နှင့်တူ၏။ သို့အတွက် လူနှင့် စာတုမဟာရာဇ် ၂-ဘုံ၌ တဘုံလျှင် ၁၁-ယောက်ကျစီ ၂-ဘုံမှာ ၂၂-ယောက်ရ၏၊အသက်တန်းကား နတ်သက် ငါးရာရှည်၏၊ လူသက်နှင့်တွက်လျှင် အနှစ် ၉-သန်း ဖြစ်သတည်း။

ကျန်နတ်ပြည် ၅-ထပ်မှာ ပဋိသန္ဓေ စိတ်ကား မဟာဝိပါက် ၈-ခုဖြစ်၍ ပုဂ္ဂိုလ်အရမှာ ဒု-သုကြဉ်သော ပုဂ္ဂိုလ် ၁၀ ယောက်ရသည်။ ဤနတ်ပြည် ၅-ထပ်မှာ တဘုံလျှင် ၁၀ယောက်စီဖြစ်၍ ၅-ဘုံ၌ ၅၀-ရ၏။ တာဝတိံသာ ဘုံ၌ နတ်သက် တထောင်၊ လူ့သက် ၃-ကုဋေ၊ ၆သန်း ရှည်၏။ ယာမာဘုံ၌နတ်သက် ၂-ထောင်၊ လူ့သက် ၁၄-ကုဋေ ၄-သန်းရှည်၏။တုသိတာဘုံ၌ နတ်သက် ၄-ထောင်၊ လူ့သက် ၅၇-ကုဋေ ၆-သန်းရှည်၏။ နိမ္မာနရတိဘုံ၌ နတ်သက် ၈-ထောင်, လူ့သက် ကုဋေ ၂-ရာ့ ၃-ဆယ်၊ အနှစ် ၄သန်းရှည်၏။ ပရနိမ္မိတဝသဝတ္တီဘုံ၌ နတ်သက် ၁-သောင်း ၆-ထောင်၊ လူ့သက် ကုဋေ ၉-ရာ့ ၂-ဆယ့် ၁-ကုဋေ၊ ၆-သန်း ရှည်သည်။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ အစနှင့်အဆုံးကိုသာ ဖော်ပြထား၍ အလယ်တရိုးကို "စတုဂုဏံ"လေးဆတက်ရန်ကိုသာညွှန်ပြထားသည်။ ဤစံပြကျမ်း၌ စာရှုသူများ လွယ်လင့်တကူ သိစေ

ခြင်းအကျိုး၄ ၁ အသေအချာတွက်ပြီးဖော်ပြလိုက်ပေသည်။ တွက်နည်းပုံစံကား-လူ့ပြည်၌ အနှစ် ၅ဝ-မှာ စတုမဟာရာဇ် နတ်ပြည်၌ တရက်ဖြစ်၏။ လူ့မှာ ၁၅ဝဝ-မှာ စတုမဟာရာဇ်ဘုံ၌ တလ ဖြစ်၏။ လူ့မှာ ၁၈ဝဝဝ-မှာ စတုမဟာရာဇ်ဘုံ၌ တနှစ်ဖြစ်၏။ ဤနှစ်မျိုးနှင့် ၅-ရာ၊ လူ့မှာ ၉-သန်း ဖြစ်သတည်း။ ဤပုံစံကို နည်းမှီ၍ အထက်နတ်ပြည်တို့ကို စတုဂ္ဂုဏ်အရတွက်လေ။

ရူပဘုံဟူသည်, ပထမစျာန် ၃-ဘုံ၊ ဒုတိယ စျာန် ၃-ဘုံ-တတိယစျာန် ၃-ဘုံ, စတုတ္ထစျာန် ၇-ဘုံအားဖြင့် ၁၆-ဘုံ ရှိ၏။ ထိုတွင် ပထမစျာန် ၃-ပုံကား ၁-ဗြဟ္မပါရိသဇ္ဇာ၊ ၂-ဗြဟ္မပုရောဟိတာ၊ ၃-မဟာ ဗြဟ္မာဘုံတို့တည်း၊ ပထမစျာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြသည်။ အစဉ်အတိုင်း,အသင်္ချေယျကပ်၊ ၃-ဖို့တဖို့၊ အသင်္ချေယျကပ် ထက်ဝက်၊အသင်္ချေယျကပ်တကပ် အသက်ရှည်ကြသည်၊ ကမ္ဘာမီးဖျက်လျှင် ဤဘုံများ အကုန် လောင်ပါသွားသည်။

ဒုတိယစျာန် ၃-ဘုံကား၊ ၁-ပရိတ္တာဘာ၊ ၂-အပ္ပမာဏာဘာ၊ ၃-အာဘဿရာဘုံတို့တည်း။ ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်စိတ်တို့ဖြင့် ပဋိသန္ဓေနေကြသည်။ အစဉ်အတိုင်း, မဟာကပ် ၂-ကပ်၊ ၄-ကပ်၊ ၈-ကပ် အသက်ရှည်ကြသည်။ ကမ္ဘာရေဖျက်ဆီးလျှင် ဤဘုံများ အကုန်ပါသွားသည်။

တတိယစျာန် ၃-ဘုံကား၊ ၁-ပရိတ္တာသုဘာ၊ ၂-အပ္ပမာဏာသုဘာ၊ ၃-သုဘကိဏှာဘုံတို့တည်း။ စတုတ္ထစျာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြသည်၊ အစဉ်အတိုင်း, မဟာကပ် ၁၆ ကပ်၊ ၃၂ကပ်၊ ၆၄ကပ် အသက်ရှည်ကြသည်။ ကမ္ဘာ လေဖျက်ဆီးလျှင် ဤဘုံများ အကုန်ပါသွားသည်။

မှတ်ချက်။ ။ကမ္ဘာပျက်စီးခြင်းအကြောင်း သုံးပါးတို့

တွင် သတ္တာတို့ ရာဂထူပြောအံ့၊ ထိုကမ္ဘာ မီးဖျက်၏၊ဒေါသ ထူပြောအံ့၊ ထိုကမ္ဘာ ရေဖျက်၏၊ မောဟထူပြောအံ့၊ ထိုကမ္ဘာလေဖျက်၏၊ ကေစိဆရာအလိုမှာ ရာဂအားကြီးသောအခါ ရေ၊ဒေါသအားကြီးသောအခါ မီးဖျက်၍ ပျက်၏ဟုဆို၏။ဤသို့ ကမ္ဘာပျက်ပုံကို သတိပြုကြည့်ရှုလျက် သတိသံဝေဂဉာဏ် ရင့်သန် တိုးတက်စေရာသည်။ ကမ္ဘာပျက်တိုင်း သတ္တာအားလုံးတို့သည်၊ အထက်လွတ်ရာ ဗြဟ္မာ့ပြည်မှာချည်း ဖြစ်ကြရကုန်၏။ တကမ္ဘာ တကြိမ်ကျစီ, သင်ပုန်းချေ-စာရင်းရှင်းမှု ကိစ္စတို့ပေတည်း။

စတုတ္ထစျာန် ၇ ဘုံကား၊ ၁-ဝေဟပ္ဖိုလ်၊ ၂-အသညသတ်၊ ၃-အဝိဟာ၊ ၄-အတပ္ပာ၊ ၅-သုဒဿာ၊ ၆-သုဒဿီ၊ ၇-အကနိဋ္ဌ ဘုံတို့တည်း။ထိုတွင် အဝိဟာအစ-အကနိဋ္ဌဘုံအဆုံး ၅ ဘုံကို သုဒ္ဓါဝါသဘုံ ခေါ်သည်မှတ်၊ ထိုသုဒ္ဓါဝါသဘုံရှိ ဗြဟ္မာတို့သည် တခြားဘုံသို့ မကျင်လည်၊ ရှေးရှေးဘဝများစွာက ထိုဘုံများသို့ တခါတရံမျှ ရောက်ဘူးသည်ဟူ၍လည်းမရှိ၊ ရောက်ဘူး ခဲ့ပြန်လျှင် မပြန်၊ သို့အတွက် "သုဒ္ဓါဝါသ-ဘူးမရ"ဟုဆိုစမှတ်ပြုကြသည်။ ဝေဟပ္ဖိုလ်ဘုံသည် ပဉ္စမစျာန် ဝိပါက်စိတ်ဖြင့်ပဋိသန္ဓေနေကြ၏။ မဟာကပ် ၅ ရာ အသက်ရှည်သည်၊ ဤဝေဟပ္ဖိုလ်ဘုံကို ဘဝဂ် ၃ ပါးတွင် ပုထုဇနဘဝဂ်ဟုလည်း ခေါ်သည်။ အောက် ပထမစျာန်ဘုံကစ၍ ဤဝေဟပ္ဖိုလ်ဘုံထိ၊ ရူပ ၁၀ ဘုံမှာ တဘုံလျှင် တိဟိတ်ပုထုဇဉ်တယောက်နှင့် အရိယာ ၈ ယောက် ပေါင်း ၉ ယောက်စီရ၍ ၁၀ ဘုံမှာ ၉၀ ဖြစ်၏။ အသညသတ် ဘုံကား ရုပ်သက်သက်ဘုံတည်း။ ဇီဝိတဆဋ္ဌက ဇီဝိတနဝက ကလာပ်ဖြင့် ပဋိသန္ဓေနေသည်၊ မဟာကပ် ၅ ရာပင် အသက်ရှည်၏။ သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တယောက်သာရ၏။ (တိဟိတ် ပုဂ္ဂိုလ် ဟူ၍လည်း ဆိုနိုင်၏)ကမ္မကြိယဝါဒီတိတ္ထိတို့သာလျှင်တည်း။

သုဒ္ဓါဝါသ ၅ဘုံသားတို့သည် ပဥ္စမဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြသည်၊ သုဒ္ဓါ-စသောဤန္ဒြိယ ဝေမတ္တ အစဉ်ဖြင့် အစဉ်အတိုင်း ထိုဘုံတို့၌ ဖြစ်ကြရသည်။ အစဉ်အတိုင်း, ကမ္ဘာ ၁ ထောင်၊ ကမ္ဘာ ၂ ထောင်၊ ကမ္ဘာ ၄ ထောင်၊ ကမ္ဘာ ၈ထောင်၊ ကမ္ဘာ ၁ သောင်း ၆ ထောင် အသက်ရှည်ကြသည်။) တဘုံလျှင် အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ၃ယောက်စီ ရကြသဖြင့် ၅ ဘုံမှာ ၁၅ယောက် ရသည်ဟုမှတ်လေ။

အရူပဘုံဟူသည် ၁-အာကာသာနဉ္စာယတန၊ ၂-ဝိညာဏဉ္စာ ယတန၊ ၃- အာကိဉ္စညာ ယတန၊ ၄-နေဝသညာနာသညာယတန-ဘုံအားဖြင့်၄ဘုံရှိ၏၊ကိုယ့်ဘုံ ကိုယ့်ဝိပါက်စိတ်များနှင့် ပဋိသန္ဓေ နေကြသည်၊ အစဉ်အတိုင်း ကမ္ဘာ ၂သောင်း, ကမ္ဘာ ၄ သောင်း, ကမ္ဘာ ၆ သောင်း, ကမ္ဘာ ၈ သောင်း ၄ ထောင် အသက်ရှည်ကြ၏။ တဘုံလျှင် တိဟိတ် ပုထုဇဉ် တယောက်၊သောတာပတ္တိ မဂ္ဂဋ္ဌာန်ကြဉ်သော အရိယာ ၇ ယောက်၊ ပေါင်း ၈ ယောက်ရ၍ ၄ဘုံ၌ ၃၂ ယောက် ဖြစ်သည်။ ။ဤသို့ အားဖြင့် ဘုံအလိုက် ၂၁၄ယောက် ရသတည်း။

**လောကဓာတ် ၄ မျိုး အဓိပ္ပာယ်**

ကြော်ညာ လောကဓာတုယာ- ပါဠိအရ လောကဓာတ် ဟူသည် ၁-စူဠ လောကဓာတ်၊ ၂-မဇ္ဈိမ လောကဓာတ်၊ ၃-မဟာလောကဓာတ်၊ ၄-အနန္တလောကဓာတ် အားဖြင့် လေးမျိုး လေးစားပြား၏။ထိုတွင် ၁-လေးကျွန်းတမြင့်မိုရ် ဘုံ သုံးဆဲ့တစ်, စကြဝဠာ တခု သည် စူဠ လောကဓာတ် တခု မည် ၏၊ ၎င်း စူဠလောကဓာတ် သည် အလျား အနံ အားဖြင့် ယူဇနာ (၁၂၀၃၄၅၀) ရှိ၏၊ အဝန်း ပမာဏ အားဖြင့် ယူဇနာ (၃၆၁၀၃၅၀) ကျယ်ပြန့်၏။ ပုံသဏ္ဌာန်မှာ အထောင့်မရှိ,

ဝိုင်းဝိုင်းစက်စက်နေ၏၊ ကျောက်ခွက်ဝိုင်းကြီးနှင့် အသွင်တူ၏။ ဤသို့ ဝိုင်းဝိုင်းစက်စက်နေသောကြောင့် ဘာသာခြား များက ကမ္ဘာလုံးလုံးဟု ပြောဆိုကြကုန်၏။

၂-စူဠလောကဓာတ် တသောင်းသည်မဇ္ဈိမလောကဓာတ် တခုမည်၏၊ ကျောက်ဖျာကြီးတခုတည်းကို အပြည့်အနှံ့ စပ်ကာ, စပ်ကာ, ကျောက်ခွက်ပေါင်း တသောင်းထွင်းထားဘိသကဲ့သို့ တသောင်းစီ, တသောင်းစီ ပူးတွဲ၍ ပူးတွဲ၍ တသားတည်းနေကြ၏။ ဤတသောင်းတွဲ တခုတခုကို မဇ္ဈိမ လောကဓာတ်ဟု ခေါ်သည်။ ဤမဇ္ဈိမလောကဓာက်တခုနှင့် တခုတို့ကား မြစ်ထဲ၌ လှေသမ္ဗန်တွေ စပ်ကာ, ယှဉ်ကာ နေကြသကဲ့သို့ စပ်ကာ ယှဉ်ကာ နေကြ၏၊ တသားတည်းနေအောင် မပူးတွဲကြပြီ။ ဒါကြောင့် စကြဝဠာတခု လည်လျှင် မိမိ နှင့် ပူးတွဲဘက် တသောင်းတွဲ မဇ္ဈိမလောကဓာတ် အကုန်လိုက်ပြီး လှုပ်ရသောကြောင့် "ဒသသဟဿိလောကဓာတု ကမ္ပထ သမ္ပကမ္ပထ" ဟု မိန့်တော်မူ လေသည်။

၃-မဇ္ဈိမလောကဓာတ်ပေါင်း ဆယ်ကုဋေသည်ဖြစ်အတူ, တည်အတူ, ပျက်အတူ, ဖြစ်ဖော်ဖြစ်ဖက် မဟာ လောကဓာတ် တခုမည်၏။ ဤမဟာ လောကဓာတ်တခု အတွင်း၌ ဆိုခဲ့သော စူဠ လောကဓာတ်ပေါင်း ကုဋေ တသိန်း ပါဝင်၏။ ဤမဟာ လောကဓာတ်ကြီးတခုသည် ဓမ္မရာဇ်မင်းမြတ် ဖြစ်တော်မူသော သဗ္ဗညု ဘုရားတဆူတဆူ၏ ပိုင်ရာဆိုင်ရာ အုပ်စိုးရာ အာဏာနှံ့ရာ တိုင်းနိုင်ငံကြီး တခုပင်ဖြစ်၏။ဘုရားတဆူတဆူ၏ ပိုင်နက် အင်ပါယာကြီးတခုလည်း မည်၏။ ထိုစကားသည် မှန်၏။ ရတနသုတ်, ခန္ဓသုတ်, မောရသုတ်, ဓဇဂ်သုတ်,အာဋာနာဋိယသုတ်ပရိတ်တော်တို့ကို ဟောတော်မူသော ငါတို့ သဗ္ဗညု ဘုရားရှင်၏ ပရိတ်

အာဏာတော် သည် ဤ မဟာလောကဓာတ် အတွင်း အကုန် နှံ့စပ်တော် မူ၏။ မဟာ လောကဓာတ် အတွင်းရှိ နတ် ဗြဟ္မာ အပေါင်းတို့သည် လက်အုပ်ချီလျက် ဦးခေါင်းဖြင့် ထို ပရိတ် တော်များ၏ အာဏာကို ခံယူကြရကုန်၏။ထိုကြောင့် "ကောဋိ သတသဟဿေသု, စက္ကဝါဠေသု ဒေဝတာ၊ ယဿာဏံ ပဋိဂ္ဂ ဏှန္တိ" ဟု မိန့်ဆိုတော်မူလေသည်။ (အနန္တ စကြဝဠာ မဟာ လောကဓာတ် ဟူသမျှတို့၌ ဤနည်းအတူပင် မှတ်အပ်ကုန်၏။)

၄-ဤနည်းအတူ မဟာလောကဓာတ်ကြီးတို့ကား အရပ် ရှစ်မျက်နှာ ထက်ဝန်းကျင်တို့၌ အသင်္ချေ အနန္တ များပြားစွာ ရှိကုန်၏။ မည်ရွေမည်မျှဟု အဆုံးမရှိပြီ၊ ဤအဆုံးမရှိ များပြား သော မဟာလောကဓာတ်တွေ အလုံးစုံကိုကား "အနန္တလောက ဓာတူသု, ဥပ္ပဇ္ဇန္တိ မဟေသိနော" အရ အနန္တလောကဓာတ်တခု ဟု မှတ်ရမည်၊ မှတ်ကြလေ။ ဤဘုရားတဆူတဆူ၏ အုပ်စိုးရာ အာဏာနှံ့ရာ တိုင်းနိုင်ငံကြီးတွေဖြစ်သော အနန္တ မဟာလောက ဓာတ်ကြီးတွေ တခုနှင့်တခု အကြားတို့၌ ယူဇနာ(၈၄၀၀၀၀) မျှလောက်သော လေထုကြီးတွေ ခြား၍ ခြား၍ နေကုန်၏။ ဤ လေထုကြီးတွေကို အနန္တမဟာလောကဓာတ်တခုနှင့်တခုကို ပိုင်း ခြား တတ်သောကြောင့် လောကန္တရိက လေဟု မှတ်ရမည်၊ ဤ လေထုတွေ ခြား၍ ခြား၍နေသဖြင့် မဟာလောကဓာတ်တခုနှင့် တခုသည် မနီးစပ်ကြပြီ၊ ထိုသို့မနီးစပ်ဘဲ လေထုကြီးတွေ ခြား၍ ခြား၍နေသောကြောင့် အမှတ်မရှိ တစုံတခုသော မဟာလောက ဓာတ်ကို မီးလောင် သော်လည်း ဤ မီး လောင် သော မဟာ လောကဓာတ်၏ ထက်ဝန်းကျင်၌ရှိကြသော တပါးသော မဟာ လောကဓာတ်သို့ မီးမကူးပြီ၊ မီးလောင်ရာ အရပ် အကုန် နှံ့စပ် လျက် ဗြဟ္မာပြည်တိုင်အောင်ပြန့်၍နေသော ကမ္ဘာပြု မိုးရေ တို့

လည်း ထက်ဝန်းကျင်၌ရှိသော တပါးသော မဟာလောကဓာတ်တို့သို့ ပြန့်နှံ့လွှမ်းမိုး၍ မသွားပြီ၊ အနန္တလောကဓာတ်တိုင်း၌ပင် မဟာလောကဓာတ်၊ မဇ္ဈိမလောကဓာတ်၊ စူဠလောကဓာတ် တို့ တည်နေပုံမှာ အတူတူပင် ဖြစ်ကြ၏။ ဤသို့အားဖြင့် လောကဓာတ်သည် လေးမျိုးလေးစား ပြားသတည်း။

အချုပ်အားဖြင့်ဆိုသော်လေးကျွန်းတစ်မြင့်မိုရ်ဘုံသုံးဆဲ့တစ် စကြာဝဠာတခုသည် စူဠ လောကဓာတ်တခုဟု မှတ်၊ စူဠလောကဓာတ်တသောင်းသည် မဇ္ဈိမလောကဓာတ် တခု မှတ်၊ မဇ္ဈိမလောကဓာတ် ဆယ်ကုဋေသည် ဖြစ်ဖော်ပျက်ဖက် မဟာလောကဓာတ်တခုဟုမှတ်၊ ဤ မဟာလောကဓာတ် တခုအတွင်းမှာ စူဠလောကဓာတ်ပေါင်း ကုဋေတသိန်း ပါဝင်သည်ဟု မှတ်ကြ၊ အဆုံးမရှိသော မဟာ လောကဓာတ် အလုံးစုံ တို့ကား- အနန္တလောကဓာတ် မည်၏ ဟု မှတ်၊ ထိုတွင် အစက ဆိုခဲ့သော "ကေ်ာဿာ လောကဓာတုယာ" ပါဠ်၌ ဘုရား တဆူ တဆူ ၏ အာဏာပြန့်နှံ့ရာ မဟာလောကဓာတ်တခုကိုသာ ယူရမည်။

သိမှတ်ရန် စကားကျ အဓိပ္ပာယ်မှာ ဤ မဟာ လောကဓာတ် အတွင်း၌ လူ့ပြည်မှ သဗ္ဗညု့ဘုရားတို့သည် ပွင့်တော်မူကြကုန်၏။ ထိုသို့ ပွင့်တော်မူသောအခါလည်း ဤ မဟာ လောကဓာတ်၏ အလယ်ခေါင် ဗဟိုတည့်တည့် မဇ္ဈိမ လောကဓာတ်၌သာ ပွင့်တော်မူကြ၏။ တပါးသော မဇ္ဈိမလောကဓာတ် တို့၌ ပွင့်တော်မမူကြကုန်။ ဤသို့ပွင့်ရာ မဇ္ဈိမ လောကဓာတ်၌ လည်း အလယ်ခေါင် ဗဟိုတည့်တည့် စူဠလောကဓာတ်၌သာ ပွင့်တော်မူကြ၏။ တပါးသော စူဠလောကဓာတ်တို့၌ ပွင့်တော်မမူကြကုန်၊ ဤသို့ပွင့်ရာ စူဠလောကဓာတ်၌လည်း ကျွန်းကြီး လေးကျွန်းရှိသည်တွင်, ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌သာလျှင် ပွင့်တော်

မူကြကုန်၏။ ကြွင်း သုံးကျွန်းတို့၌ ပွင့်တော်မမူကြကုန်။ (ဇမ္ဗူဒီပါ မဇ္ဈိမဒေသ၌ပွင့်ပုံကို အောက်က လူ့ပြည်အခဏ်း၌ ပြန်ကြည့်ကြပါလေ) ထိုသို့ ပွင့်တော်မူကြသော အခါ၌ကား၊ တကာလတည်း၌ ဘုရားနှစ်ဆူ စင်ပြိုင်ပွင့်ရိုးမမှတာမရှိ၊ တဆူပြီး တဆူ ရှေ့နောက်သာ ပွင့်တော်မူကြကုန်၏။ ထိုကြောင့်ပင်လျှင် ဘုရားရှင်သည် "အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုန္တိ နေတံ ဌာနံ ဝိဇ္ဇတိ" ဟူ၍ ဧကင်္ဂုတ္တရ ပါဠိတော် စသည်တို့၌ ဟောကြားတော်မူ၏။

ဘိက္ခဝေ-ရဟန်းတို့၊ ဧကိဿာ လောက ဓာတုယာ- တခုသော မဟာလောကဓာတ်အတွင်း၌၊ အရဟန္တော-ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော၊ ဒွေသမ္မာသမ္ဗုဒ္ဓါ-နှစ်ဆူကုန်သော သဗ္ဗညူ့ဘုရားတို့သည်၊ အပုဗ္ဗံအစရိမံ-မရှေးမနှောင်း (ဝါ) စင်ပြိုင်၊ ယံဥပ္ပဇ္ဇေယျုံ-အကြင်ဖြစ်ကုန်ရာ၏၊ ဧတံဌာနံ-ဤသို့ ဖြစ်ခြင်းသည်၊ အဋ္ဌာနံ-အကြောင်းမဟုတ်၊ အနဝကာသော-အရာမဟုတ်၊ဣတိဧတံဌာနံ-ဤသို့ဖြစ်ခြင်း၏အကြောင်းသည်၊ နဝိဇ္ဇတိ-မရှိ။ ။(ပါဠိတော်၏ နိသျသွားအနက်)

**ဘုရားတဆူနဲ့တဆူ ကြားကာလ**

တကမ္ဘာတည်း၌ ပွင့်ကြကုန်သောဘုရား တဆူနှင့်တဆူ စပ်ကြား၌ ကာလ ဘယ့်ကလောက် ကြာအောင် ခြားလေ သနည်း ဆိုသော် ဤ မဟာပထဝီမြေကြီးသည် အသစ်တိုး၍ တိုး၍ အနှစ်တရာလျှင် လက်တသစ် အပေါ်သို့တက်၏။ ရှေ့ဘုရား၏ သာသနာကုန်သောနေ့မှစ၍ ဤမဟာပထဝီမြေကြီး တယူဇနာ တိုင်အောင် အပေါ်သို့တက်မှ နောက် ဘုရားတဆူ ပွင့်၏။ သို့ ကလောက်ကြာအောင် ခြားရ၏။ ၎င်းအဓိပ္ပာယ်ကို ဝေပုလ္လ

သုတ်ဖြင့်လည်း သိအပ်၏။ ဘုရားလေးဆူ ပွင့်တော်မူပြီးရာ, ဤကမ္ဘာ၌ လေးသောင်းတန်း, သုံးသောင်းတန်း, နှစ်သောင်းတန်း, တရာတန်းဟု ဟောတော်မူရာ၌လည်း အန္တရကပ် တကပ်တည်းဟူ၍ မမှတ်ကြနှင့်၊ အစဉ်အတိုင်း အန္တရကပ်, တကပ်စီခြား၍သာ မှတ်အပ်၏။ ထိုစကားသည် မှန်၏။ ကမ္ဘာဦးက ရေသော်ကိုးခုမြောက်သော အန္တရကပ် ဆုတ်တုန်းအခါ လေးသောင်းတန်း၌ ကကုသန်ဘုရားပွင့်တော်မူ၏။ထိုအခါက ဝေပုလ္လတောင်သည် လေးယူဇနာလောက်မြင့်သဖြင့် လေးရက်တက်, လေးရက်ဆင်း ခရီးရှိ၏။ (ဤ၌ ရက်ဆိုသော်လည်း နာရီသုံးဆယ်စေ့ နေ့ခရီးသာမှတ်ရမည်) ထိုနောက် ဆယ်ခုမြောက်သော အန္တရကပ်ဆုတ်တုန်းအခါ, သုံးသောင်းတန်း၌ ကောဏာဂုမ်ဘုရားပွင့်တော်မူ၏၊ ထိုအခါ ဘုရားနှစ်ဆူအကြားကာလ၌ မြေကြီးတယူဇနာ အပေါ်သို့တက်၏။ ဝေပုလ္လတောင်သည် တယူဇနာမြေတွင်းသို့မြုပ်၍ သုံးယူဇနာလောက်သာမြင့်သဖြင့် သုံးရက်တက်, သုံးရက်ဆင်း ခရီးရှိ၏။

ထိုနောက် တဆဲ့တခုမြောက်သော အန္တရကပ်ဆုတ်တုန်းအခါ နှစ်သောင်းတန်း၌ ကဿပဘုရားပွင့်တော်မူ၏။ ထိုအခါ-ဝေပုလ္လတောင်သည် တယူဇနာမြေတွင်းသို့ မြုပ်ပြန်၍နှစ်ယူဇနာလောက်သာမြင့်သဖြင့် နှစ်ရက်တက်, နှစ်ရက်ဆင်းခရီးရှိ၏။ ထိုနောက် တဆဲ့နှစ်ခုမြောက် အန္တရကပ်ဆုတ်တုန်းအခါ၌-ငါတို့ဂေါတမဘုရားသည်၊တသောင်းတန်း၌ပွင့်ငြားအံ့၊ ဝေပုလ္လတောင်သည် တယူဇနာ မြုပ်ပြန်၍ တယူဇနာမြင့်သဖြင့် တရက်တက်တရက်ဆင်း ခရီးရှိရာ၏။ထိုသို့ကားမဟုတ်၊မြတ်စွာဘုရားရှင်သည် ပါရမီဉာဏ်မရင့်သန်သေးသဖြင့် အတန်ကြာကာလကို လွန်စေ၍ တရာတန်းသို့ကျမှ ပွင့်တော်မူ၏။ထိုကြောင့်-ဝေပုလ္လတောင်သည်

တယူဇနာ မမြင့်တော့ဘဲ၊ တမဟုတ်တက်, တမဟုတ်ဆင်း ခရီးမျှ လောက်သာ မြင့်လေတော့သည်။ ။ဤ သာ ဓက ဖြင့် လည်း ဘုရားတဆူနှင့်တဆူ အကွာအဝေး အချိန်ကာလ ကြာသည်ကို သိရှိကြပါလေ။ (ဗမာနာရီဖြင့် လေးပတ်တနာရီ၊ နာရီခြောက်ဆယ်တရက် ဆိုသဖြင့်၊ နှစ်ပတ်ခွဲ, နှစ်ပတ်လောက် ကာလကို တမဟုတ်ဟု မှတ်ရာ၏။)

မှတ်ချက်။ ။ဤဝေပုလ္လတောင်ကို ကကုသန် ဘုရား လက်ထက် ပါစိနဝံသတောင် တွင်၏။ လူကို တိဝရလူမျိုးခေါ် ၏။ ကောဏာဂုမ်ဘုရား လက်ထက် ဝင်္ကဘာတောင် တွင်၏။ လူကို ရောဟိတသ လူမျိုးခေါ်၏။ ကဿပ ဘုရား လက်ထက် သုပဿတောင် တွင်၏။ လူကို သုပ္ပိယ လူမျိုးခေါ်၏။ ငါတို့ ဂေါတမဘုရားရှင် လက်ထက်၌မူကား ဝေပုလ္လတောင် တွင်၏။ လူကို မာဂဓလူမျိုးခေါ်၏ဟုမှတ်။

**စကြာဝဠာ အခြေအနေ**

ဤစကြာဝဠာ တည်ရာ မဟာ ပထဝီ မြေကြီး ပမာဏမှာ ယူဇနာ (၂၄၀၀၀၀) အထုရှိ၏၊ ထိုတွင် (၁၂၀၀၀၀) မှာ ပံသုပထဝီ ဖြစ်၍ ကျန်(၁၂၀၀၀၀) မှာ သိလာပထဝီဖြစ်လေသည်။နှစ်ခုပေါင်း၍ (၂၄၀၀၀၀) ဆိုခြင်းဖြစ်သည်။ ဤသိလာ, ပံသုမြေ နှစ်ခုစပ်ကြား၌ မဟာအဝီစိငရဲကြီး တည်ရှိသည်။ သို့ဖြစ်၍ အဝီစိငရဲမှ မြေပေါ်သို့ ယူဇနာ(၁၂၀၀၀၀) ကွာခြား၏ဟု မှတ်ရာသည်။ ထိုအဝီစိငရဲသည် ယူဇနာ(၁၀၀၀၀) ကျယ်၏။ မီးလျှံ, သတ္တာ, ဒုက္ခဝေဒနာ–ဤသုံးဖြာတို့, မကွာပေါင်းစည်း,တသားတည်း, အကြားမရှိသော ငရဲဟုဆိုအပ်၏။ ထိုအဝီစိငရဲ အသက်ကား ဝိဝဋ္ဋဋ္ဌာယီကပ်တကပ် အသက်ရှည်၏။ ကျန် ငရဲ ၇-ထပ်တို့လည်း အတူတူပင် ကျယ်ပြန့်၏။ ထိုဘွင် မဟာတာပန ငရဲ

သက်ကား အန္တရကပ် ထက်ဝက်အသက်ရှည်၏။ တာပန္န ငရဲ
သက်ကား နှစ်ပေါင်း ၁-သောင်း, ၆-ထောင်ရှိ၏။ အရေ အ
တွက် နိုင်းယှဉ်ပုံကား- အထက်ပရနိမ္မိတဝသဝတ္တိ နတ်ပြည်၌
နတ်သက် နှစ်ပေါင်း ၁-သောင်း, ခြောက်ထောင်၊ လူတို့၏အရေ
အတွက် နှစ်ပေါင်း ၉၂၁ ကုဋေ၊ ၆-သန်းသည် တာပန္နငရဲကြီး
၌ တနေ့တည်ဥ္စသာဖြစ်၏။ မဟာရောရုဝ ငရဲသက်ကား နှစ်
ပေါင်း ၈-ထောင်ရှိ၏။ နိုင်းယှဉ်ပုံကား-အထက်နိမ္မာနရတိ နတ်
ပြည်၌ နတ်သက်ပေါင်း ၈-ထောင်, လူတို့၏ အရေအတွက်အား
ဖြင့် နှစ်ပေါင်း ကုဋေ ၂၃၀၊ အနှစ်လေးသန်း သည် မဟာ
ရောရုဝ ငရဲကြီး၌ တနေ့တည်ဥ္စသာဖြစ်၏။

ရောရုဝငရဲသက်ကား နှစ်ပေါင်း ၄-ထောင် ရှိ၏။ နိုင်း
ယှဉ်ပုံကား အထက် တုသိတာနတ်ပြည်၌ နတ်သက် နှစ်ပေါင်း
၄-ထောင်၊ လူတို့၏အရေအတွက် ၅၇ ကုဋေ၊ ၆-သန်း သည်
ရောရုဝငရဲကြီး၌ တနေ့တည်ဥ္စသာဖြစ်၏။သံဃာတငရဲသက်ကား
နှစ်ပေါင်း ၂-ထောင်ရှိ၏။ နိုင်းယှဉ်ပုံကား အထက်ယာမာ နတ်
ပြည်၌ နှစ်ပေါင်း ၂ထောင်၊ လူတို့၏ အရေအတွက် ၁၄-ကုဋေ
၄-သန်းသည် သံဃာတငရဲကြီး၌ တနေ့တည်ဥ္စသာ ဖြစ်၏။ ကာဠ
သုတ် ငရဲသက်ကား ၁-ထောင်ရှိ၏၊ နိုင်းယှဉ်ပုံကား- အထက်
တာဝတိံသာနတ်ပြည်၌ နတ်သက်ပေါင်း ၁-ထောင်၊ လူတို့၏
အရေအတွက်အားဖြင့် နှစ်ပေါင်း ၃-ကုဋေ၊ ၆သန်းသည် ကာဠ
သုတ် ငရဲ၌ တနေ့တည်ဥ္စသာဖြစ်၏။ သိဉ္စိုဝ်းငရဲသက်ကား နှစ်
ပေါင်း ၅ရာတိုင်တိုင်ရှိ၏။ နိုင်းယှဉ်ပုံကား အထက် စာတုမဟာ
ရာဇ် နတ်ပြည်၌ နတ်သက်အနှစ် ၅ ရာ၊ လူတို့နှစ် အရေအတွက်
၉-သန်းသည် သိဉ္စိုဝ်းငရဲ၌ တနေ့တည်ဥ္စသာ ဖြစ်၏။ ၎င်း နေ့
ညဥ္စ နှစ်ပါးသည် တရက်၊ ၎င်းရက် ၃၀သည် တလ၊ ၎င်း ၁၂လ

သည် တနှစ်၊ ထိုနှစ် အရေအတွက် အနှစ်ငါးရာ သည် သိဋ္ဌိုဝ်းငရဲ၏ အသက်ဖြစ်၏။ တာပနငရဲကျအောင် ဤနည်းကို မှီ၍ သိရှိကြလေ။

အထူးမှာ ငရဲသက်၅-ရာ့ ၁-ထောင်စသည်ကိုဖော်ပြသော်လည်း မကောင်းမှုကံအလျှော့ကျခံရသောသူတို့၌အကုသိုလ်ကံ မကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး လွတ်ခြင်းငှာ မရောက်ကုန်၊ အကုသိုလ်ကံကုန်မှသာလျှင် လွတ်ခွင့်ကိုရကြလေကုန်၏။"အပါယေသု ဟိ ကမ္မမေဝ ပမာဏံ" ဟူသော ဋီကာရှင်စကားကိုထောက်လေ၊သဂ္ဂိုဟ်ကျမ်း၌အသက်အပိုင်းအခြားမရှိဟု အောက်ကဆိုခဲ့သော်လည်း အခြားကျမ်းဂန်များမှ ထုတ်နုတ်၍ သူတော်မျာအတွက် တင်ပြလိုက်ပေသည်၊ ငရဲကြီး ၈ ထပ်တခုနှင့်တခုအကွာအဝေးမှာ ယူဇနာ(၁၅၀၀၀)စီခြား၏။ အထက်ဆုံး သိဋ္ဌိုဝ်းငရဲမှမြေပေါ်လူ့ပြည်သို့လည်း ယူဇနာ(၁၅၀၀၀) ပင်ကွာခြားလေသည်။

လူ့ပြည်မှ စာတုမ ဟာ ရာဇ် နတ် ပြည် သို့ ယူဇနာ (၄၂၀၀၀) ခြား၏။ နတ်ပြည် အချင်းချင်းလည်း ဒီလောက်ဘဲကွာခြား၏၊ အထက်ဆုံးဝသဝတ္တိနတ်ပြည်မှ ပထမဈာန်ဗြဟ္မာဘုံသို့ ယူဇနာ(၅၅၀၈၀၀၀)ကွာခြား၏၊ ဗြဟ္မာ့ဘုံ အချင်းချင်းလည်း ဒီလောက်ဘဲကွာခြား၏၊(လောကထုပိကာ)ခေါ်ထိပ်ဆုံး နေဝသညာနာသညာ ယတနဘုံကို ဘဝဂ်ဟုခေါ်သည်၊ ဘုံထိပ်, ဘုံဖျားဟုဆိုလိုသည်။ဝေဟပ္ဖလေအကနိဋ္ဌေ-ဘဝဂ္ဂေစပတိဋ္ဌိတာဟု ဘဝဂ်သုံးပါးကို အဋ္ဌကထာဆရာမြတ်တို့ ပြဆိုသော်လည်း၊ စင်စစ်မှာ- ဆိုခဲ့သည့်ဘုံသာ- ဘဝဂ်အမည်ကို ရလေသည်။ ကမ္ဘာပေါင်း(၈၄၀၀၀)အသက်တန်းရှိသည်။သို့အတွက်-ဘာသာခြားများက-ထိုဘုံကို နိဗ္ဗာန်ဘုံခေါ်၍ ဗြဟ္မာကြီးကို ထာဝရဘုရားဟု

ခေါ်ကြလေသည်။ ဗုဒ္ဓဘာသာမှာမူကား အသင်္ခတဓာတ်နိဗ္ဗာန်သည် ဘုံသုံးပါး၌ဖြစ်ခြင်းပင်မရှိ၊ တဏှာသုံးပါး၏ သိမ်းပိုက်ရာလည်း မဟုတ်သောကြောင့် ဘုံသုံးပါး၌ အကြုံးမဝင်၊ လောကုတ္တရာ ဘုံအသီးအခြားသာ ဖြစ်လေ၏။

၎င်းဘုံဘဝဂ်မှ အလျားအနံ တယူဇနာရှိသော ကျောက်ဖျာကြီးကိုချလိုက်လျှင်၊ ၄-နှစ် ၁-လ, ၂၇ရက်မှ မြေပေါ် လူ့ပြည်သို့ကျရောက်၏ဟု ကျမ်းဂန်၌ဆို၏။ တရက်မှာ ယူဇနာ (၄၈၀၀၀)တနာရီယူဇနာ(၇၀၀)တမိဇနာ ၁၃ယူဇနာ၊တဂါဝုတ်ကျော်ကျော်နှုန်းဖြင့် ကျဆင်းသည်ဟူ၏။ ဒီဘုံအထက်ကိုဘာမှမရှိ၊ ဟာလာဟင်းလင်း အနန္တအဇဋာကာသ ကောင်းကင်ကြီးသာ ရှိတော့သည်။ အဆုံးမရှိပြီ။

၎င်းပြင် လေးကျွန်းတမြင့်မိုရ်ဘုံ ၃၁၊ စကြာဝဠာတိုင်း၌ကတ္တားခြား၍ စကြာဝဠာတံတိုင်းကြီး တခုစီ ရှိကြ၏၊ ၎င်းတံတိုင်းကြီးသည် ယူဇနာ (၈၂၀၀၀) မြေသို့ပေါ်တက်၍ မြေပြင်အောက်သို့လည်း ဒီလောက်ဘဲ နှစ်မြုပ်သည်၊ အထုပမာဏမှာလည်း ဒီလောက်ဘဲထူ၏၊ ဆိုခဲ့သော (၂၄၀၀၀၀) အထုရှိသော ဤမဟာပထဝီမြေကြီးသည် ယူဇနာ(၄၈၀၀၀၀) အထုရှိသော ရေပြင်ထုကြီး အပေါ်၌ တည်၏၊ မြေကြီးထက် ရေထုက-တဆထူ၏၊ ၎င်းရေထုကြီးကို တဖန် ယူဇနာ (၉၆၀၀၀၀) အထုရှိသော လေပြင်,လေထုကြီးအောက်ကခံပြန်၏၊ လေထုအပေါ်၌ ရေတည်၏၊ ရေထုထက်လေထုက တဆထူ၏၊ ထိုလေပြင်,လေထုအောက်၌ကား, မှောင်ရိပ်မီးကလာပ်တွေ ဖြစ်နေသော အနန္တအဇဋာကာသကောင်းကင်ကြီးသာရှိတော့သည်၊ အဆုံးမရှိပြီ။စင်စစ်မှာ-ဤမှောင်ရိပ်- မီးကလာပ်တို့ကား- အလွန် သိမ်မွေ့ခြင်းကြောင့်

လောက၌ ရုပ်ဟူ၍ရှင်း့,သင်္ခါရဟူ၍ပင် မခေါ်ဆိုမရေတွက်ကြပြီ၊ ကောင်းကင်အာကာသဓာတ်ဟူ၍သာ ခေါ်ဆိုရေတွက်ကြ၏။

ဘုံ ၃၁-တွင်အသညသတ်ဘုံသည် ရုပ်သက်သက်ဘုံတည်း၊ ရူပက္ခန္ဓာ တပါးသာ ရသောကြောင့် ဧကဝေါကာရဘုံ ဟုလည်း ခေါ်သည်၊ အထက် အရူပလေးဘုံသည်နာမ်သက်သက်ဘုံတည်း၊ နာမက္ခန္ဓာလေးပါးသာ ရသောကြောင့် စတုဝေါကာရဘုံ ဟုလည်းခေါ်သည်၊ ကြွင်း ၂၆-ဘုံကား-ရုပ်နာမ် နှစ်ပါးလုံးရသော ဘုံဖြစ်၍ ခန္ဓာငါးပါးလုံးအပြည့်အစုံရသောကြောင့် ပဉ္စဝေါကာရဘုံဟုလည်းခေါ်လေသည်။

ထိုမှတပါး- ကာမသုဂတိဘုံသည် နာနာတ္တကာယ နာနာတ္တသညီဘုံမည်၏၊ အပါယ်လေးဘုံ, ပထမစျာန် သုံးဘုံတို့သည် နာနာတ္တကာယ ဧကတ္တသညီဘုံမည်၏၊ ဒုတိယ စျာန်သုံးဘုံသည် ဧကတ္တကာယ နာနာတ္တသညီဘုံမည်၏၊တတိယ စျာန်သုံးဘုံ, ဝေဟပ္ဖိုလ်,သုဒ္ဓါဝါသ ၅၊၉-ပါးတို့သည် ဧကတ္တကာယ ဧကတ္တသညီ ဘုံမည်၏၊ ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ် တဘုံသည် ဧကတ္တကာယ ဘုံမည်၏၊ နာမ်သာရှိ၍ ရုပ်မရှိသော အရူပလေး ဘုံသည် နာနာတ္တသညီဘုံ မည်ကုန်၏၊ ဤသို့လျှင် သတ္တာဝါသ ဘုံကိုးဝကိုလည်း သိမှတ်ကြလေ။ အထူးမှာ-အသညသတ်ဘုံ, နေဝသညာနာသညာ ယတန-ဘုံတို့သည် ဝိညာဏဋ္ဌိတိဘုံသို့ မဝင်ကုန်၊ သတ္တာ၏ တည်ရာ, နေရာ ဖြစ်သောကြောင့် သတ္တာဝါသဟူရာ၌ ကား- ၎င်းနှစ်ဘုံတို့သည် ဝင်ကုန်၏၊ ဤကား- စကြဝဠာအခြေ အနေကို ဝေဖန်ချက်ပေတည်း။

**ကမ္မာနှင့်ဘုရား ဝေဖန်ချက်**

ကမ္ဘာသည်၊ ၁-သုညကမ္ဘာ၊ ၂-အသုညကမ္ဘာ၊ ဟုအရင်းခံနှစ်မျိုးရှိ၏၊ ထိုတွင်ဘုရားမပွင့်သော ကမ္ဘာကို ဘုရားမှဆိတ်ခြင်းကြောင့် သုညကမ္ဘာ

ဟုခေါ်၏၊ ပွင့်သောကမ္ဘာကိုကား- ဘုရားမှ မဆိတ်ခြင်းကြောင့် အသုည ကမ္ဘာဟုခေါ်သည်၊ ထိုဘုရားပွင့်သော အသုည ကမ္ဘာသည်လည်း,တဆူပွင့်လျှင် သာရကမ္ဘာ၊နှစ်ဆူပွင့်လျှင်မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်လျှင် ဝရကမ္ဘာ၊လေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာ၊ ငါးဆူပွင့်လျှင် ဘဒ္ဒကမ္ဘာ-ဟူ၍ ငါးပါးအပြားရှိ၏၊ ငါးပါးထက်လွန်၍ကားမပွင့်ပြီ၊ ဤယခုကမ္ဘာကား- ငါးဆူပွင့်သော ဘဒ္ဒကမ္ဘာတည်း။

ကမ္ဘာဖြစ်ပေါ်လာသည်ရှိသော်၊ အကယ်၍ ဘုရားတဆူသာပွင့်သောကမ္ဘာဖြစ်ငြားအံ့၊ ကမ္ဘာဦးအစ လူ့ပြည် ကျွန်းမြေပေါ်စအခါ၌ ရှစ်ပါးသောပရိက္ခရာတစုံသီးသော ပဒုမ္မာကြာပင်ပေါက်၏၊နှစ်ဆူပွင့် ၂-စုံ၊ သုံးဆူပွင့် ၃-စုံ၊လေးဆူပွင့် ၄-စုံ၊ငါးဆူပွင့် ၅-စုံ သီးသော ပဒုမ္မာကြာတပင်သာ ပေါက်၏၊ ထိုပရိက္ခရာတို့ကို, ဘုရားပွင့်မည့် ကမ္ဘာလော- မပွင့်မည့်ကမ္ဘာလော- ဟု ပုဗ္ဗနိမိတ်အကြည့်အရှု လာကြသော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် တွေ့မြင်၍ အလွန်လျှင် ဝမ်းမြောက် ဝမ်းသာ ယူထားပြီးလျှင်၊နောင်-ပစ္ဆိမဘဝိကဘုရားလောင်းတို့ တောထွက်သောအခါ ကပ်လှူကြကုန်၏၊ ပစ္စေကဗုဒ္ဓ, လူအရိယာ တို့သည်လည်း, ဤသဗ္ဗညု့ဘုရားတို့ ပွင့်ပေါ်ရာ စူဠလောကဓာတ် တောင်ကျွန်း၌သာလျှင် ဖြစ်ကြ,ပွင့်ကြကုန်၏၊ နတ်,ဗြဟ္မာ အရိယာတို့မူကား, ဘုရားပွင့်ရာ မဇ္ဈိမ လောကဓာတ်ဟူသော စကြဝဠာတသောင်းလုံး အတွင်း၌ပင်လျှင် ဖြစ်နိုင်,ပွင့်နိုင်ကြကုန်၏၊ကြွင်းသောမဇ္ဈိမလောကဓာတ်တို့၌ကား,မဖြစ်နိုင်,မပွင့်နိုင်ကြကုန်။

ကပ္ပ-ကပ်(ကမ္ဘာ)ဟူသည် ၁-အာယုကပ်၊ ၂-အန္တရကပ်၊ ၃-အသင်္ချေယျကပ်၊ ၄-မဟာကပ်ဟူ၍ ဤလေးမျိုး လေးစားပင်ရှိလေ၏။ ထိုတွင် ၁- အာယုကပ်ဟူသည် အန္တရကပ်အတွင်း၌

လူတို့ရောက်ရာ့ရောက်ရာ့ တရာတမ်း တထောင်တမ်း စသည်ဖြင့် ခေါ်ဆိုကြသော အသက်တမ်းတခုကို ခေါ်သည်။ ဥပမာ ရှေး ဝေဿန္တရာမင်းကြီးတို့ဖြစ်တုန်းအခါက တရာတမ်းဟာ့ ဘုရား ပွင့်သည်ကျအောင် ရှိသေး၏။ ယခုလည်း တရားတမ်းပင် ဆိုရ သေးသည်။ ၂-လူတို့အသက်တမ်းသည် အခေါ်ယျမှသည်တဖြည်း ဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှသည် အသင်္ချေ ယျကျအောင်သည် အန္တရကပ်တခုမည်၏။ ဆုတ်ကပ့် တက်ကပ် တစုံကို ခေါ်သည်ဟု မှတ်ကြ။

၃-အသင်္ချေယျမှသည့် ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ သည် အသင်္ချေယျတမ်းဟု အဖန်ဖန် တက်ချည့်ဆုတ်ချည် သွား သဖြင့် အန္တရကပ်ပေါင်း ၆၄ ကပ်စေ့လျှင် အသင်္ချေယျကပ် တခုမည်၏။ ထိုအသင်္ချေယျကပ်သည် ၁- သံဝဋ္ဋအသင်္ချေယျ ကပ်၊ ၂-ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ၃-ဝိဝဋ္ဋအသင်္ချေယျကပ်၊ ၄-ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ဟူ၍ လေးမျိုးပင် ပြားပြန်၏။ ၁-ကမ္ဘာဖျက်မိုးရွာသည်မှစ၍ ဟင်းလင်းအပြင့် ကောင်းကင် အတိဖြစ်သည်တိုင်အောင်သည် ပျက်စီးဆဲဖြစ်သော တခုသော သံဝဋ္ဋအသင်္ချေယျကပ်မည်၏။ ၂-ဟင်းလင်းအပြင့်ကောင်းကင် အတိဖြစ်သည်မှစ၍ ကမ္ဘာပြုမိုးကြီး ရွာသည်တိုင်အောင်သည် ပျက်ပြီး၍ တည်နေသော တခုသောသံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။ ၃-ကမ္ဘာပြုမိုးရွာသည်မှစ၍ နေလ နက္ခတ်ပေါ်သည်တိုင် အောင်သည် ပျက်ပြီး၍ တဖန် ဖြစ်ပြန်ဆဲဖြစ်သော တခုသောဝိဝဋ္ဋ အသင်္ချေယျကပ်မည်၏။ ၄-နေလ နက္ခတ်ပေါ်သည်မှစ၍တဖန် ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင်သည် ဖြစ်ပြီး၍ တည်နေသော တခုသော လူနေ့ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။ ဤ အသင်္ချေယျကပ် လေးကပ်သည် အခွန့်ကာလအကြာ ပမာဏ

တူမျကြ၏။အန္တရကပ်ဖြင့်ကပ်စားစီချည်းရှိကြ၏။ဤအသင်္ချေယျကပ်လေးခုအပေါင်းသည် တခုသော မဟာကပ်မည်၏။ ဤမဟာကပ်တခုကိုပင် တကမ္ဘာဟုခေါ်ကြသည်မှတ်။ ဤသို့လောကသုံးပါး ဖြစ်ပျက်တည်နေပုံကို ဟုတ်တိုင်း မှန်ရာ, ကောင်းစွာသိရှိသတိပြုမိကြကုန်လျက် ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် သံဝေဂဉာဏ် ရင့်သန်တိုးတက်ကြကုန်ရာသည်။

## ရုပ်နှင့်နာမ်ကို ဓာတ်ခွဲပုံနည်း

ပထဝီအာပေါစ တေဇောစ၊ ဝါယောကာသ ဝိညာဏံဒိ။
နေသောဟမသ္မိံ နေတံမေ၊ ဧဝံတတ္ထ ဝိရဇ္ဇတိ။
ဧဝံ ဝိရတ္တံ ခေမတ္တံ၊ သဗ္ဗသံယောဇနာတိဂံ။
အနွေသံ သဗ္ဗဋ္ဌာနေသု၊ ဟရသေနာပိနဇ္ဈဂါ-တိ။
(ဆဓာတုဝိဘင်္ဂဓာတ် ကမ္မဋ္ဌာန်း)

လောကသ္မိံ-လောက၌၊ ပထဝီစ- မြေဟုခေါ်ဆိုအပ်သော ပထဝီဓာတ်သည်ငှင်း၊ အတ္ထိ-ရှိ၏။ အာပေါစ-ရေဟုခေါ်ဆိုအပ်သော အာပေါဓာတ်သည်ငှင်း၊ အတ္ထိ-ရှိ၏။ တေဇောစ-မီးဟုခေါ်ဆိုအပ်သော တေဇောဓာတ်သည်ငှင်း၊ အတ္ထိ-ရှိ၏။ ဝါယောစ-လေဟုခေါ်ဆိုအပ်သော ဝါယော ဓာတ်သည်ငှင်း၊ အတ္ထိ-ရှိ၏။ အာကာသဝိညာဏဥ္စ- ကောင်းကင်ဟု ဆိုအပ်သော အာကာသဓာတ်,သိတတ်သောသဘောဟု ဆိုအပ်သော ဝိညာဏဓာတ်သည်ငှင်း- အတ္ထိ-ရှိ၏။ပဏ္ဍိတော- ပညာရှိသော၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဣဒံ-ဤဓာတ်ခြောက်ပါးကို၊ သော-ဤဓာတ်ခြောက်ပါးသည်ကား- အဟံ-ငါသည်၊ နအသ္မိံ- မဟုတ်၊ ဧတံ-ဤဓာတ်ခြောက်ပါးသည်ကား၊ မေ-ငါ၏၊နသန္တကံ- ဥစ္စာမဟုတ်၊ ဣတိ-ဤသို့၊ ဝိပဿတိ၊ဖန်ဖန်ထပ်ထပ်, မပြတ်စေငှ, မြင်အောင်

ရှု၏။ ဝါ-ဝိပဿနာရှု၏။ ဝေ-ဤသို့ ရှုမြင်သည်ဖြစ်၍၊ တတ္ထ-ထို ခေါတ်ခြောက်ပါး၌၊ ဝိရဇ္ဇတိ- ချစ်ခင် တပ်မက်ခြင်း ကင်း၏။ ဝေဝိရတ္တံ-ဤသို့ချစ်ခင်တပ်မက်ခြင်းကင်းပြီးသော၊ ဝါ- ဤသို့ ချစ်ခင်တပ်မက်ခြင်း ကင်းသည်ဖြစ်၍၊ သဗ္ဗသံယောဇနာတိဂံ-အလုံးစုံသော အနှောင်အဖွဲ့ အကွယ်အကာ သံယောဇဉ် ကြိုးတို့ကို လွန်မြောက်ပြီးသော၊ ဝါ-လွန်မြောက်ပြီးသည် ဖြစ်၍၊ ခေမတ္တံ-ဘေးကင်းရာအမှန်၊ နိဗ္ဗာန်သို့ရောက်လေပြီးသော၊ တံပဏ္ဍိတံ- ထို ပညာရှိ-ပုဂ္ဂိုလ်ကို၊ သဗ္ဗဋ္ဌာနေသု-အလုံးစုံသော အရပ်ဌာနဘုံဘဝ တို့၌၊ အန္ဒေသံ-သတ်ဖြတ်ညှဉ်းဆဲခြင်းငှါ လိုက်လံရှာဖွေကြသော မာရသေနာပိ-ဇာတိ ဇရာ, စသည်များပြား,မာရ်မင်း၏ စစ်သည် များသော်မှလည်း နဇ္ဇဂါ-ရှာ၍မရပြီ။ ။ဤဂါထာ ပါဠိအနက် ကို တလုံးတပါဒမျှ မကျမပျက်, မတိမ်းမစောင်းစေဘဲ ကောင်း မွန်စွာ ကျက်ဆောင်လျက် ဆင်ခြင်နှလုံးသွင်းကြပါလေ။

**ပထဝီ မြေခေါတ်** ခေါတ်ခြောက်ပါး တို့တွင် ပထဝီ, မြေခေါတ်သည် ဗာဟိရ, ပြင်ဘက် မြေခေါတ်၊ အဇ္ဈတ္တ, အတွင်းမြေ ခေါတ် ဟူ၍နှစ်ပါးရှိသည်၊ ထိုနှစ်ပါးတို့တွင် အသက် ဝိညာဏ်ရှိသော သတ္တဝါသန္တာန်မှ အပဖြစ်သော, ဗဟိဒ္ဓသန္တာန် ၌ မဟာပထဝီ မြေကြီး, မြင့်မိုရ်တောင်, စကြဝဠာတောင်, သစ် ပင်တောတောင်, အိမ်ကျောင်း ဘုံဗိမာန်အစရှိသော, မျက်စိဖြင့် မြင်ကောင်းသော အလုံးစုံသော အစိုင်အခဲ အထယ်ဝတ္ထု ဟူ သမျှကို ဗာဟိရ, ပြင်ဘက်မြေခေါတ်ဟု ခေါ်သည်။

အသက်ဝိညာဏ်ရှိသော သတ္တဝါသန္တာန်၌ ဆံပင်,အမွေး, လက်သဲခြေသဲ, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူ သိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, ပေါင်း အဇ္ဈတ္တ

ပထဝီမြေဓာတ် နှစ်ဆယ်ဖြစ်သည်၊ ထိုနှစ်ဆယ်တွင် ဆံပင်မှစ၍ ခြင်ဆီကျအောင်ကိုးပါးကိုအပြင်ကောဋ္ဌာသဟုမှတ်၊အညှို့ကစ၍ ဦးနှောက်ကျအောင် တဆဲ့တစ်ပါးကိုကား-အတွင်းကောဋ္ဌာသ ဟူ၍ ခွဲခြားသိမှတ်ကြ။

ငင်းမြေဓာတ် နှစ်ဆယ်အပြင်၊ မြေဓာတ် အချို့ရှိသေး၏၊ ၎င်းတို့ကား—ဥက္ကာကုံ-ကျောက်ကပ်-ဗိဇံ-ငွေးစေ့(ကပ္ပယ်စေ့) ဤသို့အစရှိသည်တို့တည်း၊ ၎င်းတို့ကို ယေဝါပနက မြေဓာတ် ဟု ခေါ်သည်မှတ်၊ ဤယေဝါပနက မြေဓာတ်တို့ကိုလည်း သိမှတ်ကြ၍ ဆိုခဲ့ပြီးသော မြေဓာတ် နှစ်ဆယ်တို့ကို အပြောင်း အပြန့်, အနုလုံ,ပဋိလုံ ကျေပွန်အောင် နှုတ်တက်အရကျက်၍ ကျေပွန်စွာ ရလျှင် ၎င်းတို့၏ အဆင်းသဏ္ဌာန် တည်ရာဌာန အပိုင်း အခြား ပရိစ္ဆေဒတို့ကိုကောင်းစွာသညာဖြင့် မှတ်လျက် ဝိညာဏ်ဖြင့်သိ၍ သိသောအတိုင်း, မှတ်မိသောအတိုင်း နှုတ်ဖြင့် မရွတ်အံဘဲ စိတ်တွင်သာ ပညာဉာဏ်ဖြင့်, ထင်ထင်လင်းလင်း မြင်အောင် အစဉ် အတိုင်း, အနုလုံ ပဋိလုံအားဖြင့်ကြည့်ရှုကြလေ။

ဆိုခဲ့သည့် အတိုင်း, အနည်းဆုံး, တရက်၊ အများဆုံး ဆယ်ရက်ခန့် သာမညအားဖြင့် ကြည့်ရှုပြီး၍ အဆင်း သဏ္ဌာန် တည်ရာ ဌာန အပိုင်း အခြားနှင့် တကွ ထိုအတွင်း မြေဓာတ် တို့ကို အတော်မှုံ့မှုံ့ ထင်၍လာသောအခါမှ,ဤသို့ဝိသေသအား ဖြင့် ကြည့်ရှု ဆင်ခြင်ရမည်။ ဉာဏ်တည်းဟူသော လက်ဖြင့် ပြင် ဘက် မြေကြီးကိုယူ၍ ဆံပင်တည်းဟူသော အတွင်း မြေ ဓာတ် ကိုလည်းယူ၍ လက်ဝါးပေါ်၌ အဇ္ဈတ္တ,ဗဟိဒ္ဓ မြေဓာတ်နှစ်ပါး ကို ယှဉ်၍ထားပြီးလျှင် ဤမြေကြီးခဲသည်, ငါမဟုတ်, ငါ့ဥစ္စာ လည်းမဟုတ် ခက်မာခြင်းသဘောဖြစ်သော မြေဓာတ်ပင်တည်း။ ဤဆံပင်သည်လည်း, ဤမြေကြီးခဲအတူ ငါမဟုတ်, ငါ့ဥစ္စာလည်း

မဟုတ် ခက်မာခြင်းသဘောရှိသော မြေဓာတ်ပင်တည်း၊ဤဆံပင်နှင့် ဤမြေကြီးခဲနှစ်ပါးလုံးသည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ ခက်မာခြင်းသဘောဖြစ်သော မြေဓာတ်ပင်တည်း၊ ဘာမျှမထူးကြပြီ။ မြေဓာတ်ချင်းအတူတူပင်တည်းဟု ဆံပင်နှင့် မြေကြီးခဲကို တထပ်တည်းတူအောင်,မြင်အောင် ကြည့်ရှုဆင်ခြင်ရမည်။

ဤနည်းအတူ-အမွေး, လက်သဲ,ခြေသဲ-စသော အကြွင်း, အတွင်းမြေဓာတ်စုများကိုလည်း တခုချင်း,တခုချင်းစိ ခွဲခြား၍ ပြင်ဘက်မြေဓာတ်နှင့်ယှဉ်၍ယှဉ်၍ အတွင်းအပြင်, မခြားမနား, တစားတည်း တထပ်တည်း,တူအောင်မြင်အောင်,ကြည့်ရှုဆင်ခြင်ရမည်။ အနုလုံ ပဋိလုံ အပြန်အလှန် အဖန်ဖန်အထပ်ထပ် ကြည့်ရှုဆင်ခြင်ရမည်။ ယေဝါပနက- မြေဓာတ်များကိုပါကြည့်, မကျန်စေနှင့်၊ ဤသို့-ကြည့်ရှုသဖြင့်- ငါ,ငါ့ဟာမဟုတ်ဟု ထင်ထင်လင်းလင်း ဉာဏ်၌သိမြင်၍ ငါဟုမှတ်ထင်စွဲလမ်းခြင်း ကင်းသောအခါ ထိုမြေဓာတ်တို့ကို, ငါဟူသောကိုယ်အနေနှင့်ငင်း၊ ငါ့ဟာဟူသော ကိုယ်,ဥစ္စာ အနေနှင့်ငင်း၊ချစ်ခင် တသ်မက်ခြင်းလည်း ကင်းကြကုန်လတံ့။

အထူးသိရန်မှာ-ပညတ်ပေါ်သည်ရှိသော်, ပရမတ်ငုတ်ပုံမှာ- ဤနှစ်ဆယ်သော ကိုယ်အစုကို၊ ပထဝီဓာတ်မျိုးဟူ၍ သုတ္တန်အဘိဓမ္မာတို့၌ ဗုဒ္ဓက ဟောကြားတော်မူ၏၊ အနတ္တလက္ခဏာကို ဃနသည် ဖုံးလွှမ်းအပ်သောကြောင့် မထင်နိုင်, မမြင်နိုင်ရှိကြကုန်၏။ ဃနကိုဖျက်သည်ရှိသော်, အနတ္တလက္ခဏာသည် ထင်ပေါ်လာရ၏ဟု အဋ္ဌကထာတို့၌ မိန့်ဆိုကြပေ၏။ ဃန-ဆိုသည် ကား-ရုပ်နာမ်တို့၏တပေါင်းတည်း,တစုတည်း,တလုံးတည်း, တခဲနက်တည်းဖြစ်၍ တည်နေကြသည်ကို ဆိုလို၏။ ဤ ဃန ကိုပင်, ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံအတ္တဟု စွဲလမ်းနေကြ၏။ဤဃန ကြေ

ပျက်သည်ရှိသော် ထိုအတ္တသည် ပျက်လေ၏။ အနတ္တ ပေါ်လေ၏။

ဃနကိုဖျက်ခြင်းဆိုသည်ကား-ထိုတခဲနက် တည်နေသည်ကို ချေဖျက်ခြင်းပင်တည်း။ ချေဖျက်ပုံကား၊ "ပညတ် ပေါ်သည်ရှိသော်, ပရမတ်ငုတ်၏။ ပရမတ်ပေါ်သည်ရှိသော်,ပညတ်ကွယ်ပျောက်၏" (ဤစကား နှစ်ခွန်းကို ဆောင်ပုဒ်ပြု၍ထား)ပညတ်ပေါ်သည်ရှိသော် ပရမတ်ငုတ်၏ ဟူသောစကား၌ အဘယ်သို့ပညတ်ပေါ်လျှင် ပရမတ်ငုတ်လေသနည်းဟူမူကား၊ ပထဝီဓာတ်မျိုးဟူ၍ဟောတော်မူအပ်သော ဆံပင်တို့၌ ဤဓာတ်တို့၏ တခဲနက်တည်း တည်ရှိ၍နေခြင်းကြောင့် လုံးလုံးလျားလျား, ရှည်ရှည် များများဟူသော သဏ္ဌာနပညတ်သည် ထင်ရှားစွာ ပေါ်ရှိ၍နေ၏။ မြေမှုန့်ဟူသောပရမတ်တရား၊ ပထဝီဟူသော ပရမတ်အမည်များသည် ငုတ်မြုပ်၍ နေလေ၏။ မပေါ်မထင် ရှိနေ၏။ ဆံပင်အတိုင်းကို မြင်ကြသည်ရှိသော်၊ လုံးလုံးရှည်ရှည်ကိုသာ မြင်ကြရ၏။ဆံပင်ဟူ၍ သိတတ်ကြ,ခေါ်တတ်ကြ၏။ အလွန် နုပ်ဖွဲ့သော မြေမှုန့်တို့ကို မမြင်နိုင်ကြ, မြေဟူ၍ မသိတတ်ကြ၊ မခေါ်တတ်ကြ၊ ဤကား ဆံပင်၌ ပညတ်ပေါ်၍ ပရမတ်ငုတ်ပုံတည်း။

အဘယ်သို့ ပရမတ်ပေါ်လျှင် ပညတ် ပျောက်ကွယ်သနည်း ဟူမူကား၊ ဆံပင်ဃနဟူသော တခဲနက်ကို ချေဖျက်သည်ရှိသော်၊ အလွန်သေးနုပ်သော မြေဓာတ် ပရမတ်တို့သည် ထင်ရှားစွာ ပေါ်လာကြကုန်၏။ မြေဓာတ်ပရမတ် ထင်ရှား ပေါ် လာသည်ရှိသော်၊ လုံးလုံးရှည်ရှည်ဟူသော သဏ္ဌာနပညတ်သည်ကွယ်ပျောက်လေ၏။ ထိုသေးနုပ်သော မြေဓာတ်မှုန့်တို့ကို မြင်ကြသော်၊ ဆံပင်ဟူ၍ မသိကြ,မခေါ်ကြပြီ၊ အမှုန့်ဟူသော မြေ၏အမည်ဖြင့်သာ သိကြ,ခေါ်ကြကုန်၏။

ဤစကား၌ ဃနဟူသော တခဲနက်ကို ဖျက်ပုံကား- ဆံပင်တို့ကို ကျောက်ပြင်ပေါ်၌တင်၍ အလွန်ညက်စွာညက်ဖြင့်ကြိတ်၍ ကြည့်သည်ရှိသော် ဃနဟူသော တခဲနက်သည် ပျက်ပြား၍အလွန်သေးနုတ်လှသော မြေမှုန့်တို့သည်, ထောင်းထောင်း, ထောင်းထောင်း,ပေါ်ကြကုန်လတံ့။ ပေါ်တိုင်း ပေါ်တိုင်း, ရှည်ရှည်လျားလျား ဟူသော သဏ္ဌာနပညတ် ကွယ်ပျောက်လတံ့၊ ဆံပင်ဟူသော နာမပညတ်သည်လည်း ကွယ်ပျောက်လေ၍ ပထဝီ ဟု ဟောတော်မူသော မြေမှုန့်ဟူသော ပရမတ်အမည်သို့ ပြောင်းလေ၏။ ဤကားဆံပင်၌ ပရမတ်ပေါ်၍ ပညတ် ကွယ်ပျောက်ပုံတည်း။ ဤပရမတ်ပေါ်၍ ပညတ် ကွယ်ပျောက်သည် ကိုပင်, အနတ္တပေါ်၍ အတ္တကွယ်ပျောက်သည်ဟု ဆိုပေ၏။ ဤကား-ဆံပင်တို့၌ အတ္တ,အနတ္တ စစ်ချက်ပေတည်း၊ကြွင်းသော မွေးညှင်း, ခြေသဲ လက်သဲ-စသည်တို့၌လည်း ဤနည်းကို မှီ၍ အသီးသီး စစ်ချက်ထုတ်ကြလေကုန်။

ထိုတွင် ပရမတ်ငုတ်မြုပ်၍ ပညတ်ပေါ်နေသောနယ်ကြီးသည် အဝိဇ္ဇာနယ်ကြီး, အတ္တဒိဋ္ဌိနယ်ကြီး, ကိလေသာနယ်ကြီး, ဒုစရိုက်နယ်ကြီး, အပါယ် ဒုဂ္ဂတိ နယ် ကြီး ပေ တည်း၊ ပညတ်ပျောက်၍ ပရမတ်ပေါ်သော နယ်ကြီးသည် ဝိဇ္ဇာနယ်ကြီး, အနတ္တ သမ္မာဒိဋ္ဌိနယ်ကြီး, ကိလေသာ ပျောက်ကင်းသောနယ်ကြီး, ဒုစရိုက်လွတ်ငြိမ်းသောနယ်ကြီး, အပါယ် ဒုဂ္ဂတိ ချုပ်ငြိမ်းသော နယ်ကြီးပေတည်း။

ဤပြဆိုခဲ့ပြီးသော ပထဝီမြေဓာတ်နှင့်တကွ ပုဂ္ဂိုလ်သတ္တဝါဟူသော သဏ္ဌာနပညတ်နှင့် ပရမတ်ခွဲနည်းများကိုခြားနားရှင်းလင်းစွာ ထင်နိုင်သောသူတို့မှာ, ပုဂ္ဂိုလ်သတ္တဝါဟူ၍ အဟုတ်အမှန်အားဖြင့် မရှိကြောင်း စိတ်မနေ့ာထည်းတွင် ထင်မြင်ရသော သဏ္ဌာန

ပညတ်မျိုးမျှသာဖြစ်ကြောင်း အသိဉာဏ်တွင် ထင်လင်းလျက်ရှိလေ၏။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ အဟုတ်အမှန်အားဖြင့် မရှိဟု ထင်လင်းစွာ သိကြသောသူတို့မှာကား အတ္တသည်အသုံးမကျလေပြီ။

ပညတ်ပရမတ်ခွဲနည်း ဥပမာကား- ရှုံလက်သမားသည် ရှုံအိုင်ကြီးတခုမှာ အလွန်နူးနပ်သော ရှုံတို့ကိုယူ၍ လူရုပ်ကြီးတခု အင်္ဂါကြီးငယ် စုံလင်စွာပြုလုပ်ရာ၏။ ရှုံအိုင်ထဲမှာ ထိုရှုံတို့၏ အခြင်းအရာကိုရင်း သိရှိကြကုန်ရာ၏။ အရုပ်ပြုလုပ်သော အခါ- ရှုံလက်သမားပြုလုပ်၍ ထွေထွေလာလာ ထင်မြင် လာရသော အခြင်းအရာကြီးငယ်တို့ကိုလည်း အစေ့အစပ် သိမြင်ကြကုန်၏။ ထိုနှစ်ပါးတို့တွင်-ထိုရှုံတို့သည်ကား ပရမတ်တရားမျိုး ပေတည်း၊ ထိုထွေထွေလာလာ ထင်မြင်ရသော အခြင်းအရာကြီးငယ်တို့သည်ကား- သဏ္ဌာန်ပညတ်တရားမျိုးပေတည်း။ ထိုတွင် ပရမတ်တရားမျိုးတို့မှာလည်း သူ့သဘောနှင့်သူ့အမည်အသီးသီးရှိကြကုန်၏။ ပညတ်တရားတို့မှာလည်း သူ့အခြင်းအရာကြီးငယ်နှင့် သူ့အမည်အသီးသီးရှိကြကုန်၏။ ပရမတ်တရားသည် ပညတ်တရားမဟုတ်၊ ပညတ်တရားသည် ပရမတ်တရားမဟုတ်၊ ပရမတ်တရားကား တခြား၊ ပရမတ်တရား၏ အမည်ကားတခြား၊ ပညတ်တရားကား တခြား၊ ပညတ်တရား၏ အမည်ကား တခြားစီသာတည်း။

ရှုံလက်သမားသည်လည်း မရှိသေးသောရှုံကို တမှုံတပဲမျှရှိအောင် မတတ်နိုင်၊ ရှိပြီးသော ရှုံတို့ကိုမူကား ကိုယ်သဏ္ဌာန်၊ ခေါင်းသဏ္ဌာန် စသည်ဖြင့်ထွေထွေလာလာသဏ္ဌာန်ကြီးငယ်များကိုသာ ပြုလုပ်ခြင်းငှာတတ်နိုင်၏၊ တဖန်-ထိုလူရုပ်ကြီးကို ဖြိုဖျက်နင်းနယ်၍ ရှုံခဲကြီးပြုလုပ်ပြန်ရာ၌ ရှုံတို့သည်ကား ရှေးရှိမြဲတိုင်းပင် ရှိကြကုန်၏။ တမှုံတပဲမျှ ပျောက်ပျက်ခြင်းမရှိကုန်၊ ထိုလူရုပ်သဏ္ဌာန်ကြီးငယ်တို့သည်ကား-အကုန်ကွယ်ပျောက်၍ကုန်၏။ ဤ

မျှသော အချက်တို့ဖြင့် ရှုံဟူသော မရမတ်တရားနှင့် လူသဏ္ဍာန်ကြီးငယ်ဟူသော ပညတ်တရားတို့၏ ခြားနားချက်သည် အလွန်ပင် ထင်ရှား၏။ ထိုအရုပ်ကြီးကို ရှုံရုပ်ကြီး,ရှုံတုံးကြီး,ရှုံခဲကြီး ဆိုလျှင်မှန်၏၊ လူရုပ်ကြီးဆိုလျှင် မှား၏။ ဦးခေါင်းကို ရှုံတုံးကြီး ရှုံခဲကြီးဆိုလျှင်မှန်၏။ ဦးခေါင်းကြီးဆိုလျှင်မှား၏-ဤသို့စသည်ဖြင့် ပရမတ်ဓာတ်နှင့် ပညတ်အခြင်း အရာတို့၏ ခွဲခြားနည်းကို ပညာရှိတို့ သိရှိကြကုန်ရာ၏။ ထိုတွင် ပရမတ် တရားတို့သာလျှင် သဘောအားဖြင့် အဟုတ်ရှိမျိုး,အမှန်ရှိမျိုးဖြစ်ကြကုန်၏။ပညတ်တရားတို့သည်မူကား-သဘောအားဖြင့် အဟုတ်ရှိမျိုး,အမှန်ရှိမျိုး မဟုတ်ကြကုန်၊ စိတ်ဝိညာဏ်ဟူသော,မျက်လှည့်သည်ကြီး၏မျက်လှည့်ပြချက် အစွမ်းဖြင့် ထိုသဏ္ဍာန်ကြီးငယ်တို့ကို မျက်မြင်ထဲတွင် ကြောင်တောင်ထင်မြင်၍ နေကြကုန်၏။ထိုကြောင့်ဗုဒ္ဓက"မာယူပမဉ္စဝိညာဏံ"ဟုဟောတော်မူပေ၏။ဝိညာဏံ-စိတ်ဝိညာဏ်သည်၊ မာယူပမံ- မျက်လှည့်သမားနှင့် တူလှချေ၏၊ ဤမျှလောက်သော စကားရပ်တို့ဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါမည်သည်မရှိ, လူနတ်ဗြဟ္မာ မည်သည်မရှိ, ငါသူတပါး,ယောကျ်ား,မိန်းမ မည်သည်မရှိ၊ဦးခေါင်း ခြေလက် နားရွက်မျက်လုံး-စသော သဏ္ဍာန်ကြီးငယ်မည်သည်မရှိ၊ ဆံပင်မွေး ညှင်း,ခြေသည်း လက်သည်း-စသော အင်္ဂါကြီးငယ်မည်သည်မရှိ၊ ရုပ်တုံးရုပ်ခဲကြီးငယ်တို့သည်သာလျှင် ရှိကုန်၏။

နာမ်ဓာတ်တို့၌လည်း၊ အဆင်းကိုမြင်ခြင်း, အသံကိုကြားခြင်း,အနံ့ကိုနံခြင်း,အရသာကိုသိခြင်း, ကိုယ်၌အတွေ့အထိကိုသိခြင်း, စိတ်မနော၌ ကောင်းသောကြံခြင်း, မကောင်းသောကြံခြင်း, ကောင်းသောသိခြင်း, မကောင်းသောသိခြင်း- အလုံးစုံတို့သည်လည်း နာမ်ဓာတ်တို့၏ အမှုတို့သာတည်း၊ ပုဂ္ဂိုလ်သတ္တဝါ၏ မြင်ခြင်း, ပုဂ္ဂိုလ်သတ္တဝါ၏ ကြားခြင်း, ပုဂ္ဂိုလ်သတ္တဝါ၏ နံခြင်း,

စသည်င့် ယူခဲ့သော်၊ထိုအယူသည် မှား၏။ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြစ်၏။ သို့ဖြစ်၍ ပရမတ်ပညတ် နှစ်မျိုးသာရ၏ဟု ဆိုခဲ့၏။

ထိုစကားသည် မှန်၏၊ ပညတ်နှင့် ပရမတ်ခွဲနည်းကို မသိကြ၍ အဟုတ်ရှိ မဟုတ်သော ပညတ်ကို ပရမတ်နှင့် တပေါင်းတည်းပြု၍ အဟုတ်ရှိ အမှန်ရှိဟု အခိုင်အမြဲစွဲလမ်းလျက်ရှိနေသူတို့မှာသာလျှင် ရုပ်နာမ် တရားကို ပုဂ္ဂိုလ်၏ အမာခံ အထယ်ခံ အတ္တပြုလုပ်ဘွယ်ကိစ္စရှိချေသည်။ ပုဂ္ဂိုလ်မရှိ,သတ္တဝါမရှိ,ဟု အမှန်သိနိုင်သော သူတို့မှာ ရုပ်နာမ်တရားကို ပုဂ္ဂိုလ်၏ အတ္တပြုလုပ်ဘွယ် ကိစ္စမရှိလေပြီ၊ ရုပ်နာမ်တရားသည် ပုဂ္ဂိုလ် အတ္တအရာမှ လွတ်ကင်းလေ၏၊ အတ္တမဟုတ် ထင်ရှားလေ၏။ ဤသို့ အတ္တမဟုတ်သည်ကို အနတ္တဟုဆို၏။

ဤအနတ္တဉာဏ်ကို ထင်လင်းစွာပေါက်ရောက်သော သူတို့မှာ "ဧသောမေအတ္တာ" ဟူသော အတ္တ ဒိဋ္ဌိကြီးသည် အမြစ်အရင်းနှင့်တကွ ကျွတ်လေ၏၊ ပျောက်ဆုံးလေ၏၊ အနတ္တ သမ္မာဒိဋ္ဌိကြီးသည် တည်ထောင်မိလေ၏၊ထိုသမ္မာဒိဋ္ဌိဉာဏ်တည်ထောင်ပြီးသည်တပြိုင်နက် တချက်တည်း သမ္မာသင်္ကပ္ပ, သမ္မာ ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော အဖော်အဖက် မဂ္ဂင် ၇ ပါးတို့သည်လည်း ပေါ်ပေါက်လာကုန်၏၊ မဂ္ဂင်ရှစ်ပါးတရားကြီးသည် အပြီး ထူထောင်မိ၏၊ ထိုအခါမှစ၍ ထိုသူတို့မှာ ရုပ်နာမ်ခန္ဓာတို့၏အလိုသို့ လိုက်ရခြင်းမှ ကျွတ်လွတ်ကြရကုန်၏။

သေဆုံးသည်မှ နောက်၌ အောက်ဘုံ အောက်ဘဝ သို့ လျှောကျခြင်းမှ အစဉ်ထာဝရ ကင်းလွတ်ကြလေ၏၊ ရုပ်နာမ်ခန္ဓာတို့ကသာ ထိုသူ၏အလိုသို့ လိုက်ပါကြရကုန်၏။ တဘဝမှ တဘဝသို့ ပြောင်းရွှေ့ရသောအခါ၌ ထိုသူတို့အလိုရှိရာ,ကောင်း

သည်ထက်ကောင်းရာ, မြတ်သည်ထက်မြတ်ရာ, တတ်သည်ထက်တတ်ရာ, လိမ္မာသည်ထက် လိမ္မာရာ, ချမ်းသာသည်ထက် ချမ်းသာရာ, အေးငြိမ်းသည်ထက် အေးငြိမ်းရာ, လမ်း စခန်းကြီး သို့ ရှပ်နာမ် ခန္ဓာတို့က လိုက်ပါကြကုန်၏။

ထို အတ္တဒိဋ္ဌိမှ ကျွတ်လွတ်ကြကုန်ပြီးသော အရိယာ ဖြစ်ကြသူ လူ နတ် ဗြဟ္မာ သတ္တဝါတို့မှာ ကံအရှိန်အဟုန် ကုန်ကြ၍ ထိုထိုဘုံဘဝတို့မှ စုတေကြကုန်သောအခါ ထိုသူတို့မှာ မဂ္ဂင် ရှစ်ပါး တည်းဟူသော အလွန် အားကြီးစွာသော မှိုတွယ်ရာကြီး လက်ရှိမကွာ အမြဲပါရှိကြကုန်သည်ဖြစ်၍ ထိုဘဝ ထိုခန္ဓာ ပျက်သည်ရှိသော် အောက် ဘုံဘဝသို့ ယျောကျခြင်း မရှိကြလေကုန်ပြီ၊ ပုထုဇနဥမ္မတ္တကအဖြစ်မှ ကျွတ်လွတ်၍ အရိယာသူမြတ်အဖြစ်သို့ ရောက်ကုန်ကြသဖြင့် အောက်ဘုံ အောက်ဘဝသို့ ယျောကျခြင်းမှ အစဉ်ထာဝရ လွတ်ငြိမ်းရခြင်းသည် ဗုဒ္ဓဘာသာသာသနာ၌ ရှေးဦးစွာ ရောက်ကြရသော ပထမနိဗ္ဗာန်ကြီးမည်၏။

ဤပထမနိဗ္ဗာန်သို့ ရောက်ကြရကုန်သောသူတို့သည် ဤဘဝမှစ၍ နောက်အနာဂတ်သံသရာ၌ ကျင်လည်ကြရကုန်သော်လည်း မိမိတို့၏စိတ်အစဉ်မှာ မဂ္ဂင်ရှစ်ပါးဟူသောမှတ်ပုံလက်မှတ်အားကိုးရာကြီး အပြီးပါရှိနေသောကြောင့်ထိုသူတို့မှာသာသနာကွယ်ပသော ဘဝ၊ သာသနာကွယ်ပသော ကမ္ဘာဟူ၍ မရှိတော့ပြီ၊ ထိုထိုဘဝတို့မှ ကျွတ်လွတ်ရာဖြစ်သော အထက် အသင်္ခတနိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အပြီးပါရှိလေကုန်တော့သည်။

အမှာ။ ။စံပြကျမ်း ဖြစ်သည် အားလျော်စွာ တခုလောက်ကို ပုံစံပြလျှင် နောက် ခတ်ငါးပါးကို သိနိုင်လောက်ပြီဖြစ်၍ နောက်မချဲ့လိုတော့ဘဲ ဤ ဆိုခဲ့သောနည်းကို မှီ၍သာ

ရှုဆင်ခြင် ကြလေကုန်၊ ထူးခြားခြင်း များ စွာ မရှိတော့ ပါပြီ။ ဤကား-ပထဝီမြေဓာတ်ကို ဝေဖန်ပြဆိုချက်ဖြစ်၏။

**အာပေါ ရေဓာတ်**

ဓာတ်ခြောက်ပါးတို့တွင် အာပေါ, ရေဓာတ်သည် ဗာဟိရပြင်ဘက် ရေဓာတ်, အဇ္ဈတ္တအတွင်း ရေဓာတ် ဟု နှစ်ပါးရှိသည်၊ထိုနှစ်ပါးတို့တွင် အသက်ဝိညာဏ် ရှိသော သတ္တဝါသန္တာန်မှ အပဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ကမ္ဘာ ဖျက်ရေ, မဟာသမုဒ္ဒရာရေ, မြစ်ရေ, အိုင်ရေ, ချောင်းရေ, မြောင်းရေ, ကောင်းကင်ကကျသောရေ အစရှိသော မျက်စိဖြင့် မြင်ကောင်းသော အလုံးစုံသော ပေါင်းဖွဲ့ယိုစီးခြင်းသဘော ဖြစ်သော အရေတွေ့ဟူသမျှကို ဗာဟိရပြင်ဘက် ရေဓာတ်ဟု ခေါ် သည်။

အသက် ဝိညာဏ်ရှိသော သတ္တဝါသန္တာန်၌ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်, ဤတဆယ့် နှစ်ပါးသော, ပေါင်းဖွဲ့ယိုစီး ခြင်းသဘောဖြစ်သော အရည်တွေ့ကို အဇ္ဈတ္တ အတွင်း ရေဓာတ် ခေါ်သည်၊ ဤတဆယ့်နှစ်ပါးမှတပါး, ရေဓာတ်တချို့လည်း ရှိ သေး၏၊ ၎င်းတို့ကား- သုက္က- သုက်၊ တညံ့- နို့ရည်၊ ဤသို့အစရှိ သည်တို့တည်း၊ ၎င်းတို့ကို ယေဝါပနက ရေဓာတ်ဟု ခေါ်သည်၊ အထူးမှာ- ဤဓာတ်နှစ်ပါးကား အချိန်အရွယ် ရောက်သောသူတို့ ၌သာ, လှုပ်ရှားယိုစီးခြင်း ဖြစ်လာ၍ ထင်ရှား၏။အချိန်အရွယ် မရောက်သေးသောသူတို့၌ကား,မထင်ရှားသေး ရှိကားရှိ၏၊ပုရိသ သန္တာန်၌ သုက်များ၍ နို့ရည်နည်း၏၊ ဣတ္ထိသန္တာန်၌ နို့ရည် များ၍ သုက်နည်း၏၊ —ဤသို့- ယေဝါပနက ရေဓာတ်များကို လည်း သိကြလေ။

ဤယေဝါပနက ရေခွတ် တို့ကိုလည်း သိမှတ်ကြ၍ ဆိုခဲ့သော ရေခွတ် တဆယ့်နှစ်ပါး တို့ကို သည်းခြေကစ၍ ကျင်ငယ်ကျအောင် ဗဟိဒ္ဓရေခွတ်နှင့် နှိုင်းယှဉ်ထားပြီး (ပထဝီ-မြေခွတ်မှာဆိုခဲ့သည့်အတိုင်း) အစဉ်အတိုင်းမရပ်မဆိုင်း အနုလုံပဋိလုံ အပြောင်းအပြန်,အဖန်ဖန်အထပ်ထပ်, သုံးသပ်လေ့လာ, အရကျက်မှတ်လျက်, စိတ်ထဲ၌ ထင်မြင် လာအောင် ကြည့်ရှုဆင်ခြင်သောအခါ သတ္တ, ဇီဝသညာ ကင်းပျောက်၍ ချစ်ခင်တသ်မက်ခြင်းပျောက်ကြကုန်လတံ့။ ။(အကျယ်ကို ပထဝီ မြေခွတ်၌ ပုံစံမှီးလျက် လေ့လာ ပွါးများ အားထုတ်ကြကုန်ရာသည်။)

**တေဇော မီးခွတ်**

ခွတ် ခြောက်ပါး တို့တွင် တေဇော, မီးခွတ် သည်လည်း ဗာဟိရပြင်ဘက်မီးခွတ်, အဇ္ဈတ္တ အတွင်းမီးခွတ်ဟူ၍ နှစ်ပါးရှိသည်၊ထိုနှစ်ပါးတို့တွင် အသက်ဝိညာဏ်ရှိသော သတ္တာ သန္တာန်မှ အပဖြစ်သော ဗဟိဒ္ဓ သန္တာန်၌ ကမ္ဘာဖျက်မီး, အဝီစိငရဲမီး, တောတောင်လောင်သောမီး, မိုးကြိုးလောင်မီး, ထမင်းဟင်းချက်သောမီး, စကြဝဠာ သုံးခုအကြားအကြား၌ လောကန္တရိကငရဲသူတို့ကို မှုန့်မှုန့်ညက်ညက်, ကြေမွ၍သွားအောင်, အေးသောအားဖြင့် လောင်သောမီး၊ ဟိမဝန္တာ တောတောင်၌ ရေတွေနှင်းတွေခဲ၍မာ၍ နေအောင် အေးသောအားဖြင့် လောင်သောမီး, ဆောင်းအခါ စသည်၌ ခိုက်ခိုက်တုန်အောင် အေးသောအားဖြင့် လောင်သောမီး, ဤသို့ အစ ရှိကုန်သော ပူခြင်း အေးခြင်းသဘောဖြစ်သော အလုံးစုံသောအပူတွေ, အအေးတွေဟူသမျှကို ဗာဟိရပြင်ဘက်မီးခွတ်ဟု ခေါ်သည်။

အသက်ဝိညာဏ်ရှိသော သတ္တာသန္တာန်၌၊ ဥသ္မာမီး, ပါစကမီး, သန္တာပနမီး, ဒါဟမီး, ဇိရဏမီး- ဤငါးပါးသော မီးတို့ကို အဇ္ဈတ္တ- အတွင်းမီးခွတ်ဟု ခေါ်သည်၊ ထိုမီးငါးပါးတို့

တွင် ဥဿ္မာမီး, ပါစကမီး, သန္တာပနမီး, ဒါဟမီး, လေးပါးအလွတ် ဖြစ်သော ဤတကိုယ်လုံး၌ ရှိရှိသမျှ အလုံးစုံသော နွေးမှု အေးမှု ဟူသော ဥဏှမီး, သီတမီး တို့သည်ပင် နွေးသည်, အေးသည် ဟူ ၍ပင် မသိနိုင်လောက်အောင် နှံ့၍နေသော ဥဏှမီး, သီတမီးတို့ သည်ပင်း ဤအလုံးစုံသော မီးတို့သည် မိမိတို့စွဲရာမြေဓာတ် ရေ ဓာတ်တို့ကို ငယ်ရွယ်စဉ်ကနှင့် မတူစေဘဲ တနေ့တခြား ရင့်ယော် ဆွေးမြေ့ စေတတ်သော ဆုတ်ယုတ် အိုမင်းစေတတ်သော ဇီရာပ နသတ္တိ ရှိသောကြောင့် ဇီရဏမည်၏။ ဤဇီရဏမီး သဘော ကိစ္စ တည်ရာဌာနတို့ ကား ထင်ရှားသိသာ၏။

ဤတွင် မီးဓာတ်ငါးပါးတို့၏ ပူပုံအေးပုံသဘော, လောင် ပုံကိစ္စ, စွဲရာတည်ရာ ဌာနတို့ကို ကောင်းမွန်သေချာစွာ ပိုင်းခြား မှတ်သား၍ နားလည်အောင်ပြုပြီးလျှင်၊ ပြင်ဘက်က မီးဓာတ်နှင့် ထပ်တူထင်မြင်အောင် ယှဉ်၍ယှဉ်၍ ကြည့်ရှုဆင်ခြင်ကြ။ ဆင်ခြင် ရန်မှာ- ဤမီးဓာတ်ငါးပါးတို့သည် အကြောင်းကိစ္စ, တည်ရာဌာ န, အခိုက်အတန့် တို့ဖြင့်သာ ငါးပါး ကွဲပြားနေသည်၊စင်စစ်မှာ- ပူမှု ဥဏှမီး, အေးမှုသီတမီးနှစ်ပါးသာရှိသည် ဟူ၍လည်း ရှေးဦး စွာသိမြင် မှတ်သားရာ၏၊ ထိုနောက်မှ အောက်က ဆိုခဲ့သည်အ တိုင်း၊ ဉာဏ်တည်းဟူသော လက်ဖြင့် ဗာဟိရပြင်ဘက်ကမီးဓာတ်, အဇ္ဈတ္တအတွင်းဘက်မီးဓာတ် ယှဉ်ထားပြီး, သတ္တဇီဝသညာကင်း ပျောက်အောင်, အဖန်ဖန် ဆင်ခြင် သုံးသပ် လေ့လာ သွားလျှင်၊ မီးဓာတ် နှစ်ခုစလုံးသည် အတူတူပင် ဖြစ်၍ ငါမဟုတ်ပြီဟု ထင် ထင်လင်းလင်း သိမြင်၍ ငါဟုမှတ်ထင် စွဲလမ်းခြင်း ကင်းသော အခါ ထိုမီးဓာတ်တို့ကို ငါဟူသောအတ္တ အနေဖြင့်ပင်း၊ ငါ့ဟာ ဟူသော အတ္တနိယ အနေဖြင့်ပင်း၊ ချစ်ခင် တသ်မက် ခြင်းလည်း

ကင်းကြကုန်လတံ့။ ။(အကျယ်ပွါးများ အားထုတ်ပုံနည်းကို ပထဝီ-မြေဓာတ်ခန်း၌ ပြန်ကြည့်ကြလေ။)

**ဝါယော လေဓာတ်** ဓာတ် ခြောက်ပါး တို့တွင် ဝါယော ဓာတ်သည်လည်း ဗာဟိရ- ပြင်ဘက်လေဓာတ်၊ အဇ္ဈတ္တ အတွင်းလေဓာတ်ဟု နှစ်ပါးရှိသည်၊ ထိုနှစ်ပါး တို့တွင် အသက်ဝိညာဏ် ရှိသော သတ္တဝါ သန္တာန်မှ အပဖြစ်သော၊ ဗဟိဒ္ဓသန္တာန်၌ အောက်ကောင်းကင်၌ သွားလာ လှုပ်တိုက်နေသော လေ၊ အထက်ကောင်းကင်၌ သွားလာ လှုပ်တိုက်နေသော လေ၊ ကမ္ဘာဖျက်လေ၊ မြေပြင်ပေါ်၌ သစ်ပင်တောခြုံ စသည်တို့ကိုလှုပ်ရှားအောင်သွားလာ လှုပ်တိုက် နေသောလေ၊ အ လုံး စုံ ကောင်းကင်ရှိသမျှ၌ သွားလာ နေသောလေ၊ ယပ်ခပ်သောလေ၊ ဖိုထိုးသောလေ, ဤသို့အစရှိသော အလုံးစုံ လှုပ်ရှားလှုပ်ပါးခြင်း သဘော, ထောက်ကန် ထောင့်တင်းခြင်း သဘော ဟူသမျှတို့ကို ဗာဟိရ ပြင်ဘက်လေဓာတ်ဟု ခေါ်သည်။

အသက် ဝိညာဏ်ရှိသော သတ္တဝါသန္တာန်၌ ထွက်သက်, ဝင်သက် ဟူသော အဿာသ ပဿာသ လေ၊ ဝမ်းတွင်းမှ အထက်သို့ ဆန်တက်၍ အပေါက်ရှိရာ ထွက်လာသော ဥဒ္ဓင်္ဂမ လေ၊ ဝမ်းတွင်းမှ အောက်သို့ စုန်ဆင်း၍ အပေါက်ရှိရာထွက်သွားသော အဓောဂမ လေ၊ အူတွင်း၌အောင်း၍နေသော ကောဋ္ဌာ သ ယ လေ၊ အူပြင်ဘက်ဝမ်းခေါင်း, ရင်ခေါင်းတို့၌ အောင်း၍နေသော ကုစ္ဆိသယလေ၊ ဝမ်းခေါင်း, ရင်ခေါင်းမှ လွတ်ရာတကိုယ်လုံး အနှံ့ အင်္ဂါကြီးငယ်သို့ လျှောက်သွား လှည့်လည်သော အင်္ဂမင်္ဂါနုသာရီ လေ၊ဤခြောက်ပါးသော လှုပ်ရှား လှုပ်ပါးခြင်းသဘော, ထောက်ကန် တောင့်တင်းခြင်း သဘောတွေကို အဇ္ဈတ္တ အတွင်းလေဓာတ်ဟု ခေါ်သည်။

ဤအတွင်းလေခါတ်ခြောက်ပါးတို့၏ လှုပ်ရှားသွားလာခြင်း သဘော၊ မြေခါတ် ရေခါတ်တို့ကို လွှင့်တိုက်ခြင်း ကိစ္စ, တည်ရာ ဌာနတို့ကို ကောင်းမွန်သေချာစွာ မှတ်သားသိမြင်၍၊ ပြင်ဘက်က လေခါတ်နှင့် ထပ်တူ ထင်မြင်အောင် ယှဉ်၍ယှဉ်၍ ကြည့်ရှုဆင် ခြင်ကြ၊ ဆင်ခြင်ပုံကား—ဤ လေခါတ် ခြောက်ပါးတို့သည် အ ကြောင်းကိစ္စ, တည်ရာဌာန, အခိုက်အတန့် တို့ဖြင့်သာ ခြောက် ပါးကွဲ၍နေသည်၊ စင်စစ်အားဖြင့် သဘောတရားကိုယ်မှာ သွား လာ လှုပ်ရှားခြင်းသဘော အတူတူ တခုတည်းသာတည်း ဟူ၍ လည်း ရှေးဦးစွာသိမြင်မှတ်သား၍ ဉာဏ်တည်းဟူသောလက်ဖြင့် ဗဟိဒ္ဓ ပြင်ဘက်ကလေခါတ်၊အဇ္ဈတ္တအတွင်းဘက်က လေခါတ်၊ ယှဉ်ထားလျက် အောက်ကဆိုခဲ့သည့်အတိုင်း, အဖန်ဖန်, အထပ် ထပ်, သုံးသပ်ဆင်ခြင်သွားလျှင် သတ္တဇီဝသညာ ပျောက်ကင်း၍ ငါဟုမှတ်ထင်စွဲလမ်းခြင်းကင်းသောအခါ ထိုလေခါတ်တို့ကို ငါ ဟူ သောအတ္တအနေဖြင့်၎င်း၊ ငါ့ဟာဟူသောအတ္တနိယအနေနှင့်၎င်း, ချစ်ခင် တသ်မက်ခြင်း ကင်းကြကုန်လတံ့။ ။ (အကျယ် ပွါး များပုံနည်းကို အောက်ကိုပြန်ကြည့်ပါ။)

သိရန်မှာ— ဤခါတ်ကြီး လေးပါးတို့သည် သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ-ဟူသော ငါး ပစ္စယသတ္တိတို့ ဖြင့် အချင်းချင်းအား ကျေးဇူးပြုကြလျက်, တပါးကိုတပါး မှီ တွယ်၍သာ ဖြစ်နိုင်ကြကုန်၏၊ တခြားစီခွဲ၍ မဖြစ်နိုင်ကြလေကုန်၊ ထိုကြောင့်ပင်လျှင် ဘုရားရှင်သည် "ဧကံမဟာဘူတံပဋိစ္စတယော မဟာဘူတာ, တယောမဟာဘူတေ ပဋိစ္စဧကံမဟာဘူတံ, ဒွေမ ဟာဘူတေ ပဋိစ္စ ဒွေမဟာဘူတာ"-ဟု အဘိဓမ္မာ ပဋ္ဌာန်းဒေသ နာတော်မြွက်၍ ဟောကြားတော်မူသည်။

**ကောင်းကင် အာကာသဓာတ်**

ဓာတ်ခြောက်ပါးတို့တွင်၊ ကောင်းကင်ခေါ်သော အာကာသဓာတ်သည်လည်း၊ ဗာဟိရ ပြင်ဘက်အာကာသဓာတ်၊ အဇ္ဈတ္တ အတွင်း အာကာသဓာတ်ဟူ၍ နှစ်ပါးရှိသည်၊ ထိုနှစ်ပါးတို့တွင် အသက် ဝိညာဏ်ရှိသော သတ္တဝါသန္တာန်မှ-အပဖြစ်သော ဗာဟိဒ္ဓ၌ မြေ ရေ တို့အောက်၊ အဇဋာကာသ ကောင်းကင်၊ မြေပြင် အပေါ်ငှက်တွေ ပျံသွားရာ ဟင်းလင်းအပြင်ကောင်းကင်၊ နေ လ နက္ခတ်တို့သွား လာရာကောင်းကင်၊ အထက်မိုးပေါ် အဇဋာကာသကောင်းကင်၊ ကျောင်းခေါင်း အိမ်ခေါင်း အုဋ်တိုက်ခေါင်း၊ သစ်ခေါင်းတောင် ပို့ခေါင်း- ဤသို့အစရှိသော မြေဓာတ် ရေဓာတ်တို့ မရှိဘဲ၊ မထိ ဘဲ-လပ်၍နေသော ဟင်းလင်းအပြင် ကောင်းကင်တွေကို ဗာဟိရ ပြင်ဘက်ကောင်းကင်ဟု ခေါ်သည်။

အသက် ဝိညာဏ်၌ ရှိသော သတ္တဝါသန္တာန်၌၊ ကဏ္ဏစ္ဆိဒ္ဒ၊ နားပေါက်၊ နာသဆိဒ္ဒ၊ နှာခေါင်းပေါက်၊ မုခဒွါရ၊ ပစပ်ပေါက်၊ ပဝေသနသုသိရ၊ အစာအာဟာရဝင်ရာ အခေါင်း၊ ဌာနသုသိရ၊ ဝင်သောအစာအာဟာရ တည်ရာအခေါင်း၊ နိက္ခမနသုသိရ၊ ဝင် သောအစာအာဟာရ ထွက်စရာအခေါင်း၊ မြေဓာတ် ရေဓာတ် တို့ မရှိဘဲ၊ မစေ့ဘဲ လပ်၍နေသော ဤခြောက်ပါးသော ဟင်း လင်းအပြင် ကောင်းကင်တွေကို အဇ္ဈတ္တ အတွင်းအာကာသဓာတ် ခေါ်သည်။

အထူးသိစေချက်မှာ- လောက၌ တစုံတခုတိုက်မိ၍ မနေ ရာ၊ မျက်စိဖြင့် မမြင်ရရာကို ဘာမျှရုပ်မရှိသော ဟင်းလင်းအပြင်၊ ကောင်းကင်အာကာသဓာတ်ဟု မှတ်ထင်ပြုလုပ် သမုတ်ခေါ်ဆို ကြ၏၊ ပရမတ္ထသဘာဝ အရာမှာကား အပ်နဖားပေါက်လောက် မျှ- အပ်သွား ချစရာ နေရာ လောက်မျှ၊ ပရမာဏုမြူ တလုံးစာ

လောက်မျှ- ရုပ်မရှိဘဲ, ဟင်းလင်းလပ်၍နေသော နေရာဟူ၍ မရှိပြီ၊ အကုန်လုံး ရုပ်ကလာပ်တွေ စေ့၍ နေ၏၊ ထို့ကြောင့်- ဤအဘိဓမ္မာနည်း၌ ပရမတ္ထ ရုပ်ကလာပ်တွေ တခုနှင့်တခု စပ်ကြားစပ်ကြားကိုသာ- ကောင်းကင် အာကာသဟု မှတ်ရမည်၊ ပရမတ္ထ ရုပ်ကလာပ်တွေ၏အကြားအကြား မျှသာ ဖြစ်သော ဤကောင်းကင်အာကာသ ဓာတ်ကိုကား- ပကတိမံသ မျက်စိနှင့်ကြည့်၍ သိနိုင် မြင်နိုင်တော့သည် မဟုတ်၊ ဉာဏ်မျက်စိနှင့် ကြည့်မှသာ သိနိုင် မြင်နိုင်တော့သည်။

အနီးကပ်ဆုံး ဥပမာနှင့် နှိုင်းယှဉ် ပြရမည်ဆိုလျှင် နို့နှင့်ရေကို ယှဉ်ထားပြီးကြည့်၊ မည်သည့်ဝတ္ထု၌မျှ အကြားကို မမြင်ချေ၊ ရောနှောလိုက်တဲ့အခါ အကုန် ပြန့်နှံ့သွား၏၊ ပရမာဏုမြူတလုံးစာလောက်မျှ မရောသောနေရာဟူ၍ မရှိ၊ ထိုသို့နေရာ၌ သမူဟချင်းကား ရောကြသည်ဖြစ်၍ အကြမ်း မျက်မြင် အားဖြင့် ရော၍ နေသည်ဟူ၍ပင် ဆိုရ၏၊ ထိုသို့ဆိုသော်လည်း ရေကလာပ်ဟာ, နို့ရည်ဖြစ်မသွား၊ နို့ရည်ကလာပ် အတွင်းသို့မဝင်၊ နို့ရည်ကလာပ်လည်း ရေကလာပ် ဖြစ်မသွား၊ ရေကလာပ်အတွင်းသို့မဝင်၊ နို့ရည်ကလာပ်ကလေးတွေ တခုနှင့်တခု စပ်ကြားသို့ရေ၊ရေကလာပ်တွေတခုနှင့်တခုစပ်ကြားသို့ နို့ရည်, အားဖြင့် တခု အကြားတခုသာ စိမ့်ဝင်နေကြ၏၊ ပရမတ္ထကလာပ်ချင်းကား မရောကြပြီ။

လက်တွေ့ စမ်းလိုလျှင် ရေရောသော နို့ရည်ကို မီးဖိုခွင်မှာတယ်၍ ကျွဲနို့ပင်က အရိုးစိုနှင့် မွှေလျှင် နို့ရည် ခဲ၍ မာ၍ သွား၏၊ ရေကား ရေအတိုင်းပင်ကျန်ရစ်၏၊ တခုသဘောသို့တခု မလိုက်ကြပြီ၊ ဤသို့ ရောစပ်နေရာ၌ အကယ်၍ အကြားကောင်းကင် အာကာသ မရှိငြားအံ့၊ တခုအကြားသို့ တခုမဝင်နိုင်, မပြန့်

နိုင်ရာ၊ ထိုသို့ကားမဟုတ်-စိမ့်ဝင်ပြန့်နှံ့ကြ၏၊ထိုကြောင့်-မျက်စိဖြင့် မမြင်ရသော်လည်း ဤနို့ ရည်နှင့်ရေတို့အတွင်း အကြားကောင်းကင် စေ့၍ စပ်၍နေ၏- ဟူ၍မှတ်ရမည်, သိရမည်၊ ထိုပြင် ဟတ္ထက ပြဟ္မာကြီး မြေကြီးထဲသို့ စိမ့်ဝင်သွားပုံကိုလည်း သိမှတ်ကြလေ။

ဆိုခဲ့သည့် ခြောက်ပါးသော အတွင်းအာကာသဓာတ်တို့ကို သိမှတ်ပြီးလျှင်၊ ပြင်ဘက်အာကာသဓာတ်နှင့်ထပ်တူ ထင်မြင်အောင်ယှဉ်၍ ယှဉ်၍ ကြည့်ရှုဆင်ခြင်ကြ။ ဆင်ခြင်ပုံကား- ဉာဏ်တည်းဟူသော လက်ဖြင့် ဗာဟိရပြင်ဘက်က အာကာသဓာတ်, အဇ္ဈတ္တအာကာသဓာတ် အတူတူယှဉ်ထားပြီးလျှင်လက်နှင့်နှိုက်၍ စမ်း၊ အခေါင်ထဲကို လျှို၍စမ်း၊ ကိုင်၍ ဘမ်း၍ ချေ၍လည်းစမ်း၊ ဘာမျှမရှိဘဲ, မတွေ့ဘဲ၊ ဟင်းလင်းလပ်၍နေသော, ကောင်းကင်သဘောကို သိလိမ့်မည်၊ ဤသို့အတူတူသိပြီးမှ ဤအာကာသနှစ်ပါးစုံသည်၊ ငါမဟုတ်, ငါ့ဥစ္စာလည်းမဟုတ်၊ မြေဓာတ် ရေဓာတ်တို့မရှိဘဲ,မနေဘဲ၊ လပ်၍နေသော ကောင်းကင် အာကာသဓာတ်ပင်တည်း။

ဤအာကာသဓာတ်၌ ငါဟု, ငါ့ဥစ္စာဟု, စွဲဆိုစရာကိုပင် ဘာမျှအထည်ဝတ္ထု,အသားအမာ,အလုံးအခဲလည်း မရှိပြီ၊ သက်သက်ဘာမျှမရှိဘဲ,ဟင်းလင်းလပ်၍နေသောကောင်းကင်သဘောမျှသာတည်း၊ အတွင်းအပြင် မထူးခြား၊ တစားတည်း, တထပ်တည်း-တူအောင်ဆင်ခြင် သိမြင်၍၊ ငါဟူသော မှတ်ထင်စွဲလမ်းခြင်းကင်းသောအခါ၊ထိုအာကာသဓာတ်တို့ကို၊ငါဟူသော,ကိုယ့်အနေဖြင့်ငှင်း၊ ငါ့ဟာဟူသော ကိုယ့်ဥစ္စာအနေနှင့်ငှင်း၊ ချစ်ခင်တသ်မက်ခြင်း ကင်းကြကုန်လတံ့။(အကျယ်ပွားပုံနည်းကိုပထဝီမြေဓာတ်ခန်း၌ ဆိုခဲ့သည့်အတိုင်း သိမှတ်ကြလေကုန်)။ ။ဤ၌တွင် ရုပ်ဓာတ်ငါးပါးပြည့်စုံပြီ။

**အဘိဓမ္မာနည်း ဝေဖန်သုံးသပ်မှု**

ထိုရုပ်ဓာတ်ငါးပါးကိုတဖန်၊ အဘိဓမ္မာနည်းဖြင့် ဝေဖန်သုံးသပ် ကြည့်မည်ဆိုလျှင်၊ ဤမြေရေလေမီး ဓာတ်ကြီးလေးပါးတို့တွင် ခက်မာခြင်းကြီယာကလေးမျှသာဖြစ်သော အဖတ်ကလေး သဘောကို ပရမတ်မြေဓာတ်ဟုမှတ်၊ စိုစွတ်ခြင်း ကြိယာကလေး မျှသာ ဖြစ်သော အရည်သဘောကလေးကို ပရမတ်ရေဓာတ်ဟုမှတ်၊ ပူခြင်း အေးခြင်းကြိယာကလေးမျှသာဖြစ်သော ထက်မြက်သော အရှိန်သဘောကလေးကို ပရမတ်မီးဓာတ်ဟုမှတ်၊ လှုပ်ခြင်းတိုးဝှေ့ခြင်း ကြိယာကလေးမျှသာဖြစ်သော သန်စွမ်းသော အဟုန်သဘောကလေးကို ပရမတ်လေဓာတ်ဟုမှတ်၊ အဖတ်သဘော၊ အရည်သဘောတို့ကား အထည်ဝတ္ထုသဘောတည်း။ အရှိန်သဘော၊ အဟုန်သဘောတို့ကား-သတ္တိသဘောတည်း၊ အထည်ဝတ္ထုသဘောမဟုတ်၊ ထိုဓာတ်လေးပါးတို့တွင် ပထဝီဓာတ်၊ အာပေါဓာတ်ဟူသော ဂရုကဓာတ်နှစ်ပါးတို့သည် မြေခဲရေအယဉ်တို့ကဲ့သို့ သတ္တဝါတို့အား၊ အိပ်ခြင်းထိုင်ခြင်းကို ဖြစ်စေ၏။ သတ္တဝါတို့သည် ဤဓာတ်နှစ်ပါးတို့ကြောင့် အိပ်ကြထိုင်ကြ၏။ တေဇောဓာတ်၊ ဝါယောဓာတ်-ဟူသော လဟုကဓာတ်နှစ်ပါးသည် မီးတောက် လေဟုန်တို့ကဲ့သို့ သတ္တဝါတို့အားထခြင်း၊သွားခြင်းကိုဖြစ်စေတတ်၏။သတ္တဝါတို့သည်လည်း ဤဓာတ်နှစ်ပါးတို့ကြောင့် ထကြသွားကြ၏။

အလျားတလံ၊ အနံတထွာမျှသော ဤကိုယ်ခန္ဓာ၌ဓာတ်လေးပါးအစုသာတည်း၊ အိပ်ခြင်း ထိုင်ခြင်း ထခြင်း သွားခြင်းကို ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ၊ ငါ့သူတပါး၊ ယောကျ်ားမိန်းမ၊ဟူ၍ တစုံတယောက်မျှ မရှိချေဟု အဖန်ဖန်ရှုဆင်ခြင်သဖြင့် သတ္တဒိဋ္ဌိသညာကို ပယ်ဖြတ်၍ ဓာတ်ကြီးလေးပါးတို့၏ သဘောလက္ခဏာ တရားကိုယ်ကို ကောင်းမွန်သေချာစွာ သိမှတ်ကြလေ။အာကာသ

ခေတ်သဘောလက္ခဏာကိုလည်း တိကျပြတ်သားစွာ, အဘိဓမ္မာနည်းအရ၊ အောက်ကညွှန်ပြခဲ့ပြီဖြစ်၍နောက်ထပ်ရေးနေစရာမလိုတော့ပြီ၊ သို့ဖြစ်၍ တလောကလုံးရှိ ရုပ်မှန်သမျှကို ဆိုခဲ့သည့်အတိုင်း ခေတ်ခွဲလိုက်တဲ့အခါ၊ အရင်းခံ ရုပ်ခေတ် ငါးပါး သာရှိကြောင်းဖြင့် ဗုဒ္ဓရှင်တော်မြတ်က ဟောမြွက်ခဲ့၏။ ၂၀ ရာစုအခါလောက်မှာ, သိပ္ပံဆရာများလည်း အနုမြူကိုထပ်ပြီး ခေတ်ခွဲရာမှ အထက်ပါအတိုင်း အမှန်ကိုသိမြင်လာကြသည်။

ထိုခေတ်ငါးပါးကို "ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ" ဟူသော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်အလာ ဒေသနာနှင့်အညီ၊ အချမ်းအပူ စသည်တို့နှင့်တွေ့ကြုံလျှင် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သော အနက်သဘောကြောင့် ရုပ်ဟုခေါ်သည်မှတ်။ ရုပ္ပတိ-ဖောက်ပြန်တတ်၏ ဟူသော စကားသည် ပရမတ္ထ-မဖောက်ပြန်ဟူသော သဘောအဓိပ္ပာယ်နှင့် မတန်ရာတကားဟု စောဒနာတက်ခဲ့ပါမူ- အချမ်းအပူစသော ဝိရောဓိပစ္စည်းကြောင့်သာ ဖောက်ပြန်ခြင်းဖြစ်၏။ သဘောလက္ခဏာ အားဖြင့်ကား မဖောက်မပြန်, မှန်ကန်တိမတ်ခြင်းပင်ဖြစ်၍ မဆန့်ကျင်၊ စကားနှစ်ရပ်ညီညွတ်၍ အသင့်ပင်ဟု-သောခနာပြုကြကုန်ရာသည်။

**ဝိညာဏ နာမ်ခေတ်**

ခေတ်ခြောက်ပါးတို့တွင်၊ ငါးဟူသောအတ္တ, ငါ့ဟာဟူ သော အတ္တနိယ, ကွယ် ပျောက် သုဉ်း ၍ သွားအောင်, ငါးပါးသော နည်းတို့ဖြင့် ကြည့်ရှုပုံသညာတနည်းကို ပြဆိုပြီး၍ ကြွင်းကျန်သော နာမ်ဝိညာဏခေတ်ကို တင်ပြပေတော့အံ့၊ ဝိညာဏခေတ်ဟူသည်မှာ "ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာဝိညာဏန္တိ ဝုစ္စတိ" ဟူသော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ ဒေသနာနှင့်အညီ သိတတ်သော သဘောကလေးကို ဝိညာဏခေတ် ခေါ်သည်၊ ထိုဝိညာဏ်ကလေးကို ပင်လျှင်

မကြံအပ်, မကြံစည်နိုင်ရာ အလွန်တရာဆန်းကြယ်သောသဘော ကလေးဖြစ်၍ စိတ်ဟူ၍လည်း ခေါ်သည်၊ အထည်ဝတ္ထုမရှိ, သိခြင်း ကြိယာသတ္တိကလေးမျှသာဖြစ်၍ "မနနံ မနော" ဟူသော ဝစနတ္ထနှင့်အညီ မနောဟူ၍လည်းခေါ်သည်၊ ဝိညာဏ်, မနော, စိတ်ဆိုတာ တရားကိုယ်သဘော တခုတည်းဟု မှတ်၊ အမည်မျှ သဒ္ဒါမျှသာကွဲသည်၊ မနဟူ၍ စိတ်ဟူ၍ ခေါ်ဆိုအပ်သော ဤဝိညာဏ်ကလေးကို အလွန်တရာ ဆန်းကြယ်နက်နဲ သိမ်မွေ့သော တရားကလေးဖြစ်၍ သာမညပုဂ္ဂိုလ်တို့ မသိနိုင်, မမြင်နိုင်ဘူး၊ အလွန်တရာ စူးယှနက်နဲ သိမ်မွေ့သော, ထူးသောဉာဏ်ပညာရှိသူတို့သာလျှင် သိမြင်နိုင်သောကြောင့် "ဝိညာဏံ စိတ္တံစိတ္တံ၊ ဝိညာဏောဟောဝ ဇာနိယံ"ဟုဆိုအပ်ပေသတည်း။

ထိုဝိညာဏ်စိတ်ကလေး၌ အာရုံသဘောကို တွေ့ထိခြင်း ဖဿသဘော၊ ခံစားခြင်း ဝေဒနာသဘော၊ မှတ်ခြင်း သညာသဘော၊ စေ့ဆော်ခြင်း စေတနာသဘော အစရှိသောသဘော မျိုးပေါင်း ငါးဆဲ့နှစ်ခုတို့သည် အမြဲစွဲကပ်မှီတွယ်၍နေကြသည်၊ ဤ ငါးဆဲ့နှစ်ပါးသော သဘောကလေး တွေကို စိတ်ခုတ်၌ မှီတွယ်စွဲကပ်၍နေခြင်းကြောင့် "စေတသိ နိယုတ္တာစေတသိကာ" ဝစနတ္ထနှင့် အညီ စေတသိက်ဟူခေါ်သည်၊ထိုစေတသိက်ငါးဆဲ့နှစ်ခုနှင့် စိတ်ခုတ်ကလေး တစ်ခုပေါင်း ၅၃ ခုကို "အာရမ္မဏံ နမတီတိ နာမံ"အရ အာရုံဆီသို့ ရှေ့ရှုပြေးတတ်, သွားတတ်, ညွတ်တတ်သော အနက်သဘောကြောင့် နာမ်တေပညာသခေါ် သည်။ ထို ၅၃ ပါးသော နာမ်တရားတို့သည် ရှေးရှေးသော နာမ်က, နောက်နောက်သော နာမ်အား အနန္တရ, သမနန္တရ သတ္တိဖြင့် ကျေးဇူးပြုကြရာ၌လည်း စိတ်သည်စိတ်ချင်း,စေတသိက်သည် စေတသိက်ချင်းသာ အသီးသီး မိမိတို့သဘောဇာတိချင်း

ချင်းအားသာ ကျေးဇူးပြုကြသည်၊ တခြားတပါးသော သဘော ဇာတိအား ကျေးဇူးမပြုကြပြီ။

ထိုဝိညာဏ်နာမ်ခေတ်တို့ အနိစ္စအားဖြင့် ကြည့်ရှုပုံ သည တ နည်းမှာ-ဤစိတ်ခေတ်သည် ဥပါဒ်ဟု ဖြစ်ပေါ်လာပြီးလျှင် ချုပ်ကွယ်၍သွား၏၊ ထိုသို့ချုပ်ကွယ်သောအခါ အချင်းခပ်သိမ်း အကြွင်းအကျန်မရှိ အကုန်လုံးချုပ်ကွယ်၍မသွား၊ နောက် စိတ် ခေတ်လုံးဖြစ်ပေါ်ရန် ကြိယာသတ္တိအထူးကလေး, အနံ့ အသက် ကလေး ကြွင်းကျန်ချန်ထားခဲ့သည်။ စိတ်ကလည်း စိတ်ဖြစ်ဘို့ရာ စေတသိက်ကလည်း စေတသိက်ဖြစ်ဘို့ရာ အောက်ကဆိုခဲ့သည့် အတိုင်း အလုံးစုံသော နာမ်တရားတို့သည် အသီးအသီး မိမိတို့ သဘောဇာတိအစဉ်ဖြစ်ဘို့ရာ ကြိယာသတ္တိအထူးကလေး, အနံ့ အသက်ကလေး ကြွင်းကျန် ချန်ထားခဲ့သည်၊ ဤကြွင်းကျန်ရစ် သော ကြိယာသတ္တိအထူးကလေး, အနံ့အသက်ကလေး သည် နာမ်ခေတ်လုံး, စိတ်ခေတ်လုံး ဥပါဒ်ဟု ပေါ်ဖြစ်၍ လာသည်၊ ဤစိတ်ခေတ်လုံး ချုပ်ကွယ်ပြန်လျှင်လည်း ရှေးနည်းတူ ကြိယာ သတ္တိအထူးကလေး, အနံ့ အသက်ကလေးသည် ကြွင်းကျန်ရစ်၍ ဤကြွင်းကျန်ရစ်သော နာမ်ခေတ် ကြိယာသတ္တိအထူးကလေး, နာမ်ခေတ် အနံ့ အသက်ကလေးသည် နာမ်ခေတ်လုံး စိတ်ခေတ် လုံး ဥပါဒ်ဟု ပေါ်ဖြစ်ပြန်သည်၊ ဤကဲ့သို့ သံသရာတည်စမှ စ၍ သံသရာဆုံးသည့်တိုင်အောင် အဆက်ဆက်ဖြစ်၍သွားသည်၊ ရှေး ရှေးသော စိတ်ခေတ်လုံးကား မျိုးစေ့တည်း၊ ဤကြိယာသတ္တိ အထူးကလေး, အနံ့ အသက် ကလေးကား အညှောက်တည်း၊ နောက်နောက်စိတ်ကား အညှောက်မှဖြစ်သော အပင်တည်း။ ဤသဘောကိုပြခြင်းငှာ "ဝိညာဏံ ဗီဇံ" ဟု ဟောကြားတော်မူ လေသည်။

ဤကြိယာသတ္တိအထူးကလေး, အနံ့အသက်ကလေးကို အနန္တရသမနန္တရ ပစ္စယသတ္တိဟုခေါ်သည်၊ ရှေးရှေး စိတ်ခေတ် လုံးကား ဤပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော အကြောင်း ပစ္စည်းတရားတည်း၊ နောက်နောက်စိတ်ခေတ်လုံးကား,ကျေးဇူးခံ အကျိုး ပစ္စယုပ္ပန်တရားတည်း၊ ဤသဘောကိုပြခြင်းငှာ "ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရသမနန္တရ ပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းပါဠိတော်၌ ဘုရားရှင် ဟော တော်မူပေသည်။

ဤကဲ့သို့ ရှေ့စိတ်မျိုးစေ့မှ နောက်စိတ်ဖြစ်၊ ဤနောက် စိတ် မျိုးစေ့မှတဖန် နောက်စိတ်ဖြစ်လျက် အစဉ်မပြတ် ဆက် လက်၍ သွားခြင်းကြောင့် ရှေးရှေးကထုံခဲ့သော ဝါသနာတွေ၊ ရှေးရှေးကပြုခဲ့သော ကံတွေ, စိတ်သန္တာန်၌ပါ၍ လိုက်နိုင်လေ တော့သည်၊ ရှေးရှေးက တဖြည်းဖြည်း ဆည်းပူးခဲ့သော ပါရမီ (အရည်အချင်း) တွေလည်း တဖြည်းဖြည်း ရင့်သန်၍သွားလေ တော့သည်၊ စိတ်ကိုကြီးထွားအောင် ပွားများ၍လည်း ကြီးထွား ခြင်းသို့ ရောက်နိုင်လေတော့သည်၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဣန္ဒြေတွေ ကြီးထွားအောင် ပွားများ၍လည်း ကြီးထွား သန်မာခြင်းသို့ ရောက်နိုင်လေတော့သည်၊ ဤစကားအဓိပ္ပာယ် ကို သဘောပေါက်လျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိများလည်း စင် ကြယ်နိုင်လေတော့သည်၊ ဝိပဿနာတရားများကို လိုက်စားသူတို့ သာ သဘောကျလွယ်ပါသည်၊ လေ့လာဆည်းပူးကြပါလေ။

ဤစိတ်၏ ဖြစ်ပျက်မှုသည် အလွန်လျင်မြန်၏၊ ရုပ်တို့ ကား လက်ဖျစ်တတွက်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ ငါး ထောင်မက ဖြစ်ချုပ်နိုင်သည်၊ စိတ်က ဤရုပ်ထက် တဆဲ့ခုနစ်

ချက် သာလွန်၍ ဖြစ်ပျက်မှုလျင်မြန်သည်၊ လောက၌ စိတ်ထက် ဖြစ်ပျက်မှုလျင်မြန်သောတရားဟူ၍ တခုမျှမရှိ၊ ဥပမာဖြင့် နှိုင်းယှဉ်ပြရန်ပင် မလွယ်ကူကြောင်းကို "ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာယ န သုကရာယာဝလဟုပရိဝတ္တံ စိတ္တံ" ဟုကောင်္ဂုတ္တရ ပါဠိတော်၌ ဘုရားရှင်ဟောတော်မူ၏၊ ထိုစိတ်ဓာတ်၏ ဖြစ်ပေါ်ဆဲ ခဏကလေးကို ဥပါဒ်ခဏ၊ ပျက်ကွယ်ဆဲခဏကလေးကို ဘင်ခဏ၊ ထိုဥပါဒ်ဘင်နှစ်ခုတို့၏ အကြားကာလကလေးကို ဌီခဏ ဟု ခေါ်သည်၊ ဌီဆိုသော်လည်း ကြာကြာတည်နေတာမဟုတ်၊ ဤကဲ့သို့ အကြားကာလကလေးကိုပင် ခေါ်ရသည်။ ဤဥပါဒ်ဌီဘင်ခဏ သုံးပါးသည် ကာလအကြာ အတူတူပင်မှတ်၊ ဤ ဥပါဒ်ဌီဘင် ခဏငယ်သုံးပါးနှင့်ပြည့်စုံသော စိတ်တချက်ကို စိတ္တက္ခဏတခုဟူ၍ မှတ်ကြလေ။

ဤစိတ်ဓာတ် သည် ဖြစ်ပျက်မှု အလွန် လျင်မြန် သောကြောင့် ရှေ့စိတ်ဘင်အစွန်းနှင့် နောက်စိတ်ဥပါဒ် အစွန်းသည် အလွန်တရာနီးစပ်လျက် တဆက်တည်းကဲ့သို့ဖြစ်၍နေခြင်းကြောင့် ဖြစ်ပျက်မှုအနိစ္စတရားကို အလွန်တရာ သိမြင်နိုင်ခဲသည်၊ ဖောက်ပြန် ပျက်စီးခြင်းမရှိသကဲ့သို့ပင် မှတ်ထင်ရသည်၊ ရုပ်ထက်တဆဲ့ ခုနစ်ဆသာလွန်သည်ဆိုသဖြင့် လက်ဖျစ်တတွက်, မျက်စိတမှိတ် အတွင်းမှာပင် စိတ္တက္ခဏ ကုဋေတသိန်းမကဖြစ်၍ ချုပ်သည်ဟု ကျမ်းဂန်များအရ သိရှိရသဖြင့် ထိုစိတ်ဝိညာဏဓာတ်၏ မမြဲခြင်း အနိစ္စသဘောကို နားလည် သိရှိရာသည်၊ သို့မှလည်း မမြဲခြင်း သဘော လက္ခဏာကို မှန်ကန်စွာသိမြင်၍ ပုတီးစိပ်ကျိုးလည်း နပ်ကြပေလိမ့်မည်၊ ဤသို့ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး တို့၏ အနိစ္စ မမြဲခြင်း, ဒုက္ခ ဆင်းရဲခြင်း, အနတ္တ အစိုးမရခြင်း သဘောကို နားလည်ကြကုန်ရာသည်။

ထိုဝိညာဏခေတ်သိပုံမှာ "ကတမဉ္စ ဘိက္ခဝေ ဝိညာဏံ ဆယိမေ ဘိက္ခဝေ ဝိညာဏကာယာ စက္ခုဝိညာဏံသောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှာဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ ဝိညာဏံ" ဟူသော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ဖြင့် ခြောက်ရပ်သောဌာနအရ ပိုင်းဖြတ်သိမှတ်အပ်၏။ စက္ခုဝိညာဏ်သည် အဆင်းရူပါရုံကို သိ၏၊သောတဝိညာဏ်သည် အသံသဒ္ဒါရုံကို သိ၏၊ဃာနဝိညာဏ်သည် အနံ့ ဂန္ဓာရုံ ကိုသိ၏၊ ဇိဝှာဝိညာဏ်သည် အရသာဟူသော ရသာရုံကိုသိ၏၊ကာယ ဝိညာဏ်သည် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို သိ၏၊ မနောဝိညာဏ်သည် ဤငါးပါးသော ပဥ္စာရုံနှင့်တကွ-ဓမ္မာရုံကို သိ၏၊သိပုံအကျယ်ကို ဝိပဿနာနည်းကျကျ ဤကျမ်းနေရာတိုင်းတွင်ပင် အချက်ကျတိုင်း ဝေဖန်ရေးသားခဲ့ပြီဖြစ်၍ တဖန်ချဲ့ထွင် ရေးနေဖွယ် မလိုတော့ပြီ။

**ရုပ်ခေတ်နာမ်ခေတ် နှစ်ပါးသာ**

ဆိုခဲ့သော ရုပ်ခေတ် ငါးပါးနှင့်ဤဝိညာဏခေတ် တစ်ပါးပေါင်း ခြောက်ပါးကို အကျဉ်းချုံး၍ ခေါ်ဆိုလိုလျှင် ရုပ်ခေတ်နာမ်ခေတ် နှစ်ပါးဖြင့်သာခေါ်ဆိုရမည်၊ တနည်းအားဖြင့်လည်း ပိဋကတ်သုံးပုံကို အဆီစစ်၍ အနှစ်ကို ထုတ်ယူလိုက်သော် ပြဆိုခဲ့ပြီးသော စိတ်ခေတ်တစ်ပါး၊ စေတသိက်ခေတ် ငါးဆဲ့နှစ်ပါး၊ ရုပ်ခေတ် နှစ်ဆဲ့ရှစ်ပါး၊ နိဗ္ဗာန်အားဖြင့် ခေတ်ရင်း ခေတ်စစ် ၈၂-ပါးသာ ဖြစ်လေ၏၊ ထိုရုပ်ခေတ် နာမ်ခေတ် ၈၂- ပါးကို လွတ်၍ ဘယ်စကြဝဠာမှာ ဘယ်ခေတ်တခုရှိသေးသည်ဟု ဆိုရာမရှိပြီ၊ ဘယ်ကမ္ဘာမှာ ဘယ်ခေတ်တခုရှိသေးသည်ဟု ဆိုရာမရှိပြီ၊ အကျယ် ပတ္ထာရ ဖြန့်သည် ရှိသော် ကား- စကြဝဠာ အနန္တ, ကမ္ဘာအနန္တ, သတ္တာအနန္တ, ရေမြေ တောတောင် အစ ရှိသော သင်္ခါရအနန္တဖြစ်လေ၏။

သို့ဖြစ်၍ကမ္ဘာလောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ၊ဤခေတ်ခြောက်ပါး, ရုပ်နာမ်တရားသာ ရှိသည်၊အကြောင်းကြောင့်ဖြစ်နေကြတဲ့ သက်သက် အနိစ္စတရား,ဒုက္ခတရားများတည်း၊ ထိုခေတ်ခြောက်ပါးကို ငါမဟုတ်, ငါ့ဥစ္စာလည်း မဟုတ်ဟု ရှုမြင်သဖြင့် ချစ်ခင် တွယ်တာမက်မောခြင်း, တဏှာ ကင်းရှင်းပြီး၍ အနုပါဒိသေသနိဗ္ဗာန်သို့ရောက်လေပြီးသော ပညာရှိ ပုဂ္ဂိုလ်ကို အိုဘေး နာဘေး သေဘေးတွေ မညှဉ်းဆဲနိုင်ပြီ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဘေးတွေလည်း မညှဉ်းဆဲနိုင်ပြီ၊ ဇာတိဇရာ ဗျာဓိ သောက စသောနောက်လိုက် စစ်သည်နှင့်တကွ သေခြင်းဟူသော မစ္စုမာရ်မင်းလည်း ရှာ၍မတွေ့နိုင်ပြီ၊ နောက်လိုက်ငယ်သား စစ်သည်နှင့်တကွ ဝသဝတ္တိဒေဝပုတ္တမာရ်မင်းလည်း ရှာဖွေမတွေ့နိုင်တော့ပြီ၊ အမှိုက်လောင်စာကိုစွဲ၍ တောက်နေသော မီးတောက်သည် အမှိုက်လောင်စာ ကုန်သောအခါ သေငြိမ်းချုပ်ပျောက်၍ သွားလေဘိသကဲ့သို့, ထိုအတူဤရုပ်နာမ် ဒုက္ခတရားစုသည်လည်း အကြောင်းကုန်ခြင်းကြောင့် ချုပ်ငြိမ်း သွားသည်ဟု မှတ်ရာ၏။

ဥပမာအားဖြင့် ထင်ရှားဆိုရသော် လောင်စာ သစ်ပင်သစ်ရွက်ခြောက်များ စုပုံနေသောတောဝယ်, လေတိုက်၍ သစ်ပင်ချင်း ပွတ်မိလေရာ မီးတောက် ဖြစ်ပေါ်လာ၏၊ လောင်စာ သစ်ပင် သစ်ရွက်ခြောက်တွေ ကုန်လျှင် ထိုမီးတောက်လည်း ငြိမ်းသွား၏၊ ဤမီးငြိမ်းအောင် တမင်လာမပြုလုပ်ရ၊ လောင်စာကုန်လျှင် အလိုလို မီးငြိမ်းသကဲ့သို့ ထို့အတူ ဇာတိမီး စသည်တို့၏ လောင်စာ ဖြစ်သော ရုပ် နာမ် ခန္ဓာကုန်ဆုံးလျှင် အေးငြိမ်းခြင်း သန္တိသုခ ဖြစ်လာအောင် တမင်လာပြုဖွယ်မလို နဂိုရ်အတိုင်းပင် သန္တိသတော ထင်ရှားနေတော့၏၊ ထိုကြောင့် "ရုပ် နာမ် သည် ကံစသည်တို့ စီမံပြုလုပ်မှ ဖြစ်ရသော သင်္ခတ ခေတ်တည်း။

အေးငြိမ်းခြင်း သန္တိ သဘောကား, ကံ စသည်တို့ မပြုလုပ်ရသော အသင်္ခတဓာတ်တည်း”ဟုမှတ်ပါ၊ ထိုအသင်္ခတဓာတ်သည် ဇာတိ-စသော မီးအပေါင်းတို့၏ လောင်ခြင်းကို မခံရသဖြင့် ပင်ကိုယ်သဘောအတိုင်း အေးမြငြိမ်းချမ်းနေ၏။ ထိုအသင်္ခတဓာတ်သည် ပျက်စီးသွားသည်ဟူ၍ မရှိတော့ရကား, မြဲသောနိစ္စတရားပေတည်း၊ ဘုရားရဟန္တာတို့၏ နောက်ဆုံး ရုပ်နာမ်ချုပ်သည်နှင့် တပြိုင်နက်(စုတိသည်နှင့်တပြိုင်နက်) ရုပ်နာမ်ခန္ဓာ အဆက်ပြတ်လေတော့၏။ ရုပ်နာမ်ခန္ဓာဆက်တို့ နေရာ၀ယ်, ရုပ်နာမ်ခန္ဓာ မဆက်တော့ဘဲ၊အသင်္ခတဓာတ်တမျိုးတည်ရှိရစ်တော့သည်ဟူလို။

**အရှင်ဂေါဓိက ၀တ္ထု။** ဘုရားရှင်လက်ထက်က ဂေါဓိက အမည်ရှိသော ရဟန်းတပါးသည်ရောဂါဝေဒနာရှိခြင်းကြောင့် စျာန်ကိုရပြီးမှ, ရပြီးမှ-၆ ကြိမ်တိုင်အောင်လျှောကျ၍၊ နောက် ၇-ကြိမ်မြောက်ရပြန်သောအခါ၊ ဩော်-ငါသည် ရောဂါဝေဒနာအတွက်ကြောင့် စျာန်မှလျှောကျကာ၊ ၆ ကြိမ်တောင်ရှိပြီ၊ယခုလည်းလျှောကျပြန်ဦးမည်၊ စျာန်လျှောကျသောအခါမှာ သေရလျှင် ကာမာ၀စရကံမျှသာရှိသည်ဖြစ်၍ ဂတိမမြဲဘူး၊ ယခုစျာန်မလျှောကျခင် သေရလျှင်ဖြင့် ငါသည်ဂတိမြဲ၏။ ဗြဟ္မာပြည်သို့ရောက်လတံ့၊ ဗြဟ္မာဖြစ်လျှင် ဘုရားရှင်၏တရားတော်ကို နာရလတံ့၊ အားထုတ်နိုင်လတံ့၊ ထိုကြောင့် ငါသည် ယခုစျာန်မလျှောကျခင်၊ လည်ပင်းကိုထားနှင့်လှီး၍ သေတော့အံ့-ဟု သန္နိဋ္ဌာန်ကျကြံစည်ဆုံးဖြတ်ပြီးလျှင် လှီးခြင်းငှါအားထုတ်၏၊ ထိုအခါ-ထိုအရှင်ဂေါဓိက၏ စိတ်အကြံအစည်ကို မာရ်နတ်သားသိ၍၊ ဩော်-ဤဂေါဓိက, ဤကဲ့သို့သေလျှင် ထားနှင့်လှီးသောအခါဆင်းရဲဝေဒနာတွေ့ဖြစ်၍ ဒုက္ခလက္ခဏာများထင်မြင်ပြီး, မတော်ရဟန္တာဖြစ်သွားပြီး, နိဗ္ဗာန်များရောက်သွားမှာဖြင့်၊

ငါ့နိုင်ငံလောကကြီးထဲမှာ လူနည်းကုန်လိမ့်မည်။ ဤကဲ့သို့မဖြစ်ရအောင်, ငါကိုယ်တိုင်သွားတားရ၍လည်း ရမှာမဟုတ်ဘူး၊ ဘုရားတားမှသာ ရမည်၊ ဘုရားကိုတားစေအံ့ဟုကြံပြီးလျှင် ဘုရားရှင်အထံသို့လာ၍ ရှိခိုးဝတ်ချပြီးလျှင် အကျိုးလိုလား ဟန်ဆောင်လျက်၊ အရှင်ဘုရား, ယခုအရှင်ဘုရား၏တပည့် ဂေါဓိကသည် မိမိဖာသာမိမိ လည်လှီး၍သေမည်ဟု ကြံစည် အားထုတ် နေပါသည်၊ ယခုမဂ်ဖိုလ်မရသေးသော ပုထုဇန်သေက္ခမျှသာ ဖြစ်ပါသေးသည်၊ အရှင်ဘုရားသာသနာတော်၌ ငြိးငွေ့ပျင်းရိခြင်းမရှိ၊ အလွန်မွေ့လျော်သော ရဟန်းကောင်းတဦးဖြစ်ပါသည်၊ ဤကဲ့သို့ တပည့်ကောင်းတယောက် မဂ်ဖိုလ်မရသေးဘဲ ပုထုဇန်သေက္ခအဖြစ်ဖြင့် သေသွားရမည်ဆိုလျှင်၊ လူကြားလို့မတော်ပါ၊တားမြစ်တော်မူပါဦးဟု လျှောက်ထားလေ၏။

ထိုသို့မာရ်နတ်လျှောက်မည်လာဆဲ, လျှောက်ဆဲအခါမှာပင်- ဂေါဓိကသည် မိမိကို, မိမိလည်လှီး၍ ဒုက္ခဝေဒနာတွေဖြစ်လျက်၊ထိုဒုက္ခဝေဒနာကိုခွာ၍ သီးခံကာ,တိလက္ခဏာတင်ရှုသဖြင့် ထင်မြင်၍ ရဟန္တာဖြစ်ပြီးလျှင်၊ ပြီးသည်နှင့် တပြိုင်နက် သေ၍ ပရိနိဗ္ဗာန်စံဝင်လေ၏။ ထိုအကြောင်းကိုဘုရားရှင်သိမြင်တော်မူ၍ တားမြစ်ပါဟု လျှောက်ထားလာသော မာရ်နတ်ကို အောက်ပါအတိုင်း ဟောကြားတော်မူလိုက်သည်။

ဧဝံ ဟိ ဓီရာ ကုဗ္ဗန္တိ၊ နာဝကင်္ခန္တိ ဇီဝိတံ။
သမူလံ တဏှမဗ္ဘုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။
(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်)

မာရ-မာရ်နတ်၊ ဓီရာ-အကျိုး အပြစ်ကို,ရှုမျှော်သိမြင်ကြကုန်သောပညာရှိတို့ သည်၊ ဧဝံဟိ- ဤသို့ပင်လျှင်၊ ကုဗ္ဗန္တိ- ပြုကြကုန်၏၊ ဇီဝိတံ-အသက်ကို၊ နာဝကင်္ခန္တိ- မနှမြောကြကုန်၊ မာရ-

မာရ်နတ်၊ ဂေါဓိကော-ငါ့ သားတော်,အာဇာနည်ယောကျ်ား, ဂေါဓိကသည်၊ တဖုံ- တဏှာကို၊သမူလံ-အနုသယအမြစ်နှင့်တကွ၊ အဗ္ဗုယှ-နုတ်ပစ်၍၊ပရိနိဗ္ဗုတော-ယခုသင့်နိုင်ငံကိုလွန်၍ပရိနိဗ္ဗာန် ဝင်စံလေပြီ။(ပါဠိတော်၏မြန်မာပြန်နိသျသွား)

ဤသို့ ဘုရားရှင် မိန့်ကြားလိုက်သော်၊ ထို မာရ်နတ်သည် ဂေါဓိကကို လှည့်ကြည့်၍ အဟုတ် သေမှန်း သိလေလျှင် အရှင် ဂေါဓိက၏ အသက်ဝိညာဏ်ကို မိမိနိုင်ငံမှလွန်၍ မပြေး ထွက်နိုင် အောင်, အလျင်အမြန်ကောင်းကင်က, တိမ်ကွန်ချာနှင့် အုပ်ကာ ဆီးဖမ်းလေ၏၊ ထိုအခါ တမိုးလုံး မဲမှောင်နေလေ၏၊ ဤကဲ့သို့တိမ် ကွန်ချာနှင့်အုပ်ဆီး၍ တိမ်ကွန်ချာမှာ ငြိတွယ်တိုးမိ၍ နေလိမ့်မည် အထင်နှင့်တိမ်ကွန်ချာအကြားမှာလိုက်ကြည့်၊လူ့ပြည်မှာရှောက် ကြည့်၊ ဂေါဓိကကိုယ်ထဲမှာလည်းကြည့်၊ ဘယ်ဆီမှာမှ-ဂေါဓိက ၏ အသက်ဝိညာဏ်ကောင်ကလေးကိုရှာကြည့်၍မရဘူးမတွေ့ဘူး၊ ထိုအခါမှ-မာရ်နတ်သည် ဟင်–ငါ့နိုင်ငံထဲမှာ လူတယောက်လျော့ သွားပေါ့- ဟုလက်မှိုင်ချလျက်, ငေးမှိုင်၍သာ နေလေတော့၏။

ဤကဲ့သို့- အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်လေပြီးသော ပညာရှိ ပုဂ္ဂိုလ်ကို စစ်သည် ဗိုလ်ပါနှင့်တကွ သေမင်းမစ္စုမာရ်သာ ရှာ၍မရသည်,မတွေ့သည် မဟုတ်၊ စစ်သည် ဗိုလ်ပါနှင့်တကွသော ဒေဝပုတ္တ မာရ်မင်းလည်း ရှာ၍ မရပြီ, မတွေ့ပြီ၊ ဤ သို့သော အကြောင်းကိုစွဲ၍ "ဧဝံ ဝိရတ္တံ ခေမတ္တံ၊ သဗ္ဗသံယောဇနာတိဂံ၊ အန္ဝေသံသဗ္ဗဌာနေသု၊မာရသေနာပိ နဇ္ဈဂါ"ဟုအစဥ္ဝေဒ္ဓသဝါရ ၌မိန့်ဆိုခဲ့လေပြီ၊ဂါထာအနက် အစကရေးခဲ့ပြီ ပြန်ကြည့်လေ။

—

ဤကား–ရုပ်နှင့်နာမ် ခေတ်ခွဲခဏ်းတရပ်ဖြစ်သည်။

**ရုပ်နာမ်နှစ်ပါး လက္ခဏာ**

ရုပ်နာမ် နှစ်ပါး၏ သဘောအရမှာရှေးလူကြီးတို့ဆိုးမစကားဒေသနာဝတ္ထုများသည်၊ နိဗ္ဗာန်သို့ ခန္ဓာကိုယ်နှင့်ပင် သွားရောက်နိုင်ပုံကို ပြ၏။ သတိပဋ္ဌာန် ကျမ်းလာ အဓိပ္ပါယ် သဘော များသည်လည်း ခန္ဓာကိုယ်နှင့်ပင် သွားပုံကို ပြတော်မူ၏၊ ပြပုံမှာ သွားလျှင်သွားတယ်ဟုမှတ်၊ ဤသို့ စသည်ဖြင့်လာ၏၊ ထိုသို့ မှတ်ရာ၌ သွားခြင်းစသော ကိုယ်အမူအရာသည် ရုပ်နာမ် နှစ်ပါးတို့၏ ဖြစ်ပေါ်လာသည်မည်၏၊ ရှုမှတ်ခြင်းသည် ရုပ်နာမ်နှစ်ပါး ဖြစ်သည်ကို သိ၏၊ ဤသို့လာရှိသော ဒေသနာ ဝတ္ထုများနှင့် အဓိပ္ပါယ်သဘောထားကို ထောက်ထား၍ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ကိုယ်ခန္ဓာဖြင့် သွားရသည်ဟူသော အဓိပ္ပါယ်အရ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည် သွား, ရပ်, ကွေး, ဆန့် စသော ကိုယ်မူအရာ, နှုတ်အမူအရာများကို ဆိုခဲ့သည့်နည်းအတိုင်း, သွားတယ် ရပ်တယ်, ကွေးတယ်, ဆန့်တယ်, စသည်ဖြင့် ရှုမှတ်ခြင်းများပေတည်း။

ဤသို့ ကွေးခြင်း, ဆန့်ခြင်းစသော အမူအရာကို မှတ်နေသော ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်တရားသာထင်၍ နာမ်တရား မထင်နိုင်ရှိခဲ့လျှင်ဝီရိယကိုလျှော့ခြင်း, မထင်သောနမ်ကိုထင်အောင်ကြောင့်ကြ ကြံစည်ခြင်း မပြုဘဲ ထင်ပြီးသော ရုပ်တရားကိုသာ စွဲမြဲစွာ မှတ်ရ၏၊ ဤသို့အဖန်ဖန် ရှုမှတ်နေလျှင် နာမ်တရားသည် အလိုလိုပေါ်ပေါက်ထင်မြင် လာလိမ့်မည်မှာ မလွဲတည်း၊ အဘယ်ကဲ့သို့ ပေါ်လာသနည်းဟူမူ ဖဿ၏ အစွမ်း အားဖြင့်ရင်း၊ ဝေဒနာ၏အစွမ်းအားဖြင့်ရင်း၊ ဝိညာဏ်၏ အစွမ်း အားဖြင့်ရင်း၊ တပါးပါးသော အခြင်းအရာတို့ဖြင့် ပေါ်လာတတ်၏၊ ထိုသုံးပါးတို့တွင် တပါးပါးသာလျှင် ရှေးဦးစွာ ပေါ်လာတတ်၏၊ သုံးပါး

လုံးတပြိုင်နက် ပေါ်လာသည် မဟုတ်ပေ။ သုံးပါးလုံးအတူတကွ မပေါ်သော်လည်း တပါး ပေါ်လာလျှင် ကြွင်းတရားတို့လည်း အတူတကွပင် ဖြစ်ပေါ်၍ လာကြကုန်၏။ ထို့ကြောင့် နာမ် မထင်သေးသော်လည်း ထင်ရှား ပေါ်လာပြီးသော ရုပ်ကိုသာ လျှင် အဖန်တလဲလဲ စွဲမြဲစွာ မှတ်ရလေသည်။ အာရုံကို တွေ့ထိ ခြင်းသဘောသည် ဖဿမည်၏။အာရုံကို ခံစားခြင်းသဘောသည် ဝေဒနာမည်၏။ အာရုံကိုသိခြင်း သဘောသည် ဝိညာဏ်မည်၏။ ၎င်းသုံးပါးကို ဤနေရာ၌ နာမ်ဟု ဆိုပေသည်။

ဥပမာအားဖြင့် မှန်ကိုကြည့်သောသူသည် မျက်နှာရိပ် ကောင်းစွာမထင်သော် မှန်ကို မစွန့်မူ၍ အဝတ်ဖြင့် ပွတ်တိုက် သုတ်သင်ပါလျှင် မျက်နှာရိပ်သည်အလိုလိုကြည်လင်စွာထင်လာ ၏။ အကြိမ်များစွာ ပွတ်တိုက်လျှင် သာ၍ မှန်ကြည်လင်သဖြင့် မျက်နှာရိပ်သည် အလွန် သန့်ရှင်းစွာ ထင်လာ၏။ ဤဥပမာ၌ ယောဂီပုဂ္ဂိုလ်သည် မှန်ကြည့်သူနှင့်တူ၏။ ထင်နေသော ရုပ်သည် ကြည့်ရှု၍မြင်သော မှန်နှင့်တူ၏၊ ရုပ်၌ထင်ပုံမသန့်ရှင်းခြင်း သည် မှန်၌ ဖုံမှုန့်ကပ်နေသည်နှင့်တူ၏၊ ရုပ်ကို အဖန်ဖန်ရှုမှတ်ခြင်းသည် မှန်ကို အကြိမ်များစွာပွတ်တိုက်သည်နှင့်တူ၏၊ ရုပ်ကို ရှုမှတ်ရာ၌ အလိုလို နာမ် ထင်လာခြင်းသည် မှန်ကို ပွတ်တိုက်ရာ၌ အလိုလို မျက်နှာရိပ် ပေါ်လာသည်နှင့် တူ၏၊ ရုပ်ကို အဖန်ဖန် ရှုမှတ် သဖြင့် ဉာဏ်အမြင် သန့်ရှင်း၍ နာမ်ဘရား ထင်ရှား လာခြင်း သည် မှန်ကိုအကြိမ်များစွာ ပွတ်တိုက်၍ ဖုံမှုန့် စင်ကြယ်သဖြင့် ကြည်လင်စွာ မျက်နှာရိပ်ပေါ်လာသည်နှင့် တူ၏။ (ဤကား- ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ဥပမာပေတည်း။)

ဤပါဠိတော် အဋ္ဌကထာ စသည်တို့၌ ဝိပဿနာနှင့် စပ် သော နာမ်ရုပ်နှစ်ပါးကို ပြဆိုရာ၊ သွားခြင်း, စားခြင်း စသော

အမူအရာဟူသမျှသည် နာမ်ရုပ်မည်၏၊ ထိုအမူအရာ စသည်ကို ရှုမှတ်ခြင်းသည် ဝိပဿနာမည်၏၊ သဘောကို ကောက်ယူပုံမှာ သွားခြင်း အမူအရာသည် ရုပ်၊ သွားလိုသောစိတ်သည်နာမ်၊ နာမ် ကြောင့် ရုပ်ဖြစ်သည်၊ ရုပ်နာမ်နှစ်ပါးသည် အတူတူဖြစ်သည်ဟု ဆိုလို၏။ "နာမေန ရူပံ ပဝတ္တတိ" နာမေန-နာမ်ကြောင့်၊ ရူပံ- ရုပ်သည်၊ ပဝတ္တတိ-ဖြစ်၏၊ ၎င်းဒေသနာတော်ကို ထောက်လေ။

ရုပ် နှစ်ဆဲ့ရှစ်ပါး၊ နာမ် ငါးဆဲ့သုံးပါးဟု ကျမ်းဂန် များ၌လာသော သရုပ်သချ်ာများကို သာမန်လူများ အတွက် အောက်ကရေးသားဖော်ပြခဲ့သော်လည်း ယောဂီများ လိုက်နာ ရန်အတွက်မဟုတ်၊ အလုပ်ကိစ္စ၌ "ရုပ္ပနလက္ခဏံ ရူပံ၊ နမနလက္ခဏံ နာမံ" ရုပ္ပနလက္ခဏံ-ဖောက်ပြန်ခြင်းသဘောသည်၊ ရူပံ-ရုပ် မည် ၏၊ နမနလက္ခဏံ-ညွတ်ခြင်း သဘောသည်၊ နာမံ-နာမ် မည်၏၊ ဤသို့လာသော ဒေသနာတော်အရ သဘောမျှကိုသာ ဆိုလိုပေ သည်။

ထိုသို့ယူဆသော အဓိပ္ပာယ်သဘောအရ ဖြင့် သွားတာ ရုပ်၊ သွားချင်တာနာမ်၊ ရပ်တာရုပ်, ရပ်ချင်တာနာမ်၊ ထိုင်တာ ရုပ်, ထိုင်ချင်တာနာမ်၊ အိပ်တာရုပ်, အိပ်ချင်တာနာမ် ဤသို့ စသည်ဖြင့် ရှေ့တက်, နောက်ဆုတ်, ကွေး, ဆန့်, ကြွ, မ, ကိုင် တွယ်, ပေးကမ်း, ယူငင်သိမ်းဆည်း, ကြည့်ရှုစားသောက်စသော ကိုယ်အမူအရာ၊ ပြောဆိုခေါ်ဝေါ်, ရယ်မောငိုကြွေး စသော နှုတ်အမူအရာဖြစ်ပေါ်လာမှု များသည် ရုပ်နာမ်နှစ်ပါးတို့ ဖြစ် သည် မည်၏။

"ဧဝံ လောကော ပဝတ္တတိ" ဧဝံ-ဤသို့အကြောင်းအ ကျိုးအစဉ်ဖြင့်၊ လောကော-နာမ်ရုပ်နှစ်ပါးသည်၊ပဝတ္တတိ-ဖြစ်၏၊ ကိုယ်အမူအရာစသည်မှတပါး၊ သရုပ်သချ်ာအဆိုများကို ကြံစည်

ရှိနေလျှင် ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန် မိနိုင်မည်မဟုတ်ပေ၊ "တရားရှာ-ကိုယ်မှာ" ဆိုသောပညာရှိများ စကားကို ရှုမြော်ထောက်ဆပါလေ၊ ဤကမ္ဘာလောကကြီး၌ ရုပ်နာမ်နှစ်ပါးသာ ရှိသည်၊ ရုပ်နာမ်နှစ်ပါးသာဖြစ်သည်၊ ရုပ်နာမ်နှစ်ပါးသာပျက်သည်၊ ထိုရုပ်နာမ်နှစ်ပါး၏ ဖြစ်ပျက်နေသည်ကို အမှန်သိအောင် အားထုတ်ရသည်။ ဤသို့ပရမတ်ရုပ်နာမ်တို့၏ ဇာတိသဘောရင်း အတိုင်းကိုသိမှုလည်း ဝိပဿနာဉာဏ်ဖြစ်သည်၊ အမှန်သိသော ဝိပဿနာဉာဏ်ဖြစ်မှ၊ ရုပ်နာမ်ကိုရှုမှုန်းစက်ဆုပ်၍ ရုပ်နာမ်ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်နိုင်သည်၊ ဤသို့စသည့်ဖြင့် လာရှိသော ဒေသနာ၊ ပြောဆိုနေသော စကားများနှင့် အထက်ဖော်ပြပါ သဘောသွားများကို စည်းစားဆင်ခြင်၍ နှိုင်းယှဉ်ကြည့်ပါလေ။

သွားခြင်းစသော ကိုယ်အမူအရာစသည်ကို သွားတယ်စသည်ဖြင့် ရှုမှတ်နေလျှင် ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်တရား၊ ညွတ်ခြင်းသဘော ရှိသောနာမ်တရားတို့သည် နှစ်ပါးအစုံသော်၎င်း၊ တပါးပါးသော်၎င်း၊ ရုပ်နာမ်တို့၏ ဇာတိသဘောအတိုင်း ဉာဏ်၌ထင်မြင်လာလိမ့်မည်၊ ထင်မြင်လာသည့် သဘောအတိုင်းသာမှတ်၊ ရုပ်ကိုရှုမှတ်မည်၊ နာမ်ကိုရှုမှတ်မည်ဟု မကြံစည်နှင့်၊ မကြံစည်ဘဲ ရုပ်တရားပေါ်လာလျှင် နာနာမှတ်၊လွတ်လွတ်၍မထားနှင့်၊ မှတ်ဆဲ၌နာမ်ပေါ်လာသော် ရုပ်ကိုလွတ်၍ နာမ်ကိုသာမမှတ်နှင့်၊ဤသို့ကိုယ်အမူအရာစသည်ကို ရှုမှတ်ခြင်းသည် ရုပ်နာမ်နှစ်ခု၏ဖြစ်ပျက်မှုကို သိအောင်ရှုသော ဝိပဿနာအလုပ်မည်၏၊ ကိုယ်ခန္ဓာကိုလွတ်၍ တပါးသောနေရာ၌ ရုပ်နာမ်နှစ်ပါးဟူ၍ မရှိနိုင်ပေ၊ ဤသဘောအဓိပ္ပါယ်ကို သတိမထားမိသူ အချို့တို့သည် ရုပ် ၂၈-ခု၊ နာမ်၊ ၅၃-ခု၊သရုပ်သချိုများကိုသာ အရအအမိကျက်မှတ်လျက်၊ ရုပ်နာမ်၊ ရုပ်နာမ်ဟုတွင်တွင်ကြီးရွတ်ဆိုကာ

ပုတီးစိပ်နေကြလေသည်။ အလှန်ပင်များလေစွ၊ ပရိယတ်ကျမ်း ဂန်သင်ကြားနေကြသူအချို့ပင်၊ ထိုကိုယ်အမူအရာ စသည်များကို ရုပ်နာမ်ဟုမသိကြချေ။ ဝိပဿနာအလုပ်ဟူသည်ဆိုခဲ့သည့်အတိုင်း၊ သမ္မာဒိဋ္ဌိစခန်းလမ်းမှန်သို့ ရောက်အောင် ပညတ်ကိုခဝါချမှုပင်ဖြစ်ရာ၊ အသိဉာဏ်အမှန်ဖြစ်မှ ဝိပဿနာ အစစ်ဖြစ်လေသည်။

ယခုပြဆိုခဲ့ပြီးသော ရုပ်နာမ်နှစ်ပါးနှင့် စပ်၍ သာဝတ္ထိပြည်သား ပဥ္စဂ္ဂပုဏ္ဏားကြီးအား မြတ်စွာဘုရား ဟောကြားတော်မူချက်ကို အောက်အာတာပိနိပကောအခန်း၌ အသေအချာ ရေးသား ဖော်ပြခဲ့လေပြီ၊ ဤပုဏ္ဏားကြီးလင်မယားသည် သီလလည်းမယူ၊ ဒါနလည်း စားကြွင်း ထမင်းထက်ဝက်မျှသာ၊ ဘိက္ခုခေါ်ခြင်းတရားတပုဒ်ကို တကြိမ်တခါ နာကြားရုံမျှသာဖြစ်၏။ ဤသို့ ရုပ်နာမ်နှစ်ပါး ပရမတ္ထတရားကို ဟောကြားသောအဆုံး၌ ပုဏ္ဏားကြီးလင်မယား အနာဂါမိဖိုလ်၌တည်ကြလေကုန်၏။ သို့အတွက် ဒါနကိုလည်း လုပ်တတ်ဘို့လိုသည်၊ သီလကိုလည်း ဆောက်တည်တတ်ဘို့လို၏၊ ဘာဝနာ ကမ္မဋ္ဌာန်းကိုလည်း စီးပြန်း ပွားများတတ်ဘို့လို၏။ ဒါနသီလနဲ့ နိဗ္ဗာန်မရောက်လို့မဟုတ်၊ စနစ်တကျ မလုပ်တတ်၍ မရောက်ခြင်းသာ၊ အလုပ်မှန်ဘို့ ထိရောက်ဘို့က အရေးကြီးလှ၏။ ဒါန သီလ ဘာဝနာ လုပ်နည်း လုပ်ထုံးကို ဤစံပြကျမ်း တနေရာတွင် အချက်ကျ ဝေဖန် ဖော်ပြထား၏။ ထို့ကြောင့် ဤလောကကြီး၌ နာမ်ရုပ်နှစ်ပါးသာရှိသည် နာမ်ရုပ်နှစ်ပါးသာဖြစ်၍ နာမ်ရုပ်နှစ်ပါးသာပျက်၏။ ထိုနာမ်ရုပ်နှစ်ပါး၌ တဏှာနှစ်သက်ခြင်း ရာဂမဖြစ်နိုင်အောင် သွားလျှင် သွားတယ် စသည်ဖြင့်ရှုမှတ်ပါဟု ဆိုလိုသတည်း။

ထိုသို့ သွားခြင်း စားခြင်း စသော အမူအရာတို့သည် ရုပ်

နာမ်နှစ်ပါးသာ ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌိနိဒ္ဒေသ လာစကားဖြင့်လည်း ထင်ရှားစွာသိသင့်ပေ၏။ ၎င်းအဋ္ဌကထာ ၌နာမ်ကသွားလိုသောကြောင့် ရုပ်ကသွားရ၏၊ နာမ်က စား လိုသောကြောင့် ရုပ်က စားရ၏ စသည်ဖြင့် များစွာပင် လာ ၏။ ထိုကြောင့် သွားတာရုပ်၊ သွားချင်တာနာမ်၊ စားတာရုပ် စားချင်တာနာမ် စသည်ဖြင့် ရုပ်နာမ်တို့ သဘောအရကို ဖော်ပြ ခဲ့ပေသည်။ အချုပ်မှာ ဤရုပ်နာမ်နှစ်ပါးတို့သည် ဖြစ်လျှင်အတူ ပျက်လျှင်အတူ ဖြစ်၍ တခုကိုတခု အမှီတံကဲသဟဲပြုရကြောင်း၊ သွားခြင်း၊စားခြင်းစသည်တို့၌ နာမ်ရုပ်နှစ်ပါးဖြစ်၏။ သွားတာ စားတာ စသည်ကို မှတ်ခြင်း သိခြင်းသည် ဝိပဿနာဖြစ်၏ ဟု ဆိုခဲ့သော စကားများကို မှတ်သား ယုံကြည်စွာ လိုက်နာကျင့်ကြံ ကြကုန်ရာသည်။

"နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တ တိ"စသည်ဖြင့် ဆိုသောကြောင့် ရုပ်သည်လည်း နာမ်ကြောင့်ဖြစ် ၏။ နာမ်သည်လည်း ရုပ်ကြောင့်ဖြစ်၏။ ရုပ်နာမ်နှစ်ပါးတို့သည် အကျိုးတရား ဖြစ်ကုန်၏ ဟူ၍၎င်း၊ အကြောင်းတရား ဖြစ်ကုန်၏ ဟူ၍၎င်း ဆိုရပေသည်။ နာမံ-နာမ်ကို၊ နိဿာယ—မှီ၍၊ ရူပံ-ရုပ် သည်၊ပဝတ္တတိ-ဖြစ်၏။ရူပံ-ရုပ်ကို၊နိဿာယ-မှီ၍၊နာမံ-နာမ်သည်၊ ပဝတ္တတိ-ဖြစ်၏။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ကေသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။

နာမဉ္စ-ညွတ်ခြင်း သဘောရှိသော နာမ်တရားသည်၎င်း၊ ရူပဉ္စ—ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်တရားသည်၎င်း၊ ယ မကံ-မကွာမကွဲ အစုံတွဲ၍ ဖြစ်ရလေ၏။ ဥဘော-ရုပ်နာမ်တရား နှစ်ပါးတို့သည်၊ အညောညနိဿိတာ- တခုနှင့်တခု အချင်းချင်း

မှီတွယ်၍ ဖြစ်ကြလေကုန်၏။ ကေသိ-တခုသော နာမ်တရား တခုသော ရုပ်တရားသည်၊ ဘိဇ္ဇမာနသိ- ချုပ်ပျောက် ပျက်စီး ခဲ့သည် ရှိသော်၊ ဥဘော-နှစ်ပါးကုန်သော၊ ပစ္စယာ-အကြောင်း ဖြစ်သော ရုပ်နာမ်တရားတို့သည် ဘိဇ္ဇန္တိ-တပြိုင်နက်တည်း ပျက် စီးကြရလေကုန်၏။

အဓိပ္ပါယ်ကား ရုပ်နာမ်နှစ်ပါးတို့သည် ဖြစ်အတူတူ၊ပျက် အတူတူဟုမှတ်၊ နာမ် ၁၇ချက်ပျက်လျှင် ရုပ်တချက်စီပျက်သည်၊ ဤနည်းအတိုင်း ရုပ်နှင့်နာမ်ဟာ မိနစ်စက္ကန့်ဗိဇနာ မလပ် အထပ် ထပ် တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်နေကြသည်ကိုပင် အနိစ္စ၊ အမြဲ မရှိလို့ ခေါ်ခြင်း ဖြစ်သည်။ ဒုက္ခ၊အနတ္တများကိုလည်း နည်းတူ သိလေ။ရုပ်သက်နာမ်သက်များကို အောက်ကပြခဲ့ပြီဖြစ်၍ နောက် ထပ် ရေးနေရန်မလိုပြီ၊ နာမ်တရားက အသက်တိုလို့ မြန်တယ်၊ ရုပ်တရားက အသက်ရှည်ပြီး နှေးတယ်။သို့ပေမဲ့ သူတို့နှစ်ဦးဟာ ခြေတို ခြေရှည် လူနှစ်ယောက်ကဲ့သို့ တဦးကိုတဦး မစွန့်ပစ်နိုင်ဘဲ အတူတူပင် မိမိတို့ ဆိုင်ရာ အလုပ်ကိစ္စကို ဆောင်ရွက်လျက် နေ ကြသည်။လူတွေမှာသာ အလုပ်ရှိတယ်လို့ များ မအောက်မေ့ကြ နှင့်၊ ရုပ်နာမ်တရားတို့၌လည်း ကိုယ့်အလုပ်နဲ့ ကိုယ်စီဘဲလို့ နား လည်သိမှတ် ထားကြရမည်။ နာမ်တရားက ပုတီးကုံး ရွေးလုံး ပမာတွေဆက်၊ ရုပ်တရားကား ကြိုးလွန်းပမာထပ်ဆက်၊ ဒီလိုဘဲ သူတို့နှစ်ဦးဟာ မကွာမကွဲ အဆက်မပြတ် ဒလစပ် ဖြစ်ပျက်နေ ကြလေ၏။

အနိစ္စကို သန္တတိ၊ ဒုက္ခကိုဣရိယာပုထ်၊ အနတ္တကို ဃန ပညတ် ဖုံးလွှမ်းထားအပ်သည်အတွက်၊ လက္ခဏာရေး သုံးပါး မထင်မမြင်နိုင်ကြချေ။ ထို့ကြောင့် ရှေးပညာရှိများက “သန္တတိ ကိုခွာ၊ ဣရိယာပုထ်ကိုဖျက်၊ ဃနကိုဖြိုခွဲ၊ လက္ခဏာရေး သုံးပါး

ထင်မြဲ" ဟု ဆိုစကား ရှိလေသည်။ "အနတ္တလက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ"အရ၊ အနတ္တလက္ခဏာကိုထင်မြင်လျှင် နိဗ္ဗာန်ကိုမြင်သည်မည်၏။ သို့အတွက် အနတ္တလက္ခဏာ ဝိပဿနာတခုကြောင့်သာ ဘုရားပွင့်တော်မူရကြောင်းကို အောက်က ရေးသားခဲ့လေပြီ။

**ဝိပဿနာအလုပ် နာမ်နဲ့ရုပ်**

ယခုလို သာသနာတော်နဲ့ ကြုံကြိုက်ဆဲအခါတွင် ဝိပဿနာတရား ပွားများရန် အတွက် ရုပ် ၂၈ပါး, နာမ် ၅၃ပါး တရားလောက်ကိုတော့ လေ့လာဆည်းပူးရန် အမှန်ပင်သင့်လေသည်၊ စာတတ်ရန် မလိုပါ၊ နည်းပေး လမ်းပြ ဆရာကောင်းသာ လိုကြောင်းကို အောက်ကဆိုခဲ့၏၊ စာတတ်ရန်ကား လူများကို မဆိုထားဘိ၊ သံဃာများပင် မလွယ်ကူချေ၊ ဝါသနာရှိမည် ဆိုလျှင် အိမ်မှုလုပ်ငန်းများကို မထိခိုက်စေဘဲ လေ့လာ ကြိုးစားက ဝါတွင်း သုံးလခန့်ဖြင့် သိစွမ်းနိုင်ပေရာသည်၊ အလေ့ အလာ မရှိ၍သာ ဖင့်နွှေးပျင်းရိနေကြခြင်းမှာ အထူးပြောနေစရာ မလိုတော့ချေ၊ ဝိပဿနာလုပ်ရပ်က နာမ် ရုပ် အလုပ်ဖြစ်နေတော့ ထို နာမ်ရုပ် သဘောလက္ခဏာများကို လေ့လာမှတ်သားပြီးမှ တရား အားထုတ်ရလျှင် အသိဉာဏ်အမြန်ပေါက်၍ အဖက်ဖက်က မည်မျှထိ အရေးပါ အရာရောက်မည် ဆိုတာကို သိနိုင်လောက်ပေသည်၊ ယခုတော့ အမိုက်မှောင်ထဲမှာ လက်နှင့်ရမ်းသလို စမ်းတဝါးဝါး လုပ်နေကြရတယ်ဆိုတော့ အားမလိုအားမရ အဆင်မပြေဖြစ်နေကြတာပေါ့၊ ဘုရား ပွင့်နေတဲ့ သာသနာခေတ်မှာတောင် ရုပ်နှင့် နာမ်ကို မသိလိုက်ဘူးဆိုလျှင် ဘယ်အခါများ သိရအုံးမှာလဲ ဟု သဘောဉာဏ်သက်ဝင်ရန် အကြံဉာဏ် ပေးလိုက်ရပေသည်။

ယခုလွတ်လပ်ရေး သမတခေတ်မှာ အဘိဓမ္မာ သင်တန်းများဖွင့်ကာ၊ အောင်မြင်သူတို့အား ချီးမြှင့်ခြင်း သာသနာ့ရိပ်သာများဖွင့်လျက် ပတိပတ်စခန်းများကို အားပေးခြင်း, ဝိသုဒ္ဓိမဂ်စာမေးပွဲများ ကျင်းပပြီး ပတိပတ္တိ သာသနာကို ပြုစုခြင်းများသည်လည်း ဒီရည်ရွယ်ချက်ပင် ဖြစ်သည်၊ သာသနာကွယ်လျှင် အဘိဓမ္မာက စကွယ်မည်ဖြစ်တော့ အဘိဓမ္မာကွယ်ခဲ့သော်, အရင်းလဲ့, အဖျားထင်းဖြစ် ဆိုသလို ပရမတ် ရုပ်နာမ် ခန္ဓာတွေကလည်း တခါတည်း ပျောက်ကွယ် သွားပါလိမ့်မည်၊ ဝိပဿနာ ဆိုတာလက်တွေ့မှာ ရုပ်နာမ် ပရမတ် တရားကို ဟောပြောလျှင် 'သုတ္တန်တရားများလောက်, နားမဝင်သည်မှာ ထင်ရှားလှ၏၊ စင်စစ်မှာ နားမလည်သောကြောင့်ပင် ဖြစ်ရာ၊ အဘိဓမ္မာ သက်သက်ချည်း ဟောနေပြန်တော့လည်း ဒေသနာတော် ခြောက်ခြောက် သွေ့သွေ့ ဖြစ်နေသည် အတွက် သုတ္တန်ဝတ္ထု သာဓကများကို ကြားညှပ်ထုတ်ဖေါ်ဟောပေးမှ ဒေသနာတော်လည်း စိုပြေလှ၍ နာခံသူများလည်း စိတ်ဝင်စားဘို့ ရလေသည်ဟု အဋ္ဌကထာ ဆရာမိန့်ဆိုချက်များ ရှိလေသည်၊ သို့တစေလည်း တရားဟောသူတိုင်း အဘိဓမ္မာကို ချန်လှပ်၍ မဖြစ်နိုင်ချေ၊ ယုတ်စွအဆုံး, ကုသလာဓမ္မာ အစဖြာသော မာတိကာမုခပါဠိဖြင့် အဆုံးသတ်မှ ပြီးဆုံးရလေသည်။

မှတ်သားရန် အဓိပ္ပါယ်ကို အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာကို လေ့လာကသိရှိနိုင်ပေရာသည်၊ဤနေရာ၌ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ကို ဝန်းကျင် ထက်အောက် မွှေနှောက်လျက် ဦးစွာပထမ လက်စွမ်းပြသော အရှင်ဗုဒ္ဓဃောသ၏ လက်ရာမွန်ဝိသုဒ္ဓိမဂ် အဋ္ဌကထာသည်သာသနာတော်ဝယ်ဝိပဿနာ လိုက်စားသူများအတွက် မှတ်တိုင်သဖွယ်ဖြစ်ပေတည်း၊ ထိုကျမ်းစာကို

မြန်မာဘာသာ ပြန်ဆိုလျက် ယခုအခါ စာမေးပွဲပင် ကျင်းပနေပြီ ဖြစ်၍ လူရောရှင်ပါ လေ့လာဆည်းပူးခွင့် ရကြလေပြီ။

**ဓမ္မရာဇာဘွဲ့ခံ ကျစ္စာမင်းကြီး**

ဤနေရာ၌ အချက်ကျသဖြင့် ရှေးမြန်မာဘုရင်မင်းများလက်ထက် သာသနာတော် ကောင်းစားစဉ်က စိတ်ဝင်စားဖွယ်ရာ ဝတ္ထု သာဓကတရပ်ကို နည်းယူမှတ်သားဘို့ရာ သာသနာဝင် ကျမ်းဂန်များမှ ထုတ်ဆောင်ပြဆိုပေအံ့၊လွန်ခဲ့သော အနှစ်ငါးရာ ရှစ်ဆယ်ကျော်လောက်က အရိမဒ္ဒနမည် ပုဂံပြည်ဝယ် ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီးလက်ထက် သာသနာတော် ထွန်းလင်းတောက်ပစဉ်အခါ ဘုရင်မင်းမြတ်ကိုယ်တိုင် အိမ်ရှေ့မင်းသားတော် ဥဇနာအားထီးနန်းနှင့်တကွ တိုင်းပြည်ရေးရာကို လွှဲအပ်လျက်၊ လက်ဆည်းကန် အရပ်တွင် တဲကျောင်းများ ဆောက်လုပ်ကာ လူရောသံဃာတော်များပါ တနေ့စာ- ၇-ဝ ါစီ ပို့ချ သင်ကြားမှုကို ပြုသတဲ့၊ ဘုရင်မင်းမြတ်က သာသနာတော်ကိုရှေ့တန်းတင်ပြီး အထူး ကြည်ညိုလေးစားနေလေတော့၊ သာသနာဝန်ထမ်း ရဟန်း သံဃာတော်များလည်း ပစ္စည်းလေးပါးဘက်ကချမ်းသာ၊ သင်ကြားချပို့မှုဆိုသော ပရိယတ္တိ သာသနာကိုလည်း စိတ်ရှိတိုင်း ဆောင်ရွက် နိုင်ကြတာပေါ့လေ။

သမီးတော် သံပျင်မင်းသမီးဟာ သာမည မိန်းမမဟုတ်ဘူး၊ စာပေပိဋကတ် တတ်မြောက် ကျွမ်းကျင်လှသဖြင့် ရဟန်းသံဃာတော်များအား တနေ့စာ-၃-ဝ ါစီ ကူညီ ချပို့ ပေးတယ် ဆိုဘဲ၊ ဘုရင်မင်းမြတ်က ဒီလို သာသနာတော်ရေးကို ဦးစားပေး၍ အားပေး ချီးမြှောက် နေလေတော့ လူဝတ် ကြောင်များလည်း "အတုမြင်အတတ်သင်"ဆိုသလို သင်ကြား ကျင့်ကြံ အားထုတ်မှုများဟာ ဘာပြောကောင်းမလဲ၊ ဓမ္မရာဇာ ကျစွာမင်းကြီးလက်

ထက်မှာ သာသနာတော် အစည်ကားဆုံး အထွန်းကားဆုံးဘဲလို့ သာသနာဝင် ကျမ်းဂန်များမှာလာ ရှိပေသည်၊ ယုတ်စွာ့အဆုံး ဆင်းရဲနွမ်းပါး အခစား လုပ်နေကြရတဲ့ လူများတောင် အားလပ်ခွင့် ရချိန်မှာ ခြိုးခြံစွာ သင်ကြားကြသတဲ့၊ ကျစွာမင်းကြီးဟု အမည်တွင်တာက ပိဋကတ် ကျမ်းဂန်များကို ယထာဘူတ ကျနစွာ တတ်မြောက်သည်အတွက် ကျစွာဟု ခေါ်တွင်ကြောင်းကို သာသနဝံသပဒီပိကာမှာ လာရှိပေသည်။

**တောထွက်ကြီး ဦးကျည်မွေ့.** အဆိုပါ ကျစွာမင်းကြီး လက်ထက်မှာဘဲ အသက် ၅၀- ကျော်မှ ရဟန်းပြုပြီး ၆၀- ကျော်တွင် ကျမ်းဂန်တတ် တယောက် ဖြစ် သွားတဲ့ တောထွက်ရဟန်းကြီးဦးကျည်မွေ့ ဝတ္ထုကလေးကို သုတေသီများ နည်းမှီးအတုယူရန် မကျဉ်းမကျယ် အကျဉ်းချုံး၍ တင်ပြလိုက်ပေသည်၊ ဗဟုသုတအတွက် မှတ်သားနာယူကြပေတော့။ တောထွက်ဆိုတာ မျှားသောအားဖြင့် ငယ်ဖြူများနှင့် မတူဘူးပေါ့၊အနေအထိုင်ကစ၍ အရာရာမှာ ကိုးရိုးကားယား အချိုးမကျ ဣန္ဒြေမရဘူးပေါ့လေ၊သဘောကမနက်,အပြောရလဲ အင်မတန်ခက်တယ်၊သို့အတွက် တောထွက်ရဟန်းဟော"ဝစ္စပဗ္ဗဇိတော"ပါဠိကို ပခုက္ကူမြို့ စာသင်တိုက်ကြီးများကသက်ကြီးရင့်ယော်,သေလုသော်မှ,မပျော်လူ့ဘောင်, သံဝေဆောင်၍, ရဟန်းဘောင်မှီး, တောထွက်ကြီးသည် ဝါ-သဘောကယုတ်, အပြောရခက်တဲ့တောထွက်ကြီးသည်ဟု မြန်မာပြန်အနက်ပေးကြလေသည်။

အစစအရာမှာ သူတို့သဘောရင်းအတိုင်း ကွမ်းကိုသာ တွင်တွင်စားပြီး, ကွမ်းသွေးများကို အလေ့အလာ မရှိလေတော့ ထွေးခံမှာလည်း မထွေး၊ ခေါင်းရင်း တံခါးပေါက်က ထွေးချတယ်၊ နောက်ဒန်ပူစားပြီး, စားပြီးဒန်ပူကိုလည်း ကွမ်းသွေးထက်

ကတာဖန် ပစ်ချလိုက်ပြန်တယ်၊ ဒီလိုနဲ့ဘဲ- လတွေနှစ်တွေ အချိန် ကြာညောင်းလေတော့ အခါတပါး ပြူတင်းပေါက်အောက်သို့ ငုံ့ကြည့်မိလေရာ ဒန်ပူတွေဟာ တချောင်းပေါ်တချောင်း ဆင့် သာခံပြီး တပုံတခေါင်းကြီး ဖြစ်နေသတဲ့၊ ဒီခါကျတော့မှ သတိ ရလာပြီး, ငါအလကား စားကာ အိပ်ခါ နေလာခဲ့တာ၊ လတွေ နှစ်တွေ ကုန်လွန်ချေပြီ၊ တနေ့တနေ့ကို ဒီဒန်ပူတထောက်(လက် ရှစ်သစ်)စီစာသင်မည်ဆိုလျှင်လည်း ဒီလောက်ကြာ, ငါစာတတ် လောက်ပေပြီ၊ မဖြစ်ပါလေ၊ စာသင်မှတော်မယ်လို့ သဘော ပေါက်လာတာနှင့်၊ စာသင်ရန်အတွက် ဆိုခဲ့သည့် ကျစ္စာမင်းကြီး ထံကန့်ကူဆံနဲ့ ပရပိုက်သွားရောက် အလှူခံလေရာ၊ကျစ္စာမင်းကြီး က, ရဟန်းကြီးအားခြေဆုံးခေါင်းဆုံး အကဲခပ်ကြည့်ရှုပြီး ကန့် ကူဆံနဲ့ပရပိုက်လှူရင်း, ဘာပြောလိုက်သလဲဆိုတော့, ကျည်ပွေ့ မှာ အတက်ထွက်လျှင် အရှင်ဘုရား စာတတ်ပါလိမ့်မယ်ဟု ပျက် ရယ်ပြုလိုက်သတဲ့၊ (မတတ်တော့ဘူးဆိုလိုတာပေါ့လေ)။

ဒါပေမဲ့ ရဟန်းကြီးက စိတ်မပျက်တဲ့အပြင် ဘုရင် မင်း မြတ်၏ စကားကိုသာ နေ့စဲ့နှင့်တကွ အသေအချာမှတ်သားထား လိုက်ပြီး အထက်က ဆိုခဲ့သည့်အတိုင်း တနေ့ တနေ့ကို ဒန်ပူ တထောက်ခန့်စီ အသေအချာတိုင်းထွာသတ်မှတ်လျက်၊ သဒ္ဒါ သင်္ဂြိုဟ်ကစပြီး မပျက်မကွက် ပုံမှန်သင်ကြားသွားရာ မကြာမီပင် ကျမ်းဂန်တတ်ကြီးတဦးဖြစ်လာပြီး ကျည်ပွေ့မှာ သစ်ခက်များကို ဖွဲ့စည်းချည်နှောင်လျက် မင်းကြီး၏ နန်းတော်တွင်းသို့ ဝင်ရောက် လေရာ သတိမေ့လျော့နေသော ကျစ္စာမင်းကြီးက ယုန်ထင် ကြောင်ထင်နဲ့ အကြောင်းကိုမေးမြန်းစုံစမ်းတော့မှ ကျည်ပွေ့မှာ အတက်ပေါက်ကြောင်းကို ပြန်ပြောင်း မိန့်ကြားလိုက် လေ၏။ (စာတတ်ပြီဟု ဆိုလိုသည်)။ ထိုအခါက စ၍ ဦးကျည်ပွေ့,

ဦးကျည်ပွေ့ ဟူသော ရန့် သတင်းသည် ယခုထိတိုင် ပျံ့လှိုင်လျက် သာသနာ့ဝင်မှာ စာတင်လျက် ကျန်ရစ်လေတော့သည်။

ကျစွာမင်းကြီးမှာလည်း မိမိစကားလွန်, စကားကျူးများကို ဆိုလိုက်မိသည့် အတွက် မျက်ခွက် မျက်နှာ ပျက်ကာ အဖတ်ဆယ်ရန်အတွက် ဦးကျည်ပွေ့အား ရေကန်မှာချ၍ ပုဂံပြည်၌ထင်ရှားသော ခြောက်ကျောင်းသံဃာများကို မေးမြန်းစုံစမ်းစေသော "အဟမ်းကန်" သည်လည်း ယခုတိုင်အထင်အရှားရှိသေးသည်၊ ပုဂံမြို့သို့ ဘုရားဖူးရောက်ဘူးသူတိုင်း ရှေးသက်ကြီးသူအိုများကို မေးမြန်း စုံစမ်းကြည့်လျှင် သိနိုင်ပါသေးသည်၊ ခြောက်ကျောင်း သံဃာ မင်းဆရာ များနှင့် ဦးကျည်ပွေ့ ရဟန်းကြီးတို့ အပြန်အလှန် အမေးအဖြေများကို ဤ၌မဆိုသာပြီ၊ လိုရင်းမှာတော့ မင်းဆရာများရှုံး၍ ဦးကျည်ပွေ့ အနိုင်ရရှိသွားသည့်အတွက် (ဒိသာပါမောက္ခ) ဘွဲ့ကို အပ်၍ မင်းဆရာ ခန့်လိုက်ရပေသည်၊ "လှဲ့ဝင်ရိုးသံ, တည်ညံ့, ပုဂံဘုရားပေါင်း" ၄ သန်း, ၄ သိန်း, ၄ သောင်း, ၆ ထောင်, ၇ ရာ, ၃ ဆယ်, ၃ ဆူ ဘုရားများတည်ထားခဲ့ရာ၌လည်း ထိုကျစွာမင်းကြီးနဲ့ ဦးကျည်ပွေ့လက်ထက်မှာ သာပြီးများပြားခဲ့လေသတတ်။ ။(အကျယ်ကို သိလိုလျှင် သာသနာ့ဝင် ကျမ်းများ၌ ကြည့်ရှုလေ့လာပါလေ)။

ထိုမှတပါး (မာတုဂါမ) မိန်းမများ စာပေတတ်မြောက်ပုံ၊ ကျမ်းဂန်ရေးသား ပြုစုပုံ, ရဟန်းသံဃာ များအား စာချပေးပုံ၊ သံဃာများနှင့် အပြိုင်အဆိုင် စာစကား ပြောကြားပုံ စသည်တို့မှာလည်း သာသနာတွင် စာတင် ကျန်ရစ်ခဲ့သည်ကား အများသိဖြစ်၍ ချဲ့ထွင်ရေးနေရန် မလိုတော့ချေ၊ ယခုခေတ် ရဟန်းကြီးများ, လူဝတ်ကြောင်များ မှတ်သားနည်းယူရန် အမှန်

ပင်ကောင်းလှပေသည်၊ ယခု လွတ်လပ်ရေး မြန်မာသမတခေတ်ဝယ် နိုင်ငံတော်အစိုးရများက "အတုမြင်အတတ်သင်" ပညာပေး စနစ်ဖြင့်ရှင်း ဦးကျည်ပွေ့အရုပ်ကို ပိုစတာလုပ်ပြီး တိုင်းပြည်အနှံ့ ဖြန့်ချိဝေငှထားခြင်း, စာသင်ကျောင်းများ၌ ကလေးသူငယ်များအား သင်ခဏ်းစာပေးနေခြင်းများသည် လွန်စွာပင် အဓိပ္ပာယ်ရှိလှ၍ သဘာဝလည်းကျပေသည်၊ ဒီလောက်အသက် ၆၀ ရှင်တောင် စာတတ်သေးလျှင် လူငယ်လူရွယ်များအတွက်မှာ ဆိုဖွယ်ရာမရှိတော့ပြီ၊ ယခုဝိပဿနာခေတ်ဝယ်, ရုပ် ၂၈ပါး၊ နာမ် ၅၃ပါးတို့၏ ပရမတ္ထသဘာဝကို ထိမိဘို့အရေးမှာ သာ၍ပင် လွယ်ကူပါသေးသည်၊ စာတတ်ရန်မလိုပါ၊အဆိုပါ ဦးကျည်ပွေ့ကို ပုံစံယူ၍ တနေ့တခုကျစီ လေ့လာသွားမည်ဆိုလျှင် အိမ်မှုလုပ်ငန်းတို့ကို မထိခိုက်ဘဲ ဝါတွင်းသုံးလခန့်ဖြင့်ပင် သိရှိနားလည်နိုင်ပေရာသည်။

ဟောတ္တိ'စေတ္တ–

အဟံ မဟလ္လကော ဟောမိ၊ ဒုပ္ပညော ပရိယတ္တိကံ။
ဥဂ္ဂဟံ မဟုဿာဟေန၊ န သက္ခိဿာမိ ဇာနိတုံ။
ဝေဠု နာတိမညေယျ၊နာပပွေါ်ဿုက္ကတ္တမာပဇ္ဇေ။
သဒ္ဓမ္မေ ဆေကကာယေဝ၊ ဥဿာဟံဝ ကရေ ပေါသော။
ဝုဍ္ဎုပဗ္ဗဇိတော ဘိက္ခု၊ မဟလ္လကောပိ ဒုပ္ပညော။
အာပဇ္ဇိ ဆေကတံ ဓမ္မေ၊ တမပေက္ခန္တု သောတာရော။

မှတ်ချက်။ ။သဒ္ဒနီတိသံဝဏ္ဏနာစသည်ကျမ်းပြု၊ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ၊ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ မဟာထေရ်ပြုစီရင်သော "သာသနဝံသပဒီပိကာ" ကျမ်းမှ

ထုတ်နုတ်လျက် စာရှုသူတို့ စိတ်ဝင်စားလောက်အောင် ဖွဲ့နွဲ့ပြန် ဆိုကာ တင်ပြလိုက်ပေသည်။

ရုပ် နာမ် လောကကို ပြဆိုရာ အခဏ်း ပြီး၏။

---

## သတိပဋ္ဌာန်ကိုပြဆိုရာအခဏ်း

**သတိပဋ္ဌာန် လမ်းစအမြွက်** ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ (မဟာသတိပဋ္ဌာနသုတ် ပါဠိတော်)

ဘိက္ခဝေ- သံသရာဘေး လာမည့်ရေးကို မြော်တွေးထောက်ရှု အိုဘိက္ခုတို့၊ စတ္တာရော-လေးပါးကုန်သော၊ ယဒိဒံ—ယေဣမေသတိပဋ္ဌာနာ- အကြင် သတိပဋ္ဌာန်တို့သည်၊ သန္တိ-ရှိကုန်၏။တဒိဒံ တေ ဣမေသတိပဋ္ဌာနာ- ထိုသတိပဋ္ဌာန်တို့သည်၊ ဧကာယနော-တကြောင်းတည်းသော ခရီးသည်၊ ဟောတိ-ဖြစ်၏။ အယံမဂ္ဂေါ-ဤသတိပဋ္ဌာန်ဟူသော တကြောင်းတည်းသော ခရီးသည်၊ သတ္တာနံ-သတ္တဝါတို့၏၊ ဝိသုဒ္ဓိယာ၊ ကိလေသာမှ စင်ကြယ်ခြင်းငှာ၊ သောကပရိဒေဝါနံ- စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို၊ သမတိက္ကမာယ- လွန်ခြင်းငှာ၊ ဒုက္ခဒေါမနဿာနံ—ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏၊ အတ္ထင်္ဂမာယ—ချုပ်ငြိမ်းခြင်းငှာ၊ ဉာယဿ—အရိယာမဂ်ကို၊ အဓိဂမာယ—ရခြင်းငှာ၊ နိဗ္ဗာနဿ—နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ-မျက်မှောက်ပြုခြင်းငှါ၊ဟောတိ-ဖြစ်၏။

(ပါဠိတော်၏ မြန်မာပြန်နိသျသွား)

ထိုပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပါယ်ကား သတိပဋ္ဌာန် လေးပါးတည်းဟူသော ခရီးလမ်းမဖြင့်သွားလျှင် ကိလေသာ

ဘေးရန်ကင်း၍ စိုးရိမ်ပူပန်ဘွယ် မရှိ၊ ကိုယ်စိတ်ဆင်းရဲခြင်း မရှိဘဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ဆိုလိုပေသည်။ မဂ်ဖိုလ်ရရေးကို ဘုရားရှင် ဟောညွှန်ပြချက်မှာ "တဿ ဒိန္နံ ဖလာနံ အညတရံ ပါဋိကင်္ခံ ဒိဋ္ဌေ ဝါ ဓမ္မေ အညာ၊ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ" အယုတ်ဆုံး အနာဂါမ် ဖြစ်ရမည်ဟု ဆိုလေသည်။ ကြောက်ရွံ့စရာဘေးရန် လုံ့မှားစရာ လမ်းခွဲ မရှိ၊ စင်ကြယ်ဖြောင့်မှန်သော တကြောင်းတည်းသော လမ်းမကြီးဖြစ်ကြောင်းကို ကောင်းစွာညွှန်ကြားချက်ပေတည်း။

ဤပါဠိတော်၌ "ဧကာယန"ပုဒ်သည် တခုတည်းသော လမ်းခရီး ဆိုသဖြင့် ဒေသနာတော်ကို ရ၏။ လောက၌ လူအများ ခရီးသွားလာသောအခါ အပေါင်းအဖော် ခေါ်သွား၍ ရသကဲ့သို့ နိဗ္ဗာန်သို့သွားသော လမ်းခရီးမှာ အပေါင်းအဖော်နှင့် သွား၍ မဖြစ်နိုင်၊ တရားတော်လာတိုင်း ကျင့်ကြံအားထုတ်သူမှ ပေါက်ရောက်နိုင်သည်ဟု ဆိုလေသည်။

သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ၊ သတိယေဝ-သတိသည် သာလျှင်၊ ပဋ္ဌာနံ-ရှေ့သွားတည်း၊သတိပဋ္ဌာနံ-သတိသည်သာလျှင် ရှေ့သွား၊ ဤသို့လာသော သတိပဋ္ဌာနသုတ် အဋ္ဌကထာ စသည်တို့နှင့်အညီ "သတိပဋ္ဌာန"ပုဒ်၏ အနက်ကို သိမှတ်အပ်ပေသည်။ အဓိပ္ပါယ်ကား သတိပဋ္ဌာနပုဒ်အရ သတိကို အမှူးပြု၍ သတိပဋ္ဌာန်နည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရသည်၊ သို့သော်လည်း သတိတခုမျှကို မယူမူ၍ သတိရှေ့သွားရှိသော အသိဉာဏ်ပညာကိုသာ မှုချအားဖြင့် မှတ်ယူအပ်သည်ဟု ပြလိုရင်းဖြစ်၏။

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ၊ဓာဏာဋ္ဌေတ္ထ သလ္လက္ခဏာ(ဝိသုဒ္ဓိမဂ်မဟာဋီကာ)။ ။ဟိသစ္စံ၊ မှန်၏၊ သတိ-သတိကို ဓာရဏာ

တိ-ဓာရဏဟူ၍၊ နိဒ္ဒိဋ္ဌာ—ညွှန်ပြအပ်၏၊ တွေ—ဤသတိကို ဓာရဏဟူ၍ ညွှန်ပြရာ၌၊ ဓာရဏာဥ-ဓာရဏဟူသည်ကား၊ သလ္လက္ခဏာ-ကောင်းစွာမှတ်ခြင်းတည်း။ ဤဋီကာလာစကားအရ၌ "သတိပဋ္ဌာန"ဟူသည်ကို သတိတပုဒ်၊ပဋ္ဌာနတပုဒ်ခွဲ၍ သတိပုဒ်၏အနက်ကို ထုတ်ပြခြင်းဖြစ်၏။ သတိပုဒ်၌ အောက်မေ့ခြင်းဟုပေးသော အနက်သည် ရှုမှတ်ခြင်းသဘောကို ယူရမည်ဟု ဆိုလိုသည်။

အထ ဝါ ဉပဓာရေတဗ္ဗန္တိ သတိပုဗ္ဗင်္ဂမာယ ပညာယ ဉပလက္ခေတဗ္ဗံ၊ န ဟိ သတိရဟိတာ ပညာ အတ္ထိ။ ။ (ဧင်းမဟာဋီကာ။)

အထဝါ- တနည်းသော်ကား၊ ဉပဓာရေတဗ္ဗန္တိ-မှတ်အပ်၏ဟူသည်ကား၊ သတိပုဗ္ဗင်္ဂမာယ-သတိသာလျှင်ရှေ့သွားရှိသော၊ ပညာယ-အသိဉာဏ်ဖြင့်၊ဉပလက္ခေတဗ္ဗံ-ရှုမှတ်အပ်၏။ ဟိ သစ္စံ-ထိုစကားသည်မှန်၏၊ သတိရဟိတာ-မှတ်ခြင်းသတိမှလွတ်ကင်းသော၊ ပညာ-အသိဉာဏ်ပညာသည်၊ နအတ္ထိ-မရှိ။ (ဋီကာအနက်)

ဤသို့ နောက်တနည်းဖွင့်ပြသော ဋီကာစကားအရမှာ သတိဖြင့် မှတ်ခြင်းဆိုသောအရာ၌ သတိရှေ့သွားရှိသော အသိဉာဏ်ဖြင့်မှတ်ခြင်း ပညာကိုယူအပ်၏။ သတိမှ လွတ်ကင်းသော ပညာမရှိဟုသိစေအပ်၏။ အဓိပ္ပါယ်ကား မှတ်ခြင်းဟူသည် သတိတခုတည်းလည်းမဖြစ်၊ ပညာတခုတည်းလည်းမဖြစ်၊ သတိနှင့် ပညာသည် ဦးဆိုက်လျှင် ပဲ့ဆိုက်သကဲ့သို့ ရှေ့နောက်အစဉ်မပြတ်မူ၍ အတူတကွ စပ်ယှဉ်နေသဖြင့် သတိဖြင့်မှတ်ခြင်းဆိုသော်လည်း ပညာပါ တပေါင်းတည်းပါဝင်လေ၏။ ပညာဖြင့်မှတ်ခြင်းဆိုသော်လည်း သတိပါ တပေါင်းတည်း ပါဝင်လေ၏။ သတိရှေ့ဆောင်သော အသိဉာဏ်ပညာကိုသာ မှတ်ခြင်းဟူသော

အနက်သဘော၌ သန္ဓိဋ္ဌာန်ကျ မှတ်ယူရမည်ဟု ဆိုလိုရင်းဖြစ်ပေသတည်း။ သို့ဖြစ်၍ အဆိုပါ အဋ္ဌကထာနှင့် ဋီကာတို့၏ အဓိပ္ပါယ်သဘောများမှာ မကွဲပြားဘဲ တသားတည်း ညီညွတ်ကြလေသတည်း။

သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ။ သတိယာ-မှတ်ခြင်း သတိ၏၊ပဋ္ဌာနံ-တည်ရာတည်း၊ သတိပဋ္ဌာနံ-မှတ်ခြင်း သတိ၏တည်ရာ။ ဤအဋ္ဌကထာစကားဖြင့် သတိ၏တည်ရာဖြစ်သော ပဋ္ဌာနပုဒ်အနက်ကိုပြပေ၏။ အဓိပ္ပါယ်မှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ စိတ်အမူအရာဟု ဆိုအပ်ကုန်သော ကာယဝေဒနာစိတ္တဓမ္မ ၎င်းလေးပါးတို့ကို ပဋ္ဌာနဟု ဆိုလေ၏။ ဤကား- ပုဒ်ခွဲပုံ အဓိပ္ပါယ်တည်း။ သတိ စ သာ ပဋ္ဌာနဉ္စာတိ သတိပဋ္ဌာနံ၊ သတိ စ-မှတ်ခြင်း သတိသည်လည်း ဟုတ်၏၊ သာ- ထိုမှတ်ခြင်း သတိဟူသည်၊ ပဋ္ဌာနဉ္စ တည်ရာ ဌာနသည်လည်း ဟုတ်၏၊ ဣတိတသ္မာ-ထိုကြောင့်၊သတိပဋ္ဌာနံ-သတိပဋ္ဌာန်မည်၏။ ဤအဋ္ဌကထာစကားဖြင့် သတိနှင့် ပဋ္ဌာန တွဲစပ်၍ တပုဒ်တည်းဖြစ်သော အနက်သဘောကို ပြ၏။ အဓိပ္ပါယ်ကား- သတိသည် ကိုယ်အမူအရာစသည်ကို မှတ်ခြင်း သဘောလည်း ဖြစ်၏၊ အသိဉာဏ်ဖြစ်သော ပညာ၏ တည်ရာ သဘောလည်းဖြစ်၏ဟု ဆိုလိုသည်။ သတိပဋ္ဌာန်ဟူသည် ကိုယ်အမူအရာစသည်ကို မှတ်ခြင်းသိခြင်းပင် ဖြစ်၏။ ဝိပဿနာဟူသည်လည်း ရုပ်နာမ်ခန္ဓာစသည်ကို မှတ်ခြင်း သိခြင်းပင် ဖြစ်၏။ကိုယ်အမူအရာစသည်ဆိုခြင်းနှင့် ရုပ်နာမ်စသည် ဆိုခြင်း သည်လည်း အလုပ်ကိစ္စသဘောမှာ အတူတူပင် ဖြစ်လေသည်။ အထူးမှာ- သတိပဋ္ဌာန်ပုဒ်၌ သတိဖြင့် မှတ်မှ အသိဉာဏ် ပေါ်လွယ်၍ သတိ ရှေ့သွားရှိသောပညာဟု ဆိုရာ၌ အလုပ်တည်ထွင်စ ဖြစ်၍ ဉာဏ် မစိပ်သေးမီ အချိန်ကာလကိုသာ မှတ်ယူရမည်၊ ဤကား သတိ

ပဋ္ဌာန်-ဟူသောပုဒ်၏ အနက်အဓိပ္ပါယ်ကို စာရှုသူများ နားလည်စေရန် အမြွက်မျှ ပြဆိုလိုက်ခြင်းပေတည်း။

**ကျေးသားငယ် ကမ္မဋ္ဌာန်းထင်** ဤနေရာ၌သတိရှေ့သွားပညာဖြင့်၊တိရစ္ဆာန်များပင် ကမ္မဋ္ဌာန်း ပေါက်ရောက်ပုံကို နည်းယူ မှတ်သားရန် အလွန်ကောင်းလှသဖြင့် သတိပဋ္ဌာနသုတ် အဋ္ဌကထာမှ ထုတ်နုတ်၍ တင်ပြ လိုက်ပေအံ့။ အခါတပါး ကခြေသည်တဦးမှာ ဘမ်းယူမွေးမြူလျက် အတတ်သင်ပေးထားသော ကျေးသားငယ်တကောင်၊ ဘိက္ခုနီမကျောင်းအတွင်း နေထိုင်သွားလာရင်း မေ့ကျန်ရစ်ခဲ့လေရာ လူစကားနားလည်သော ထိုကျေးသားငယ်ကို သာမဏေရီများက ဗုဒ္ဓရက္ခိတ အမည်ပေးလျက် စောင့်ရှောက် မွေးမြူ ထားကြ၏။ တနေ့သ၌ အကြီးအကဲဖြစ်သူ ထေရီမက ရှေ့၌နေသော ကျေးသားငယ်အား ရဟန်းတို့ထံ၌ နေသောသူ မည်သည် စိတ်ကိုလွှတ်ထား၍မဖြစ်၊ တစုံတရာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများမှု ရှိရဲ့လားဟုမေးလေရာ၊ မရှိကြောင်းကို ပြန်လျှောက်ထားသဖြင့် သူနှင့် သင့်လျော်သော အရိုးငယ် တချောင်းကို သူ၏ နေရာ၌ ဆွဲချိတ်ထားပြီးလျှင် အဋ္ဌိက(အရိုးစု) ကမ္မဋ္ဌာန်း ထင်မြင်အောင် နေ့စဉ်မပြတ် သင်တန်း ပေးသွား၏၊ ထို ကျေးသားငယ်လည်း ဆရာမတို့ ဩဝါဒကို လေးစားနာယူကာ သင်ကြားသောနည်းအတိုင်း သတိပဋ္ဌာန်မ ဉာဏ်ပညာဖြင့် စနစ်တကျ "အဋ္ဌိ-အဋ္ဌိ၊ အရိုးစု-အရိုးစု" ဟူ၍ ရှုမှတ်စဲ့မြဲဖန် များလတ်သော် တကယ်ပင် အဋ္ဌိက ကမ္မဋ္ဌာန်းဉာဏ်၌ ထင်မြင်လေတော့သည်။ (အလုပ်သဘောဟူသည် သမာဓိမပျက် သတိမလွှတ် မပြတ်လေ့လာပွားများပါမှ ဉာဏ်မျက်စိထဲ၌ ထင်မြဲဖြစ်၏ဟု ယောဂီများသိရန်လို၏။)

ဆောင်းဥတုတနေ့သော အချိန်အခါ တံခါးတိုင်အဖျား၌ နေဆာလှုံနေရာ ကောင်းကင်မှ သိန်းငှက်တကောင်သည် အစာအမှတ်ဖြင့်ခြေသဲဖြင့်ကုတ်၍ သုတ်ချီသွားရာ(ကိရိကိရိ)အသံကြား၍ သာမဏေရိများ တွက်လိုက်ကြရာတွင်ရန်သူလက်တွင်း၌ပင်၊အရိုးစုအသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင်လျက်လိုက်ပါသွားသော ကျေးသားငယ်၏ အဋ္ဌိကကမ္မဋ္ဌာန်းသည်သိန်းငှက်၏ရင်တွင်းအသဲနှလုံးကို ထိုးဆွဘိသည်အလား စူးဝင်လေရကား ဆက်လက် မချီယူနိုင်တော့ဘဲ အသာလွှတ်ချပစ်ထားခဲ့ပြီးနောက် သူ၏ ဆရာမများ သင်ခန်းကျောင်းသို့ ပြန်ရောက်လာသော ကျေးသားငယ်အား ဖြစ်ရပ်အကြောင်းကို စုံစမ်းမေးမြန်းကြရာဝယ် ကျေးသားငယ်က အရှင်မတို့ပညာပေးသောနည်းအတိုင်း အရိုးစုကမ္မဋ္ဌာန်းမှတပါး တစုံတခုသော အာရုံကိုမျှ မကြံစည် မအောက်မေ့ပါ၊အရိုးစုကြီးတခုက အရိုးစုငယ်တခုကို ယူ၍ မည်သည့်အရပ်၌ ဖရိုဖရဲကြဲချထားလိမ့်မည်မသိ-ဟု သတိမပျက် ဉာဏ်သက်ဝင်လျက်ဆင်ခြင်နှလုံးသွင်းပုံများကို ပြန်ပြောင်း လျှောက်ထားသောအခါ ထေရီမကြီးက ကောင်းလေစွ၊ ကောင်းလေစွဟု သာဓုခေါ်၍ နောင်အခါ သင့်အား ဘဝ၏ကုန်ရာဖြစ်သောနိဗ္ဗာန်၏ အထောက်အပံ့အကြောင်းဖြစ်လတံ့ ဟုမိန့်ဆိုချက်များကိုအဋ္ဌကထာဆရာပြယုဂ်ထုတ်လိုက်ခြင်းမှာ သာသနာ့ဝယ် လွန်စွာပင်တန်ဘိုးရှိ၍ စိတ်ဝင်စားဖွယ် ကောင်းလှပေသတည်း။

ဤဝတ္ထုကိုပြယုဂ်ပုံစံထုတ်၍ အရည့ဝါသီတောရမှီသည် ယောဂီသူမြတ် တောင်လေးလုံး ဆရာတော်ဘုရားက မနုဿလူသားများအား အဟိတ် တိရစ္ဆာန် ကျေးသားငယ် လောက်ပင်မဖြစ် (အသုံးမကျ)ကြောင်းကို အပြစ်ပြ၍ စတုဂိရိကျမ်းဝယ်၊ အချက်ကျကျ လေးနက်စွာ ဝေဖန် ထားလေသည်။ ရင်းပြင် ဆင်

မျောက်စသော တိရိစ္ဆာန်များ သီလ စောင့်ထိန်းခြင်း များမှာလည်း လွန်စွာပင် စင်ကြယ် သန့်ရှင်း ကောင်းမွန်လှသဖြင့် ယခုခေတ်လူများအတွက် အားတက် နည်းယူဖွယ် အမှန်ပင် ကောင်းလှပေတော့သည်။

**မှတ်ချက်။** ။ဤမျှ နက်နဲ ခက်ခဲသော သတိပဋ္ဌာန်ဒေသနာတော်ကို လျှောက်ပတ်သော ဥတုပစ္စယ စသည်တို့ကြောင့် အမြဲ ကိုယ်စိတ်နှစ်ရပ် ခန့်ကျန်းသူတို့မှ ချီးမြှင့်အပ်သော ပညာဉာဏ် အစွမ်းရှိသည်အတွက် နာခံမှတ်သားခြင်းငှာ စွမ်းနိုင်သော ကုရုတိုင်း နေသူတို့အား ဗုဒ္ဓက ဟောကြားတော်မူသည်ဟု ဝှင်းသုတ် အဋ္ဌကထာမှာလာ၏။

**သတိပဋ္ဌာန်အပြား ဝေဖန်ပြခြင်း** ထိုသတိပဋ္ဌာန်သည် ၁-ကာယာနုပဿနာ သတိပဋ္ဌာန်၊ ၂-ဝေဒနာနု ပဿနာ သတိပဋ္ဌာန်၊ ၃- စိတ္တာနု ပဿနာ ပတိပဋ္ဌာန်၊ ၄- ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူ၍ လေးပါးအပြားရှိ၏။ထိုလေးပါးတို့တွင် ၁-ခန္ဓာကိုယ်၌ကိုယ်ဟု အဖန်တလဲလဲ အမြဲမှတ်ခြင်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။ ၂- ဝေဒနာတို့၌ ဝေဒနာဟု အဖန်တလဲလဲ အမြဲမှတ်ခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်မည်၏။ ၃-စိတ်၌စိတ်ဟု အဖန်တလဲလဲ မှတ်ခြင်းသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ ၄- နီဝရဏစသော တရားတရားတို့၌ နီဝရဏ စသော တရားဟု အဖန်တလဲလဲ အမြဲမှတ်ခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။

ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ကာယာနုပဿနာ သတိပဋ္ဌာနံ၊ (သတိပဋ္ဌာနသုတ်ပါဠိ)။

ဘိက္ခဝေ- သံသရာဘေး လာမည့်ရေးကို မြော်တွေး ထောက်ရှု အိုဘိက္ခုတို့၊ ဣဓ- ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ အာတာပီ-ကိလေသာကို ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍၊ သမ္ပဇာနော- သိတတ်သောဉာဏ်ပညာနှင့် ပြည့်စုံ သည်ဖြစ်၍၊ သတိမာ- ထင်သော သတိရှိသည်ဖြစ်၍၊ လောကေ- ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌၊ အဘိဇ္ဈာ ဒေါမနဿံ- လောဘဒေါသကို၊ ဝိနေယျ-ပယ်ဖျောက်၍၊ ကာယေ- ခန္ဓာကိုယ် ၌၊ကာယာနုပဿီ- ကိုယ်ဟု အဖန်တလဲလဲ အမြဲမှတ်၍၊ ဝိဟရတိ- နေ၏။ ကာယာနုပဿနာ သတိပဋ္ဌာနံ-ကာယာနုပဿနာ သတိ ပဋ္ဌာန် မည်၏။ (ပါဠိတော်၏ အနက်နိသျသွား)။

အဓိပ္ပါယ်မှာ— မိမိခန္ဓာကိုယ်၌ ကိုယ်ဟု မလစ်လပ်စေဘဲ အဖန်တလဲလဲအမြဲမှတ်နေလျှင် အမှန်သိလာ၍ ခန္ဓာကိုယ်၌ နှစ် သက်ခြင်းလောဘ၊ မနှစ်သက်ခြင်း ဒေါသတို့ ပျောက်ပျက် ချုပ် ငြိမ်း သွားလိမ့်မည်ဟု ဆိုလိုရင်းဖြစ်သည်။ ဤကား ကာယာနု ပဿနာ သတိပဋ္ဌာန်သဘောတည်း၊ အကြွင်းသတိပဋ္ဌာန် သုံးပါး တို့၏ ပါဠိအနက်သဘောတို့မှာ မထူးတော့ပြီ ၊ကာယာနုပဿနာ သတိပဋ္ဌာန်အတိုင်း မှတ်ကြလေကုန်။

**ကာယာနုပဿနာ အာနာပါနပဗ္ဗ**

မဂ်ဉာဏ် ဖိုဉာဏ် သိမြင်ရေး၊ နိဗ္ဗာန်မျက် မှောက်ပြုရေးကိစ္စတွင်၊ သတိပဋ္ဌာန်နည်းကို ချန်လှပ်၍ မဖြစ်နိုင်ချေ။ သတိပဋ္ဌာန်နှင့် ဝိပဿနာဟူသည် အလုပ်ကိစ္စ၌ အတူတူပင် ဖြစ်ကြောင်းကို အောက်ကညွှန်ကြားခဲ့လေပြီ၊ ဝိပဿနာ ရှုမှတ်ပုံကို သတိပဋ္ဌာန် နည်းအရ ကိုယ်အမူအရာမှစ၍ ဣန္ဒြေခြောက်ပါး စသည်များ ပါ အစဉ်အတိုင်း ဖော်ပြ သွားပါလိမ့်မည်။

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါအဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ (သတိပဋ္ဌာန်ပါဠိတော်)။

သော-ထိုဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ သတောဝ-မှတ်ခြင်းသတိရှိသည်ဖြစ်၍သာလျှင်၊ အဿသတိ-ထွက်သက်လေကိုလွှတ်၏၊ သတောဝ- မှတ်ခြင်းသတိရှိသည် ဖြစ်၍သာလျှင်၊ ပဿသတိ-ဝင်သက်လေကို ရှူရှိုက်၏၊ ဒီဃံဝါ-ရှည်စွာမူလည်း၊ အဿသန္တော-ထွက်သက်လေကို လွှတ်သည်ရှိသော်၊ ဒီဃံ-ရှည်စွာ၊ အဿသာမီတိ- ထွက်သက်လေကိုလွှတ်၏ဟူ၍၊ ပဇာနာတိ-သိ၏။ ဝါ-သိအောင်မှတ်၏၊ ဒီဃံဝါ-ရှည်စွာမူလည်း၊ ပဿသန္တော-ဝင်သက်လေကို ရှူရှိုက်သည်ရှိသော်၊ ဒီဃံ-ရှည်စွာ၊ပဿသာမီတိ-ဝင်သက်လေကို ရှူရှိုက်၏ဟူ၍၊ ပဇာနာတိ-သိ၏။ ဝါ-သိအောင်မှတ်၏၊ ရဿံဝါ-တိုစွာမူလည်း၊ အဿသန္တော-ထွက်သက်လေကို လွှတ်သည်ရှိသော်၊ ရဿံ-တိုစွာ၊ အဿသာမီတိ-ထွက်သက်လေကို လွှတ်၏ဟူ၍၊ ပဇာနာတိ-သိ၏၊ ရဿံဝါ-တိုစွာမူလည်း၊ ပဿသန္တော-ဝင်သက်လေကို ရှူရှိုက်သည်ရှိသော်၊ ရဿံ-တိုစွာ၊ ပဿသာမီတိ- ဝင်သက်လေကို ရှူရှိုက်၏ဟူ၍၊ ပဇာနာတိ-သိ၏၊ဝါ-သိအောင်မှတ်၏။ (ဤကားပါဠိတော်အနက်)

**အမှာ**။ ။ နောက်နောက်ပါဠိတော်ရပ်များကို ညွှန်ကြားရုံသာ ညွှန်ကြား၍ အနက်များကိုလည်း နောက်ထပ် အဓိပ္ပါယ်ရေးသားရဦးမည်ဖြစ်၍ ခဲရာခဲဆစ်များ၌သာ ဖော်ပြပါလိမ့်မည်။

အထက်က ရေးသားခဲ့သော သတိပဋ္ဌာန် နည်းအတိုင်း

ထွက်သက် ဝင်သက် လေတို့ကို သိအောင်အားထုတ်ရသည်၊ အားထုတ်ရပုံမှာ-ထွက်သက်လေကို လွှတ်သောအခါ ထွက်တယ်ဟုမှတ်၊ လေလွှတ်ဆိုသည်ကို မပါစေနှင့်၊ ထို့အတူ- ဝင်သက်လေကို ရှူရှိုက်သောအခါ ဝင်တယ်ဟုမှတ်၊ ထွက်သက်ရှည်လျှင် ရှည်တယ်ဟုမှတ်၊ ထွက်သက်တိုလျှင် တိုတယ်ဟုမှတ်၊ ဝင်သက်ရှည်လျှင် ရှည်တယ်ဟုမှတ်၊ ဝင်သက်တိုလျှင် တိုတယ်ဟုမှတ်၊ နောက်မှ ရှုမှတ်ပုံကိုဖော်ပြမည်။ ဤကားသတိပဋ္ဌာန်ရှုမှတ်ပုံနည်းတည်း။

ထိုထွက်သက်,ဝင်သက်တို့သည်ကား နေ့၌ တသောင်းရှစ်ရာ ထွက်သက်၊ တသောင်းရှစ်ရာ ဝင်သက်ဖြစ်ကုန်ရကား ပေါင်း-နှစ်သောင်း တထောင့် ခြောက်ရာဖြစ်ကုန်၏ဟုမှတ်၊ သခ်ါရယမိုက်ညဝါအကောက်၌လည်း တနာရီထွက်သက် သုံးရာ့ခြောက်ဆယ်၊ ဝင်သက် သုံးရာ့ခြောက်ဆယ်ဖြစ်၍ ထွက်သက် ဝင်သက်ပေါင်း ခုနှစ်ရာ့နှစ်ဆယ်ဖြစ်၏။ တနေ့သော် ထွက်သက် ဝင်သက် လေးသောင်း သုံးထောင့် နှစ်ရာ ဖြစ်၏ဟု မိန့်တော်မူ၏။ ထို့ကြောင့် ဗုဒ္ဓဃောသုပ္ပတ္တိ၌ ဤဂါထာကိုဆို၏။

ဒိဝါ ဒသသဟဿာနိ၊ အဋ္ဌသတာဓိကာနိ စ။
ရတ္တိန္ဒေဝ တထာဧဝ၊ အာနာ ပါနံ ပဝတ္တတိ။

ဒိဝါ-နေ့အခါ၌၊ အဋ္ဌသတာဓိကာနိစ—ရှစ်ရာအလွန်ရှိကုန်သော၊ ဒသသဟဿာနိ- တသောင်းတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ရတ္တိန္ဒေဝ-ညဉ့်၌လည်း၊ တထာဧဝ-ထိုကဲ့သို့လျှင်၊ အာနာပါနံ-ထွက်သက် ဝင်သက်သည်၊ပဝတ္တတိ-ဖြစ်၏။(ဤကား ဂါထာနိသျှသွားအနက်)။

ဤတွင် အာနာ ပါန ပဗ္ဗ(ထွက်သက်၊ ဝင်သက်ခဏ်း)ကို အမြွက်မျှပြဆိုချက်ဖြစ်၏။

ဣရိယာပထ ပဗ္ဗ

ပုန စပရံ ဘိက္ခဝေ ဂစ္ဆန္တော ဂစ္ဆာမီတိ ပဇာနာတိ၊ ပေ၊ တထာ တထာနံ၊ ပါဠိမြွက်တို့ကို ပါဠိတော်ရင်းကိုကြည့်ပြီး သိလေ၊ အနက်ကိုကား မရေးတော့ပြီ၊ ဆိုခဲ့သည့်အတိုင်း အဓိပ္ပါယ်သက်သက်ကိုသာ ရေးသားပေတော့အံ့၊ ဤပါဠိတော်လာသောအတိုင်း ဝိပဿနာအလုပ်ကိုအားထုတ်ရမည်၊ အားထုတ်ရပုံမှာ သွားသောအခါ သွားတယ်ဟုမှတ်၊ ရပ်သောအခါ ရပ်တယ်ဟုမှတ်၊ ထိုင်သောအခါ ထိုင်တယ်ဟုမှတ်၊ အိပ်သောအခါ အိပ်တယ်ဟုမှတ်၊ ထိုထိုကိုယ်အမူအရာ ပြောင်းလဲပြုပြင်သောအခါ ခေါ်ဝေါ်သောအတိုင်းမှတ်၊ သွားသောအခါ ဘယ်ခြေကြွလျှင်ကြွတယ် ဟုမှတ်၊ ဘယ်ခြေဆိုသောအမှတ်ကို မပါစေနှင့်၊ ထို့အတူ ဘယ်ခြေလှမ်းလျှင်လှမ်းတယ်ဟုမှတ်၊ ဘယ်ခြေချလျှင် ချတယ်ဟုမှတ်၊ ညာခြေမှာလည်း ထိုနည်းအတူပင် ကြွလျှင် ကြွတယ်ဟုမှတ်၊ လှမ်းလျှင်လှမ်းတယ်ဟုမှတ်၊ ချလျှင်ချတယ်ဟုမှတ်၊ အိပ်ခြင်းဣရိယာပုထ်၏ အလှဲ့အစောင်း အပြောင်းအလဲ့ကို သူ့အခေါ်အတိုင်းမှတ်။ ဤကားကိုယ်ကာယ၌ သတိပဋ္ဌာန် ရှုမှတ်ရပုံနည်းတည်း။

ဆိုခဲ့သည့်အတိုင်း ရှုမှတ်သောအခါ ပြုသောအမူအရာနှင့် အမှတ်သည် တချက်တည်း ညီစေရမည်။ ဥပမာ-သွားသောအခါ သွားခြင်းအမူအရာ ဖြစ်ပေါ်လာသော် သွားဆဲခဏ၌ သွားတယ်ဟုမှတ်၊ သွားခြင်းအမူအရာ ဖြစ်ပေါ်သည်က ရှေ့ကျ၍ အမှတ်က နောက်ကျခြင်း၊ အမှတ်က ရှေ့ကျ၍သွားခြင်း အမူအရာဖြစ်ပေါ်လာသည်က နောက်ကျခြင်းများ မဖြစ်စေနှင့်။ မှတ်သောအခါ၌ မှတ်စဉ်ကို မရိပ်မိ၍ မှတ်ပုံအချိုးအစား မကျသေးမီအခါ မေ့နေသည်က များတတ်၏။ ဤသို့မေ့နေလျှင် မေ့တယ်ဟုမှတ်၊ မှတ်ပုံလိုက်စဉ်ကို ရိပ်မိသောအခါ မေ့သည်

ကနည်းပါး၍ မှတ်မိသည်က များလာလိမ့်မည်၊ အမှတ်စိပ်လာလျှင် အသိဉာဏ်လည်း စိပ်၍လာ၏။ အမှတ်ကျဲနေလျှင် အသိဉာဏ်လည်း ကျဲနေ၏။

ဖြစ်ပေါ်လာသော အမူအရာသည် တန့်ရပ်နားနေခြင်း မရှိ၍ အမှတ်ကလည်း ဆိုင်းရပ်မနေဘဲ ဖြစ်ပေါ်လာတိုင်းသော အမူအရာကို မလစ်မလပ်ရအောင် အမြဲမှတ်နေရသည်၊ အမှတ်များနိုင်လျှင် သာ၍ကောင်း၏၊ နှစ်မျိုးသုံးမျိုးစသော အမူအရာကို တခါတည်း စုပေါင်း၍ မမှတ်နှင့်၊ ထင်ရှားရာကိုသာ တခုစီ တခုစီ အစဉ်အတိုင်း မှတ်၊ တခုစီသာ မှတ်သော်လည်း အမှတ်စိပ်လာသောအခါ နှစ်ခုသုံးခုကိုလည်း တခါတည်း သိလာတတ်၏။ အဋ္ဌကထာ၌ သွားသည်၊ အိပ်သည် စသည်များကို သွားတယ်၊ အိပ်တယ်စသည်ဖြင့် သိခြင်းမျိုးကို ခွေးသိ၊ ဝက်သိဟုဆို၏၊ ခွေးဝက်တို့သိခြင်းသည် မှတ်၍သိခြင်းမဟုတ်၊ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်မှာ မှတ်၍သိလာ၏။ အသိချင်းအမည်တူသော်လည်း သိပုံသဘောမှာ လွန်စွာကွဲပြား၍ ခြားနားလေသည်။ သတိမထားလျှင် ကျမ်းဂန်တတ်များပင်လည်း "သတိမမူ-ဂူကိုမမြင်" ဖြစ်နေတတ်လေသည်။

**အသိသုံးမျိုးကို ပြခြင်း** ဤနေရာ၌ အများသိ အဋ္ဌကထာလာ အသိသုံးမျိုးကို ဥပမာဖြင့် ထင်စွာပြဆိုအပ်ပေသည်၊ သိခြင်းသည် သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ ဟူ၍ သုံးမျိုးရှိ၏။ အသိသုံးမျိုးမှတ်သားရန် ဥပမာမှာ လောက၌ သူငယ်၊ မိခင်၊ ပန်းတိမ်ဆရာဟူ၍ သုံးယောက်ရှိရာ လမ်း၌ရွှေတုံးတခုကို သူငယ်တွေ့ရှိ၍ ယူလာ၏။ သူငယ်သည် ထိုရွှေတုံးကို ရွှေဟူ၍မသိ၊ ဝါသောသတ္တုဟူ၍သာသိ၏၊ မိခင်သည် ဤဝါသောသတ္တုကို ရွှေဟူ၍ကားသိ၏။ အဘယ်မျှအဘိုးထိုက်တန်

သည်ဟူ၍မသိ၊ ပန်းတိမ်ဆရာသည် ရွှေဟူ၍ငင်း၊ အဘယ်မျှအဘိုးထိုက်တန်သည်ဟူ၍ငင်း သိ၏။ ဤဥပမာ၌ သညာသိသည် သူငယ်သိနှင့်တူ၏၊ ဝိညာဏ်သိသည် မိခင်သိနှင့်တူ၏၊ ပညာသိသည် ပန်းတိမ်ဆရာသိသည်နှင့်တူ၏၊ သညာသိသည် တသိ၊ ဝိညာဏ်သိသည် နှစ်သိ၊ ပညာသိကား သုံးသိဟုဆိုလိုသတည်း။ ရှုမှတ်ခြင်းမရှိဘဲ ပကတိသညာသိ ဝိညာဏ်သိ မျိုးကိုသာ ခွေးသိ ဝက်သိဟု အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ရှုမှတ်၍သိသော လူရှင်ရဟန်းတို့၏ ပညာသိမျိုးကို မဆိုပေ။ အားထုတ်၍ စမ်းကြည့်ပါလျှင် ကိုယ်တိုင်ပင် ကွဲပြားခြားနားစွာ သိမြင်၍လာပေလိမ့်မည်။

ငင်းပြင်ဤဣရိယာပထပဗ္ဗကို နှလုံး သွင်းသောအရာမှာ ပါဠိတော်၌ သွားလျှင် သွားတယ်ဟု သိလာ၍ အဋ္ဌကထာ၌ သွားသောအခါ စိတ္တဇဝါယော ဓာတ်ကြောင့် ခန္ဓာကိုယ်အရိုးစုကြီး လှုပ်ရှားသွားလာသည်ဟု လာ၏။ ထိုနှစ်မျိုးတို့တွင် သုဒ္ဓဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ပါဠိတော် နည်းအတိုင်းကိုသာ အားထုတ်အပ်၏။ အဋ္ဌကထာဆရာသည် ဓာတ်ကမ္မဋ္ဌာန်းအရာကိုသာ ဖွင့်ပြတော်မူ၏။ ထိုဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံနည်းကိုလည်း ရုပ်ဓာတ်နာမ်ဓာတ် ခွဲခဏ်း၌ရေးခဲ့ပြီ၊ ဤကား အဋ္ဌကထာ၌လာသော ခွေးသိဝက်သိဆိုသည်နှင့် ဓာတ်ကမ္မဋ္ဌာန်းအရာကိုသိသာရုံ ပြဆိုလိုက်ခြင်းဖြစ်၏။ ဤတွင် ဣရိယာပထပဗ္ဗ (ဣရိယာပုထ်ခဏ်း)ကို အမြွက်မျှ ပြဆိုချက်ဖြစ်၏။

**သမ္ပဇဉ ပဗ္ဗ**

ပုန စပရံ ဘိက္ခဝေ အဘိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္စိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ

ဟောတိ၊ ပေ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟ ရတိ။ (သတိပဋ္ဌာနသုတ်ပါဠိတော်)။

ဤသို့ သတိပဋ္ဌာန်ပါဠိတော်၌ လာသော နည်းအတိုင်း ကိုယ်အမူအရာ စသည်တို့ကို ဖြစ်ခြင်း ပျက်ခြင်း သဘောများ ထင်လာအောင် ဝိပဿနာ တရားများကို အားထုတ်အပ်၏။ အားထုတ်ပုံမှာ ရှေ့သို့ တက်လျှင် တက်တယ်ဟုမှတ်၊ နောက်သို့ဆုတ်လျှင်ဆုတ်တယ်ဟုမှတ်၊ တူရူတည့်တည့်ကြည့်လျှင် ကြည့်တယ်ဟုမှတ်၊ တစောင်းကြည့်လျှင် ကြည့်တယ်ဟုမှတ်၊ လက်ခြေတို့ကို ကွေးလျှင် ကွေးတယ်ဟုမှတ်၊ ဆန့်လျှင် ဆန့်တယ်ဟု မှတ်၊ သံဃာမှာ သံဃာနှင့် ဆိုင်ရာ သပိတ် သင်္ကန်း၊ လူများမှာလူနှင့် ဆိုင်ရာ အဝတ်ပုဆိုးစသည်ကို ကိုင်လျှင် ကိုင်တယ်ဟုမှတ်၊ ယူလျှင် ယူတယ်ဟုမှတ်၊ ထားလျှင် ထားတယ်ဟုမှတ်၊ ဝတ်လျှင် ဝတ်တယ်ဟုမှတ်၊ ချွတ်လျှင် ချွတ်တယ်ဟုမှတ်၊ ခါလျှင် ခါတယ်ဟုမှတ်၊ ခေါက်လျှင် ခေါက်တယ်ဟုမှတ်။

ဤသို့ မှတ်ခြင်းတို့၌ သွား၊ လာ၊ ထိုင်၊ ရပ်၊ ထ၊ ကြွ၊ စသော အမူအရာ ရှေ့တက်နောက်ဆုတ် လှည့်ပြောင်း စောင်းငဲ့ ကွေးဆန့် စသောအမူအရာတို့ကို မှတ်ခြင်းသည် အဇ္ဈတ္တရုပ်ကို ဝိပဿနာရှုသည်မည်၏။ ခေါင်းပေါင်းခြင်း ခေါင်းဖြီးခြင်း သို့မဟုတ် ဆံထုံးထုံးခြင်းစသော အမူအရာ အကိုင်အတွယ်အပေးအယူ အခင်းအရုံ အခြုံအထည် စသည်ကို မှတ်ခြင်းသည် ဗဟိဒ္ဓရုပ်ကို ဝိပဿနာရှုသည်မည်၏။ အသိဉာဏ် အလွန်နည်းသူများကား ဒါတွေကို ဝိပဿနာရှုသည်ဟု မသိရှာကြလေ၊ သစ်ခေါက်ဆိုး အဝတ်ဖြူဝတ်လျက်ပုတီး ကိုင်နေသူကိုမှ ဝိပဿနာ ယောဂီဟုမှတ်၍အထင်လည်းကြီးတတ်ကြ၏၊ မည်သို့ပင် ဖြစ်စေ စိတ်ထားရင်းကောင်းမွန်၍ အလုပ်မှန်ကန်မှသာ ချီးမွမ်းထိုက်၍ ပူဇော်အပ်လေသည်။

နောက်မှ ရှုမှတ်ပုံနည်းကို အသီးအခြား ဖွင့်ပြပါဦးမည်။ ။ ဤကား ကိုယ်ကာယ၌ သတိပဋ္ဌာန် ရှုမှတ်ပုံနည်းတည်း။

**အထူးမှာ။** ။ပါဠိတော်စသည်၌ ဘိက္ခဝေ၊ ဘိက္ခုပါရှိသော်လည်း အောက်က ဆိုခဲ့သည့်အတိုင်း ရဟန်းကိုသာ ဟောသည်မဟုတ်၊ဝိပဿနာအရာမှာ သာမဏေ, ရသေ့,ပရိဗိုဇ်,ဘိုးသူတော်, မယ်သီလနှင့် လူဝတ်ကြောင်များပါ ပါဝင်သည်မှတ်၊ ၎င်းပြင် သံဃာဋိပတ္တစီဝရဓာရဏေဆိုသဖြင့် ရဟန်းနှင့်သာ ဆိုင်သည်မမှတ်နှင့်၊ ဘိက္ခုဝေနည်းတူ မိမိတို့ဆိုင်ရာ အသုံးအဆောင်များကို မိမိတို့အပြောအဆို အခေါ်အဝေါ်နှင့် ရှုမှတ်နည်းတွင် ပြသခဲ့သည့်အတိုင်း ရှုမှတ်ရလေသည်။

**ပစ္စုပ္ပန်ရုပ်နာမ် ကိုသာမှတ်ရှု**

၎င်းပြင် အာနာပါနပဗ္ဗ၌ ထွက်သက်လေကို လွတ်သည်ရှိသော် ဝင်သက်လေကို ရှူရှိုက်သည်ရှိသော်ဟု အနက်ပေးခြင်း၊ ဣရိယာပထပဗ္ဗ၌ သွားစဉ်၊ရပ်စဉ်၊ထိုင်စဉ်၊အိပ်စဉ်ဟု အနက်ပေးခြင်း သမ္ပဇညပဗ္ဗ၌ စားသည်ရှိသော်၊ သောက်သည်ရှိသော်ဟုအနက်ပေးခြင်းများသည် ပစ္စုပ္ပန်ကာလတခုကိုသာ မှုချမှတ်ယူရမည်။ တရားအားထုတ်သောအခါအတိတ်ကာလ၌ ဖြစ်ပေါ်၍ လွန်လေပြီးသော ရုပ်နာမ်အမှုအရာ၊ အနာဂတ်ကာလ၌ မဖြစ်ပေါ်လာသေးသောရုပ်နာမ်အမှုအရာများကိုမမှတ်မရှု၊ နှလုံးသွင်းခြင်းမပြုနှင့်၊ဖြစ်ပေါ်ဆဲပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်အမှုအရာကိုသာ ရှုမှတ်ရမည်ဟုဆိုလိုသတည်း။

ယခုဘော်ပြခဲ့သော ကာလသုံးပါးတွင် ပစ္စုပ္ပန်ကာလကို ယူခြင်းသည် အလုပ်စ၍ တည်ထွင်ပုံ၊ အလုပ်အားထုတ်ပုံများကိုသာ မှတ်အပ်၏။ အနက်ပေး သဘော ယူဆပုံများကိုလည်း ဝိပဿနာအလုပ်ကိစ္စနှင့် စပ်ဆိုင်ရာများ၌သာ မှတ်သားအပ်၏။

"ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ" စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာ အရပ်ရပ်များကို ထောက်ထားဆင်ခြင်၍ မြော်မြင် လေ့လာစဉ်းစားသင့်ကြပေသည်။ ယခုပြဆိုခဲ့သော အာနာပါန ပဗ္ဗ၊ဣရိယာပထပဗ္ဗ၊သမ္ပဇညပဗ္ဗ-တို့သည် သတိပဋ္ဌာန်လေးပါးတို့ တွင် ကာယာနုပဿနာသတိပဋ္ဌာန်ကို ရှုမှတ်ပုံဖြစ်၏၊ဤကာယာနု ပဿနာသတိပဋ္ဌာန်ကို ရှုမှတ်ပုံသည် ပါဠိတော်၌ များစွာလာ ရှိသော်လည်း ဝိပဿနာအရာမှာ လိုရင်းဖြစ်သော အလုပ်နှင့် ဆိုင်ရာကိုသာထုတ်ဖော်၍ ရှုမှတ်ပုံအစီအစဉ် နည်းလမ်းများကို သိသာရုံ ပြဆိုလိုက်၏။ အကျယ်ကို သိလိုပါလျှင် ပါဠိတော်၌ ကြည့်ရှုကြပါလေ၊ ဤတွင်ကာယာနုပဿနာ သတိပဋ္ဌာန်ဝေဖန် ချက် အကျယ်စကားတရပ် အပြီးသတ်တည်း။

**ဝေဒနာနုပဿနာ သတိပဋ္ဌာန်**

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ပေ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ (အမြွတ်ပါဠိတော် နှင့်အနက်ကို နိသျစာအုပ်၌ကြည့်) ဤသို့ ပါဠိတော် လာသော နည်းအတိုင်း ပရမတ်ရုပ်နာမ်တို့၏ ဖြစ်ပျက်ဟန်ကို ဉာဏ်၌ အမှန် သိမြင်လာအောင် ဝေဒနာသုံးပါကို ရှုမှတ်အားထုတ်အပ်၏။

အားထုတ်ပုံမှာ ခန္ဓာကိုယ်၌ အေးလျှင် အေးတယ်ဟုမှတ်၊ ပူလျှင် ပူတယ်ဟုမှတ်၊ အိုက်လျှင် အိုက်တယ်၊ ချမ်းလျှင် ချမ်း တယ်၊ ချမ်းသာလျှင် ချမ်းသာတယ်၊ ဆင်းရဲလျှင် ဆင်းရဲတယ် ဟုမှတ်၊ မူးလျှင် မူးတယ်၊ ဝေလျှင် ဝေတယ်၊ သမ်းလျှင် သမ်းတယ်၊ မောလျှင် မောတယ်၊ ပမ်းလျှင် ပမ်းတယ်၊ ဟိုက်လျှင် ဟိုက်တယ်ဟုမှတ်၊ ပျို့လျှင် ပျို့တယ်၊ အော့လျှင် အော့တယ်၊

အံလျှင် အံတယ်၊ နေကောင်းလျှင် နေကောင်းတယ်၊ နေဆိုးလျှင် ဆိုးတယ်ဟုမှတ်၊ ညောင်းလျှင် ညောင်းတယ်၊ ကိုက်လျှင် ကိုက်တယ်၊ ခဲလျှင် ခဲတယ်ဟုမှတ်။

ထုံလျှင် ထုံတယ်၊ ကျင်လျှင် ကျင်တယ်၊ စိမ့်လျှင် စိမ့်တယ်ဟုမှတ်၊ မှိန်းလျှင် မှိန်းတယ်၊ ကျိန်းလျှင် ကျိန်းတယ်၊ စပ်လျှင် စပ်တယ်ဟုမှတ်၊ အောင့်လျှင် အောင့်တယ်၊ ထိုင်းမှိုင်းလျှင် ထိုင်းမှိုင်းတယ်၊ တောင့်လျှင် တောင့်တယ်၊ တင်းလျှင် တင်းတယ်၊ တိုးလျှင် တိုးတယ်၊ သက်သာလျှင် သက်သာတယ်၊ မသက်သာလျှင် မသက်သာဘူးဟုမှတ်၊ ယားလျှင် ယားတယ်၊ နာလျှင် နာတယ်ဟုမှတ်။

စားသောက်သောအခါတို့၌လည်း ချိုလျှင် ချိုတယ်၊ ဟုမှတ်၊ ချဉ်လျှင် ချဉ်တယ်၊ အေးလျှင် အေးတယ် ဟုမှတ်။ ဆိမ့်လျှင် ဆိမ့်တယ်၊ ပူလျှင် ပူတယ်၊ စပ်လျှင် စပ်တယ်ဟုမှတ်၊ ပေါ့လျှင် ပေါ့တယ်၊ လေးလျှင် လေးတယ်၊ ငန်လျှင် ငန်တယ်၊ ဖန်လျှင် ဖန်တယ်၊ ခါးလျှင် ခါးတယ်ဟုမှတ်၊ စားလို့ကောင်းလျှင် ကောင်းတယ်၊ စားလို့မကောင်းလျှင် မကောင်းဘူး၊ စားလို့အရသာရှိလျှင် ရှိတယ်၊ စားလို့အရသာမရှိလျှင် မရှိဘူးဟုမှတ်၊ ဤကား ဝေဒနာ၌ သတိပဋ္ဌာန်ရှုမှတ်ပုံတည်း။

အဓိပ္ပါယ်ကား ဝေဒနာသုံးပါးတို့တွင် သာယာစုံမက် နှစ်သက်သဘောကျ၍ ကောင်းမွန်ချမ်းသာ ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာလှသဖြင့် တောင့်တလိုလားသော ဣဋ္ဌာရုံ အမူအရာ သဘောဟူသမျှသည် သုခဝေဒနာမျိုးမည်၏။ ဤသုခဝေဒနာ၏ ဆန့်ကျင်ဘက်ဖြစ်သော မသာယာ မနှစ်သက် သဘောမကျခြင်းဖြစ်သော အနိဋ္ဌာရုံအမူအရာ သဘောဟူသမျှသည် ဒုက္ခဝေဒနာမျိုးမည်၏။ ထိုဝေဒနာနှစ်ပါးတို့၏ အကြား၌ဖြစ်သော

သဘောကျသည်လည်းမဟုတ်, သဘောမကျသည်လည်း မဟုတ်သော မဇ္ဈတ္တာရုံအမှုအရာ သဘောဟူသမျှသည် ဥပေက္ခာဝေဒနာမျိုးမည်၏။

ငင်းပြင် ခန္ဓာကိုယ်၌ ချမ်း, အေး, ပူ, အိုက်စသည်ဖြင့် ပြခဲ့သော ရှုမှတ်ပုံမျိုးသည် အဇ္ဈတ္တဝေဒနာကို ရှုမှတ်သည်မည်၏၊ စားသောက်သောအာဟာရစသည်၌ အချိုအချဉ်စသည်ဖြင့် ရှုမှတ်ပုံမျိုးသည် ဗဟိဒ္ဓဝေဒနာကို ရှုမှတ်သည်မည်၏။ သမ္မဇညပဗ္ဗ၌ အဇ္ဈတ္တဗဟိဒ္ဓခွဲပုံ။ ဤဝေဒနာနုပဿနာ၌ အဇ္ဈတ္တဗဟိဒ္ဓခွဲပုံများကိုမှီ၍ ကြွင်းကျန်သောပဗ္ဗတို့၌ ခွဲပုံများကိုလည်း သိကြပါလေ။ အဇ္ဈတ္တဗဟိဒ္ဓ သမုဒယ ဝယ စသည်ဖြင့် ဆိုသော်လည်း ရှုမှတ်ပုံမှာ တသီးတခြား အထူးအထွေဟူ၍ မရှိတော့ပြီ၊ အောက်၌ ဖေါ်ပြခဲ့သောအတိုင်း ရှုမှတ်လျှင် အလုံးစုံပါဝင်လေတော့သည်။

ဤဝေဒနာကိုရှုမှတ်ရာ အဋ္ဌကထာ၌ ပက်လက်အိပ်တတ်ကာမျှသာဖြစ်သော သူငယ်တို့ပင်သော်လည်း နို့စို့သော အခါစသည်၌ သုခဝေဒနာကို ခံစားသည်ဟု သိကြကုန်သေး၏။ ထိုသို့ သိသော်လည်း သတ္တာဟူသောအယူ၊ သတ္တာဟူသောအမှတ်သညာ မကင်းသဖြင့် ကမ္မဋ္ဌာန်းဟူ၍ငင်း သတိပဋ္ဌာန်ကို ရှုမှတ်သည်ဟူ၍ငင်း မဖြစ်နိုင်၊ ယောဂီပုဂ္ဂိုလ်မှာမူကား သတ္တာဟူသောအယူကိုစွန့်၍ သတ္တာဟူသောအမှတ်သညာကိုခွာသောကြောင့် ကမ္မဋ္ဌာန်းလည်းဖြစ်၏၊ သတိပဋ္ဌာန်ကို ရှုမှတ်သည်လည်းမည်၏ ဟူ၍ ဖွင့်ပြတော်မူလေသည်။

(အကျယ်ကို အဋ္ဌကထာ၌ရှုပါ)။

အထူးမှာ "ကမ္မဋ္ဌာန" ပုဒ်ဖြင့် ခတ်ကမ္မဋ္ဌာန်းကိုယူ၊ "သတိပဋ္ဌာနဘာဝနာ" ပုဒ်ဖြင့် သုဒ္ဓဝိပဿနာကိုယူ၊ ဤသို့ အဋ္ဌကထာ၌လာသော စကားကို ဆင်ခြင်စည်းစား၍ မှတ်သာ

ယုံကြည်သင့်ပေသည်။ အောက်တွင်ဖော်ပြခဲ့သော အသိသုံးမျိုးတို့ ဥပမာဖြင့်လည်း နှိုင်းယှဉ်၍ကြည့်ပါလေ။ ဤနေရာ၌ ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ သောက်တယ်၊ ပူတယ်၊ အေးတယ် စသည်ကို မှတ်ရုံမျှဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက် လျင်မြန်သည်ကို သိနိုင်ပါမည်လော၊ မေးခဲ့လျှင် ပြဆိုခဲ့သည်အတိုင်း အခိုက်အတန့်ထိအောင် မိအောင်မှတ်ခဲ့ပါလျှင် ရုပ်နာမ်တို့၏ အဖြစ်အပျက်မြန်သော်လည်း အမှန်ပင် သိမြင်နိုင်၏ဟု ဖြေဆိုအပ်ပေသည်။

**ဥပမာ ဥပမေယျ နှိုင်းယှဉ်ပြချက်**

၎င်းအမေး၌ သိမြင်နိုင်ပုံကို ဥပမာအားဖြင့် ထင်စွာပြဆိုပေအံ့၊ လောက၌ မီးရထား မီးသင်္ဘောစသော စက်ကိရိယာဖြင့်ပြုလုပ်သော အဆောက်အဦတို့သည် ရှိကုန်၏။ ထိုမီးရထား၊ မီးသင်္ဘောတို့ကို သွားစေလိုသောအခါ စက်ဗိုလ်ဆလင်တို့သည် စက်ကိရိယာတို့ကို ပြင်ဆင်၍ မိမိတို့လို့လပယောဂဖြင့် များစွာအားစိုက်၍ လှည့်ကြလေရာ မူလအစမှာ အနည်းငယ်မျှသော စက်များလည်၏။ မီးရထား၊ မီးသင်္ဘောများမှာ လှုပ်ရုံမျှမရှိသေးပေ။ သို့သော်လည်း ဤကဲ့သို့ လှည့်၍ အရှိန်ရသောအခါ စက်ကိရိယာသည် အလွန်မြန်စွာ လည်၍ မီးရထား မီးသင်္ဘောကြီးတို့ကိုပင် အလိုရှိရာအရပ်သို့ ဆွဲငင်ဆောင်ယူ၍သွားနိုင်လေ၏။ ဤကဲ့သို့ အရှိန်ရ၍ စက်ကိရိယာတို့လည်ခြင်းသည် စက်ဗိုလ်ဆလင်တို့ အားစိုက်၍လှည့်သောအခါထက် အဆပေါင်းထောင်သောင်းမက လျင်မြန်စွာ လည်၍လာကြလေ၏။ ထိုအခါ စက်ဗိုလ်ဆလင်တို့သည် စက်ကိရိယာတို့ကို မကိုင်မလှည့်ကြဘဲ အသာထိုင်၍ ကြည့်ရှုနေကြရသဖြင့်

စက်ကိရိယာတို့သည် မိမိတို့ဘာသာအလျောက် အလွန်လျင်မြန်စွာ လည်၍နေကြလေ၏။

ထို့အတူ ဝိပဿနာယောဂီပုဂ္ဂိုလ်သည် အလုပ်ခွင်သို့ဝင်၍ ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ သောက်တယ်၊ ပူတယ်၊ အေးတယ် စသည်ဖြင့် ဖြစ်ပေါ်လာသောအမူအရာသဘောကို အစဉ်အတိုင်း မပြတ်မလပ်စေဘဲ မှတ်နေလေရာ ပထမရှုမှတ်စအခါမှာ မှတ်ထားလောက်ကိုပင် အနည်းငယ်မျှသာ သိမြင်နိုင်ပေသေး၏။ မေ့၍နေသည်ကသာ များပြားပေလိမ့်ဦးမည်။ သို့သော် ဤကဲ့သို့ မရပ်မနားဘဲ ရှုမှတ်နေသဖြင့် လိုက်စဉ်အချိုးကျ၍ အမှတ်စိပ်လာသောအခါ အသိဉာဏ်တွေ များစွာ ဖြစ်ပေါ်လာနိုင်၏။ ဤသို့ အမှတ်စိပ်လာ၍ အသိဉာဏ်ပေါ်ခြင်းသည် မှတ်၍သိသောအခါထက် အလွန်လျင်မြန်များပြားစွာ သိမြင်၍လာတတ်ပေသည်။

တချက်မှတ်ရာ၌ ၂ချက် ၃ချက် စသည်ဖြင့်သိမြင်တတ်၏၊ တမျိုးကိုမှတ်သောခဏ၌ ၂မျိုး ၃မျိုး စသည်ကိုပင် သိမြင်တတ်လေ၏။ ဥပမာ သွားတာတခုကို သွားတယ်ဟု မှတ်သောခဏ၌ သွားတာကိုလည်း သိ၏၊ မြင်တာ ကြားတာ-စသည်ကိုလည်း သိလာတတ်သေး၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်က မမှတ်နိုင်တော့ဘဲ အသိဉာဏ်တွေသည်ဘာသာအလျောက် ဆက်စပ်ပေါ်ပေါက်၍ လာလေတော့သည်။

ဤဥပမာ၌ မီးရထား မီးသင်္ဘောတို့၏ စက်ကိရိယာသည် ဝိပဿနာ ကမ္မဋ္ဌာန်း နှင့်တူ၏၊ စက်ဗိုလ် ဆလင်တို့သည် ယောဂီပုဂ္ဂိုလ်နှင့် တူ၏။စက်ကိရိယာကို လှည့်၍ အနည်းငယ်မျှလည်ခြင်းသည် ဝိပဿနာကို ရှုမှတ်စအခါ၌ မှတ်ထားမျှလောက်ကို သိမှုနှင့်တူ၏။ စက်အရှိန်ရ၍ လျင်မြန်စွာလည်၍ လာခြင်းသည် လိုက်စဉ်

မှတ်ပုံ အချိုးကျ၍ ဝိပဿနာဉာဏ်ဖြစ်ပေါ်မှုနှင့်တူ၏။ စက်ကိရိယာ လျှင်မြန်စွာ လည်လာသဖြင့် စက်ဗိုလ် ဆလင်တို့သည် မလှည့်ရတော့ဘဲ အသာထိုင်၍ ကြည့်ရှုနေရခြင်းသည် အသိဉာဏ်တွေ ဖြစ်ပေါ်လာသောအခါ မှတ်ခြင်းကို မပြုမူ၍ ဥပေက္ခာလျစ်လျူရှုနေရမှုနှင့် တူလေ၏။ ဤဥပမာ အတိုင်း မှတ်ယူပါလေ၊ မယုံကြည်-သဘောမကျမူ အားထုတ်စမ်းကြည့်က ကိုယ်တိုင်ဒိဋ္ဌ သိကြရပေလိမ့်မည်။ ဤတွင် ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ဝေဖန်ချက် အကျယ်စကားတရပ် အပြီးသတ်တည်း။

**စိတ္တာနုပဿနာ သတိပဋ္ဌာန်**

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။ ပေ။ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ။ (သတိပဋ္ဌာန်ပါဠိတော်)။

ဤသို့ ပါဠိတော်လာသောနည်းအတိုင်း စိတ်တို့၏သဲချာသရုပ်ကို ဖေါ်ထုတ် ထားသဖြင့်၎င်း၊ ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့နှင့် စပ်ယှဉ်နေသဖြင့်၎င်း ပါဠိတော် အဋ္ဌကထာတို့၌လာသောအတိုင်း ရှုမှတ်ပါလျှင် လုံးထွေးရောယှက်နေ၍ အားထုတ်သောသူတို့ဉာဏ်၌ သဘာဝ မထိခိုက်နိုင်ဘဲ လွဲချော်၍နေတတ်လေ၏။

ဥပမာကား၊ သရာဂံ ဝါ-ရာဂနှင့် တကွလည်း ဖြစ်သော၊ စိတ္တံ-လောဘမူစိတ်ရှစ်ခုကို၊ သရာဂံစိတ္တန္တိ-ရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍၊ ပဇာနာတိ-သိ၏။ ဤသို့ စသည်ဆိုသဖြင့် အလုပ်ကိုလုပ်သော ယောဂီပုဂ္ဂိုလ်တို့မှာ မရှင်းလင်းနိုင်ပေ။ ထို့ကြောင့် အစိတ်အစိတ် ဝေဖန်ခွဲခြမ်း၍အားထုတ်သင့်လှပေသည်။

အားထုတ်ပုံမှာ မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်ရ

သောအခါမြင်တယ်ဟုမှတ်၊ အဖြူ အနီ အိမ် ကျောင်း စသည်ဖြင့် မြင်အပ်သောအဆင်း မြင်အပ်သော သဏ္ဌာန်တို့ကို မလိုက်နှင့်၊ မြင်လျှင် မြင်တယ်ဟုမှတ်၊ နားဖြင့် အသံအမျိုးမျိုး ကြားရသော အခါ ကြားတယ်ဟုမှတ်၊ လူသံ ခွေးသံ ကြက်သံ ဝက်သံ ငိုသံ ရယ်သံ စသည်ကို မလိုက်နှင့်၊ ကြားလျှင် ကြားတယ်ဟုမှတ်၊ နှာခေါင်းဖြင့် အနံ့ အမျိုးမျိုးကို နံသောအခါ နံတယ်ဟုမှတ်၊အမွှေးနံ့ အပုပ်နံ့ ရေမွှေးနံ့ ခွေးပုပ်နံ့ စသည်ကို မလိုက်နှင့်၊ နံလျှင်နံတယ်ဟုမှတ်၊ လျှာဖြင့် အစာအမျိုးမျိုးကို စားသောအခါ အချိုဟုသိလျှင် သိတယ်ဟုမှတ်၊ သကြား ထမင်းလျက် ပျား တင်လဲ စသည်ကိုမလိုက်နှင့်၊ အချဉ်ဟု သိလျှင်သိတယ်ဟုမှတ်၊ ရှောက် သမ္ဗာရာ မကျည်း စသည်ကို မလိုက်နှင့်။ ထို့အတူ အပူအစပ် အဆိမ့် အဖန် အငန် အခါး တို့ကို သိသောအခါ သိတယ်ဟုမှတ်၊အစာ၏ အမည်ကို မလိုက်နှင့်၊ ဤနည်းအတိုင်း စားအပ်သော အစာအာဟာရတို့၏ အရသာသဘောမျှကိုသာမှတ်လေ။

ဖောဋ္ဌဗ္ဗာရုံ၌ တခုတခုသော သက်နိုး သပိတ် ပရိက္ခရာ ပုဆိုး ထမီ အင်္ကျီ ပုဝါတို့နှင့်ထိလျှင် ထိတယ်ဟုမှတ်၊ ထိတာကို သိလျှင် သိတယ်ဟုမှတ်၊ တွေ့ထိသောအထည်ဝတ္ထုကို မလိုက်နှင့်၊ တပါးသောဝတ္ထုတို့နှင့် တွေ့ထိသောအခါ သိရှိသောအခါတို့၌ လည်း ထိတယ် သိတယ်ဟူ၍သာမှတ်လေ၊ ဓမ္မာရုံ၌ လောဘ ဖြစ်၍လိုချင်လျှင် လိုချင်တယ်ဟုမှတ်၊ အလိုရှိသောဝတ္ထုများကို မပါစေနှင့်၊ မလိုချင်လျှင် မလိုချင်ဟုမှတ်၊ ဒေါသဖြစ်၍ စိတ်ဆိုးလျှင် ဆိုးတယ်၊ မဆိုးလျှင် မဆိုး ဘူး ဟု မှတ်၊ မောဟဖြစ်၍ တွေဝေလျှင် တွေဝေတယ်၊ မိန်းမောလျှင် မိန်းမောတယ်၊ သတိလစ်လျှင် လစ်တယ်၊ မေ့လျှင် မေ့တယ်၊ မသိလျှင် မသိဘူး-ဟုမှတ်။ မသိသာလျှင် မသိသာဘူး၊ မထင်ရှားလျှင် မထင်ရှားဘူး၊

ဟုမှတ်။ ဤနေရာ၌ အဘိဓမ္မာကျမ်းဂန်တို့တွင်လာသော မောဃ ဝါရ ဝီထိကို သတိပြုပါလေ။

တွေးတောလျှင် တွေးတောတယ်၊ ကြံစည်လျှင် ကြံစည် တယ်၊ ဆင်ခြင်လျှင် ဆင်ခြင်တယ်၊ စည်းစားလျှင် စည်းစားတယ် ဟုမှတ်၊ ဝန်တိုလျှင် ဝန်တိုတယ်၊ နှမြောလျှင် နှမြောတယ်၊ ယုံ မှားလျှင် ယုံမှားတယ် ဟုမှတ်။ ဝမ်းမြောက်နှစ်သက် သနား ချစ်ခင်လျှင် ထိုအတိုင်းပင်မှတ်၊ စိတ်အာရုံ မန္တလေးရောက်၊ ရန်ကုန်ရောက်၊ သားသမီးထံရောက်၊ ပစ္စည်းထံရောက်၊ စသည် တို့ကို ရောက်တယ်ဟုမှတ်၊ ဤသို့စသည်ဖြင့် စိတ်၌ ကောင်းသော အာရုံ မကောင်းသောအာရုံတို့ ထင်လာသောအခါ အထက် တွင်ပြခဲ့သောအတိုင်း သူ၏သဘာဝကို ကျနထိခိုက်အောင်မှတ်၊ ဤကား သတိပဋ္ဌာန်ရှုမှတ်ပုံနည်းတည်း။

အဓိပ္ပါယ်မှာ -ဤစိတ္တာနုပဿနာ၌ ယခုပြဆိုခဲ့သော ရှု မှတ်ပုံနည်းမျိုးကို သဘောမကျ မကြေနပ် ရှိနေပါလျှင် အောက် တွင်ဘော်ပြထားသော ပဋ္ဌာန်းဒေသနာတော် သံယုတ်ဒေသနာ တော်များကို စည်းစားဆင်ခြင်၍ နှိုင်းယှဉ်ကြံစည်ကြပါလေ။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။စက္ခုံ-စ၊မျက် စိကိုငြင်း၊ ရူပေစ၊ အဆင်းတို့ကိုငြင်း၊ ပဋိစ္စ-စွဲ၍၊ စက္ခုဝိညာဏံ- မျက်စိဖြင့်မြင်ခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။သော တဉ္စ-နားကိုငြင်း၊ သဒ္ဒေစ-အသံတို့ကိုငြင်း၊ ပဋိစ္စ-စွဲ၍၊ သောတ ဝိညာဏံ-နားဖြင့်ကြားခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ဃာ နဉ္စ-နှာခေါင်းကိုငြင်း၊ ဂန္ဓေစ-အနံ့တို့ကိုငြင်း၊ ပဋိစ္စ-စွဲ၍၊ ဃာန ဝိညာဏံ-နှာခေါင်းဖြင့်နံခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ဇိဝှာ့ စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။ ဇိဝှာ့စ— လျှာကိုင်း၊ ရသေစ-အစာအာဟာရတို့ကိုင်း၊ ပဋိစ္စ-စွဲ၍၊ ဇိဝှာဝိညာဏံ- လျှာဖြင့်စားခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ကာယဥ္စ-ကိုယ်ကိုင်း၊ဖောဋ္ဌဗ္ဗေစ-အတွေ့တို့ကိုင်း၊ပဋိစ္စ-စွဲ၍၊ကာယဝိညာဏံ-ကိုယ်ဖြင့်ထိခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

မနဥ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ မနဥ္စ-စိတ်ကိုင်း၊ ဓမ္မေစ-သဘောတို့ကိုင်း၊ ပဋိစ္စ-စွဲ၍၊ မနောဝိညာဏံ-စိတ်ဖြင့်သိခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ဤသို့စသည်ဖြင့် ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးကိုမှီ၍ ဝိညာဏ်ခြောက်ပါးတို့ ဖြစ်ပေါ်လာပုံများကို ပဋ္ဌာန်းကျမ်း၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ၎င်းအဘိဓမ္မာပဋ္ဌာန်းကျမ်းမြတ်၌ စိတ်ဝိညာဏ်တို့ဖြစ်ပေါ်ရာ အကြောင်းပစ္စယတို့နှင့် တွဲစပ်၍ လာရှိသော်လည်း ဝိပဿနာအားထုတ်သောယောဂီပုဂ္ဂိုလ်မှာမူ ထိုအကြောင်းတွေကိုမလိုက်ဘဲ သုတ္တန်ဒေသနာတော်၌ လာသည့်အတိုင်း မြင်လျှင်မြင်တယ်၊ ကြားလျှင်ကြားတယ်ဟူ၍သာ မှတ်အပ်၏။

ပဋ္ဌာန်းစသော အဘိဓမ္မာကျမ်းဂန်တို့၌လာသော နည်းလမ်းများသည် သဘာဝဓမ္မတို့၏ ဖြစ်စဉ်ကို ပြခြင်းမျှသာဖြစ်၏။ တရားအားထုတ်ရန်အတွက်နှင့် ပြဆိုသည်မဟုတ်ပေ၊ အားထုတ်ရန်နည်းလမ်းများကို သုတ္တန်ကျမ်းတို့၌ အမျိုးမျိုးခွဲခြမ်း၍ ဟောတော်မူ၏။ ဤနေရာမျိုး၌ အဘိဓမ္မာ ဒေသနာတော်နည်းသည် မဂ်ဖိုလ်သို့ပေါက်ရောက်အောင် အားထုတ်ပွားလုပ်ရန်မဟုတ်၊ တရားအားထုတ်၍ ပေါက်ရောက်ပြီးသော ပုဂ္ဂိုလ်တို့ သုံးသပ်ဆင်ခြင်ခံစားရန် ပဋိသမ္ဘိဒါဉာဏ်အတွက်မျှသာ ပြဆိုပေသည်ဟု

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ မုံရွာမြို့ လယ်တီဆရာ တော်တို့ မိန့်ကြားတော်မူကြကုန်၏။

သဘောမှာ ဒွါရခြောက်ပါး၌ ထိခိုက်လာသော အာရုံ ခြောက်ပါးကို ဝိညာဏ်ခြောက်ပါးဖြင့် သိသည်ဟုဆိုသော်လည်း ဝိညာဏ်ခြောက်ပါးလုံး သိနိုင်သည်မဟုတ်၊ မနောဝိညာဏ်တခု သာလျှင် သိနိုင်ပေ၏။ ဤသဘောမျိုးကိုရည်၍ အောက်က ဖော်ပြခဲ့သော ပဋ္ဌာန်းဒေသနာတော်ကို ပေါ်လွင်ထင်ရှားစေ ရန် အနက်ပေးခဲ့ပေသည်။ မျက်စိနှင့်အဆင်းကို ထိခိုက်သောအ ခါ စက္ခုဝိညာဏ်သည် မြင်ခြင်းမျှသာစွမ်းနိုင်၏။ အဖြူအနီ အကြီးအငယ် စသည်တို့ကို သိခြင်းသည် မနောဝိညာဏ်ပေ တည်း၊ ထို့အတူ ဒွါရနှင့်အာရုံတို့ တွေ့ဆုံထိခိုက်ရာတို့၌ သော တဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့၏ သဘောနှင့် မနောဝိညာဏ်၏ သဘောများကို ပိုင်းခြား၍ သိ ကြပါလေ။ ဤတွင် စိတ္တာနုပဿနာသတိပဋ္ဌာန် ဝေဖန်ချက် အ ကျယ်စကားတရပ် အပြီးသတ်တည်း။

**ဓမ္မာနုပဿနာ သတိပဋ္ဌာန်**

ဤဓမ္မာနုပဿနာသတိပဋ္ဌာန်သည်နီဝရဏပဗ္ဗ၊ ခန္ဓပဗ္ဗ၊ အာယတနပဗ္ဗ၊ ဗောဇ္ဈင်္ဂပဗ္ဗ၊ သစ္စပဗ္ဗ ဟုပါဠိတော်၌ အစီအစဉ် လာရှိသော်လည်း အ လုပ်ကိစ္စ၌ အချုပ်အချာဖြစ်သော ခန္ဓပဗ္ဗတခုကိုသာ ပါဠိသ ရုပ်နှင့် ထုတ်ဆောင်၍တင်ပြပေအံ့၊ ကြွင်းသောပဗ္ဗတို့မှာ ထိုက် သည်အားလျော်စွာ အလုပ်၌ ပါဝင်ပြီးစီးနိုင်ကြလေသည်။

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ

အတ္တာဂ်မော၊ပေ၊ ဣတိ ဝိညာဏာယ အတ္တဂ်မော အဇ္ဈတ္တံ ဝါ ဓမ္မေ သု ဓမ္မာနုပဿီ ဝိဟရတိ။ (သတိပဋ္ဌာန်ပါဠိတော်)

ဤဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်ပုံသည် နောက်က ပြဆိုခဲ့ပြီးသော နည်းအတိုင်းပင်ဖြစ်၏။ ရူပက္ခန္ဓာကို ရှုမှတ်လျှင် ကာယာနုပဿနာ သတိပဋ္ဌာန်၌ ပြဆိုခဲ့သောအတိုင်း ရှုမှတ်ရာ၏။ ဝေဒနာက္ခန္ဓာကိုရှုမှတ်လျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ ပြဆိုခဲ့သောနည်းအတိုင်း ရှုမှတ်ရာ၏။ ဝိညာဏက္ခန္ဓာကို ရှုမှတ်လျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ ပြဆိုခဲ့သော နည်းအတိုင်း ရှုမှတ်ရာ၏။ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ကိုရှုမှတ်လျှင် နောက်က ပြဆိုခဲ့သောနည်းအတိုင်းပင် ရှုမှတ်ရာ၏၊ ထူးထွေခြားနား ခြင်းမရှိလှပေ၊ ၎င်း ခန္ဓာငါးပါး စသည်တို့၏ သဘောများကို ရှေ့ခန္ဓာငါးပါးကို ပြဆိုသောအခဏ်း၌ အစီအစဉ်နှင့်တကွ ရှင်းလင်းဖော်ပြပါမည်။ ဤတွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝေဖန်ချက် အကျယ်စကားတရပ် အပြီးသတ်တည်း။

**သတိတရား၏ အဓိပ္ပါယ်**

သတိပဋ္ဌာန်ဒေသနာတော်ကို သုတ္တန်ကျမ်းတို့၌ ၎င်း၊ အဘိဓမ္မာ ကျမ်းတို့၌၎င်း မြတ်စွာဘုရား ဟောကြားတော်မူရာ သုတ္တန်ကျမ်းများ၌ အစအဆုံး အကျယ်ဝေဖန်၍ ပြတော်မူ၏။ ၎င်းသုတ္တန်ကျမ်းတို့၌လာသော သတိပဋ္ဌာန် ဒေသနာတော်သည် သုဒ္ဓိပဿနာ အလုပ်၌ လွန်စွာ ကျေးဇူးများလှသဖြင့် ပေတို့၌၎င်း ဘုတ်အုပ်တို့၌၎င်း ရှေးဆရာတို့ အသီးအခြား ထုတ်ထားခဲ့၍ မြို့တိုင်း ရွာတိုင်း အိမ်တိုင်း ကျောင်းတိုင်းလိုပင် ပျံ့နှံ့ထင်ရှား လက်ကိုင် ပြုထား၍ အများ အပြား ရှိနေကြပေ၏။ ဤသို့ ရှိနေ ပါသော်လည်း ထိုသတိပဋ္ဌာန်၌ပါသော အဓိပ္ပါယ်သဘောယူဆပုံနှင့် အားထုတ်သော လုပ်နည်းအစဉ်မှာမူ ရှေးအခါတွင်အသုံးများ၍ ထင်ရှား

လာရာ ယခုခေတ်အခါ၌ကား အသုံးအစွဲနည်းပါး၍ အားထုတ်ပုံနည်းလမ်းစဉ်များပင် ကွယ်ပျောက်သွားမတတ် ပြတ်လပ် တိမ်ကောနေသဖြင့် ပြောလို့မှ မယုံကြည်နိုင်လောက်အောင် မှေးမှိန်တိမ်မြုပ်၍နေခဲ့ပေသည်၊ ထိုကြောင့် ၎င်းသတိပဋ္ဌာန်ဒေသနာတော်အရ ရှေးကအသုံးများ၍ ထင်ရှားသော လမ်းရိုးလမ်းမကြီးဖြစ်ပုံကို ဤကျမ်း၌ပြဆိုသော အဓိပ္ပါယ်သဘော ယူဆပုံ အားထုတ်ပုံနည်းလမ်းစဉ်များနှင့် သင့်မသင့် ဉာဏ်ယှဉ်လျက် ဆင်ခြင်စဉ်းစားပြီး မမှားအောင်သတိပြု၍ ကြည့်ရှုမှတ်ယူကြပါလေ။

**ခန္ဓာသဘောမှန် သိမြင်ရန်**

သတိပဋ္ဌာန် ပါဠိတော်၌လာသော ဓမ္မာနုပဿနာရှုမှတ်ပုံခန္ဓာငါးပါးကိုပြဆိုခဲ့သော အတိုင်းပင် မှတ်ရာ၏။ အစိတ်အစိတ်ဝေဖန်လျှင်သွားရပ်ထိုင် လျောင်းစသော ကိုယ်အမူအရာစသောသဘောစုသည် ကာယာနုပဿနာ၏ ရှုမှတ်ရာ ဖြစ်သော ရူပက္ခန္ဓာမည်၏၊ အပူအအေး ကိုက်ခဲစသော အမူအရာ သဘောစုသည် ဝေဒနာနုပဿနာ၏ရှုမှတ်ရာဖြစ်သော ဝေဒနာက္ခန္ဓာမည်၏။ အဖြူအနီ အကြောင်အကျား အကြီးအငယ် အတိုအရှည် စသည်တို့ဖြင့် မှတ်အပ်သော သညာအမှတ်သဘောသည် သညာက္ခန္ဓာမည်၏။ သွားတယ် စားတယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် မှတ်ရာ၌ အားထုတ်ခြင်း အမူအရာ သဘောစုသည် သင်္ခါရက္ခန္ဓာမည်၏။ မြင်တယ် ကြားတယ် နံတယ် စားတယ် စသည်ဖြင့် မှတ်ရာ၌ သိခြင်းအမူအရာသဘောစုသည် ဝိညာဏက္ခန္ဓာမည်၏။

သဘောကို ကောက်ယူလျှင် အမူအရာ သဘောတခု၌ ခန္ဓာငါးပါးလုံးပင်ပါဝင်၏။ ပါဝင်ပုံမှာ ကွေးသော အမူအရာသဘောတခုကို ကွေးတယ်ဟု ရှုမှတ်ရာ၌ ကွေးခြင်း ဖြစ်ပေါ်လာသောအမူအရာ သဘောသည် ရူပက္ခန္ဓာ မည်၏။ ကွေးသောအခါ

အဆင်သင့် အခန့်တော်၍ သဘောကျသော အမူအရာသဘော သည် သုခဝေဒနာမည်၏။ ကွေးသောအခါ အဆင်မသင့် အခန့် မတော်၍ သဘော မကျသော အမူအရာ သဘောသည် ဒုက္ခ ဝေဒနာမည်၏။ သဘောကျသည်လည်းမဟုတ် သဘောမကျ သည်လည်းမဟုတ်သောအမူအရာသဘောသည် ဥပေက္ခာဝေဒနာ မည်၏။ ထိုဝေဒနာသုံးပါးကို ဝေဒနာက္ခန္ဓာဆို၏။ ကွေးတယ်ဟု မှတ်ခြင်းသည် သညာက္ခန္ဓာမည်၏။ ကွေးသောအခါ ကွေးခြင်း အမူအရာသဘောဖြစ်ပေါ်လာအောင် အားထုတ်ခြင်း အမူအရာ သဘောသည် သင်္ခါရက္ခန္ဓာမည်၏။ ကွေးသောအခါ ကွေးတယ် ဟု မှတ်၍ ကွေးတာကို သိခြင်း သဘောသည် ဝိညာဏက္ခန္ဓာ မည်၏။

အချုပ်မှာ ကွေးတာ ရူပက္ခန္ဓာ၊ ကွေးလို့ကောင်းတာ မကောင်းတာ ဝေဒနာက္ခန္ဓာ၊ ကွေးတယ်မှတ်တာ သညာက္ခန္ဓာ၊ ကွေးမယ် အားထုတ်တာ သင်္ခါရက္ခန္ဓာ၊ ကွေးတယ်သိတာ ဝိညာ ဏက္ခန္ဓာ၊ ကွေးသောအမူအရာ သဘောတချက်၌ ခန္ဓာငါးပါး တပြိုင်နက် ပါဝင် ပြီးစီးပုံကို ယုံကြည်ရန် ဖော်ပြလိုက်သော အဓိပ္ပါယ်အကျဉ်းချုပ်ပေတည်း။

ခန္ဓာငါးပါးကို ပြဆိုရာ ကျမ်းဂန်တို့၌လာသော သရုပ် သင်္ချာ အရေအတွက်မျိုးကို မလိုက်နှင့်၊ ကျမ်းဂန်အဆိုပါ ရုပ် ၂၈ ခုသည် ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာသညာမှ ကြွင်း သော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ၊ စိတ်၈၉ပါး ဝါ-၁၂၁ ပါးသည် ဝိညာဏက္ခန္ဓာဟုဆိုသည်၊ ဤသို့ သရုပ်သင်္ချာကို ရေ တွက်ခြင်းသည် ဒေသနာ ပရိယတ်မည်၏။ ဝိပဿနာ အလုပ်၌

ဒေသနာမျိုးတို့ကို မလိုပေ၊ သို့တစေလည်း သရုပ်သချိုင်းများကို သိရှိလိုသူများအတွက် ဖော်ပြလိုက်ပေသည်။

**ပရမတ်ကိုထိမှ ဝိပဿနာ**

'ဒေသနာတိ ပညတ္တိ'ဟူသော စကားအရဒေသနာဟူသည်မှာ ပညတ်မျှသာဖြစ်၏။ ပရမတ်ကို ထိခိုက်မှ ဝိပဿနာဟု ဆိုရလေသည်။ ပရမတ်အရာ၌ သဘောမျှကိုသာ ယူဆရ၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဝိပဿနာအလုပ်နှင့် စပ်ဆိုင်သော ခန္ဓာငါးပါး၏ သဘောများကို အောက်ပါအတိုင်း ဖော်ပြလေသည်။

ရုပ္ပနလက္ခဏံ ရူပံ၊ဝေဒယိတလက္ခဏာ ဝေဒနာ၊ သဉ္ဇာနနလက္ခဏာ သညာ၊အာယူဟနလက္ခဏာ သင်္ခါရာ၊ ဝိဇာနနလက္ခဏံ ဝိညာဏံ။ ရုပ္ပနလက္ခဏံ- ဖောက်ပြန်ခြင်းသဘောသည်၊ ရူပံ- ရူပက္ခန္ဓာမည်၏။ ဝေဒယိတလက္ခဏာ-ခံစားခြင်း သဘောသည်၊ ဝေဒနာ- ဝေဒနာက္ခန္ဓာမည်၏။ သဉ္ဇာနနလက္ခဏာ- မှတ်ခြင်းသဘောသည်၊ သညာ-သညာက္ခန္ဓာမည်၏။ အာယူဟနလက္ခဏာ -အားထုတ်ခြင်းသဘောတို့သည်၊ သင်္ခါရာ- သင်္ခါရက္ခန္ဓာမည်၏။ ဝိဇာနနလက္ခဏံ-သိခြင်းသဘောသည်၊ ဝိညာဏံ- ဝိညာဏက္ခန္ဓာမည်၏။(ပဋိသမ္ဘိဒါမဂ် ပါဠိတော်အနက်)

ဤဒေသနာအရဖြင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာ ကျမ်းဂန်လာ ဒေသနာနည်းဖြစ်သော သရုပ်သချိုင်း အရေအတွက်တို့ကိုသိရန် လိုရင်းမဟုတ်၊ ပြဆိုခဲ့သော ပရမတ်သဘောမျှကို သိမှုသာလိုရင်းဖြစ်၏။ ပရမတ်ကို သိမှုဆိုင်ရာ သဘောမျှသာဖြစ်၍ ပညတ်သိမှုမျိုးကဲ့သို့မဟုတ်၊ မိမိက မသိသော်လည်း ကွေးသောအခိုက် ဆန့်သောအခိုက် စသည်၌ ခန္ဓာငါးပါးတို့သည် မိမိတို့ သဘောအတိုင်း ပါဝင်သွားသည်ကိုဆို၏။ ဤသဘောများသည် အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာလိမ့်မည်။ယခု

ပြဆိုခဲ့သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ ခန္ဓာ ငါးပါး၏ အဓိပ္ပါယ်များသည် သဘောယူဆပုံဖြစ်၏။

ပဏ္ဏာသကျမ်း၌ "ဘူတံ ဘူတတော ပဿတိ" ဟု ဝိပဿနာရှုမှတ်ပုံကို ပြဆိုရာ ၎င်းအဋ္ဌကထာ၌ "ဘူတန္တိ ခန္ဓပဉ္စကံ" ဟု ဖွင့်တော်မူ၏။ ဘူတံ-ခန္ဓာငါးပါးအပေါင်းကို၊ ဘူတတော-ခန္ဓာငါးပါးဟူ၍၊ ပဿတိ-ရှုမှတ်၏ဟု အနက်ပေး၊ ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟူ၍ ရှုမှတ်မည်ဆိုရာ၌ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ စသည်ဖြင့် ရွတ်ဆိုနေရမည်လည်း မဟုတ်၊ ခန္ဓာငါးပါးကို စိတ်၌ ကြံစည်တွေးတော၍ တပေါင်းတည်း ရှုမှတ်ဆင်ခြင်ရမည်လည်း မဟုတ်၊ တပါးစီ တပါးစီ သီးခြား၍ သုံးသပ်ရမည်လည်း မဟုတ်ပေ၊ ဤကဲ့သို့ ဆင်ခြင်ရှုမှတ်၍ သုံးသပ်နေမှု ပရမတ်ခန္ဓာကို မထိခိုက်ဘဲ ပညတ်ပေါ်၌ တင်၍သာ နေလေတော့သည်။

အထက်၌ ထုတ်ပြသော ပါဠိတော်အဋ္ဌကထာများကို ဝိပဿနာယောဂီ မင်းကွန်းဆရာတော်က "ဘူတံ-အကွေးဖြစ်သည်ကို၊ ဘူတတော-အကွေးဖြစ်သည်ဟု၊ ပ ဿ တိ-ရှု မှတ် ၏" ဤသို့အနက်ပေးတော်မူသည်၊ ၎င်းဆရာတော်၏ သဘောအလို ဖြင့် ဘူတသဒ္ဒါသည် ခန္ဓာငါးပါးကို ဟောရကား သွားလာ စားသောက် စသော အလုံးစုံသော ကိုယ်အမူအရာ နှုတ်အမူအရာ တို့ ဖြစ်ခြင်းကိုပင် ဘူတသဒ္ဒါဖြင့် အနက်ပေးနိုင်သည်ဟု ယူရာ ရောက်၏။ လွန်စွာပင် သင့်လျော်လှပေသည်၊ ဤသို့အနက်ပေး ရာ၌ သဒ္ဒါနည်းကို မမှတ်သင့်၊ ဝိပဿနာအလုပ်ကိစ္စ၌ ရှုမှတ်ပုံ သဘော ပေါ်လွင်ထင်ရှား၍ ပရမတ်ခန္ဓာငါးပါး၌ ထိခိုက်သော လုပ်နည်းကိုသာ ယူရမည်၊ အောက်ကလည်း မှာဆိုခဲ့သည်။

၎င်းအဓိပ္ပါယ်အရ ကွေးခြင်းဖြစ်ပေါ်ရာ ဆန့်ခြင်းဖြစ် ပေါ်ရာ တချက်တချက်၌ ခန္ဓာငါးပါး တပြိုင်နက် ပါဝင်ပုံကို

အောက်တွင်ဆိုခဲ့ပြီ၊ ထို့ကြောင့် ရှုမှတ်ပုံမှာ ခန္ဓာရှုနည်း ဓမ္မာနုပဿနာရှုနည်းဟူ၍ အသီးအခြား တမျိုးတဖုံ မလိုက်ဘဲ သွား သွားတယ်၊ စား စားတယ်၊ မြင် မြင်တယ်၊ ကြား ကြားတယ် စသည်ဖြင့် သတိပဋ္ဌာန်၌ ဆိုခဲ့သောနည်းအတိုင်း မှတ်ခြင်းကို ဓမ္မာနုပဿနာမည်သော ခန္ဓာငါးပါးကို ရှုမှတ်ခြင်း ဝိပဿနာ ဟူ၍ မှတ်ယူအပ်သည်။

ခန္ဓာဟူသောအမည်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလတို့၌ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ဖြစ်ပေါ်ပေါင်း စု၍နေသော သဘောမျိုးကိုဆို၏၊ အမျိုးမျိုးသော ဖောက်ပြန် ခြင်းသဘောစုသည် ရူပက္ခန္ဓာ၊ အမျိုးမျိုးသော ကောင်း,မ ကောင်း ချမ်းသာဆင်းရဲကို ခံစားခြင်းသဘောစုသည် ဝေဒ နာက္ခန္ဓာ၊ အမျိုးမျိုးသော အမှတ်သင်္ကေတတို့ကို မှတ်ခြင်း သဘောစုသည် သညာက္ခန္ဓာ၊၊ အမျိုးမျိုးသော ကိစ္စတို့၌ အား ထုတ်ခြင်းသဘောစုသည် သင်္ခါရက္ခန္ဓာ၊ အမျိုးမျိုးသော အမှု အရာတို့ကို သိခြင်းသဘောစုသည် ဝိညာဏက္ခန္ဓာ၊ ဤသို့ ခန္ဓာ ငါးပါးသဘောကို မှတ်ယူကြပါလေ။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

ရူပံ-ရူပက္ခန္ဓာသဘောသည်၊ဖေဏပိဏ္ဍူပမံ-ရေမြှုပ်ဆိုင်ခဲ ကြီးနှင့်တူ၏။ဝေဒနာ-ဝေဒနာက္ခန္ဓာသဘောသည်၊ပုပ္ဖုဠူပမာ- ရေပွက်နှင့်တူ၏။သညာ-သညာက္ခန္ဓာသဘောသည်၊မရီစိကူပမာ- တံလျှပ်နှင့်တူ၏။ သင်္ခါရာ-သင်္ခါရက္ခန္ဓာသဘောသည်၊ ကဒလူပ မာ--ငှက်ပျောတုံးနှင့်တူကုန်၏။ ဝိညာဏဉ္စ-ဝိညာဏက္ခန္ဓာ သ

ဘောသည်မူကား၊ မာယူပမံ-မျက်လှည့်နှင့်တူ၏။ ဣတိ-ဤသို့၊ အာဒိစ္စ ဗန္ဓုနာ-နေမင်းအဆွေဖြစ်တော်မူသော၊ ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ ဒေသိတော- ဟောကြားတော်မူအပ်၏။ (သံယုတ်ပါဠိတော် နိဿျသွားအနက်)

ဤသို့ ကျမ်းဂန်တို့၌လာသော ဥပမာစကားသည် ခန္ဓာငါးပါးတို့၏ ပရမတ္ထသဘာဝ ဖြစ်ဟန်ကိုသာ ပြတော်မူသည်ဟု မှတ်ရမည်၊ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ အားထုတ်ရန် လုပ်ပုံလုပ်နည်းမျိုးကိုပြသောအရာဟု မယူသင့်၊ ၎င်းဒေသနာလာတိုင်း ရှုပက္ခန္ဓာကို ရေမြှုပ်ဆိုင်နှင့်တူစွာ စိတ်ထား၍ ရှုမှတ်ပါလျှင် ဥပမာဖြစ်သော ရေမြှုပ်ဆိုင်သာလျှင် ထင်မြင်လာလတံ့၊ ဤသို့ စိတ်ဖြင့် ကြံစည်၍ ထင်မြင်လာသော အာရုံမျိုးသည် ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်၏။ ပညတ်ပေါ်မှသာ ဉာဏ်အမြင်ထင်၍နေတော့သည်၊ ဒေသနာတော်၌လာသော ဥပမာစကားသည် ယောဂီပုဂ္ဂိုလ်တို့ ဝိပဿနာ ရှုမှတ်ခြင်းဖြင့် မောဟကိလေသာကင်းရှင်း၍ ဉာဏ်အမြင်ပွင့်လင်းသောအခါ ကြံစည်ခြင်းမပြုရဘဲ ခန္ဓာငါးပါးတို့သည် မိမိတို့ သဘာဝအတိုင်း ဖြစ်ပေါ်လာ၍ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ အလိုလိုထင်မြင်လာသော သဘောကို ပြတော်မူ၏။ ဤသို့ မကြံစည်ဘဲ အလိုအလျောက် ပေါ်ပေါက်လာသော ဉာဏ်အမြင်သဘောမျိုးသည်သာ ပရမတ်အစစ်ဖြစ်လေသည်။

ပြဆိုခဲ့သော ခန္ဓာငါးပါးကို သဘောအတိုင်း ဉာဏ်၌ အမှန်သိလာအောင် အားထုတ်မှုကို ဝိပဿနာကမ္မဋ္ဌာန်းဆို၏။ ဉာဏ်၌ အမှန်သိလာလျှင် တသ်နှစ်သက်ခြင်း တဏှာလောဘသမုဒယမဖြစ်နိုင်၊တဏှာလောဘသမုဒယမဖြစ်မှ နောင်အသစ်တဖန် ခန္ဓာငါးပါးချုပ်ဆုံး၏၊ ထိုခန္ဓာငါးပါး ချုပ်ဆုံးခြင်းကိုပင်

အေးငြိမ်းသော နိဗ္ဗာန်ဟုဆိုရလေသည်။ ပရမတ္ထတရားဖြစ်သော ခန္ဓာငါးပါးကို လွတ်၍ သိမှုမြင်မှုမျိုးသည် ပညာ သိမဟုတ်၊ မောဟသိသာဖြစ်၏၊ မောဟသိမျိုးသည် ပရမတ်ကိုမထိခိုက်ဘဲ ပညတ်မျှသာဖြစ်၏။ ထိုပညတ်မကွာ၍ ခန္ဓာငါးပါး ဖြစ်နေမှုကိုပင် လွန်စွာကြီးလေးသော ဒုက္ခဝန်ကြီး ဘိစီးနှိပ်စက်နေသည်ဟု ဆိုရလေသည်။

ယခုပြဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါး၏ သရုပ်သဘောတို့သည် ပညတ်ဒေသနာတော်နည်းအားဖြင့် လွန်စွာများပြားလှသောကြောင့်၎င်း၊ ရှေးဆရာကြီးများ ရေးသားတော်မူသော ထိုထိုကမ္မဋ္ဌာန်းကျမ်းတို့၌ ပါရှိပြီဖြစ်သောကြောင့်၎င်း၊ ဝိပဿနာလုပ်ငန်းကိစ္စ၌ လိုရင်းမဟုတ်လှသောကြောင့်၎င်း ဤ၌ အကျယ်ထုတ်ဖော်၍ မပြတော့ဘဲ အလုပ်ကိစ္စတွင် ပါဝင်အသုံးများသော သဘောသွား အဓိပ္ပါယ်မျှကိုသာ ယူဆရန် ထည့်သွင်း၍ ရှင်းလင်းစွာ ပြဆိုလိုက်ပေတော့သတည်း။ ခန္ဓာ၏ သဘောမှန်ကို သိမြင်ရန် ပြဆိုချက်တရပ်ပြီး၏။

**သာသနာအတွင်း**

**သာသနာအပ**

တရားတော်ဆိုတာ သာသနာအတွင်း သာသနာအပ နှစ်ဌာနလုံးမှာရှိတယ်၊ ဒါန, သီလ, သမထတရားမျိုးက သာသနာတွင်း သာသနာပ နှစ်ဌာနလုံးမှာပင် ရှိတယ်၊ ကွာခြားနေပုံကတော့ သာသနာပအခါပြုလုပ်တဲ့ ဒါန, သီလ, သမထတရားမျိုးဟာ များသောအားဖြင့် အဝိဇ္ဇာမောဟတရားက ဦးစီးတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ မရှိဘူးလားဆိုလျှင် ရှိတော့ရှိတယ်၊ သို့သော် အဝိဇ္ဇာဦးစီးခံရတော့ မဂ်တရား, ဖိုလ်တရားကို မရနိုင်ဘူး၊ သာသနာတွင်းအခါမှာ ပြုလုပ်တဲ့ ဒါန, သီလ, သမထတရားမျိုးကတော့ များသောအားဖြင့် ဝိဇ္ဇာပညာဉာဏ်ဦးစီးတယ်၊ ဝိဇ္ဇာဉာဏ်

ရှေ့သွားဦးဆောင်တဲ့ ဒါနမျိုး, သီလမျိုး, သမထမျိုးက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်။

အထူးဝိသေသကတော့ သာသနာပအခါမှာ အနုတ္တ လက္ခဏာဆိုတဲ့ ဝိဇ္ဇာဉာဏ်မျိုးကို မရနိုင်ဘူး၊ ဒီလို အနုတ္တလက္ခဏာ ဆိုတဲ့ ဝိဇ္ဇာဉာဏ်မျိုးကို သာသနာတော်အတွင်းမှာသာ ရကောင်း တယ်၊ ယခုလို ဝိဇ္ဇာဉာဏ်ဖြင့် ဦးစီးရှေ့ဆောင်ပြီး ဒါန, သီလ, ဘာဝနာများကိုပြုခဲ့လျှင် အမှန်ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင် တယ်၊ ဘာကြောင့်လဲဆိုသော် အတ္တမပါလို့ဘဲမှတ်၊ ဒါနပြုလဲ ငါမပါတော့ဘူး၊ သီလဆောက်တည်လဲ ငါမပါတော့ဘူး၊ ဘာဝ နာတရားအားထုတ်လဲ ငါမပါတော့ဘူး၊ အဝိဇ္ဇာမောဟတရား ဦးစီးခဲ့လျှင် ဒါနပြုလဲ ငါပါလာပြီး လောကဂုဏ်ပကာသနတွေ မက်မောပြီး ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေ တောင့်တ၍ လှူ ဒါန်းသဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်နှင့် ဝေးသွားတာပေါ့၊ သီလဆောက် တည်ပြန်လဲ နည်းတူစွာ အဝိဇ္ဇာအနှောင့်အယှက် ခံရလို့ ငါသီလ ဆောက်တည်တယ်၊ ငါဥပုသ်စောင့်တယ်၊ ငါသီလရှင်ကြီးဖြစ် တယ်၊ ငါ၏သီလကြောင့် လောကကျိုးတွေ မက်မောလာတတ် တယ်၊ ဒီလို လောကီအာရုံ ကာမဂုဏ်တရားတွေ မက်မောနှစ် သက်တဲ့အတွက် မဂ်,ဖိုလ်နှင့် ဝေးသွားရတယ်၊ ဘာဝနာကတော့ လူတိုင်း သိနေကြတဲ့ သမထ ဘာဝနာတရားတွေဟာ မည်မျှ လောက် အဝိဇ္ဇာအားကြီးတယ်ဆိုတာ စည်းစားကြည့်လိုက်စမ်း၊ ပုတီးစိပ်နှင့်တဖုံ ပါးစပ်က ရွတ်ဆိုနေကြတာကတမျိုးနှင့် ယခု လက်ငင်း ကုန်ရောင်းကောင်းအောင် စီးပွါးတိုးတက်အောင် အသက်ရှည်အောင်ဆိုပြီး အမျိုးမျိုးကျင့်နေကြတာ မျက်မြင် တွေ့ကြမှာပေါ့။

နောင်သံသရာရေးကို ဘေးဖယ်ထားပြီး ယခုပစ္စုပ္ပန်ကို

ကြည့်လျက် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကို လိုချင်၍ အားထုတ်နေတဲ့ ပုဂ္ဂိုလ်များထက် အဆတရာ အဆတထောင် အဆတသောင်းမက များပြားနေကြတယ်၊ ဒါ ဘာကြောင့်လဲဆိုလျှင် အဝိဇ္ဇာ၏ လှည့်ပတ်မှု အဝိဇ္ဇာ၏ ဖြား ယောင်းမှုတွေပေါ့၊ အဝိဇ္ဇာက မှန်ရာမသိအောင် ကာကွယ်ပေး လိုက်တော့ ဘယ်မှာ ကောင်းစွာ ခွဲခြမ်းပြီး သိနိုင်တော့မလဲ၊ အဝိဇ္ဇာ၏ စွမ်းအင်သတ္တိကြောင့် ဒုက္ခမှန်သမျှ မမြင်ရအောင် ကာကွယ်ထားလိုက်တော့ သမုဒယဆိုတဲ့ တဏှာလောဘက လောကအကျိုးကိုသာ တောင့်တပြီး ကုသိုလ်အမျိုးမျိုးကို ပြုကြ တာပေါ့၊ သာသနာပကို မဆိုထားဘိ ယခုသာသနာတော်တွင်း အခါမှာပင် များသောအားဖြင့် အဝိဇ္ဇာလွှမ်းမိုးမှု တဏှာဆွဲ ဆောင်မှုနောက်သို့ လိုက်ပါနေကြသည်အတွက် ပကာသနတွေ သာ အားကြီးပြီး အလှူပွဲများ မှိုလိုပေါက်သလောက် ကောင်း ကျိုးမရောက်ဘဲ ပြင်သားမရအောင်ပင် ငါးပါးတိုင်လျက် ရှိကြ သည်မှာ ပညာရှိများ မျက်မြင်ပင် ဖြစ်ပေတော့သည်။ တပဲသား မစင်အတွက် ဝက်သားတအိုးလုံး အစားရခက်သလို ကုသိုလ်တပဲ ငရဲတပိဿာ အနေမျိုး မဖြစ်သင့်ပေရာ၊ နှဖူးကချွေး ခြေမထိ အောင် ကြိုးစားအားထုတ်မှုရသော ပစ္စည်းဥစ္စာကို အနည်းငယ် သော အလှူဝတ္ထုဖြင့် မဟာပ္ဖလ မဟာနိသံသ အကျိုးကြီးမြတ် အောင် ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် ကြိုးစားအားထုတ် ပြုလုပ် သင့်ကြလေသည်။ သို့မှလည်း ညောင်စေ့လောက်လှူလို့ ညောင် ပင်ကြီးလောက် အကျိုးကို ရရှိနိုင်ပေလိမ့်မည်။

တိလမတ္တံ ကတံ ပုညံ၊ ဥာဏေန သမ္ပယုတ္တကံ။
မေရုပမာဏံ တံ ဖလံ၊ နိဗ္ဗာနမိဝ ဗီဇကံ။
(အဋ္ဌကထာသင်္ဂဟ)

ဉာဏေန-အသိမှန်ကန် ဝိပဿနာ ဉာဏ်ပညာဖြင့်၊ သမ္ပယုတ္တကံ-မကွာမကွဲ အမြဲယှဉ်သည်ဖြစ်၍၊တိလမတ္တံ-ယုတ်စွအဆုံး နှမ်းလုံးခန့်ပမာဏရှိသော၊ ပုညံ-ကောင်းမှုအမှန် ကုသိုလ်ကံကို၊ ကတံ- သဒ္ဓါကြည်ဖြူ ကပ်လှူ ပူဇော်အပ်၏၊ တံပုညံ- ယုတ်စွအဆုံး နှမ်းလုံးခန့်ပမာဏရှိသော ထိုကုသိုလ်ကံသည်၊ မေရုပမာဏံ-ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့် မြင်းမိုရ်တောင်မျှ ပမာဏရှိသော၊ ဖလံ-ဝေဖြာဖွံ့ဖြိုး ကောင်းမြတ်သော အကျိုးကို၊ ဒေတိ-မုချမသွေ ပေးစွမ်းနိုင်လေ၏။ ကိမိဝ-နှိုင်းခိုင်းစရာ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား၊ နိဂြောဓမိဝဗီဇကံ-ကိုင်းခက်ဝေဖြိုး ညောင်ပင်ကြီးကို ဖြစ်စေတတ်သော ညောင်စေ့ကဲ့သို့ပေတည်း။ အဓိပ္ပါယ်မှာ ထင်ရှားပေါ်လွင် နေပြီဖြစ်၍ အထူးရေးရန်မလိုတော့ပြီ။

ဆက်ဦးအံ့၊ အဘိဓမ္မာကျမ်းစာများအရ ကုသိုလ်သည် ၁-တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ၂-တိဟိတ်ဩမကကုသိုလ်၊ ၃-ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်။ ၄-ဒွိဟိတ်ဩမကကုသိုလ်ဟူ၍ လေးမျိုး ရှိ၏။ ဥက္ကဋ္ဌဟူသည် အမြတ်ကိုဆို၏၊ ဩမကကား-အညံ့တည်း။ ထိုလေးပါးတို့တွင် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်သည် အမြတ်ဆုံး၊ တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် အလတ်စား။ ဒွိဟိတ်ဩမက ကုသိုလ်သည် အညံ့စားဟူ၍ အကျိုးပေးစဉ်အားဖြင့် သုံးမျိုးကွဲပြား၏။ လူများမှာ အယုတ်, အလတ်,အမြတ်ရှိသကဲ့သို့ ဒါန, သီလ, ဘာဝနာသုံးပါးလုံး၌ပင် ဟီန-အညံ့, မဇ္ဈိမ-အလတ်, ပဏီတ-အမြတ်ဟု သုံးမျိုးစီရှိကြ၏။ ကုန်ကုန်ပြောရလျှင် အမှန်းတင်ဓုတင်များမှာတောင် ဥက္ကဋ္ဌ မဇ္ဈိ မုဒုဟု အမြတ်, အလတ်, အညံ့ရှိသေးသည်၊ မည်သူမဆို အမှန်မြတ်ဆုံး အကောင်းဆုံးကို လိုလားကြမည်မှာ ပြောနေစရာမလိုတော့ချေ။ အသက်တန်း

ကို အလိုရှိသောသူသည် အမြတ်ဆုံး ကုသိုလ်ကို ပြုလုပ်မှ ရောက်နိုင် ရနိုင်ပေလိမ့်မည်။

သို့အတွက် ကုသိုလ်ပြုလုပ်သည့်အခါ အမြတ်ဆုံး တိဟိတ် ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် ပကာသန(လော်ဘ)တရားများ အား မကြီးစေဘဲ အလောဘ, အဒေါသ,အမောဟ ဟိတ်သုံးပါးနှင့် ယှဉ်သော ဉာဏသမ္ပယုတ် ကုသိုလ်မျိုးကိုသာ ကြိုးစားပြုလုပ်အပ်၏။ ရှေ့အဘို နောက်အဘိုတို့၌ ကုသိုလ်ကံသည် ခြံရံအပ်၏၊ နောက်နောင်လည်း အဖန်တလဲလဲ မှီဝဲလေ့လာခြင်းကို ပြုအပ်၏။ သို့မှ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်ပြီး တိဟိတ်ပဋိသန္ဓေ အကျိုးပေးကာ တမဂ်,တဖိုလ်ရရေး ကိစ္စမှာ ချောမောလွယ်ကူပါလိမ့်မည်၊ "တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ" ဟူသော လက်သန်း အဋ္ဌကထာကို ထောက်မြော်လေ။ ထို့ကြောင့် အလှူပေးတဲ့အခါ ဝိဝဋ္ဋနိဿိတ ကုသိုလ်မြောက်အောင် "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဟု နှုတ်က မြွက်ဆို၍ လှူဒါန်းမှုကို ပြုလုပ်တတ်ကြရမည်။

မည်သူက မည်ကဲ့သို့ပင် ပြောပြော ဟောဟော တိဟိတ် ဝိပါက်နှင့် ပဋိသန္ဓေနေရေးဟာ အရိယာမဂ် သိမြင်ရေး ကိစ္စမှာ ပထမဆုံး (၁)နံပါတ် အခြေခံဖြစ်တယ် ဆိုတာကို အားလုံးက ဝန်ခံကြပေလိမ့်မည်။ မည်သူကမျှ ငြင်းချက်မထုတ်နိုင်၊ ဈာန်, မဂ်ဖိုလ် အန္တရာယ်ငါးပါးမှာ ဝိပါက အန္တရာယ်ဟာအရေးအကြီးဆုံးဘဲမဟုတ်လား။တခြားအန္တရာယ်များကိုပြုပြင်ရနိုင်ပေမဲ့ဇနကကံဆိုတဲ့တရားမျိုးသည် ကြေးမုံပြင် အရိပ်ထင်သလို ပြုပြင်ရနိုင်တဲ့ တရားမျိုးမဟုတ်၊ ကံတရားက စီမံပြုပြင်သည့်အတိုင်းပင် ခံကြရတယ်ဟုမှတ်၊သို့အတွက်တိဟိတ်ဥက္ကဋ္ဌပဋိသန္ဓေနေအောင်တိဟိတ်

ဉက္ကဋ္ဌ ကုသိုလ်မျိုးကိုသာ ပြုလုပ်ကြရန် ညွှန်ပြလိုက်ရခြင်း ဖြစ်ပေသည်။ (တိဟိတ်ဟူသည် အလောဘ, အဒေါသ, အမောဟ သုံးပါးကို ဆိုသည်။ အမောဟ-ဟူသည် ပညာစေတသိက်ပင် ဖြစ်၍ ဝမ်းတွင်းပါပညာဟုခေါ်သည်၊ ဒွိဟိတ်မှာ ၎င်းအမောဟခေါ် ပညာမပါလေ၊ သို့အတွက် ဝိပါကအန္တရာယ် ဖြစ်နေ၍ အရိယာမဂ်တရားကို မရနိုင်ဟုမှတ်)

သို့ကလို ကမောက္ကမ အချိုးမကျ ကုသိုလ်ပြုလာကြသည့်အတွက် အနမတဂ္ဂ သံသရာတခွင် ကယ်တင်ရှင်ဗုဒ္ဓ အနန္တသချေ ဂင်္ဂါဝါဠုမကာ ပွင့်ကုန်ကြလည်း သဲတလုံး တလုံးနှင့် တူသော ဘုရားတဆူတဆူတွင် ၂၄-သချေ၊ ကုဋေ-၆ ဝ၊ ဗိုလ်ခြေ-၁-သိန်းစီ အကျွတ်တရား ရရှိသွားကြပေမဲ့ ယနေ့အထိ မှတ်ပုံတင်အာမခံ လက်မှတ်မရ၊ ဝဲဩဃသံသရာတွင် တဝဲဝဲတလည်လည် ကျွတ်တန်းဝင်ရေး ဝေလာဝေးလျက် ညစ်ထေးယုတ်မာ သမ္မောဟ အဝိဇ္ဇာ မိစ္ဆာအဓိမောက္ခ သမုဒယတဏှာ သုံးဖြာသော အယုတ်တရားဆွဲငင်ရာ နောက်သို့သာ သူ့ထက်ငါအပြိုင် လမ်းလွဲလိုက် မှားနေကြခြင်းမှာ ယခုလို သာသနာခေတ် အတွင်းဝယ် အလွန်အမင်းဝမ်းနဲစရာကောင်းလှပေတော့သည်။

သို့ရာတွင် အဝိဇ္ဇာအုပ်စိုးပြီး အကုသိုလ်အမှုကို ပြုနေကြသူများနှင့်နှိုင်းစာလျှင်တော့ ကုသိုလ်ပြုတဲ့သူများက တော်သေးတာပေါ့၊ သို့သော်လည်း သာသနာတော်တွင်းမှာ ကြုံကြိုက်ပါလျက်နှင့် သာသနာတွင်းအခါတွင် ရကောင်းတဲ့တရားကို မရရှိဘဲ၊ သာသနာပတရားမျိုးနှင့် ရောင့်ရဲတင်းတိမ်ပြီး အလွဲအမှားဖြစ်သွားကြလျှင် အလွန်ဝမ်းနဲ သနားစရာ ကောင်းလှပေတော့သည်၊ သာသနာတော် အတွင်းမှာ ရရှိကောင်းတဲ့ ဝိပဿနာဘာဝနာအလုပ်နှင့် တကယ်တန်း ကြိုးပမ်း အားထုတ်နေကြတဲ့

ပုဂ္ဂိုလ်များကိုတော့ အလွန်အလွန် အားကျစရာ ကောင်းတယ်၊ ဘာကြောင့်လဲဆိုလျှင် ဘုရားသခင်ကိုယ်တော်မြတ်က ဝိဇ္ဇာဉာဏ်ဖြင့် ရုပ်နာမ်ကိုသာ သိပါစေ၊ မချအရိယာ ဖြစ်နိုင်တယ်လို့ ဟောထားတယ်၊ သို့အတွက် ကုသိုလ်ကောင်းမှု ပြုသောအခါ ဆိုခဲ့သည့်အတိုင်း အမှားအယွင်းမရှိ ပြုလုပ်ရန် အရေးတကြီးလို အပ်ပေသည်။

ကောင်းမှုကုသိုလ်မျိုးသည် "ကုသလာအနဝဇ္ဇသုခဝိပါကလက္ခဏာ"ကျမ်းလာအရ အပြစ်မရှိ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သည်ဟု ဆိုပေမဲ့ စနစ်တကျ မှန်ကန်စွာ မလုပ်တတ်လျှင်ပကာသနတွေသာ အားကြီးပြီး လိုရင်းမကျဘဲ ထိရောက်စွာဆိုင်ရာအကျိုးများကို မပေးစွမ်းနိုင်ဘူးပေါ့၊ အစဉ်အလာလုပ်ကြသော်လည်း(ပွဲထက်ပြင်ကကြီးလျက်) အတုအယောင်သာ အဖြစ်များပြီး ငါးပါးသော ခန္ဓာဝဲသြဃသံသရာ၌ ပြန်နှစ်နေကြသည်မှာမျက်မြင်ပင် ဖြစ်ပေတော့သည်။ အယုတ်အညံ့ သြမကကုသိုလ်မျိုးဟာ အလှူရှင်အား ရုပ်ပျက် ဆင်းပျက်ဖြစ်အောင် အကျိုးပေးသည်များကိုလည်း သိနားလည်ထားကြရမည်။

ထို့ကြောင့် ကုသိုလ်ပြုလုပ်ကြတဲ့အခါ အမှားအယွင်းမရှိရအောင် ပညာရှိလူလိမ္မာများနှင့်သာ တိုင်ပင်ပြီး ပြုလုပ်သင့်ကြလေသည်။ လူမိုက်များနှင့် တိုင်ပင်ပြုလုပ်မိလျှင် အမြတ်မရသည့်ပြင် အရင်းကတောင် ကျွတ်ထွက် ပါသွား တတ်သည်များကို အထူးသတိပြုတတ်ကြရမည်။ "လူမိုက်အလှူ၊ ပေးလှူပါမူ၊ ရှယ်ချူဖိုလ်မဂ်၊ မပန်နက်၍၊ များဘက်သံသရာ၊ ကျင်လည်ရာ၏"ဟု ပညာရှိများ ဆိုရိုးစကားများကိုလည်း အမြဲစိတ်၌ နှလုံးသွင်းသင့်လေသည်။ အောက်က ဆိုခဲ့သည့်အတိုင်း "သိဝံ ပဋ္ဌေထ ဘိက္ခဝေ၊ သိဝံ ပဋ္ဌေတွာန ဒါနံ ဒါတဗ္ဗံ, သီလံ ရက္ခိတဗ္ဗံ, ဘာဝနံ

ဘာဝေတဗ္ဗံ” ကျမ်းဂန် ဒေသနာအရ အမတ နိဗ္ဗာန်ကိုသာ ရည်သန်တောင့်တပြီး ပြုလုပ်ကြရမည်။ ပုဂ္ဂိုလ်၌သာ အာသာ ငန်းငန်းမစွဲလမ်းဘဲ သံဃိကဒါန မြောက်အောင် သံဃာ့ဂုဏ်ကို အာရုံပြု ခြင်ဆင်လျက် “သံဃဿ ဒေမ”ဟု လှူဒါန်းကြရမယ်၊ သို့မှ “သံဃေ ဒိန္နေ မဟပ္ဖလံ”ကျမ်းဂန်အရ အလဇ္ဇီဒုဿီလပင် ဖြစ်စေကာမူ သံဃာမှ ရည်ညွှန်းရသော သံဃာအား လှူဒါန်း ခြင်းသည် အာသဝေါကင်းကွာ ရဟန္တာအား ပုဂ္ဂလိက လှူသည် ထက်ပင် အကျိုးကြီးမြတ်သေးကြောင်းကို “သံဃေ စိတ္တီကာရံ ကာတုံ၊သက္ကောန္တဿ ဒိဏာသဝေ၊ ဒိန္နဒါနတုဒ္ဒိတ္တာ၊ ဝရံ သီလံ ဟိ ဒုဿီလေ”ဟု ဥပရိပဏ္ဏာသ၌ လာရှိပေသည်။

ဆက်ဦးအံ့၊ ဒါနသည် သံဃိကဒါန, ပုဂ္ဂလိကဒါနဟူ၍ နှစ်မျိုးရှိ၏။ အပေါင်းအလှူကို သံဃိကဒါနခေါ်၍ သီးခြား အလှူကို ပုဂ္ဂလိကဒါနဟုခေါ်သည်၊ သံဃိကအလှူမှာ သံဃာ၏ ဂုဏ်ကိုသာ အာရုံပြု ဆင်ခြင်း နှစ်လုံးထားခြင်းဖြင့် လှူဒါန်းရခြင်း မျိုးဖြစ်၍ ရွေးချယ်နေရန်မလို၊ မထေရ်ကြီးကိုရသဖြင့် ဝမ်းသာ နှစ်သက် သဒ္ဓါတက်ခြင်း၊ သာမဏေငယ်ကလေးကိုရသဖြင့် ဝမ်းနဲ စိတ်ကွက်သဒ္ဓါပျက်ခြင်းမဖြစ်စေရ မရှိစေရ၊ ပုဂ္ဂိုလ်မမင် သံဃာ့ ဂုဏ်ကိုမြင်အောင် ဆင်ခြင်နှစ်လုံးသွင်းနိုင်မှ သံဃိကဒါနအလှူ မြောက်သည်ဟုမှတ်၊ သံဃာဟု ရည်မှတ်နိုင်ဘို့ရာ ခဲယဉ်းပုံကို “သံဃေ စိတ္တကာရော ဒုက္ကရော”ဟု အဋ္ဌကထာ၌ လာရှိရကား ယခုခေတ်သံဃိကအလှူများသံဃဒါန မြောက် မမြောက်နိုင်းယှဉ် နိုင်ရန် တင်ပြလိုက်ရပေသည်။ ထိုသံဃိကဒါနသည်-၇ပါးအပြား ရှိသည်၊ မိထွေးတော်ဂေါတမီ မြတ်စွာဘုရားအား ကိုယ်တိုင် ရက်လုပ်သော သင်္ကန်းအစုံကို ကပ်လှူသောအခါ လက်မခံဘဲ “သံဃေ တွံ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော

ဘဝိဿတိ သံဃော စ” ဟု ဟောညွှန်ခြင်း ရည်ရွယ်ချက်မှာ ပုဂ္ဂလိကအလှူထက် သံဃိကဒါနက အကျိုးကြီးမြတ်သော ကြောင့်ဟု နားလည် သဘောပေါက်ကြရမည်။ (အကျယ်ကို ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ကြည့်ရှုကြ လေကုန်။)

ပုဂ္ဂလိကဒါနမှာကား ရွေးချယ်လှူရသည်၊ ရွေးချယ်မှု ဟူသည်လည်း အလှူခံကို ရွေးချယ်ခြင်း, အလှူဝတ္ထုကို ရွေးချယ် ခြင်းဟူ၍ နှစ်မျိုးရှိပြန်၏။ ပုဂ္ဂိုလ်သာမန်ကို မလှူမူ၍ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ဂုဏ်တရားများနှင့် အံ့ချီးမကုန် ပြည့်စုံသောသူများကိုသာ စိစစ်ရွေးချယ် လှူဒါန်းခြင်းသည် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်သည်မည်၏။ သာမန်အညံ့စား ဝတ္ထု ပစ္စည်းကို မလှူမူ၍ အလှူခံများ လက်ခံသုံးစွဲနိုင်သည့် ထူးမြတ် ကောင်းမွန်သော ဝတ္ထုပစ္စည်းများကိုသာ လှူဒါန်းခြင်းသည် အလှူဝတ္ထုကို ရွေးချယ်သည်မည်၏။ ထိုပုဂ္ဂလိကဒါနသည် ၁၄-ပါး အပြားရှိ၏။ အလှူခံ ၁၄-ယောက်တို့သည် တိရစ္ဆာန် ကစ၍ ဘုရားကျအောင် တဆင့်ထက်တဆင့် မြင့်မြတ်လေသော ကြောင့် အကျိုးမှာလည်း နည်းတူပင် အဆင့်ဆင့် ကွာခြားလှ သည့်အတွက် ရွေးချယ်လှူရခြင်းဖြစ်သည်။ (အလှူခံတကျိပ် လေး ခွေးတောင်ပါသေးတာဘဲ၊ ပုဂ္ဂိုလ်ရွေးနေရအုံးမှာလား ဟူသော စကားမှာ ပုဂ္ဂလိကဒါန၌ ဆိုသောအရာဖြစ်၍ အကျိုး ပေးချင်းမတူက ရွေးချယ်လှူရသည် မှတ်ကြလေ)။

သို့ရာတွင် အလဇ္ဇီဒုဿီလမှန်းသိလျက် ပုဂ္ဂိုလ်၌ စွဲလမ်း တွယ်တာမှုမကင်း မှားယွင်းသောဆုံးဖြတ်ခြင်းဖြင့် လှူဒါန်းမိ ပါမူ အလဇ္ဇီ ပဂ္ဂဟဖြစ်၍ အဆိပ်ပင်ကို ရေလောင်းသကဲ့သို့ ဖြစ် တတ်သည်များကိုလည်း အထူးသတိပြုကြကုန်ရာသည်။ နည်းတူ

ပင် အလှူဝတ္ထုမှာလည်း မိမိက အကောင်းအမွန်ကိုစားပြီး အလှူခံအား အယုတ်အညံ့ကိုသာ လှူခြင်းမျိုးသည် မြတ်သော ဥက္ကဋ္ဌကုသိုလ်မမည်။ မိမိစားသည့်အထဲမှ အကောင်းဆုံးဟု ထင်မြင်သော အလှူဝတ္ထုကို လှူဒါန်းမှသာ အမြတ်ခေါ်၏။

"ဝိစေယျ ဒါနန္တိ ဒက္ခိဏံ ဒက္ခိဏေယျေ ဒုဝိဓံ ဥစ္စိနိတွာ ဒိန္နဒါနံ"ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူသည်၊ ထိုကဲ့သို့ ပုဂ္ဂလိကအလှူမှာ အလှူခံ, အလှူဝတ္ထု နှစ်ပါးလုံးကို ရွေးချယ်စီစစ်၍ လှူတတ်ပါမှ နတ်ရွာသုဂတိသို့ ရောက်နိုင်ကြောင်းကို အောက်ပါအတိုင်း ဟောတော်မူ၏။

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ယတ္ထ-အကြင်ပုဂ္ဂိုလ်၌၊ဒိန္နံ-လှူအပ်သောအလှူသည်၊ မဟပ္ဖလံ-အကျိုးကြီးမြတ်၏၊ တတ္ထ-ထိုပုဂ္ဂိုလ်၌၊ ဝိစေယျ-ရွေးချယ်စီစစ်၍၊ ဒါနံ-အလှူကို၊ ဒါတဗ္ဗံ-ပေးအပ်၏၊ ဒါနံ-အလှူကို၊ ဝိစေယျ- ရွေးချယ်စီစစ်၍၊ ဒတွာန-ပေးလှူခြင်းကြောင့်၊ ဒါယကာ-ပစ္စည်းလေးဖြာ ဒကာ ဒကာမတို့သည်၊ သဂ္ဂံ-ကောင်းသောသူတို့လားရာ နတ်ရွာသုဂတိသို့၊ ဂစ္ဆန္တိ–သွားကြလေကုန်၏။

(အထက်ပါဂါထာနိသျှသွားအနက်)

သို့အတွက် ကုသိုလ်ကောင်းမှုပြုသောအခါတို့၌ ဤစံပြကျမ်းလာ ဒေသနာနည်းကိုမှီ၍ ငါမပါစေဘဲ ခန္ဒာငါးပါးပေါ်အောင် ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် တိကျပြတ်သားစွာ ပြုကြကုန်ရာသည်။ ထို့ကြောင့် ရှေးဆရာမြတ်တို့သည် အောက်ပါကဗျာများကို မိန့်ဆိုကြကုန်၏။

ကုသိုလ်တခါ၊ ပြုလုပ်ရာ၊ ခန္ဓာငါးခု၊ ပေါ်အောင်ရှု။

ကုသိုလ်ပြုရာ၊ ငါကပါ၊ သံသရာမှာ လည်လေ၏။
ငါနှင့်ရင်းနှီး၊ နိဗ္ဗာန်ကြီး၊ ဝေးကြီးဝေးလေ၏။
ကုသိုလ်ပြုလျှင်၊ ရုပ်နာမ်မြင်၊ ထက်ခွင်နိဗ္ဗာန်ထိ။

အနိစ္စမထင်၊ လောဘဝင်၊ ဝေးလျှင်ဒါနမှာ။
ဒုက္ခမထင်၊ ဒေါသဝင်၊ ဝေးလျှင်သီလသာ။
အနတ္တမထင်၊ မောဟဝင်၊ ဝေးလျှင်ဘာဝနာ။

သဒ္ဓါမဘက်၊ ဒါနခက်တယ်။
ဟိရိဩတ္တပ္ပမဘက်၊ သီလခက်တယ်။
အကြားအမြင်သုတမဘက်၊ ဘာဝနာခက်တယ်။

မရှိပညတ်၊ ရှိပရမတ်၊ ဆထ်ဆတ်သိရမယ်။
မရှိပညတ်၊ ရှိပရမတ်၊ သီလတ်လမ်းမှန်မယ်။
လမ်းမှန်သိမှ၊ ဝဋ်ဒုက္ခ၊ မုချကျွတ်နိုင်မယ်။

ရုပ်နာမ်အစု-ခေါ်မှုသူငါ၊
မရှိပညတ်-သိမှတ်ဉာဏ်မှာ။
အမှန်သိလတ်-ဝိပဿနာ၊
အနတ္တ-မှတ်ကြကေန်သာ။

ရုပ်နာမ်မသိ-ဒိဋ္ဌိဖြစ်မှာ၊
ရုပ်နာမ်သိရှိ-ဒိဋ္ဌိကင်းကွာ။
ရုပ်နာမ်နှစ်ပါး-ရှုပြားသူသာ၊
မှန်မလွဲ-ရောက်မြဲနိဗ္ဗူတာ။

နာမ်လိမ္မာမှ၊ ရုပ်သက်သာမယ်။
နာမ်မလိမ္မာ၊ ရုပ်နာလိမ့်မယ်။
နာမ်မအေး၊ ရုပ်ချေးဖြစ်လိမ့်မယ်။

**မှတ်ချက်။** ။ အို—လူအပေါင်းတို့ သင်တို့သည် နေ့စဉ်နေ့တိုင်းပင် ကောင်းမှုကုသိုလ်ကို ပြုလုပ်နေကြပါလျက် အဘယ်ကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရသလဲ၊ အလုပ်မမှန်သေးလို့မှတ်၊ ကုသိုလ်လုပ်တဲ့အခါ ညွှန်ပြခဲ့သည့်အတိုင်း စံနစ်တကျ ဝိပဿနာဉာဏ်နှင့်ယှဉ်၍ လုပ်ရသည်၊ သို့မှ အသိမှန်ကာ နိဗ္ဗာန်ကို ရနိုင်သည်မှတ်ကြလေ၊ အထူးသဖြင့် ပကာသနအားမကြီးစေဘဲ အတ္တကင်းကွာ ခန္ဓာငါးပါးပေါ်အောင် ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် ပြုလုပ်ကြပါဟု ဆိုလိုသည်၊ သာသနာတွင်း သာသနာပကုသိုလ်ပြုပုံကို ပြဆိုချက်ပြီး၏။

## ဣန္ဒြေဘက်ဆိုင်ရာကို ဝေဖန်ပြဆိုချက်

**ဣန္ဒြေလုံခြုံရန် သတိဖြင့်ပိတ်**

ဧထ တုမှေ ဘိက္ခဝေ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ၊ (သံယုတ်ပါဠိတော်) ဘိက္ခဝေ-ရဟန်းတို့၊ ဧထ-လာကြကုန်လော့၊ တုမှေ-သင်တို့သည်၊ ဣန္ဒြိယေသု-စက္ခုစသော ဣန္ဒြေခြောက်ပါးတို့၌၊ ဂုတ္တဒွါရာ- လုံခြုံသောတံခါးရှိကြလေအောင်၊ ဝိဟရထ-ပိတ်ဆို့၍နေကြကုန်လော့။ အဓိပ္ပါယ်ကား....မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်, ဤခြောက်ပါးတို့ကို လုံခြုံအောင်ပိတ်ဆို့၍ နေကြကုန်ဟုဆိုသည်၊ ဤခြောက်ပါးတို့၌ လုံခြုံအောင်ပိတ်ခြင်းကို ဣန္ဒြေခေါ်သည်၊ လောက၌ တံခါးမှူးတံခါးစောင့်(ဒွါရဝန်)တို့သည် မိမိတို့ဆိုင်ရာ တံခါးများကို အလိုရှိတိုင်း နိုင်နင်းစွာ ပိတ်ဆို့ခွင့်ရ၏။ ရန်သူတို့ မဝင်မထွက် မဖျက်မဆီးနိုင်ပေ၊ ထိုတံခါးမှူးတံ

ခါးစောင့်တို့ကို တံခါးပိုင်သောသူ တံခါးအစိုးရသောသူဟူ၍ ခေါ်ဆိုကြရလေ၏။

ထိုအတူ စက္ခုဒွါရခေါ်သော မျက်စိပေါက်ကို လုံခြုံအောင်ပိတ်ဆို့ရာ၏၊ မျက်စိပေါက်၌ အကုသိုလ်တရားတို့ မဝင်မရောက်နိုင်စေရန် လုံခြုံအောင် ပိတ်ဆို့ခြင်းအမှုကို မျက်စိပေါက်၌ အစိုးရသောကြောင့် စက္ခုန္ဒြေဟုဆို၏။ ကြွင်းသောဣန္ဒြေငါးပါးတို့၌လည်း နည်းတူပင် မှတ်ယူအပ်ပေသည်၊ "ဣန္ဒြေ" ဟူသောစကားအရ မျက်စိသည်တို့ကို လုံခြုံအောင် ပိတ်ဆို့ခြင်းတို့၌ မျက်စိကို မှိတ်ထားခြင်း, အဝတ်စသည်တို့ဖြင့် ဖွဲ့စည်းချည်နှောင်ထားခြင်းများကြောင့် အဆင်းအမျိုးမျိုးတို့၌ မမြင်ရခြင်းမျိုးကို မျက်စိလုံခြုံသည် အစိုးရသည်ဟု ထင်မှတ်၍ စက္ခုန္ဒြေဆိုရသည်မဟုတ်ပေ။

ဤကဲ့သို့ လောက၌ တံခါး ပေါက်များကို လုံခြုံအောင်ပိတ်ဆို့သကဲ့သို့ မျက်စိ ပေါက်စသည်ကို ပိတ်ဆို့ရသည်ဟု မှတ်ထင်ပါလျှင် နား နှာခေါင်း များမှာ မျက်စိကဲ့သို့ ပိတ်ဆို့၍ ရနိုင်ရန် အတန်ငယ်ရှိသည်ဟု ထင်ခဲ့သော် ဟုတ်စေတော့၊ လျှာကိုပိတ်လျှင် ပါးစပ်ကို အပ်နှင့် ခြုတ်ရပေလိမ့်မည်၊ ဤကဲ့သို့ ခြုတ်ထားပါးမူ ထမင်းအသက် ခုနစ်ရက်ဆိုသဖြင့် ရှစ်ရက် ကိုးရက်ကြာလျှင် အမှန်ပင် သေရာ၏။ တရားအားထုတ်ရာ၌ အချိန်မှာနှစ်ပေါင်းသုံးဆယ်ကျော် ကာလကြာကြာကုန်၏။ ယခုလို ဖြစ်ခဲ့သော်ဣန္ဒြေကို ဟောတော်မူခြင်းသည် တရား အားထုတ်သူတို့ကို သေအောင် ပြုလုပ်သည်နှင့် တူပေရာ၏။ ခုနစ်ရက်မကြာမီ ပါးစပ်ကိုဖြေ၍ ရံခါရံခါ ခြုတ်မည် ဆိုခဲ့ပြန်လျှင်လည်း မျက်စိ နား နှာခေါင်း လျှာတို့မှာ အပေါက်ကဲ့သို့ သဏ္ဌာန်ရှိသဖြင့် ဟုတ်စေဦးတော့၊ ကိုယ်နှင့်စိတ်မှာမူ အပေါက်သဏ္ဌာန်မရှိပေ၍ ပိတ်

ဆို့နိုင်ရန် အကြောင်း မရှိပေ၊ မြတ်စွာ ဘုရားသည် ကာယဒွါရ, မနောဒွါရဟု ဟောတော်မူ၍ ထိုကာယဒွါရ, မနောဒွါရတို့ကို လည်း လုံခြုံအောင် ပိတ်ဆို့ရမည်ဟု ဟောတော်မူခဲ့သည်ကား အလွန်ပင် ထင်ရှားလှပေသည်။

ဆိုအပ်ခဲ့ပြီးသော ဒွါရခြောက်ပါးကို လုံခြုံအောင် ပိတ်ဆို့ရန် ဣန္ဒြေခြောက်ပါးကို မြတ်စွာဘုရား ဟောတော်မူသော ဒေသနာတော်၌ အလိုတော်ကျဖြစ်သော အဓိပ္ပါယ်မှာ သတိပဋ္ဌာန် ရှုမှတ်နည်းတွင် စိတ္တာနုပဿနာ၌ ပြဆိုခဲ့သောအတိုင်း မြင်လျှင် မြင်တယ်ဟု မှတ်ခြင်းသည် စက္ခုဒွါရကို လုံခြုံအောင် ပိတ်ဆို့သော စက္ခုန္ဒြေမည်၏။ ထို့အတူ ကြားလျှင် ကြားတယ်, နံလျှင် နံတယ်,စားလျှင် စားတယ်,ထိလျှင် ထိတယ်,သိလျှင် သိတယ်ဟု မှတ်ခြင်း များသည် သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ,ကာယဒွါရ,မနောဒွါရဟူသော နား,နှာခေါင်း,လျှာ, ကိုယ်,စိတ်,တို့ကို လုံခြုံအောင် ပိတ်ဆို့သော သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ, ကာယိန္ဒြေ,မနိန္ဒြေတို့ မည်ကုန်၏ဟု မှတ်ယူအပ်ပေ သည်၊ထို့ကြောင့် မြင်မြင်တယ်, ကြားကြားတယ်, နံနံတယ်,စား စားတယ်,ထိ ထိတယ်,သိ သိတယ် ဟု အမြင်နှင့်အမှတ်ကို အခိုက် အတန့် အခိုက်အတန့်၌ စပ်မိအောင် မလစ်လပ်စေဘဲ မြဲမြဲ စွဲစွဲ မှတ်ရလေသည်၊ဤသို့မှတ်၍ သိသည်ကိုဣန္ဒြေလုံခြုံသည်ဟုဆိုလေ သည်၊ လိုရင်းမှာ သတိတခုကို မြဲမြံစေမှုပင်တည်း။

ဤနေရာ၌ ကရဏ္ဍကလိုဏ်ဂူကြီး၌ အနှစ် ခြောက်ဆယ် ကျော် သီတင်းသုံးနေထိုင်သော်လည်းဂူကြီး၏အထက်အမိုးကို တခါမှမော်မကြည့်ဘူးသော "စိတ္တဂုတ္တ" မထေရ်ကြီး,၎င်းပြင်စောရ ကကျောင်းတိုက်၌သီတင်းသုံးနေထိုင်လျက် ရဟန်းဖြစ်သည်မှစ၍ ယခုနေ့ရက်သို့တိုင်အောင် မာတုဂါမတို့၌ လောဘစိတ်ဖြင့် တခါ

မျှ မကြည့်ဘူးမိသော "မဟာမိတ္တ"မထေရ်ကြီး ဤမထေရ်မြတ်နှစ်ပါးတို့ စက္ခုန္ဒြေကို စောင့်ရှောက်ခြင်းများသည် ဣန္ဒြိယသံဝရသီလဖြစ်၏၊ဝိပဿနာအရာမျိုး မဟုတ်ပေ၊(ဝတ္ထုသွားကို ဣန္ဒြိယသံဝရသီလခဏ်း၌ ပြဆိုခဲ့ပြီ)ထိုကြောင့်ဝိပဿနာ အရာ၌ ဣန္ဒြေများကို လုံခြုံအောင် အစိုးရအောင် ပိတ်ဆို့မှု စောင့်ရှောက်မှုများမှာ ဒွါရခြောက်ပါး၌ ထိခိုက်လာသော အာရုံခြောက်ပါးကို မြင်တယ်, ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ဟု သတိဖြင့် မှတ်ခြင်းအမှုကို ယူရမည်ဟူ၍ အဋ္ဌကထာ ဆရာမြတ် မိန့်ဆိုတော်မူ၏။

စက္ခုန္ဒြိယသံဝရ သံဝုတော ဝိဟရတီတိ ဧတ္ထ စက္ခုမေဝ ဣန္ဒြိယံစက္ခုန္ဒြိယံ၊သံဝရဏတော သံဝရော ပိဒဟနတော လက္ခဏာတောတိ ဝုတ္တံ၊ သတိယာဧတံအဓိဝစနံ။(မူလပဏ္ဏာသ,အင်္ဂုတ္တိုရ်အဋ္ဌကထာ။)

စက္ခုန္ဒြိယသံဝရသံဝုတော ဝိဟရတီတိဧတ္ထ။ မျက်စိကိုလုံခြုံအောင် စောင့်ရှောက်၍နေ၏ဟူသော ဤစကား၌၊ စက္ခုမေဝ-မျက်စိဖြင့်သာလျှင်၊ ဣန္ဒြိယံ-အဆင်းအမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသည်တည်း၊ စက္ခုန္ဒြိယံ-အဆင်းအမျိုးမျိုးကိုမြင်ခြင်း၌ အစိုးရသောမျက်စိ၊ သံဝရဏတော သံဝရော- စောင့်ရှောက်ခြင်း၊ ပိဒမာနတော လက္ခဏာတော- ပိတ်ဆို့ခြင်း၊ ဣတိ-ဤသို့။ ဝုတ္တံ-ဆိုလိုသည်၊ ဟောတိ-ဖြစ်၏၊ ဧတံ-စက္ခုန္ဒြေကိုစောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းဟူသော ဤအမည်သည်၊ သတိယာ-မမေ့မလျော့အပ်သော သတိ၏၊ ဝါ-မြင်သည်ကိုသာလျှင် မြင်တယ်ဟုမှတ်ခြင်း၏၊အဓိဝစနံ-အမည်ပေတည်း။ (သိရှိနားလည်စေရန်အတွက် အသေအချာ မြန်မာပြန်ဆိုအပ်သော သဘာဝတ္ထအနက်ပေ

တည်း၊အဓိပ္ပါယ် ပေါ်လွင်နေပြီဖြစ်၍ ခဲရာခဲဆစ် အနက်များ ကိုသာ နောက်ပေးသွားလိမ့်မည်။)

ဤအဋ္ဌကထာများ၏ စကားအရဖြင့် အထက်၌ ဖေါ်ပြခဲ့သော အဓိပ္ပါယ်များကို ယုံကြည်ရန် သင့်လှပေသည်၊နောက်၌ ဖေါ်ပြခဲ့သော ပေါဋ္ဋိလမထေရ်ကြီးအား တောင်ပို့၌ ဖွတ်ကို ဖမ်းပုံ ဥပမာထား၍ သာမဏေငယ်ကလေးက နည်းပေး ဟော ကြားသော ကမ္မဋ္ဌာန်းတရား၌ အားထုတ်ရန်များသည်လည်း ယခု ပြဆိုခဲ့သော ဠာဏ္ဍေ ခြောက်ပါး၌ လုံခြုံအောင် ပိတ်ဆို့ သော ဝိပဿနာ လုပ်နည်း များပင် ဖြစ်လေသည်၊ မယုံကြည်ရှိ နေလျှင် စမ်းသပ် အားထုတ်ကြည့်က ဒိဋ္ဌကိုယ်တွေ့ပင် သိမြင်ရ ပေလိမ့်မည်၊သဘောမှာ မြင်သောအခိုက်၌ မြင်တယ်ဟုမှတ်လျှင် မြင်ခြင်းမျှကိုသာသိ၏၊ ဤ မြင်ခြင်းမျှ ဖြစ်သော သဘောသည် ပရမတ်ဖြစ်၍ ပရမတ်ကိုမိမှ ထိခိုက်မှ ရုပ်နာမ်ကို အမှန်သိသော ဝိပဿနာဖြစ်နိုင်ပေသည်၊ဤသို့ ဝိပဿနာဖြစ်သည်ကို စက္ခုဒွါရ ကို စောင့်ရှောက်သည် ,လုံခြုံအောင်ပိတ်ဆို့သည်, မျက်စိကို အ စိုးရသည်ဟုဆို၏။ မြင်တယ်မှတ်၍ မြင်ခြင်းမျှကိုသိလျှင် သရုပ်ပြ လတံ့သော ဝတ္ထုဒွါရဝိညာဏ်စသည်ကိုလည်း သိမြင်ပြီးဖြစ်လေ တော့သည်၊ဤသို့ သိမြင်သည်ဆိုရာ၌ တခုစီ တခုစီ အကုန်အစင် ဉာဏ်၌မထင်သော်လည်း သဘာဝမမှတ်ပေါင်းစည်းပါဝင်သွား သည်ဟုယူရ၏၊ အောက်"ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ"နေရာအခဏ်း ၌လည်း အကျဉ်းအားဖြင့် ဖေါ်ပြခဲ့လေပြီ၊ နောက်လည်း ဆိုင် ရာဆိုင်ရာတို့၌ အထပ်ထပ် ဖေါ်ပြရပေဦးမည်၊ဤသို့ ထပ်ကာတ လဲလဲ ရေးသားဖေါ်ပြခြင်းအားဖြင့် ဉာဏ်အမြင်သန့်ရှင်း၍ ယ ထာဘူတ သဘောကျ နားလည်ကာ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းသည် မလွဲတန်း ပေါက်လာပါလိမ့်မည်။

ဥပမာအားဖြင့် ဟင်းအိုးတခု၌ ဟင်းနှင့်စပ်ဆိုင်ရာ အမျိုးမျိုးသော အဆောက်အဦတို့ကို ရောနှော ချက်ပြုတ်၍ လျှာနှင့် တွေ့ထိသောအခါ အရသာများကို အမည်ဖြင့်ပိုင်းခြား၍ မသိနိုင်သော်လည်း အရသာ သဘောအမျိုးမျိုး တို့သည် လျှာ၌တပေါင်းတည်းပါဝင်၍ သွားကြလေကုန်၏။ ထိုအတူပင်သာလျှင် ပရမတ္ထတရားတို့၏ သဘောသွားဖြစ်နိုင်ရန် အလားများကို သေချာစွာ မှတ်သားကြပါလေ၊ မြင်သောအခါ မြင်တယ်ဟု မမှတ်လျှင် မြင်ခါမျှဖြစ်သော ပရမတ်ကို လွန်၍ အမည်သင်္ကေတပုံပန်းသဏ္ဍာန်ဒြဗ်ဖြစ်သော ပညတ်တွေကိုမြင်၏။ ထိုအခါ ဣဋ္ဌာရုံကို မြင်လျှင် သဘောကျ နှစ်သက် သာယာသော လောဘ ဖြစ်လာ၏။အနိဋ္ဌာရုံကိုမြင်လျှင် သဘောမကျ မနှစ်သက် မသာယာသော ဒေါသ ဖြစ်လာ၏။ ပညတ်မျှကိုသာ သိ၍နေလျှင် ပရမတ်ရုပ်နာမ်ကို အမှန်မသိသော မောဟဖြစ်လာ၏။ ၎င်း သုံးပါးတို့တွင် လောဘကို သုခဝေဒနာ, ဒေါသကို ဒုက္ခဝေဒနာ, မောဟကို ဥပေက္ခာဝေဒနာဆိုသည်။

တရားကို အားထုတ်သော အလုပ်မည်သည် လောဘ, ဒေါသ, မောဟတို့ မဖြစ်စေရဘဲ သိခြင်းဟူသော ဉာဏ်ပညာပေါ်လာအောင် ပြုလုပ်ခြင်းပေတည်း၊ ထိုကြောင့် မြင်လျှင်မြင်တယ်ဟု မှတ်ခြင်းသည် မြင်ကာမျှ ဖြစ်သော ပရမတ် ရုပ်နာမ်ကိုသာ အမှန်သိသည်ဖြစ်၍ ဝိပဿနာတရားမည်၏ဟု ဆိုခဲ့ပေသည်၊ စက္ခုန္ဒြေတခု၌ ဘော်ပြသော အနက်သဘောသွားကဲ့သို့ ကြွင်းသော ဣန္ဒြေငါးပါးတို့၏ အနက် သဘောများကိုလည်း ဤအတိုင်း ပိုင်းခြား၍ သိမှတ်ကြပါလေ။

**အထူးမှာ-** အောက်က ဆိုခဲ့သည့် ပေါ၌လ မထေရ်ကြီးအား သာမဏေငယ် ကလေးက ပေးသော ကမ္မဋ္ဌာန်း နည်းမှာ

တောင်ပို့၌ ဖွတ်ဝင်သော အပေါက်တခု ဂယ်ပေါက်ခေါ်သော နံဘေး အတက်များ၌ အပေါက်ငါးခု ရှိရာ ၎င်း ငါးပေါက်ကို ပိတ်ဆို့၍ ဝင်သွားသော အပေါက်တခုက ဖွတ်ကိုဖမ်းသကဲ့သို့ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရဟူ သောအပေါက်ငါးခုကို ပိတ်၍ မနောဒွါရခေါ်သော အပေါက်က စောင့်၍ဖမ်းလေဟု ဥပမာစကားဖြင့် ဟောကြားနည်းပေး လေ၏။ ဒွါရ (အပေါက်) ခြောက်ခုတို့တွင် စက္ခု,သောတ, ဃာန,ဇိဝှာ, ကာယ, ငါးပေါက်မှာ ရုပ်ဒွါရဖြစ်၍ မနောဒွါရမှာ နာမ်ဒွါရဟုလည်း ခွဲခြားသိမှတ်ကြလေဦး၊ (ပေါဋ္ဌိလဝတ္ထုသွား အကျယ်ကို အောက်က ပြဆိုခဲ့ပြီဖြစ်၍ ပြန်ကြည့်ကြလေ)။

မြတ်စွာဘုရားသည် "ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ" ဆိုသဖြင့် ဒွါရခြောက်ပါးလုံးကို ပိတ်ဆို့ရမည်ဟု ဟောတော်မူ ၏၊ ဤကဲ့သို့ဟောတော်မူသော ဒေသနာတော်ကို တိုက်ရိုက်မှုချ မယူမူ၍ သွယ်ဝိုက်သော ဥပမာနည်းဟူ၍ မှတ်ယူ အပ်ပေသည်၊ ဤနည်း နှစ်မျိုးသည် ပညတ်ခေါ်ဝေါ်သော စကားတို့ကွဲပြား သကဲ့သို့ ရှိသော်လည်း တရားအားထုတ်ရပုံ ပရမတ်အဓိပ္ပါယ် သဘောသွားမှာ အထက်က ပြဆိုခဲ့သော သတိပဋ္ဌာန် ရှုမှတ်နည်း များကို သဘောထားမိပါလျှင် တသားတည်းပင် ဖြစ်ကြောင်း ကို ကောင်းစွာ သိသာပေလိမ့်မည်။ မြတ်စွာဘုရား ဟောကြား တော်မူသော ဣန္ဒြိယဂုတ္တဒေသနာတရားကို ဥပစာနည်းဟု ဆိုခဲ့ရာ "သတိ ယာ ဧတံ အဓိဝစနံ"ဟု အဋ္ဌကထာ၌ဖွင့်ပြသဖြင့် လွန်စွာ ထင်ရှားလှပေ၏။ ရှေးဆရာမြတ်တို့သည်လည်း "အဓိဝစနံ၊ နာမံရှိ ရာ၊ ဥပစာ"ဟု မိန့်ဆိုတော်မူကြကုန်၏။

ဥပမာအားဖြင့် လောက၌ တောင်ဘက်အိမ်သည် လွန် စွာ ဆူညံသည် ဟူ၍၎င်း, တောင်ဘက်ကျောင်းသည် လွန်စွာ

စာအံသည် ဟူ၍ရင်း ဤသို့စသည်ဖြင့် ပြောဆိုရိုး ပြုကြကုန်၏။ သို့သော် ထိုပြောဆိုသော စကားအတိုင်း မဟုတ်နိုင်ပေ၊ စင်စစ်မှာ အိမ်ကဆူညံကြ ကျောင်းက စာအံခြင်းများ မပြုတတ်ပေ။ အိမ်၌ရှိသောလူများကသာ ဆူညံခြင်း, ကျောင်း၌ရှိသောသံဃာများကသာ စာအံကြလေသည်။ ဤသို့ပင် သက်မဲ့ဝတ္ထုတခုကို သက်ရှိသတ္တဝါပေါ်၌ တင်စား၍ အိမ်ဆူသည်, ကျောင်းစာအံသည်ဟု ခေါ်ဆိုခြင်းဖြစ်လေသည်။ (ဘုရားဟော ဒေသနာသုံးမျိုးရှိပုံကို အောက်က ညွှန်ပြခဲ့လေပြီ၊) ထို့အတူ-သတိသမ္ပဇဉ်ဖြင့် ပိတ်ဆို့ရမည်ကို စက္ခုစသော ဒွါရများကို ပိတ်ဆို့၍နေကြဟု ဥပစာ နည်းအားဖြင့်သာ မြတ်စွာဘုရား ဟောကြားတော်မူသည်ဟု မှတ်ယူအားထုတ်မှ "သတိယာ ဧတံ အဓိဝစနံ" ဟူသော အဋ္ဌကထာနှင့် မကွဲပြားဘဲ ပရမတ် သဘောတရား၌ တသားတည်း ညီမျှသော အဓိပ္ပါယ်များကို မမှားမယွင်းဖြောင့်စင်းမှန်ကန်စွာ ရရှိနိုင်ကြပေလိမ့်မည်။ ဣန္ဒြေများကိုလုံခြုံအောင် သတိနှင့် ပိတ်ဆို့ရပုံကို ပြဆိုချက်တရပ်ပြီး၏။

**စောင့်ရှောက်ရန် ဘုရားဟောပုံ**

ယခု ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန် ရှုမှတ်ပုံနည်းအရ မြင်သည်ကို မြင်တယ်ဟု မှတ်သဖြင့်စက္ခုဣန္ဒြေ လုံခြုံခြင်း,မြင်သည်ကိုမြင်တယ်ဟု မမှတ်သဖြင့် စက္ခုဣန္ဒြေမလုံခြုံခြင်းများကို ဘုရားရှင် ဤသို့ ဟောတော်မူ၏။

စက္ခုနာ ရူပံ ဒိသွာ မာ နိမိတ္တဂ္ဂါဟီနော့ အဟုဝတ္ထ၊ မာ အနုဗျဉ္ဇနဂ္ဂါဟီနော၊ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇထ ရက္ခထ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇထ။ (သံယုတ်ပါဠိတော်)

ဤဒေသနာတော်မြတ်အရ မြင်သည်အခိုက်၌ မြင်တယ်ဟု မှတ်လျှင် မြင်ခါမျှဖြစ်သော ပရမတ်ကိုသာသိ၏ဟု ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် မြင်သည်အခိုက်၌ မြင်တယ်ဟု မမှတ်လျှင်မြင်ခါမျှဖြစ်သော ပရမတ်ကိုလွန်၍ ယောကျ်ားမိန်းမဟူသောပညတ်, လက်ခြေဟူသောပညတ်, မျက်ခုံးမျက်လုံးဟူသော ပညတ်, နှုတ်ခမ်းသွားမေး ဟူသော ပညတ်, ဤသို့စသော ပညတ်တွေကိုသာမှတ်၍ ပညတ်တွေကိုသာသိလေ၏။ ပညတ်ကိုသိလျှင် ကောင်းသောဋ္ဌာရုံ၌ သာယာခြင်း လောဘဖြစ်၏။ မကောင်းသော အနိဋ္ဌာရုံ၌ မသာယာခြင်း ဒေါသဖြစ်၏။ အပေါင်းအသင်းဖြစ်သော အကုသိုလ်တရားတို့သည်လည်း ပါဝင်ကုန်၏။ ထိုတရားတို့သည် အပါယ်လေးပါးသို့ ပစ်ချလေ၏၊သံသရာ၌ အမြဲလိုက်၍ နှိပ်စက်ကုန်၏။ထိုကြောင့် လောဘ, ဒေါသတို့ မဝင်နိုင်စေရန် မျက်စိကို လုံခြုံအောင်ပိတ်ဆို့ကြဟု ဟောတော်မူ၏။

မျက်စိဖြင့် အဆင်းကိုမြင်လျှင် ယောကျ်ားမိန်းမဟူ၍ အပေါင်းဖြစ်သော ခန္ဓာကိုယ်ကို မမှတ်မယူကြနှင့်၊ လက်,ခြေ,နား, နှာခေါင်းစသော ကိုယ်အင်္ဂါအစိတ်များကို မမှတ်မယူကြနှင့်ဟု ဟောတော်မူသော ဒေသနာတော်ကို သဘောကျပါလျှင် အဆင်းကိုမမြင်အောင် မျက်စိကိုပိတ်ခြင်း, အသံကိုမကြားအောင် နားကိုပိတ်ဆို့ခြင်း စသည်များသည် ဝိပဿနာမဟုတ်လျှင်၊ မြင်တယ်ဟု မှတ်ခြင်းသည်သာ ဝိပဿနာ ဖြစ်သည်ဟု ပြဆိုခဲ့သော အဓိပ္ပါယ်သဘော ရှုမှတ်ပုံနည်းများကို ဖြောင့်စင်း ဟုတ်မှန်ကြောင်း ကောင်းစွာသိရှိလာကြပေလိမ့်မည်။

စက္ခုံ ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမ္ပိဒံ စက္ခုသမ္ဖဿ

ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အာဒိတ္တံ။ (သံယုတ်ပါဠိတော်)

ဤအာဒိတ္တဒေသနာတော်မြတ်၌ မျက်စိစသည်ကိုရာဂမီး, ဒေါသမီး, မောဟမီး ဖြင့်တောက်လောင်သည်ဟု ဟောတော်မူရာ ဒွါရ,အာရုံ,ဝိညာဏ်, ဖဿ, ဝေဒနာများလည်း ပါဝင်ကြလေ၏။ သုခံဝါ-ချမ်းသာသည်လည်းဖြစ်သော၊ ဒုက္ခံ-ဆင်းရဲသည်လည်း ဖြစ်သော၊ ဟု အနက်ပေးသော သုခဝေဒနာ ဒုက္ခဝေဒနာဟူသည် အလွန်သဘောကျ ထင်ရှားသော ပီတိချမ်းသာမျိုးကိုသာ သုခဝေဒနာ၊ ထိခိုက်နာကျင်၍ အလွန်ဆင်းရဲမျိုးကိုသာ ဒုက္ခဝေဒနာဟုမမှတ်နှင့်၊ သဘောကျသော အမူအရာ, သဘောမကျသော အမူအရာ သဘောမျိုးကိုပင် သုခဝေဒနာ, ဒုက္ခဝေဒနာဟု သေချာစွဲမြဲစွာ မှတ်သားကြပါလေ။

ယခုဟောတော်မူသော ဒေသနာတော်၏ အဓိပ္ပါယ်အရ၊ မျက်စိစသည်၌ ရာဂမီးမလောင်အောင်, နှစ်သက်ခြင်းသဘော မနှစ်သက်ခြင်းသဘောများ မဖြစ်စေရအောင် ပြုလုပ်ရန်မှာ မြင်တယ်ဟုမှတ်ခြင်းပင်တည်း။ အဘယ်ကြောင့်ဆိုသော် မျက်စိနှင့် အဆင်းသည် အမြဲပင် တွေ့ဆုံနေကြ၏။ တွေ့ဆုံလျှင် ဣဋ္ဌာရုံ,အနိဋ္ဌာရုံ တခုခုဖြစ်၏။ ဣဋ္ဌာရုံဖြစ်လျှင် သဘောကျ နှစ်သက်သော အမူအရာသဘော ပေါ်လာသဖြင့် လောဘဖြစ်၍ ရာဂမီးလောင်၏။ အနိဋ္ဌာရုံဖြစ်လျှင် သဘောမကျ မနှစ်သက်သော အမူအရာ သဘော ပေါ်လာသဖြင့် စိတ်၌ မချမ်းသာ၍ ဒေါသမီးလောင်၏။ မသိလျှင် ဝေဒနာသုံးပါးဖြစ်၍ မီးသုံးပါးလောင်သည်မည်၏။ ထိုကြောင့် အမှန်သိအောင် မြင်လျှင် မြင်တယ်ဟု မှတ်ရလေသည်။

**ထေရိကာ အမျိုးသမီး**

ဤနေရာ၌ ဗဟိဒ္ဓ က ပကတိမီး တောက်လောင်သည်ကို မြင်၍ အဇ္ဈတ္တိက အတွင်းမီး ငြိမ်းအေးသွားသော သာဝတ္ထိမြို့သူ ထေရိကာ အမည်ရှိ အမျိုးသမီးတဦး၏ ဝတ္ထုသွားကလေးကို စာရှုသူတို့ စိတ်ဝင်စားဖွယ်ရာ ထည့်သွင်း ဖော်ပြလိုက်ပေသည်။ ဘုရားရှင် လက်ထက် သာဝတ္ထိမြို့သူ ထေရိကာမည်သော အမျိုးသမီး တယောက်သည် သီတင်းနေ့ ဥပုသ်စောင့်လျက် ဘုရားထံမှ အနိစ္စတရားတော်ကို နာခဲ့၍ အိမ်သို့ရောက်သောအခါ တနေ့သ၌ ဆီထောပတ်များ ထည့်လျက် ဟင်းချက်၏။ ဟင်းရွက်ခြောက်များကိုလည်း ခတ်၏။ ထိုသို့ ဟင်းရွက်ခတ်ဆဲ၌ ဟင်းအိုးဝေဖိတ်၍ ဆီထောပတ်တို့ကြောင့် မီးတောက်ထလျက် ဟင်းအိုး ဟင်းရွက်တို့သည်အကုန်လုံး လောင်ကျွမ်း၍ သွားကုန်၏။ ထိုသို့ လောင်ကျွမ်း၍ သွားသည်ကိုမြင်လျှင် ငါ၏ ကိုယ်ခန္ဓာသည်လည်း ဤဟင်းအိုးကဲ့သို့ ကွဲပျက်လတံ့၊ ငါ၏ရုပ်သည်လည်း ဤဟင်းရည် ဟင်းရွက်တို့ကဲ့သို့ ဇရာမီး, မရဏမီးတို့သည် အမြဲလောင်၍ ခဏချင်း ချုပ်ပျက်၍ ချုပ်ပျက်၍ နေချေ၏ဟု မိမိရုပ်ကို ဟင်းအိုးဟင်းရွက်တို့နှင့် ထပ်တူဆောင်လျက် ဝိပဿနာဉာဏ်ဖြင့် အနိစ္စသညာကို ရှုမှတ်လေလျှင် ထင်မြင်၍ ခဏချင်း မီးဖိုချောင်ထဲ၌ပင် အနာဂါမ်တည်သွားလေ၏။ ထိုနောင် လူ့ဘောင်မှထွက်၍ ဘုရားအထံ၌ ရဟန်းပြုပြီးလျှင် အထက်မဂ်ဖိုလ် အလို့ငှာ ဝိပဿနာကို တယောက်တည်း အားထုတ်နေသည်ကို ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်မှ မြတ်စွာဘုရား မြင်လေလျှင် အရောင်တော်ကို လွှတ်လျက် ကိုယ်တော်ကို ထင်ရှားပြ၍—

သုခံ သုပ္ပါဟိ ထေရိကေ၊ ကတွာ စောဠေန ပါရုတာ။

ဥပသန္တော ဟိ တေ ရာဂေါ၊ သုက္ခဒါကံဝ ကုမ္ဘိယံ။
(ထေရီဂါထာ ပါဠိတော်)

ထေရိကော-အို ချစ်သမီး၊ ထေရိကာ၊တွံ-သင်သည်၊စော ဋ္ဌေန- ဖန်ရည်ဆိုးစွတ် ပံ့သုကူအဝတ်ကို၊ ကတွာ-ခြုပ်ဆိုးခြင်းကို ပြု၍၊ ပါရုတာ-ဝတ်ရုံလျက်၊ သုခံ-ချမ်းချမ်းသာသာ၊ သုပ္ပါဟိ-အိပ်လော၊ ဝါ-နေလော၊ ဟိ- အဘယ့်ကြောင့်နည်း ဆိုသော်၊ ကုမ္ဘိယံ-သင်ချက်သောဟင်းအိုး၌၊သုက္ခဒါကံဝ-ဟင်းရွက်ခြောက် ကဲ့သို့၊ တေ-သင်အား၊ ဝါ-သင်၏၊ ရာဂေါ- လုံးစုံဒုက္ခ ဘေးဘယကို ဖြစ်စေတတ်သော ကာမရာဂသည်။ ဥပသန္တော-မဂ်ဉာဏ်မီးကြောင့် အပြီးတိုင်လောင်ကျွမ်း ချုပ်ငြိမ်းလေပြီ ဟူသော ဩဘာသ ဂါထာကို အားပေးဟောကြားသောအခါ အလွန်တရာ အားတက် ဝမ်းမြောက်လျက် ဝိပဿနာကို တိုးပွားစေ၍ ဂါထာ အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍သွားလေ၏။

ဤသို့ ဗဟိဒ္ဓရုပ်ကို သံဝေဂရှုကာ အနိစ္စသညာထင်မြင် လျှင်လည်း မိမိကိုယ်ခန္ဓာကိုလည်း ထင်မြင်နိုင်တော့၏။စာတတ် ရန်မလိုပါ။ ပရမတ် ရုပ်နာမ်သဘောကိုသာ အမှန်သိဖို့ အရေး ကြီး၏။ ယခုကာလ အမျိုးသမီးများဖြစ်မူ အနိစ္စသညာထင် မည့်ဝေးစွ၊ မီးဖောက်တလောင်သည်ကို မြင်ကတည်းက အလန့် တကြား ဂယောင်ဂတမ်း မြည်တမ်းအော်ဟစ်လျက် ဆူဆူညံညံ ဖြစ်နေမည်မှာ မုချကေန် အမှန်မလွဲတည်း။

မျက်စိကို ပယ်စွန့်ကြ

ထိုအပြင် စက္ခုံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ၊တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ (သံယုတ်ပါဠိတော်) ဘိက္ခဝေ- ဘိက္ခုတို့၊ စက္ခုံ-မျက်စိသည်၊ နတုမှာကံ- သင်ချစ်သားတို့ ဥစ္စာမဟုတ်၊ တံ-ထိုသင်ချစ်သားတို့ ဥစ္စာမဟုတ်သော မျက်စိကို၊ ပဇဟထ-ပယ်စွန့်

ကြကုန်လော၊တံ-ထိုသင်ချစ်သားတို့ ဥစ္စာမဟုတ်သော မျက်စိကို၊ ပဟီနံ- ပယ်စွန့်လိုက်သည်ရှိသော်၊ ဝေါ-သင်ချစ်သားတို့အား၊ဟိတာယ၊ အစီးအပွားများခြင်းငှာ၊ သုခါယ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှာ၊ ဘဝိဿတိ- ဖြစ်ရပေလတံ့။ (ပါဠိတော်အနက်။)

ဤဒေသနာတော်အရ မျက်စိကိုပယ်စွန့်ကြ၊ မျက်စိကိုပယ်စွန့်လျှင် ချမ်းသာရလိမ့်မည်ဟု ဟောတော်မူသဖြင့်၊ မျက်စိကို မစွန့်လျှင် ဆင်းရဲဒုက္ခ ရောက်လိမ့်မည် ဟူသော အဓိပ္ပါယ်လည်း ပြီးစီးလေ၏။ မျက်စိကိုစွန့်ရမည်ဆိုရာ၌ (ရူပံ ဘိက္ခဝေ ပဇဟထ -ပါဠိ၌ဆိုခဲ့သော ရဟန်းကဲ့သို့) မျက်စိကို ထိုးဖောက်ကော်ထုတ်၍ပယ်စွန့်ရမည်လည်း မဟုတ်၊အဆင်းကို မမြင်ရအောင် ရှောင်လွှဲကွယ်ကာ၍ ထားရမည်လည်း မဟုတ်၊ စင်စစ်မှာ မျက်စိဖြင့် အဆင်းကို မြင်ရသောအခါ လောဘ, ဒေါသ, မောဟတို့မဝင်ရအောင် ပယ်စွန့်ရမည်ဆို၏၊ ဤသို့ ပယ်စွန့်နိုင်ခြင်းသည် အမှန်ကိုသိအောင် ဉာဏ်ပညာမှသာလျှင် ကင်းရှင်းအောင် ပယ်စွန့်နိုင်၏။ အသိဉာဏ် ပေါ်လာရာမှာလည်း သတိစွဲမြဲမှ ဖြစ်နိုင်၏။

ထို့ကြောင့် မြင်လျှင်မြင်တယ်ဟု မှတ်ခြင်းသည် မြင်ခါမျှကိုသာသိ၍ ဖြစ်ခါမျှ ဖြစ်သော အမူအရာသဘော၌ လောဘ, ဒေါသ, မောဟတို့မဝင်နိုင်၍ ပယ်စွန့်ရာရောက်၏။ ထိုသို့ လောဘစသည်တို့မှလွတ်ကင်းလျှင် နေ့ခင်တဖန် မျက်စိမဖြစ် ချုပ်ငြိမ်းလေသောကြောင့် မျက်စိကို ပယ်စွန့်သည်မည်၏ဟု ဆိုလေသည်။ ဤဒေသနာ မျိုးများကို ရူပံ ဘိက္ခဝေ ပဇဟထ-၌ကဲ့သို့ ပရိယာယ ဒေသနာခေါ်သည် မှတ်ကြလေ။

**မျက်စိကိုသိ၊ မသိ အကျိုးအပြစ်**

စက္ခုံ ဘိက္ခဝေ အဘိဇာနံ၊ ရူပေ အဘိဇာနံ၊ စက္ခုဝိညာဏံ အဘိဇာနံ၊ စက္ခုသမ္ဖဿံ အဘိဇာနံ၊ ယမ္ပိဒံ

စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိဇာနာတိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်) ဤပါဠိတော်ဖြင့် မျက်စိကိုသိ၊ အဆင်းကိုသိ၊ မြင်သည်ကိုသိ၊ အတွေ့ကိုသိ၊ ခံစားခြင်းကိုသိ ဟုဟောတော်မူ၏၊ ထိုဒေသနာတော်အရမျက်စိစသည်ကိုသိအောင်အားထုတ်ပုံမှာ မျက်စိ၊ အဆင်း၊ အမြင်၊ အတွေ့၊ ခံစားခြင်းတို့ကို တခုစီ ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ် ရမည် မဟုတ်၊ မြင်သည်ကို မြင်တယ်ဟု မှတ်လိုက်သဖြင့် မြင်တာကို သိလျှင် အဆင်းစသည်များကိုလည်း သိပြီးဖြစ်လေ၏။ မြင်ခြင်းကို အမှန်မသိလျှင် ယောကျ်ား မိန်းမ ခြေလက်အင်္ဂါစသော ပညတ်ကိုမှတ်၍ ပညတ်ကိုသိ၏၊ ထိုအခါ နှစ်သက်ဖွယ်ထင်သော လောဘ၊ မနှစ်သက်ဖွယ်ထင်သော ဒေါသ၊ အမှန်ကို မသိသော မောဟတို့ ဝင်လာ၏၊ ထို့ကြောင့် ဒေသနာတော်အရ အဆင်း၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာတို့ကို မလိုက်ဘဲ မြင်လျှင် မြင်တယ်ဟူ၍သာ အမှတ်ဖြစ်လေတော့သည်။

ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဥ္ဇနသော နိမိတ္တဂ္ဂါဟော။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ-ရဟန်းတို့၊ တတ္တာယ- လော လော ပူ သော၊ အာဒိတ္တာယ-ရဲရဲပြောင်ပြောင် တောက်လောင်သည်လည်းဖြစ်သော၊သမ္ပဇ္ဇလိတာယ-အလျှံပြောင်ပြောင် တောက်လောင်သည်လည်းဖြစ်သော၊ သဇောတိဘူတာယ-အခိုးနှင့်တကွ တောက်လောင်သည်လည်းဖြစ်သော၊ အယောသလာကာယ- သံချောင်းဖြင့်၊ စက္ခုန္ဒြိယံ-အဆင်းအမျိုးမျိုးကို မြင်ခြင်း၌ အစိုးရသော မျက်စိကို၊ သမ္ပလိမဋ္ဌံ-ထိုးဖောက် မွှေနှောက်သဖြင့် သေဆုံးရ

ခြင်းသည်၊ ဝရံ-မြတ်လှသေး၏။ စက္ခုဝိညာဉ်ဟျေသု၊ မြင်၍ သိအပ်ကုန်သော၊ ရူပေသု - အဆင်းတို့၌၊ အနုဗျဉ္ဇနသော-လက်ခြေအင်္ဂါ မျက်နှာမျက်ခုံး မျက်လုံးရင်ဝမ်း နှုတ်ခမ်းသွားမေး စသော ကိုယ်အင်္ဂါအစိတ် နိမိတ်အာရုံကို အမြွက်ယူခြင်းသည်ရင်း၊ နိမိတ္တဂ္ဂါဟော-ယောကျ်ားဟူသောအမှတ်၊ မိန်းမဟူသော အမှတ်ကိုယူခြင်းသည်ရင်း၊ နတွေဝ ဝရံ-မမြတ်တော့သည် သာလျှင်တည်း။

ဤဒေသနာတော် အဓိပ္ပါယ်မှာ မျက်စိဖြင့် အဆင်းကို မြင်သောအခါ လောဘ, ဒေါသ, မောဟတို့ ဖြစ်ပေါ်လာစေတတ်သော ယောကျ်ား မိန်းမ စသည်တို့ဖြင့် ပညတ်တွေကိုမြင်၍ နေရခြင်းထက်ထိုမျက်စိကိုအခိုးအလျှံနှင့်တကွ ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော သံချောင်းကြီးနှင့် ထိုး ဖောက် ၍ သေလိုက်ရခြင်းကပင် လွန်စွာကောင်းမြတ်လှသေး၏။ လက်ခြေအင်္ဂါစသော ပညတ်တွေကို မြင်ခြင်းသည် အလွန်ယုတ်မာ၏။ အလွန် ကြောက်စရာကောင်း၏၊ အလွန် စက်ဆုပ် ရွံရှာဖွယ်ကောင်းလှ၏ ဟု ကဲ့ရဲ့ရှုတ်ချ၍ အပြစ်တင်တော်မူသည်၊ ဤကဲ့သို့ ပညတ်တွေကိုမြင်ခြင်း၌ ကြက်သီးမွေးညှင်းထ၍ ခေါင်းနပန်းများကြီးလာလောက်အောင် ကြောရင်များ ချမ်းစိမ့်လာ၍ လွန်စွာ ထိတ်လန့်ဘွယ် ရှိလောက်အောင် လေးလေးနက်နက်ကြီး ဒေသနာတော်ကို ထုတ်ဖော်၍ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ ထိုသို့ မြင်ဆဲ, မှတ်ဆဲခဏ၌ လောဘအာရုံ, ဒေါသအာရုံ, မောဟအာရုံများနှင့် သေ သွား ခဲ့ ပါ လျှင် အမှန်ပင် အပါယ်သို့ လားရမည်ဖြစ်သောကြောင့် ထိုဆင်းရဲဒုက္ခများသို့ မကျမရောက်ကြစေခြင်းငှါ လွန်စွာသနားတော်မူလှ၍ နစ်နစ်နာနာကြီး ဟောကြားတော်မူရလေသည်။ ဤကိုရည်၍ ရှေ့ပညာရှိ

များသည်"မကြည့်တတ်က တဏှာ၊ ကြည့်တတ်က ဘာဝနာ"ဟု မိန့်ဆိုကြခြင်းမှာ မည်မျှထိ မှန်ကန်၍ တန်ဘိုးရှိသည်ကို သဘော ပေါက်သင့်လေသည်။

နိမိတ္တဿာဒဂဓိကံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ အနုဗျဉ္ဇနဿာဒဂဓိကံ ဝါ တသ္မိံ စေ သမယေ ကာလံ ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဒွိန္နံ ဂတီနံ အညတြ ဂတိံ ဂစ္ဆေယျ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ။ (သံယုတ် ပါဠိတော်)

ဘိက္ခဝေ-ရဟန်းတို့၊ နိမိတ္တဿာဒဂဓိကံဝါ- ယောကျ်ား ဟူသောအမှတ် မိန်းမဟူသောအမှတ်ကိုယူခြင်း၌ သာယာစုံမက် နှစ်သက်မြတ်နိုးခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ရင်း၊ အနုဗျဉ္ဇနဿာဒဂဓိကံဝါ- လက်ခြေအင်္ဂါ မျက်နှာမျက်ခုံး မျက်လုံး ရင်ဝမ်း နှုတ်ခမ်းသွားမေးစသော ကိုယ်အင်္ဂါအစိတ် နိမိတ် အာရုံကိုမှတ်ယူခြင်း၌ သာယာစုံမက် နှစ်သက်မြတ်နိုးခြင်းဖြင့် နှိပ် စက်အပ်သည်ဖြစ်၍ရင်း၊ ဝိညာဏံ-မြင်ခြင်းသည်၊ တိဋ္ဌမာနံ-တည် ဆဲဖြစ်၍၊တိဋ္ဌေယျ၊ တည်ငြားအံ့၊ တသ္မိံသမယေ-ယောကျ်ားဟူ သောအမှတ် မိန်းမဟူသောအမှတ် လက်ခြေအင်္ဂါ မျက်နှာ မျက်ခုံး မျက်လုံးရင်ဝမ်း နှုတ်ခမ်းသွားမေး စသောကိုယ်အင်္ဂါ အစိတ် နိမိတ်အာရုံကိုအမှတ်ယူဆဲဖြစ်သော ထိုအခိုက်အတန့် ခဏ ကာလ၌၊ ကာလံ-သေခြင်းကို၊ စေကရေယျ-အကယ်၍ ပြုရ ငြားအံ့၊ နိရယံဝါ- ငရဲဘုံသို့ လား ရောက်ရခြင်းသည်ရင်း၊ တိ ရစ္ဆာနယောနိံဝါ-တိရစ္ဆာန်ဘုံသို့ လားရောက်ရခြင်းသည်ရင်း၊ ဒွိန္နံဂတီနံ-နှစ်ပါးသော လားရောက်ရခြင်းတို့တွင်၊ အညတြဂတိံ- တပါး ပါးသော လားရောက်ရခြင်းသို့၊ ယံ ယသ္မာ-အကြင် ကြောင့်၊ ဂစ္ဆေယျ- လားရောက်ရာ၏။ တော်ဌာနံနံ-ထိုသို့လား

ရောက်ရခြင်း၏ အကြောင်းသည်၊ ဝိဇ္ဇတိ- ထင်ရှား၏၊ တသ္မာ- ထိုကြောင့်၊ အနုဗျဉ္ဇနသော- လက်ခြေအင်္ဂါ မျက်နှာမျက်ခုံး မျက်လုံးရင်ဝမ်း နှုတ်ခမ်းသွားမေး စသော ကိုယ်အင်္ဂါအစိတ် နိမိတ်အာရုံကို မှတ်ယူခြင်းသည်ရင်း၊ နိမိတ္တဂ္ဂါဟော- ယောကျ်ား ဟူသော မိန်းမဟူသော အမှတ်ကို ယူခြင်းသည်ရင်း၊ နတွေဝ ဝရုံ-မမြတ်သည်သာလျှင်ကတည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ်မှာ မျက်စိဖြင့် မြင်အပ်သော အဆင်းအမျိုးမျိုး၌ ဝဏ္ဏခေါ်သော အဆင်းမျှသာလျှင် ပရမတ်အစစ်ဖြစ်၏။ အဖြူ, အနီစသော အမည်သည်ရင်း၊ အကြီး အငယ် အပျို အအို စသော အမည်မျိုးသည်ရင်း ဤသို့စသည် ဖြင့် လောက၌ ခေါ်ဝေါ် သမုတ်ကြသော အမည်မျိုးသည် ပညတ်မည်၏။ မြင်သောခဏ၌ အသိဉာဏ်မျှတွင် မနေဘဲ ပညတ်နယ်သို့ကူးသွားလျှင် ချောသည်, လှသည်, အရုပ်ဆိုးသည် စသည်ဖြင့် ပုံပန်းသဏ္ဌာန်တို့ကို မှတ်ယူ၏။ ထိုအခါ ကောင်းသည်, တင့်တယ်သည်, စသော သဘောမျိုးကိုသိ၍ သာယာခြင်းလောဘ, မသာယာခြင်းဒေါသ, တို့သည် ဝင်ရောက်နှိပ်စက်ကြကုန်၏။ ထိုအခိုက်တွင် ထိုစိတ်မျိုးဖြင့် သေဆုံးခဲ့သော် ငရဲဘုံ, တိရစ္ဆာန်ဘုံတို့၌ ဖြစ်ရကုန်၏-ဟု ဟောတော်မူသည်။

ဤဒေသနာတော်အရ ဝတ္ထုသက်သေတို့သည် များစွာရှိကုန်၏၊ မျက်စိဖြင့် အဆင်းကို မြင်ရာ၌ အမှန်ကိုမသိခြင်းသည် ဤမျှလောက်ကြီးမားသော အပြစ်ဘေးတွေနှင့် တွေ့ဆုံနှိပ်စက်ခြင်းများကို ခံစားရတတ်လေသောကြောင့် ယခုလို ဒေသနာတော်တရားကို မြတ်စွာဘုရား ဟောကြားတော်မူရသည်ဟု အဓိပ္ပါယ်ကို အကျဉ်းချုံး၍ အဆုံးဖြစ်သော နိဂုံးကိုလည်း အောက်ပါအတိုင်း သိမ်းရုံးပြတော်မူပြန်လေသည်။ ဣမံ ခွါဟံ

ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဧဝံ ဝဒါမိ။ (သံယုတ်ပါဠိတော်) ဘိက္ခဝေ-ရဟန်းတို့၊ ခေါ-အပါယ်လေးပါးသို့ လားရမည်မလွဲ အမြဲကေန် အမှန်စင်စစ်၊ ဣမံအာဒီနဝံ- ဤသို့ယုတ်ညံ့ဆိုးဝါး နစ်နာကြီးမားလှစွာသော အပြစ်ဘေးတွေကို၊ ဒိသွာ-သဗ္ဗညု ဉာဏ်ဒွ မျက်ဝါးထင်ထင် အတပ်သိမြင်တော်မူသည်ဖြစ်၍၊ ဧဝံ-ဝ ရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အစရှိသော ဤဒေသ နာတော်အစဉ်ကို အဟံ-သင်တို့ဆရာ ငါဘုရားသည်၊ ဝဒါမိ-မုချ ကိန်းသေ ဟောကြားတော်မူခဲ့ပေ၏။ (ပါဠိတော် နိဿျသွား အနက်)။

ယခုပြဆိုခဲ့သော အနက်အဓိပ္ပါယ်သဘောများသည် မည် မျှလောက် တာသွားသည်ကို စဉ်းစားဆင်ခြင်၍ သတိသမ္ဗဇဉ် ဖြင့် အသိဉာဏ်ယှဉ်ပါလျှင် မျက်စိဖြင့် မြင်ရာ၌ ယောကျ်ား၊ မိန်းမ လက်ခြေအင်္ဂါစသော ပညတ်တွေကို စွဲယူမှတ်သားခြင်း များသည် လွန်မင်းစွာ ကြောက်ရွံထိတ်လန့်ဘွယ် ကောင်းလှသ ဖြင့် ပရမတ်ရုပ်နာမ်ကို ဉာဏ်ဒွ အမှန်သိမြင် ထင်လင်း၍လာလေ အောင် မြင်လျှင် မြင်တယ် ဟုမှတ်ခြင်း စသော သတိပဋ္ဌာန် ရှုမှတ်ပုံကို ဝိပဿနာနည်းအတိုင်း အလိုင်းတကြီး ရန်သူနှိမ်သော သူကဲ့သို့ အရေးကြီးစွာ အားခဲ၍ စွဲမြဲရှုမှတ်ကြပါလေ။ ဟောတော်မူရင်း ဗာဟိယဒါရုစိယ ပရိဗိုဇ်ဝတ္ထုကို အောက်က အကျယ်ရေးသားဖော်ပြခဲ့ပြီ၊ ပြန်ကြည့်ကြလေ၊ ဤသုတ္တန်ကို စောင့် ရှောက်ရန် ဟောကြားသည်ကို ပြဆိုချက်တရပ်ပြီး၏။

**မဂ္ဂင်၏ သဘော ကိုပြဆိုခြင်း**

မဂ္ဂင်ရှစ်ပါး ဟူသည်ကား ၁ သမ္မာဒိဋ္ဌိ-အမှန် မြင်ခြင်း၊ ၂ သမ္မာသင်္ကပ္ပ- အမှန်ကြံခြင်း၊ ၃ သမ္မာဝါစာ- အမှန်ပြောခြင်း၊ ၄ သမ္မ ကမ္မန္တ-အမှန်ပြုလုပ်ခြင်း၊ ၅ သမ္မာအာဇီဝ- အမှန်အသက်မွေး

ခြင်း၊ ၆ သမ္မာဝါယာမ- အမှန်အားထုတ်ခြင်း၊ ၇ သမ္မာသတိ အမှန်အောက်မေ့ခြင်း၊ ၈ သမ္မာသမာဓိ- အမှန်တည်ကြည်ခြင်း တို့ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား- ဤမဂ္ဂင်ရှစ်ပါး၌ သမ္မာဒိဋ္ဌိ- ကောင်းစွာ မြင်ခြင်းဟု အများအနက်ပေးရိုးပြုကြ၏။ ဝိပဿနာယောဂီများ ကား သမ္မာဒိဋ္ဌိ- အမှန်မြင်ခြင်းဟု အနက်ပေးကြ၏။ လွန်စွာပင် သင့်မြတ်လှပေ၏။ အကြောင်းမှာ လောက၌ ဆန့်ကျင်ဘက် စကားပြောကြားခြင်းသည် အကောင်း, အဆိုး, အချော, အကြမ်း အမြင့်, အနိမ့်, အတက်, အဆင်း, အမြတ်, အယုတ်, အမှန်, အမှား စသည်ဖြင့် ပြောဆိုကြ၏။ ထိုစကားကိုထောက်ထား၍ သမ္မာဒိဋ္ဌိ ဆန့်ကျင်ဘက်သည် မိစ္ဆာဒိဋ္ဌိဖြစ်၏။ ၎င်းမိစ္ဆာဒိဋ္ဌိကို အမှားမြင် ခြင်းဟု အများပင် အနက်ပေးရိုး ပြုကြ၏။ ဤမိစ္ဆာဒိဋ္ဌိဟူသော ပုဒ်၏ အနက်ကိုမြင်သဖြင့် သမ္မာဒိဋ္ဌိ အမှန်မြင်ခြင်းဟု ပေးသော အနက်သည် လောက၌ သုံးစွဲသော စကားနှင့် ညီညွတ်ပေသည်။

သဘောအားဖြင့်လည်း ပရမတ်အရာ ဖြစ်၍ အမှန်ကို မြင်ခြင်းဆိုသော စကားသည် သင့်မြတ်၏။ ပြောဟော၍ ခွဲခြမ်း ပြဆိုရာ၌လည်း သဘောပေါက်လွယ်၏။ သို့မဟုတ် ရှေးရိုးအတိုင်း မှတ်သားအသုံးပြုလျှင် မိစ္ဆာဒိဋ္ဌိပုဒ်ကို မကောင်းစွာ မြင်ခြင်းဟု အနက်ပေးမှ သင့်သကဲ့သို့ ဖြစ်နေရာ၏၊ သမ္မာသင်္ကပ္ပစသော မဂ္ဂင်တို့၌လည်း ဤနည်းအတိုင်းပင် မှတ်ယူအပ်၏။ လောကဓမ္မ သဘာဝယုတ္တိ ရှိသည်ကို သိရန်မျှသာ ပြဆိုလိုက်သည်၊ ဟုတ်, မဟုတ်, သင့်မသင့်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်ချင့် စည်းစား ကြပါလေ။

အလုပ်ကိစ္စ၌ ပါဝင်ပုံသဘောမှာ ဒေသနာ၌ဆိုသော အဓိပ္ပါယ်မျိုးကို မယူရပေ။ ကျမ်းဂန်း၌ သမ္မာသင်္ကပ္ပ-အမှန်

ကြံခြင်းဆို၏၊ အလုပ်ကိစ္စမှာ ကြံစည်၍ ပြုလုပ်ရသည်မဟုတ်ပေ၊ "သမ္မာသင်္ကပ္ပ" ပုဒ်အရ ကြံစည်၍ ပြုရသည်ဟုယူလျှင် သမ္မာဝါစာအရ စကားပြောဆို၍ နေရလိမ့်မည်။ ဤသို့ဖြစ်လျှင် မဂ္ဂင်ရှစ်ပါး၌ ဆိုသော အနက်လာအတိုင်း ပြုလုပ်ခဲ့သော် ဝိပဿနာတရားဟူ၍ မဖြစ်နိုင်ပြီ၊ ဝိပဿနာတရားဟူသည်ကား စိတ်ဖြင့်သာလျှင် ပြုလုပ်ရသော အမှုမျိုးပေတည်း။

ဝိပဿနာအလုပ်ဟူသည် ပရမတ်ဖြစ်သော ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိအောင် အားထုတ်ရ၏။ ပရမတ်တရားဟူသည် ပုဂ္ဂိုလ်သတ္တဝါတို့က ကြံစည်ပြုလုပ်၍ ဖြစ်နိုင်သောတရားမျိုးမဟုတ်၊ မိမိသဘောအတိုင်း အကြောင်းအားလျော်စွာသာလျှင် ဖြစ်ပျက်နေသော အနတ္တသဘောတို့ပေတည်း။ ပုဂ္ဂိုလ်က ကြံစည်၍ရနိုင်ပါလျှင် အနတ္တဟုမဆိုသင့်၊ အတ္တဟူ၍သာ ဆိုရန်ရှိလေသည်။ အနတ္တနှင့် အတ္တတို့ကား ရေနှင့်မီးကဲ့သို့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်တို့တည်း။

တဖန် အကြံဉာဏ်ကြီးသောသူတို့သာလျှင် ဖြစ်နိုင်ရာ၏၊ အကြံဉာဏ်နည်းပါးသောသူတို့အား မဖြစ်နိုင်ပေရာ၊ ဝိပဿနာအလုပ်၌ အကြံဉာဏ်ကြီးသော ပေါ်ဋ္ဌိလစသော မထေရ်များပင် မသိမမြင်နိုင်၍ သာမဏေငယ်ထံ နည်းခံရလေသည်။ အချုပ်မှာ- အားထုတ်သောပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် ပရမတ်ရုပ်နာမ် အဖြစ်အပျက်ကို မကြံစည်မတွေးတောဘဲ ပရမတ်ရုပ်နာမ်၏ ဖြစ်ပျက်နေသော သဘောကိုသာ လိုက်၍ သိမြင်အောင် ရှုမှတ်ရလေသည်။

မြတ်စွာဘုရားသည် "အတက္ကာဝစရော" ဟူ၍ဟောတော်မူ၏၊ ဉာဏ်ဖြင့် ကြံစည်၍ ရနိုင်ဖြစ်နိုင်သော တရားမျိုးမဟုတ်ဟုဆိုလိုသည်။ ဤနေရာ၌ မဂ္ဂင်ဒေသနာတော်တွင် "သမ္မာသင်္ကပ္ပ-အမှန်ကြံခြင်း" ဟု မြတ်စွာဘုရား ဟောတော်မူ၏။ "အတက္ကာ

ဝစရော-ကြံစည်၍ ရနိုင်သောတရားမျိုးမဟုတ်”ဟု ဟောသော သုတ်မဟာဝါပါဠိတော်ဖြင့် ယှောင်မှားရန်ရှိလေသည်။ ထိုဒေသ နာနှစ်မျိုးတွင် “အတက္ကာဝစရ” ဟူသည် ဝိပဿနာအလုပ်၌ နာမ်ရုပ်အဖြစ်အပျက်ကို မကြံစည်ဘဲ သူ့သဘောအတိုင်း အားထုတ်ရန်ကိုပြတော်မူ၏။“သမ္မာသင်္ကပ္ပ”ဟူသည် ဝိပဿနာအလုပ်၌ ပါဝင်ပြီးစီးသော သဘာဝဓမ္မကိုပြတော်မူ၏၊ မြင်သည်ကို မြင်တယ်၊ ကြားသည်ကို ကြားတယ်စသည်ဖြင့် မှတ်သော ဝိပဿနာစိတ်တချက်၌ သမ္မာသင်္ကပ္ပ-စသော မဂ္ဂင်တရားတို့သည် တပြိုင်နက် ပါဝင်ကုန်၏ဟု ဆိုလိုသည်။

ဥပမာကား—အကုသိုလ်တရားကို ရေတွက်ရာ၌ ပါဏာတိပါတ-စသည်ဖြင့် ဆယ်ပါးရ၏။ ကုသိုလ်ကို ရေတွက်သော် ဆယ်ပါးသရုပ်မရှိပေ။ သူ့အသက်ကိုသတ်ခြင်းသည် ပါဏာတိပါတ အကုသိုလ်ဖြစ်၏။ သူ့အသက်ကို မသတ်ခြင်းသည် ပါဏာတိပါတမှ ရှောင်ကြဉ်သော ကုသိုလ်ဖြစ်၏။ မကောင်းမှုကို မပြုခြင်း,ရှောင်ကြဉ်ခြင်း,သဘောမျှသည်ပင်လျှင် ကုသိုလ်မည်တော့၏။ အထူးပြုလုပ်ရခြင်း မရှိတော့ပေ။ ထို့အတူ မြင်သည်ကို မြင်တတ်ဟုမှတ်လျှင် ပရမတ်ရုပ်နာမ်ဖြစ်သော တရားမှန်ကိုသာမြင်၏၊ သိ၏ဟူ၍လည်း ဆို၏၊ဤသို့ ပရမတ်ရုပ်နာမ်ကို အမှန်မြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏၊ ပရမတ်ဖြစ်သော အဆင်းမျှကို လွန်၍ အဖြူ, အနီ, အကြီး,အငယ်စသော သဏ္ဌာန်ဒြပ်ကို မြင်ခြင်းသည် ပညတ်ကိုမြင်သည်မည်၏။ ပညတ် ဟူ သည် ပရမတ်တရားမှန် မဟုတ်၍ တရားမှားဖြစ်၏။ ဤသို့ ပညတ်ဖြစ်သော အမှားကို မြင်ခြင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်၏။ဤကား ဝိပဿနာအမှု၌ ဖြစ်သော သဘောတည်း။

ယခုဆိုခဲ့သော နည်းအတိုင်း သမ္မာဒိဋ္ဌိ၏ ဖြစ်ပုံသဘော

ကိုမှတ်၊ ဤသို့ မြင်သည်ကို မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှားကို ကြံစည်ခြင်းသဘော မဖြစ်နိုင်ပေ၊ ထိုသို့ အမှားကို ကြံစည်ခြင်း မဖြစ်သော သဘောသည် အမှန်ကိုကြံသော သမ္မာသင်္ကပ္ပမည်၏။ ထို့အတူ မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှားကို မပြောခြင်းသဘောသည် အမှန်ပြောသော သမ္မာဝါစာမည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှားကို မပြုခြင်းသဘောသည် အမှန်ကိုပြုလုပ်သော သမ္မာကမ္မန္တမည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှား အသက်မွေးမှု မပြုခြင်းသဘောသည် အမှန် အသက်မွေးသော သမ္မာအာဇီဝမည်၏။ မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှားကို အား မထုတ်ခြင်းသဘောသည် အမှန်ကိုအားထုတ်သော သမ္မာဝါယာမ မည်၏။မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှားကို မအောက်မေ့ခြင်း သဘောသည် အမှန်ကို အောက်မေ့သော သမ္မာသတိမည်၏၊ မြင်တယ်ဟု မှတ်ဆဲခဏ၌ အမှား၌ မတည်ကြည်ခြင်း သဘောသည် အမှန်၌ တည်ကြည်သော သမ္မာသမာဓိမည်၏။ ဤသို့ ဝိပဿနာမှတ်သော စိတ်တချက်၌ မဂ္ဂင်ရှစ်ပါး တရားတို့သည် သဘောအားဖြင့် တပြိုင်နက် ပါဝင်ပြီးစီးပုံကို မှတ်ယူလေ။

ဒေသနာတော် အရပ်ရပ်၌ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ရန် ဝိပဿနာတရားကို ဟောကြားရာ၌ မဂ္ဂင်ရှစ်ပါးသာ ဖြစ်ကုန်၏။ မဂ်ဉာဏ်ဖြစ်ပေါ်သောအခါ သစ္စာလေးချက်သည် တပြိုင်နက် ပါဝင်ကြောင်းလာ၏။ ထိုဒေသနာတော်များအရဖြင့် အလုပ်ကိစ္စ၌ ပါဝင်ပြီးစီးပုံကို ပြဆိုခဲ့သော အဓိပ္ပါယ်သဘော ယူဆပုံနည်းများနှင့် တသာတည်း ညီမျှကြောင်းကို ကောင်းစွာယုံကြည်သ်မြင်အပ်လှပေတော့သည်။ ကျမ်းဂန်တို့၌လာသော ဒေသနာနည်းအားဖြင့် ရေးသားလျှင် မဂ္ဂင်ရှစ်ပါးသည် များပြား၏။ ထို့အတူပင် ခန္ဓာငါးပါး, ပဋိစ္စသမုပ္ပါဒ် တရားတို့သည်လည်း

လွန်စွာကျယ်ဝန်း များပြားကြကုန်၏။ ထို့ကြောင့် သရုပ် သချာ ကိုပြသော ဒေသနာနည်းမျိုးကို မပြဆိုဘဲ အလုပ်၌ ပါဝင် သောသဘာဝဓမ္မကိုသာ လိုရင်းပဓာနထား၍ သင့်ရာပါဠိတော် များကို ထုတ်နုတ်ရေးသားလျက် ထင်ရှားသိမြင်ရန် ပေါ်လွင် အောင် ပြဆိုခဲ့ပေသတည်း။

ယာ တထာဘူတဿ ဟောတိ၊ ဒိဋ္ဌိ သာဿ ဟောတိ သမ္မာဒိဋ္ဌိ။ ။(ဥပရိပဏ္ဏာသပါဠိတော်) တထာဘူတဿ-ဟုတ် မှန်သည့်အတိုင်း၊ ယာ ဒိဋ္ဌိ- အကြင် မြင် ခြင်း သည်၊ ဟောတိ- ဖြစ်၏။ သာဒိဋ္ဌိ- ထိုမြင်ခြင်းသည်၊ အဿ-မြင်သည်ကို မြင်သည် ဟုမှတ်သော ထိုပုဂ္ဂိုလ်အား၊ သမ္မာဒိဋ္ဌိ-အဆင်းကို အဆင်းဟု အမှန်သိခြင်းသည်၊ ဟောတိ-ဖြစ်၏။(ပါဠိတော်နိသျသွား)

ဤဒေသနာတော်သည် ဝိပဿနာ ရှုမှတ်သော စိတ်တ ချက်၌ သဘာဝဓမ္မဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်တရား ပါဝင်ပြီးစီး ပုံကို ပြတော်မူ၏။ အဓိပ္ပါယ်ကား မြင်သောအခိုက်၌ မြင်တယ် ဟုမှတ်လျှင် အမှန်ဖြစ်သော ပရမတ်အဆင်းမျှကိုသာ မြင်သိ၍ ၎င်းစိတ် ချုပ်ပျောက်၏။ ပုဂ္ဂိုလ်, သတ္တ, ယောကျာ်း, မိန်းမ, ခြေ, လက်အင်္ဂါစသော သဏ္ဌာန်ဒြပ် ပညတ်တွေကို ထိုစိတ်အ ကြိမ်၌ မမြင် မသိနိုင်တော့ပြီဟု ဆိုလိုသည်။ ဤအဓိပ္ပါယ်အတိုင်း မဂ္ဂင်ရှစ်ပါးကို တပါးစီခွဲခြမ်း၍ ဝိပဿနာရှုမှတ်သော စိတ်တ ချက်၌ မဂ္ဂင်ရှစ်ပါး တပြိုင်နက် ပါဝင်ပြီးစီးပုံကို ဤဥပရိပဏ္ဏာသ ကျမ်း၌ပင် အကျယ်ဝေဘန်၍ ပြတော်မူ၏။ အဓိပ္ပါယ်သဘော မှာ နောက်ကပြဆိုခဲ့သော နည်းအတိုင်းဖြစ်၍ အကျယ်မထုတ်ဘဲ မဂ္ဂင်ရှစ်ပါး၏ အချုပ်ကိုသာ ပြတော့မည်။ အလိုရှိပါလျှင် ကျမ်းရင်းကို ကြည့်ရှု၍၎င်း, သမ္မာဒိဋ္ဌိကိုပြသော ပုဒ်၌ လိုင်ပုဒ်ကို ပြင်ဆင်၍၎င်း သိကြပါလေ။

ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ ပရိသုဒ္ဓေါ ဟောတိ။ (ဥပရိပဏ္ဏာသပါဠိတော်)

ပုဗ္ဗေဝ ခေါပန-မြင်သည်ကို မြင်တယ်ဟု မှတ်ဆဲဖြစ်သော ခဏ၌ပင်လျှင်၊ အဿ-မြင်သည်ကို မြင်တယ်ဟုမှတ်သော ထိုပုဂ္ဂိုလ်အား၊ ကာယကမ္မံ-ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟူသော ကာယကံ ဒုစရိုက်သုံးပါးသည်၊ သုပရိသုဒ္ဓံ-ကောင်းစွာစင်ကြယ်တော့သည်၊ ဟောတိ-ဖြစ်၏။ ဝစီကမ္မံ-မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးသည်၊ သုပရိသုဒ္ဓံ- ကောင်းစွာ စင်ကြယ်သည်၊ ဟောတိ-ဖြစ်၏။ အာဇီဝေါ-မိစ္ဆာအာဇီဝသည်၊ ပရိသုဒ္ဓေါ-ကောင်းစွာစင်ကြယ်သည်၊ ဟောတိ-ဖြစ်၏။ (ပါဠိတော်၏နိဿျသွားအနက်)

အဓိပ္ပါယ်ကား–မျက်စိဖြင့် အဆင်းကို မြင်ဆဲခဏ၌ မြင်တယ်ဟုမှတ်သော စိတ်အတွင်း ပါဏာတိပါတစသော ကာယကံသုံးပါးကို ဖြစ်မှားကျူးလွန်ခြင်း မဖြစ်နိုင်ပြီ၊ ထိုအတူ- မုသာဝါဒ-စသော ဝစီကံလေးပါးကိုလည်း ဖြစ်မှားနိုင်ရန် မရှိတော့ပြီ၊ မိစ္ဆာဇီဝအမှုကိုလည်း ပြုလုပ်ခြင်းငှါ မဖြစ်နိုင်ပြီ၊ ထိုကြောင့် မြင်သည်ကို မြင်တယ်ဟု ရှုမှတ်သော ဝိပဿနာစိတ်တချက်၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော သီလက္ခန္ဓမဂ္ဂင်သုံးပါး၊ အာဇီဝဋ္ဌမကခေါ်သော သီလတရားစုသည် တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးလေတော့၏-ဟုဆိုလိုပေသည်။ ဤဥပရိပဏ္ဏာသ ပါဠိတော်အရ သီလက္ခန္ဓဖြစ်သော မဂ္ဂင်သုံးပါး ပါဝင်သည်ဆိုသဖြင့် ပညာက္ခန္ဓဖြစ်သော မဂ္ဂင်နှစ်ပါး, သမာဓိက္ခန္ဓဖြစ်သော မဂ္ဂင်သုံးပါးတို့သည်လည်း တချက်တည်းပါဝင်သွားကြောင်းကို ကောင်းစွာသိမှတ်ကြလေ။

(မဂ္ဂင်ရှစ်ပါး သရုပ် ဝေဘန်ပုံကို သီလဝိသုဒ္ဓိခဏ်း၌ ရေးသား ဖော်ပြခဲ့လေပြီ၊ သဘောပါဝင်ပုံများကိုလည်း ဤမဂ္ဂင်ရှစ်ပါး အစ၌ ပြဆိုဝေဘန်ခဲ့ပြီဖြစ်၍ ပြန်လည်ကြည့်ရှုကြပါလေ။)

ယခုပြဆိုခဲ့သော ဥပရိပဏ္ဏာသပါဠိတော်၌ အာဇီဝဋ္ဌမက သီလသည် ဝိပဿနာကို ရှုမှတ်သော စိတ်တချက်၌ တပြိုင်နက် ပါဝင်သည်ဟုလာ၏။ ငါးပါးသီလ, ရှစ်ပါးသီလများကဲ့သို့ အသီးအခြား တပါးစီ ဆောက်တည်ရသည်ဟု မလာပေ၊ ၎င်း အဋ္ဌကထာနှင့်တကွ ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်တို့၌လည်း နည်းတူ ပင် ပြဆိုကုန်၏။ ထိုကြောင့် အာဇီဝဋ္ဌမကသီလကို သီးခြား ခံယူဆောက်တည်မှု ပြုခြင်းသည် ကျမ်းဂန်တို့နှင့် မညီညွတ်သော ဖြင့် အထူးပင် ဆင်ခြင်သတိပြုသင့်လှပေသည်။

**စိတ်တချက်တွင် မဂ္ဂင်ရှစ်ပါး ပါဝင်**

ဧဝမဿ ယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ (ဥပရိပဏ္ဏာသ ပါဠိတော်)

ဧဝံ–ဤသို့ ပြဆိုအပ်ပြီးသော နည်းအတိုင်း၊ အဿ- မြင်သည်ကိုမြင်တယ်ဟု မှတ်သော ထိုပုဂ္ဂိုလ်အား၊ အဋ္ဌင်္ဂိကော-အင်္ဂါ ရှစ်ပါးရှိသော၊ အရိယော- ဖြူစင် မြင့်မြတ်သော၊ အယံမဂ္ဂေါ- မြင်သည်ကို မြင်တယ်ဟုမှတ်သော ဝိပဿနာစိတ်တချက်၌ တပြိုင် နက်ပါဝင်ပြီးစီးသော ဤမဂ္ဂင်တရား အပေါင်းသည်၊ ဘာဝနာ ပါရိပူရိံ- ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့၊ ဂစ္ဆတိ-ရောက် ၏။(ပါဠိတော်အနက်)

အဓိပ္ပါယ်ကား-အထက်၌ ပြဆိုခဲ့သောအတိုင်း မြင်သည် အခိုက် မြင်တယ်ဟုမှတ်လျှင် မြင်ခါမျှဖြစ်သော ပရမတ်ကိုသာ သိ၏။ ထိုသို့ ပရမတ်ကိုသာ မြင်ခြင်းသိခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၍ ၎င်း၊ သမ္မာဒိဋ္ဌိ မဂ္ဂင်၌သမ္မာ သက်ပ္ပ-စသော မဂ္ဂင်ခုနစ်ပါးဘို့ သည်

လည်း သဘောအားဖြင့် ပါဝင်ပြီးစီး၍ ဤသို့ မှတ်ခြင်းသည် မဂ္ဂင်ရှစ်ပါးဖြင့်ပြီးသော ဝိပဿနာ ဘာဝနာတရားတို့ကို ပွား များခြင်း အားထုတ်ခြင်း ပြည့်စုံခြင်းသို့ ရောက်လေတော့၏ဟု ဆိုလိုသည်။

မြင်သည်ကို မြင်တယ်ဟုမှတ်သော ဝိပဿနာ စိတ်တချက်၌ မဂ္ဂင်ရှစ်ပါး တပြိုင်နက် ပါဝင်ပြီးစီးသဖြင့် ကြားလျှင်ကြား တယ်, နံလျှင်နံတယ်, ကွေးလျှင် ကွေးတယ်, ဆန့်လျှင်ဆန့်တယ် စသည်ဖြင့် မှတ်သော ဝိပဿနာစိတ် တချက်တချက်တို့၌လည်း အသီးအသီး မဂ္ဂင်ရှစ်ပါးစီပင် ပါဝင်ပြီးစီးကြလေသည်။

မဂ္ဂင်ရှစ်ပါးဟူသည် အချုပ်အားဖြင့် အောက်က ဆိုခဲ့ သည့်အတိုင်း သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးသာ ဖြစ်၏။ ၎င်းသုံးပါးနှင့် ပြည့်စုံမှ နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ကြောင်းကို လည်း ညွှန်ကြားခဲ့ပြီ၊ ထိုသုံးပါးတို့တွင် သမ္မာဒိဋ္ဌိခေါ်သော ပညာသည် ရှေ့သွား ခေါင်းဆောင်ဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်လျှင် ကြွင်းသော တရားတို့သည်လည်း လိုက်ပါကုန်၏။ ပဌမဦးထွက် ဓမ္မ စကြာ ဒေသနာတော်တွင်လည်း မဇ္ဈိမပဋိပဒါ ၎င်းသိက္ခာသုံး ပါးပင် ဖြစ်လေသည်။ သမ္မာဒိဋ္ဌိသည် မီးရထား ခေါင်းတွဲနှင့် တူ၍ သမ္မာသင်္ကပ္ပစသော မဂ္ဂင်တို့သည် နောက်တွဲစုနှင့် တူကုန် ၏။ ခေါင်းတွဲသွားလျှင် နောက်တွဲစုတို့လည်း လိုက်ပါကုန်၏။ ဤ ဥပမာအတိုင်းပင် မဂ္ဂင်ရှစ်ပါး၏ အဓိပ္ပါယ် သဘာဝများကိုမှတ် သားကြပါလေ။ မဂ္ဂင်ရှစ်ပါး သဘောအဓိပ္ပါယ် ပြဆိုချက်ပြီး၏။

**ရဟန်းနတ်သား** ဘုရားရှင် လက်ထက်တော်က ရဟန်းငယ်

**၀၃၊** တပါးသည် ငါးဝါအရနိဿယမုစ္စကအင်္ဂါ တို့နှင့် ပြည့်စုံစေပြီးလျှင် တောသို့ဝင်၍ တ ပါးတည်း ကေစာရဓမ္မဝိဟာရီယောဂီပုဂ္ဂိုလ်လုပ်လျက် သမဏဓမ္မ

ဖြစ်သော ဝိပဿနာကို အားထုတ်လေသော် ဒုက္ခလက္ခဏာလွန်စွာထင်၏။ ဝိပဿနာ ရှုခြင်းမှတပါး အခြားသော စားမှုအိပ်မှုအစရှိသော ခန္ဓာကိုယ်ကို စောင့်ရှောက် မွေးမြူမှု၊ ပျင်းရိမွေ့လျော့မှုတို့၌ လွန်စွာ အပြစ် ဒေါသ အာဒီနဝကို မြင်သဖြင့်အသက်ခန္ဓာ၌ငဲ့ကွက်ခြင်းမရှိဘဲ အတင်းအကြပ် အစာအာဟာရကိုဖြတ်၍မအိပ်ဘဲ မထဘဲ ထက်ဝယ် ဖွဲ့ခွေနေလျက် အားထုတ်လေသော် မဂ်သို့မရောက်ခင် ရင်ကို လေခွဲသဖြင့် စုတေသေဆုံးပြီးခါ တာဝတိံသာဝယ် တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်ကြီးအလယ်၌ ထက်ဝယ် ဖွဲ့ခွေနေလျက်ပင် နတ်သားဖြစ်၍ နေလေ၏။ ထိုသို့ နတ်သားဖြစ်၍ ရောက်လာလျှင် ရောက်လာချင်းတထောင်မျှလောက်သော နတ်သမီးအပေါင်းတို့သည် ငါတို့သခင် ဗိမာန်ရှင်ရောက်လာပြီဟု ညီညာစုရုံး ရွှင်ပြုံးကြည်သာခစားလုပ်ကျွေးခြင်းငှာ လာကြသည်ကို ထိုသမဏ နတ်သားမြင်လေလျှင် ဩော် အရပ်ထဲက တကာမတွေ ရဟန်းသံဃာ အဖူးအမြော်ကျောင်းတက် လာကြသည် တကားဟု မှတ်ထင် အောက်မေ့၍ကိုယ်ရုံနတ်ဝတ်ပုဆိုးကို သင်္ကန်းအမှတ်ဖြင့် သင်္ကန်းလက်ကတော့ထိုးဘိသကဲ့သို့ ပုခုံးတဖက်၌ လက်ကတော့ စပ္ပါယ်တင်ထိုး၍စက္ခုန္ဒြေကိုချပြီး ကောင်းမွန်စွာ သမဏသာရုပ္ပအသွင် အမှတ်သညာဖြင့် နေလေ၏။

ထိုနတ်သား အမူအရာကို နတ်သမီးတို့မြင်လျှင် ဤနတ်သားကား ရှေးဘဝက ရဟန်းအဖြစ်မှ စုတေ၍လာသော နတ်သားတည်း၊ မိမိနတ်အဖြစ်သို့ ရောက်သည်ကိုမျှ မသိရှာသေးဟုသိမြင်အောက်မေ့၍ အရှင်နတ်သား ယခုအခါ လူ့ပြည်ရဟန်းမဟုတ်တော့ပါ၊ နတ်ပြည်သို့ ရောက်ပါပြီ၊ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားမွေ့လျော် စံစားတော်မူပါဟု တင်လျှောက်

တောင်းပန်ကြလေသော် ဤတကာမတွေ့ မလျောက်ပတ်သော စကားကို ပြောဆို လျှောက်ထားကြဘိ၏ဟု အောက်မေ့၍ယုံကြည်ခြင်းမရှိဘဲ မိမိရဟန်းအမှတ်ဖြင့်သာ စကျွန်ဆွဲကို ချမြဲတိုင်းချ၍ နေလေ၏။ ထိုအခါ နတ်သမီးတို့သည် အဖန်ဖန် လျှောက်တင်ကြငြားသော်လည်း ယုံကြည်ခြင်း မရှိနိုင်၍ အကြံပိုင်သော နတ်သမီးတို့က မိမိတို့အဆောင်ထဲမှ ကိုယ်လုံးပေါ် မှန်ကြီးကို ဆွဲယူပြီးလျှင် နတ်သား၏ ရှေ့၌ထောင်၍ပြထားလေသော် ထိုသမဏနတ်သားသည် မှန်တွင်း၌ထင်သော မိမိအရိပ်ကိုမြင်မှ မိမိသေဆုံးခဲ့၍ နတ်ပြည်၌ နတ်ဖြစ်မှန်းကို ယုံကြည် သိမြင်လေလျှင် ဟင်-ငါသည် ဤနတ်ပြည်ကိုအလိုရှိ၍ တရားအားထုတ်သည်မဟုတ်၊ နိဗ္ဗာန်ကိုအလိုရှိ၍အားထုတ်ပါသည်ကိုဤအဆုံးမကျဒုက္ခဘဝသို့ရောက်ရလေဘိ၏ဟု ထိတ်လန့်သံဝေဂရှိလျက် နတ်ပြည်တလျှောက်ကို မေ၍ရှုမျှော်လိုက်သော် မိမိအပါး၌ခစားခြံရံ၍နေသောနတ်သမီးအပေါင်းတို့သည် တစ္ဆေ့မြေဖုတ်ဘီလူးမတွေ့ကဲ့သို့ထင်လေ၏။ တနတ်ပြည်လုံး ၊ အိုးအိုးကြွက်ညံ မွေ့လျော် ပျော်ပါးရာအလွန်တရာ သာယာကောင်းမြတ်သော နန္ဒဝန် ဥယျာဉ်ကြီးကိုလည်း သတ္တဝါတို့ကို မိုက်မဲတွေဝေ သံသရာဝဋ်က မလွတ်နိုင်အောင်ပူ၍နေသော အမိုက်မှောင်တောကြီး အမိုက်မှောင်တိုက်ခန်းကြီးအနေ ကြောက်စရာကြီး အဖြစ်ဖြင့် ထင်လေ၍ အလျင်အမြန် ဗိမာန်နှင့်တကွ သီလပျက်စီးခြင်းမရှိသေးဘဲ ဘုရားအထံသို့ ဆင်းရောက် ချည်းကပ်လာပြီးလျှင် နိဗ္ဗာန်လမ်းခရီးများကို လျှောက်ထားလေရာ မဂ္ဂင် ရှစ်ပါးကို ယာဉ်ရထား ဥပမာဖြင့် မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာဒိသာ။

ရထော အက္ကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော။
ဟိရီ တဿ အပါလမ္ဗော၊ သတျာဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိပုရေဇဝံ။
ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ၊
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။
(သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်)

ဒေဝပုတ္တ-နတ်သား၊ သောမဂ္ဂေါ-ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းခရီးသည်ကား၊ ဥဇုကော-မကွယ်မထောင့် တကယ်ဖြောင့်သော လမ်းခရီးမည်၏။ သာဒိသာ-ထိုနိဗ္ဗာန် တည်းဟူသော ပရမသုခ အမတဘူတာရုံ ရွှေမြို့တော်ကြီးရှိရာ အရပ်သည်ကား၊ အဘယာ နာမ-ငြိမ်းအေး ချမ်းသာခြင်း ဘေးရန်ကင်းသော အရပ်မည်၏။ ဓမ္မစက္ကေဟိ-ကာယိကဝီရိယ,စေတသိကဝီရိယတည်းဟူသော ရထားဘီးတို့နှင့်၊ သံယုတော-မကျွတ်နိုင်အောင် ကောင်းမွန်စွာ တပ်ယှဉ်အပ်သော၊ ရထော-မဂ္ဂင်ရှစ်ပါးတည်းဟူသော ရထားသည်ကား၊အက္ကူဇနော နာမ-ရေဆီလှည်းစာမထိုးသော်လည်း မကျိုးမမြည်သော ရထားမည်၏။ ဟိရီ-မကောင်းမှုဒုစရိုက်မှ ရှက်တတ် ကြောက်တတ်သော ဟိရီဩတ္တပ္ပတရားနှစ်ပါးသည်၊ တဿ-ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသောရထား၏၊ အပါလမ္ဗော-မှီရာတံကဲမည်၏။ သတိ-ရုပ်နာမ် သင်္ခါရတရားတို့၏ အဖြစ်အပျက်ကိုမှတ်ခြင်း သတိတရားသည်၊အဿ—ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ရထား၏၊ ပရိဝါရဏံ-ရံတိုင်မည်၏။ သမ္မာဒိဋ္ဌိ ပုရေဇဝံ-ဝိပဿနာ သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော၊ ဓမ္မံ-လောကုတ္တရာ သမ္မာဒိဋ္ဌိကို၊ သာရထိ—ရထားထိန်းဟူ၍၊အဟံ၊ ငါဘုရားသည်၊ဗြူမိ-ဟောကြားတော်မူ၏။

ဒေဝပုတ္တ-နတ်သား၊ ယဿာဣတ္ထိယာဝါ-အကြင်မိန်းမ

အားဥင်း၊ ယဿ ပုရိသဿဝါ-အကြင်ယောကျ်ားအားဥင်း၊ ဧ တာဒိသံ-ဤသို့ သဘောရှိသော၊ ယာနံ-မဂ္ဂင်ရှစ်ပါးယာဉ်ရထား သည်၊ အတ္ထိ-ရှိသည်ဖြစ်အံ့၊ သဝေ ဣတ္ထိပုရိသော-ထိုမိန်းမ- ယောကျ်ား လူအများသည်၊ ဧတေန ယာနေန-ဤ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်သာလျှင်၊ နိဗ္ဗာနဿ-နိဗ္ဗာန်တည်းဟူသော ပရမ သုခ အမတဘုတာရုံ ရွှေမြို့တော်ကြီးသို့၊ ဝေကောန္တေန-စင်စစ် ကေန် အမှန်မလွဲ၊ သန္တိကေ-ရောက်နိုင်လေ၏။ (ပါဠိတော်နိသျ သွားအနက်)

ဤဒေသနာတော်အဆုံး၌ နတ်သမီး အပေါင်းနှင့် တကွ ထိုသမဏ နတ်သားသည် မဂ္ဂင်ရထားစီး၍ ဇနီးတူစုံ သွားကြ ကုန်သော် သောတာပန် တည်သောအားဖြင့် နန္ဒဝန်ဥယျာဉ်ကို တချို့တဝက် လွန်မြောက်၍ နိဗ္ဗာန်တည်းဟူသော ပရမ သုခ အ မတဘူတာရုံ ရွှေမြို့တော်ကြီးသို့ ရောက်ကြပြီးလျှင် ဘုရားရှင်ကို ဖူးမြင်ဝတ်ချပြီးခါ ပီမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား ၍နတ်၏စည်းစိမ်ချမ်းသာကို ခံစားမွေ့လျော် စံစားတော်မူလျက် ယခုထက်ထိ ထိုပဥ္စင်းလူထွက်ကလေးရှိလေ၏။

ထို ဒေသနာတော်၏ လိုရင်း အဓိပ္ပါယ်မှာ နတ်သား လျှောက်သော အမေးအား လျော်စွာ ရပ်နာမ် သခ်ါရတရား တို့၏ ချုပ်ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်သည် ဘေးရန်မရှိသော အရပ်မည်၏။ မဂ္ဂင်ရှစ်ပါးသည် ထို နိဗ္ဗာန်သို့သွားသော လမ်း ဖြောင့် လမ်းမှန်မည်၏။ တဖန် သမ္မာဒိဋ္ဌိအမျိုးရှိသော မဂ္ဂင်ရှစ် ပါးသည် မပျက်မစီးနိုင်သော နိဗ္ဗာန်သို့သွားရန် ယာဉ်ရထား မည်၏ဟူ၍ ဥပမာစကားဖြင့် ရှင်းလင်းတိကျစွာ ဟောတော် မူ၏။ (ဒေသနာတော်အကျယ်ကို သဂါထာ ဝဂ္ဂသံယုတ်ပါဠိ တော် ရထူပမသုတ်၌ ရှုလေ)

သို့အတွက် လောကအဆုံးစွန် ဟိုဘက်၌ တည်သော နိဗ္ဗာန်တည်းဟူသော ပရမသုခ အမတဘုတာရုံ ရွှေမြို့တော်ကြီးကို မီးရထား, မီးသင်္ဘော, ဆင်ယာဉ်, မြင်းယာဉ် အာကာသယာဉ်, လေယာဉ်ပျံ, ဒုန်းပျံဂြိုဟ်တု, စသည်တို့ဖြင့်ရင်း၊ ရောဟိတဿ စျာနလာဘီ အာဇာနည် ယောကျာ်းကဲ့သို့ ခြေလျင်အားဖြင့်ရင်း၊ သွားလည်းမသွားတဲ့ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကိုမပွားများသောအားဖြင့် တန့်ရပ်၍လည်း မနေဘဲ ဤကဲ့သို့ သာသနာခေတ် လူလာဖြစ်သည့်အခါ ဘုရားဟောကြား ညွှန်ပြတော်မူအပ်သော မဂ္ဂင်ရထားဖြင့် သွားမှသာလျှင် ရောက်နိုင်သည်။ ထို့ကြောင့် အကောင်းဆုံးကို ရောက်လိုကြကုန်သော ဝိပဿနာယောဂီသူမြတ်တို့သည်လည်း မဂ္ဂင်ရထားစီး၍သာ လျင်မြန်စွာ သွားကြကုန်ရာသတည်း။ ။ဤကား ဣန္ဒြေသက်ဆိုင်ရာကို ပြဆိုချက် တရပ်ဖြစ်သည်။ ဤတွင် သတိပဋ္ဌာန်လေးပါးကို အကျယ်ပြဆိုရာအခဏ်းပြီး၏။

---

## ဝိသုဒ္ဓိ ၇-တန်နှင့်ဉာဏ် ၁၀-ပါး ပြဆိုရာအခဏ်း။

အရိယာစခန်း နိဗ္ဗာန်လမ်းကို ညွှန်ကြားနည်းပေးသော ဤစံပြဝိပဿနာကျမ်း၌ ယောဂီပုဂ္ဂိုလ်များ သိသင့်,သိထိုက်,မှတ်သင့်,မှတ်ထိုက်သောဝိသုဒ္ဓိ၇-ပါးတရားနှင့်ဝိပဿနာဉာဏ်၁၀-ပါး ခြင်းချန်ထား၍ မဖြစ်သဖြင့် အစကနဦးကပင် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အဓိကတရားများကိုသာ မူတည်၍ ရေးသားလာခဲ့ရာတွင် သီလအခဏ်း၌ သီလဝိသုဒ္ဓိကိုရင်း၊ သမာဓိအခဏ်း၌ စိတ္တဝိသုဒ္ဓိကိုရင်း၊ အသီးသီး ရှင်းလင်းပြဆိုခဲ့ပြီး၍

နောက်ဆုံး ပညာအခဏ်းတွင် ဒိဋ္ဌိဝိသုဒ္ဓိကစ၍ ဝိပဿနာဉာဏ် ၁၀-ပါးကိုပါ ဖြစ်သင့်သလို ထည့်သွင်း ဖေါ်ပြသွားပေလိမ့်မည်။ ဤကား အမှာစကားရပ်တည်း။

**ဒိဋ္ဌိဝိသုဒ္ဓိ ပြဆိုခြင်း** နာမ်ရုပ်တရားနှစ်ပါးတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၏ အစွမ်းအားဖြင့် သိမ်းဆည်းဆင်ခြင်ခြင်း ဟုတ်မှန်တိုင်းမြင်သော ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ အဘယ်ကြောင့်ဆိုသော် ခြောက်ဆဲ့နှစ်ပါးသော အယူတို့မှငင်း, သက္ကာယဒိဋ္ဌိ အယူတို့မှငင်း, ညစ်ကြေးမထင် ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းသောကြောင့် နာမ်ရုပ်ကို သိမြင်တတ်သော ဉာဏ်ပညာကို ဒိဋ္ဌိဝိသုဒ္ဓိဟု သိအပ်၏။ ထိုကြောင့် ဋီကာ၌ "အတ္တဒိဋ္ဌိ မလဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ"ဟု မိန့်ကြားတော်မူလေသည်။

နာမ်ရုပ်တရားနှစ်ပါးကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းဟန်ကား-

(၁) နမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊
အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။

(၂) ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊
အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။
(အဋ္ဌကထာပါဠိ)

(၁) နာမံ-အာရုံခြောက်ထွေ ကြံလေသိငြား နာမ်တရားသည်၊ နမနလက္ခဏာ-အာရုံသို့ညွတ်ခြင်း လက္ခဏာရှိ၏၊ သမ္ပယောဂရသံ—ကောင်းစွာ အညီအညွတ် ကေပ္ပါဒအစရှိသော အပြားအားဖြင့် ယှဉ်ခြင်းကိစ္စရှိ၏။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ မခွဲခြမ်း မဝေဘန်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ-ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

(၂) ရုပ်-သီတဥတု ဝိရောဓကြောင့် ဖေါက်ပြန်တတ်ခြား ရုပ်တရားသည်၊ ရုပ္ပနလက္ခဏာ-ဖွေ့နှောက်အစဉ် အသွင်မတူလျှင် ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသ-ဖရိုဖရဲကြဲခြင်းကိစ္စရှိ၏၊ အဗျာကတပစ္စုပဋ္ဌာန်- အကျိုးမပေးတတ်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာန်-ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

**မှတ်ချက်**။ ။"လက္ခဏ,ရသ,ပစ္စုပဋ္ဌာန,ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ" ဟူသော သင်္ဂြိုဟ်လက်သန်းကို လေ့လာသွားပါလျှင် သဘောပေါက်ရပါလိမ့်မည်။

ဤအင်္ဂုတ္တရကာယပါဠိလာ အစိပ္ပါယ်ကား အလျားတလံအနံတထွာ ဤခန္ဓာကိုယ်၌ ခက်ထန်မာပြင်းသော မြေဓာတ်သဘော၊ စေးဖွဲ့ယိုစီးသော ရေဓာတ်သဘော၊ ခိုးရှိန်ပူအေးသော မီးဓာတ်သဘော၊ တောင့်တင်းထွေလျားသော လေဓာတ်သဘောအားဖြင့် ဤဓာတ်လေးပါး အစုသာတည်း။ ထိုဓာတ်လေးပါးတို့တွင် ပထဝီဓာတ် အာပေါဓာတ်ဟူသော ဂရုကဓာတ် နှစ်ပါးတို့သည် မြေခဲရေအယာဉ်တို့ကဲ့သို့ သတ္တာတို့အား အိပ်ခြင်း ထိုင်ခြင်းကို ဖြစ်စေ၏။ သတ္တာတို့သည်လည်း ဤဓာတ်နှစ်ပါးတို့ကြောင့် အိပ်ကြထိုင်ကြ၏။ တေဇောဓာတ်, ဝါယောဓာတ်ဟူသော လဟုကဓာတ်နှစ်ပါးသည် မီးတောက်လေဟုန်တို့ကဲ့သို့ သတ္တာတို့အား ထခြင်း-သွားခြင်းကို ဖြစ်စေတတ်၏။သတ္တာတို့သည်လည်း ဤဓာတ်နှစ်ပါးတို့ကြောင့် ထကြသွားကြ၏။

ဤသို့ အိပ်ခြင်း, ထိုင်ခြင်း,ထခြင်း,သွားခြင်းကို ပြုတတ်သော ပုဂ္ဂိုလ်,သတ္တာ, ငါ, သူတပါး, ယောကျ်ား, မိန်းမ ဟူ၍ တစုံတခုမျှ မရှိချေဟု အဖန်ဖန် ရှုဆင်ခြင်သဖြင့် သတ္တဇီဝသညာကို ပယ်ဖြတ်၍ ဓာတ်လေးပါးအစုသာတည်းဟု ဉာဏ်တွင်

ထင်မြင်သောအခါ ဤခေတ်လေးပါး၌ မှီ၍ဖြစ်တတ်သော တရားကား ဥပါဒါရုပ်တို့သာတည်းဟု သိမ်းဆည်းပြီး၍ထိုရုပက္ခန္ဓာကရဇကိုယ်ကို အာရုံပြု၍ဖြစ်ကုန်သော ဖဿ,ဝေဒနာ, သညာ စေတနာ, စိတ်ဟူသော ဖဿပဉ္စမကတရားတို့ကို အရင်းထား၍ နာမ်ခန္ဓာလေးပါးကို ထင်မြင်အောင်ရှု၍ ဤသို့ ထင်မြင်သော နာမ်တရားအပေါင်းတို့ကို ဤတရားစုသည်ကား အာရုံသို့ ရှေ့ရှုညွတ်တတ်သောကြောင့် နာမ်မည်၏။ ထိုနာမ်တရား၏ မှီရာဖြစ်သော ခေတ်လေးပါး ဥပါဒါတရားသည်ကား အချမ်းအပူတို့ကြောင့် ဖေါက်ပြန်တတ်သောကြောင့် ရုပ်တရားမည်၏ဟု ပိုင်းခြားမှတ်သားပြီးလျှင် ထိုမြင်အပ်ပြီးသော ရုပ်နာမ်ကိုပင် ပေါင်းစုပူးယှဉ်လျက် ဤကား ရုပ္ပနလက္ခဏာရှိသောရုပ်, ဤကား နမနလက္ခဏာရှိသော နာမ်တည်းဟု မှတ်၍ရှုလိုက်သော် စေ့စပ်စွာဖုံးအုပ်သော ကြုတ်သေတ္တာအစပ်ကို သံလျက်ဖြင့် ဖွင့်လှပ်၍ နှစ်စပ်နှစ်လွှာနှစ်စု ပြုဘိသကဲ့သို့ အနမတဂ္ဂသံသာရာစကာ်၌ ရိပ်မြွက်မျှမထင် မမြင်ဘူးသော ရုပ်နာမ် တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်ခြင်းသို့ ရောက်လိမ့်မည်။

ထိုနာမ်ရုပ်တရားနှစ်ပါးတို့တွင် နာမ်တရားလည်း နာမ်ချည်းသက်သက်,ရုပ်တရားလည်း ရုပ်ချည်းသက်သက် ဘယ်ကိစ္စတခုမျှ မဆောင်ရွက်တတ်သည်ဖြစ်၍ အသေချည်းသာတည်း၊စင်စစ်သော်ကား ဆွံ့, ကန်း ဒုက္ခိတနှစ်ဦးတို့သည် တဦးကိုတဦး အမှီသဟဲပြု၍ လိုရာပေါက်ရောက် ကြံတိုင်းမြောက်လျက် စားသောက်ဝပြောကုန်သကဲ့သို့ ထိုကန်းနှင့် ဆွံ့အတူ ဆွံ့နှင့်တူသော နာမ်တရားသည် စားလိုသည်၊ သွားလိုသည်၊ စကားဆိုလိုသည်၊ ထိုထို ပယောဂဗျာပါရ၌ နှလုံးသွင်းခြင်း အလိုဆန္ဒကား ရှိတတ်၏။ မိမိမှုကား စားခြင်း,သွားခြင်းစသည်ကို မစွမ်း

ဆောင်နိုင်လေ။ ကောန်းနှင့်တူသော ရုပ်သည် မိမိကား စားတတ်၏၊ သွားတတ်၏၊ စားလို့,သွားလို ထိုထိုဆန္ဒ, ပယောဂသညာ ကင်း၍ နှလုံးသွင်းခြင်းကား မရှိ၊ မိမိစားသည် သွားသည်ကိုမျှ ငါစား၏၊ ငါသွား၏ဟု မသိတတ်လေ။

ထိုဥပမာအလာ ရုပ်နာမ်တရား နှစ်ပါးတို့သည် ရုပ်ကို မှီ၍နာမ်, နာမ်ကိုမှီ၍ရုပ် ငါးထမ်းရွက်စပ် စပ်မိကြသဖြင့် နာမ်သည် စားလို၏။ စားလိုသောနာမ်ကြောင့် ရုပ်တရားတို့သည် စားခြင်းစသည်ကို ပြု၏။ ဤနာမ်ရုပ်မှတပါး စားတတ်သွားတတ်သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား, မိန်းမစသည် မရှိလေ၊ ရုပ်နာမ်တရား နှစ်ပါးမျှသာတည်း။ ထိုကြောင့် ရကား ထိုရုပ်နာမ်တရား နှစ်ပါးတို့ကို ပညာမျက်စိဖြင့် စေ့စေ့ ကြည့်လျက် ဤကားရုပ်, ဤကားနာမ် ဟူ၍ တရားနှစ်ပါးမရှုပ် မထွေးစေရ ပိုင်းပိုင်းခြားခြား မှတ်သား သိမ်းဆည်း၍ သတ္တဇီဝ သညာကို ဖြတ်ပိုင်းလျက် ဟုတ်မှန်စွာသိသော နာမရူပဝဝတ္ထာပန ဉာဏ်၊ သင်္ခါရပရိစ္ဆေဒဉာဏ်ဖြင့် ဖြောင့်မှန်စွာ သိသော အယူဟု ဆိုအပ်သော ဒိဋ္ဌိဝိသုဒ္ဓိကို ဖြစ်စေအပ်ကုန်ရာ၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ် လျှင် ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိ, သက္ကာယ ဒိဋ္ဌိနှစ်ဆယ်, နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, ကိရိယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ ဒိ-ဒိဋ္ဌိတွေ အကုန် ပြုတ်ကုန်တာဘဲဟု မှတ်ယူ ကြရမည်။

ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
(သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော်)

အင်္ဂသမ္ဘာရာ၊ ဝင်ရိုး, စက်ဘီးစသော အစိတ်အစိတ်ဟူ အဆောက်အဦတို့ကြောင့်၊ ရထောတိ- လျင်စွာသွားသည် ဓာတ် ရထားဟူ၍၊ သဒ္ဒေါ-ခေါ်ဆိုခြင်းဝေါဟာရပ် သမုတ်ပညတ်သည်၊ ဟောတိယထာ-ကောန်စင်စစ်ဖြစ်ရဘိသကဲ့သို့၊ ဧဝံတထာ-ဤအတူ၊ ခန္ဓေသု-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ရပ်တို့သည်၊ သန္တေသု-ရှိကုန်လတ်သော်၊ သတ္တောတိသမ္မုတိ- သတ္တဝါဟု သမုတ်ပညတ်ခြင်းသည်၊ ဟောတိ- ကောန်စင်စစ်ဖြစ်ရပေ၏။

မာရ-မာရ်နတ်၊ လောကေ-လောကဌ်၊ ဟိစင်စစ်၊ ဒုက္ခမေဝ- ဒုက္ခတရားသည်သာလျှင်၊ သမ္ဘောတိ-ဥပါဒ်ဟုဖြစ်ပေါ်လာ၏။ ဒုက္ခံ-ဒုက္ခတရားသည်သာလျှင်၊ တိဋ္ဌတိ-ဌီဟုတည်၏၊ ဝေတိစ-ဘင်ဟု ပျက်ကွယ်၏။ ဒုက္ခာ- ဒုက္ခတရားမှ၊ ဝါ-ဒုက္ခတရားကို၊ အညတြ-ကြဉ်ထား၍၊ ကိဉ္စိ- တစုံတခု သောတရား

[redacted]

**သက္ကာယဒိဋ္ဌိ အဓိပ္ပါယ်-**

ဤနေရာ၌ အများသိ သက္ကာယဒိဋ္ဌိကိုလည်း အချက်ကျသဖြင့် ရှင်းလင်း ဖော် ပြ လိုက် ပေအံ့။

"သက္ကာယဒိဋ္ဌိ" ပုဒ်၌ သက္ကာယဟူသည် လောကီဥပါဒါနက္ခန္ဓာ ငါးပါးကို မှတ်အပ်၏။ ထိုကြောင့် စူဠဝေဒလ္လသုတ်ပါဠိတော်၌ "ပဉ္စ ခေါ ဣမေ အာဝုသော ဝိသာခ ဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ"ဟု ဟောတော်မူ၏။ အာဝုသောဝိသာခ-ငါ့ရှင်ဝိသာခ၊ ပဉ္စ-ငါးပါးကုန်သော၊ ဣမေ ဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့ကို၊ သက္ကာယော-သက္ကာယဟူ၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တော-ဟောတော်မူအပ်၏။ "ဒိဋ္ဌိ"ဟူသည်ဥပါဒါန်၏အာရုံဖြစ်သော လောကီခန္ဓာငါးပါးကိုအတ္တဟုရှုခြင်းပင်တည်း။ သက္ကာယနှင့်ဒိဋ္ဌိ အထူးကား သက္ကာယဟူသည် အာရုံပစ္စည်းတရားတည်း၊ ဒိဋ္ဌိဟူသည်ကား အာရမ္မဏိကပစ္စယုပ္ပန်တရားတည်း။ ဤသို့ထူးခြားဟန်ကိုလည်း သိမှတ်ကြလေ။

သက္ကာယဒိဋ္ဌိပုဒ်အရ ဝစနတ္ထကား သန္တော ကာယော သက္ကာယော၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ၊ သန္တော-ပရမတ္ထအားဖြင့်ထင်ရှားရှိသော၊ကာယော-ခန္ဓာငါးပါးအပေါင်းတည်း၊ သက္ကာယော-ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း။ သက္ကာယေ-ပရမတ္ထအားဖြင့် ထင်ရှားရှိသော လောကီခန္ဓာငါးပါး အပေါင်း၌၊ ဒိဋ္ဌိ-ဖောက်ပြန်သော အားဖြင့် ရှုခြင်းတည်း။ သက္ကာယဒိဋ္ဌိ-ပရမတ္ထအားဖြင့် ထင်ရှားရှိသော လောကီခန္ဓာငါးပါး အပေါင်း၌ ဖောက်ပြန်သော အားဖြင့် ရှုခြင်း၊ လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါင်း၌ အတ္တဟု မှားသော အားဖြင့် ရှုသော ဒိဋ္ဌိစေတသိက်ရ၏။(၎င်းကို "အတ္တဒိဋ္ဌိ"လည်း ခေါ်၏၊ နောက်မှ သီးခြားပြဦးအံ့)။

တနည်း၊ကာယေဒိဋ္ဌိ ကာယ ဒိဋ္ဌိ၊သတိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ၊ ကာယေ-ခန္ဓာ ငါးပါးဟု ဆိုအပ်သောကာယ၌၊ပဝတ္တာ၊ဖြစ်သော၊ ဒိဋ္ဌိ-မှားသောအယူတည်း။ ကာယဒိဋ္ဌိ-ခန္ဓာငါးပါးဟု ဆိုအပ်သော ကာယ၌ဖြစ်သော မှားသောအယူ၊ သတိ-ပရမတ္ထအားဖြင့် ထင်ရှားရှိသော၊ ကာယဒိဋ္ဌိ-ခန္ဓာ ငါးပါးဟု ဆိုအပ်သော ကာယ၌ဖြစ်သော မှားသောအယူတည်း။ သက္ကာယဒိဋ္ဌိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးဟု ဆိုအပ်သော ကာယ၌ ဖြစ်သော မှားသောအယူ၊ ဤဝစနတ္ထနှစ်ရပ် တို့တွင် ရှေ့ဝိကပ်အရ ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ကိုယ်ခန္ဓာကို မှတ်အပ်၏၊ နောက်ဝိကပ်အရ ထင်ရှား ရှိသော အယူကို မှတ်အပ်၏။ ဤသို့ ပြအပ်သော အဋ္ဌကထာ ဝိဂ္ဂဟဝါကျနှင့်အညီ သက္ကာယဒိဋ္ဌိ၏ဝစနတ္ထကို မှတ်သားပြီး၍ သက္ကာယပုဒ်အရ ဒိဋ္ဌိအရ ဝိသေသကိုသိလေ၊ ဤသို့ သေချာတိတိကောင်းစွာ သိလျှင် သက္ကာယအရ ဥပါဒါန် တရား လေးပါး၏ အာရုံဖြစ်သော လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးကို ကောက်ရယူရ၏ ဟု စူဠဝေဒလ္လသုတ် ပါဠိ၌ ပြရကား ဥပါဒါန်တရားလေးပါး၏ အာရုံမဖြစ်သော လောကုတ္တရာ ခန္ဓာ ငါးပါးရှိသော ဘုရားရှင်နှင့်ရဟန္တာသခင်တို့အားသက္ကာယရှိ၏ ဟု ပြောဆိုသော မဟာအမှားကို မမှတ်သားအပ်၊ ပြဆိုခဲ့သော စူဠဝေဒလ္လသုတ်ကို ထောက်လေ၊ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ အထူးကိုလည်း သိမှတ်သတိပြုကြလေ။

ထိုနည်း တူစွာပင် လောကုတ္တရာ ဖြစ်သော ခန္ဓာကို သက္ကာယဟု မခေါ်အပ်သည်ကို ထပ်လောင်း၍ ပြတော်မူလိုသော မူလဋီကာဆရာအရှင် အာနန္ဒာသည် "လောကုတ္တရာ ပန န ကဒါစိ အဝိဇ္ဇာ မာနာ ကာရေန ဂယှန္တိ တိ န ဣဒံ ဝိသေသနံ

အရဟန္တိ" ဟု ဖွင့်ပြတော် မူလေသည်။ လောကုတ္တရာ ပန-လောကုတ္တရာ ခန္ဓာတို့ကိုကား။ ကဒါစိ-တရံတခါ၊ အဝိဇ္ဇမာနာကာရေန-ထင်ရှားမရှိသော၊ ငါ-ငါ၏ ဥစ္စာဟူသော အခြင်းအရာဖြင့်၊ နဂယှန္တိ၊မယူအပ်ကုန်။ ဣတိတသ္မာ–ထိုကြောင့်၊ ဣဒံဝိသေသနံ-ဤ သက္ကာယဟူသော ဝိသေသနကို၊ နအရဟန္တိ–မထိုက်ကုန်။ (ဤကားမူလဋီကာအနက်တည်း။)

အဓိပ္ပါယ်မှာ လောကုတ္တရာ ခန္ဓာကိုကား ကာယဟူ၍သာဆိုအပ်၏။သက္ကာယဟု မဆိုအပ်ကုန်။အကြောင်းမှာ သက္ကာယဟူသည်လောကီ ဥပါဒါနက္ခန္ဓာကိုသာ ဟော၍လောကုတ္တရာ ခန္ဓာကိုမယူအပ်သောကြောင့်တည်း။ဤ သက္ကာယကို ရှုသော ပုဂ္ဂိုလ်သည်လည်း သုတဝါ ပုထုဇဉ်, အသုတဝါ ပုထုဇဉ် နှစ်ယောက်တို့တွင် ပရိယတ်ဟု ဆိုအပ်သော အာဂမ,မဂ်ဖိုလ်ဟု ဆိုအပ်သော အဓိဂမ မရှိသော အသုတဝါ ပုထုဇဉ်သည်သာလျှင်ခန္ဓာ, အာယတန, ဓာတ်စသည်တို့၌ သင်ခြင်း မေးခြင်း ဆုံးဖြတ်ခြင်း ကင်းသည် ဖြစ်၍ ဥပါဒါန်၏ အာရုံ ဖြစ်သော လောကီ ခန္ဓာ ငါးပါးကို အတ္တဟူ၍ ရှုခြင်းဖြစ်တော့သည်ဟု မှတ်လေ။

**သက္ကာယဒိဋ္ဌိနှစ်ဆယ်** ရှုအပ်သော သက္ကာယသရုပ်ကား မီးတောက်မီးလျှံ၌ အရောင်အဆင်းမရှိ ရှုဘိသကဲ့သို့ ရုပ်နှင့် ကိုယ်ကို နှစ်ပါး မရှိဟူ၍ ရုပ်ကို ကိုယ်ယူ၍ ရှုခြင်းတပါး၊ နာမ်ကို ကိုယ်ယူ၍ သစ်ရိပ်ရှိသော သစ်ပင်ကဲ့သို့ နာမ်ကို ရုပ်ရှိ၏ ဟု ရှုခြင်းတပါး၊နာမ်ကို ကိုယ်ဟုယူ၍ သစ်ပွင့်၏ အနံ့ကဲ့သို့ ကိုယ်၌ ရုပ်ရှိ၏ ဟု ရှုခြင်းတပါး၊နာမ်ကို ကိုယ်ဟုယူ၍ ကြုတ်၌တည်သော ပတ္တမြားကဲ့သို့ ရုပ်၌ကိုယ်ကိုရှုခြင်းတပါး ဤသို့ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးပါး။

ဝေဒနာက္ခန္ဓာကို ကိုယ်ဟူ၍ရှုခြင်း တပါး၊ ရုပ်နာမ်နှစ်

ပါးကို ကိုယ်ယူ၍ ကိုယ်ကိုဝေဒနာရှိ၏ဟု ရှုခြင်းတပါး၊ ရုပ်နာမ်-နှစ်ပါးကို ကိုယ်ယူ၍ ကိုယ်၌ ဝေဒနာရှိ၏ဟု ရှုခြင်းတပါး၊ ရုပ်နာမ်နှစ်ပါးကို ကိုယ်ယူ၍ ဝေဒနာ၌ ကိုယ်ဟု ရှုခြင်းတပါး, ဤသို့လျှင် ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးပါး၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့၌လည်း နည်းတူပင် လေးပါးစီဟု သိလေ။ ဤသို့ခန္ဓာငါးပါးပေါင်းသော် သက္ကာယဒိဋ္ဌိ နှစ်ဆယ် ဖြစ်သတည်း။

ဤသို့ ပြဆိုအပ်သော သက္ကာယဒိဋ္ဌိတို့သည် ကမ္မပထသို့ မရောက်သည်၏ အဖြစ်ကြောင့် မဂ်ကိုပိတ်ပင်တတ်၏။ နတ်ရွာကို မပိတ်ပင်တတ်ဟု အဋ္ဌသာလိနီ နိက္ခေပကဏ္ဍအဋ္ဌကထာတွင် မိန့်ဆိုသည်၊ အင်္ဂုတ္တရအဋ္ဌကထာတို့ အလိုအားဖြင့် မဂ်ကိုလည်း ပိတ်ပင်တတ်၏။နတ်ရွာကိုလည်း ပိတ်ပင်တတ်၏ဟုပြတော်မူ၏၊ ထိုနှစ်ဝါဒတွင် အဋ္ဌသာလိနီဝါဒမှာ-ကမ္မပထမမြောက်သောကြောင့် ဇနကအကြောင်းမဟုတ်သည်ကိုရည်သန်၍ပြတော်မူသည်။ အင်္ဂုတ္တိုရ်ဝါဒမှာ ပကတူပနိဿယအကြောင်းဖြစ်သည်ကို ရည်၍ ပြသည်ဟု ရှေးဆရာတော်ကြီးများ မိန့်ဆိုတော်မူကြလေသည်။ဤသက္ကာယဒိဋ္ဌိကိုလည်း သာသနာမှအပဖြစ်သော တိတ္ထိတို့သည် ကြံဆ၍ ယူအပ်သော အတ္တဘောစသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ဤသို့ ထင်ရှားမရှိသည့်အရာကို ထင်ရှားရှိသကဲ့သို့ နှလုံးသွင်း၍ ယုံကြည်လျက် ယူသော်သာလျှင် သက္ကာယဒိဋ္ဌိဖြစ်၏၊ အသုတဝါပုထုဇဉ်ကို မှတ်လေ။

အကြားအမြင်နှင့် ပြည့်စုံသော သုတဝါပုထုဇဉ်ပုဂ္ဂိုလ်သည် ငါဟူ၍ရင်း, ငါ၏ကိုယ်ဟူ၍ရင်း ခေါ်ဝေါ်ခြင်း၌ သက္ကာယ ဒိဋ္ဌိ မဖြစ်ကုန်၊ အဘယ်ကြောင့်ဟူမူ လောကသင်္ကေတ သမ္မုတိသစ္စာ အားဖြင့် ပြောဆိုသောကြောင့်တည်း။ မြတ်စွာဘုရား

သည်လည်း သမ္မုတိဒေသနာအားဖြင့် "အဟံ ဓမ္မံ တုမှာကံ ဒေသိဿာမိ" ငါသင်တို့အား တရားဟောကြားတော်မူပေအံ့ စသည်ဖြင့် ဟောကြားတော်မူသောကြောင့်တည်း။ သမ္မုတိဒေသနာ, ပရမတ္ထ ဒေသနာ နှစ်ရပ်ကိုလည်း ကြပ်ကြပ်သတိမူကြလေ။

**ဒိဋ္ဌိသုံးမျိုးကို သိမှတ်ရန်**

ဤနေရာ၌ အချက်ကျသဖြင့် ဆက်လက်၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ သုံးမျိုးကို ပြဆိုရန် သင့်၏။ များသောအားဖြင့် ဗုဒ္ဓဘာသာလူမျိုးများသည် လူဝင်စားကလေးတွေကိုအကြောင်းပြု၍ဖြစ်စေ, နောက်နောက်သော ဘဝများကို ရည်မှတ်၍ဖြစ်စေ ဤဘဝမှ ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် နောက်ဘဝသို့ လိုက်တယ်ဟု အယူမှားတတ်သည်။ ဆိုလိုရင်းမှာ ဘဝဟောင်းက ဝိညာဏ်ကောင်သည် ဘဝအသစ် ပြောင်းရွှေ့၍ ဖြစ်၏ဟု ယူဆလျှင် ဝိညာဏ်ကောင်သည် မပျက်မစဲခိုင်မြဲ၏ဟု ယူဆသော သဿဒိဋ္ဌိဖြစ်ရာ၏။ ဘဝဟောင်းက ရုပ်နာမ်ဟူသမျှ လုံးဝ အဆက်အသွယ်မရှိဘဲ ပြတ်စဲကြ၏။ ဤဘဝ ဤကိုယ် နောင်ဘဝ နောင်ကိုယ်သာတည်းဟု ယူဆ ပြန်လျှင်လည်း သတ္တာ ဟူသမျှ သေလျှင်ပြီးတာဘဲ ပြတ်တာဘဲဟုယူဆသော ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏။ ဤဥစ္ဆေဒဒိဋ္ဌိကို အချို့သော ဘာသာခြား လူမျိုးများ ယူတတ်တယ်။ ထိုဒိဋ္ဌိနှစ်မျိုး မဖြစ်အောင် ပဲ့တင်သံစသော ဥပမာ နှိုင်းယှဉ်၍ ယူကြရန် အဋ္ဌကထာဋီကာ ကျမ်းဂန်များ၌ ညွှန်ကြားလျက်ရှိ၏။ အောက်ကလည်း ရှင်းလင်း ပြဆိုခဲ့၏။ သဘောကျလျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိအယူမှ လွတ်၏။ ရင်းပြင် အလယ် အလတ် ကြားချပြီး မပြတ်တပြတ်လို့ အယူမှားလျှင် အမရာဝိက္ခေပဒိဋ္ဌိလို့မှတ်ရမယ်။

ဤသဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ သုံးမျိုး

ဟာဘယ်ကဖြစ်ပေါ်လာတယ်၊ဒီ ဒိဋ္ဌိသုံးပါးလွတ်အောင်ဘယ်လို ယူရမယ်ဆိုတာကို တကယ်နားလည် သဘောပေါက်ဘို့အရေးကြီး ၏။ ၎င်းဒိဋ္ဌိသုံးမျိုး ဖြစ်ပေါ်လာရင်းမူလမှာ ဆိုခဲ့သည့် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကဘဲ ဖြစ်တယ်၊ ၎င်းအတ္တဒိဋ္ဌိပြုတ်သွားလျှင် အလုံး စုံသော ဒိဋ္ဌိတွေဟာ အကုန်ပြုတ်နိုင်၏။ ယခု ဝိပဿနာတရား အားထုတ် လေ့လာနေကြသော ယောဂီပုဂ္ဂိုလ်များသည် ဝိပဿ နာ ဉာဏ်ရနေသဖြင့် မိမိခန္ဓာမှာ တကယ်အမှန်ရှိနေသည့် ခန္ဓာ ငါးပါး ရုပ်နာမ်တရားတွေဟာ မျက်တောင်တခတ် လျှပ်တပြက် မျှ ခိုင်မြဲနေတာကို မတွေ့ရသဖြင့် ဤဘဝမှဖြစ်တဲ့ ခန္ဓာရုပ်နာမ် တွေ ဟိုဘဝသို့ လိုက်ပါဘို့ကို မဆိုထားနှင့် ယခုထိုင်ရာ၌ဖြစ်ပျက် နေသော ခန္ဓာရုပ်နာမ်တွေ ထသွားတဲ့နောက် မလိုက်တာ ကိုယ် တိုင်သိလျက်သားနှင့် ဤဘဝက ခန္ဓာရုပ်နာမ်တွေ ဟိုဘဝကို လိုက်တယ်လို့ ဘယ်နည်းနှင့်မျှ မယူနိုင်ဘူး၊ အဲဒါ သဿတဒိဋ္ဌိ ပြုတ်သွားပြီဟု မှတ်ကြလေ။

ဤဘဝက ခန္ဓာနာမ်ရုပ်တွေ ဟိုဘဝသို့ မလိုက်ဘူး ပြတ် သွားရော့-ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကကော ဘယ်လိုယူရမလဲ၊ အဟောင်း ရုပ်ကလာပ်တွေ ပျက်တိုင်းပျက်တိုင်း အဟောင်းနေရာမှနာနာက္ခ ဏိကကမ္မသတ္တိဖြင့် အစားထိုး မပြတ်ဖြစ်နေတာကို ကိုယ်တိုင်သိ နေတာ၊ နိဗ္ဗာန်ကို မရသမျှ ဤ ရုပ်နာမ်ခန္ဓာတွေ မပြတ် ဖြစ် ပျက်နေတာသိလျက်သားနှင့် ဘယ်နည်းနှင့် ပြတ်ကရောဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကို ယူနိုင်အုံးမလဲ၊ မယူနိုင်ဘူး၊ ဥစ္ဆေဒဒိဋ္ဌိ ပြတ်ပြီဟု မှတ်၊ ဒီကြားထဲက ဖောက်ပြန်တဲ့ မပြတ်တပြတ်ဆိုသော အမရာ ဝိက္ခေပဒိဋ္ဌိကိုလည်း ဘယ်နည်းနှင့်မျှ မယူတော့ဘူး၊ အဲဒါ- ဘာကြောင့်လဲဆိုလျှင် အတ္တဒိဋ္ဌိ ပြုတ်သွားလို့ဘဲ မှတ်ကြလေ၊ ဒီ-

ဒိဋ္ဌိတွေ တကယ်ပြတ်သွားလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိလည်း စင်ကြယ်ပြီးသားမှတ်။ ဤကားဒိဋ္ဌိသုံးမျိုးဆိုင်ရာ သိမှတ်ဖွယ်အချက်အလက်များပေတည်း။

**ဂါဟတရားသုံးပါးကို ပြဆိုခြင်း** ပြဆိုခဲ့သော တဏှာ, မာန, ဒိဋ္ဌိတရားသုံးပါးသည် ငါ့အလို ငါ့ကိုယ်ဟူ၍ စွဲလမ်းယူမှား တတ်သောကြောင့် အတ္တဒိဋ္ဌိ၊ သက္ကာယလည်းမည်၏၊ သံသရာဘခွင်၌ ကျယ်ဝန်းအောင် ချဲ့ထွင်တတ်သောကြောင့် ပပဉ္စတရားလည်း မည်၏။ မိမိတို့မှီရာဖြစ်သော ထိုတရားသုံးပါးရှိသောသူကို ကိုက်ဘမ်းမျိုဝါး စားသောက်တတ်သောကြောင့် ဂါဟတရားလည်းမည်၏။ ထိုတရားသုံးပါးတို့၏ သံသရာချဲ့ထွင်ပုံ ကိုက်ဘမ်းဝါးစားမျိုပုံမှာ ပိဋကတ်ကျမ်းဂန်၌ တတ်ကျွမ်း၍ ဒေသနာဉာဏ် အားကြီးသောသူမှာ ဝိပဿနာအလုပ်နှင့်စပ်သော ပရမတ်အရာများ၌ ဉာဏ်မမှီ သဘောမပေါက် ရှိနေသော်လည်း ဉာဏ်မှီ၏၊ သဘောပေါက်၏၊ ငါ့အယူမှန်၏၊ သူတပါးအယူမှား၏ဟု စသည်ဖြင့် ထင်မြင်တတ်မှု သူတပါးကအယူဖြောင့်သော်လည်း မယုံမကြည်မလိုက်မနာနိုင်ပေ၊ ဤသို့ မာနတရားတက်ကြွသဖြင့် တဏှာဒိဋ္ဌိတို့သည် ထိုပုဂ္ဂိုလ်အား ပူးကပ် ဝင်ရောက်၍ ဘဝများအောင် ချဲ့ထွင်၏။ ကောင်းသောတရား ကောင်းကျိုးချမ်းသာ ကောင်းမြတ်သောသုဂတိဘဝမျိုးကို ချိုးဖျက်သတ်ဖြတ် ကိုက်ဘမ်းစားမျို၍မကောင်းသောတရား ကိန်းဝပ်လျက် မကောင်းကျိုး ဖြစ်သော ဒုဂ္ဂတိဘဝမျိုးသို့ ကျရောက်စေခြင်းဖြစ်၏။ ယခု ပြဆိုခဲ့သော အကြောင်းများကို ဓမ္မပဒပါဠိတော်, ရင်း အဋ္ဌကထာတို့၌ လာသော ကပိလသုတ်ဖြင့်သိအပ်၏။

ကပိလ ရဟန်း ကဿပဘုရား သာသနာတော်၌ သာဂတ, ကပိလ ညီအစ်ကို နှစ်ယောက် ရဟန်းပြုကြ၏။
ဝတ္ထု၊ မိခင် သာဓိနီနှင့် နှမတာပနာတို့လည်း အတူ လိုက်၍ ရဟန်းပြုကြ၏။ အစ်ကို သာဂတသည် ငါးဝါရသော အခါ တောထွက်၍ ဝိပဿနာကို အားထုတ်သဖြင့် ရဟန္တာဖြစ် လေ၏။ ညီကပိလမှာ ပိဋကဋ္ဌတ်ကျမ်းဂန်ကို သင်ကြားတတ် မြောက်၍ အခြွေအရံ တပည့်ပရိသတ် ပေါများသဖြင့် ဘုန်းကြီး ခြင်း, လာဘ်သပ္ပကာများခြင်း ဖြစ်လာ၏။ ထိုသို့ ကျမ်းဂန်တတ် ခြင်းကြောင့် ထပည့်အခြွေအရံနှင့်တကွ လာဘ်များသည်ကို မှီ၍ လွန်စွာပင် မာနတရားအားကြီးနေလေသတည်း။ ထိုအခါ ကပိလ ရဟန်းသည် အမှန်ကို အမှား, အမှားကိုအမှန်ဟု ဖောက်ပြန်စွဲယူ၍ မိမိအလိုသို့ လိုက်သောသူကို အားပေး၊ မိမိ အလိုသို့ မလိုက်သော သူကိုနှိပ်စက်၍ အနိုင်အထက် ပြုလုပ်ကျင့်ကြံလေ၏။ မိခင်နှင့် နှမဖြစ်သော ဘိက္ခုနီမတို့လည်း ကပိလရဟန်း၏ အယူသို့ လိုက် ၍ ရဟန်းကောင်းများကို ပြစ်မှား ဆဲရေးလေ၏။ အစ်ကို သာဂတ မထေရ်သည် နှစ်ကြိမ်လာ၍ ဆုံးမသော်လည်း မလိုက် နာသဖြင့် ရှောင်လွှဲရလေ၏။ သေသောအခါ ကပိလရဟန်း နှင့် မိခင်, နှမတို့သည် အတူမကွဲဘဲ အဝီစိငရဲကြီးသို့ ကျရောက် ကြလေကုန်၏။

ထိုအခါ ကပိလရဟန်းသည် ဘုရားနှစ်ဆူအကြား ငရဲ၌ ခံရပြီးသည့်နောက် ငါတို့ဘုရားလက်ထက် သာဝတ္ထိပြည်အနီး အစိရဝတီမြစ်၌ ကိုယ်မှာ ရွှေအဆင်း ပါးစပ်မှာ အလွန်ပုပ်သော ငါးကြီးဖြစ်လေ၏။ တနေ့သ၌ တံငါသည်တို့ ပိုက်ကွန်ဖြင့် ဘမ်း မိ၍ ထူးဆန်းသောငါးဟု ကောသလမင်းကြီးအား ဆက်သရာ မင်းကြီးက တဖန် ဘုရားထံ ယူဆောင်လာ၍ အကြောင်းကို

လျှောက်ထားလေသော် အတိတ်ကိုဆောင်၍ ဟောတော်မူရာ အချို့မှာမယုံကြည်သဖြင့် ကပိလငါးကို မြတ်စွာဘုရားက သင်သည် ကဿပဘုရားလက်ထက်တွင် ကပိလမည်သော ရဟန်း မဟုတ်လောဟု မေးတော်မူ၍ ဟုတ်မှန်ကြောင်းကို ငါးကြီးကပင် လျှောက်ထားလေ၏။ သင်ယုခုဘယ်ကလာသလဲဟု တဖန်မေး ပြန်သောအခါ အဝီစိငရဲက လာကြောင်းကို လျှောက်လေ၏။ သင်၏အမိနှင့် နှမများ ဘယ်မှာလဲဟု မေးမြန်းသော် အဝီစိငရဲမှာ ရှိနေကြောင်းလျှောက်၏။သင်သည် ဤဘဝမှ စုတေလျှင်ဘယ်ကို သွားရမည်လဲဟု မေးသောအခါ အဝီစိငရဲကိုပင် ပြန်ရပါဦး မည်ဟု လျှောက်ပြီး နှလုံးမသာ လွန်စွာဝမ်းနဲလှသဖြင့် လှေနံ ကို ခေါင်းနှင့် တိုက်ပြီး သေဆုံးသွားရှာလေသည်။

ထိုအခါ တံငါသည် ငါးရာနှင့်တကွ လာရောက်သော ပရိသတ်များသည် လွန်စွာ ထိတ်လန့်သံဝေဂဖြစ်သဖြင့် မြတ်စွာ ဘုရား တရား ဟောတော်မူ၍ အကျွတ်တရား ရကြလေသည်။ ဤကပိလ ရဟန်းဝတ္ထုကို ထောက်ဆ၍ ဂါဟတရား သုံးပါးကို ကိုက်ဘမ်းမျိုဝါး စားသောက်သော အဖြစ်ကို သိကြပါလေ၊ ၎င်းဝတ္ထု သာခကသည် ထင်ရှားရာကိုသာ ပြဆိုခြင်း ဖြစ်၏။ ပုထုဇဉ်ဖြစ်သော သတ္တဝါတို့အား အနည်းအများ ဖြစ်တတ်ကြ၍ အထူးပင် သတိပြုသင့်လှပေသည်။

အချုပ်မှာ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန်မသိလျှင် ပိဋကတ်သုံးပုံဆောင်သော်လည်း တဏှာ, ဒိဋ္ဌိ, မာန ဖြစ်၏။ သံသ ရာ ရှည်လျား ကျယ်ဝန်း၏။ ဂါဟတရားကိုက်ဘမ်း၏၊ ဉာဏ်ကို သာလို၏၊ စာကိုမလိုအပ်၊ ထိုကြောင့် (ကိုယ်မှာမတတ်၊ စာမှာ တတ်၊ ဂါဟကိုက်တတ်သည်) ဟု ဆရာမြတ်တို့ မိန့်ဆိုကြကုန်၏။ သို့အတွက် သက္ကာယဒိဋ္ဌိ အစွဲမရှိ၍ ပပဉ္စတရား လွတ်ကင်းလျက်

ဂါပါတရား ပြတ်စဲသဖြင့် တဏှာ, မာန, ဒိဋ္ဌိတို့ မကပ်မရောက်နိုင်အောင်ကျမ်းဂန်သိစာပေသိမှလွန်၍ ကိုယ်ထဲစိတ်ထဲ၌ ဉာဏ်သိ ဖြစ်လာစေရန် ရှစ်တန်သော မဟာပုရိသ ဝိတက်တို့နှင့် အချက်ကျကျ သတ်မှတ်၍ ရုပ်နာမ်ပရမတ်တို့ မပြတ်ဖြစ်ပျက်နေသော ကွေးခြင်း၊ ဆန့်ခြင်း၊ မြင်ခြင်း၊ ကြားခြင်းစသော အမူအရာတို့ကို ဖြစ်ပေါ်လာသော သူ့သဘောအတိုင်း မဆိုင်းမရပ် အလပ်အကြား မဝင်စေဘဲ စွဲစွဲမြဲမြဲ ဝိပဿနာကို ရှုမှတ်သင့်လှပေသတည်း။

**ကင်္ခါဝိတရဏ ဝိသုဒ္ဓိကိုပြခြင်း** ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြင်အပ်ပြီးသော နာမ်ရုပ်တရား နှစ်ပါးတို့၏ အကြောင်းကို ဆင်ခြင်ရှာမှီး သိမ်းဆည်းပွားများ နှလုံးထားဖြင့် ကာလသုံးပါး၌ ယုံမှားခြင်းကို လွန်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ပွားဟန်ကား-သမားလိမ္မာသည် အနာကိုမြင်လတ်သော် ထိုအနာ၏ အကြောင်းသမုဋ္ဌာန်ကို ကြံစည်သကဲ့သို့ ချမ်းသာမဟုတ် သက်သက်ဆင်းရဲချည်းဖြစ်၍ စင်စစ်ထိတ်လန့်ဘွယ်ရာ အနာ၏အသွင် မြင်ပြီးသော နာမ်ရုပ်နှစ်ပါး၏ အကြောင်းကို ရှာသည်ရှိသော် ရှေးဘဝ၌အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ ဟူသောဇနကအကြောင်း ဤဘဝ၌ အာဟာရဟူသော ဥပထမ္ဘကအကြောင်း ဤရုပ်အကြောင်းငါးပါးကို ရှေးဦးစွာ သိမ်းဆည်းအပ်၏။ ထို့နောင် လောကီနာမ်ရုပ်တရားတို့၏ စက္ခုပသာဒ, အာဝဇ္ဇာန်း-စသော အဇ္ဈတ္တအကြောင်း၊ ရူပါရုံ, အာလောက စသော ဗဟိဒ္ဓအကြောင်းတို့ကြောင့် ဖြစ်၏ဟု သိမ်းဆည်းခြင်းကိုပြုအပ်၏။ဤသို့ ပစ္စုပ္ပန်ဖြစ်သော နာမ်ရုပ်အကြောင်းကိုမြင်လျှင်-

ယထာယိဒံ နာမရူပံ၊ ပစ္စယောပိ ပဝတ္တတိ။

ဇဝံ’ တီတေပိ’ နာဂတေ၊ အဘာဝိတ္တာ ဘာဝိဿတိ။

ဟု ကာလသုံးပါး၌ပင် မြင်ရတော့သည် မှတ်လေ၊ အတိတ်၌ယုံ မှားခြင်းငါးပါး,အနာဂတ်၌ငါးပါး,ပစ္စုပ္ပန်၌ခြောက်ပါး၊ပေါင်း တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကို မူလပဏ္ဏာသ ပါဠိတော် သဗ္ဗာသဝသုတ်၌ ဘုရားဟောတော်မူခဲ့၏၊ အလိုရှိလျှင် ၎င်းမှယူ ကြလေကုန်။ ထိုကြောင့်-

အတိတ်အနာဂတ်၊ ပဥ္စမှတ်၊ ခြောက်ရပ်ပစ္စုပ္ပန်။
သုံးလူ့ထွင့်ထား၊ မိန့်တုံငြား၊ ယုံမှားဆဲ့ခြောက်တန်။

ဟု ရှေးဆရာကျော်များ မိန့်ကြား စပ်ဆိုတော်မူခဲ့လေသည်။

ဤ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့သည် ကင်း ပျောက်ကုန်သော် ပုဂ္ဂိုလ်, သတ္တာ, ဗြဟ္မာ, လူ, နတ်ဟု ကမ္ဘာဦး သူတို့၏ ပညတ်သင်္ကေတဖြင့်သာ ပညာရှိတို့ ခေါ်ဝေါ်သ မှတ်ကြသည်။ စင်စစ်မူကား အကြောင်းကိုစွဲ၍ဖြစ်သော ရုပ်နာမ် မှတပါး ပုဂ္ဂိုလ်, သတ္တာမရှိဟု မဖေါက်မပြန် အဝိပရီတဉာဏ် ဖြင့် ဤကား နာမ်ရုပ်၊ နာမ်ရုပ်ကား ဤမျှသာ၊ ဤကား နာမ် ရုပ်၏အကြောင်း၊ နာမ်ရုပ်၏အကြောင်းကား ဤမျှသာဟု ပိုင်း ခြား၍သိသော ဉာတပရိညာ ဖြစ်လာ၏။ ထိုဉာတပရိညာ ဖြစ် လာသောအခါ ၁-ဘုရား၌ ယုံမှားခြင်း, ၂-တရား၌ ယုံမှားခြင်း, ၃-သံဃာ၌ ယုံမှားခြင်း, ၄-သိက္ခာ၌ ယုံမှားခြင်း, ၅-သံသရာ ရှေးအစွန်း၌ ယုံမှားခြင်း, ၆-သံသရာ နောက်အစွန်း၌ ယုံမှား ခြင်း, ၇-ရှေးအစွန်းနောက်အစွန်း၌ ယုံမှားခြင်း, ၈-ပဋိစ္စသ မုပ္ပါဒ်တရား၌ ယုံမှားခြင်း ဤရှစ်ပါးသော ယုံမှားခြင်းတရားတို့ သည် တန့်စားရာမရ ပျောက်ပျက်ရတော့သည်။ ဤသို့ နာမ်ရုပ် ၏အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်း ကို လွန်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

ဤ ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား သာသနာတော်၌ မဂ်တည်းဟူသော ဆောက်တည်ရာ, ဖိုလ်တည်းဟူသော သက်သာရာကို ရဘိသည့်အလား လောကီဉာဏ်ဖြင့်ပင် သစ္စာလေးပါးကို သိသောကြောင့် မြဲသောလားရာဂတိရှိရကား စူဠသောတာပန်အငယ်ဆုံးအဖြစ် တည်၏၊ ဤဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ-ဟုဆိုအပ်သော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် ဝိပဿနာဉာဏ် ဖြစ်ရကား ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်, သမ္မသနဉာဏ်မည်၏-ဟုထိုထိုပါဠိတော်များ၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤ ဉာဏ်နှစ်ပါး ရစေအောင် သံသာရာဘယဘီရုက သူတော်ကောင်းတို့သည် ကိုယ်အသက်ကို ငဲ့ကွက်မချစ် မဖြစ်မနေရ နေ့-ညမယုတ် အားထုတ်ကြိုးစားသင့်တော့သည်။ ဤဉာဏ်နှစ်ပါးကို ရရှိပါက အပါယ်တံခါးပိတ်၏ဟူလို။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်း၌ "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ" ဟု မိန့်တော်မူ၏။

ပန-အကျိုးကြီးမားဟန်ကို ထုတ်ပြန်၍ ပြဦးအံ့၊ ဣမိနာ ဉာဏေန-ပရမတ္ထရုပ်နာမ်ကို အမှန်သိသော ယထာဘူတဉာဏ်နှင့် သမန္နာ ဂတော- ပြည့်စုံသော၊ ဝိပဿကော- ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော-သက်သာရာရသည်၊ လဒ္ဓပတိဋ္ဌော- ဆောက်တည်ရာရသည်၊ နိယတဂတိကော-လားရာဂတိမြဲသည်ဖြစ်၍၊ စူဠသောတာပန္နောနာမ-စူဠသောတာပန်မည်သည်၊ ဝါ-မထိပါယ်ဘေး သောတာပန်ထွေးမည်သည်၊ ဟောတိ-မုချမသွေ ဖြစ်ရ

လေသတည်း။ (ဤပါဠိအနက်ကို သက်ဆိုင်ရာအောက်ကလည်း ရေးခဲ့ပြီ။)

**မှတ်ချက်။** ။ဖြူစင်ဖြောင့်စင်းသော စိတ်နှလုံးဖြင့် တရားလိုက်စားနေကြသူ ဝိပဿနာယောဂီများ အရိယာမဂ်သို့ မရောက်သေးသည်တိုင်အောင် အောက်ခြေ ဝိသုဒ္ဓိနှစ်ပါး ယထာဘူတဉာဏ်နှင့် ပြည့်စုံမည်ဆိုပါက ဂတိမြဲ၍ သာသနာတော်၌ ဆောက်တည်ရာ သက်သာရာ ရပြီမှတ်။ ကင်္ခါဝိတရဏဝိသုဒ္ဓိပြဆိုချက်ပြီး၏။

**မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ သမ္မသနဉာဏ်-**

မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတို့၌ ကလာပ, အဒ္ဓါန, သန္တတိ, ခဏဖြင့် ရှုအပ်သော သမ္မသနဉာဏ်ဖြင့်ငင်း, ပစ္စယ- ခဏအားဖြင့် ရှုအပ်သော ဥဒယဗ္ဗယဉာဏ်ဖြင့်ငင်း သုံးသပ်ဆင်ခြင်အပ်၏။ ထိုပုဂ္ဂိုလ်အားသြဘာသ စသော ဂါထာနှင့်ညီစွာ ထက်မြက်လှသော ဥဒယဗ္ဗယာနုပဿနာစိတ်ကြောင့် ဖြစ်ပေါ်လာသော ကိုယ်မှထွက်သော စိတ္တဇရောင်ခြည်၊ ယင်းဝိပဿနာစိတ်နှင့် တကွဖြစ်သော ပီတိငါးပါး၊ ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းခြင်းလက္ခဏာရှိသော နှစ်ပါးသော ပဿဒ္ဓိ၊ အားကြီးသော သဒ္ဓိန္ဒြေဟုဆိုအပ်သော အဓိမောက္ခ၊ သမ္မပ္ပဓာန်ကိစ္စကိုပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ဟုဆိုအပ်သော ပဂ္ဂဟ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော အလွန်မြတ်သော စေတသိကသုခ၊ သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်နှင့်တူသော အလွန်ထက်သော ဝိပဿနာပညာ၊ ကြာမြင့်စွာ အောက်မေ့ခြင်းငှါစွမ်းနိုင်သော ထင်ခြင်းဟုဆိုအပ်သော သတိ၊ ဝိပဿနာစိတ်နှင့်တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ဟုဆိုအပ်သော တတြ

မဇ္ဈတ္တုပေက္ခာ, မနောဒွါရ၌ အာဝဇ္ဇနုပေက္ခာ ဤသို့အားဖြင့် နှစ်ပါးသော ဥပေက္ခာ၊ အာရဒ္ဓဝိပဿက မဖြစ်မီ ရှေးအဘို့၌ဤသို့ သဘောရှိသော အရောင်အလင်းတို့သည် ငါ့အား မထွက်စဘူး၊ ယခု ငါ၏ကိုယ်မှ ဤအရောင်အလင်းတို့သည် ထွက်ပေသတတ်၊ ဤသို့ ကိုယ်မှထွက်သော အရောင်အလင်း၌ တသ်နှစ်သက်သော သိမ်မွေ့သော တဏှာဟုဆိုအပ်သော နိကန္တိတို့သည်ဖြစ်၏၊ ဤဆယ်ပါးသည်ကား ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တည်း။ ဤဥပက္ကိလေသ ဆယ်ပါးမှ လွတ်သော လမ်းမှန်ကျသော ဝိပဿနာဉာဏ်သည်သာ အရိယာမဂ်၏ ရှေးအဘို့၌ဖြစ်သောလမ်းတည်း အကြောင်းမဂ်တည်းဟု မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍တည်သော ဉာဏ်သည်၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိမည်၏။ (ဆိုင်ရာပါဠိကို အလိုရှိမူ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှ ယူလေ။)

ဤဝိသုဒ္ဓိကို ရရှိလိုသော ပုဂ္ဂိုလ်သည် အတိတ်အစုံစသည်တို့ကို တပေါင်းတည်း စုရုံးလျက် သုံးသပ်အပ်သော ကလာပသမ္မသန မည်သော နယဝိပဿနာကို ရှေဦးစွာ ပွားအပ်၏။ ပွားပုံကား—

(၁) ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ (၂) နာမံ အနိစ္စံ ဒုက္ခံ အနတ္တာ (သုဒ္ဓသမ္မသနဉာဏ်ခြောက်ပါး)။

(၁) ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

(၂) နာမံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

(သကာရဏသမ္မသနဉာဏ်ခြောက်ပါး)။

(၁) ယံကိဉ္စိ ရူပံ သပ္ပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ

ဝယဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၂) ယံကိဥ္စိ နာမံ သပ္ပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(သပရိယာယသဘာဝသမ္မသနဉာဏ်ခြောက်ပါး)။

ဤတဆဲ့ရှစ်ပါးသော သမ္မသနဉာဏ်ကို ပဋိသမ္ဘိဒါမဂ်၌ အရှင်သာရိပုတြာ ဟောတော်မူ၏။ ဤသို့သောနည်း အစဉ်ဖြင့် မီးပွတ်သမားသည် သဲသဲမဲမဲ မီးစွဲမှတန်ဘိသကဲ့သို့ ထို့အတူ သမ္မသနဉာဏ်ကိုရအောင် နေ့ညမယုတ် အားထုတ်ရာ၏။ ထိုသို့ အားထုတ်သည်ရှိသော် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ဖြစ်ပြီး ဖြစ်လတံ့ ဖြစ်ဆဲသော ခန္ဓာငါးပါးတို့၏ ပျက်ပြီး ပျက်လတံ့ ပျက်ဆဲဖြစ်သော အနိစ္စလက္ခဏာသည် ကောင်းစွာ ထင်လာကုန်၏။ ထို့ကြောင့်-

အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေ စ ဘဂ္ဂါ အနာဂတာ။

တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။

အနန္တရာ-အခြားမဲ့ဖြစ်ရ အတိတ်ကာလ၌၊ ယေစခန္ဓာ-အကြင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်း၊ ဘဂ္ဂါ-ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်လေပြီ။အနာဂတာ- အခြားမဲ့ဖြစ်တတ် အနာဂတ်ကာလ၌၊ ယေစခန္ဓာ- အကြင် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ ဘဂ္ဂါ- ချုပ်ပျက် ပြုန်းတီး ပျက်စီးကုန်လတံ့၊ တဒန္တရာ- ထိုအတိတ်, အနာဂတ်အကြား ဖြစ်ဆဲသမယ ပစ္စုပ္ပန် ကာလ၌၊ ယေစခန္ဓာ- အကြင်ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် လည်း၊ ဘဂ္ဂါ- ချုပ်ပျက်ပြုန်းတီး ပျက်စီးကုန်ဆဲ၊ နိရုဒ္ဓါနံ- ချုပ်ပျက်ကုန်ဘိပြေးခန္ဓာငါးပါးတို့၏၊ အနိစ္စလက္ခဏေ-အမြဲမုချချုပ်ပျက်ရသည့် အနိစ္စ လက္ခဏာ၌၊ ဝေသမံ- မတူကွဲပြား ထူးခြားသောအဖြစ်မည်သည်၊ နတ္ထိ-မရှိနိုင်ပါတကား။

ဤသို့ ကာလသုံးပါး၌ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့သော ခန္ဓာငါးပါးတို့၏ ပျက်စီးခြင်း အနိစ္စလက္ခဏာကို ကောင်းစွာ ထင်သော ယောဂီပုဂ္ဂိုလ်အား လွန်လေပြီးသော အတိတ်ခန္ဓာတို့၏ တစုံတခုသောအရပ်၌ စုဆောင်းသိုမှီးခြင်းသို့မရောက် ကွယ်ပျောက် ချုပ်ကင်းသည်ကိုငှင်း၊ မရောက်သေးသော အနာဂတ်ဖြစ်လာရာ ရုပ်နာမ်တို့သည် ဖြစ်ဘို့ရန် စုဆောင်း၍ တပေါင်းတည်း မတည်သည်ကိုငှင်း၊ အကြောင်းကိုစွဲ၍ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာ တို့သည်လည်း ပွတ်ဆောက်ဖျား၌ တင်ထားအပ်သော မုန်ညင်းစေ့ကဲ့သို့ တခဏမျှတည်လျက် ကုန်ပျက် ချုပ်ငြိမ်းသည်ကိုငှင်း ကာလသုံးပါး၌ အပိတ်အပင် ကင်းလျက် အကြွင်းမဲ့ မြင်လေတော့သည်။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အနိဓာနဂတာ ဘင်္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

ဟုမိန့်တော်မူ၏။ ။ဘင်္ဂါ-ချုပ်ပြီး ပျက်ရ သင်္ခါရတို့သည်၊ အနိဓာနဂတာ-ငြိမ်းလေပြီးသည့် ဆီမီးပမာ သိုမှီးရာမရှိသောအဖြစ်သို့ ရောက်လေကုန်၏။ အနာဂတေ- မဖြစ်သေးရ အနာဂတ်ကာလ၌၊ ပုဉ္ဇော- လာ၍ဖြစ်ဘို့ရာ အစုအပုံသည်၊ နတ္ထိ-ဧကန်တိတိ မရှိနှင့်လေ၊ ယေပိ- ပစ္စုပ္ပန်မည်စွ သင်္ခါရတို့သည်လည်း၊နိဗ္ဗတ္တာ-ဖြစ်လာပေါ်လာကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-မလွဲအမှန် တည်ကုန်ပြန်၏။ တေပိ-ထို ပစ္စုပ္ပန်မည်စွ သင်္ခါရတို့သည်လည်း၊ အာရဂ္ဂေ-အပ်သွားအလား ပွတ်ဆောက်ဖျား၌၊ သာသပူပမာ- မုန်ညင်းစေ့တမျှ ပမာတူကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တခဏမျှတည်ကြကုန်၏။

ဤသို့ အားဖြင့် ကာလသုံးပါး၌ ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံသော ခန္ဓာငါးပါးတို့၏ ခယ,ဝယ ကုန်ခြင်း,ပျက်ခြင်းသဘော

ကို ကြွင်းမဲ့ ကုန်စင် မြင်သောအခါ ယောဂီသူမြတ်၏ သန္တာန်၌ သမ္မသနဉာဏ်သည် ရင့်သန်ထက်မြက်ခြင်းသို့ ရောက်ကုန်၏။ ဤကား သမ္မသနဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ တွဲစပ်ပြဆိုသော စကားတရပ် အပြီးသတ်တည်း။

**မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ဥဒယဗ္ဗယဉာဏ်** ဥဒယဗ္ဗယဉာဏ်ကို ပြည့်စုံလိုသော ပုဂ္ဂိုလ်သည်၊ တဖန် သမ္မသနဉာဏ်၏ အာရုံဖြစ်သော သင်္ခါရတရားတို့၌ ခဏတ္တယသို့ ရောက်ဆဲဖြစ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ပေါ်ဆဲ ဖြစ်ဆဲဟု ဆိုအပ်သော နိဗ္ဗတ္တိလက္ခဏာရှိသော ဥပါဒ်သည် ဥဒယမည်၏။ ထိုကြောင့် အဋ္ဌကထာ၌ "ဇာတာနံ ပစ္စုပ္ပန္နာနံ ခန္ဓာနံ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒေါ အဘိနဝါကာရော ဥဒယောနာမ၊ ဝိပရိဏာမလက္ခဏံ ခယော ဘင်္ဂေါ ဝယောနာမ" ဟု ဖွင့်ပြတော်မူ၏။ ဇာတာနံ-ဖြစ်ဆဲ ဖြစ်ကုန်သော၊ ပစ္စုပ္ပန္နာနံ-သန္တတိ,ခဏ ပစ္စုပ္ပန် ဖြစ်ကုန်သော၊ ခန္ဓာနံ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ နိဗ္ဗတ္တိ လက္ခဏံ-ဖြစ်ပေါ်စ လက္ခဏာသည်၊ ဇာတိ-ဖြစ်စသည်၊ ဥပ္ပါဒေါ-ဥပါဒ်သည်၊ အဘိနဝါကာရော-အသစ်သော အခြင်းအရာသည်၊ ဥဒယော နာမ-ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ-ဖေါက်ပြန်ယိုညွတ်ခြင်းလက္ခဏာသည်၊ခယော ကုန်ခြင်းသည်၊ ဘင်္ဂေါ-ပျက်ခြင်းသည်၊ ဝယော နာမ-ဝယမည်၏။

ဤသို့ အကျဉ်း အားဖြင့် ရှေးဦးစွာ အဖန်ဖန် ရှုလတ်သော် မဖြစ်ခင်လည်းမရှိ၊ တခြားမှလည်း မလာ၊ချုပ်ပြီးလျှင်လည်း အစုအပုံမရှိသော စည်သံ,စောင်းသံ စသည်ကဲ့သို့ရုပ်နာမ်တို့သည် ဉာဏ်၌ ထင်ကုန်လတံ့၊ ထိုသို့ထင်လတ်သော် ဤသို့ တဖန် ရုပ်နှင့်နာမ်ဖြစ်သော ခန္ဓာငါးပါးကို အကြောင်းပစ္စယ

ခဏအားဖြင့် ဆင်ခြင်အပ်၏။ ဆင်ခြင်ပုံကား အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ အကြောင်းလေးဝတို့ကြောင့် ငါ၏ ရုပက္ခန္ဓာ ဖြစ်ပေါ်လာရ၏။ ပေါ်စ,ဖြစ်စ,ဥပါဒ်စ ဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာသည် ငါ့ရုပ်၏ ဥဒယမည်၏။ ဤသို့ အကြောင်း ပစ္စယအားဖြင့် ဥဒယလေးပါး, ဥပ္ပါဒ် ခဏ အားဖြင့် ဥဒယတ ပါး ပေါင်း ဥဒယလက္ခဏာ ငါးပါးတည်း။

အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ အကြောင်းလေးဝတို့၏ ချုပ်ခြင်းကြောင့် ငါ၏ ရုပက္ခန္ဓာသည် ချုပ်ပျက်ရ၏၊ ဖောက် ပြန် ပျက်စီးခြင်းဟူ၍ မှတ် အပ် သော သင်္ခတ လက္ခဏာသည် ငါ့ရုပ်၏ ဝယမည်၏။ ဤသို့ အကြောင်းပစ္စယအားဖြင့် ဝယလေး ပါး, ဘင်္ဂခဏအားဖြင့် ဝယတပါး, ပေါင်း ဝယငါးပါးတည်း။ ဤသည်လျှင် ရုပ်၏ဥဒယကို ရှုသော ဉာဏ်ငါးပါး၊ ရုပ်၏ဝယကို ရှုသော ဉာဏ်ငါးပါး၊ ပေါင်း ရုပက္ခန္ဓာ၌ ဥဒယဗ္ဗယဉာဏ် ဆယ် ပါးဖြစ်၏။

ထို့အတူ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌လည်း ဥဒယဗ္ဗယဉာဏ ဆယ်ပါးစီဖြစ်၏။ အထူး ကား ဝေဒနာ, သညာ, သင်္ခါရတို့၌ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဟူ၍ အကြောင်းလေးပါး၊ ဝိညာဏ်၌ အဝိဇ္ဇာ, တဏှာ, ကံ, နာမ် ရုပ်ဟူ၍ အကြောင်းလေးပါးစီဟူ၍ အနည်းငယ်မျှ လဲပြောင်း သဖြင့် ခန္ဓာငါးပါး၌ ဥဒယဗ္ဗယဉာဏ်ပေါင်း ငါးဆယ်ရသတည်း။

ဤသို့အားဖြင့် ဥဒယဗ္ဗယဉာဏ် ငါးဆယ်တို့ကို အကျယ် အားဖြင့် ရှုအပ်၏၊ ရှေးသမ္မသနဉာဏ်၌ အစွန့်အားဖြင့် မြင်ခဲ့ပြီး၍ ယခုလည်း ကာလကို မဝေဘန်မူ၍ သန္တတိအားဖြင့် ပစ္စယတော ဥဒယဗ္ဗယကို မြင်ရကား ဥဒယဗ္ဗယဉာဏ် ထက်သန်ခြင်းသို့ ရောက် ၏။ ဤသို့ ထက်သန်ခြင်းသို့ရောက်အောင် အမျှငါးဆယ်သော

လက္ခဏာတို့ကို ထိုးထွင်း၍သိရန် ရှုကြည့်သော ပုဂ္ဂိုလ်၏ ဉာဏ်သည် ဥဒယဗ္ဗယာနုပဿနာမည်၏။ လက်ဦးအစ ရအပ်သော နုသော တရုဏဝိပဿနာဉာဏ်ရှိသော ပုဂ္ဂိုလ်သည် အာရဒ္ဓဝိပဿက အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်တယောက်ဟု ခေါ်ဝေါ်ခြင်းမြောက်တော့၏။

ဤ တရုဏဝိပဿနာကိုရသော ယောဂါဝစရပုဂ္ဂိုလ်အား မှောင့်ရောင့်တတ်သော ဆယ်ပါးသော ဝိပဿနူပက္ကိလေသ ဖြစ်သတည်း။ ထိုဆယ်ပါးကို တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ဤ အရောင်စသည်ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ရှုကြည့်လျက်ဤအရောင်သြဘာသ စသည်ကား မဂ်,ဖိုလ်ရောက်ကြောင်း မဟုတ်၊ ဝိပဿနာဉာဏ်သည် မဂ်, ဖိုလ် ရောက်ခြင်း ရှိ၏ဟု အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသော ဉာဏ်သည်သာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤဝိသုဒ္ဓိ၌ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်နှစ်ပါးသည် နာမ်ရုပ်တရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သာမည သုံးသပ်အပ်သည်၏ အဖြစ်ကြောင့် တီရဏပရိညာဏ်လည်း မည်၏။ ဤသို့ ဥဒယဗ္ဗယဉာဏ် သန်သန်ဖြစ်က ဝမ်းမြောက်ဝမ်းသာလှသော ပီတိ, ပဿဒ္ဓိတရား ဖြစ်ပွါးသည်ကိုရည်၍ ဓမ္မပဒပါဠိတော်၌-

> ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
> လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ဟု ဟောတော်မူလေသည်။

ယတော ယတော- အကြင်အကြင် နာမ်ရုပ်အားဖြင့်၊ ခန္ဓာနံ-ခန္ဓာငါးပါးတို့၏၊ဥဒယဗ္ဗယံ- အဖြစ်အပျက်ကို၊ သမ္မသတိ-သုံးသပ်ဆင်ခြင်၏၊ တံတံ- ထိုထိုနာမ်ရုပ်တရားကို၊ ဝိဇာနတံ-ဝိဇာနန္တာနံ-သုံးသပ်ဆင်ခြင် သိမြင်ကုန်သော အရိယာပုဂ္ဂိုလ်တို့

၏၊ အမတန္တ-အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော၊ ပီတိပါမောဇ္ဇ-နှစ်သက်လွန်မင်း ဝမ်းမြောက်ခြင်းကို၊ လာဘတိ-လက်ဝယ်ပိုင်ပိုင် ရနိုင်ပေ၏။

ဤဝိသုဒ္ဓိစခန်းသို့ ရောက်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် လောကီဉာဏ်ဖြင့်ပင် သစ္စာသုံးပါးကို ပိုင်းခြား၍ သိ၏၊ အဘယ်ကဲ့သို့ သိသနည်းဟူမူကား ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြင့် မဂ္ဂသစ္စာကို သိအပ်၏ဟု အဋ္ဌကထာဆရာ ပြတော်မူ၏။ ဤသည်လျှင် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ပြဆိုချက်ပြီး၏။

**မဟာနာဂထေရ် အန္တရာယ်ဖြစ်ပုံ** ဝိပဿနာအန္တရာယ်နှင့် တွေ့ကြုံ၍ အထင်အမြင်လွဲမှားပုံအခြင်းအရာကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ဤဆိုလတံ့သော ဝတ္ထုသွားဖြင့် သိမှတ်အပ်ကုန်၏၊ ပဋိသမ္ဘိဒါပတ္တ ခီဏာသဝ ဖြစ်သော ဓမ္မဒိန္နမည်ရှိ ရဟန္တာမထေရ်တပါးသည် များစွာသော တပည့်ရဟန်းတို့ကို ဆုံးမ၍ ဝါဌင်ကရမည်သော အရပ်၌ သီတင်းသုံးနေထိုင်တော်မူ၏။ ထိုဓမ္မဒိန္န-မထေရ်သည် တနေ့သ၌ ဥစ္စဝါဋင်ကရ အရပ်တွင်နေသော မိမိဆရာ မဟာနာဂမထေရ်ကြီးအား ရဟန်းကိစ္စပြီးဆုံးသည်,မပြီးဆုံးသည်ကို အဘိညာဏ်တန်ခိုးဖြင့် ကြည့်တော်မူ၏၊ မဟာနာဂမထေရ်သည် လောကီအဘိညာဏ်ကိုရ၍ ဝိပဿနာအန္တရာယ်နှင့် တွေ့ကြုံသောအခါ ရဟန္တာဟု ထင်မှတ်သဖြင့် ဝိပဿနာအလုပ်ကို ပယ်ဖြတ်ထားသော ပုထုဇဉ် ဖြစ်ကြောင်း ကို သိ ရှိ လေ ရာ ကောင်းကင်မှကြွလာ၍ မထေရ်ကြီး၏ နေ့သန့်စင်ရာ အရပ်၌ ဆည်းကပ်ဝတ်ပြု၍ ရှိခိုးနေထိုင်လေ၏။ ထိုအခါ ဆရာမထေရ်ကြီးက ငါ့ရှင်ဓမ္မဒိန္န အချိန်အခါမဟုတ်ဘဲ အဘယ်ကိစ္စကြောင့် လာသနည်းဟု မေးတော်မူသဖြင့် ပုစ္ဆာပြဿနာ မေးမြန်းလို၍

လာကြောင်း လျှောက်ထားလေရာ အလိုရှိရာကို မေးမြန်းလေ၊ သိလျှင် ဖြေကြားမည်ဟု မိန့်တော်မူ၏။

ထိုအခါ ဓမ္မဒိန္နမထေရ်သည် မဂ်, ဖိုလ်နှင့်စပ်သော ပုစ္ဆာ တထောင်မျှ မေးမြန်းရာ ဆရာမထေရ်သည် မေးတိုင်းမေးတိုင်း သော ပုစ္ဆာများကို တွေးတောဆိုင်းရပ်ခြင်းမရှိ၊အစဉ်မပြတ်ဖြေ ဆိုတော်မူလေ၏။ ဤသို့ ဖြေကြားသောအခါ အရှင် ဘုရား၏ ဉာဏ်သည် အလွန်ထက်သန် လျင်မြန်လှပါ၏။ ဤတရားထူးကို အဘယ်အခါ၌ ရရှိလာပါသနည်းဟု လျှောက်လေရာ အနှစ် ခြောက်ဆယ်ခန့်တွင် ရရှိလာကြောင်း ပြောကြားလေ၏။ တဖန် သမထစျာန်များကို လေ့လာသုံးဆောင်နိုင်ပါ၏လော ဟု မေး မြန်းပြန်သဖြင့် သမထအတွက် နှောင့်ယှက် ဝန် လေး ခြင်း မ ရှိ ကြောင်း ပြောကြားလေ၏။ ထိုအခါ သမထ၌ ဝန်မလေးပါလျှင် ဆင်ကြီးတကောင် ဖန်ဆင်းတော်မူပါဟု လျှောက်၍ ချက်ချင်း ပင်လျှင် တကိုယ်လုံး ဖြူဖွေးသော ဆင်ပြောင်ကြီးကို ဖန်ဆင်း လေ၏။

တဖန် ထိုဆင်ပြောင်ကြီးသည် နားရွက်ကို မတုန့်မလှုပ် အမြီးကိုထောင်ခါ နှာမောင်းကို ခံတွင်းသို့သွင်း၍ ကြောက်မက် ဖွယ်သော ကြိုးကြာသံကိုမြည်လျက် အဟုန်နှင့် ရှေ့ရှုပြေးလာပြီး လျှင် အရှင်ဘုရားအားထိုးသတ်မည့်ကဲ့သို့သော အသွင်ကို ဖန်ဆင်း ပါဟု လျှောက်ပြန်သဖြင့် ချက်ချင်းပင် ဖန်ဆင်းပေးရာ ဆင်ကြီး ပြေးလာသည်ကိုမြင်လျှင် အဟုတ်ပင်မှတ်ထင်ကြောက်ရွံ့ တုန်လှုပ် ကာ ပြေးရန်အားထုတ်လေ၏။ ထိုအခါ ဓမ္မဒိန္နမထေရ်သည် သင်္ကန်းစွန်ကိုကိုင်ဆွဲလျက် အရှင်ဘုရား ရဟန္တာမည်သည် ဤကဲ့ သို့ ကြောက်ရွံ့ထိတ်လန့်ခြင်းသဘောများ ရှိပါသေးသလော-ဟု လျှောက်ထားလေရာ ထိုအခါမှ မိမိ ပုထုဇဉ် ဖြစ်ကြောင်းကို

ကောင်းစွာယုံကြည် သိရှိလေတော့သည်။ ဤသို့ မဟာနာဂ မထေရ်ကြီးသည် အနှစ်ခြောက်ဆယ်မျှ ရဟန္တာထင်မှတ်နေရာ ယခုအခါမှ ပုထုဇဉ်ဖြစ်မှန်းသိ၍ မာန်မာနကို ပယ်ချပြီးလျှင် ငါ့ရှင် ဓမ္မဒိန္န ငါ၏ကိုယ်စား အားထားရာ ဖြစ်ပါဟုဆို၍ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်လျက် အရိုအသေ ပြုနေလေသည်။

ထိုအခါ ဓမ္မဒိန္န မထေရ်သည် အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ အားကိုးရန်ဖြစ်စေခြင်းငှါ လာခဲ့ပါ၏၊ မကြောင့်ကြမစိုးရိမ်ပါလင့်ဟုပြောပြီး ဝိပဿနာနည်းလမ်း ကမ္မဋ္ဌာန်းကို ဟောသဖြင့် ထိုကမ္မဋ္ဌာန်းနည်းလမ်းကိုယူ၍ စင်္ကြံသွားရင်း နှလုံးသွင်းရှုမှတ်လေရာ မဟာနာဂမထေရ်ကြီးသည် သုံးခုမြောက်သော ဘဝါးလှမ်းအကြိမ်မှာပင် လျင်မြန်စွာ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။ ထိုကြောင့် အဋ္ဌကထာ၌ "ထေရော ကမ္မဋ္ဌာနံ ဂဟေတွာ စင်္ကမံ အာရုယှ တတိယေ ပဒဝါရေ အဂ္ဂဖလံ အရဟတ္တံ ပါပုဏိ" ဟု မိန့်တော်မူ၏။ ထေရော-ဆရာဖြစ်သော မဟာနာဂမထေရ်ကြီးသည်၊ ကမ္မဋ္ဌာနံ-တပည့်ဓမ္မဒိန္နပေးသော ကမ္မဋ္ဌာန်းကို၊ ဂဟေတွာ- လိုက်နာမှတ်ယူ၍၊ စင်္ကမံ-စင်္ကြံသို့၊ အာရုယှ- သက်၍၊ တတိယေပဒဝါရေ- သုံးခုမြောက်သောခြေလှမ်းအကြိမ်၌၊အဂ္ဂဖလံ-အမြတ်ဆုံးဖိုလ်ဟု ဆိုအပ်သော၊ အရဟတ္တံ-ရဟန္တာအဖြစ်သို့၊ ပါပုဏိ- ရောက်ရလေသတည်း။

ထိုမှတပါး ယခုပြဆိုခဲ့သော မဟာနာဂမထေရ်ကြီးကဲ့သို့လွဲမှားဘူးသော ဝတ္ထုသက်သေတို့သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ များစွာပင် လာရှိပေ၏၊ ထိုမဟာနာဂ-စသော မထေရ်ကြီးများသော်လည်း ချွတ်ချော်မှားယွင်းတတ်သေးသည်ကို ထောက်ထားသောအားဖြင့် ယောဂီပုဂ္ဂိုလ်များသည် ဤဉာဏ်စခန်းသို့ရောက်၍ အန္တရာယ်နှင့် တွေ့ကြုံနေခဲ့ပါလျှင် ထိုအန္တရာယ်မှ ထွက်

မြောက်ပြီး အထက်ဉာဏ်များသို့ ပေါက်ရောက်ရန်မှာ လှေသင်္ဘောပေါက်ကွဲသောသူ, ဝဲဩဃသို့ကျရောက်သော သင်္ဘောသား, အသူတရာနက်သောကမ္ဘာ့ပြတ် ကမ္ဘားစောက်သို့ ကျရောက်နေသောသူတို့ ထွက်မြောက်နိုင်ခဲလေသကဲ့သို့ လွန်စွာပင် ခဲယဉ်းလှသော အချက်များဖြစ်ပေ၍ အထူးပင် သတိထားသင့်လှပေသည်။

ထိုကြောင့် အရောင်စသော အန္တရာယ်တို့ဖြစ်ပေါ်လာခဲ့သော် အာရုံတပါးသို့ စိတ်ပြောင်းသွားခြင်း, တသ်နှစ်သက်သော နိကန္တိတဏှာဝင်ရောက်ခြင်း, မဂ်တရား ဖိုလ်တရားဘဲဟု အလွဲအမှားထင်မြင်ခြင်း စသည်တို့ မဖြစ်စေရန် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်းများကို နှလုံးသွင်း၍ ထင်မြင်ရှုမှတ်နေသော ဝိပဿနာလမ်း ခရီးအစဉ်ကို မပြတ်မူ၍ အဖန်ဖန်အထပ်ထပ်မဆိုင်းမရပ်ဘဲ သုံးသပ်ဆင်ခြင်နေပါလျှင် ထိုအန္တရာယ်များကို အောင်မြင် ပေါက်ရောက်၍ ကောင်းမွန်စွာ လွတ်မြောက်နိုင်ကြပေသည်။ ထိုကဲ့သို့ အန္တရာယ်မှ လွတ်မြောက်သွားပါလျှင် ဝိပဿနာအလုပ်ခွင်၌ ဉာဏ်အမြင် လွန်စွာပင် ကြည်လင်သန့်ရှင်း၍ ပွင့်လင်းထင်ရှား လာသဖြင့် တရား၏အရသာများကို ခံစားသုံးဆောင်ရသောအခါ လောက၌ အထွဋ်အထိပ်ဖြစ်သော စကြဝတေးမင်းတို့၏ စည်းစိမ်ချမ်းသာ မျိုးထက်မက လွန်ကဲစွာ ပိုမိုကြီးမားလှသော တရား၏ အရသာ ပီတိသုခခေါ်သော ချမ်းသာမျိုးကို ငြိမ်းအေးစွာ ခံစားစံစား၍ နေရလေတော့သတည်း။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌—

သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

ဟု ဗုဒ္ဓက ဟောမြွက်တော်မူ၏။

သုညာဂါရေ- ဆိတ်ငြိမ် အေးမြရာဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းအာရုံ၌၊ ပဝိဋ္ဌဿ- ဝင်၍ တည်နေသော၊ သမ္မာဓမ္မံ- ပရမတ် ရုပ်နာမ်ဖြစ်သော တရားစစ်တရားမှန်ကို၊ ဝိပဿတော- ဉာဏ်၌အစဉ် အထူး ထင်မြင် သိရှိရသည်ဖြစ်၍၊ သန္တစိတ္တဿ- ငြိမ်းအေးချမ်းသာသော စိတ်ရှိသော၊ ဘိက္ခုနော- သံသရာဘေးကို ရှုလေ့ရှိသော ယောဂီရဟန်းအား၊ အမာနုသီ- လေးကျွန်းသနင်း စကြာမင်း၏ စိတ်ပျော်မွေ့ခြင်းထက် လွန်ကဲသော၊ ရတိ-ကြည်ရွှင်ချမ်းမြေ့ စိတ်ပျော်မွေ့ခြင်းသည်၊ ဟောတိ- ဖြစ်ရလေ၏။ အထင်မှား၍ အန္တရာယ်နှင့် တွေ့သူ မဟာနာဂထေရ်ဝတ္ထုပြယုဂ်ပြီး၏။

**ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဥဒယဗ္ဗယ၊ ဘင်္ဂဉာဏ် နှစ်ပါး**

ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသာ ဆယ်ချက်မှ ထွက်မြောက်၍ လမ်းမှန်သို့ရောက်သော ခန္ဓာတို့၏ဖြစ်ခြင်းပျက်ခြင်းကို သိတတ်သော ဥဒယဗ္ဗယဉာဏ်,ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းမျှကိုရှုတတ်သော ဘင်္ဂဉာဏ်, ခြင်္သေ့စသည်တို့၏ ကြောက်အပ်သော အခြင်းအရာကို ရှုသကဲ့သို့ ဘင်၏ အစွမ်းအားဖြင့် ထင်ကုန်သော သင်္ခါရတို့၏ ကြောက်မက်ဖွယ်သော အခြင်းအရာကို ရှုသော ဘယဉာဏ်, မီးလောင်သောအိမ်ရှင်သည် အိမ်၌အပြစ်ကို ရှုသကဲ့သို့ကြောက်အပ်သော အခြင်းအရာဖြင့် အဖန်ဖန် ဘယဉာဏ်ဖြင့် ရှုအပ်သောသင်္ခါရ၏အပြစ်ကိုအဖန်တလဲလဲ ရှုတတ်သော အာဒီနဝဉာဏ်,မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏ အစွမ်းအားဖြင့်ဖြစ်သော နိဗ္ဗိန္ဒာဉာဏ်, ငါးစသော သတ္တဝါတို့သည် ကွန်စသည်မှ လွတ်လိုသကဲ့သို့ တေဘူမက သင်္ခါရတို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏ အစွမ်းအားဖြင့်ဖြစ်သော မုဉ္စိတုကမျ

တာ ဉာဏ်,ငါးပါးဟူသော အမှတ်ဖြင့် မြေကို ဘမ်းသောသူကဲ့သို့ တဖန် သင်္ခါရ၏ နိစ္စ,သုခ,သုဘ,အတ္တ အခြင်းအရာအားဖြင့် ထင်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဒုက္ခသင်္ခါရတို့မှ လွတ်ခြင်း၏ အကြောင်းကို ပြီးစေခြင်းငှာ တဖန် သိမ်းဆည်းသည်၏ အစွမ်းအားဖြင့် ဖြစ်စေသော ပဋိသင်္ခါနုပဿနာဉာဏ်, စွန့်အပ်ပြီးသော မယားရှိသော ယောကျ်ားသည် ထိုမယား၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော သင်္ခါရပေက္ခာဉာဏ်,ဤသို့ ရှစ်ပါးသောဉာဏ်တို့၏ အစွမ်းအားဖြင့် အနိစ္စအစရှိသော လက္ခဏာရေးတို့ကိုရှု၍ မဂ္ဂဝီထိသို့ ရောက်သော ဂေါတြဘူ,ဝေါဒါန် အခြားမဲ့၌ ဖြစ်သော ကိုးခုမြောက်သော သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့နှင့်လျော်သော အနုလုံဟုခေါ်ဝေါ်အပ်သော အနုလောမဉာဏ်သည်ရင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ထိုကြောင့် သင်္ဂဟအဋ္ဌကထာ၌ "တထာ ပရိဗန္ဓဝိမုတ္တဿ ဥဒယဗ္ဗယဉာဏာဒေါ ပဋ္ဌာယ၊ပေ၊ ပဋိပဇ္ဇန္တဿ နဝဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ" ဟု မိန့်တော်မူ၏။(ပေယျာလအမြွက်နှင့် နိဿျနက်ကို သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းကို လေ့လာက သိပါလိမ့်မည်၊ ရေးနေ၍ မထူးလှတော့ပြီ)

ဤပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ်ကိုထပ်မံ၍ တဖန် ရှုပြန်ရခြင်း အကြောင်းကား အညစ်အကြေးရှိသောဆီမီးစာတို့သည် မီးတောက်သော အရောင်အဆင်း ကြည်လင်ခြင်းကိုမဖြစ်စေနိုင်သကဲ့သို့ ထို့အတူ ဤဥဒယဗ္ဗယဉာဏ်သည် အောက်၌ ဆယ်ပါးသော ဥပက္ကိလေသတို့ဖြင့် ညစ်ညူးသောကြောင့် မိမိသဘောအတိုင်း လက္ခဏာရေးတို့ကို မှတ်ခြင်းငှာ မတတ်နိုင်ရာ၊ ထိုဆယ်ပါးသော ဥပက္ကိလေသတို့ လွတ်မှသာလျှင် ထင်နိုင်ရာသည်။ ထိုကြောင့် ဥပက္ကိလေသမှ သန့်ရှင်းစင်ကြယ်၍လက္ခဏာ

ရေးတို့ကို ကောင်းစွာ မှတ်ခြင်းငှာ နောက်ထပ်တဖန် ရှုကြည့်ရ ပြန်သတည်းဟု မှတ်ကြလေ။

ဤသို့ ဉဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်တလဲလဲ သုံးသပ်သည်ရှိသော် လျှပ်စစ်ကို မော်၍ ကြည့်သောသူသည် အဖြစ်ကို မထင်မမြင် အပျက်ကိုသာ ထင်မြင်ဘိသကဲ့သို့ ထို့အတူ ခယ, ဝယ, ဘေဒ, နိရောဓဟူသောလျှင် သတိနှင့်တကွသော ဉာဏ်သည် ဖြစ်၏။ အပျက်၌သာ ထင်တော့ သည်၊ ဘင်၌သာ သတိတည်တော့သည်ဟူလို။ ဤကား ဉာဏ်၌ အလိုလို ထင်ဟန်တည်း။ အကယ်၍ အလိုလို မထင်သည်ရှိသော် ဘင်ကိုသာ အာရုံပြု၍ အနိစ္စံ, ဒုက္ခံ, အနတ္တာဟု အဖန်တလဲလဲရှု အပ်၏။ ထို့ကြောင့် ဒီပနီ၌ "ဉဒယံ မုဥ္စိတွာ ဝယေဝ အနုပဿ နာကာရဝသပ္ပဝတ္တံ ဉာဏံ ဘင်္ဂဉာဏံ နာမ" ဟု ပြတော်မူ၏။

ဤသို့ ဋီကာလာ ရှိသည်အတိုင်း ဘင်္ဂဉာဏ် ဖြစ်ဟန်ကား "သင်္ခတ်ဝလ်ရော နိရုဇ္ဈန္တိ ဘိဇ္ဇန္တီတိ တေ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ" သင်္ခတ-ခပ်သိမ်းကုန်သော၊ သင်္ခါရာ-ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ နိရုဇ္ဈန္တိ- ဘင်ခဏ၌ ချုပ်ကြကုန်၏၊ ဘိဇ္ဇန္တိ-ဘင်ခဏ၌ ပျက်ကြကုန်၏။ ဣတိတသ္မာ- ထိုသို့ မပြတ်မလပ်ဘင်ခဏတိုင်း၌ ချုပ်တတ် ပျက်စီးတတ်သောကြောင့်၊ တေဓမ္မာ- ထိုခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ခယဋ္ဌေန- ကုန်တတ်သော သဘောကြောင့်၊ ဝယဋ္ဌေန- ပျက်စီးတတ်သော သဘောကြောင့်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဘယဋ္ဌေန- ကြောက်မက် ဖွယ်သောသဘောကြောင့်၊ပီဠနဋ္ဌေန-နှိပ်စက်တတ်သော သဘော ကြောင့်၊ ဒုက္ခာ- ဆင်းရဲကုန်၏၊ အသာရကဋ္ဌေန- အနိစ္စအစုဝ စသောသဘောကြောင့်၊ အနိဿရဋ္ဌေန- အစိုးမရသော အနက်

သဘောကြောင့်၊ အဝသဝတ္တနဋ္ဌေန- အလိုသို့မလိုက်တတ်သော သဘောကြောင့်၊ အနတ္တာ- အစိုးမရ အတ္တမဟုတ်ကုန်။

ဤသို့ ရှုသည်ရှိသော် ဘင်ဉာဏ်သည်ဖြစ်၏၊ ထိုဉာဏ်ကိုရသော ပုဂ္ဂိုလ်အား ရှစ်ပါးသော အကျိုးကိုရကုန်၏၊ အကျိုး ရှစ်ပါးအရကား ဘဝသည်မြဲ၏ဟုယူသော သဿတဒိဋ္ဌိကို ပယ်ရခြင်းတပါး အသက်၌တပ်သော နိကန္တိကို စွန့်ရခြင်းတပါး၊ အခါခပ်သိမ်း ဘာဝနာနှင့် ယှဉ်ရခြင်းတပါး၊ သန့်ရှင်းစင်ကြယ်သော အသက်မွေးခြင်း ရှိသည်လည်းတပါး၊ အမှုကြီးငယ်၌ လုံ့လမပြုခြင်းတပါး၊ ကြောက်လန့်ခြင်း ကင်းသည်လည်းတပါး၊ သည်းခံခြင်း သီလစောင့်ခြင်း ခန္တီသောရစ္စဂုဏ်နှင့် ပြည့်စုံခြင်းလည်းတပါး၊ ကုသိုလ်၌ မမွေ့လျော်ခြင်း အရတိ, ကာမဂုဏ်၌ မွေ့လျော်ခြင်း ရတိ-တို့ကို နှိမ်နင်းခြင်းလည်းတပါး၊ ဤသို့လျှင် ရှစ်ပါးသော အကျိုးဖြစ်သတည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အထွက်တည်း။ ဤသည်လျှင် ဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ်နှစ်ပါးနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြဆိုချက်တည်း။

**ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဘယဉာဏ်**

ဤသို့ ခပ်သိမ်းသော တေဘူမကသင်္ခါရတို့၏ ခယ, ဝယ, နိရောဓလျှင် အာရုံရှိသော ဘင်ဉာဏ်ကို အဖန်ဖန်မှီဝဲသော ယောဂီပုဂ္ဂိုလ်အား အသက်ရှည်ကြာ ချမ်းသာစွာနေလိုသော ဘီရုကယောကျ်ားသည် ခြင်္သေ့,သစ်ကျား,သားရဲ, ဝံ,အောင်း,လေးချောင်းစွယ်ပြူး ဘီလူး, ရက္ခိုသ်, နွားမိုက်, ခွေးကြမ်း, မုန်ပြမ်းသောဆင်, ဆိပ်လျှင်သောမြွေဆိုး, မိုးကြိုးစက်ကွင်း,သင်္ချိုင်းစစ်ပွဲ, ခိုးလျှံစဲသော ရှားမီးခဲစုကိုတွေ့၍ မှိုင်မေ့မူးဝေ မိုးမြေမမြင် သက်စင်ဖို့လုပ် သွေးသံပြတ်အောင် သေမတတ်ကြောက်သကဲ့သို့ ခပ်သိမ်းဥဿုံ ပျက်ပြားကုန်သော သင်္ခါရတရားတို့ကို ဘေးကြီး

ဟုထင်မြင်လာကုန်၏။ ထိုသို့ ကြောက်မက်ဖွယ် ထင်လာသောအခါ သတ်ပြီး သတ်ဆဲ သတ်လတံ့ သားသုံးယောက်ကို မြင်ရသော အမိပမာကဲ့သို့ ချုပ်ပြီး ချုပ်ဆဲ ချုပ်လတံ့ သင်္ခါရတရားတို့ကို မြင်သိသော ဘယဉာဏ် ဖြစ်ပေါ်လာ၏။ ဘယဉာဏ်ဖြစ်ပုံကား-

အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တကသင်္ခါရာ ပိ ဧဝ မေဝ နိရုဇ္ဈိဿန္တိ၊ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ။ ။အတီတာ-အတိတ်ဖြစ်ကုန်သော၊ သင်္ခါရာ-ခန္ဓာ ငါးပါး သင်္ခါရတရား တို့သည်၊ နိရုဒ္ဓါ-ဘင် ခဏ၌ ကျရောက်တိုင်းသာ မြန်စွာပြုန်းတီး ချုပ်ပျက်စီးကုန်ပြီ၊ ပစ္စုပ္ပန္နာ-ပစ္စုပ္ပန် ဖြစ်ကုန်သော၊ သင်္ခါရာ-ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ နိရုဇ္ဈန္တိ- ဘင်္ဂက္ခဏ မြန်စွာ ကျပြီး ချုပ်ပျက်စီးကုန်၏။ အနာဂတေ-အနာဂတ်သမယနောက်ကာလ၌၊ နိဗ္ဗတ္တကသင်္ခါရာ ပိ-ဖြစ်လတံ့သောသင်္ခါရတရားတို့သည်လည်း၊ ဧဝ မေဝ-အတိတ် ပစ္စုပ္ပန် ဤနှစ်တန်သော သင်္ခါရတရား အတူပင်လျှင်၊ နိရုဇ္ဈိဿန္တိ-ဘင်္ဂက္ခဏ ကျရောက်ကုန်ပြီးချုပ်ပျက်စီးကုန်လတံ့၊ သင်္ခါရာ-ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ဗျသနာပန္နာ- ပျက်စီးခြင်းသို့ ရောက်ကုန်၏။ သပ္ပဋိဘယာ- ခြင်္သေ့ သစ်ကျား ဘီလူးများနှယ် ကြောက်ဖွယ်ဘနန်း ဘေးဘျမ်းနှင့်တကွ ဖြစ်ကုန်၏။

ဤသို့ အဖန်တလဲလဲ ရှုသော ပုဂ္ဂိုလ်အား ကာလသုံးပါးနှင့်စပ်၍ ဖြစ်ကုန်သော သင်္ခါရတို့၏ ချုပ်ခြင်းသဘောတူသည်ကို မြင်သဖြင့် အတိုင်းထက်အလွန် ကြောက်မက်ဖွယ်သော-အခြင်းအရာသည် ဉာဏ်အားရှေးရှုထင်လာ၏ဟုမှတ်။ ။ဤနေရာ၌နှိုင်းယှဉ်စရာ ဥပမာကျယ်ကား မင်းကိုလွန်ကျူးပြစ်မှားသော သားသုံးယောက်အပေါင်းကို ဦးခေါင်းကိုဖြတ် ဆုံးအောင်သတ်

လေ-ဟု မင်းသည် စေခိုင်းသောအခါ သားကိုဖွားမြင် သားမိခင်လည်းသားကိုချစ်ခင်သံယောဇဉ်မပြတ်သဖြင့် သတ်ရာသုသာန်သို့ငိုးကြွေးလျက် လိုက်၍ကြည့်နေလတ်သော် ထိုအခါ သူသတ်ယောကျ်ားတို့သည် သားကြီး၏ဦးခေါင်းကို ဖြတ်ပြီး၍ သားလတ်၏ဦးခေါင်းကို ဖြတ်ဆဲအခါ ငိုးကြွေးရာမှ ချစ်စွာသောသားတို့၏ မိခင်သည် ဤသို့ ကြံဆင်ခြင်၏။ ခြောဲ သားကြီး၏ဦးခေါင်းကိုဖြတ်၍သတ်လေပြီ၊ယခုလည်း သားလတ်၏ဦးခေါင်းကိုဖြတ်၍ သတ်ဆဲ၊ မကြာမီပင် သားငယ်၏ ဦးခေါင်းကိုလည်းကေန်ဖြတ်၍ သတ်လတံ့ဟု အာရုံပြု၍ ယခုကြွင်းကျန်သောသားငယ်၌လည်း တသ်ဖွယ်အထင် လိုချင်တောင့်တခြင်း ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးခြင်း ကင်းလေသည့်ပမာ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ငါ၏သန္တာန်၌ အတိတ်ဖြစ်သော သင်္ခါရတရားတို့သည်လည်း သားကြီးပမာ များစွာဖြစ်လျက် ခြောဲ-ပျက်ကုန်ချုပ်ကုန်ပြီ၊ ယခုပစ္စုပ္ပန် ကေန်မလွဲ ဖြစ်ဆဲဖြစ်သောသင်္ခါရတရားတို့သည်လည်း သားလတ်ပမာ များစွာဖြစ်လျက်ခြောဲ ပျက်ဆဲချုပ်ဆဲဖြစ်ကုန်၏၊ အနာဂတ်ကာလ သင်္ခါရ တရားတို့သည်လည်း သားငယ်ပမာ များစွာဖြစ်လျက် ခြောဲ ပျက်ကုန်ချုပ်ကုန်လတံ့ ဟု အာရုံပြုဖန်များသဖြင့် သင်္ခါရတရားတို့အား လိုလားစုံမက် တသ်နှစ်သက်ဖွယ်မရှိ၊ဘေးအတိသာဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား ဘယဉာဏ်ဖြစ်၏ဟု ဥပမာဥပမေယျနှစ်ရပ် ဂဟေစပ်လျက်မှတ်အပ်၏။

ဤ ဘယဉာဏ်သည်ကား ကြောက်သောသဘော ရှိသလောဟုမေးမူ ကြောက်သောသဘောကား မရှိ၊ အတိတ်ဖြစ်သော သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတရားတို့သည်လည်း ချုပ်ဆဲဖြစ်ကုန်၏၊ အနာဂတ်ဖြစ်သော

သင်္ခါရတို့သည်လည်း ချုပ်လတံ့ဟု စုံစမ်း ဆင်ခြင် ကာမျှသာ ဖြစ်၏။ ဥပမာအားဖြင့်သော်ကား မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် မြို့တံခါး၏ပြင်၌ သုံးခုသောမီးကျီးတွင်း သုံးခုသောတံကျင်တို့ကို မြင်သည်ရှိသော် ဤမီးကျီးတွင်း တံကျင်တို့၌ ကျအံ့သောအကြောင်း မကောင်းသောအမှုတို့ကို မပြုသောကြောင့်ကား ကြောက်ခြင်းသည်မဖြစ်သကဲ့သို့ မီးကျီးတွင်း၊ တံကျင်နှင့်တူသော ကာမ၊ ရူပ၊ အရူပတည်းဟူသော သုံးပါးသောဘဝတို့၌ နိရောဓဘောဂ်တည်းဟူသော အာရုံကိုမြင်သော ယောဂီသည်လည်း ကြောက်ခြင်း မည်သည်မဖြစ်၊ ပညာဖြင့် ကြောက်ဖွယ်ရှိ၏ဟု နှိုင်းယှဉ်ကြံစည်ကာမျှ ဘေးဟုထင်ကာမျှသာဖြစ်၏။ ထိုသို့ ဘေးဟုထင်ကာမျှကိုသာရည်၍ ဘယဉာဏ်မည်၏ဟုဆိုအပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "တီရဏမတ္တမေဝ ဟောတိ" ဟု မိန့်တော်မူ၏။ ဤသည်လျှင် ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြဆိုချက်တည်း။

**ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ အာဒီနဝဉာဏ်**

ဘယဉာဏ်ကို အဖန်ဖန် မှီဝဲလေ့လာသော ယောဂီပုဂ္ဂိုလ်အား ကြောက်လန့်တတ်သော ဘီရုက ယောကျ်ားသည် သားရဲပုန်းနေသောရှုံ၊ ကျားခိုသောတောင်ခေါင်း၊ မိကျောင်းရက္ခိုသ်စောင့်သောရေ၊ ခိုးသူနေသောခရီးလမ်း၊ သံလျက်ထမ်းသောသူသတ်၊ အဆိပ်ခပ်သောထမင်း၊ မီးတဝင်းဝင်းတောက်လောင်သောအိမ်၊ ရှယ်ချိန်လွှတ်ပစ် ထိုးခုတ်ထစ်သော စစ်မြေသို့ရောက်၍ ရှုံကြောက်လန့်ထိတ်စိတ်မပျော်မရွှင် အပြစ်ထင်သကဲ့သို့ အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသ ကိုးပါးတို့၌ ကိုးကွယ်ပုန်းအောင်း လည်းလျောင်းရာမထင် ဘယ်

သင်္ခါရတခုကိုမျှ မတောင့်တ ဘုံသုံးဝကို မီးကျိးစု, ခေတ်လေး ခုကို မြွေ့ငါးထွေသောခန္ဓာကို သူသတ်ယောကျ်ား, အဇ္ဈတ္တာယတန ခြောက်ပါးကို ရွာပျက်, ဗာဟိရာယတနခြောက်ပါးကို သူခိုးစောရ, ဝိညာဏဋ္ဌိတိနိဝါသတို့ကို ဆဲ့တဝလောင်မီးရောင် ပြီးပေါက်ပြ ခပ်သိမ်းသောသင်္ခါရတို့ကို ဂဏ္ဍရောဂါ အိုင်းအမာကဲ့သို့ မသက်မသာ ရသာမရှိ သမ္ပတ္တိကင်းစင်လျက် ထက်ဝန်းကျင်မှ အပြစ်အစုသာထင်ကုန်၏။ ထိုသို့ အပြစ်ထင်သောအခါ အာဒီနဝဉာဏ်သည် ငါးပါးသော၌ာနတို့၌ ဖြစ်၏။ ထိုအာဒီနဝဉာဏ်၏ ပဋိပက္ခဖြစ်သော သန္တိပဒဉာဏ်သည်လည်း ငါးပါးသော၌ာနတို့၌ ဖြစ်၏။ ။အာဒီနဝဉာဏ်ဖြစ်ဟန်ကား-

၁။ ခန္ဓာနံ ဥပ္ပါဒေါ ဘယံ၊ ခန္ဓာနံ အနုပ္ပါဒေါ ခေမံ။

၂။ ခန္ဓာနံ ပဝတ္တံ ဘယံ၊ ခန္ဓာနံ အပ္ပဝတ္တံ ခေမံ။

၃။ ခန္ဓာနံ နိမိတ္တံ ဘယံ၊ ခန္ဓာနံ အနိမိတ္တံ ခေမံ။

၄။ ခန္ဓာနံ အာယူဟနာ ဘယံ၊ ခန္ဓာနံ အနာယူဟနာ ခေမံ။

၅။ ခန္ဓာနံ ပဋိသန္ဓိ ဘယံ၊ ခန္ဓာနံ အပဋိသန္ဓိ ခေမံ။

၁။ ခန္ဓာနံ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဥပ္ပါဒေါ-ရှေးကံပစ်ချ ဤဘဝ၌ အစပဋိသန္ဓေ တည်နေအသစ် ဖြစ်ရခြင်းသည်၊ ဘယံ-ကြောက်ဖွယ်လိလိ ဘေးအတိလည်းဖြစ်၏။ ခန္ဓာနံ-တို့၏၊အနုပ္ပါဒေါ-ရှေးကံပစ်ချဤဘဝ၌ အစပဋိသန္ဓေ တည်နေအသစ်မဖြစ်ရခြင်းသည်၊ ခေမံ- ဘေးဘျမ်းကင်းလွတ် မချွတ်ဧကန် နိဗ္ဗာန်ပင်တည်း။

၂။ ခန္ဓာနံ-ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာတို့၏၊ ပဝတ္တံ-ပဋိသန္ဓေတည်နေပြီးမှ စုတိကျအောင် ကာလမပြတ် အထပ်ထပ်ဖြစ်ရခြင်းသည်၊ ဘယံ-ကြောက်လန့်စရာ ဘေးကြီးသာတည်း။ ခန္ဓာ

နံ-တို့၏၊ အပွဝတ္တံ-ပဋိသန္ဓေတည်နေပြီးမှ စုတိကျအောင် ကာလမပြတ်အထပ်ထပ်မဖြစ်ရခြင်းသည်၊ခေမံ- ဘေးဘျမ်ကင်းလွတ်မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။

၃။ ခန္ဓာနံ-ရာသဠဳကြောင့် နာမသညာ ငါးခန္ဓာတို့၏၊ နိမိတ္တံ-အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်ကာလ သင်္ခါရနိမိတ်သည်၊ ဘယံ-ကြောက်ဖွယ်လိလိ ဘေးအတိသာတည်း၊ ခန္ဓာနံ-တို့၏၊ အနိမိတ္တံ- အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်ကာလ သင်္ခါရနိမိတ် ကင်းခြင်းသည်၊ခေမံ-ဘေးဘျမ်းကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။

၄။ ခန္ဓာနံ-ရုပ်ဝေဒနာသညာ့ သင်္ခါရဝိညာဏ်ဟု ငါးဝပိုင်းခြား ခန္ဓာတရားတို့၏၊ အာယူဟနာ- နောင်ပဋိသန္ဓေတည်နေရကြောင့် ဆိုးကောင်းနှစ်တန် ကံကို အားထုတ်ရခြင်းသည်၊ ဘယံ-ခြသေ့သစ်ကျားဘေးရန်များနှယ် ကြောက်မက်ဖွယ်တည်း၊ ခန္ဓာနံ-တို့၏၊ အနာယူဟနာ-နောင်ပဋိသန္ဓေ တည်နေရကြောင်း ဆိုကောင်းနှစ်တန် ကံကိုအားမထုတ်ရခြင်းသည်၊ခေမံ-ဘေးဘျမ်းကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။

၅။ ခန္ဓာနံ-ကိုယ်ဟုသမုတ်အဟုတ်ထင်ရှား ခန္ဓာငါးပါးတို့၏ ၊ပဋိသန္ဓိ-နောင်ဘဝ၌ အစအသစ်ဖြစ်သော ပဋိသန္ဓေတည်နေရခြင်းသည်၊ ဘယံ-ရှေးနည်းမပျက် ကြောက်မက်စရာ ဘေးကြီးသာတည်း။ခန္ဓာနံ-တို့၏၊အပဋိသန္ဓိ-နောက်ဘဝ၌ အစအသစ်ဖြစ်သော ပဋိသန္ဓေ မတည်နေရခြင်းသည်၊ ခေမံ- ဘေးဘျမ်းကင်းလွတ် မချွတ်ကေန် နိဗ္ဗာန်ပင်တည်း။

ဤပါဠိအပြဝယ် ရှေး၌ဖြစ်သော ဉာဏ်ငါးပါးသည် သင်္ခါရတို့၌ အပြစ်ကိုပြသောကြောင့် အာဒီနဝဉာဏ်ငါးပါးမည်၏၊ နောက်ဖြစ်သော ဉာဏ်ငါးပါးသည် ဘေးမရှိဟုထင်သဖြင့်

ငြိမ်းချမ်းသည်ကိုမြင်သောကြောင့် သန္တိပဒဉာဏ်ငါးပါးမည်၏။ ဤဉာဏ်ဆယ်ပါးတို့၌ လိမ္မာသော ယောဂီပုဂ္ဂိုလ်သည်ကား၊ အထူးထူးသော အယူတို့ကြောင့်မတုန် မလှုပ်ကုန်ဟုမှတ် အပ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဤသို့မိန့်တော်မူ၏။

ပဉ္စ အာဒီနဝေ ဉာဏံ၊ ပဉ္စ သန္တိပဒေ ပိ စ။

ယော ဉာဏေ ဒသ ဇာနာတိ၊ န သော ဒိဋ္ဌိသု ကမ္ပတိ။

အာဒီနဝေဉာဏံ- အာဒီနဝဉာဏ်သည်၊ ပဉ္စ- ငါးပါးတို့တည်း၊ သန္တိပဒေပိစ-နိဗ္ဗာန်၌လည်း၊ ဉာဏံ-ဉာဏ်သည်၊ ပဉ္စ-ငါးပါးတို့တည်း။ ယော-အကြင်ယောဂီပုဂ္ဂိုလ်သည်၊ ဉာဏေ-ဉာဏ်ဆယ်ပါးတို့ကို၊ ဇာနာတိ-သိ၏၊ သော-ထိုပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိသု-အထူးထူးသော ဒိဋ္ဌိတို့ကြောင့်၊ နကမ္ပတိ-မတုန်လှုပ်။ ဤသည်လျှင် အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိကို ပြဆိုချက်တည်း။

**ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်သုံးပါး**

ဤအာဒီနဝဉာဏ်ကို အဖန်ဖန်မှီဝဲသော ယောဂီပုဂ္ဂိုလ်အား စိတ္တကူဋတောင်ခြေကြာအိုင်ရေ၌ ပျော်မွေ့နေကျ ရွှေဟင်္သာသည် ဒွန်းစဏ္ဍားရွာအထွက် တန်စီးပွက်၌ မနှစ်သက်နိုင်သကဲ့သို့၊ အလုံးစုံသောဘဝ ယောနိစသည်တို့၌ ငြီးငွေ့သောစိတ်ရှိ၍ အနုပဿနာဉာဏ် ပြည်နိဗ္ဗာန်သို့ ညွတ်ကိုင်းသော စိတ်ဖြစ်လေ၏။ ထိုသို့ဖြစ်သောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏။ နိဗ္ဗိန္ဒဉာဏ်ဖြစ်ဟန်ကား "ဣမေသံ မမ ခန္ဓာနံ ဘိဇ္ဇနံ နာမေတံ အဟောဝတ နိဗ္ဗိဒံ အဟောဝတ ဇေဂုစ္ဆံ၊ အဟောဝတ ပဋိကူလံ၊ အဟောဝတ အနာလယံ"မမ-ငါ၏၊ဣမေသံခန္ဓာနံ-ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဧတံဘိဇ္ဇနံနာမ-ဤကုန်ပျောက် ပြုန်းတီး ပျက်စီးခြင်းမည်သည်၊အဟောဝတ နိဗ္ဗိဒံ-မပျော်မမွေ့ ငြော်ငြီးငွေ့ဘွယ်ရှိစွ

တကား၊အဟောဝတ ဇေဂုစ္ဆံ-ခေါင်းမှသန်ထုတ် လူကောင်ပုပ်ကဲ့သို့ ငြော် စက်ဆုတ်ဖွယ်ရှိစွတကား၊ အဟောဝတပဋိကူလံ-ပိုးလောက် သက်ဆင်း မငင်တွင်းနှယ် ငြော် ရွံရှာဘွယ်ရှိစွတကား၊ အဟောဝတ အနာလယံ-သာယာခင်မင် ငြော် လိုချင်ဘွယ် မရှိစွတကား။ ဤသည် လျှင် နိဗ္ဗိန္ဒဉာဏ်ကို ပြဆိုချက်တည်း။

ဤသို့တွေ့ဘူမက သင်္ခါရတို့၌ ငြီးငွေ့ခြင်း၊ ဗလဝနိဗ္ဗိန္ဒဉာဏ် ရင့်သန်သောယောဂီပုဂ္ဂိုလ်အား ပိုက်ကွန်၌ရောက်ရှိသောငါး၊ မြွေမိသောဘား၊ ခြိုင့်တွင်း၌ထားသော တောကြက်၊ အလမ္ပာယ်လက်၌မြွေ၊ ညွတ်ကွင်းမိသောသမင်၊ ဂဠုန်လက်တွင်နဂါး၊ ရန်သူဝိုင်းထားသော ယောကျ်ားကဲ့သို့ ဘယ်သင်္ခါရတရားတခုမျှ ပျော်ပါးတင်စွမ်းခြင်းမရှိ၊ အပြစ်ကို သာ မြင်၍လွတ်ချင်လိုသောစိတ်ဖြစ်၏။ထိုတွေ့ဘူမက သင်္ခါရမှလွတ်မြောက်လိုသော စိတ်ရှိသောဉာဏ်သည် မုဉ္စိတုကမျတာ ဉာဏ်မည်၏။ မုဉ္စိတုကမျတာဉာဏ်ဖြစ်ပုံကား "ဣမေသံ မမ ခန္ဓာနံ ဥပ္ပဇ္ဇနံ ဝါ ဘိဇ္ဇနံ ဝါ ဒုက္ခံ အတိဒုက္ခံ၊ တထော ကဒါ မုဉ္စေယျံ၊ သာဓု ဝတ မုဉ္စနံ၊ သာဓု ဝတ အပဂမနံ၊ သာဓု ဝတ နိဗ္ဗုတံ"။ မမ-ငါ၏၊ ဣမေသံ ခန္ဓာနံ-ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဥပ္ပဇ္ဇနံဝါ-အသစ်အသစ် အဖန်ဖန်ဖြစ်ရခြင်းသည်၎င်း၊ ဘိဇ္ဇနံဝါ- ဖြစ်တိုင်းဖြစ်တိုင်း မဆိုင်းခဏ ပျက်စီးရခြင်း သည်၎င်း၊ ဒုက္ခံ-သည်းခံနိုင်ခဲ လွန်ဆင်းရဲ၏။ အတိဒုက္ခံ-လွန်လွန် ကဲကဲ များစွာဆင်းရဲ၏၊ တထော-ဘဝတိုင်းမကင်း ထိုဆင်းရဲခြင်းမှ၊ ကဒါ-ဘယ်ဒေသမှာ ဘယ်အခါ၌၊ မုဉ္စေယျံ-ဆောလျင် မချွတ်လွတ်ရပါအံ့နည်း။ မုဉ္စနံ-ဆောလျင်မချွတ် လွတ်ရပါမှုကား၊ သာဓုဝတ-အဟောသုခ နိဗ္ဗာန်ရရှိ ကောင်းလှ ဘိ စွ တ ကား၊

အပဂမန်-သံသရာဝဋ် လွတ်ကြီးလွတ်အောင် ရှောင်ကြဉ်ပယ်ရှား ဖဲသွားရမူ၊ သာမုဝတ-ဘေးရန် လွတ်ပြီး ကောင်းကြီးကောင်းလေစွတကား၊ နိဗ္ဗုတံ-ဖြစ်ပျက်မတိမ်း ငြိမ်းရပါမူကား၊ သာမုဝတ- ချမ်းသာတကား များစွာစုပေါင်း ကောင်းလေစွတကား၊ဤသည်လျှင် မုဥ္စိတုကမျတာဉာဏ်ကို ပြဆိုချက်တည်း။

ဤသို့ အားဖြင့် ခပ်သိမ်းသော သင်္ခါရမှ လွတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ ထိုသင်္ခါရတို့မှ လွတ်မြောက်ခြင်းငှာ လေးဆယ်သော ဝိပဿနာတို့ကို ခန္ဓာငါးပါး၌တင်၍ မုဥ္စိတုကမျတာဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်ရပြန်၏။ အဘယ်ကြောင့်နည်း ဟူမူ အနမတဂ္ဂသံသရာမှစ၍ နိစ္စ သုခ သုဘ အတ္တဟု အားကြီးစွာ စွဲယူကိုးစား အထင်မှားသော ဝိပလ္လာသ တရားတို့ကို အနိစ္စ ဒုက္ခ အသုဘ အနတ္တလက္ခဏာဖြင့် အဖန်ဖန် ပယ်ဖျောက်၍ ထိုတေဘူမက သင်္ခါရတို့မှ လွတ်ငြိမ်း ခြင်း၏ အကြောင်း ပြည့်စုံခြင်းငှာ၊ တဖန်ရှုပြန် သုံးသပ်ပြန်ရ၏ဟုမှတ်၊ ဤသို့ တဖန် သင်္ခါရတရားတို့ကို ရှုကြည့်ပြန်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စန္တိကတော,ပလောကတော, စလတော, ပဘင်္ဂုတော, အဓုဝတော, ဝိပရိဏာမတော, အသာရကတော,ဝိဘဝတော,သင်္ခတတော,မရဏတောအနိစ္စာ။ (အနိစ္စာနုပဿနာ ၁ဝ-ပါး။)

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခတော, ရောဂတော, ဂဏ္ဍတော,သလ္လတော,အဃတော,အာဗာဓတော,ဤတိတော,ဥပဒ္ဒဝတော,ဘယတော,ဥပသဂ္ဂတော, အတာဏတော,အလေဏတော, အသရဏတော, အာဒီနဝတော, အဃမူလတော, ဝဓကတော, သာသဝတော, မာရာမိသတော, ဇာတိဓမ္မတော, ဇရာဓမ္မတော, ဗျာဓိဓမ္မတော, သောကဓမ္မတော, ပရိဒေဝဓမ္မတော, ဥပါယာသ

ဓမ္မတော့ သံကိလေသဓမ္မတော ဒုက္ခာ၊ (ဒုက္ခာနုပဿနာ ၂၅-ပါး)

(၃) သဗ္ဗေသင်္ခါရာပရတော့, ရိတ္တတော့, တုစ္ဆတော့, သုညတော့, အနတ္တတော အနတ္တာ။ (အနတ္တာ နုပဿနာ ၅-ပါးတည်း)

ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ တောလေးဆယ် ဒေသနာ (အနက်မခဲ့) မဟာနိဒ္ဒေသပါဠိတော်၌ကား အသရဏီဘူတတော-ဟူ၍ တပုဒ်လွန်လျက်ပါ၏။ ဤဝိပဿနာ ဉာဏ်လေးဆယ်ကို တော-၄၀ ဟူ၍ငင်း၊ ဝိပဿနာကမ္မဋ္ဌာန်း ၄၀ ဟူ၍ငင်း၊ အနုလောမခန္တီဉာဏ်-၄၀ ဟူ၍ငင်းဆိုအပ်၏။

ငင်းဝိပဿနာဉာဏ်လေးဆယ်ကို ခန္ဓာငါးပါးနှင့်မြှောက်သည်ရှိသော် အနိစ္စာ နုပဿနာဉာဏ် ၁၀ ပါးအားဖြင့် အနုလောမိကခန္တီဉာဏ် နှစ်ရာတိတိဖြစ်ကုန်၏ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆို၏၊ ဤသို့အားဖြင့် နိစ္စ, သုခ, သုဘ, အတ္တ အခြင်းအရာ၏တဖန် မဖြစ်နိုင်သောအခါ ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြစ်သည်မည်၏။ ဤသည်လျှင် နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြဆိုချက်တည်း။

**ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိသင်္ခါရုပေက္ခာဉာဏ်**

ဤသို့ ပဋိသင်္ခါဉာဏ်ကိုရပြီးသော ယောဂီသူမြတ်သည် ထိုပဋိသင်္ခါဉာဏ်ဖြင့် ခပ်သိမ်းသော တေဘူမကသင်္ခါရတို့၏ အတ္တသာရမှ ဆိတ်သော အချည်းနှီးသော သဘောကို အာရုံပြု၍ "သဗ္ဗေ သင်္ခါရာ သုညာ" ဟု ရှေးဦးစွာရှုအပ်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သင်္ခါရာ- သင်္ခါရတရားတို့သည်၊ သုညာ-အတ္တ ဟူသော အနှစ်သာရမှ ဆိတ်ကုန်၏။ ဤသို့ရှုပြီး၍ တဖန်-ဒွိကောဋိသုညအားဖြင့် ဤသို့ ရှုရာ၏။ သုည မိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ" ဣဒံ- ဤသင်္ခါရတရားသည်၊ အတ္တေနဝါ- ငါဟုထင်မှတ်ကြသောအတ္တသဘောမှငင်း၊ အတ္တနိယေန ဝါ- ငါ့သာ

ငါ့သမီး ငါ့ဥစ္စာဟု မှတ်ယူစွဲလမ်းကြသော အတ္တနိယ သဘောမှု ရင်း၊ သုညံ-ဆိတ်၏။ ဤသို့ဒွိကောဋိသုညအားဖြင့် ရှုကြည့်ပြီး၍ တဖန် စတုကောဋိသုညအားဖြင့် ဤသို့ရှုရာ၏။ "နာဟံ ကွစနိ, ကဿစိ, ကိဉ္စနတသ္မိံ, န စ မမ ကွစနိ, ကိသ္မိဉ္စိကိဉ္စနတသ္မိံ တိ" အဟံ-ငါသည်၊ ကွစနိ- တစုံတခုသောဘဝ ဌာနကာလ သဘာဝ ဓမ္မအဇ္ဈတ္တဗဟိဒ္ဓ၌၊အတ္တာနံ-မိမိကိုယ်ကို၊ နပဿာမိ-မမြင်၊ ကဿစိ တစုံတယောက်သော သူတပါး၏၊ ကိဉ္စနတသ္မိံ- ဉာတိမိတ္တပရိ ဝါရစသည်ဖြင့် စိုးရိမ်ကြောင့်ကြအပ်သော အဖြစ်၌၊ ဉပနေတဗ္ဗံ ဆောင်အပ်သော၊ အတ္တနော-မိမိ၏၊ အတ္တာနံ-ကိုယ်ကို၊ နပဿတိ မမြင်၊ ကွစနိ-တစုံတခုသော ဘဝဌာနကာလသဘာဝဓမ္မ အဇ္ဈတ္တ ဗဟိဒ္ဓ၌၊ ပရဿ-သူတပါး၏၊ အတ္တာနံ-ကိုယ်ကို၊ နပဿတိ-မမြင်၊ မမ-ငါ၏၊ ကိသ္မိဉ္စိ-တစုံတခုသော ဘဝဌာန ကာလသဘာဝဓမ္မ အဇ္ဈတ္တဗဟိဒ္ဓ၌၊ ကိဉ္စနတသ္မိံ ကိဉ္စနဘာဝေ- ဉာတိမိတ္တပရိဝါရ စသည်ဖြင့် စိုးရိမ်ကြောင့်ကြအပ်သော အဖြစ်၌၊ပရဿ-သူတပါး ၏၊အတ္တာ-ကိုယ်သည်၊အတ္ထိ-ရှိ၏၊ဣတိ-ဤသို့၊နပဿတိ-မမြင်။

ဤသို့ အားဖြင့် မိမိကိုယ်တည်း ဟူသော သကအတ္တ၊ တစုံတယောက် သူတပါး၏ အတ္တနိယ ဖြစ်သော မိမိကိုယ် တည်းဟူသောပရအတ္တ၊သူတပါး၏ ကိုယ်တည်းဟူသော ပရအတ္တ၊ မိမိ၏ အတ္တနိယ ဖြစ်သော သူတပါး၏ ကိုယ်တည်း ဟူသော ပရအတ္တ၊ ဤလေးဝသော အတ္တ, အတ္တနိယတို့မှ ဆိတ်အောင် စတုကောဋိသုညတနည်းကို သိမ်းဆည်းဆင်ခြင်၏။ ထိုမှ တပါး ဆအာကာရ, အဋ္ဌာကာရ,ဒသာကာရစသော နည်းများကို ဂန္ထ ဂရု ကျမ်းလေး မည်ဘေးကြောင့် မပြတော့ပြီ။

ဤသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ထိုသင်္ခါရတို့ကို မှီ၍

ဖြစ်သော ကြောက်ခြင်း,နှစ်သက်ခြင်းဟု ဆိုအပ်သော ဘယ,နန္ဒီ တရားများကို ပယ်ဖျောက်၍ ထိုသင်္ခါရတရားတို့ကို ငါဟူ၍ရှင်း ငါ၏ဥစ္စာဟူ၍ရှင်း မယူမှု၍ သင်္ခါရတရားတို့၌ လျစ်လျူရှုလျက် သာတည်၏။ ဥပမာအားဖြင့်သော်ကား ဤ ပဋိသင်္ခါဉာဏ်ကို အဖန်ဖန်မှီဝဲ၍ မြဲမြံခိုင်ခံ့သော ဝိပဿနာရှိသော ယောဂီသူမြတ် အား တယောက်သော မယားချစ်လှသော ယောကျ်ားသည် ရှေးရှေးသောအခါ ကြင်နာနှစ်သက် စုံမက်မြတ်နိုးလျက် နေ သောမယားကို နောက်အခါဝယ် ယောကျ်ားတပါးနှင့် ယှဉ်ပါး လွန်ကျူး လက်ပူးတွေ့မိ ကိုယ်တိုင်သိသဖြင့် စိစိကြေညက် နှုတ် လက်ဒဏ်ထား၍ ခါးဝတ်တထည်ချင်း ကွာရှင်း စွန့်ပစ်ပြီးနောက် ဖောက်ဖောက် ယှင်းယှင်း ဘယ်လိုပင် အကျင့်တရား ကင်းသော် လည်း ချစ်ခြင်းမုန်းခြင်း အခွင်းမပြုလျစ်လျူရှုသကဲ့သို့၊ ထို့အတူ မရက်မစက် နှစ်သက်စွာလှ အလုံးစုံသော သင်္ခါရတို့၌ ငါ့ကိုယ် ငါ့ဥစ္စာဟူသော အတ္တ အတ္တနိယတို့၏ သညသဘောကို ထိုပဋိ သင်္ခါဉာဏ်ဖြင့် ပြုက်ပြုက်ထင်ထင် ဟုတ်တိုင်းမြင်ရကား ဘယ ဉာဏ်ဖြင့်ပြီးသော ကြောက်ခြင်းကိုရှင်း၊ ဝိပဿနာပီတိကြောင့် ဖြစ်သော နန္ဒီဟူသော နှစ်သက်ခြင်းကိုရှင်း ပယ်ဖျောက်စွန့်ခွါ လျက် လျစ်လျူသာ ဖြစ်၍တည်၏။ထိုသို့ဖြစ်ခဲ့ပြီးသော ယောဂီ ပုဂ္ဂိုလ်အား အလုံးစုံ ဘဝ, ယောနိ, ဂတိ,ဝိညာဏ,သတ္တာဝါသ တို့၌ စိတ်သည် စဉ်းငယ်ရှိုင်းသော ပိန်းကြာဘက်၌ ရှာသော မိုးရေမိုးပေါက်တို့သည် လျောကျဘိ သကဲ့သို့ရှင်း၊ မီး၌ ထည့် အပ်သော ကြက်တောင်သည် တွန့်ဘိ သကဲ့သို့ရှင်း တွန့်သည် လျောကျသည်ဖြစ်၍ အလုံးစုံသော သင်္ခါရတရားတို့၌ လျစ်လျူ ရှုသည်ဖြစ်၍သာလျှင် တည်၏။ ထိုသို့ တည်သောအခါ သင်္ခါရု ပေက္ခာဉာဏ်သည် ဖြစ်၏ဟုမှတ်။

ဤသင်္ခါရုပေက္ခာဉာဏ်သည် အနိစ္စအားဖြင့်၎င်း ဒုက္ခအားဖြင့်၎င်း အနတ္တအားဖြင့်၎င်း သင်္ခါရတရားတို့ကို အဖန်တလဲလဲရှုသဖြင့် ရင့်ခြင်းသို့ရောက်၍ အနုလောမဉာဏ်ဟူသော အာသေဝနပစ္စည်းကိုရလျက် ဂေါတြဘုဉာဏ်၏ အဖြစ်သို့ရောက်၍ နိဗ္ဗာန်ကို သန္တိလက္ခဏာအားဖြင့် အကယ်၍မြင်အံ့၊ ထိုသို့မြင်သောအခါ သင်္ခါရတရားတို့ကိုလွှတ်၍ ဂေါတြဘုဟူသော အမည်ထူးကိုယူလျက် နိဗ္ဗာန်သို့ဝင်သည်ဖြစ်၏။ အကြင်ရွေ့လောက် ဂေါတြဘုဖြစ်လောက်အောင် မရင့်သေးသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ ထိုရွေ့လောက် သင်္ခါရတရားတို့ကိုသာ အာရုံပြု၍ သင်္ခါရုပေက္ခာဉာဏ်အဖြစ်၌တည်၏။

ဥပမာအားဖြင့် သင်္ဘောသားသည် သမုဒ္ဒရာကို ကူးသည်ရှိသော် အရပ်မျက်နှာကို သိစေတတ်သော ဒိသာကာကမည်သောကျီးကို ယူ၍သွားကုန်၏။ အကြင်အခါ၌ သင်္ဘောသည် လေ၏အဟုန်ဖြင့် တိုင်းတပါး၏အနီးသို့ရောက်လေ၍ ကမ်းကိုမမြင်၊ ထိုအခါ ဒိသာကာကကျီးကို လွှတ်လိုက်ကုန်၏။ ကျီးသည် လင်းယဉ်တိုင်၌ နားပြီးလျှင် ကောင်းကင်သို့ပျံတက်လေ၍ အရပ်လေးမျက်နှာသို့ အစဉ်အတိုင်းပျံလေလျှင် အကယ်၍ ကမ်းကိုမြင်သည်ဖြစ်အံ့၊ ထိုကမ်းသို့သာ ရှေးရှုပျံလေ၏။ အကယ်၍ကမ်းကို မမြင်သည်ဖြစ်အံ့၊ အဖန်တလဲလဲ လင်းယဉ်တိုင်၌သာလျှင် ပျံ၍နားသကဲ့သို့ ထို့အတူလျှင်၎င်း သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်သို့ သန္တိလက္ခဏာအားဖြင့် အကယ်၍မြင်အံ့၊ အလုံးစုံသော သင်္ခါရ တရားတို့ကိုလွှတ်၍ ဂေါတြဘုတည်းဟူသော အမည်ထူးကိုယူလျက် နိဗ္ဗာန်သို့သာဝင်လေ၏။ အကယ်၍ နိဗ္ဗာန်ကိုမမြင်အံ့၊ အဖန်တလဲလဲ သင်္ခါရတို့ကိုသာ အာရုံပြု၍ သင်္ခါရုပေက္ခာဉာဏ်အဖြစ်ဖြင့်တည်၏။

ဤသို့သော ယောဂီပုဂ္ဂိုလ်သည် ဗန်းစကောအဖျား၌ လိုမ့်အပ်ဆင့်အပ်သော မှုံညက်ကဲ့သို့ရင်း၊ ထုတ်ပြီးသော အစေ့ ရှိသော ဝါဂွမ်းကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်အပ်သကဲ့သို့ရင်း၊ ခပ်သိမ်းသော သင်္ခါရတရားတို့ကို အထူးထူး အပြားပြား အား ဖြင့် အဖန်တလဲလဲ နှောက်နယ်သုံးသပ်၍ လျစ်လျူရှုရာ၏။ ဤ သို့သော သင်္ခါရုပေက္ခာ ဉာဏ်သည် ဝိမောက္ခသုံးပါး၏ အ ကြောင်းအဖြစ်သို့ရောက်၍ ခုနစ်ပါးသော အရိယာပုဂ္ဂိုလ်တို့ကို ဝေဖန်ခြင်း၏အကြောင်း အစစ် ကေန်ဖြစ်၏။ ဤသည်လျှင် သင်္ခါရုပေက္ခာဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို ပြဆိုချက် တည်း။

**ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ အနုလောမဉာဏ်**

ဤ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးသော ယောဂီ သူမြတ်သည် ထို သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် တေဘူမကသင်္ခါရတို့ကို “ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ” ဟူ၍ အ ဖန်ဖန် မှိဝဲပွားများသည်ရှိသော် သဒ္ဓိန္ဒြေသည် အားကြီးသော အဖြစ်သို့, ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းသို့, သတိန္ဒြေသည် ကောင်းစွာထင်ခြင်းသို့, သမာဓိန္ဒြေသည် အလွန်ငြိမ်သက်တည် ကြည်ခြင်းသို့ ရောက်သဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည် ကြည်၏။ သင်္ခါရုပေက္ခာဉာဏ်သည် လွန်စွာ ထက်သန်ခြင်းသို့ ရောက်၏။ ထိုသို့ရောက်သော ယောဂီပုဂ္ဂိုလ်အား ယခုပင် မဂ်ဖိုလ် ရလတံ့ဖြစ်သောကြောင့် သင်္ခါရုပေက္ခာဉာဏ်သည် အဖန်ဖန် ပွားများသဖြင့် သင်္ခါရတရားတို့ကို လက္ခဏာသုံးတန်ဖြင့် သုံးသပ် ဆင်ခြင်ဖန်များ၍ မဂ်ဖိုလ်တရားတို့ကို ရလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည်ဘဝင်စလန, ဘဝင်ုပစ္ဆေဒဟု ဘဝင် ကိစ္စနှစ်ကြိမ်ကျ၏။ ထိုနောင် မနောဒွါရာဝဇ္ဇန်းသည် သင်္ခါရ

တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အာရုံပြု၍ အာဝဇ္ဇန်းကိစ္စတကြိမ်၊ ထိုနောင် မဟာကုသိုလ် ပထမဇွေးတို့တွင် တခုခုသည် သင်္ခါရတရားတို့ကို အာရုံပြု၍ ပရိကံဥပစာ အနုလုံဟု သုံးကြိမ်၊ ထိုနောင်နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇန်အနွယ်ကိုဖြတ်တတ်,အရိယာအနွယ်ကိုပွားစေတတ် နိဗ္ဗာန်တည်းဟူသော အာရုံ၌ ရှေ့ဦးစွာ တည်ခြင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ဖြစ်၍ဖြစ်သော မဂ်အား အနန္တရ,သမနန္တရ,ဥပနိဿယ,အာသေဝန,နတ္ထိ,ဝိဂတ ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် အဖြစ်ကို ပြီးစေတတ်သော ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်သော တဖန်ပြန်၍ မတည်နိုင်သော မဟာကုသိုလ် ပထမဇွေးတို့တွင် တခုခုသည်ပင်လျှင် ဂေါတြဘူကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုဇောတို့တွင် မနောဒွာရာဝဇ္ဇန်း နောင်ဖြစ်သော ပရိကံ ဥပစာ အနုလုံ ဇော၌ရှိသောဉာဏ်သည် ရှေးဖြစ်သော ဥဒယဗ္ဗယစသော ရှစ်ပါးသောဉာဏ်တို့အားရင်း အထက်မဂ်ခဏ၌ဖြစ်သော ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးအားလျော်သောကြောင့် အနုလောမဉာဏ်မည်၏။ ဂေါတြဘူစိတ်ကားဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သောအဗ္ဗောဟာရိကဉာဏ်ဟူ၍မှတ်။

ထိုအနုလောမဉာဏ် အစစ်ဖြစ်သော အနုလုံဇောကို အပါယ်နိမိတ် သင်္ခါရနိမိတ်မှထခြင်းဟု ဆိုအပ်သော မဂ်သို့သွားတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောဟူ၍ လက်သန်းအဋ္ဌကထာ၌ "ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ ဝုစ္စတိ" ဟူသောပါဠိဖြင့် မိန့်တော်မူပေ၏။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာပဒ်အရ ဝစနတ္ထကား "အပါယာဒိတော သင်္ခါရနိမိတ္တတော စ ဝုဋ္ဌာတီတိ ဝုဋ္ဌာနံ၊ဝုဋ္ဌာနံ ဂစ္ဆတီ

တိ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီ ဧဝ ဝိပဿနာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ”အပါယာဒိတောစ- အပါယ်စသည်မှဋင်း၊ သင်္ခါရနိမိတ္တတောစ-သင်္ခါရနိမိတ်မှဋင်း၊ ဝုဋ္ဌာတိ-ထမြောက်တတ်၏။ဣတိတသ္မာ- ထိုကြောင့်၊ ဝုဋ္ဌာနံ-ဝုဋ္ဌာနမည်၏။ (မဂ်လေးပါးရ၏)။ ယံဉာဏံ-အကြင်အနုလောမဉာဏ်နှင့်တကွသော သင်္ခါရုပေက္ခာဉာဏ်သည်၊ ဝုဋ္ဌာနံ-သင်္ခါရ နိမိတ်မှထသောမဂ်သို့၊ ဂစ္ဆတိ-သွားရောက်တတ်၏။ ဣတိတသ္မာ- ထိုကြောင့်၊တံဉာဏံ-ထိုအနုလောမဉာဏ်နှင့်တကွဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သည်၊ဝုဋ္ဌာနဂါမိနီ-ဝုဋ္ဌာနဂါမိနီမည်၏။ ဝုဋ္ဌာနဂါမိနီဧဝ-ဝုဋ္ဌာနဂါမိနီ သည်ပင်လျှင်၊ ဝိပဿနာ-ဝိပဿနာပေတည်း၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ-ဝုဋ္ဌာနဂါမိနီသည်ပင်လျှင် ဝိပဿနာဇောမည်၏။ ဤကားအဆိုပါဝစနတ္ထ၏အနက်သွားပင်တည်း။

ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောကို သဠာယတန ဝိဘင်းပါဠိတော်၌ တဏှာနှင့်ယှဉ်သော သမ္မယုတ္တာခန္ဓာ၏ အဖြစ်မှဆန့်ကျင်ဘက်ဖြစ်သောကြောင့် အတမ္မယဉာဏ်ဟု ဟောတော်မူ၏။ အလဂဒ္ဒသုတ်၌ နိဗ္ဗိန္ဒဉာဏ်ဟု ဟောတော်မူ၏။ ပေါဋ္ဌပါဒသုတ်၌ ပညဂ္ဂဉာဏ်ဟု ဟောတော်မူ၏။ ဒသုတ္တရသုတ်၌ ပါရိသုဒ္ဓိပဓာနိယင်္ဂဟု ဟောတော်မူ၏။ ပဋိသမ္ဘိဒါမဂ်၌ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါနုပဿနာ သင်္ခါရုပေက္ခာဟု ဟောတော်မူ၏။ ရထဝိနီတသုတ်၌ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိဟူ၍ ဟောတော်မူ၏။ ပရိယာယအားဖြင့် ဘင်ဉာဏ်မှစ၍ အနုလောမ ဉာဏ်တိုင်အောင် ရှစ်ပါးသော ဝိပဿနာဉာဏ်တို့သည် နာမ်ရုပ်တရား၏နိစ္စစသည်ကို ပယ်သောအားဖြင့် ပဟာန ပရိညာမည်၏။ ဤသည်လျှင် အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြဆိုချက်တည်း။

**လောကီဝိသုဒ္ဓိ ၆ပါးနှင့်အောက် ဉာဏ်များ**

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိက ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ပဋိသင်္ခါဉာဏ်၊သင်္ခါရုပေက္ခာဉာဏ်၊အနုလောမဉာဏ်ဤဉာဏ်ကိုးပါးနှင့်ယှဉ်သွားသည်ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်သည်မှတ်၊သီလဝိသုဒ္ဓိကစ၍ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအထိခြောက်ပါးသည်လောကီဝိသုဒ္ဓိဘဲဖြစ်သည်၊ လောကီဝိသုဒ္ဓိပင်ဖြစ်သော်လည်း ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး၌ အကျုံးဝင်သော တရားဖြစ်၍ ပုဗ္ဗဘာဂမင်္ဂဟု ခေါ်သည်။ အနုလောမဉာဏ်ကတက်၍မင်္ဂသို့ရောက်သောအခါ ဉာဏဒဿနဝိသုဒ္ဓိဖြစ်သည်။

ယခုပြဆိုခဲ့သော ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဝိပဿနာဉာဏ် ဆယ်ပါး သည်သာလျှင် နိဗ္ဗာန် ရောက်ကြောင်းတရားဖြစ်၍ ယခုအားထုတ်နေကြသော ယောဂီများ၌ ဒီဉာဏ်ဆယ်ပါးနှင့် ဝိသုဒ္ဓိခုနစ်ပါးသာ ပဓာနဖြစ်၍ မိမိတို့အားထုတ်နေသော သီလသမာဓိပညာ ဤသိက္ခာသုံးပါးမှလွဲ၍ နိဗ္ဗာန်ရောက်ကြောင်းတရား အထူးမရှိဘူးဆိုတာကို နှလုံးသွင်းသဘောပေါက်၍ ဝမ်းမြောက်စွာအားထုတ်ကြရမည်။ အောက်ကပြဆိုခဲ့သည့်အတိုင်း အနုလောမဉာဏ်က ရုပ်နာမ်ကိုရှု၍ ပရိကံ ဥပစာ အနုလုံကျအောင် တော့ မကကို အာရုံပြု၍ ဂေါတြဘူဉာဏ်က နိဗ္ဗာန်ကိုအာရုံပြုပြီး မင်္ဂဇောတကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ်, သုံးကြိမ်ကျပြီး သောတာပန်အရိယာအဖြစ်သို့ရောက်သွားလေသည်။

**ဝိပဿနာဉာဏ်စဉ် တက်ပုံနဲ့ ဥပမာ**

ဧင်းဝိပဿနာဉာဏ် ဆယ်ပါး ပြခြင်း သည် ဝိပဿနာ ဉာဏ်စဉ် ဆယ်ပါး တက် သော် ငြား လည်း ကွဲပြားစွာ လူတိုင်းမသိဘူးလို့ ဆိုတယ်။ ဒီဉာဏ်ဆယ်ပါး တက်သွားပုံကို လူတိုင်းမသိ

သည့်အတွက် ဤနေရာ၌ထင်ရှားအောင် ဥပမာဆောင်၍ ပြမည်။ သဘောပေါက်အောင် ကြည့်ကြကုန်လော့။ ဥပမာ တံငါသည် ယောကျ်ားတယောက် ငါးဆောင်းတဲ့အခါ ရေထဲမှာ သူ့ရဲ့ ဆောင်းကလေးက ထိပ်ဝတတောင့်တထွာ၊ တတောင်တမိုက်ခန့် ရှိတယ်။ ဒီဆောင်းကလေးနဲ့ ဟိုရမ်းအုပ် ဒီရမ်းအုပ်နဲ့ ဒီလိုအုပ် တော့ ငါးမိတဲ့ အထိမ်းအမှတ်တွေတဲ့အခါ ဆောင်းပေါက်က နေပြီးနှိုက်လိုက်တော့ ငါးကို လည်ပင်းစမ်းပြီး ကိုင်ထားလိုက်တာ ပေါ့။ ဒီအခါမှာ တံငါသည်တို့ရဲ့ ထုံးစံအတိုင်း ငါးကိုတွေ့တယ် ဆိုရင်ဘဲ အလွန်ဝမ်းမြောက်သွားတာပေါ့လေ။ အင်း-အင်မတန် ကြီးတဲ့ငါးကြီးဘဲ၊ အိမ်ကျရင်တော့ ငါ့သားမယားနဲ့ တဝကြီး စားရမှာဘဲဟု အလွန်ပင်ဝမ်းမြောက်နေတယ်။ ငါးကိုမှမမြင်ရ သေးဘဲကို၊ ဒါနဲ့ ဆောင်းပေါက်ကနေပြီး မိထားတဲ့ငါးကြီးကို အားရပါးရ ဆွဲထုတ် ဖေါ်ကြည့်လိုက်တာ ရေပေါ်ရောက်လာ တော့ သူထင်သလို ငါးကြီးမဟုတ်ဘဲ၊ လားလား လည်ရေး သုံး ဆင့်ရှိသော ခွေးမြွေဟောက်ကြီး၊ တခါကိုက်ခံရက အသက်မပြန် တဲ့အကောင်ကြီးကို လည်ပင်းဆုပ်မိရက်သား ဖြစ်နေတော့ ဒီ တံငါသည်ဟာ ဒီမြွေကြီးကိုကြောက်မကြောက် စဉ်းစား၍သာ ကြည့်ကြပေတော့၊ အလွန်ကြောက်မှာပေါ့။ ကြောက်လို့ကော လွှတ်ပစ်ရဲပါ့မလား၊ တွေးကြည့်၊ ဘယ်နည်းနှင့်မျှဒီအတိုင်း လွှတ် မပစ်ရဲဘူး။ လွှတ်ပစ်ဘို့မပြောနှင့်၊ ဒီမြွေကြီးကို ရှေ့ကထက်ပိုပြီး တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရတယ်။ အဲဒီလို ဆုပ်ပါများ တော့ မြွေကြီးဟာ လည်ပင်းအစ်ပြီး ပျော့ခွေသွားတော့မှ အင်း ဒီမြွေဟာ ငါ့ကိုတော့ ဘယ်နည်းနှင့်မျှမကိုက်နိုင်တော့ဘူးဆိုဟာ သိသဖြင့် သွားဟဲ့ဆိုပြီး ကမ်းပေါ်ပစ်လိုက်တော့မှ မြွေကြီးဘေး

က ခုမှဘဲ လွတ်ရတယ်လို့ဆိုပြီး ဝမ်းမြောက်ရတယ်။ အဲဒါဟာ ဥပမာဘဲဖြစ်တယ်။

ယခုယောဂီများဟာလဲ လောကဒုက္ခဘေးဆိုးကြီးမှ လွတ်ချင်ကြလို့ တရားကိုအားထုတ်ကြတယ်၊ တရားကိုအားထုတ်လိုက်တော့ ဘယ်တုန်းကမှ မတွေ့ဘူး မကြုံဘူး မရဘူးသေးတဲ့ ရုပ်တွေနာမ်တွေတွေ့လို့ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်တွေရလာတော့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ တရားထူးတွေ တွေ့ကြတဲ့အခါ အလွန်ဝမ်းသာနေကြတာပေါ့။ ဒါကြောင့် ဒီဥဒယဗ္ဗယဉာဏ်ထဲမှာ တဝဲလည်လည်နှင့် ဝိပဿနာညစ်ညူးကြောင်းတွေ အမျိုးမျိုးတွေ့နေကြတာပေါ့၊ ဆိုခဲ့သည့် ဩဘာသအရောင်အဆင်းတွေ၊ ပီတိဆိုတဲ့ နှစ်သက်ခြင်းတွေ ပဿဒ္ဓိဆိုတဲ့ ငြိမ်းခြင်းတွေ တွေ့နေကြတော့ ဥပမာပြခဲ့သည့်အတိုင်း တံငါသည်ဟာ ငရေထဲက မြွေကြီးကို မြွေမှန်းမသိဘဲ ငါးကြီးထင်နေ၍ ဝမ်းမြောက်သလိုပေါ့၊ ရေပေါ်ဆွဲထုတ်လိုက်ရလို့ ရေပေါ်ရောက်မှ မြွေမှန်းသိ၍ အလွန်ကြောက်ပြီး မြွေဘေးက လွတ်ချင်တာလို၊ ယခုယောဂီများလည်း ရှေးဦးစွာတွေ့ရတဲ့ ဥဒယဗ္ဗယဉာဏ်နှင့်တော့ ဝမ်းမြောက်တုန်းမကြောက်သေးဘူး။ ဘယဉာဏ်တို့ ဘယဘေးကို မြင်တဲ့ဉာဏ်၊ အာဒီနဝအပြစ်ကိုမြင်တဲ့ဉာဏ်၊နိဗ္ဗိန္ဒ ငြီးငွေ့တဲ့ဉာဏ်၊ ဒီလိုဉာဏ်စဉ်အဆင့်ဆင့်တက်လာမှ မုဉ္စိတုကမျတာဉာဏ်ဆိုတာ မြွေဘေးကလွတ်ချင်တာလို ရုပ်နာမ်ဘေးမှ အလွန်လွတ်ချင်လာတာပေါ့။ ဒီလိုလွတ်ချင်လေ မြွေကြီးကို မလှုပ်နိုင်အောင် မြဲမြဲကြီးဆုပ်ထားရတာလို မုဉ္စိတုကမျတာဉာဏ်က ကြပ်ကြပ်လွတ်ချင်လေ ပဋိသင်္ခါဉာဏ်က ရုပ်နာမ်ဖြစ်ပျက်ကို လက်မလျှော့ဘဲ အမြဲတန်း အားတိုက်ဖိပြီး အားထုတ်ရတာပေါ့။

ဘာကြောင့်လဲဆိုလျှင် ဖြစ်ပျက်ကို လက်လွှတ်လိုက်လျှင်

ကိလေသာဝင်လာမည်ကိုသိသဖြင့် ဖြစ်ပျက်ကိုလက်မလွှတ်တမ်း ပင့်သိဉ်ါဉာဏ်ဖြင့် အားတိုက်ရှုတာပေါ့။ ဒီလိုအားထုတ်ဖန်များ တော့ မြေကြီးဟာ ငါ့ကိုမကိုက်နိုင်တော့ဘူးလို့ သိသဖြင့် ဒီရုပ်နာမ်အတွက် ချစ်ခြင်း မုန်းခြင်းမရှိ လျစ်လျူရှုနိုင်ခြင်းကို သင်္ခါ ရုပေက္ခာဉာဏ် ခေါ်တယ်၊ သင်္ခါရုပေက္ခာဉာဏ် ရတယ်ဆိုလျှင် မကြာမြင့်မီ အနုလောမဉာဏ်နှင့်ပြည့်စုံ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ လိုရင်းက မြွေဘေးကလွတ်၍ ဝမ်းမြောက်တာလို ရုပ် နာမ် ဘေးကြီးမှလွတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဖြင့် အ လွန်ပင်ဝမ်းမြောက်ရတယ်။ အဲဒီဥပမာလို သေသေချာချာစည်း စား နှလုံးသွင်းပြီးတော့ ဝိပဿနာဘာဝနာကို ပွားများအား ထုတ်ကြပါကုန်။

**ဉာဏဒဿန ဝိသုဒ္ဓိမဂ်ဉာဏ် လေးပါး**

မဟာကုသိုလ်၌ယှဉ်သော ဂေါတြဘူဇောသည် မဂ်အာဝဇ္ဇန်းအရာ၌ တည်၍ ပေးအပ်သော အာသေဝနပစ္စည်း အဟုန်ကို မဂ်ဉာဏ်သည် မ လွှတ်မူ၍ နိဗ္ဗာန်ကိုအာရုံပြုပြီးလျှင် ရှေးအနမ တဂ္ဂသံသရာ၌ မဖျက်ဆီး မဖေါက်ခွဲဘူးသော လောဘ ဒေါသ မောဟ အစုအခဲကို ဖျက်ဆီးဖေါက်ခွဲခြင်းကိုပြု၍ အနမတဂ္ဂသံသ ရာဝဋ်တည်းဟူသော သမုဒ္ဒရာကို ခန်းခြောက်စေလျက် ခပ်သိမ်း သော အပါယ်လေးပါး တံခါးကို ပိတ်လျက် ဒုက္ခသစ္စာကို ပိုင်း ခြား၍သိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက် မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုပွားခြင်း တည်းဟူသော မဂ်ကိစ္စလေး ပါးကို တပြိုင်နက်ပြီးစေလျက် မဂ်ဇောကိစ္စ တကြိမ်ကျ၏။ ထို နောင် သောတာပတ္တိမဂ်ဇော စေတနာသည် ဖြစ်စေအပ်သော သောတာပတ္တိဖိုလ်စိတ်သည် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ထို နောင် ယထာရဟာဘဝင်ကျ၍ သောတာပန်ဖြစ်ပြီးမှ အထက်မဂ်

သုံးပါးကိုရခြင်းငှါ ဝိပဿနာဘာဝနာကိုအားထုတ်ပြန်၍ သကဒါဂါမိ,အနာဂါမိ,ရဟန္တာအဖြစ်သို့ ရောက်ရ၏။ ဤလေးပါးသော မဂ်စိတ်နှင့် သမ္ပယုတ်ဖြစ်သော ဉာဏ်သည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌—

ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။

ဉာဏဒဿန ဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ-ဟု မိန့်၏။

ဝေံ-ဤသို့၊ ဆဗ္ဗိသုဒ္ဓိကမေန- ခြေထောက် ဝိသုဒ္ဓိ နှစ်ပါးကိုယ်နှင့် တူသော ဝိသုဒ္ဓိ လေးပါး၊ ပေါင်းခြောက်ပါး၏ အစဉ်အားဖြင့်၊ ဘာဝေတဗ္ဗော-ပွားအပ်သော၊စတုဗ္ဗိဓော-လေးပါး အပြားရှိသော၊ မဂ္ဂေါ-မဂ်ကို၊ ဉာဏဒဿနဝိသုဒ္ဓိနာမ- ဉာဏဒဿန ဝိသုဒ္ဓိမည်၏ဟူ၍၊ ပဝုစ္စတိ–အပြားအားဖြင့်ဆိုအပ်၏။ (ဤကား ဂါထာ၏အနက်တည်း)။

**မှတ်ချက်။** ။တဏှာမခြားဘဲ မဂ်လေးတန်ကို ရသော သင်ခိုန်းဖျား၌ ရဟန္တာဖြစ်သွားကြသူများပင် ဖြစ်လင့်ကစား ဤဆိုခဲ့သောအစဉ်ကိုကျော်လွန်၍ မဖြစ်ရ၊ ဤအစဉ်အတိုင်းသာ ဖြစ်ရလေသည်။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဧကစိတ္တက္ခဏိကာ၊အဋ္ဌကထာရှင်စကားနှင့်အညီ မျက်စိတမှိတ်အတွင်း ကုဋေတသိန်းမက ဖြစ်ပျက် နေသော စိတ္တက္ခဏ သက်တန်းကို ထောက်ဆလျှင် ထို စကားမှန်ကန်ကြောင်းကို ယုံကြည်ရန်သင့်လှပေသည်။ ဤသည်လျှင် မဂ်ဉာဏ် လေးပါးဟု ဆိုအပ်သော ဉာဏဒဿန ဝိသုဒ္ဓိကို ပြဆိုချက်တည်း။

## ခဏ ၆-ပါးနှင့် လက္ခဏာရေး ၃-ပါး မှတ်သားရန်အချက်း

**ခဏ ၆-ပါးနှင့် လက္ခဏာရေး ၃ပါး** ဟုတ်တိုင်းမှန်စွာ သိဘို့ရာက ခဏ ၆-ပါး ရှိသည်၊ ခဏ၆-ပါး ဆိုတာက၊ မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊သိသောခဏဟု ၆-ပါးဖြစ်၏၊လက္ခဏာရေးသုံးပါးဖြင့် သိမှတ်ရန် အစိပ္ပါယ်ကား-ဤသို့တည်း။

မြင်သောခဏဆိုတာက မျက်စိကကြည်တဲ့သဘော၊ အဆင်းကထင်တဲ့သဘော၊ စက္ခုဝိဉာဏ်ကမြင်တဲ့သဘော၊ ဖဿကတွေ့တဲ့သဘော၊ ဝေဒနာကခံစားတဲ့သဘော၊ အဲ ဒီလို မျက်စိကကြည်၊ အဆင်းကထင်၊ စက္ခုဝိဉာဏ်ကမြင်၊ ဖဿကတွေ့၊ ဝေဒနာကခံစား၊ ငါးပါးပေါင်းဆုံမိတဲ့ကာလကို မြင်သောခဏဟုဆိုသည်။ သို့ဖြစ်၍ မြင်သောခဏ မြင်-မြင်တယ်ဟုမှတ်လျှင် မြင်ကုန်တယ်ဟုထင်သောသူမှာ မျက်စိလဲမမြဲ၊ အဆင်းလဲမမြဲ၊ မြင်တာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ခံစားတာလဲမမြဲ-ဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရား ဟောတော်မူ၏။

အနိစ္စတော မနသိကရောတော ခယတော သဉ္ဇါရာ ဉပဋ္ဌဟန္တိ(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)။ အနိစ္စတော- မမြဲဟု၊ မနသိကရောတော- နှလုံးသွင်းမိသောသူအား၊ခယတော-ကုန်၏ဟု၊ သင်္ခါရာ- ရုပ်နာမ်ခန္ဓာသင်္ခါတို့သည်၊ ဉပဋ္ဌဟန္တိ-ထင်ကုန်၏။ အနိစ္စဘဲ-မမြဲဟု နှလုံးသွင်းသောသူ၏ စိတ်အသိအမြင်မှာ အာရုံပြုမိတဲ့ ရုပ်နာမ်ခန္ဓာသင်္ခါရ ကုန်တာဘဲလို့ ထင်ရုံမျှဖြစ်၏။ အနိစ္စမမြဲဟု နှလုံးသွင်းမှု ထပ်မံပြုရတော့မည် မဟုတ်ပေ၊ ကုန်တာဘဲဟု

ထင်ကတည်းက အနိစ္စဘဲ မမြဲတဲ့အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရလေသည်။

ကြားသောခဏဆိုတာက နားကကြည်တဲ့သဘော၊ အသံကထင်တဲ့သဘော၊ သောတဝိညာဏ်က ကြားတဲ့သဘော၊ ဖဿက ထိတွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော၊ အဲဒီလို နားကကြည်၊ အသံကထင်၊ သောတဝိညာဏ်က ကြား၊ ဖဿကတွေ့၊ ဝေဒနာကခံစား၊ ငါးပါးပေါင်းဆုံမိတဲ့ ကာလကို ကြားသောခဏဟုဆိုသည်၊ သို့ဖြစ်၍ ကြားသောခဏ ကြား-ကြားတယ်ဟု မှတ်လျှင် ကြား-ကုန်တာဘဲ ဟုထင်သောသူမှာ နားလဲမမြဲ၊ အသံလဲမမြဲ၊ ကြားတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

နံသောခဏဆိုတာက နှာခေါင်းက ကြည်တဲ့သဘော၊ အနံ့က ထင်တဲ့ သဘော၊ ဃာန ဝိညာဏ်က နံတဲ့ သဘော၊ ဖဿက တွေ့တဲ့သဘော၊ ဝေဒနာကခံစားတဲ့သဘော၊ အဲ-ဒီလို နှာခေါင်းက ကြည်၊ အနံ့ကထင်၊ ဃာနဝိညာဏ်က နံ၊ ဖဿကတွေ့၊ ဝေဒနာက ခံစား၊ ငါးပါး ပေါင်းဆုံ မိတဲ့ ကာလကို နံသောခဏလို့ ဆိုသည်၊ သို့ဖြစ်၍ နံသောခဏ နံ-နံတယ်ဟု မှတ်လျှင် နံကုန်တယ်လို့ ထင်သောသူမှာ နှာခေါင်းလဲမမြဲ၊ အနံ့လဲမမြဲ၊ နံတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲ ဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောတော်မူ၏။

စားသောခဏဆိုတာက လျှာက ကြည်တဲ့သဘော၊ အရသာက ထင်တဲ့ သဘော၊ ဇိဝှာဝိညာဏ်က စားတဲ့ သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော၊ အဲ ဒီလို လျှာကကြည်၊ အရသာကထင်၊ ဇိဝှာဝိညာဏ်က စား၊

ဖဿကတွေ့၊ ဝေဒနာကခံစား၊ ငါးပါးပေါင်းဆုံမိတဲ့ ကာလကို စားသော ခဏလို့ ဆိုသည်၊ သို့ဖြစ်၍ စားသော ခဏ စား-စားတယ်ဟုမှတ်လျှင် စားကုန်တာဘဲလို့ ထင်သောသူမှာ လျှာလဲမမြဲ၊ အရသာလဲမမြဲ၊ စားတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်း မှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောတော်မူ၏။

ထိသော ခဏ ဆိုတာက ကိုယ်ကကြည်တဲ့သဘော၊ အတွေ့က ထင်တဲ့ သဘော၊ ကာယဝိညာဏ်က ထိတဲ့သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော၊ အဲ ဒီလို ကိုယ်ကကြည်၊ အတွေ့ကထင်၊ ကာယဝိညာဏ်က ထိ၊ ဖဿက တွေ့၊ ဝေဒနာက ခံစား၊ ငါးပါး ပေါင်းဆုံမိတဲ့ ကာလကို ထိသောခဏလို့ ဆိုသည်၊ သို့ဖြစ်၍ ထိသောခဏ ထိ-ထိတယ် လို့ မှတ်လျှင် ထိကုန်တယ်လို့ ထင်သောသူမှာ ကိုယ်လဲမမြဲ၊ အတွေ့လဲမမြဲ၊ ထိတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစား တာလဲ မမြဲဟု ဟုတ်တိုင်း မှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

သိသောခဏဆိုတာက နှလုံးကကြည်တဲ့သဘော၊သဘောကထင်တဲ့သဘော၊မနောဝိညာဏ်က သိတဲ့သဘော၊ ဖဿကတွေ့တဲ့သဘော၊ ဝေဒနာကခံစားတဲ့သဘော၊အဲ-ဒီလို နှလုံးကကြည်၊ သဘောကထင်၊ မနောဝိညာဏ်ကသိ၊ ဖဿကတွေ့၊ ဝေဒနာကခံစား၊ငါးပါးပေါင်းဆုံမိတဲ့ ကာလကို သိသောခဏလို့ ဆိုသည်။ သို့ဖြစ်၍ သိသောခဏ သိ-သိတယ်ဟု မှတ်လျှင် သိကုန်တယ်လို့ထင်သောသူမှာ နှလုံးလဲမမြဲ၊ သဘောလဲမမြဲ၊ သိတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ အနိစ္စအစိပ္ပါယ်။

မြင်သောခဏ မြင်-မြင်တယ်လို့ မှတ်လျှင် မြင်ဘေးလို့ ထင်သောသူမှာ မျက်စိလဲဆင်းရဲ၊ အဆင်းလဲဆင်းရဲ၊ မြင်တာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ ထိုကြောင့် ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ၊ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)။ ။ ဒုက္ခတော- ဆင်းရဲဟု၊ မနသိကရောတော-နှလုံးသွင်းမိသောသူအား၊ ဘယတော- ဘေးဟု၊သင်္ခါရာ-ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည်၊ ဥပဋ္ဌဟန္တိ-ထင်ကုန်၏။

ဒုက္ခဘဲ ဆင်းရဲဟု နှလုံးသွင်းမိသောသူ၏ စိတ်အသိအမြင်မှာ အာရုံပြုမိတဲ့ ရုပ်နာမ်ခန္ဓာ သင်္ခါရဘေးလို့ ထင်ရုံမျှဖြစ်၍ ဒုက္ခဘဲ၊ဆင်းရဲဟု နှလုံးသွင်းမှုထပ်မံ၍ ပြုရတော့သည်မဟုတ်ပေ၊ ဘေးလို့ထင်ကတဲက ဒုက္ခ ဆင်းရဲတဲ့အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရလေသည်။

ကြားသောခဏ ကြား ကြားတယ်လို့မှတ်လျှင် ကြားဘေးလို့ထင်သောခဏမှာ နားလဲဆင်းရဲ၊ အသံလဲဆင်းရဲ၊ ကြားတာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားဟောကြားတော်မူ၏။

နံသောခဏ နံ နံတယ်လို့မှတ်လျှင် နံဘေးဟုထင်သောသူမှာ နှာခေါင်းလဲဆင်းရဲ၊ အနံ့လဲဆင်းရဲ၊ နံတာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲ ဟု ဟုတ်တိုင်းမှန်စွာသိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

စားသောခဏ စားစားတယ်လို့မှတ်လျှင် စားဘေးလို့ ထင်သောသူမှာလျှာလဲဆင်းရဲ၊အရသာလဲဆင်းရဲ၊စားတာလဲဆင်းရဲ၊တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ထိသောခဏ ထိ ထိ-တယ်ဟုမှတ်လျှင်၊ ထိဘေးလို့ ထင်သောသူမှာ၊ ကိုယ်လဲဆင်းရဲ၊ အတွေ့လဲဆင်းရဲ၊ ထိတာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု-ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောတော်မူ၏။

သိသောခဏ သိ သိတယ်လို့ မှတ်လျှင် သိဘေးလို့ ထင်သောသူမှာ နှလုံးလဲဆင်းရဲ၊ သဘောလဲဆင်းရဲ၊ သိတာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ ဒုက္ခအခိပ္ပါယ်။

မြင်သောခဏ မြင် မြင်တယ်လို့မှတ်လျှင် မြင်ဆိတ်တယ်လို့ထင်သောသူမှာ၊ မျက်စိလည်းအစိုးမရ၊ အဆင်းလဲအစိုးမရ၊ မြင်တာလဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ထို့ကြောင့် အနတ္တတော မနသိကရောတော သုညတောသင်္ခါရာ ဥပဋ္ဌဟန္တိ။(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)။ ။အနတ္တတော-အစိုးမရဟု၊ မနသိကရောတော-နှလုံးသွင်းမိသောသူသား၊ သုညတောဆိတ်၏ဟု၊ သင်္ခါရာ-ရုပ်နာမ် သင်္ခါရတို့သည်၊ ဥပဋ္ဌဟန္တိ-ထင်ကုန်၏။

အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းသောသူ၏ စိတ်အသိအမြင်မှာ အာရုံပြုမိတဲ့ ရုပ်နာမ်ခန္ဓာ သင်္ခါရဆိတ်တယ်လို့ ထင်ရုံမျှသာဖြစ်၏။ အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းမှု ထပ်မံ၍ မြုရတော့သည် မဟုတ်ပေ။ ဆိတ်တယ်လို့ ထင်ကတည်းက အနတ္တဘဲအစိုးမရတဲ့အနေဟု ဟုတ်တိုင်းပင်သိပေသည်လို့ ဆိုရပေသည်။

ကြားသောခဏ ကြား ကြားတယ်ဟုမှတ်လျှင် ကြား

ဆိတ်တယ်လို့ ထင်သောသူမှာ နှာလဲအစိုးမရ၊ အသံလဲအစိုး မရ၊ ကြားတာလဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲ အစိုးမရဟု ဟုတ်တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟော တော်မူ၏။

နံသောခဏ နံ နံတယ်ဟုမှတ်လျှင် နံဆိတ်တယ်လို့ ထင် သောသူမှာ နှာခေါင်းလဲ အစိုးမရ၊ အနံ့လဲအစိုးမရ၊ နံတာလဲ အစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲ အစိုးမရ-ဟု ဟုတ် တိုင်းမှန်စွာ သိတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ထိသောခဏ ထိ ထိတယ်ဟုမှတ်လျှင် ထိဆိတ်တယ်လို့ ထင်သောသူမှာ ကိုယ်လဲအစိုးမရ၊ အတွေ့လဲအစိုးမရ၊ ထိတာ လဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရဟု ဟုတ် တိုင်းမှန်စွာသိတယ်လို့ မြတ်စွာဘုရားဟောတော်မူ၏။

သိသောခဏ သိ- သိတယ်လို့မှတ်လျှင် သိ ဆိတ်တယ်လို့ ထင်သော သူမှာ စိတ်လဲ အစိုးမရ၊ သဘောလဲ အစိုး မရ၊ သိ တာ လဲ အစိုး မရ၊ တွေ့ တာလဲ အစိုး မရ၊ ခံစား တာလဲ အစိုးမရဟု ဟုတ်တိုင်းမှန်စွာသိတယ်လို့ မြတ်စွာဘုရားဟော ကြားတော်မူ၏။ အနတ္တအဓိပ္ပါယ်။ ခဏ၆ပါးနှင့် လက္ခဏာရေး ၃ ပါးကို ပြဆိုချက်ပြီး၏။

**လက္ခဏာရေးသုံးပါး မဂ်ဝင်ပုံ**

"မြင်-မြင်တယ်လို့မှတ်လျှင် မြင်ကုန်တယ် လို့ထင်"ဆိုတဲ့အဓိပ္ပါယ်က မြင်သောခဏ မျက်စိကြည်တာအဆင်းထင်တာက ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက နာမ်၊ ရုပ်နာမ်ကမြင်တယ်၊ မြင် တယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ မြင်ကုန်တာကအနိစ္စ၊ ကုန် တယ်လို့ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကို မြင်မှ မဂ်ဝင်တယ်လို့ ဆိုရ၏။

"ကြား- ကြားတယ်လို့ မှတ်လျှင် ကြားကုန်တယ်လို့ ထင်" ဆိုတဲ့အခိပ္ပါယ်က ကြားသောခဏ နားကြည်တာ အသံထင်တာကရုပ်၊ ကြားတာ၊ တွေ့တာ၊ ခံစားတာကနာမ်၊ ဤရုပ်နာမ်ကကြားတယ်၊ ကြားတယ် လို့ မှတ်တာက ဝိပဿနာဉာဏ်၊ ကြားကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်။ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုရ၏။

"နံ- နံတယ်လို့ မှတ်လျှင် နံကုန်တယ်လို့ ထင်" ဆိုတဲ့အခိပ္ပါယ်က နံသောခဏ နှာခေါင်းကြည်တာ အနံ့ထင်တာကရုပ်၊ နံတာ၊ တွေ့တာ၊ ခံစားတာကနာမ်၊ ဤရုပ်နာမ်ကနံတယ်၊ နံတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ နံကုန်တာကအနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ-မဂ်ဝင်တယ်လို့ ဆိုရ၏။

"စား-စားတယ်လို့ မှတ်လျှင် စားကုန်တယ်လို့ ထင်"ဆိုတဲ့အခိပ္ပါယ်က စားသောခဏ လျှာကြည်တာ အရသာထင်တာကရုပ်၊ စားတာ၊ တွေ့တာ၊ ခံစားတာက နာမ်၊ ဤရုပ်နာမ်က စားတယ်၊ စားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ စားကုန်တာကအနိစ္စ၊ ကုန်တယ်လို့ ထင်တာ အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ ဆိုရ၏။

"ထိ- ထိတယ်လို့ မှတ်လျှင် ထိကုန်တယ်လို့ ထင်" ဆိုတဲ့အခိပ္ပါယ်က ထိသောခဏ ကိုယ်ကြည်တာ အတွေ့ထင်တာကရုပ်၊ ထိတာ၊ တွေ့တာ၊ ခံစားတာကနာမ်၊ ဤရုပ်နာမ်က ထိတယ်၊ ထိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ ထိကုန်တာက အနိစ္စ၊ ကုန်တယ်လို့ ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင်၊ နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ ဆိုရ၏။

"သိ- သိတယ်လို့ မှတ်လျှင် သိကုန်တယ်လို့ ထင်" ဆိုတဲ့

အခိပ္ပါယ်က သိသောခဏ နှလုံးကြည်တာ သဘောထင်တာက ရုပ်၊ သိတာ,တွေ့တာ, ခံစားတာကနာမ်၊ ဤရုပ်နာမ်ကသိတယ်၊ သိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ သိကုန်တာကအနိစ္စ၊ ကုန်တယ်လို့ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ဆိုရ၏။

"အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်"လို့ဆိုတဲ့အခိပ္ပါယ်က အမှတ်ပြုတဲ့ရုပ်နာမ် အာရုံဖြစ်ပျက်၍ကုန်တာကို ကုန်တယ်လို့ထင်မှသာ မုချသိမြင် ဝိပဿနာဉာဏ်က အနိစ္စထင်တယ်လို့ဆိုရ၏။ အနိစ္စထင်တဲ့ဝိပဿနာဉာဏ်က မုချသိမြင်၊ကုန်တယ်လို့ ထင်မှသာဖြစ်ပျက်၍ ကုန်အမှတ်ပြုတဲ့ ရုပ်နာမ်မှာ ကံ-ကိလေသာ အသစ်,အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝတဖန် အသစ် ကံကိလေသာ အကျိုးလဲမဖြစ်၊မဖြစ်လျှင်လဲမပျက်၊ မဖြစ်မပျက်ကေန်ဘဝတဖန် ခန္ဓာနာမ်ရုပ်ချုပ်တဲ့ နိစ္စနိဗ္ဗာန်ကိုမဂ်ဉာဏ်ကအမှန်မြင်မှသာ မဂ်ဝင်တယ်လို့ဆိုရလေတော့သည်။

"မြင်- မြင်တယ်ဟုမှတ်လျှင် မြင်ဘောလို့ထင်" ဆိုတဲ့အခိပ္ပါယ်က မြင်လေသောခဏ မျက်စိကြည်တာ အဆင်းထင်တာကရုပ်၊ မြင်တာ,တွေ့တာ, ခံစားတာကနာမ်၊ ဤရုပ်နာမ်ကမြင်တယ်၊ မြင်တယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ မြင်တဲ့ဘောဒုက္ခဘောလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှမဂ်ဝင်တယ်။

"ကြား- ကြားတယ်ဟုမှတ်လျှင် ကြားဘောလို့ထင်" ဆိုတဲ့အခိပ္ပါယ်က ကြားသောခဏ နားကြည်တာ အသံထင်တာက ရုပ်၊ ကြားတာ,တွေ့တာ,ခံစားတာကနာမ်၊ ဤရုပ်နာမ်ကကြားတယ်၊ ကြားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊

ကြားတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခသုခကိုမြင်မှ-မဂ်ဝင်တယ်။

"နံ့-နံ့တယ်ဟုမှတ်လျှင် နံ့ဘေးလို့ထင်" ဆိုတဲ့အဓိပ္ပါယ်က နံ့သောခဏ နှာခေါင်းကြည်တာ အနံ့ထင်တာကရုပ်၊ နံ့တာ၊တွေ့တာ၊ခံစားတာက နာမ်၊ ဤရုပ်နာမ်က နံ့တယ်၊ နံ့တယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ နံ့တဲ့ဘေးကဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ- မဂ်ဝင်တယ်။

"စား- စားတယ်ဟုမှတ်လျှင် စားဘေးလို့ထင်" ဆိုတဲ့အဓိပ္ပါယ်က စားသောခဏ လျှာကြည်တာ၊ အရသာထင်တာကရုပ်၊ စားတာ၊တွေ့တာ၊ ခံစားတာကနာမ်၊ ဤရုပ်နာမ်ကစားတယ်၊ စားတယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ စားတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခမြင်မှ မဂ်ဝင်တယ်။

"ထိ-ထိတယ် ဟုမှတ်လျှင် ထိဘေးလို့ထင်" ဆိုတဲ့အဓိပ္ပါယ်က ထိသောခဏ ကိုယ်ကြည်တာ၊ အတွေ့ထင်တာကရုပ်၊ ထိတာ၊ တွေ့တာ၊ခံစားတာက နာမ်၊ ဤရုပ်နာမ်က ထိတယ်၊ ထိတယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ ထိတဲ့ဘေးကဒုက္ခ၊ ဘေးလို့ ထင်တာက-ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ-မဂ်ဝင်တယ်။

"သိ- သိတယ်ဟုမှတ်လျှင် သိဘေးလို့ထင်" ဆိုတဲ့အဓိပ္ပါယ်က သိသောခဏ နှလုံးကြည်တာ၊ သဘောထင်တာကရုပ်၊ သိတာ၊တွေ့တာ၊ ခံစားတာကနာမ်၊ ဤနာမ်ရုပ်ကသိတယ်၊ သိတယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ သိတဲ့ဘေးက ဒုက္ခ၊ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ-မဂ်ဝင်တယ်။

"ဒုက္ခထင်-သုခကိုမြင်မှ-မဂ်ဝင်တယ်"လို့ ဆိုတဲ့ အခိပ္ပါယ်က အမှတ်ပြုတဲ့ ရုပ်နာမ်အာရုံ ဖြစ်ပျက်တဲ့ဘေးလို့ ထင်မှသာ မုချသိမြင် ဝိပဿနာညာဏ်က ဒုက္ခထင်တယ်လို့ ဆိုရ၏။ ဒုက္ခထင်တဲ့ ဝိပဿနာညာဏ်က မုချသိမြင် ဘေးလို့ထင်မှသာ ဖြစ်ပျက်တဲ့ဘေးဟု အမှတ်ပြုတဲ့ ရုပ်နာမ်အာရုံမှာ၊ ကံကိလေသာ၏ အသစ်အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝတဖန် အသစ်ကံ ကိလေသာ၏ အကျိုးလဲမဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်မပျက်ကေန့် ဘဝတဖန်- ခန္ဓာရုပ်နာမ်ချုပ်တဲ့ သုခနိဗ္ဗာန်ကို မဂ်ညာဏ်က အမှန်မြင်မှသာ မဂ်ဝင်တယ်လို့ ဆိုရလေတော့သည်။

"မြင်- မြင်တယ်ဟုမှတ်လျှင် မြင်ဆိတ်တယ်လို့ထင်"ဆိုတဲ့ အခိပ္ပါယ်က မြင်သောခဏ မျက်စိကြည်တာ အဆင်း ထင်တာကရုပ်၊ မြင်တာ,တွေ့တာ, ခံစားတာကနာမ်၊ ဤရုပ်နာမ်ကမြင်တယ်၊ မြင်တယ်လို့မှတ်တာက ဝိပဿနာဉာဏ်၊ မြင်ဆိတ်တာကအနတ္တ၊ ဆိတ်တယ်လို့ထင်တာက အနတ္တထင်တယ်၊အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"ကြား- ကြားတယ်ဟု မှတ်လျှင် ကြားဆိတ်တယ်လို့ထင်"ဆိုတဲ့အခိပ္ပါယ်က ကြားသောခဏ နားကြည်တာ အသံထင်တာကရုပ်၊ကြားတာ တွေ့တာ ခံစားတာကနာမ်၊ ဤရုပ်နာမ်က ကြားတယ်၊ ကြားတယ်လို့မှတ်တာက ဝိပဿနာညာဏ်၊ ကြားဆိတ်တာကအနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင်- ပရမတ္ထကို မြင်မှ မဂ်ဝင်တယ်။

"နံ- နံတယ်ဟု မှတ်လျှင် နံဆိတ်တယ်လို့ထင်" ဆိုတဲ့ အခိပ္ပါယ်က နံသောခဏ နှာခေါင်းကြည်တာ အနံ့ ထင်တာကရုပ်၊ နံတာ တွေ့တာ ခံစားတာက နာမ်၊ ဤရုပ်နာမ်က နံတယ်၊ နံတယ်လို့ မှတ်တာက ဝိပဿနာညာဏ်၊ နံဆိတ်တာက

အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"စား- စားတယ်ဟု မှတ်လျှင် စားဆိတ်တယ်လို့ ထင်" ဆိုတဲ့ အခိပ္ပါယ်က စားသောခဏ လျှာကြည်တာ အရသာထင်တာကရုပ်၊ စားတာတွေ့တာ ခံစားတာက နာမ်၊ ဤရုပ်နာမ်က စားတယ်၊ စားတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ စားဆိတ်တာကအနတ္တ၊ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"ထိ-ထိတယ်ဟု မှတ်လျှင် ထိဆိတ်တယ်လို့ထင်" ဆိုတဲ့ အခိပ္ပါယ်က ထိသောခဏ ကိုယ်ကြည်တာ၊ အတွေ့ထင်တာက ရုပ်၊ ထိတာ တွေ့တာ ခံစားတာက နာမ်၊ ဤနာမ်ရုပ်က ထိတယ်၊ ထိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ ထိဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာကအနတ္တထင်တယ်၊အနတ္တထင် ပရမတ္ထကို မြင်မှ မဂ်ဝင်တယ်။

"သိ- သိတယ်ဟု မှတ်လျှင် သိဆိတ်တယ်လို့ထင်" ဆိုတဲ့ အခိပ္ပါယ်က သိသောခဏ နှလုံးကြည်တာ သဘောထင်တာကရုပ်၊သိတာ တွေ့တာ ခံစားတာက နာမ်၊ဤရုပ်နာမ်ကသိတယ်၊ သိတယ်လို့ မှတ်တာက ဝိပဿနာဉာဏ်၊ သိဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"အနတ္တထင်-ပရမတ္ထကိုမြင်မှမဂ် ဝင်တယ်"ဆိုတဲ့အခိပ္ပါယ်က အမှတ်ပြုတဲ့ရုပ်နာမ်အာရုံ ဖြစ်ပျက်၍ ဆိတ်တာကိုဆိတ်တယ်လို့ထင်မှသာ မုချသိမြင် ဝိပဿနာဉာဏ်က အနတ္တထင်တယ်လို့ ဆိုရ၏။ အနတ္တထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင် ဆိတ်တယ်

လို့ထင်မှသာ ဖြစ်ပျက်၍ ဆိတ်၏ဟု အမှတ်ပြုတဲ့ ရုပ်နာမ်အာရုံမှာ ကံကိလေသာ၏ အသစ်အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဘန်အသစ် ကံကိလေသာ၏ အကျိုးလည်းမဖြစ်၊ မဖြစ်လျှင်မပျက်၊ မဖြစ်မပျက်ကေန် ဘဝတဖန် ခန္ဓာရုပ်နာမ်ချုပ်တဲ့ ပရမတ္ထနိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တယ်လို့ ဆိုရလေတော့သည်။

"နိဗ္ဗာန်ကိုမဂ်ဉာဏ်ကအမှန်မြင်" ဆိုတဲ့ အဓိပ္ပါယ်က မဂ်ကိစ္စလေးချက် တပြိုင်နက်ပြီးတယ်လို့ ဆိုရ၏၊ "မဂ်ကိစ္စလေးချက် တပြိုင်နက်ပြီး"ဆိုတဲ့ အဓိပ္ပါယ်ကဒုက္ခသစ္စာကိုလဲပိုင်းခြား၊ သမုဒယသစ္စာကိုလဲပယ်၊နိရောဓသစ္စာကိုလဲ မျက်မှောက်ပြု၊မဂ္ဂသစ္စာကိုလဲပွား၏။ "ဒုက္ခသစ္စာကိုလဲ ပိုင်းခြား"ဆိုတဲ့အဓိပ္ပါယ်က မဂ်ဖြင့် အသစ်အဟောင်း အကြောင်းမဖြစ် ပျောက်ပျက်သော ကံကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာနာမ်ရုပ်ကို မဂ်ကဒုက္ခသစ္စာကိုပိုင်းခြားတယ်လို့ ဆိုရ၏။ "သမုဒယသစ္စာကိုပယ်"ဆိုတဲ့ အဓိပ္ပါယ်က ရောနှောခွင့်မရ မဂ်ဖြင့်ခြားနားသော လောကီခန္ဓာ နာမ်ရုပ်၌ မဂ်ဖြင့် အသစ်အဟောင်း အကြောင်းမဖြစ် ပျောက်ပျက်သော ကံကိလေသာကို မဂ်က သမုဒယသစ္စာကို ပယ်တယ်လို့ ဆိုရ၏။

"နိရောဓသစ္စာကို မျက်မှောက်ပြု" ဆိုတဲ့ အဓိပ္ပါယ်က မဂ်ဖြင့် အသစ်အဟောင်း အကြောင်းမဖြစ် ပျောက်ပျက်သော ကံကိလေသာနှင့်ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာနာမ်ရုပ်၌မဂ်ဖြင့်ဘဝတဖန်အသစ်ကံကိလေသာအကျိုးမဖြစ်ဟုရှုမြင်သည်ကို မဂ်က နိရောဓသစ္စာကို မျက်မှောက် ပြုတယ်လို့ ဆိုရ၏။ "မဂ္ဂသစ္စာကိုပွား"ဆိုတဲ့ အဓိပ္ပါယ်က ဘဝတဖန် အသစ် ကံကိလေသာ၏ အကျိုးမဖြစ်ဟုရှုသော မဂ်ပညာက ဝိပဿနာ၊

သမာဓိက မဂ်သမထ၊ ဤသမထဝိပဿနာအစုံက လောကီခန္ဓာ ရုပ်နာမ်၌ အနုသယ၊ ပရိယုဋ္ဌာန ကိလေသာမှ လွတ်သောကိစ္စ တူကြသည်ကို မဂ်က မဂ္ဂသစ္စာကို ပွားတယ်လို့ ဆိုရ၏။ အဲဒီလို နိဗ္ဗာန်ကို "မဂ်ဉာဏ်က အမှန်မြင်" ဆိုတဲ့ အခိပ္ပါယ်က မဂ်ကိစ္စလေး ချက် တပြိုင်နက် ပြီးတယ်လို့ ဆိုရလေတော့သည်။ ဤကား လက္ခဏာရေး သုံးပါးထင်၍မဂ်ဝင်ပုံကို ပြဆိုချက်တရပ်ဖြစ်၏။

**သောတာပန် အခိပ္ပါယ်**

ယခုခေတ်ကာလ မဂ်ဖိုလ်နိဗ္ဗာန်ကိုလို၍ ဘာဝနာ အလုပ်ကိုအားထုတ်ကြသူ အလွန်ပေါများ၏။ သမထလုပ်နည်း ဝိပဿနာလုပ်နည်းအမျိုးမျိုးရှိကြ၏။ နာမ်ရုပ်တရားကို ကောင်းစွာ နားလည်၍ လုပ်သူများလည်းရှိ၏၊ နားမလည်မှု၍ ထင်မိထင်ရာ စမ်းတဝါးဝါး လုပ်ကြသူများလည်းရှိ၏။ သမထအလုပ်ဖြစ်စေ၊ဝိပဿနာအလုပ်ဖြစ်စေ၊ မြဲမြဲစွဲစွဲအားထုတ်၍ လုပ်နိုင်လျှင် နီဝရဏတရားကိုခွါနိုင်၏။ စိတ်၏ တည်ကြည်ခြင်း အထူးသို့ ရောက်နိုင်၏။ ကိုယ်ရောင် ကိုယ်ဝါများလည်း ဖြစ်ပေါ်လာကြ၏။ ဤသို့ အထူးအထွေ ဖြစ်ပေါ်လာသည်ကို အချို့က မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီ၊ သောတာပန်ဖြစ်ပြီဟု ထင်မှတ်ကြကုန်၏။ မဟုတ်သေး။ နီဝရဏ ကွာမှု အကျိုးဆက်မျှသာတည်း။

မှန်လှ၏၊မြစ်ကြီးငါးသွယ်တို့သည် အနဝတတ် အိုင်ကြီးမှ ထွက်ကြကုန်ပြီးလျှင်၊ ပြန်နစ်ခြင်း မရှိကုန်မူ၍ မဟာသမုဒ္ဒရာသို့သာ စီးဝင်ကြကုန်သကဲ့သို့ မဂ္ဂင်ရှစ်ပါးကို ပွားများသောသူသည်လည်းပြန်နစ်ခြင်းမရှိမူ၍၊အနုပါဒိသေသနိဗ္ဗာန်သို့သာဖြောင့်တန်းစွာသွားလေ၏။ သွားပုံကား- သောတာပန်အဖြစ်သို့ ရောက်သောသူသည် ပုထုဇဉ်အဖြစ်သို့ ပြန်နစ်ခြင်းမရှိ၊ သကဒါဂါမ် အဖြစ်သို့သာ သွားလေ၏။ သကဒါဂါမ် ဖြစ်ပြီးသောသူသည်

သောတာပန်အဖြစ်သို့ ပြန်နစ်ခြင်းမရှိ၊ အနာဂါမ်အဖြစ်သို့ သာ သွားလေ၏၊ အနာဂါမ်ဖြစ်ပြီးသောသူသည် သကဒါဂါမ်အဖြစ် သို့ပြန်နစ်ခြင်းမရှိ၊ရဟန္တာအဖြစ်သို့သာသွားလေ၏။သွားသည်ဆို သည်ကား၊ ဝိပဿနာဉာဏ် အဆင့်ဆင့်ရင့်သန်သည်ကို ဆိုသ တည်း။ ဤနေ့ငါးပါး အဆင့်ဆင့်ရင့်သန်၍သွားသည် ဟူ၍ လည်းဆိုရ၏။

သောတံ အာပန္နောတိ သောတာပန္နော။ ။သောတံ-သော တ မည်သောမဂ္ဂင်ရှစ်ပါးသို့၊ အာပန္နော-ရှေးဦးစွာ ဆိုက်ရောက် သည်တည်း၊ ဣတိတသ္မာ- ထို့ကြောင့်၊ သောတာပန္နော-သောတ ပန်မည်၏။"တိဏ္ဏံသံယောဇနာနံ ပရိက္ခယာသောတာပန္နောဟော တိ အဝိနိပါတော နိယတော သမ္ဗောဓိပရာယဏော" ဟုဘုရား ဟောတော်မူ၏။ တိဏ္ဏံသံယောဇနာနံ-သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ-ဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ် တို့၏၊ ပရိက္ခယာ- ကုန်ခြင်းကြောင့်၊ အဝိနိပါတော- အပါယ် လေးပါးသို့ ဘရမ်းဗတာ ကျရောက်ခြင်း သဘောမရှိသော၊ နိယ တော-သရဏဂုံနှင့်တကွအယူသီလလည်းဘဝဆက်ဆက်မြဲသော၊ သမ္ဗောဓိပရာယဏော- အထက်မဂ်၊ အထက်ဖိုလ်လျှင် လည်း လျောင်းရာရှိသော၊ သောတာပန္နော-မြင့်မြတ်ရာသို့သာတဖြောင့် တည်းဆန်တက်သော သီလသမာဓိပညာဟု ဆိုအပ်သော၊ ဓမ္မ သောတ၊မြင့်မြတ်သော ပဋိသန္ဓေအစဉ် ဘုံအစဉ်ဟု ဆိုအပ်သော ဘဝ သောတသို့ ရှေးဦးစွာဆိုက်ရောက်သော သောတာပန်သည်၊ ဟောတိ-ဖြစ်၏။

ဒီပါဠိတော်အရမဟာသောတာပန်နှင့်စူဠသောတာပန်ကို နှိုင်းယှဉ်ပြီးကြည့်၊"တိဏ္ဏံသံယောဇနာနံ ပရိက္ခယာ" စကားတော် အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဝေဘန်လျှင်၊ ဒီမဟာ

သောတာပန်က ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့တွင်-သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်သုံးပါးလုံးဝမရှိ၊ ကင်းပြတ်သွားလို့ သောတာပန်ဟု ခေါ်သည်။ အနမတဂ္ဂ သံသရာ၌ ပါရှိ၍ နေကုန်သော ဒုစရိုက် ကံဟောင်း၊ မကောင်းမှု အနန္တတို့သည်၊ ထိုမဂ်ခဏ၌ အကုန်ချုပ်ငြိမ်းကြလေကုန်၏။ ထိုပုဂ္ဂိုလ်မှာ ရုပ်နာမ်ထဲမှ ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ သံသရာနှစ်ပါးလျော့၏၊ ကင်းရှင်း၏၊ မျိုးပြုတ်၏၊ ပြတ်ဆုံး၏၊ ၅၁-ပါးသော ရုပ်နာမ် သံသရာ၌သာ သောတာပန်ပုဂ္ဂိုလ် ကျင်လည်ရတော့သည်။

နောက်နောက် အနာဂတ် ဘဝအနန္တတို့၌ ဖြစ်လတံ့ကုန်သော ဒုစရိုက်ကံသစ် အနန္တတို့သည်လည်း ထိုမဂ်ခဏ၌ တဖန်ဖြစ်ပေါ်မှု မရှိသော ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။ နောက်အနာဂတ် ဘဝအနန္တတို့၌ ဖြစ်လတံ့သော အပါယ်ဘဝအနန္တတို့သည်လည်း အကုန်ချုပ်ငြိမ်းကြလေကုန်၏။ ထိုမဂ်ခဏ၌ သံယောဇဉ်သုံးပါးတို့၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း၊ ဒုစရိုက်ကံဟောင်း အနန္တတို့၏ ပဋိသန္ဓေ အကျိုးပေးခြင်း မရှိသောအားဖြင့် အကုန်ချုပ်ငြိမ်းခြင်း၊ ဒုစရိုက်ကံအသစ် အနန္တတို့၏ ဖြစ်ပေါ်မှုမရှိသောအားဖြင့် ချုပ်ငြိမ်းခြင်း၊ နောက် အပါယ်ဘဝ အနန္တတို့၏ ဖြစ်ပေါ်မှု မရှိသောအားဖြင့် ချုပ်ငြိမ်းခြင်း၊ ဤချုပ်ငြိမ်းခြင်းအပေါင်းသည်၊ ဗုဒ္ဓဘာသာ သာသနာ၌ သဉပါဒိသေသ ပထမ နိဗ္ဗာန်ကြီးမည်၏။

ထို မဟာ သောတာပန် ပုဂ္ဂိုလ်သည်၊ သဉပါဒိသေသ ပထမ နိဗ္ဗာန်ဘုံကို ရောက်သည် နှင့် တပြိုင်နက် လောကုတ္တရာဘုံသားလို့လည်းဆိုရ၏။ လူ့ပြည်နတ်ပြည်တို့၌ ဘဝအဆက်ဆက်၊ ဗြဟ္မာပြည်တို့၌ ကမ္ဘာ အဆက်ဆက်၊ ဘုံစဉ်စံ ပုဂ္ဂိုလ်အဖြစ်သို့ ရောက် လေ၍ ဝိသာခါ၊ အနာထပိဏ် တို့ကဲ့သို့ လူ့ပြည်၌ ဖြစ်

သောအခါ၊ လူချမ်းသာ၊ နိဗ္ဗာန် ချမ်းသာ နှစ်ပါးကို စွယ်စုံ ခံစားရ၏။ (သောတာပန် ပုဂ္ဂိုလ် ဃရာဝါသ၊ သား မယားကိစ္စ မကင်းသေးဟုမှတ်ကြ၊) နတ်ပြည်၌ဖြစ်သောအခါ နတ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာ နှစ်ပါးကို စွယ်စုံ ခံစားရ၏။ ဗြဟ္မာ ပြည်၌ ဖြစ်သော် ဗြဟ္မာချမ်းသာ၊နိဗ္ဗာန် ချမ်းသာ စွယ်စုံ ခံစားရ၏။(ဗြဟ္မာ များမှာ လူ နတ်တို့ ကဲ့သို့ အဖို အမ မရှိသည် အတွက်၊ ဈာနသုခ၊ ဖလသုခများကိုသာခံစားသည်ဟုမှတ်ကြလေ။)

ဝိသာခါ, အနာထပိဏ် တို့သည် အထက်တန်းပြည်မှ အောက်သို့ ပြန်မဆင်းပြီ။ မိမိဖြစ်ရာဘုံမှပင် အဆင့်ဆင့်တက် ကာ၊ အထက် အကနိဋ္ဌ ဗြဟ္မာဘုံ၌ မရိနိဗ္ဗာန် ပြုရမည်ဖြစ်သော ကြောင့်၊ (ဥဒ္ဓံသောတ) ဝဋ်စည်းစိမ်၌ မွေ့လျော်သော၊ သော တာပန် မျိုးပေတည်း။ ထိုပုဂ္ဂိုလ်တို့ကဲ့သို့ ဝဋ်ပျော်သော၊ သော တာပန် ဘုံစဉ်စံပုဂ္ဂိုလ်တို့သည်ကား ငါတို့ ဘုရားရှင် လက်ထက်၌ ဝိသာခါ၊အနာထပိဏ်၊ သိကြားမင်း၊ စူဠရထ နတ်သား၊ မဟာရထ နတ်သား၊ နာဂဒတ္တနတ်သား၊အနေက ဝဏ္ဏနတ်သား-အားဖြင့် (၇) ယောက် ရှိကုန်၏။ ထိုသူတို့နှင့်တူသော စည်းစိမ်ချမ်းသာ ကြီးသောသူကား၊ နတ်ပြည် ခြောက်ထပ်မှာ မရှိဟု သံယုတ်အဋ္ဌ ကထာ၌မိန့်ဆိုသည်။ သို့အတွက် ထိုသူတို့ကဲ့သို့ ဖြစ်စေ လိုလျှင်၊ မိမိသန္တာန်၌ သဒ္ဓါ သီလ သုတ စာဂ ပညာ-ဟူသော ကိုယ်ကျင့် တရား တိုးပွါး အောင်ရှာ၊ မိမိ လိုရာ ဆုကိုလဲတောင်း၊ ဤအင်္ဂါ နှစ်ပါး ပြည့်စုံလင်မှ "ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ" ဟူသော ဘုရား ဟောတော်မူချက် အရ တောင်းဆု ပြည့်စုံနိုင်သည်ဟု အဋ္ဌကထာ မိန့်ဆိုတော်မူ၏။

**မှတ်ချက်။** ။ယခုအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို၊ မြန်မြန် ရပါလို၏ ဟု ဆုတောင်းရုံဖြင့် တင်းတိမ်ရမည် အချိန်မ

ဟုတ်၊ အများ ကျိုးကို ဆောင်နေသူမှ တပါး၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း မဂ္ဂင်လာတိုင်း ဝိပဿနာ အလုပ်ကို အားထုတ်ကျင့်ကြံပါမှ၊နိဗ္ဗာန်ကိုမြင်နိုင်ကြပေမည်။

ဤနေရာ၌ အသိဉာဏ်နည်း၍ အမာခံ မရှိသူအချို့လူများအတွက်၊ အရိယာစခန်း၊ သောတာပန်စစ်တမ်းကိုအဋ္ဌကထာလာရှိသည် အတိုင်း ဖေါ်ပြလိုက် ပေအံ့၊ 'သောတာပန် အစစ်ဖြစ်သည် မဖြစ်သည်ကို အမှန် သိနိုင်ရန် စမ်းနည်းကား၊ ရေနှင့်နို့ရည်ကို ရော၍ ကြိုးကြာ ငှက်ကို တိုက်သည် ရှိသော်၊ ရေမဝင်၊ နို့ရည်သာဝင်မြဲဖြစ်ရာ၏။ ထို့အတူ–နို့ရည်နှင့် သေကိုရော၍၊ သောတာပန် ဖြစ်သူကို တိုက်သည် ရှိသော်၊ သေမဝင်၊ နို့ရည်သာဝင်မည်ဟု အဋ္ဌကထာ၌ မိန့်ဆို၏။ သောတာပန်ဟု ဝန်ခံနေသူများကို စာတွေ့မဟုတ်၊ လက်တွေ့ စမ်းသပ်ကြည့် ကြလေ။

သေတု ဃာတက ဝိရတိယာ ပန ဘေဒေါ နာမ နတ္ထိ၊ ဘဝန္တရေ ပိ ဟိ အရိယသာဝကော ဇီဝိတဟေတုပိ၊နေဝ ပါဏံ ဟနတိ၊ သုရံ ပိဝတိ သစေ ပိဿ သုရဥ္စ ခီရဥ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ဟိရမေဝ ပဝိသတိ, န သုရာ၊ ယထာ တိ ကောဉ္စသကုဏာနံ ခီရမိဿကေဥဒကေ ခီရမေဝပဝိသတိ,န ဥဒကံ၊ဣဒံ ယောနိသိဒ္ဓံ၊ ဣတရံ ဓမ္မတာသိဒ္ဓန္တိ ဝေဒိတဗ္ဗံ။ ။ ကင်္ခါဒန္တသုတ်အဋ္ဌကထာ။

သေတု ဃာတက ဝိရတိယာ ပန–အရိယာ မဂ် ဝိရတိ၏ကား၊ ဘေဒေါ နာမ–ပျက်စီးခြင်းမည်သည်၊နတ္ထိ–မရှိ၊ ဟိသစ္စံ–မှန်၏၊ ဘဝန္တရေပိ– ဘဝတပါး၌လည်း၊ အရိယ သာဝကော– အရိယာ ဖြစ်သော ဘုရား တပည့်သည်၊ ဇီဝိတ ဟေတုပိ–အသက်ဟူသော အကြောင်းကြောင့်လည်း၊ ပါဏံ– အသက်ကို၊ နေဝဟာနတိ· မသတ်သည်သာလျှင်ကတည်း။ သုရံ·သေရည်ကို၊ နေဝပိဝတိ· မသောက်သည်သာလျှင်ကတည်း။ အဿ– ထိုအရိယာဖြစ်

သော ဘုရားတပည့်၏၊ မုခေ-ခံတွင်း၌၊သုရစ္ဆ-သေကိုရင်း၊ ခီရစ္ဆ-နို့ ရည်ကိုရင်း၊ မိဿေတွာ- ရော၍၊ သစေပိပက္ခိပန္တိ-အကယ်၍ ထည့် ကုန်အံ့၊ ခီရမေဝ-နို့ ရည်သည်သာလျှင်၊ ပဝိသတိ-ဝင်၏။ သုရာ-သေသည်၊ နပဝိသတိ-မဝင်။ကိံ - အဘယ်ကဲ့သို့ နည်းဟူမူကား၊ ကောဉ္စသကုဏာနံ-ကြိုးကြာ ငှက် တို့ ၏၊ မုခေ-ခံတွင်း၌၊ ခီရမိဿကေ-နို့ ရည်နှင့်ရောသော၊ ဥဒကေ-ရေကို၊ ပက္ခိတ္တေ-ထည့်သည် ရှိသော်၊ ခီရမေဝ-နို့ ရည်သည်သာလျှင်၊ ပဝိသတိ-ဝင်၏။ ဥဒကံ-ရေသည်၊ နပဝိသတိယထာ- မဝင်သကဲ့သို့တည်း၊ ဣဒံ-ဤ ကြိုးကြာငှက်တို့၏ခံတွင်း၌ ရေ၏မဝင်ခြင်းသည်၊ ယောနိသိဒ္ဓံ-လူ တို့၏ အသက်ကို ယှဉ်သည်၏အဖြစ်၊ တိရိစ္ဆာန်တို့၏ဇီလာအဘိုကို ယှဉ်သည်၏အဖြစ်ကဲ့သို့ အမျိုးအားဖြင့်ပြီး၏။ ဣတရံ- အရိယာ၏ ခံတွင်း၌ သေ၏ မဝင်ခြင်းသည်၊ ဓမ္မတာသိဒ္ဓံ-ဘုရားလောင်းသည် ဝမ်း၌ ပဋိသန္ဓေနေသည်ရှိသော်၊ ဘုရားလောင်း မယ်တော်၏ သီလကဲ့သို့ ဓမ္မတာသဘောအားဖြင့်ပြီး၏။ တနည်းကား၊ ဓမ္မတာ သိဒ္ဓံ-အရိယာမဂ်၏ ဓမ္မတာ အာနုဘော်အားဖြင့်ပြီး၏။ ဣတိ-ဤသို့၊ ဝေဒိတဗ္ဗံ-သိအပ်၏။ ။အဋ္ဌကထာအနက်။

(အမှာ-ကျမ်းကိုး သာဓကပြုလိုသူများအတွက် အနက်ပါ ရေးလိုက်၏။)

**ရုပ်နာမ်အားလုံး မစွဲလမ်းသင့်**

ယခုဘဝဝယ် ရှေးရှေး နှစ်လ နေ့ရက် အချိန် များစွာတုန်းက ဖြစ်ခဲ့ကြသော ရုပ်နာမ်အား လုံးသည်ပင်၊ အ မြဲ မ ရှိ သော အနိစ္စတရား၊ ပျက်စီးဖောက်ပြန်သော ဒုက္ခတရား၊ (အသက်ကောင်၊ လိပ်ပြာ ကောင်၊ ဝိညာဏ်ကောင်-ဟူ၍ စွဲလမ်းထင်မှတ်အပ်သော အတ္တ မရှိ၍)အနတ္တတရားဖြစ်ကြသောကြောင့် ထိုထို ရှေးရှေးက ရုပ် နာမ်များသည်၊ ယခုဘဝ ယခုအချိန်၌ ရှာ၍မရအောင် ပျက်ခဲ့

ကြပြီး၊ နောင်ဖြစ်သမျှလည်း ဤကဲ့သို့ပျက်ကြရဦးမည်၊ ယခုဘဝ ဖြစ်ဆဲ ရုပ်နာမ်တရားစုတွေလည်း ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် မကြည့်ရှုနိုင်ကြသေး၍၊ မျက်ဝါးထင်ထင် မမြင်ရစေကာမူ၊ နှမ်းအိုးခင်း၌ နှမ်းတွေတဖျစ်ဖျစ်မြည်လျက် ကျက်နေသကဲ့သို့ အချိန်မလပ် ခန္ဓာကိုယ်အရပ်တိုင်းမှာ အမှန်ပင်ပျက်နေကြသည်။ ကိုယ့်သန္တာန်က ရုပ်နာမ်တွေ ဖြစ်လိုက်ပျက်လိုက်နေကြသလို သူတပါးသန္တာန်မှာလည်း ဖြစ်ပျက်နေကြပေသည်။ ထို့အတူ- အကြမ်း အနု, အယုတ်အမြတ်, အဝေးအနီးဖြစ်သော ရုပ်နာမ်အားလုံးဖြစ်ပျက်နေကြရကား၊ ရုပ်နာမ်အားလုံးကို "ငါ့ဥစ္စာမဟုတ်" ဟုဖြစ်သော ဝိပဿနာဉာဏ် ထိုဉာဏ်ထက် ထက်သန်သော မဂ်ဉာဏ်ဖြင့် တဏှာစွဲကိုဖြုတ်သင့်ကြချေပြီ။ ငါ-ငါဟု မာနစွဲကိုလည်းဖြုတ်သင့်ကြချေပြီ၊ ထို့ကြောင့်ဗုဒ္ဓက- "နေတံ-မမ၊ နေသောဟ မသ္မိ၊ န မေသောအတ္တာ" ဟု အစွဲသုံးပါးကိုပယ်ဖြုတ်ရန် အနတ္တလက္ခဏသုတ်ဖြင့် ထပ်မံဟောရပြန်လေသည်။ သို့မှ ပွဲဦးထွက် ပဉ္စဝဂ္ဂီငါးဦးတို့လည်း အာသဝကင်းကွာ ရဟန္တာဖြစ်သွားကြလေသည်။

ထိုအနတ္တလက္ခဏသုတ် အနက်မှာ၊ ဧတံ-ဤခန္ဓာငါးပါးသည်၊ မမ-ငါ၏၊ နသန္တကံ-ဥစ္စာမဟုတ်ဟုပေး။ ဤပထမပယ်ချက်ကို ခန္ဓာငါးပါးကို ငါ၏ဥစ္စာဟု၊ ဥစ္စာအတ္တနိယအနေနှင့် ချစ်ခင်စွဲလမ်းသော တဏှာကို ပယ်ချက်ဟုမှတ်ကြ။ ဧသော-ဤခန္ဓာငါးပါးသည်၊ အဟံ-ငါသည်၊ နအသ္မိ-မဟုတ်ဟုပေး။ ဤဒုတိယပယ်ချက်ကို ခန္ဓာငါးပါးကို အားထားသော အခြင်းအရာအားဖြင့်၊ ငါဟုစွဲလမ်းသော မာန ငါကိုပယ်ချက်ဟုမှတ်ကြ။ ဧသော- ဤခန္ဓာငါးပါးသည်၊ မေ-ငါ၏၊ အတ္တာ-ကိုယ်သည်၊ န-မဟုတ်ဟုပေး။ ဤတတိယပယ်ချက်ကိုကား- ခန္ဓာငါးပါးကို

ငါကောင်ဘဲ၊ ကိုယ်ကောင်ဘဲဟု မှတ်ထင်စွဲလမ်းသော ဒိဋ္ဌိကိုပယ်ချက်ဟုမှတ်ကြ၊ အတ္တစွဲ ကြီးကျယ်ပုံကို အတ္တဒိဋ္ဌိ ရှင်းလင်းချက်ခဏ်းတွင်ကြည့်ရှုလေ။

**မဂ်ရအောင် ဝိပဿနာဖြင့်တက်**

အလွန်ချောမွေ့သော အဝတ်အထည်ကို အလွန်သိမ်မွေ့သောအပ်ဖြင့်သာ ချုပ်ထိုက်၏။ ထိုအပ်ကလေးနဖားကိုဖောက်ထွင်းသော အပ်နဖားထွင်း စူးကလေးကား ထိုအပ်ကလေးထက်ပင် သိမ်မွေ့သေးငယ်သော သံမဏိကလေးဖြစ်ထိုက်ရာ၏။ ထို့အတူ အလွန်နက်နဲသိမ်မွေ့သောနိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်ဟူသည် အလွန်သိမ်မွေ့ထက်သန်သော ဉာဏ်သာဖြစ်ထိုက်၏။ ထိုမဂ်ဉာဏ်မျိုးရအောင် ကြိုးစားသောပုဂ္ဂိုလ်သည် အလွန်ထက်သန်သော (လောကီဉာဏ်တို့တွင် အထက်ဆုံးဖြစ်သော) ဝိပဿနာဉာဏ်ကို မိမိသန္တာန်၌ဖြစ်အောင်ကြိုးစားထိုက်ပေ၏။ထိုဝိပဿနာဉာဏ်ရအောင် ကြိုးစားသူလည်း ထိုထို၌၌ အရှုပ်အထွေ ကိစ္စကြီးငယ်တွေကို ဖြတ်တောက်ခွာရှင်း၍ ကင်းကင်းကြီးနေနိုင်ပြီး လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင်ရပေလိမ့်မည်။ ထို့ကြောင့် တကယ်မလုပ်နိုင်သေးသော်လည်း စိတ်ကူးအားဖြင့် မိမိကိုယ်ကို ယောဂီသူတော်စင်ဖြစ်အောင် ရိုးရိုးကလေး ဆင်ပြင်ကြည့်ကာ သစ်ပင်တောတန်း သခ်မ်းရိပ်သာဝယ် ဝိပဿနာ ကမ္မဋ္ဌာန်းကိုတကယ်တမ်း အားထုတ်နေပုံကလေးကို တွေးကြည့်ပါလေ။ ဤသို့နေရခြင်းသည် သမုဒယသစ္စာ တဏှာ လောဘစိတ်ဖြင့် ပျင်းစရာဟု ထင်ရသော်လည်း တဏှာလောဘကို ပယ်ခွာမည့် ဝိပဿနာဉာဏ်ဖြင့်ကား ကြည်နူးပျော်မွေ့ဘွယ်ကောင်းလှပေသည်။

ထိုနေရာ၌ (အလွန်အိပ်ချင်လှမှ အိပ်သောအချိန်ကလေးကို အနားပေး၍) အချိန်မလပ်အောင် ဝိပဿနာအခဏ်း၌ ပြဆို

ခဲ့သည့်အတိုင်း အားထုတ်ပါ၊ စိတ်အဆင့်အတန်း, ဉာဏ်အဆင့်အတန်းမှာ တဆင့်ထက်တဆင့် ရင့်၍ရင့်၍လာပါလိမ့်မည်။ ထိုသို့ရင့်စပြုလာလျှင် တိုး၍သာကြိုးစားပေတော့၊ ဤသို့ ကြိုးစားခိုက်၌ မဇ္ဈိမပဋိပဒါခေါ် ဝိပဿနာမဂ္ဂင်တရား မိမိမှာဖြစ်နေပေမည်။ ထိုသို့ဆက်၍ဆက်၍ ကြိုးစားသောအခါ ဤဝိပဿနာ မဂ္ဂင်တရားသည်ပင် အဆင့်အတန်းရင့်ကာ သောတာပတ္တိမဂ်ဟုခေါ်ရသော မဂ္ဂသစ္စာအဖြစ်ဖြင့် မိမိသန္တာန်မှာ ဖြစ်လာပါလိမ့်မည်။ ထိုအခါ၌ကား မိမိသန္တာန်ဝယ် ရှေးကဖြစ်လေ့ရှိသော ကိလေသာတချို့သည် ဘယ်နည်းနှင့်မျှ မပေါ်နိုင်အောင် အလိုလိုခန်းခြောက် ပျောက်ကွယ်သွားပါလိမ့်မည်။ ကိလေသာ အနောက်အကျူနည်းသွားသလောက် မဂ္ဂသစ္စာသည်လည်း သန့်စင်ရကား၊ ထို၌ပါသောသမ္မာဒိဋ္ဌိလည်း တရံတခါမျှမမြင်ရဘူးသော နိရောဓနိဗ္ဗာန်ကို အထင်အရှားပင် မြင်လာနိုင်ပါလိမ့်မည်။ ထိုမှဆက်၍ တိုးတက်အားထုတ်ပြန်လျှင် အဆင့်အတန်းမြင့်၍ရင့်သော မဂ္ဂသစ္စာတို့ကိုရကာ ရဟန္တာအဖြစ်သို့ရောက်ရသဖြင့် လောက၌ တွေ့ရသော ဒုက္ခသစ္စာအားလုံးမှ လွတ်မြောက်ကြရပါသည်။

**အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်ပုံ**

ဤပြဆိုခဲ့သောနည်းဖြင့် ရုပ်ခန္ဓာနှင့် ဝေဒနာစသော နာမ်ခန္ဓာကို ဉာဏ်ဖြင့်ဆင်ခြင်ကြည့်လေ့ရှိသော ပညာရှိ ယောဂီသူမြတ်သည် ထိုရုပ်နာမ်ခန္ဓာ အပေါ်၌ (မွေ့လျော် ပျော်ပိုက်ခြင်းမရှိဘဲ)ငြီးငွေ့လာ၏။ ငြီးငွေ့လာလျှင် ထိုရုပ်နာမ်ခန္ဓာအပေါ်၌ နှစ်သက် တွယ်တာမှု ကင်းရှင်းသွား၏။ (တွယ်တာမှု ကင်းရှင်းသွားလျှင် မဂ်ရပြီဟုဆိုရ၏) တွယ်တာမှုကင်းရှင်း၍ မဂ်ကိုရလျှင် ရုပ်နာမ်အပေါ်၌ တွယ်တာနေခြင်းမှ လွတ်မြောက် သွားတော့၏။ (ဖိုလ်ကိုရပြီဟုဆိုလိုသည်)ထိုနောက် မိမိ၏စိတ်အစဉ်သည် ကိလေ

သာတို့မှ လွတ်ပြီဟု ကိုယ်တိုင်လည်းသိ၏။ ငါသည် နောက်ဘဝ၌ ပဋိသန္ဓေနေဘွယ်မလို၊ ပြုကျင့်ဘွယ်ရာ တရားများကို ပြုကျင့်ပြီးပြီ၊ နောက်ထပ် ကျင့်ဖွယ် မလိုတော့ပြီဟုလည်း ကိုယ်တိုင်သိနိုင်ပေသည်။ ဤစကားအစဉ်ဖြင့် ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ပိုင်နိုင်စွာ မှတ်နိုင်သူတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရိယာအဖြစ်သို့ အဆင့်ဆင့်ရောက်၍ ရဟန္တာဖြစ်ကြသည်ဟု ဆိုလိုသည်။

အထူးသိရန်မှာနာမ်တေပညာသ(၅၃)တို့တွင်သောတာပတ္တိမဂ်ဇောသို့အထိတွင် စိတ်သန္တာန်၌ ဆိုခဲ့သည့်အတိုင်း ဒိဋ္ဌိဝိစိကိစ္ဆာနှစ်ပါးလျော့၏၊ကင်းရှင်း၏၊ မျိုးပြတ်၏၊ ဒိဋ္ဌိဝိစိကိစ္ဆာတို့၏သံသရာ ပြတ်ဆုံး၏။နာမ်ကေပညာသ(၅၁)ပါး နာမ်သံသရာ၌သာ သောတာပန်ပုဂ္ဂိုလ်ကျင်လည်ရတော့သည်။ သကဒါဂါမိမဂ်ဇော၌ မလျော့သေး (တနုကရ-ကျဲရုံပါးရုံမျှသာ)၊သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်များမှာ (ဃရာဝါသ-သားမယားကိစ္စမကင်းသေးဟုမှတ်)အနာဂါမိမဂ်ဇောအထိတွင် ဒေါသ,ဣဿာ မစ္ဆရိယ, ကုက္ကုစ္စ-ဟု လေးပါးလျော့ပြန်၏။ ကင်းရှင်းပြန်၏။ မျိုးပြုတ်ပြန်၏။ ထိုလေးပါး၏ သံသရာ ပြတ်ဆုံး၏။ နာမ်သတ္တစတ္တာလီသ (၄၇)ပါး နာမ်သံသရာ၌သာ အနာဂါမ်ပုဂ္ဂိုလ်ကျင်လည်ရတော့သည်။(အနာဂါမ်ကျမှလင်ခန်း မယားခန်းပြတ်စဲ၏ဟုမှတ်)အရဟတ္တမဂ်ဇောအထိတွင် လောဘ,မောဟ,မာန,အဟိရိက,အနောတ္တပ္ပ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ဟု ရှစ်ပါးလျော့ပြန်၏။ ကင်းရှင်းပြန်၏။ မျိုးပြုတ်ပြန်၏။ ထိုရှစ်ပါးတို့၏ သံသရာ ပြတ်ဆုံး၏၊ နာမ် ဧကူနစတ္တာလီသ (၃၉)ပါး နာမ်သံသရာ၌သာ ရဟန္တာပုဂ္ဂိုလ်များ ကျင်လည်ရတော့သည်။

ဤကြွင်းကျန်သော နာမ် ဧကူနစတ္တာလီသ (၃၉)ပါး

တို့သည် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်အဆုံးသို့ ဆိုက်ထိမှ အကုန်လုံး ကင်းပြတ် ပျောက်ဆုံး ကြလေတော့သည်။ ထိုနာမ်ခေတ်၏ သံသရာ လက်စတုံးလေတော့၏။ စိတ်ခေတ်၌စွဲကပ်မှီတွယ်၍ နေကြသော စေတသိက် ၅၂ ပါးတို့တွင်၊ ဤဒိဋ္ဌိ ဝိစိကိစ္ဆာစသော ၁၄ ပါးသော စေတသိက်တို့ကို စိတ်သန္တာန်၌ မျိုးပြတ်ကင်းရှင်းအောင် မရှိအောင်ပြု၍ ဖြစ်ကောင်း၏။ ကင်းရှင်းအောင် ပြုသင့် ပြုထိုက်၏။ ကင်းရှင်းအောင်ပြုရန် နည်းလမ်းကို ဘုရားဟောကြား တော်မူ၏။ ဤကဲ့သို့ စိတ်သန္တာန်မှ နှင်ထုတ်၍ ဖြစ်ကောင်းသော တရားတို့ဖြစ်၍၊ ဤဒိဋ္ဌိ ဝိစိကိစ္ဆာ-စသော စေတသိက်တို့ကို အာဂန္တုက တရားတို့ဟူ၍လည်း မှတ်အပ်ကုန်၏။ စိတ်၌အမြဲမယှဉ်နိုင်သော အနိယတယောဂီ စေတသိက်တို့ဟူ၍လည်း ခေါ်ဆို မှတ်သားအပ်ကုန်၏။ ကြွင်းသော စေတသိက် အဌတိံသ (၃၈)ပါးကိုကား၊ စိတ်သန္တာန်၌ မျိုးပြတ်ကင်းရှင်းအောင် ပြုလည်း မပြုသင့်၊ မပြုထိုက်ပြီ၊ မပြုသင့်မပြုထိုက်ခြင်းကြောင့် ကင်းရှင်းအောင်ပြုရန်နည်းလမ်းကိုလည်း ဘုရားရှင်မဟောခဲ့ပြီ၊ ဝိတက် ဝိစာရ စသော ဈာန်အင်္ဂါတို့ကိုပယ်မှုမှာ စိတ်သန္တာန်၌ ဝပ်ရုံကွယ်ငုပ်ရုံမျှ ပြုမူတည်း။ ဤကဲ့သို့ စိတ်သန္တာန်မှ နှင်ထုတ်၍ မဖြစ်ကောင်း မရကောင်းသော တရားတို့ဖြစ်၍ ဤကြွင်းသော စေတသိက်(၃၈)ပါးတို့ကို အာဝေဏိက တရားတို့ဟူ၍လည်း ခေါ်ဆို မှတ်သားအပ်ကုန်၏။ ဘယ်တော့မှ မကင်းကွာဘဲ၊ စိတ်၌အမြဲယှဉ်သောတရားတို့ဖြစ်၍ နိယတယောဂီ စေတသိတ်တို့ဟူ၍လည်း ခေါ်ဆိုမှတ်သားအပ်ကုန်၏။

ပဏ္ဏရပဘဿရဖြစ်သောဤ စိတ်ခေတ်ကလေးသည်၊ အနိယတ ယောဂီအာဂန္တုက ဖြစ်သော အကုသိုလ် အညစ်တရားတို့ကြောင့် ညစ်နွမ်းမှေးမှိန်၍နေရ၏။ အညစ်အကြေး၊ မြေးကပ်ဖုံး

လှုမ်းနေသော ပတ္တမြားတုံးကလေးကဲ့သို့ အရောင်မတောက်ပနိုင်ပြီ၊ထိုကြောင့်မြတ်စွာဘုရားရှင်သည် "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ" ဟူ၍ကေ-ဂုတ္တရ ပါဠိတော်၌ ဟောတော်မူသည်။ ဘိက္ခဝေ-ဘိက္ခုတို့၊ ပဘဿရံ-ပြိုးပြိုးပြက် ထွန်းလင်းတောက်ပသော၊ အာဂန္တုကေဟိ-ဣဒံ စိတ္တံ-ဤဝိညာဏ်ဟူသောစိတ်ဓာတ်ကလေးသည်၊ ဧည့်သည် အာဂန္တုဖြစ်ကုန်သော၊ ဥပက္ကိလေသေဟိ-မိမိတို့လည်း ညစ်နွမ်းသူတပါးကိုလည်း ညစ်နွမ်းစေတတ်သော အကုသိုလ် တရားတို့ကြောင့်၊ ဥပက္ကိလိဋ္ဌံ-မှေးမှိန်ညစ်နွမ်းနေရ၏။

သဒ္ဓါ ပညာစသော ကုသိုလ်တရားတို့ကား ဖြူစင်ပြောင်လင်းသော သဘောတို့တည်း။ အထူးအားဖြင့် ပညာတရားသည် အတုမရှိ ဖြူစင်ပြောင်လင်း၏။ စိတ်ဓာတ်ကလေး၌ ဖြူစင်ပြောင်လင်းသောကုသိုလ်တရား ပညာတရားတို့ အုပ်စိုးပေါ်ထ၍နေလျှင် မိမိသဘောမူလရင်းက ဖြူစင်ပြောင်လင်းသော စိတ်ဓာတ်ကလေးသည် အတိပဏ္ဍရ-အလွန်ဖြူစင်၏၊ အတိပဘဿရ—အလွန်ပြိုးပြိုးပြက် ထွန်းလင်းတောက်ပ၏။ ပညာအားကြီးစွာပေါ်ထလာလျှင် ဤစိတ်ပညာတို့၏ အာနုဘော်ကြောင့် တကိုယ်လုံး ရုပ်တွေ ကြည်လင်၏၊ ကိုယ်ရောင် မျှားတောင် ထွက်တတ်၏။ (မယုံလျှင် စိတ်ညို့ ပညာကျမ်းများကို လေ့လာ ကြည့်ရှုပါက လက်တွေ့သိရှိပါလိမ့်မည်)။

ကုသိုလ်အကုသိုလ်တရားတို့၏မှီတွယ်ရာ၊ ပဏ္ဍရ ပဘဿရ ဖြစ်တဲ့ ဤစိတ်ဓာတ်ကလေးသည် ကုသိုလ်တရားလော,အကုသိုလ် တရားလော ဟူမူ ကုသိုလ်လဲမဟုတ်၊ အကုသိုလ်လဲမဟုတ်ဘူး၊ ကုသိုလ်အကုသိုလ်တို့နှင့် ယှဉ်ခြင်းကြောင့် ထိုယှဉ်သော ကုသိုလ် အကုသိုလ်တို့နှင့် မှတ်၍ ကုသိုလ်စိတ် အကုသိုလ်စိတ်ဟု ခေါ်ဆိုရ

သည့် သဘော၊ စင်စစ်မှာ ဤ စိတ်ခေတ်ကလေးသည် အာရုံကို သိခြင်း ဝိဇာနန သဘောမျှ သာတည်း။ ပဏ္ဍရပဘဿရ-သဘောမျှ သာတည်း။ ကုသိုလ် အကုသိုလ်မဟုတ်ပြီ၊ လောဘစသည်တို့မှ သာလျှင် ကုသိုလ် အကုသိုလ်တရားတို့ပေတည်း။

ဥပမာအားဖြင့် ဆိုသည်ရှိသော် ရေနှင့်ဖျော်၍ ပန်းချီဆေးရေးရာ၌ ကား၌ စိမ့်ဝင်တွယ်ကပ်မှုကား ရေကိစ္စတည်း၊ ကား၌အဖြူအနီအကြောင်အကျားထင်မှုကားဆေးကိစ္စတည်း၊ရေသည် အဖြူ အနီ အကြောင်အကျားထင်အောင် မတတ်နိုင်၊ အဖြူအနီ အကြောင် အကျား မဟုတ်ပြီ၊ ဆေးတို့ မှသာလျှင် အဖြူ အနီ အကြောင်အကျားထင်အောင်တတ်နိုင်ကြ၏၊အဖြူအနီအကြောင် အကျားတို့ပေတည်း။ ထို့အတူ ကုသိုလ်အာရုံ အကုသိုလ်အာရုံ တို့ကို သိမှုတွယ်မှုကား စိတ်ကိစ္စတည်း။ ထိုကုသိုလ် အကုသိုလ် အာရုံတို့၌ သုစရိုက် ဒုစရိုက်မှုထင်အောင် ပြီးစီးအောင် ပြုမှုကား အလောဘ လောဘစသည်တို့၏ ကိစ္စတည်း။ စိတ်သည် သုစရိုက် ဒုစရိုက်မှု ထင်အောင် ပြီးစီးအောင် မတတ်နိုင်၊ သုစရိုက်,ဒုစရိုက်, ကုသိုလ်,အကုသိုလ်တရားမဟုတ်၊ အလောဘ လောဘ စသည်တို့ မှသာလျှင် သုစရိုက် ဒုစရိုက်မှုထင်အောင် ပြီးစီးအောင် တတ်နိုင် ကြ၏။ သုစရိုက် ဒုစရိုက် ကုသိုလ် အကုသိုလ်တရားတို့ပေတည်း၊သို့ အတွက် စိတ်ကို လက္ခဏာသဘောအားဖြင့် တခုသာယူ၍ လက္ခဏာကွဲ စေတသိက် ၅၂ ပါးကိုကား ၅၂ ပါးပင်ယူ၍ နာမ်တွေ ပညာသ ၅၃ ပါးဖြစ်ရလေသည်၊ အောက်ကလဲ ရှင်းလင်း ညွှန်ပြခဲ့လေပြီ။

**အမှာစကား**။ ။ဤကဲ့သို့ လေးနက်သော သဘောတရားစာများကို ကြည့်ရှုသူတို့သည် စာကြည့်ရင်း စာဆိုသည့်အတိုင်း ဉာဏ်ကိုစူးစိုက်၍ စဉ်းစားလေ့လာ ဝေဖန်ကြပါလေ။ သ

တင်းစာ ဝတ္ထုကြောင်းများကို ဖတ်နေသကဲ့သို့ အပေါ်ရံဖတ်သွားရုံမျှဖြင့်ကား အကျိုးများလှမည် မဟုတ်ပါ၊ သတိပြုကြပါလေ။

---

## အသင်္ခတ နိဗ္ဗာန်ဘုံကို ပြဆိုရာ အခဏ်း

**နိဗ္ဗာန်ဘုံကို ပြဆိုခြင်း** ယခုအခါ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်ရောက်အပ်သော နိဗ္ဗာန်ဘုံကို ပြဆိုရာ၏။ ထိုနိဗ္ဗာန်ဘုံသည် ပထမနိဗ္ဗာန်ဘုံ၊ ဒုတိယနိဗ္ဗာန်ဘုံ၊ တတိယနိဗ္ဗာန်ဘုံဟူ၍ သုံးမျိုးသုံးစားရှိ၏။ ထိုတွင် အတ္တဒိဋ္ဌိကိလေသာကြီးနှင့် တကွ အပါယ်လေးဘုံမှ အစဉ်ထာဝရ ကျွတ်လွတ်ခြင်းသည် ပထမနိဗ္ဗာန်ဘုံမည်၏။ ကာမကိလေသာကြီးနှင့်တကွ လူ့ဘုံ နတ်ပြည်ခြောက်ထပ် ကာမသုဂတိ ခုနစ်ဘုံမှ အစဉ်ထာဝရ ကျွတ်လွတ်ခြင်းသည် ဒုတိယနိဗ္ဗာန်ဘုံမည်၏။ ဘဝတဏှာ ကိလေသာကြီးနှင့်တကွ ရူပတဆဲ့ခြောက်ဘုံ အရူပလေးဘုံတို့မှ အစဉ်ထာဝရ ကျွတ်လွတ်ခြင်းသည် တတိယနိဗ္ဗာန်ဘုံမည်၏။

ဤစကား၌ အတ္တ ဒိဋ္ဌိဆိုသည်ကား လောက၌ မြေရှိ၍ မြေအိုးမည်သည်ရှိ၏။ ထိုကြောင့် မြေသည်အိုး၏ အနှစ်သာရ အတ္တဖြစ်ပေ၏ ဟူသကဲ့သို့ ထို့အတူ ရုပ်အစု ရုပ်အခဲ နာမ်အစု နာမ်အခဲရှိလေ၍ ပုဂ္ဂိုလ်သတ္တဝါ မည်သည်ရှိနိုင်၏။ ရုပ်အစု ရုပ်အခဲ နာမ်အစု နာမ်အခဲမရှိခဲ့သော် ပုဂ္ဂိုလ်သတ္တဝါ မည်သည် မရှိနိုင်၊ ထိုကြောင့်ရုပ်အစု ရုပ်အခဲ နာမ်အစု နာမ်အခဲသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အနှစ်သာရအတ္တဖြစ်ပေ၏ဟု ပုထုဇဉ်ပုဂ္ဂိုလ်တို့စိတ်တွင် ကြောင်တောင်ကြီး ထင်မြင်စွဲလမ်း၍နေမှုသည် အတ္တဒိဋ္ဌိကြီးမည်၏။

အကြင်အခါ၌ အနုတ္တဝိပဿနာဉာဏ်အလုပ် ထမြောက် ပေါက်ရောက်၍ ထိုအတ္တဒိဋ္ဌိကြီးသည် နောက်တဖန်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ဆုံးလေ၏။ ထိုအခါ၌ အလွန်ကြမ်း တမ်းသော ကိလေသာမှတ္တို့သည် ချုပ်ဆုံးလေကုန်၏။ အပါယ် ဗီဇဖြစ်ကြကုန်သော ဒုစရိုက်ကံ အနန္တတို့သည်လည်း အကုန်လုံး ချုပ်ဆုံးကြလေကုန်၏။ နောင်ဖြစ်လတံ့သော အပါယ်ဘဝ အနန္တတို့သည်လည်း အကုန်လုံး ချုပ်ဆုံးကြလေကုန်၏။ ထိုအခါ မှစ၍ ထိုသတ္တဝါတို့သည် ပထမ နိဗ္ဗာန်ဘုံကြီးသို့ ရောက်ရလေ၏။ လူ့ဘုံ၊လူ့ဘဝ နတ်ဘုံ နတ်ဘဝ ဗြဟ္မာဘုံ ဗြဟ္မာဘဝတို့၌သာ ကျင်လည်လေ၏။ ဤကား ဗုဒ္ဓဘာသာ၌ ပထမ နိဗ္ဗာန်ဘုံသို့ ရောက်ကြကုန်သော လူနတ်ဗြဟ္မာ အရိယာပုဂ္ဂိုလ်တို့၏ မမ္မတာ လမ်းကြီးပေတည်း။

ဒုတိယ နိဗ္ဗာန်၌ ကာမတဏှာကိလေသာကြီးဆိုသည်ကား အဆင်း၌ သာယာမက်မောခြင်း၊ အသံ၌ သာယာမက်မောခြင်း၊ အနံ့၌သာယာမက်မောခြင်း၊ အရသာ၌ သာယာမက်မောခြင်း၊ ကိုယ်အင်္ဂါအတွေ့အထိတို့၌ သာယာမက်မောခြင်းများပေတည်း။ ထိုတဏှာကြီးရှိနေကြကုန်သော ပုထုဇဉ်သတ္တဝါတို့သည် လင်းတ ငှက်တို့နှင့် တူကုန်၏။ ထိုငှက်မျိုးတို့သည် ခွေးသေပုပ် နွားသေပုပ် အစရှိသော အပုပ်ကောင် ပေါများရာဌာန၌ နေရသည်ရှိသော် အလွန်မွေ့လျော်ကြကုန်၏။ ဘယ်ကိုမျှ မခွါနိုင် မသွားနိုင်ရှိကြ ကုန်၏။ထို့အတူ ထိုသတ္တဝါတို့သည်လည်းလူကိလေသာပုပ် နတ် ကိလေသာပုပ် လူခန္ဓာပုပ် နတ်ခန္ဓာပုပ် ပေါများရာ ဌာန၌ နေကြ ရကုန်သည်ရှိသော် အလွန်မွေ့လျော်ကြကုန်၏။ ဘယ်ကိုမျှမခွါ နိုင် မသွားနိုင်ရှိကြကုန်၏။ သေလွန်ပြန်လျှင်လည်း အပါယ်လေး ပါးသို့သာ ကျရောက်ကြကုန်၏။ ဤကား ကာမတဏှာကြီး

ရှိနေကြသော ပုထုဇဉ်သတ္တဝါတို့၏ ဓမ္မတာလမ်းကြီးပေတည်း။

အကြင်အခါ၌ လူ့ဘဝ နတ်ဘဝတို့၌ ကြီးစွာသော အပြစ်ကိုမြင်နိုင်သော ဒုက္ခဝိပဿနာဉာဏ်အလုပ် ထမြောက်ပေါက်ရောက်၍ ထိုကာမတဏှာ ကိလေသာကြီးသည် နောင်တဖန်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ထိုအခါကာမဘဝကို ရှက်ဆောင်တတ်ကုန်သော ကိလေသာဓမ္မတို့သည် ချုပ်ငြိမ်းလေကုန်၏။ လူဗီဇ နတ်ဗီဇ ဖြစ်ကြကုန်သော ကာမကိလေသာ ကံတို့သည်လည်း ချုပ်ငြိမ်းလေကုန်၏။ နောင်ဖြစ်လတံ့ကုန်သော လူ့ဘဝ နတ်ဘဝ အနန္တတို့သည်လည်း အကုန်လုံးချုပ်ဆုံးကြလေကုန်၏။ ထိုအခါမှစ၍ ထိုသတ္တဝါတို့သည် ဒုတိယနိဗ္ဗာန်ဘုံကြီးသို့ ရောက်လေ၏။ အထက် ဗြဟ္မာပြည်တို့၌သာလျှင်ကျင်လည်ရလေ၏။ ဤကား ဗုဒ္ဓဘာသာ၌ ဒုတိယ နိဗ္ဗာန်ဘုံသို့ရောက်ကြကုန်သော လူနတ်ဗြဟ္မာ အရိယာပုဂ္ဂိုလ်တို့၏ ဓမ္မတာလမ်းကြီးပေတည်း။

တတိယနိဗ္ဗာန်၌ ဘဝတဏှာ ကိလေသာကြီးဆိုသည်ကား စျာန်ချမ်းသာ၌ သာယာမက်မောခြင်း၊ တန်ခိုးကြီးမှု၌ သာယာမက်မောခြင်း၊ အသက်ရှည်ခြင်း၌ သာယာမက်မောခြင်း များသည် ဘဝတဏှာကြီး မည်၏။ ထိုတဏှာ ဖြစ်နေကြကုန်သော သတ္တဝါတို့သည် ဘိန်းယစ်မျိုး အလွန်ကြိုက်ကြကုန်သော ဘိန်းရှူဘိန်းစား တရုပ်လူချမ်းသာကြီးများနှင့် တူကုန်၏။ ထိုဘိန်းရှူဘိန်းစားသမားတို့သည် ဘိန်းကိရိယာ စုံလင်စွာနှင့် ရှူခါစားခါ နေကြကုန်သည်ရှိသော် အလွန်မွေ့လျော်ကြကုန်၏။ ဘယ်ကိုမျှ မခွါနိုင် မသွားနိုင် ရှိကြလေကုန်၏။ ထို့အတူ ဗြဟ္မာတို့သည် ကမ္ဘာများစွာ ကြာညောင်းသော်လည်း အနိစ္စသင်္ခတနယ်ကြီးမှ ကျွတ်လွတ်ရန် အကြံမျိုးကိုမကြံနိုင်ကြကုန်။ ဤကား ဘဝ

တဏှာကိလေသာရှိနေကြကုန်သော ပုထုဇဉ် သတ္တဝါတို့၏ မဂ္ဂတာ လမ်းကြီးပေတည်း။

ထိုပြဟ္မာတို့သည်လည်း အပါယ်ဘုံ အပါယ်ရွာ စသည်တို့ သို့သွားကြကုန်၏။ ထိုခန္ဓာပျက်ဆုံးလျှင် အောက်ဘုံ အောက် ဘဝသို့ လျှောကျကြကုန်၏။ (ဥက္ကိတ္တာပုညတေဇေန ဂါထာကို အောက်က ရေးခဲ့ပြီ၊ ပြန်ကြည့်လေ) အကြင်အခါ၌ အနိစ္စမဂ္ဂသခ် တနယ်ကြီး၌ ကြီးစွာသော အပြစ်ကိုမြင်သော အနိစ္စဝိပဿနာ ဉာဏ်အလုပ် ထမြောက် ပေါက်ရောက်၍ ဘဝတဏှာ ကိလေသာ ကြီးသည် နောင်တဖန် ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်း လေ၏။ ထိုအခါ ရူပပြဟ္မာဘဝ အရူပပြဟ္မာဘဝကို ရွက်ဆောင် တတ်သော ရူပကုသိုလ်ကံ အရူပ ကုသိုလ်ကံတို့သည်လည်း ချုပ် ငြိမ်းကြလေကုန်၏။ နောင်ဖြစ်လတံ့ကုန်သော ရူပဘဝ အရူပ ဘဝ အနန္တတို့သည်လည်း အကုန်လုံး ချုပ်ဆုံးကြလေကုန်၏။ ထိုခန္ဓာ ချုပ်ဆုံးသည့်နောက်၌ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက် ကြလေကုန်၏။ ဤကား ဗုဒ္ဓဘာသာ၌ တတိယနိဗ္ဗာန်သို့ရောက် ကြကုန်သော လူနတ်ပြဟ္မာအရိယာ ပုဂ္ဂိုလ်တို့၏ မဂ္ဂတာလမ်းကြီး ပေတည်း။

လူ့ဘုံမှ ယခုဘဝတွင် လူ့အဖြစ်နှင့် ကျွတ်လွတ်ကြသူတို့ သည်လည်း ယခုဘဝတွင်ပင် တတိယနိဗ္ဗာန်သို့ ရောက်ကြ၍ ယခု ဘဝတွင်ပင် ပရိနိဗ္ဗာန် စံကြသူတမျိုး၊ ယခုဘဝတွင် ဒုတိယနိဗ္ဗာန် တိုင်ရုံသာရောက်၍ နောက်ဘဝ၌ ပြဟ္မာပြည်သို့ရောက်မှ တတိယ နိဗ္ဗာန်သို့ ရောက်ကြလတံ့သူတမျိုး၊ ယခုဘဝတွင်ပင် ပထမနိဗ္ဗာန် သို့သာရောက်၍ နောက်ဘဝ၌ နတ်ပြည်သို့ရောက်မှ ပရိနိဗ္ဗာန် စံလတံ့သူ တမျိုးဟူ၍ သုံးမျိုးရှိကြ၏။ နတ်ပြည် ပြဟ္မာပြည်တို့ ၌လည်း ထို့အတူပင်ဖြစ်လေသည်။ ဤကား ယခု လိုလားတောင့်

တနေကြသော နိဗ္ဗာန်ဘုံသုံးမျိုး သုံးဆင့်ရှိပုံကို အကျယ်ဝေဖန်ပြဆိုခြင်းပေတည်း။

**ရောဟိတနတ်သား ဝတ္ထု၊** ဘုရားရှင်လက်ထက်တော်က ရောဟိတနတ်သားလျှောက်ပုံမှာ အကြင် လောက၏အဆုံး၌ ပဋိသန္ဓေနေခြင်းမရှိ၊ အိုခြင်းမရှိ၊သေခြင်းမရှိ၊ ဤဘဝမှ ထိုဘဝသို့ ရွေ့လျားခြင်းမရှိ၊ ဘဝတပါးသို့ ကပ်ရောက်ခြင်းမရှိ၊ ထိုလောကအဆုံးကို တန်ခိုးဖြင့်သွား၍ သိခြင်းငှာရင်း မြင်ခြင်းငှာရင်း ရောက်ခြင်းငှာရင်း တတ်ကောင်းပါမည်လောဟု မေးလျှောက်သောအခါ ဘုရားရှင်က အသင်နတ်သား အကြင်လောက၏အဆုံး၌ ပဋိသန္ဓေနေခြင်း စသည်မရှိ၊ ထိုလောကအဆုံးကို ကိုယ်ဖြင့်သွား၍ သိအပ်၏ဟူ၍ရင်း၊ မြင်အပ်၏ဟူ၍ရင်း၊ ရောက်အပ်၏ဟူ၍ရင်း၊ ငါဘုရားသည် မဟောပေဟု မိန့်တော်မူ၏။

ထိုအခါ နတ်သားသည် အံ့သြဘွယ်ကြီးဖြစ်ပြီးလျှင် မိမိသည် ရှေးဘဝ၌ ပဋိသန္ဓေနေခြင်း စသည်မရှိသော လောက၏အဆုံးကိုတွေ့အောင်သွားမည်ဟု သွားဘူးကြောင်းကို ပြန်ပြောင်းလျှောက်ကြားပေ၏။ လျှောက်ပုံကား–အရှင်ဘုရား အကျွန်ုပ်သည် ရှေးဘဝ၌ မုဆိုး၏သားဖြစ်၍ ရသေ့လုပ်ရာ ရောဟိတရသေ့ဟု ထင်ရှားစွာဖြစ်ခဲ့ဘူး၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏။ မြေလျှိုး,မိုးပျံ ကောင်းကင်ယံသို့သွားနိုင်၏။ ကျွန်ုပ်သည် အလွန်လျင်မြန်သော အဟုန်ရှိ၏။ အဘယ်သို့လျင်မြန်သနည်းဟူမူ လေးသမား ပစ်လွှတ်အပ်သော မြှားသည် ထန်းပင်ရိပ်ကို ဖီလာဖြတ်သန်း၍သွားလေရာ၊ ထန်းပင်ရိပ်ကို မြှားလွန်သောခဏမျှ၌ တခုသောလောကဓာတ်၏ အရှေ့စွန်းမှသည် အနောက်စွန်းသို့ ခြေတလှမ်းဖြင့် ပေါက်ရောက်အောင်သွားနိုင်၏။ (ယူဇနာ ၁-သန်း ၂-

သိန်း ၃-ထောင် ၄-ရာ ၅-ဆယ်၊ အလျားအနံကျယ်သော စကြ ဝဠာတခုကို ခြေတလှမ်းဖြင့် ထုတ်ချင်းပေါက်အောင် ပြေးစွမ်း နိုင်သည်ဟု ဆိုလိုသတည်း။) အရှင်ဘုရား အကျွန်ုပ်သည် ဤသို့ သော လျင်မြန်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ လောကအဆုံးကို ရောက်အောင်အကြံဖြင့် (စားရုံသောက်ရုံ ဝှရိယာမုထ်လေးပါး မျှတရုံကာလမျှကို ချန်ထားလျက်) လောကဓာတ်တခုကို ခြေတ လှမ်းပြု၍ တနှစ်တရာပတ်လုံးသွားလေရာ လောကအဆုံးသို့မ ရောက်မူ၍ သေလွန်ပြီးလျှင် ဤလောဓာတ်မှာပင် နတ်သား-(ပြဟ္မာ)ဖြစ်၍လာပါ၏၊ ထို့ကြောင့် လောကအဆုံးမည်သည် တန်ခိုးဖြင့်သွား၍ရောက်နိုင်သည်မရှိဟု ဟောတော်မူခြင်းသည်အ လွန်မှန်လှပါ၏ဟု အလွန်အံ့ဩဘွယ်ရှိလှပါ၏ဟု လျှောက်ကြား လေ၏၊ (သံယုတ္တနိကာယ် ဒေဝပုတ္တသံယုတ်လာ ဝတ္ထုတည်း)။

ဤဝတ္ထု၌ ထန်းပင်ရိပ် ဖီလာဖြတ်သန်းသော မြှားသည် ထန်းပင်ရိပ်ကို မြှားလွန်သောခဏ၌ လောကဓာတ်တခုကို ပေါက် ရောက်အောင်သွားသောရသေ့သည် တနေ့အတွက်တွင် လောက ဓာတ်ပေါင်း ဘယ်နှစ်သောင်း ပေါက်လိမ့်မည်မသိ၊ အနှစ်တရာ မှာဆိုဖွယ်မရှိ၊ လောကဓာတ်ပေါင်း အနန္တပေါက်ရောက်သည် ဟု ဆိုဖွယ်ရှိ၏၊ အဆုံးသို့ရောက်သည်လည်းမဟုတ်သေး၊ နောက် ကိုအနှစ်တသိန်းပင် သွားသော်ငြား၊ နှစ်ပေါင်းကုဋေ နှစ်ပေါင်း အသင်္ချေပင် သွားသော်ငြား၊ လောကဓာတ်အဆုံးကို ပေါက် ရောက်နိုင်မည်မဟုတ်ချေ၊ (သမဏဝတ္ထုအခဏ်း၌လည်း မရောက် နိုင်ပုံကို ရေးခဲ့ပြီ)။

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယျတိ န မိယျတိ န စဝတိ န ဥပပဇ္ဇတိ၊နာဟံ တံ ဂမနေန လောကဿန္တံ ဉာတေယျံ

ဒိဋ္ဌေဝယံ ပတ္တေဝယျန္တိ ဝဒါမိ၊ န ခေါ ပနာဟံ အာဝုသော အပ္ပတွာ
လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
န စ အပ္ပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။
(ပါဠိသာဓကလိုသူများအတွက်)

အာဝုသော-အသင်နှတ်သား၊ ယတ္ထ-အကြင်လောက၏ အဆုံး၌၊ နဇာယတိ-တဖန်ဖြစ်ခြင်းမရှိ၊ နဇီယျတိ- အိုခြင်းမရှိ၊ နမိယျတိ- သေခြင်းမရှိ၊ နစဝတိ-ရွေ့လျောခြင်းမရှိ၊ နဥပပဇ္ဇတိ-တဖန်ဘဝသို့ကပ်ရခြင်းမရှိ၊ အဟံ-ငါဘုရားသည်၊ ဂမနေန- တန်းခိုးဖြင့်သွားသဖြင့်၊ တံလောကဿသန္တံ- ထိုလောက၏အဆုံးကို၊ ဉာတေယျံသိအပ်၏ဟူ၍၊ ဒိဋ္ဌေယျံ-မြင်အပ်၏ဟူ၍၊ ပတ္တေယျံ-ရောက်အပ်၏ဟူ၍၊ ဣတိ-ဤသို့၊ နဝဒါမိ- မဟော၊ အာဝုသော- အသင်နှတ်သား၊ ခေါပန- စင်စစ်၊ အဟံ-ငါဘုရားသည်၊ လောကဿ- လောက၏၊ အန္တံ အဆုံးသို့၊အပ္ပတွာ-မရောက်ပြန်သည်ရှိသော်၊ ဒုက္ခဿ ဝဋ္ဋဒုက္ခ၏၊ အန္တကိရိယံ–အဆုံးကိုပြုနိုင်ခြင်းကို၊နဝဒါမိ-မဟော။
(စုဏ္ဏိယအနက်)

လောကဿ-ကမ္ဘာလောကကြီး၏၊ အန္တော-အဆုံးကို၊ ကုဒါစနံ-တရံ တဆစ်မျှ၊ ဂမနေန–သွားခြင်းဖြင့်၊နပတ္တဗ္ဗော–ရောက်သင့် ရောက်ထိုက်သည်မဟုတ်၊ လောကန္တံ– လောကအဆုံးသို့၊ အပ္ပတွာ-မရောက်ပါဘဲလည်း၊ဒုက္ခာ-ဆင်းရဲအပေါင်းမှ၊ပမောခနံ လွှတ်မြောက်ခြင်းသည်၊ နစအတ္ထိ- မရှိသည် သာ လျှင် တည်း၊
(ဂါထာအနက်)

**မှတ်ချက်။** ။ဤဂါထာ စုဏ္ဏိယအဓိပ္ပါယ်မှာ အလွန်ပေါ်လွင်ထင်ရှားလှသဖြင့် နိဗ္ဗာန်လိုလားသူတိုင်း အမှန်ပင် လေ့လာသင့်သည်။

တရားရှာကိုယ်မှာ

အသင်နတ်သား စင်စစ်သော်ကား ငါဘုရားသည် အလျားတလံ အနံတထွာမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကိုလည်း ပညတ်၏၊ လောက၏ အဘက်ဘက်ပွားစီးကြောင်းကိုလည်း ပညတ်၏၊ လောက၏ ချုပ်ဆုံးရာနိဗ္ဗာန်ကိုလည်း ပညတ်၏၊ လောက၏ ချုပ်ဆုံးရာနိဗ္ဗာန်သို့ ရောက်စေတတ်သော မဂ္ဂင်ရှစ်ပါးတည်းဟူသော ကျင့်ဝတ်ပတိပတ်ကိုလည်း ပညတ်၏ဟု ဟောတော်မူသည်။

အပိ စ ခွါဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။

(ဒေဝပုတ္တသံယုတ်ပါဠိတော်)

အာဝုသော- အသင်နတ်သား၊ အပိစခေါ-စင်စစ်သော်ကား၊ အဟံ-ငါဘုရားသည်၊ ဗျာမမတ္တေ- အလျားတလံ, အနံတထွာမျှလောက်သော၊ သသညမှိ- သညာနှင့်တကွသော၊ သမနကေ-စိတ်နှင့်တကွသော၊ကဠေဝရေ-ဤခန္ဓာကိုယ်အတွင်း၌သာလျှင်၊ လောကဉ္စ-လောကကိုလည်း၊ ပညပေမိ-ပညတ်၏၊ လောကသမုဒယဉ္စ-လောက၏ အဘက်ဘက်ပွားစီးကြောင်းကိုလည်း၊ ပညပေမိ-ပညတ်၏၊ လောကနိရောဓဉ္စ- လောက၏ ချုပ်ဆုံးရာနိဗ္ဗာန်ကိုလည်း၊ ပညပေမိ-ပညတ်၏။ လောကနိရောဓဂါမိနိံ- လောကချုပ်ရာ, ဆုံးရာနိဗ္ဗာန်သို့ ရောက်စေတတ်သော၊ ပဋိပဒဉ္စ- မဂ္ဂင်ရှစ်ပါးတည်းဟူသော ကျင့်ဝတ် ပတိပတ်ကိုလည်း၊ ပညပေမိ-ပညတ်၏။ (ပါဠိတော်၏နိသျှသ္သားအနက်)။

ရှင်းဗုဒ္ဓဒေသနာတော် ဆိုလိုရင်းအဓိပ္ပါယ်ကား လောက၏ အဆုံးမည်သည် တန်ခိုးဖြင့်သွား၍ ရောက်ရိုးမရှိ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ကျင့်ဝတ်ပတိပတ်ဖြင့် သွားမှသာ ရောက်နိုင်၏။

မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ပတိပတ်ဖြင့်သွားပါမူကား တခြားတပါးသို့ သွားနေဖွယ်မရှိ၊ ဤခန္ဓာကိုယ်၌ပင်လျှင် လောက အဆုံးကိုတွေ့နိုင်၏ဟူလို၊ လောက၏အဆုံးဟူသည်ကား နိဗ္ဗာန်ကို ဆိုသတည်း။ သို့မဟုတ်-တရားရှာကိုယ်မှာ ဟူသောစကားသည် ဆိုခဲ့သော ဒေသနာတော်နှင့် တပြေးတည်းညီညွတ်ရကား နိဗ္ဗာန်ကိုလိုလား ယောဂီများသည် ခန္ဓာကိုယ်အတွင်း၌ နိဗ္ဗာန်ရှိသည်ဟူသော ဒေသနာစကားကို လေးစားယုံကြည်စွာ နာယူမှတ်သားထိုက်ပေသည်။ သန္တိကေ န ဝိဇနန္တိ၊ နရာဓမ္မဿ အကောဝိဒါ ဟူသော ဒေသနာတရပ်မှာလည်း အဆိုပါစကားကို ထောက်ခံသကဲ့သို့ ရှိနေပေသည်။ (အဇ္ဈတ္တ ဗဟိဒ္ဓ အငြင်းပွါးမှုနှင့်စပ်၍ အဘိဓမ္မာဒေသနာ ဓမ္မသင်္ဂဏီပါဠိတော်၊ အဇ္ဈတ္တတိက်၊ ဗဟိဒ္ဓါ ဓမ္မာ သံဝဏ္ဏောတဗ္ဗ သံဝဏ္ဏနာများနှင့် သဘာဝအလင်းကျမ်းမှာ ကျွန်ုပ်ရှင်းလင်းချက်များရှိလေပြီ)။

ထိုဗြဟ္မာနတ်သားသည် သွားလည်းမသွားဘဲ တန့်ရပ်၍လည်းမနေဘဲ ခဏချက်ချင်း လောက၏အဆုံးသို့ သိလေ ရောက်လေ၏။ ထိုသို့ရောက်ပြီးမှ မိမိရှေးကပြေးသွားဘူးသောအကြောင်းကို အကုန်အစင်လျှောက်တင်ကြား၍မြတ်စွာဘုရားအားကောင်းချီးပေးပြီးလျှင် မိမိနေရာ ဗြဟ္မာ့ပြည်သို့ ပြန်သွားလေသတည်း။ (အရိယာအဖြစ်သို့ရောက်၍နိဗ္ဗာန်ကိုသိမြင်သွားပြီဟုဆိုလိုသည်)

**အမှာစကား။** ။ရောဟိတရှင်ရသေ့သည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ မြေလျှိုးမိုးပျံ လောကီစျာန်အဘိညာဏ်ရ အာဇာနည်ယောကျ်ားတည်း။ ထိုပုဂ္ဂိုလ်ကြီးပင် လောကအဆုံး နိဗ္ဗာန်ကို လမ်းလွဲရှာမှားခဲ့ရာ အနှစ်တရာ ပင်ပန်းနွမ်းနယ်ရှာခဲ့၏။ သာမန်လူများအတွက်ဆိုဖွယ်မရှိ၊ ဗုဒ္ဓနှင့်တွေ့၍ လမ်းဖြောင့်ပေးလိုက်မှ လမ်းမှန်ကျကာ နိဗ္ဗာန်ကိုမြင်သွား၏။

**နိဗ္ဗာန်၏ သဘောလက္ခဏာ**

နိဗ္ဗာန်သည် သန္တိသဘောရှိ၏ ဟု ကျမ်းဂန်များ၌ဆို၏။ သန္တိဟူသည် ငြိမ်းအေးခြင်းဟု အဓိပ္ပါယ်ရ၏၊ ယခု လက်ရှိ ရုပ်နာမ် ခန္ဓာကိုယ်နှင့် နိဗ္ဗာန်သည် ဟိုဘက်ကမ်း နှင့် ဤ ဘက်ကမ်း ကဲ့သို့ တဖက်တလမ်းဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်၏ အေးငြိမ်းခြင်း သန္တိသုခကို ဤရုပ်နာမ်၏ ပူလောင်ခြင်း ဒုက္ခနှင့် နှိုင်းယှဉ်မှ သာ၍သိသာသည်၊ "ဤခန္ဓာကိုယ် (ရုပ်နာမ်) အားလုံးသည် မီးလောင်နေသလို ပူလောင်နေသည်" ဟုပြောလျှင် ရုတ်တရက် သဘောပေါက်လိမ့်မည်မထင်၊ မိမိကိုယ်တိုင်ကပင် တရားအားထုတ်နေသူဖြစ်မှသာ သဘောပေါက်နိုင်စရာ ရှိပါသည်၊ အကြောင်းမှာ–ဝေဒယိတ သုခကို မြိန်မြိန် ယှက်ယှက် တပြုံးပြုံး နှင့် ခံစားနေကြသောကြောင့်တည်း။

ဥပမာ–နွေအခါ နေပူကြဲတဲ၌ အလုပ် လုပ်နေသောသူတယောက်သည် ထိုကဲ့သို့ နေပူကြဲတဲမှာပင် ခရီးသွားစရာရှိပြန်သော်လည်း ထူးခြား၍ ပူသည်ဟု မထင်၊ အရိပ်၌နေသောသူကသာ ထိုအပူများ၏ ပူကြောင်းကို သိသကဲ့သို့ ထိုအတူ ရုပ်နာမ်တို့သည် မီးလောင် နေသလိုပူပါသည် ဟု ဆိုရာ၌ မိမိ ကိုယ်တိုင်ကပင် ရုပ်နာမ် တိုးပွါးအောင်ကြိုးစားနေသော ကာမဂုဏ်သမားဖြစ်နေခဲ့လျှင် ရုပ်နာမ် တွေ မီးလို ပူနေကြောင်းကို သဘောကျမည်မဟုတ်၊ မိမိကိုယ်တိုင်က အတော် အတန် အအေးဓာတ် ရအောင် တရားအားထုတ် နေသူဖြစ်မှသာ ရုပ်နာမ် ပူကြောင်းကို သဘောပေါက်နိုင် ပေမည်။ ထိုသို့ လောကီအာရုံ ကာမဂုဏ်နယ်တွင်းမှ မခွါနိုင်သေးသူတို့က ရုပ်နာမ် ခန္ဓာ၏ ပူလောင် နေကြောင်းကို သဘော မပေါက်နိုင်ကြသော်လည်း ရုပ် နှင့် နာမ် အမှန်ပင် ပူလောင် နေပါသည်။ ရုပ်နာမ် ခန္ဓာတို့ ပူလောင်သည်

မှာ ဝိပဿနာတရားကို လိုက်စားသူတိုင်း စားတွေ့မဟုတ်၊ လက်တွေ့ပင်ဖြစ်လေသည်။

**ရုပ်နာမ် ခန္ဓာပူလောင်ပုံ**

ရုပ်နှင့်နာမ်နှစ်မျိုးလုံး ပေါင်းစပ်မိနေသောအရာကို "သတ္တာ(လူစသည်)"ဟုခေါ်ထားရသည်။ (လူဟု ခေါ်ရ သော မိမိခန္ဓာကိုယ်၌စိတ်စိုက်ထားပါ) ဤခန္ဓာကိုယ်သည် အမိ ဝမ်းခေါင်း အောင်းသည်ကစ၍ ဖွါးမြင်သည့် တိုင်အောင် ဇာတိ ဒုက္ခ ဖြစ်နေရသဖြင့် ဇာတိမီး အလောင်ခံရ၏။ ဖွါးမြင်ပြီးနောက် နုနယ်သောအသားတွေကို ဟိုဟာသည်ဟာဖြင့်ထိခိုက် ခံရခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အတော် ကြီးပြင်း လာလျှင် လိုတာကို မရခြင်း၊ အမိ အဘ နှင့် ကွဲနေရခြင်း၊ ဝမ်းနဲဘွယ် တွေ့နေရခြင်း၊ ငိုရခြင်း၊ ကိုယ်ဒုက္ခ စိတ်ဒုက္ခ ဖြစ်ရခြင်း စသည်ကြောင့် ခန္ဓာ ကိုယ်မှာ ဒုက္ခမီးပူအမျိုးမျိုး အလောင်ခံနေရ၏။ ထိုအတွင်းမှာပင် မကျန်းမမာရောဂါ မီးပူအမျိုးမျိုး အလောင် ခံရသေး၏။ အိုမင်းလာလျှင် ဇရာမီး မရဏမီးတို့က လောင်ပြန်တော့၏။

အချုပ်မှာ-ပဋိသန္ဓေ တည်နေစကပင် စုတိကျအောင်မီး တဆဲ့တပါးအလောင်ခံနေရ၏ ဟု ဆိုလိုသည်၊ အားလုံး မျက်မြင်ပင်ဖြစ်တော့၏။ ထိုသို့ အထင် အရှား အပူမီးတွေ အလောင်ခံနေရရုံသာမက (နှမ်းအိုး ကင်းကို မီးကျီး ပေါ် တင်လိုက် သောအခါ တဖျစ်ဖျစ် တဖျစ်ဖျစ်မြည်လျက် နှမ်းလုံးတိုင်း ကျက်နေသကဲ့သို့) ဤ ခန္ဓာ ကိုယ်ဝယ် ရုပ်ဟူသမျှ နေရာမလပ် ပျက်၍နေရကား အချိန်ရှိသမျှ ရုပ်ခန္ဓာကို မရဏမီး လောင်နေ၏။ နာမ်ခန္ဓာကား ရုပ်ထက်ပင် အပျက် မြန်၍ မီးလောင် ခံရမှု များသေးသည်။

ဤနေရာ၌ ဥပမာတခု စည်းစားကြည့်ကြစို့၊ ရွာအိုကြီး

တရွာတွင် ကူးစက်တတ်သော အနာရောဂါဆိုးဖြစ်နေ၏။ လူတွေကား တယောက်ပြီးတယောက်သေနေကြ၏။ ထိုအတွင်းမှာ ကိုယ်ဝန်အရင့်အမာတွေကလည်း ဖွားမြင်နေကြသေး၏။ မီးဖွားပြီးသည်နှင့် တပြိုင်နက် အချိုမိခင်နှင့် ကလေးများလည်း ထိုကူးစက်သောရောဂါကြောင့်ပျက်စီးကြ၏။တချို့လည်း ကိုယ်ဝန်အရင့်အမာနှင့်မီးဖွားချိန်နီးနေပြီ၊ ဆွေတွေမျိုးတွေအတော်ပင်များစွာသေကြပြီးနောက် ထိုရောဂါကူးစက်လျက် ကျန်နေသေးသော တချို့ဆွေမျိုးများကို မိမိကိုယ်တိုင်လည်း ရောဂါဖြစ်လျက် မြင်နေရသော လူတယောက်သည် အဘယ်သို့ စိတ်ဖြစ်ရှာမည်နည်း၊ ဒုက္ခတွေ့ ဘလောင်ဆူနေကြသော ဤရွာကြီးကိုရင်း၊ ကျန်နေသေးသော ဆွေမျိုးတွေကိုရင်း၊ မိမိကိုယ်ခန္ဓာကိုရင်း မြှော်လင့်ချက် ရှိနိုင်ပါဦးမည်လော။ (တကယ်အဟုတ်တမ်း ကမ္မဋ္ဌာန်းကို အားထုတ်လျက် ပေါက်ရောက်ခါနီးဖြစ်နေသူ, ပေါက်ရောက်၍ အရိယာဖြစ်နေသူတို့သည် မိမိတို့ ခန္ဓာပေါ်မှာ တရံတခါ ကမ္မဋ္ဌာန်းစိတ်ဖြင့် ဆင်ခြင်၍ ကြည့်သောအခါ) ယခု ပြဆိုခဲ့သော ဥပမာသည် အကြမ်းစားသာဖြစ်သေး၏။

ဤခန္ဓာကိုယ်ကြီး၌ ဇာတိအစ မရဏာအဆုံးရှိသော မီးများအပြင် အချိန်ရှိသမျှ၌ ခဏတိုင်းပျက်နေသော ရုပ်နာမ်ခန္ဓာတို့၏ ပျက်နေပုံကိုမြင်နေကြသော ယောဂီပုဂ္ဂိုလ်တို့ကား တကိုယ်လုံး ဒုက္ခမီးလောင် ဖိစီးလျက်နေပုံကို မြင်ကြသဖြင့် ရရှိဆဲ ခန္ဓာကိုယ်ကိုလည်း မမြှော်လင့် မတောင့်တကြတော့ပေ။ မလွှဲသာ၍ ဖြစ်နေသော ဤရုပ်နာမ် ခန္ဓာကိုယ်ကိုပင် ငြီးငွေ့လှလေပြီ။ သူတို့အလိုဆန္ဒ ဖြစ်နေကြသည်ကား ဤရုပ်နာမ် အားလုံးတို့၌ အပြီးသတ်ကုန်ဆုံးစေလိုခြင်းပင်တည်း။

**အသင်္ခတဓာတ် မြတ်နိဗ္ဗာန်** ကမ္မဋ္ဌာန်းပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်နေသူ၏သန္တာန်၌ တဏှာသည် လုံးဝမရှိတော့ပြီ၊ တဏှာမရှိလျှင် နောင်တဘဝ ခန္ဓာအသစ်ကို မလိုလားတော့ချေ၊ ကံကြောင့် ခန္ဓာအသစ် ဖြစ်ရသော်လည်း ထိုကံသည် သူချည်းသက်သက် ခန္ဓာအသစ်ဖြစ်အောင် ပြုစီမံခြင်းငှာမစွမ်းနိုင်၊ တဏှာအဖော်ပါမှသာ စီမံနိုင်၏။ ထိုကြောင့် ရဟန္တာသန္တာန်၌ ပြုသမျှကောင်းမှုတွေသည် (အသီးမသီးသော လေပွင့်များကဲ့သို့) နောင်သံသရာဝယ် ခန္ဓာအသီးကို မသီးစေနိုင်တော့ရကား ရဟန္တာတို့၏ နောက်ဆုံး ရုပ်နာမ်ချုပ်သည်နှင့် တပြိုင်နက် (စုတိသည်နှင့်တပြိုင်နက်) ရုပ်နာမ်ခန္ဓာ အဆက်ပြတ်လေတော့သည်။ ရုပ်နာမ်ခန္ဓာ ဆက်ဘို့နေရာဝယ် ရုပ်နာမ်ခန္ဓာ မဆက်တော့ဘဲ "အသင်္ခတ ဓာတ်တမျိုး ထည်ရှိရစ်တော့သည်" ဟူလို(အသင်္ခတ=ကံလည်းမပြုရ၊စိတ်ဥတု အာဟာရတို့လည်းမပြုရဘဲ+ဓာတု=မိမိ၏ အေးငြိမ်းခြင်း သန္တိသဘောကို ဆောင်နိုင်သောဓာတ်)။

မီးလောင်စာ သစ်ပင်ခြောက်တွေ စုနေသော တောဝယ် လေတိုက်၍ သစ်ပင်ချင်းပွတ်မိလေရာ မီးတောက် ဖြစ်ပေါ်လာ၏။ လောင်စာသစ်ပင်တွေကုန်လျှင် ထိုမီးတောက်လည်း ငြိမ်းသွား၏။ဤ၌ မီးငြိမ်းအောင် တမင်္ဂလာမပြုလုပ်ရ၊လောင်စာကုန်လျှင်အလိုလိုမီးငြိမ်းသကဲ့သို့ ထို့အတူ ဇာတိမီးစသည်တို့၏လောင်စာဖြစ်သော ရုပ်နာမ်ခန္ဓာ ကုန်ဆုံးလျှင် အေးငြိမ်းခြင်း သန္တိသုခ ဖြစ်အောင် တမင်္ဂလာ ပြုဘွယ်မလို၊နဂိုရ်အတိုင်းပင် သန္တိသဘော ထင်ရှားနေတော့၏။ ထိုကြောင့်"ရုပ်နာမ်သည်ကံစသည်တို့စီမံပြုလုပ်မှ ဖြစ်ရသော သင်္ခတဓာတ်ဘည်း၊ အေးမြငြိမ်းချမ်းခြင်း သဘောကား ကံစသည်တို့ မပြုလုပ်ရသော အသင်္ခတဓာတ်တည်းဟု

မှတ်ပါ၊ထိုအသင်္ခတဓာတ်သည် ဇာတိမီးစသော မီးအပေါင်းတို့၏ လောင်ခြင်းကို မခံရသဖြင့် ပင်ကိုယ်သဘောအတိုင်း အေးမြငြိမ်း ချမ်းနေ၏။ထိုအသင်္ခတဓာတ်သည် ပျက်သွားသည်ဟူ၍ မရှိတော့ ရကား မြဲသော နိစ္စတရားဖြစ်ပေသည်။

ခံစားရသော ချမ်းသာကို ဝေဒယိတသုခခေါ်၍ မခံစား ရဘဲ အေးငြိမ်းချမ်းသာမှုကို သန္တိသုခဟုခေါ်သည်။ဝိပါက်ကမ္မဇ ရုပ်အကြွင်း မရှိသော အနုပါဒိသေသ အသင်္ခတနိဗ္ဗာနဓာတ်ဟု ဆိုလိုသတည်း။

**နိဗ္ဗာန်ကို မြင်နိုင်ခြင်း** နိဗ္ဗာန်ကို သိမြင်ဘို့မခက်၊ ဖြစ်ပျက်တရားနှစ်ပါး ၏ အပြစ်ကို သိမြင်ဘို့ခက်သည်။ ထိုစကားသည် မှန်၏။ မဖြစ်မပျက်ဆိုတဲ့နိဗ္ဗာန်ကို သိလိုမြင်လိုကြ မူ ဖြစ်ရုပ်နာမ်,ပျက်ရုပ်နာမ်တို့၏ အပြစ်ကိုသိရှိအောင် ဝိပဿနာ ဉာဏ်စက္ခုဖြင့် သတိပြု၍ အထပ်ထပ်ကြည့်ရှု၊ အကြင်အခါဖြစ်ရုပ် နာမ်,ပျက်ရုပ်နာမ်၏ အပြစ်ကိုသိမြင်ကြကုန်အံ့၊ ထိုအခါ မဖြစ် လျှင် မပျက်ပါတကားဆိုတဲ့ နိဗ္ဗာန်ကို သိမြင်နိုင်ကြလတံ့ ၊ "ကာ မိစ္ဆန္ဒာ န ပဿန္တိ၊နိဗ္ဗာနံ ကာမမန္တရေ" ဒေသနာနှင့်အညီ နိဗ္ဗာန် ကိုဝေဒယိတသုခတဏှာကြီး ဖုံးအုပ်ကွယ်ဝှက်ထားသည်။ ထိုဝေဒ ယိတသုခတဏှာ ဖုံးအုပ်ချက်ကို တဒင်္ဂခွါဖျက်နိုင်မူ အနုမာနသိဒ္ဓိ ဖြင့်, သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ခွါဖျက်နိုင်မူ ပစ္စက္ခသိဒ္ဓိဖြင့် နိဗ္ဗာန်ကို သိမြင်နိုင်၏။

ထိုစကားအရ၌ "ဖြစ်"ဆိုသည်ကား ရုပ်နာမ်နှစ်ပါး ဖြစ် မှု၊ခန္ဓာငါးပါးဖြစ်မှု၊ ထိုရုပ်နာမ်ခန္ဓာကို အမှီသဟဲအစွဲပြု၍ ခေါ် ဝေါ်ပညတ်သမုတ်အပ်သောငါဖြစ်မှု၊သူတပါးဖြစ်မှု၊ယောကျ်ား ဖြစ်မှု၊ မိန်းမဖြစ်မှု၊လူဖြစ်မှု၊နတ်ဖြစ်မှု၊ ဗြဟ္မာဖြစ်မှု၊ ရုပ်နာမ်ခန္ဓာ ရှိသမျှအကောင်တွေ ဖြစ်မှုကိုဆိုသည်။

"ပျက်"ဆိုသည်ကား ရုပ်နာမ်ခန္ဓာပျက်မှု၊ ခန္ဓာငါးပါးပျက်မှု၊ ထိုရုပ်နာမ်ခန္ဓာကို အမှီသဟဲအစွဲပြု၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ငါပျက်မှု၊ သူတပါးပျက်မှု၊ယောကျ်ားပျက်မှု၊ မိန်းမပျက်မှု၊ လူပျက်မှု၊ နတ်ပျက်မှု၊ ဗြဟ္မာပျက်မှု၊ ရုပ်နာမ်ခန္ဓာ ရှိသမျှ အကောင်တွေ ပျက်မှုကိုဆိုသည်။

"မဖြစ်"ဆိုသည်ကား ရုပ်နာမ်နှစ်ပါး မဖြစ်မှု၊ ခန္ဓာငါးပါးမဖြစ်မှု၊ ထိုရုပ်နာမ်ခန္ဓာကို အမှီသဟဲအစွဲပြု၍ ခေါ်ဝေါ် ပညတ် သမုတ်အပ်သောငါမဖြစ်မှု၊ သူတပါးမဖြစ်မှု၊ ယောကျ်ား ဖြစ်မှု၊ မိန်းမမဖြစ်မှု၊ လူမဖြစ်မှု၊နတ်မဖြစ်မှု၊ဗြဟ္မာမဖြစ်မှု၊ရုပ်နာမ် ခန္ဓာ ရှိသမျှ အကောင်တွေ ဘာကောင်မှ မဖြစ်မှုကို ဆိုသည်။

"မပျက်"ဆိုသည်ကား ရုပ်နာမ်နှစ်ပါးမပျက်မှု၊ ခန္ဓာငါးပါးမပျက်မှု၊ ထိုရုပ်နာမ်ခန္ဓာကို အမှီသဟဲအစွဲပြု၍ ခေါ်ဝေါ် ပညတ် သမုတ်အပ်သော ငါမပျက်မှု၊ သူတပါး မပျက်မှု၊ ယောကျ်ားမပျက်မှု၊ မိန်းမ မပျက်မှု၊ လူမပျက်မှု၊ နတ်မပျက်မှု၊ ဗြဟ္မာမပျက်မှု၊ ရုပ်နာမ်ခန္ဓာရှိသမျှ အကောင်တွေ ဘာကောင်မှ မပျက်မှုကို ဆိုသည်။

ဖြစ်လျှင်ပျက်ရမြဲ၊ ပျက်လျှင် ဆင်းရဲဒုက္ခတွေ့ရမြဲ၊ ထို ကြောင့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးခု အသစ်ဖြစ်ပေါ်လာမှုနှင့်တူ သော ဆင်းရဲဒုက္ခမည်သည် မရှိကြောင်းကို "နတ္ထိ ခန္ဓသမာ ဒုက္ခာ"ဟူ၍ ဗုဒ္ဓကဟောတော်မူ၏။ ။ မဖြစ်လျှင် မပျက်ရ၊ မပျက်လျှင် ဆင်းရဲဒုက္ခမတွေ့ရ၊ ထိုကြောင့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာ အသစ်မဖြစ်ပေါ်ဘဲ အမြဲငြိမ်းအေးမှုနှင့်တူသော ချမ်းသာမည် သည် မရှိကြောင်းကို"နတ္ထိ သန္တိသမာ သုခံ" ဟု ဗုဒ္ဓက ဟော တော်မူ၏။

ဘုံသုံးပါး၌ (ရာဂ,ဒေါသ,မောဟ,ဇာတိ,ဇရာ,မရဏ

သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသ ဟူသော, တဆဲ့တသီး သံသရာဝဋ်ဒုက္ခ အပူမီးတို့၏လောင်စာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာအသစ်ဖြစ်လာလျှင်ပျက်စီးရမြဲ၊ ဘာကြောင့်တဲ့နည်း၊ ပျက်စရာဝတ္ထုရှိသောကြောင့်တည်း၊ ပျက်လျှင် ဆင်းရဲဒုက္ခရောက်ရမြဲ၊ ဘာကြောင့်တဲ့နည်း၊ တဆဲ့တသီး ဒုက္ခအပူမီး လောင်သောကြောင့်တည်း၊ ဘယ်ကြောင့်လောင်ရသနည်း၊ လောင်စရာဝတ္ထုရှိသောကြောင့်တည်း။

မဖြစ်လျှင် မပျက်ရ၊ ဘယ်ကြောင့်တဲ့နည်း၊ ပျက်စရာဝတ္ထုမရှိသောကြောင့်တည်း၊ မပျက်လျှင်ဆင်းရဲဒုက္ခမရောက်ရ၊ ဘယ်ကြောင့်တဲ့နည်း၊ တဆဲ့တသီး ဒုက္ခအပူမီးမလောင်သောကြောင့်တည်း။ ဘယ်ကြောင့်မလောင်ရသနည်း၊ လောင်စရာဝတ္ထုမရှိသောကြောင့်တည်း။

ထိုစကားသည်မှန်၏၊ ရုပ်နာမ်နှစ်ပါးဖြစ်လျှင် ရုပ်နာမ်နှစ်ပါးပျက်၊ ခန္ဓာငါးပါးဖြစ်လျှင် ခန္ဓာငါးပါးပျက်။ ထိုရုပ်နာမ်ခန္ဓာကို အမှိုသဟဲအစွဲပြု၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ငါဖြစ်လျှင်ငါပျက်၊ သူတပါးဖြစ်လျှင် သူတပါးပျက်၊ ယောကျ်ားဖြစ်လျှင် ယောကျ်ားပျက်၊ မိန်းမဖြစ်လျှင် မိန်းမပျက်၊ လူဖြစ်လျှင်လူပျက်၊ နတ်ဖြစ်လျှင်နတ်ပျက်၊ ဗြဟ္မာဖြစ်လျှင် ဗြဟ္မာပျက်၊ ရုပ်နာမ်ခန္ဓာ ရှိသမျှအကောင်တွေဖြစ်လျှင် ရုပ်နာမ်ခန္ဓာရှိသမျှ အကောင်တွေပျက်၊ ပျက်လျှင် ဆင်းရဲဒုက္ခ တွေ့ကြုံရ၏။ တဆဲ့တသီး အပူမီးအလောင်ခံရ၏။ ထို့ကြောင့် 'ဖြစ်-ပျက်'တရား နှစ်းပါးကို သံတသံသရာဝဋ်ဒုက္ခဆိုသည်။

ရုပ်နာမ် နှစ်ပါး မဖြစ်လျှင် ရုပ်နာမ် နှစ်ပါး မပျက်၊ ခန္ဓာငါးပါး မဖြစ်လျှင် ခန္ဓာ ငါးပါး မပျက်၊ ထို ရုပ်နာမ် ခန္ဓာကိုအမှိုသဟဲအစွဲပြု၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ငါဖြစ်မ

လျှင် ငါမပျက်၊ သူတပါးမဖြစ်လျှင် သူတပါးမပျက်၊ ယောကျ်ား မဖြစ်လျှင် ယောကျ်ားမပျက်၊ မိန်းမ မဖြစ်လျှင် မိန်းမ မပျက်၊ လူမဖြစ်လျှင် လူမပျက်၊ နတ်မဖြစ်လျှင် နတ်မပျက်၊ ဗြဟ္မာမဖြစ်လျှင် ဗြဟ္မာမပျက်၊ ရုပ်နာမ်ခန္ဓာရှိသမျှ အကောင်တွေ ဘာကောင်မှ မဖြစ်လျှင် ဘာကောင်မှ မပျက်၊ မပျက်လျှင် ဆင်းရဲဒုက္ခမရောက်၊ တဆဲ့တသီး အပူမီးလည်း မတောက်လောင် ဘဲ အမြဲ ငြိမ်းအေးချမ်းသာရ၏။ ထို့ကြောင့် 'မဖြစ်–မပျက်' တရားနှစ်ပါးကို အသင်္ခတသန္တိသုခဟုဆိုသည်။

ဤတွင် ဖြစ်ပျက် တရား နှစ်ပါးဖြင့် သင်္ခတ သံသရာဝဋ္ဋ ဒုက္ခကို ပိုင်းခြား၍ မဖြစ်မပျက် တရား နှစ်ပါးဖြင့် အသင်္ခတ သန္တိသုခကို ပိုင်းခြား ပြဆိုခြင်းပေတည်း။ ထို့ပြင် "ရှင်သေ–ဖြစ်ပျက် ရကုန် ဆုံကွဲ" ဆိုတဲ့ ဆောင်ပုဒ်တရားကလေးကိုလည်း ဆက်လက်၍ နှလုံးသွင်း ဆောင်ရွက် လေ့လာ ပါလေ။ ထို ရုပ်နာမ် နှစ်ဖြာ ခန္ဓာ ငါးခု တခါတည်းအပြီး အငြိမ်းကြီး ငြိမ်းအေးမှုကိုပင် နိဗ္ဗာန် ချမ်းသာဟု ဆိုသည်မှတ်ကြလေ။

**နိဗ္ဗာန်ချမ်းသာ ခံစားပုံ**

လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ များမှာ သိသာ ထင်ရှား၏။ ဝိသာခါ အနာထပိဏ် တို့ကဲ့သို့ ဘုံစဉ်စံ အရိယာ ပုဂ္ဂိုလ်တို့မှာ နိဗ္ဗာန် ချမ်းသာကို အဘယ်သို့ ခံစားရသနည်း ဟူမူကား ဒိဋ္ဌိအမျိုးမျိုး ဒုစရိုက်အမျိုးမျိုး ရှိနေကြသောသူတို့ကို မြင်တိုင်း မြင်တိုင်း ကြားတိုင်းကြားတိုင်း ငါတို့မှာ ဤကဲ့သို့သော ဒိဋ္ဌိအမျိုးမျိုး ဒုစရိုက်အမျိုးမျိုးတို့မှ ဘဝအဆက်ဆက် လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ရခြင်း၊ ခွေး ဝက် ကြက် ငှက် အစရှိသော အပါယ် ဘုံသားတို့ကို တွေ့မြင်ရသောအခါ ငါတို့မှာ ဤကဲ့သို့သော အပါယ်ဒုက္ခမှ ဘဝ အဆက်ဆက် လွတ်ငြိမ်း ရပေပြီ ဟု ဝမ်း

ပြောက်ခြင်းသည် နိဗ္ဗာန်ချမ်းသာကို လက်တွေ့ခံစားရခြင်း မည်၏။ နတ်ဖြစ်ရာ ဗြဟ္မာဖြစ်ရာတို့၌လည်း ထို့အတူပင် မှတ်ယူအပ်ပေသည်။

ဤလွတ်ငြိမ်းချမ်းသာမှု ဟူသော နိဗ္ဗာန်ချမ်းသာကြီးသည် ရှေးအနမတဂ္ဂ သံသရာမှ တကြိမ်တခါ ခံစားရဘူးသော ချမ်းသာမျိုးမဟုတ်၊ ယခုဘဝမှစ၍လည်း နောင်ဘဝ အဆက်ဆက်တို့၌ ပျက်ဆုံးခြင်းမရှိ၊ နိစ္စ ထာဝရ တည်ရှိ၍ သွားသော ချမ်းသာကြီးပေတည်း။ ထို့ကြောင့် လွတ်ငြိမ်းမှု ဟူသော နိဗ္ဗာန်ချမ်းသာသည် အနိစ္စဓမ္မမျိုးဖြစ်သော လူမင်းချမ်းသာ, နတ်မင်းချမ်းသာ, ဗြဟ္မာမင်းချမ်းသာ မျိုးတို့ထက် အသိန်းအသန်းမက တုမရအောင် သာလွန် ကောင်းမြတ်သော ချမ်းသာကြီး ပေတည်း။ ဤကား သောတာပန်များ ဘဝအဆက်ဆက် နိဗ္ဗာန်ချမ်းသာကို ခံစား၍ သွားပုံတည်း။

**ပေါက်ရောက်ရန်အချိန်** ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ၊ သတ္တဝဿာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။ (မဟာသတိပဋ္ဌာနသုတ်ပါဠိတော်) အဓိပ္ပါယ်ကား သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာကမ္မဋ္ဌာန်းကို ယုံကြည်သောစိတ်ဖြင့် ပြဆိုခဲ့သောနည်းလမ်းအတိုင်း ဖြောင့်မှန်စွာ အားထုတ်ပါလျှင် ၇-နှစ်အတွင်း အရဟတ္တဖိုလ်သို့ရောက်နိုင်၏။ အလျော့ဆုံး အနာဂါမ်ဖြစ်နိုင်၏ဟု ဆိုလိုသည်၊ အကြာဆုံး အလွန်ဆုံးကိုဟောသော ဥက္ကဋ္ဌ ဒေသနာတော်တည်း။ တလ, လခွဲ, ခုနစ်ရက်မျှအားထုတ်ရုံနှင့်လည်း ရနိုင်သည်ဟုမှတ်အပ်၏။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အဟုတ်အမှန်ကို လိုလားကြသူတို့သည် အယုတ်ဆုံးတလ, တဆဲ့

ငါးရက်ခန့် လောကီအလုပ်ကို ပယ်ရှားရပ်ဆိုင်းထား၍ မနား မနေ စမ်းသပ်ပွါးများအပ်ပေသည်။

ဧင်းပြင် မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရဝဂ်ဝ္ဂ်မှု ကား ငါဘုရား ဟောတိုင်း ဝိပဿနာအလုပ်ကိုအားထုတ်ပါလျှင် ၇-ရက်ကိုမဆို ထားဘိ၊ ၅-ရက်, ၆-ရက်မျှဖြင့်လည်း တရားထူးကိုရနိုင်လတံ့၊ ၄-ရက်, ၃-ရက်, ၂-ရက်, ၁-ရက်မျှဖြင့်လည်း တရားထူးကိုရနိုင် လတံ့ဟု ဟောတော်မူလေသည်။ တဖန် ငါဘုရားတည်းဟူသော ကလျာဏမိတ္တကိုရရှိ၍ ပဓာနိယင်္ဂတရားငါးပါးနှင့် ပြည့်စုံခဲ့ပါ လျှင် နံနက်အခါ၌ ဆုံးမလိုက်သည်ရှိသော် ညနေချမ်းအခါ၌, ညနေချမ်းအချိန်၌ ဆုံးမလိုက်သည်ရှိသော် နံနက်အခါ၌ တရား ထူးကိုရနိုင်လတံ့ဟု ဟောတော်မူ၏။ “အကာလိကော” တရား ဂုဏ်တော်ပုဒ်သည် အခါမလင့် မင့်မဆိုင်းဘဲ အားထုတ်တိုင်း အကျိုးပေးသည် ဆိုသဖြင့် တရားထူးရနိုင်ရန် အချိန်ကာလ၏ မြန်ပုံကို ယုံကြည်စွာမှတ်သားသိရှိရာ၏။

အထူးမှာ(သဗ္ဗမှိ စေတံ မဇ္ဈိမသာဝေနေယျ ပုဂ္ဂလဝသေန ဝုတ္တံ)အရ၊ အကြာဆုံး ၇-နှစ်၊အမြန်ဆုံး ၇-ရက်ဟု ပိုင်းခြားခြင်း သည် အလယ်အလတ်ပုဂ္ဂိုလ်များအတွက်ဖြစ်သည်ဟု အဋ္ဌကထာ ဆရာမိန့်၏။ ထိုစကားအရ ထို့ထက် အယုတ်အလွန်များကို ပါရမီအနုအရင့်အလိုက် ဖြစ်သင့်သောကြောင့်ဟူ၍ မှတ်ယူသင့် ပေသည်။

**ပါရမီပြည့်မပြည့် ကို သိရှိရန်**

ယခုခေတ်အခါသည် ပါရမီရင့်,မရင့်,ကျွတ် ထိုက်, မကျွတ်ထိုက် စသည်ဖြင့် တွေးတောယုံမှားနေကြသူများအတွက် ထိုပုဂ္ဂိုလ်အ ပြားကို အင်္ဂုတ္တိုရ်,ပုဂ္ဂလပညတ်ပါဠိတော်များလာ ဘုရားဟော ဒေသနာတော်ဖြင့် သိအပ်၏။ ဘုရားရှင်တို့၏ သာသနာတော်

နှင့် တွေ့ကြုံကြသော ပုဂ္ဂိုလ်တို့သည် ၁-ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ၂-ဝိပဉ္စိတညူပုဂ္ဂိုလ်၊ ၃-နေယျပုဂ္ဂိုလ်၊ ၄-ပဒပရမပုဂ္ဂိုလ်ဟူ၍ လေးမျိုးလေးစားရှိကုန်၏။ ထိုလေးမျိုးတို့တွင် သက်တော်ထင်ရှား ဘုရားရှင်တို့နှင့်ကြုံတွေ့ရ၍ တခုသောတရားကို အကျဉ်းမျှကြားရသောအဆုံး၌ မဂ်ဖိုလ်သို့ပေါက်ရောက်သူသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်မည်၏။ အကျဉ်းမျှဖြစ်သော တရားဒေသနာကို ကြားနာရပြီးသောအဆုံး၌ မဂ်ဖိုလ်သို့မရောက်ဘဲ ထိုဒေသနာတော်ကို အကျယ်ဝေဘန် ဟောကြားသဖြင့် နာခံမှတ်သားသောအဆုံး၌ မဂ်ဖိုလ်သို့ ပေါက်ရောက်သောသူသည် ဝိပဉ္စိတညူပုဂ္ဂိုလ်မည်၏။ ဒေသနာတော် အကျဉ်းအကျယ် ဟောကြားသည်ကို ကြားနာရသောအဆုံး၌ မပေါက်မရောက်သေး၊ ဒေသနာတော်လာအတိုင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်မှ ပေါက်ရောက်သောသူသည် နေယျပုဂ္ဂိုလ်မည်၏။ ဝိပဿနာအလုပ်ကိုအားထုတ်သော်လည်း ယခုဘဝ၌ မဂ်ဖိုလ်သို့ မပေါက်ရောက်နိုင်သောသူသည် ပဒပရမပုဂ္ဂိုလ်မည်၏။

ယခုအခါ နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ် နှစ်မျိုးသာရှိတော့သည်။ ထိုပုဂ္ဂိုလ်နှစ်မျိုးတွင် နေယျပုဂ္ဂိုလ်သည် တရားကို အားထုတ်ရာ၌ ပါရမီအရင့်အနု, ဝီရိယအထက်အနုံ့ သို့လိုက်၍ ၇-ရက်, တလကျင့်သဖြင့်ရခြင်း၊ အနှစ်သုံးဆယ်, အနှစ်ခြောက်ဆယ်ကျင့်နိုင်မှရခြင်းစသည်ဖြင့် အဆင့်ဆင့်အစားစား များပြားလေသည်။ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် အထက်သုံးမျိုးသည် ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်မည်၏။ အောက်ဖြစ်သော ပဒပရမပုဂ္ဂိုလ်သည် မကျွတ်ထိုက်သော ဒွိဟိတ်ပုဂ္ဂိုလ်မည်၏။

ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်မျိုးကို ပါရမီရင့်သူခေါ်ခေါ်၍ မကျွတ်ထိုက်သော ဒွိဟိတ်ပုဂ္ဂိုလ်မျိုးကို ပါရမီနုသူဟု

ဆိုရလေသည်။ စင်စစ်မှာ-တရားကိုအားမထုတ်ဘဲဒိဋ္ဌိဟိတ်, တိဟိတ်, ပါရမီနု, ပါရမီရင့်ဟူ၍မသိနိုင်ပေ၊ အကယ်၍ပါရမီနုသောဒွိဟိတ်ဖြစ်၍ မဂ်ကျွတ်ထိုက်ပုဂ္ဂိုလ် ထင်ပါလျှင် တရားကိုအားမထုတ်ဘဲနေသဖြင့် ဗူးသီး, ခရမ်းသီးများကဲ့သို့ အလိုအလျောက် လေတိုက်တိုင်း ကြီးပွါးရင့်မာလာသည်မဟုတ်၊ ဆိုခဲ့သည့်အတိုင်း ဆုတောင်းနေရုံမျှဖြင့်လည်း ပြီးစီးပြည့်စုံနိုင်မည်မဟုတ်သဖြင့် ပါရမီရင့်၍ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်အဖြစ်သို့ရောက်အောင် တရားကို ကြိုးစားအားထုတ်ရလေသည်။ ဈာန်မဂ်ဖိုလ်အန္တရာယ်ငါးပါးတို့တွင် တိဟိတ်ပုဂ္ဂိုလ်မှ တရားထူးကိုရနိုင်သဖြင့် ဒွိဟိတ် အဟိတ် ပဋိသန္ဓေတို့မှာ ဝိပါကအန္တရာယ် ဖြစ်ကြောင်းကိုရင်း၊ ဒွိဟိတ်, တိဟိတ်၏ အဓိပ္ပါယ်ကိုရင်း အောက်က ရှင်းလင်းညွှန်ကြား ရေးသားခဲ့လေပြီ။

ပါရမီရင့်၍ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်သည်လည်း နိယတ, အနိယတဟူ၍ နှစ်မျိုးရှိလေသည်၊ ထိုနှစ်မျိုးတို့တွင် အနာထပိဏ်, ဝိသာခါ စသည်တို့ကဲ့သို့ ဘယ်ဘုရားလက်ထက် ဘယ်အခါတွင် ဘယ်အဖြစ်မျိုးနှင့် မဂ်ဖိုလ်ကိုရလိမ့်မည်ဟူ၍ ရှေးဘုရားတို့လက်ထက်၌ဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်မျိုးသည် အမှားအလွဲ မရှိနိုင်တော့ဘဲ အမှန်ပင်မြဲလေသောကြောင့် နိယတပုဂ္ဂိုလ်မည်၏။ ဒေဝဒတ်, အဇာတသတ်စသည်တို့ကဲ့သို့ ဗျာဒိတ်မရသောသူများမှာ ကလျာဏမိတ္တနှင့်ပေါင်းမိလျှင် မဂ်ဖိုလ်ကိုရနိုင်၍ ပါပမိတ္တနှင့်ပေါင်းမိပြန်လျှင် မဂ်ဖိုလ်ကိုမရနိုင်တော့ဘဲ ချော်လွဲသဖြင့် မမြဲလေသောကြောင့် အနိယတပုဂ္ဂိုလ်မည်၏။

ထိုသို့ ပါပမိတ္တနှင့်ပေါင်းမိ၍ မကောင်းမှုကံကြီးတို့ကိုပြုမိပြန်လျှင်လည်း ရင့်ပြီးသောပါရမီတို့သည် တခါတည်းပျက်ပြား၍ အပါယ်သို့သွားရပြန်လေသည်။ ထိုကြောင့် ပါရမီနုသောဒွိဟိတ်

ပဒပရမပုဂ္ဂိုလ်ဖြစ်လေသလောဟုတွေးတောခြင်းမပြုဘဲနှလျှင်ရင့်အောင်၊ဒွိဟိတ်ဘဝက တိဟိတ်ဖြစ်အောင်၊ ပဒပရမဖြစ်လျှင် နေယျဖြစ်အောင်၊ နေယျဖြစ်လျှင် ယခုဘဝမဂ်ဖိုလ်ရအောင်၊ဝိပဿနာအလုပ်ကိုသာ အခွင့်သာတိုင်း အား ထုတ် သင့် လှ ပေ သည်။ အချုပ်မှာ- သာသနာဟူသော ခေတ်ကာလကောင်း၌ များသောအားဖြင့် ပါရမီရင့်သူ, တိဟိတ်ဖြစ်သူ, ကျွတ်ထိုက်သူတို့သာ အခန့်သင့်တွေ့ကြုံ၍ ဖြစ်ပေါ်လာနိုင်ကုန်ရာ၏။ ပါရမီနု၍ မကျွတ်ထိုက်သောသူများမှာမူကား-သာသနာနှင့်တွေ့ကြုံရန်ပင် လွန်စွာခဲယဉ်းလေတော့၏ဟု မှတ်ယူအပ်ပေသည်။ ဤကား ပါရမီပြည့်, မပြည့်ကိုသိရှိရန် ပြဆိုချက်ပေတည်း။

**ဘုရားတည်ရှိနေပုံ ပြဆိုခြင်း**

တနည်းအားဖြင့် စည်း စား ဆင် ခြင် ရန် မှာ ဘုရားပရိနိဗ္ဗာန်စံခါနီး အရှင်အာနန္ဒာသည် ယခုအခါငါတို့၌ ဆရာမရှိတော့သဖြင့် အထက်မဂ်ဖိုလ်ကို မရနိုင်တော့ပြီဟု ကြံစည်ပူဆွေး ငိုကြွေးနေရာ ငါဘုရားပရိနိဗ္ဗာန်ပြုသော်လည်း သင်တို့ကို ဆုံးမပေးမည့် ဆရာရှိကြောင်း၊ ထိုဆိုဆုံးမသောအတိုင်း ကျင့်ကြံ လိုက်နာပါလျှင် လျင်မြန်စွာပင် မဂ်ဖိုလ်ကိုရနိုင်ကြောင်းဖြင့်"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဒေသိတော ဝိနယော စ ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာတိ"ဟူသော ဒေသနာတော်များကို သတိပြုသင့်ပေသည်။

ထိုပရိနိဗ္ဗာနသုတ် အဓိပ္ပါယ်မှာ ငါဘုရား ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေဟောထားသောတရားတော်အတိုင်းလိုက်နာကျင့်ကြံအားထုတ်လျှင် အမှန်ပင်မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်သည်။ ငါဘုရား ထင်ရှားရှိသော်လည်း တရားကိုမကျင့်လျှင် မဂ်ဖိုလ်ကိုရနိုင်မည်မဟုတ်၊ ယခုအခါငါဘုရားတဆူတည်းသာလျှင် သင်တို့အားဆုံး

မလေသည်။ ငါဘုရားပရိနိဗ္ဗာန်စံလွန်လျှင်ကား ဘုရားပေါင်းရှစ်သောင်းလေးထောင် ဆုံးမတော်မူလိမ့်မည်ဟု ဆိုလိုသတည်း။

ထိုကြောင့် သာသနာတော်နှင့် တွေ့ကြုံကျိုးနပ်အောင် အယုတ်ဆုံးအားဖြင့် တမင်တဖိုလ်မျှကိုသော်၎င်း၊ ပရမတ်ရုပ်နာမ်တရားမှန်ကိုဝိပဿနာဉာဏ်အမြင်သန်သောစူဠသောတာပန်အနေမျှလောက်ကိုသော်၎င်း ကိုယ်တိုင်ပေါက်ရောက်ခံစား၍ အနာဂတ်နောင်ဘဝများ၌ အားကိုးအားထားရစေခြင်းငှါ ခေတ်ကာလကျွတ်ထိုက်မှုနှင့် ဒိဋ္ဌိဟိတ်-တိဟိတ်ဟူသော ပါရမီအနု အရင့်တို့ကို အာရုံမပြု အမှုမထားမူ၍ ရန်သူနိုးကပ်လာသောသူ ကဲ့သို့ အရေးတကြီး စိတ်စွဲလမ်းပြီးလျှင် သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို မြဲမြံသောဝီရိယအစွမ်းဖြင့် လျင်မြန်စွာ ကြိုးပမ်းအားထုတ်သင့်လှပေသတည်း။

သစေ သမ္မာဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာတထံ။
ပါပုဏေယျုံ ဖလင္ဂံ ပိ၊ အစိရမ္ပိဓ သာသနေ။

သတိပဋ္ဌာနေ- သတိပဋ္ဌာန်၌၊ ယထာတထံ- အနက်အဓိပ္ပါယ်လာ ဟုတ်မှန်ရာသောအတိုင်း၊သစေသမ္မာဝိဟရေယျုံ- ဖြောင့်မှန်သောနည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို အကယ်၍ ကြိုးပမ်းတကုတ် အားထုတ်နေကုန်ငြားအံ့။ ဣဓသာသနေ- ဤဘုရားသာသနာတော်၌၊ အစိရံပိ- မနှေးမကြာလျှင်မြန်စွာသာလျှင်၊ ဖလင္ဂံပိ- အရဟတ္တဖိုလ်သို့လည်း၊ ပါပုဏေယျုံ- ပေါက်ရောက်နိုင်ကြကုန်ရာသတည်း။

**ဥယျောဇဥ်ဂါထာ တိုက်တွန်းခြင်း**

အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လမန္တနံ။ တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။ ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

ဘိက္ခဝေ- သံသရာဘေး လာမည်ရေးကို မြော်တွေးထောက်ရှု အို-ဘိက္ခုတို့၊ သလ္လမန္တန်-ကာမရာဂ စသည်ခပင်း ငြောင့်တံသင်းတို့ကို ပယ်ရှင်းနုတ်သိမ်း၍ ချုပ်ငြိမ်း အေး မြ ရာ မှန် သော နိဗ္ဗာန်ရွှေပြည်မြတ်ကို၊ အညာယ- သဗ္ဗညုတဉာဏ်ဖြင့် ဟုတ်မှန် ထင်လင်း ထိုးထွင်းသိမြင်တော်မူပြီး၍၊ မဂ္ဂေါ-အရိယာပုဂ္ဂိုလ်မြတ်တို့ မပြတ်သွားလာရာခရီးဖြစ်သောလမ်းမကြီးကို၊ ဝေါ-သင်ချစ်သား, သင်ချစ်သမီးတို့အား၊ မယာ-ငါဘုရားသည်၊ အက္ခာတော-ညွှန်ပြသောအားဖြင့် ဟောကြားတော်မူအပ်လေပြီ။ တထာဂတာ- တထာဂတ နာမမည်တွင် ဘုရားရှင်တို့သည်၊ အက္ခာတာရော-မဂ်ခရီးလမ်းမှန် ကျင့်တတ်ရန်ကို မထိမ်မချန် ကျကျနန ဟောပြရုံသာ ဟောပြခြင်းငှါစွမ်းနိုင်တော်မူကြလေကုန်၏။ ဝါ-သောတာပန်စသည်ဖြစ်အောင် စင်စစ်ပြုလုပ်၍ မပေးနိုင်ကြကုန်လေပြီ၊ တုမှေဟိ- မဂ်ဖိုလ်လိုလား သင်ချစ်သား, ချစ်သမီးတို့သည်၊ အာတပ္ပံ- ဣန္ဒြေခြောက်တန် မဟာသတိပဋ္ဌာန်အလာ ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတို့၌၊ အဇ္ဈတ္တဗဟိဒ္ဓ သြဠာရိကသုခုမ ဟီနပဏီတ ဒူရသန္တိက အာရုံကျဆိုက် အခိုက်အခိုက်၌သိအောင် လိုက်၍ရှုမှတ်သော လုံ့လဝီရိယကို၊ ကိစ္စံ-မနား မနေပြုသင့်ပေ၏။ ပဋိပန္နာ-ပြုကျင့်ကြကုန်သော၊ ဝါ-မြင်တိုင်း,ကြားတိုင်း,နံတိုင်း,စားတိုင်း,ထိတိုင်း,သိတိုင်းစသည်ကို သိအောင်လိုက်၍မှတ်ကြကုန်သော၊ ဈာယိနော-နာမရူပပရိစ္ဆေဒဉာဏ်အစ မဂ်ဉာဏ်ဖိုလ်ဉာဏ်အရ ပစ္စဝေက္ခဏာဉာဏ်သို့ကျအောင် ရှုမှတ်နိုင်ကြကုန်သော သင်ချစ်သား, ချစ်သမီးတို့သည်၊ မာရဗန္ဓနာ-တထောင့်ငါးရာ ကိလေသာမာရ်မင်း နှောင်ဖွဲ့ခြင်းမှ၊ ပမောက္ခန္တိ-သောတာပန်, သကဒါဂါမ်, အနာဂါမ်နှင့်ရဟန္တာအစစ် အဆင့်ဆင့်ဖြစ်၍ ကင်းလွတ်ကြလေကုန်သတည်း။

ဤဥယျောဇဉ်ဂါထာ၏ အဓိပ္ပါယ်မှာ ကိလေသာငြောင့်တံကျင်တို့ ကင်းစင်ငြိမ်းအေးရာ မှန်သော နိဗ္ဗာန်ကို သဗ္ဗညုတဉာဏ်တော်ဖြင့်သိမြင်၍၊ ထိုနိဗ္ဗာန်သွားရာလမ်းခရီးကို ငါဘုရားဟောကြားတော်မူ၏။ ဘုရားတို့မည်သည် ဟောပြရုံသာတတ်နိုင်ကုန်၏။ မဂ်ဖိုလ်သို့ရောက်အောင် ဆွဲဆောင်ယူငင်၍ မပို့တတ်၊ မဂ်ဖိုလ်ချမ်းသာကို အလိုရှိသောသူသည် သတိပဋ္ဌာန်လာသောနည်းအတိုင်း ကိုယ်အမူအရာစသည်ကို ရှုမှတ်အပ်၏။ ဋ္ဌာန်ခြောက်ပါးစသည်ကိုမှတ်အပ်၏။ ဤသို့ အခိုက်အတန့်ကျအောင်မှတ်နိုင်ပါလျှင် ကိလေသာဘေးရန်အပေါင်းမှ လွတ်မြောက်ပြီး ဝိပဿနာဉာဏ်စဉ်အတိုင်း တိုးတက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ အမှန်ပင်ပေါက်ရောက်လိမ့်မည်ဟု ဆိုလိုသတည်း။ ဤကား တိုက်တွန်းခြင်းဥယျောဇဉ်ကို ပြဆိုချက်ပြီး၏။

## ဝိပဿနာရေစက်ချ

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒ္ဒယမုတ္တမံ။
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ကျမ်းဝယ်ဂါထာ လာသည့်စကား နှလုံးထားဆင်ခြင်လျက်၊ အရှင်ဘုရား-ဖေါက်ပြန်တတ်သော ရုပ်တရား၊ အာရုံကိုသိတတ် အာရုံသို့ ညွှတ်တတ်သော နာမ်တရား၊ ဤရုပ်တရားနာမ်တရား နှစ်ပါးတို့၏ အပေါင်း အစု အလုံး အခဲ အတွဲ အတုံးကြီးမျှသာ၊ ငါသူတပါး ယောကျ်ာ မိန်းမ လူနတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ အသက်အရှင် အကောင် အထည် မဟုတ်၊ တစုံတရာ လို့လ ဗျာပါရကို မပြု မလုပ်တတ်၊ သူ့သဘာဝ ဓာတ်အတိုင်း ဖြစ်ချင်သလိုဖြစ်၊ ပျက်ချင် သလိုပျက်၊ ပျက်စီး ကုန်ခန်းတတ်သော အနိစ္စသဘော၊ အဖြစ်အပျက် ဘေးနှိပ်စက်၍နေ

သော ဒုက္ခသဘော၊ အလိုမလိုက်အစိုးမရ အနှစ်သာရ မရှိသော အနတ္တသဘော၊ ငါးပါးသောခန္ဓာ နှစ်ဖြာသော နာမ်ရုပ်အစုကို ငါကောင် သူကောင် ယောကျ်ား မိန်းမဟူ၍ ပညတ်တင်ကာ ခေါ်ဝေါ်သမုတ်၍ နေကြပါသော အကျွန်ုပ်တို့သည် ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်တို့ ချားရဟတ်လည်ကာ အခါခါ ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း၊, အပါယ် လေးပါး သို့လားရခြင်းစသော ဘေးဒုက္ခ အပေါင်းတို့၏ ထောင်းထု နှိပ်စက်ရာ၊ ကြောက်မက် ဖွယ်ကောင်းလှပါသော သံသရာ ပင်လယ်ကြောမှ ဆောလျင်စွာ ကူးတက်ပါရခြင်း အကျိုးငှာ၊ သရဏဂုဏ် သုံးဖြာနှင့် တကွ သီလတော်မြတ်ကို ခံယူဆောက်တည်ပြီးလျှင် အရှင်ကောင်း အရှင်မြတ်တို့အား ဓာတ်ကြီးလေးပါး အစုအဝေးမျှ သာဖြစ်၍ ခက်မာနူးညံ့ခြင်း ပထဝီဓါတ်၊ ယိုစီးဖွဲ့စည်းခြင်း အာပေါဓာတ်၊ အပူအအေး တေဇောဓာတ်၊ လှုပ်ရှားထောက်ကန်ခြင်း ဝါယောဓာတ် အရေကလာပ် အဖတ်ကလာပ်တွေသာ ဖြစ်ပြီးလျှင် နှမ်းလှော်တွေ ပေါက်ပေါက်လှော်တွေကဲ့သို့၊ တစ်ဖျစ်ဖျစ်, တဖြောက်ဖြောက်, ရုပ်ဟောင်းတွေ ပျောက်ပျက်လျက် ရုပ်သစ်တွေရောက်ခါ ဖြစ်ပျက်မစဲ အမြဲမရှိပါသော ဤ လူ့ဘဝယ်ဝတ္ထုပစ္စည်းစုတို့ကို ကြည်ညိုယုံကြည်မှုသဒ္ဓါ၊ အဖြစ်အပျက်ကို ဆင်ခြင်မှု ဝိပဿနာပညာ၊ အဖြာဖြာသော ကုသိုလ်ဇော, စေတနာတို့ဖြင့် ကောင်းမွန်စွာ လှူဒါန်းဆက်ကပ်ပါကုန်၏ အရှင်ဘုရား။

ဤသို့ လှူဒါန်း ပူဇော်ရသော သံသရာမှ မြန်စွာထွက်မြောက်လိုသည့် ဝိဝဋ္ဋနိဿိတဒါနကုသိုလ်၊ ဆောက်တည်ကျင့်သုံးရသော သီလ ကုသိုလ်၊အဖြစ် အပျက် လက္ခဏာရေး သုံးပါးသို့တင်၍ ဆင်ခြင်ပွားများရသော ဝိပဿနာပညာကုသိုလ်ထိုထို

သောကုသိုလ်ဇောစေတနာတို့သည် မဂ္ဂသစ္စာအဝင်အပါဖြစ်၍ ဘုံသုံးဖြာ၌ တွယ်တာနှစ်သက်တတ်သော သမုဒယသစ္စာ တဏှာ တရားတို့ကို ထိုမဂ္ဂသစ္စာတည်းဟူသော သံလျက်ထားဖြင့် ဖြတ် တောက် ဖယ်ရှားလျက် ဘုံသုံးပါး၌ဖြစ်သောဒုက္ခသစ္စာဆင်းရဲ အပြားပြားတို့သည် ကင်းကွာချုပ်ငြိမ်းပြီးလျှင် တဆဲ့တသီး ဒုက္ခ မီးတို့၏အပြီးငြိမ်းအေးရာ မအိုမသေ အမြဲနေရာ၌ ဖြစ်သောနိရော ဓသစ္စာ၊သန္တိသုခ သဘာဝဖြစ်၍ အငြိမ်းကြီးငြိမ်းအေးရသည့် အ မတချမ်းသာကို လျှင်မြန်ဆောစွာ ရရှိရပါလို၏ အရှင်ဘုရား။

ဤကုသိုလ်၏ အဘိုဘာဂကို ကိုယ်စောင့်နတ်ကအစထား ၍ အထက်ကိုဘဝဂ်,အောက်ကိုအဝီစိ,အနန္တစကြာ ဖိလာထုတ် ချင်း အကြွင်းမရှိ သုံးဆဲ့တဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါ အပေါင်းတို့အား ရေစက်သွန်းချအမျှပေးဝေပါကုန်ပ၏ အရှင် ဘုရား။ထိုသတ္တဝါတို့သည် တပည့်တော်တို့နှင့် ကုသိုလ်၏ အဘို ဘာဂကို ထပ်တူထပ်မျှ ရယူကြကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်း သာ သာဓုအနုမောဒနာ ခေါ်နိုင်ကြသည် ဖြစ်ကြပါစေကုန် သောဝ်....အမျှဗျို့....အမျှ....အမျှ....အမျှ။

---

## အဘိပတ္ထနာဂါထာ

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊
ယုတ္တံ ဂဏှေယျ ပဏ္ဍိတော။
အယုတ္တံ စေ ဝိသဇ္ဇေယျ၊
မာနဒေါသံ န စာကရေ။

ပဏ္ဍိတော- ပညာရှိပြား ပုဂ္ဂိုလ်များသည်၊ ယုတ္တာယုတ္တံ- သင့်မသင့်ကို၊ ဝိစိန္တေယျ- ထောက်ချင့်ဧနာ အထူးသဖြင့်

ကြုံကြရာ၏။ စေယျတ္တံ-အကယ်၍သင့်ငြားအံ့၊ ဂဏှေယျ-မှတ်ယူရာ၏၊ စေအယုတ္တံ-အကယ်၍ မသင့်ငြားအံ့၊ ဝိသဇ္ဇေယျ-စွန့်ရာ၏၊ မာနဒေါသံ-ထောင်လွှားတက်ကြွ မာန်ဒေါသကို၊ နစာကရေ-မတက်မကြွ မထွက်ကြစေရာ။

**မှတ်ချက်။** ။ဤ"စံပြဝိပဿနာကျမ်း"သည် ၁၃၃၁-ခု နယုန်လပြည့် မဟာသမယနေ့ နေလွဲ ၁-နာရီ၊ မိနစ် ၃၀-အချိန်တွင် စက်တင် ပုံနှိပ်မှုကျအောင် အချောကိုင် အပြီးတိုင်ရောက်လတ်သတည်း။

**ဣတိသိဝံ**

---

## ကျမ်းပြီးနိဂုမ်းချုပ်

**စံပြဝိပဿနာ** .... ဘာဝနာဟု၊ သာတူညီမျှ၊ မြန်မာ့နည်းသစ်၊ ဆိုရှယ်ခေတ်တွင်၊ ထင်ရှားပေါ်လာ၊ ရွှေကျမ်းစကား၊ ရတနာသုံးပါး၊ ဦးထိပ်ထားလျက်၊ မဖျားမနာ၊ ရောဂါကင်းစင်၊ ပြီးအောင်မြင်၍၊ ပျော်ရွှင်မဆုံး၊ တပြုံးပြုံးနှင့်၊ ရှေးထုံးနှောက်နည်း၊ အစဉ်မိုး၍၊ ကျမ်းပြီးနိဂုမ်း၊ ကမ္ပတ်ဖုံးရန်၊ အချိန်တန်၍၊ မှင်တန်နစ်သွား၊ တန့်ရပ်နားလျက်၊ သီးခြားနှောက်မှ၊ ညွှန်ထောက်ပြအံ့။

**စံပြကျမ်းဆရာ** .... ဆိုသူမှာလည်း၊ သာယာအေးမြ၊ ပြည်ရက္ခတွင်၊ နာမတင့်ရှန်း၊ **ကွမ်းတောင်ကျွန်း**ဟု၊ ဖြစ်ထွန်းပေါ်လာ၊ ရပ်မဟာ၌၊ မာတာမိခင်၊ ဖွားသန့်စင်လျက်၊ စာသင်အရွယ်၊ လူမမယ်တို့၊ သိဖွယ်မှတ်ရာ၊ လောကီစာကို၊ဆရာရိပ်ရာ၊ သင်ပြီးခါ

လျှင်၊သုံးဖြာသိက္ခာ၊ သာသနာ၌၊ ပညာဓိပ္ပတိ၊ ဘွဲ့ထူးရှိဖြင့်၊နှံ့သိကြေညာ၊ သတင်းဖြာလျက်၊သာသနာအမွေ၊ခံယူပေ၏။

တထွေနောက်မှ၊ မြန်မာ့နိုင်ငံ၊ ကြွသွားပြန်၍၊ လေးတန်ပစ္စယ၊ သဒ္ဓါသဖြင့်၊ မျှတမွမ်းမံ၊ ပဥ္စင်းခံလျက်၊ ကျမ်းဂန်များစွာ၊ တတ်ပညာကို၊ မြန်မာထက်အောက်၊ မွေကာနှောက်လျက်၊ တတ်မြောက်လိမ်မာ၊ တော်ဆရာတို့၊ နည်းနာများလှ၊ အာဘောဂကို၊ ကျနသိမြင်၊ တတ်အောင်သင်၍၊ကုန်စင်လေ့လာ၊ ဆယ်နှစ်ကြာမျှ၊ခဏမပြတ်၊ရုပ်နာမ်ဓာတ်ကို၊ဥပဒ်ဌီဘင်၊အစဉ်နှင်သော်၊ဖြစ်လျှင်ပျက်ရ၊ ကရဇအား၊ ကာလအတန်၊ကုစားပြန်ခဲ့။

တဖန်ထိုနောက်၊ ဥပါယ်လောက်က၊ ဒသဝဿာ၊ ရသောခါဝယ်၊ ပမာနမျိုး၊ ကိုယ်တွက်ကျိုးကို၊ သယ်ပိုးဆောင်ရန်၊ စိတ်မိဋ္ဌာန်လျက်၊ နိုင်ငံ အေးမည်၊နေရင်းပြည်သို့၊ပြန်လည်ကြွခါ၊သာသနာနှင့်၊ ဘာသာတိုင်းရင်း၊ လွန်သန့်ရှင်းအောင်၊ပျောက်ကင်းမှောင်နည်၊ ဓူဝံတည်သို့၊ ခွန့်ရှည်ခိုင်ခန့်၊ တည်စေအံ့ဟု၊ ထောက်ပံ့သောထွေ၊ ဉာဏ်ကဝေဖြင့်၊ တိုင်းပြည်အတွင်း၊စာပွဲကျင်း၍၊ တည်ခင်းတိုက်တာ၊များဝေဖြာလျက်၊ နောင်လာအများ၊တပည့်သားကို၊ တရားလည်းပြ၊ စာပေချ၍၊ နောက်မှတဖန်၊ဝိဇ္ဇာဉာဏ်ဖြင့်၊ ကျမ်းဂန်ရေးကာ၊ ဖြန့်ဝေရှာ၏။

မဟာထေရ်မြောက်၊ အရွယ်ရောက်သော်၊ ချင့်ထောက်စာနာ၊ ဝေနေယျာတို့၊ လေးဖြာသြဿ၊ ဝဋ္ဋဒုက္ခမှ၊လွတ်ရအမှန်၊ ပြည်နိဗ္ဗာန်ကို၊ ရည်သန်ထောက်ရှု၊ အကြောင်းပြု၍၊ ခေါ်မှုဝေါဟာ၊ သတ္တဝါဟု၊ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်သိရန်၊စိတ်ရည်သန်လျက်၊ ဝေဖန်လေ့လာ၊ ကျမ်းများစွာကို၊ မှီရာအားထား၊ လွန်လေးစား၍၊ သနားငဲ့ညှာ၊ မကျန်းမာလည်း၊ ရိပ်သာအေးချမ်း၊ ကျောင်းသခ်မ်းဝယ်၊ စီးဖြန်းယောဂီ၊ သုခေသီတို့၊နည်းမှီ

ကျင့်လမ်း၊ စံပြကျမ်းဖြင့်၊ ဖြောင့်တန်းဝိပဿနာ၊ ပွားများခါလျှင်၊ မငြင်မငြို၊ ဝင့်တိုတိုနှင့်၊ မဂ်ဖိုလ်နိဗ္ဗာန်၊ဆုရည်သန်သည်၊ ကျမ်းဂန်ပြုရ-သုခသောဝ်။

ဝိဒ္ဒါ ဧဝ ဝိဇာနာတိ၊ ဝိဒ္ဒဇ္ဇနု ပရိဿမံ။
န ဟိ ဝဉ္စျာ ဝိဇာနာတိ၊ ဂရုံ ပသဝဝေဒနံ။

သိဝမတ္ထု။

—ဝ—

## ဤကျမ်းစာဖြစ်မြောက်ရေး, အားပေးကူညီကြသော ပုဂ္ဂိုလ်များစာရင်း။

| သံဃာတော်များထံမှ | အုပ်ရေ |
| --- | --- |
| အရှင်ပညာသီဟ,နာယက ဆရာတော်, ပြည်ချစ်အမျိုးသား ခေါင်းဆောင်ရခိုင်တိုင်း။ | ၁၀၀ |
| အရှင်နာယက, ဒုက္ခိတကယ်ဆယ်ရေးဌာန၊ ကျောက်ပြင်ရွာ ပေါက်တောမြို့နယ်။ | ၇၅ |
| အရှင်ခန္တီဘိဝံသ(ဓမ္မာစရိယ)မြို့မကျောင်းတိုက်၊ စစ်တွေမြို့ | ၇၀ |
| အရှင်ဓမ္မိကာဘိဝံသ,သီရိပဝရ ဓမ္မာစရိယ၊ ဓမ္မိကာရာမ-စာသင်တိုက်၊ မင်းပြားမြို့။ | ၅၀ |
| အရှင်ကောဏ္ဍည,ဓမ္မကထိက၊ဂြစ်ဘကျောင်း၊ စစ်တွေမြို့။ | ၅၀ |
| အရှင်သုန္ဒရ,ဓမ္မကထိက နန်းကျောင်းရွာ၊မြို့ဟောင်းနယ်။ | ၃၀ |
| ဦးဂုဏဝံသ,မျောက်တောင်-သာစည်ရွာ၊ကျောက်တော်နယ်။ | ၂၅ |
| အရှင်ပဏ္ဍိ,ဂုဏ်းထောက်-တိမ်ညိုကျောင်းသစ်၊မြို့ဟောင်းနယ် | ၂၀ |
| သိရီကောသလ္လ,စာအုပ်တာဝန်ခံ ပုဂ္ဂရွာ၊မင်းပြားမြို့နယ်။ | ၁၅ |
| သိရီဥတ္တရ,ပထမကြီး၊ ပုဂ္ဂကျောင်း၊ မင်းပြားမြို့နယ်။ | ၁၀ |
| ဦးစန္ဒောဘာသ,ယောဂီ၊ ဒုန်းချောင်ကျောင်း၊ ။ | ၁၀ |
| ဦးနာဂသေန,ဘုန်းတော်ကြီး၊မောင်းဆွဲကျောင်း၊ မြို့ဟောင်းမြို့နယ်။ | ၇ |
| ဦးဆန္ဒာဓိက, ဘုန်းတော်ကြီး မြောက်ချောင်းကျောင်း၊ မြို့ဟောင်းနယ်။ | ၅ |
| သိရီကုမာရ,ပထမကြီး ဘောင်းဒွတ်-နတ်တောင်၊ မြို့ဟောင်းနယ်။ | ၅ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| ဦးသာကိန္ဒ | ဘုန်းတော်ကြီး၊ရွှေတမာကျောင်း၊မင်းပြားမြို့နယ်။ | ၅ |
| ဦးနန္ဒိယ, | ယောဂီဘုန်းကြီး သဲတန်းကျောင်း၊ ။ | ၅ |
| ဦးဝိဇယ, | ယောဂီ၊ကြက်မကျေးကျောင်း ။ | ၅ |
| သိရီသုဇာတ, | အောင်မင်္ဂလာကျောင်းမြို့ဟောင်းမြို့နယ်။ | ၅ |
| ဦးဇဝန, | ဘုန်းတော်ကြီး ကူးတို့ဆိပ်ကျောင်း၊မင်းပြားမြို့နယ်။ | ၄ |
| ရှင်ကိဋ္ဌန, | အောင်မင်္ဂလာရွာ၊ မြို့ဟောင်းမြို့နယ်။ | ၃ |
| ရှင်ကဝိဓဇ, | ရွှေတမာကျောင်း၊မင်းပြားမြို့နယ်။ | ၃ |
| ဦးဝဏ္ဏိတ, | ဘုန်းတော်ကြီး မော်ရွာကျောင်း၊မင်းပြားမြို့နယ်။ | ၂ |
| ဦးအာစရ, | ဦးပဥ္စင်း ။ | ၂ |
| ဦးခေမာ, | ဘုန်းတော်ကြီးဂွင်းတွယ်ကျောင်း၊ပေါက်တောနယ်။ | ၂ |
| ဦးကလျာဏ, | ဘုန်းတော်ကြီး၊စိုင်းတုတ်ရှေကျောင်း၊ ။ | ၂ |
| ဦးဝိမလာစာရ, | ဘုန်းတော်ကြီး ကန်ချောင်းကျောင်း၊ ။ | ၁ |
| ရှင်ဝရဗုဒ္ဓိ, | မောင်းဆွဲကျောင်း၊ မြောက်ဦးမြို့နယ်။ | ၂ |
| ရှင်ဝရသာမိ, | မြောက်ချောင်းကျောင်း၊ ။ | ၂ |
| ဦးနာရဒ, | စာသင်သား၊ကွမ်းတောင်ကျောင်း၊ပုဏ္ဏားကျွန်းနယ်။ | ၁ |
| ရှင်ဉာဏဓဇ, | စာသင်သား၊မော်ရွာကျောင်း၊ မင်းပြားမြို့နယ်။ | ၁ |
| | မြို့ဟောင်းမြို့နယ်မှ | |
| ဦးမောင်ကျော်ဇံ | (ဥယျာဉ်မှူး)ကျွဲတဲရွာ | ၁၀၀ |
| ဦးမောင်ပြား | ။ ။ | ၁၁ |
| ဦးအောင်သာကျော်, | ကုန်သည်၊ မြို့ဟောင်းတောင်ရပ်။ | ၁၀ |
| ဦးမောင်ရွှေတုတ်, | လယ်သမား၊သံရှင်ပြင်ရွာ။ | ၁၀ |
| ဦးအောင်ကျော်ဇော, | ကျွဲတဲရွာ။ | ၃ |
| စောရွှေမြ, | လက်သန်းချေရွာ။ | ၃ |
| ဒေါ်ဣန္ဒဝံသ,ဒေါ်ဓမ္မစာရီ | (သီလရှင်)ဗန္ဓုလကျောင်း။ | ၂ |
| လှနုခိုင်, | မြို့ဟောင်းမြို့။ | ၁ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| ဦးမောင်ထွန်းဖြူ (ကုန်သည်) | မြောင်းဘွယ်မြို့ | ၂ |
| ဦးအောင်ရွှေသာ | ။ | ၂ |
| ဦးဘဟန် | ။ | ၁ |
| ဦးစိန်ထွန်း | ။ | ၁ |
| ဦးကျော်ဇံဦး | ။ | ၁ |
| ဒေါ်ကြိုင်ဇံဝေ | ။ | ၁ |
| ဒေါ်စောဦးဖြူ | ။ | ၃ |
| စံရွှေဦး(ကျောင်းဆရာ) | ။ | ၂ |
| ဖြူစံအောင်၊ မြောင်းဘွယ်ချော | | ၂ |
| ဦးသတိုးဖြူ၊ ဒေါ်မနီ (ကျောင်းဒကာ) | မောင်းဆွဲရွာ | ၃ |
| ဦးမောင်မြထွန်း၊ ဒေါ်မသာနု | ။ | ၄ |
| ဒေါ်စံဖြူ | ။ | ၄ |
| ဒေါ်ဖွားမ | ။ | ၂ |
| ဦးမောင်စံသာ၊ ဒေါ်မစုယေ | ။ | ၂ |
| ဦးကျော်ဇံဖြူ၊ ဒေါ်လုံးဖြူ | ။ | ၂ |
| ဒေါ်ကြာဇံဖြူနှင့်သားလွှမ်းမောင် | ။ | ၂ |
| ဦးစောလှအောင်၊ ဒေါ်နှင်းမြဦး | ။ | ၂ |
| ဦးစိန်မြအောင်၊ ဒေါ်စံအေးသာ | ။ | ၂ |
| ဦးသာချမ်းအောင်၊ ဒေါ်ခွန်တူမ | ။ | ၂ |
| မောင်စိန်ဖေ၊ မတင် | ။ | ၂ |
| အောင်စိန်ဦး၊ စံလှသူ | ။ | ၂ |
| မောင်စောရင်၊ မနှင်းအေး | ။ | ၂ |
| ဦးမောင်ဖြူသံ၊ ဒေါ်နှောင်းဘုံ | ။ | ၁ |
| ဦးမှိုးသာအောင် | ။ | ၁ |
| ဦးရွှေဖျံ | ။ | ၁ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| စိန်သာအောင် | မောင်းဆွဲရွာ | ၁ |
| မောင်နုချေ(ကျောင်းဆရာ) | ။ | ၁ |
| ဘစိန်,အိမ်စိုးခိုင် | ။ | ၁ |
| ဒေါ်ချမ်းမဖြူ | ။ | ၁ |
| ဒေါ်ဥတ္တရစာရီ | ။ | ၁ |
| ဒေါ်စိန်ဖြူနှင့်သားမောင်စောလှ | ။ | ၂ |
| ဦးစံသာဦး(သရက်တော) | ။ | ၁ |
| စိန်ကျော်,ဦးသာဖြူ | ။ | ၂ |
| ဦးသာစိန်,သိန်းချေ(တအုပ်စီ) | ။ | ၂ |
| ဘဦး (ရေမျက်) | ။ | ၁ |
| ဦးမောင်ဖြူအောင် | လက်ပန်တောရွာ | ၁ |
| ဦးရွှေသာအောင် | ။ | ၁ |
| ဦးစံထွန်း | ။ | ၁ |
| ဦးမောင်သာဒိုး | ။ | ၁ |
| စံရွှေတင့်မိ | ။ | ၁ |
| ဦးအောင်မြဦး (ဥယျာဉ်မှူး) | ခဲမောင်းတက်ရွာ | ၅ |
| ကျောင်းဆရာ | ။ | ၁ |
| မောင်ကြာပွင့် | ။ | ၁ |
| ဦးကျော်လှ | ။ | ၁ |
| ဖတော်ဦးမိ | ။ | ၁ |
| စောမဖြူမိ | ။ | ၁ |
| လုံချောမိ | ။ | ၁ |
| မထွန်းစိန်မိ | ။ | ၁ |
| မစောလှ | ။ | ၁ |
| စံမဘို | ။ | ၁ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| လူဖြူချော | ခဲမောင်းတက်ရွာ | ၁ |
| သာမြအောင် | ငမဲပြင်ရွာ | ၁ |
| ကြာသာထွန်း | ။ | ၁ |
| ကြာထွန်းအောင် | ။ | ၁ |
| တောလူ (ဆေးဆရာ) | ။ | ၁ |
| ဦးစံရွှေဖေါ်, ကုန်သည် | ပန်းမြောင်းချောမြို့ မင်းပြားမြို့နယ်မှ | ၁၀ |
| ဦးမောင်သံ့,ဒေါ်ငွေညွှာ (လယ်သမား) | ရွှေတမာရွာ | ၂၀ |
| ဦးသာကျော်အောင်, ဒေါ်ကြာဇံလှ | မင်းပြားမြို့ | ၁၀ |
| ဦးစံထွန်းကျော်,ဒေါ်စိန်မဖြူ | ။ | ၁၀ |
| ဦးစိန်သာအောင် | ။ | ၅ |
| ဦးဒါနီ,ဒေါ်ကလက်မ | ။ | ၅ |
| ဒေါ်မသန်းနု | ။ | ၃ |
| ဦးဘဦး | ။ | ၁ |
| ဦးမြကျော် (ကျောင်းဆရာ) | ။ | ၁ |
| ဦးအဖြူချော | ။ | ၁ |
| ဦးလှထွန်းရှိ | အိုးသည်ရွာ | ၁ |
| ဦးဇာနေယျ ခမည်းတော် | မော်ရွာ | ၁ |
| ဦးခေါင်းစောက် | ။ | ၁ |
| ဦးမောင်ကျော်သူ | ။ | ၁ |
| ဦးအောင်လှဇံ | ။ | ၁ |
| ဦးဝင်းစိန်အောင် | ။ | ၁ |
| ဦးကျော်ထွန်းဦး | ။ | ၁ |
| မကျော့ဘ | ။ | ၁ |
| ဦးကြာထွန်းအောင် | ။ | ၁ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| ဝင်းသာဖြူအမိ | နရန်းရွာ | ၂ |
| မသာဖြူ | နဒင်ရွာဟောင်း | ၃ |
| ဦးစံပန်းသာ | ॥ | ၂ |
| စံထွီး | ॥ | ၁ |
| စက်ထွန်းကြီး | ॥ | ၁ |
| သာလွန်းဦး | ॥ | ၁ |
| မောင်ကျော်အောင် | ॥ | ၁ |
| သာဇံချော | ॥ | ၁ |
| မောင်လုံး | ကြက်မကျေ-ချင်းရွာ | ၁ |
| ဒေါ်ဆိတ်မညို | ॥ | ၁ |
| ဦးအောင်နက်,ဒေါ်ပန်းသာဖြူ | ကြက်မကျေ-ဝင်းဇားရွာ | ၆ |
| စိန်အောင်ကျော်,ဦးဝေစိန် | ॥ | ၂ |
| စိန်ထွန်းလှ,မအေးစိန် | ॥ | ၂ |
| ဦးမောင်ရွှေဦး,မမဲညို | ॥ | ၁ |
| ဦးသာထွီးအောင်,မောင်ကျော်လှ | ॥ | ၂ |
| ဦးမောင်ပုချော,နီသာဦး | ॥ | ၂ |
| ဦးသာမြဦး,ဦးကျော်ဇံဦး | ॥ | ၂ |
| ဦးထွန်းစံအောင်, မအေးမြ | ॥ | ၁ |
| ဦးမောင်မြဦး, ဒေါ်စံနှောင်းဖြူ | ॥ | ၁ |
| ဦးမြထွန်းအောင် | ॥ | ၁ |
| မသိန်းညွန့် | ॥ | ၁ |
| ဦးစိန်သာဦးနှင့် သမီးမညိုစိန် | ပေုကွရွာ | ၁၀ |
| ဦးအောင်ထွန်းခိုင်နှင့်သမီးစိန်လှဖြူ | ॥ | ၁၀ |
| ဒေါ်ငွေသာနုနှင့် သားမောင်ဘစိန် | ॥ | ၁၀ |
| အောင်သာထွန်း,မဲမချော | ॥ | ၁၀ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| အောင်လှဇံ့,မညွန့်စိန် | ပေါက္ကရွာ | ၁၀ |
| ဦးကျော်ဇံနှင့်မြေးမငွေစိန် | ॥ | ၅ |
| ဦးမောင်ရွှေထွီး,ဒေါ်လှသာဖြူ | ॥ | ၅ |
| ဦးဖိုးမြဦး,ဒေါ်ရွှေမစိန် | ॥ | ၅ |
| ဦးခေါင်းစောက်,ကျောင်းဒကာ | ॥ | ၅ |
| သာထွန်းအောင်,မလှစိန် | ॥ | ၅ |
| ရွှေသီးအောင်,ကြိုင်ဇံလှ | ॥ | ၅ |
| ဒေါ်စိန်မြဦး(အပ်စက်ဆရာမ) | ॥ | ၅ |
| ဦးလှစိန်,ဝါနုစိန် | ॥ | ၃ |
| ဦးမဖြူနှင့်သမီးကျော်ဦးစိန် | ॥ | ၃ |
| ဒေါ်အေးနုနှင့်သားအောင်မြ | ॥ | ၃ |
| ထွန်းသာဦး | ॥ | ၃ |
| ကျားမောင် | ॥ | ၃ |
| ကြာဇံညို | ॥ | ၃ |
| အောင်နုခိုင် | ॥ | ၃ |
| ဒေါ်မဲမနှင့်သမီးမဝေစိန် | ॥ | ၃ |
| ကြောင်ဖို့,မစောဖြူ | ॥ | ၃ |
| ဦးမောင်သာဦး,ကျောင်းဒကာ | ॥ | ၃ |
| ရွှေဖေါ်ဦး,လှဝင်းဖြူ | ॥ | ၃ |
| စံလှကျော် | ॥ | ၂ |
| လှဖြူအောင် | ॥ | ၂ |
| မောင်ပုချေ | ॥ | ၂ |
| အောင်ဖြူမေ | ॥ | ၂ |
| ကျော်ဇံလှ | ॥ | ၂ |
| နီလှအောင် | ॥ | ၂ |

| အမည် | နေရပ် | | အုပ်ရေ |
|---|---|---|---|
| မောင်နီသာ | ငပုတ္တရွာ | | ၂ |
| အောင်ခိုင်ညို | ။ | | ၂ |
| နုစိန် | ။ | | ၂ |
| သာလွန်းဦး | ။ | | ၂ |
| ပန်းသာနု | ။ | | ၂ |
| မအောင်သာ | ။ | | ၂ |
| ဦးခဲဝါနှင့်နုမကြာဇံလှ | ။ | | ၂ |
| မောင်ထွန်းဝင်း | ။ | | ၂ |
| ဒေါ်ကြာသာနုနှင့်သမီးမသန်းစိန် | ။ | | ၂ |
| ထွန်းအောင်ဖြူ,ကျော့လှစိန် | ။ | | ၂ |
| ဒေါ်ကြာလှဖြူနှင့် သမီးမအေးကြိုင် | ။ | | ၂ |
| လှသိန်း | ။ | | ၁ |
| မမြသိန်း | ။ | | ၁ |

ပေါက်တောမြို့နယ်မှ

| | | | |
|---|---|---|---|
| ဦးမှဲ့အောင်, အငြိမ်းစား ကျောင်းဆရာ | ပေါက်တောမြို့ | | ၁ |
| ဦးသာထွန်းဦး,ဦးဘထွန်း | ။ | ။ | ၂ |
| ဦးမှဲ့ထွန်းအောင်,ဦးအောင်ပန်းခိုင် | ။ | ။ | ၂ |
| ဦးစံကျော်ဖြူ,ဦးမောင်ဖြူ၊ဆိုင်သည်(ဘဝမ်းရပ်) | | ။ | ၂ |
| ဦးကျော်ထွန်းဦး,ဦးမောင်စောလှ၊ကုန်သည် | | ။ | ၂ |
| ဦးသတိုးဦး,ဦးသာလှအောင်၊လဘက်ရည်ဆိုင်သည် | | ။ | ၂ |
| ဦးချစ်စံအောင်,ဆေးဆရာ | | | ၁ |
| ဒေါ်မစံဖြူ | | | ၁ |
| ဦးဘယေ, ဦးကြီးမောင်(လယ်သမား) ကန်ချောင်းရွာ။ | | | ၂ |
| ဦးသာထွန်းဦး (ပန်းချီဆရာကြီး) သပြေကန်ရွာ။ | | | ၁ |
| ဦးဖိုးဝါ,ဦးစိန်ထွန်းဦး | | ။ | ၂ |

| အမည် | နေရပ် | အုပ်ရေ |
|---|---|---|
| သံဒါ,စောဒါ,ဘားမချေ | သပြေကန်ရွာ | ၃ |
| မဲခေါက်မ,ချင်းမချေ | ။ | ၂ |
| ဦးကျော်ထွန်းအောင်,ဦးမောင်ရွှေဇံ၊ | ဆင်အိုင်ကျေးရွာ | ၂ |
| ဦးမောင်ရွှေဖြူ, ဦးမောင်ဘောစိန် | ။ | ၂ |
| ဒေါ်နှင်းဇီခိုင် | ဇီးချိုမော်ရွာ | ၁ |
| ဦးအထွီးချေ,ဦးစံထွန်းလှ | ကျောက်ပြင်ကျေးရွာ | ၂ |
| ဦးကျော်ဇံလှ,ဦးဒိုးဖြူ | ။ | ၂ |
| ဦးထွန်းသာလှ, ဦးစိန်မြအောင် | ။ | ၂ |
| ဦးလှသာအောင်, ဦးမောင်စိန်ဦး | ။ | ၂ |
| ဦးမောင်စိန်ထွန်း,ဦးမောင်ကျော်သာ | (ကျောင်းဆရာ) | ၂ |
| ဒေါ်ဘားမ, ဒေါ်စံလှဖြူကြီး | ။ | ၂ |
| ဒေါ်စံလှဖြူငယ်,ဒေါ်မငွေဖြူ | ။ | ၂ |
| ဒေါ်မထွေးဖြူ,ဒေါ်မဇံဖြူ | ။ | ၂ |
| ဒေါ်မိုးပန်းဖြူ,ဒေါ်စိန်လှမ | ။ | ၂ |
| ဒေါ်နှင်းဇီဦး, ဒေါ်လှခိုင် | ။ | ၂ |
| ဦးမောင်သာဒိုး, | ရွာသစ်ကေကျေးရွာ | ၁ |
| ဦးဦးသာလှ | ။ | ၁ |
| ဦးသာဒိုးအောင် | ။ | ၁ |
| | ပုဏ္ဏားကျွန်းမြို့နယ်မှ | |
| ဦးနာရဒ(စာသင်သား) | ကွမ်းတောင်ကျောင်း | ၁ |
| ဦးအောင်ပန်းသာ,ဦးမောင်ပု | ကွမ်းတောင်ကျေးရွာ | ၂ |
| ဦးဝေသာအောင်,ဦးရဲအောင် | ။ | ၂ |
| ဒေါ်ခြသေ့ခိုင်,ဒေါ်မမချေ | ။ | ၂ |
| ဒေါ်မသာဘုံ,ဒေါ်ပိုးချီး | ။ | ၂ |
| ဒေါ်ကြာဇံဖြူ, ဒေါ်ကျော်မဖြူ | ။ | ၂ |

| အမည် | နေရပ် | အုပ်ရေ |
| --- | --- | --- |
| ဦးထွန်းဦးကျော်,အငြိမ်းစားကျောင်းဆရာ | ကွမ်းတောင်ကျေးရွာ | ၃ |
| ဦးမောင်ယောင်း, ကျောင်းဆရာ | အိုင်တင်ကျေးရွာ | ၂ |
| ဦးမောင်လုံး, ဦးချစ်လှဖြူ | ကွမ်းတောင်ကျေးရွာ | ၂ |
| ဦးမောင်ဘိုးစိန်, ဦးမောင်အစ်ကာ | ။ | ၂ |
| ဦးစံလုံးအောင်,ဦးညိုဇံအောင် | ။ | ၂ |
| ဦးဟရိအောင်, ဦးရွှေသာပွင့် | ။ | ၂ |
| ဦးစံကျော်ဦး,ဦးကျွန်သာဖြူ | ။ | ၂ |
| ဒေါ်နှောင်းသွင်,ဒေါ်မထီးစံ | ။ | ၂ |
| ဒေါ်စံဂိုးဖြူ,ဒေါ်ဦးသာဘုံ | ။ | ၂ |
| ဒေါ်ဝင်းစံခိုင်(ခ)မတုတ်ကေ | ။ | ၁ |

၁၉၇၁-ခု ဧပြီလ
ပဥ္စမ အကြိမ်
အုပ်ရေ ၁၀၀၀
တအုပ် ၅-ကျပ်
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် ၄၁၂၁

ထုတ်ဝေသူ။ ။ဦးတင်မောင် (၀၀၈၂)၊ သင်္ဘာဝစာအုပ်တိုက်၊
၁၇-မဟာကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်

ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁)၊ သင်္ဘာဝပုံနှိပ်တိုက်၊
၁၇-မဟာကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်